ညီနောင် (Humber)

စကြဝဠာ ခရီးသည်

Ann-Druyan နှင့် Steven Soter တို့ရေးသား၍ Neil deGrasse Tyson တင်ဆက်သည့်
Cosmos: A Spacetime Odyssey မှ ကောက်နုတ် ပြန်ဆိုပါသည်။

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် -၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ

မျက်နှာဖုံးဒီဇိုင်း - SAW

ထုတ်ဝေသူ - ဦးညီညီမော် (၀၂၀၉၉)၊ မြကျွန်းညိုစာပေ အမှတ် ၅/၁၆၄၊ (၄)လမ်း၊ မြင်းခြံမြို့။

ပုံနှိပ် - Mother Home Printing ကိုမင်းမင်းဆန်း(၀၁၆၈၅) အမှတ်(၂၀၆)၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၅၀၀၀ ကျပ်

ဖြန့်ချိရေး - မြကျွန်းညိုစာပေ

Ebook Creator - Whisper Of Words

အပိုင်း [၁]

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၆ ရက်နေ့တွင် နာဆာ၏ Deep Space Climate Observatory ဂြိုဟ်တုမှ ရိုက်ကူးခဲ့
သော ကမ္ဘာမြေပုံရိပ်။

စကြဝဠာ နေရပ်လိပ်စာ

တစုံတဦးကနေ ကျွန်တော်တို့ ဘယ်မှာ နေထိုင်သလဲလို့ မေးမြန်းလာတဲ့ အခါမျိုးမှာ၊ ဒါမှမဟုတ် စာတိုက်ကနေ ပေးစာတစောင်စောင်ကို ပေးပို့ရတဲ့ အခါမျိုးမှာ နေရပ်လိပ်စာဆိုတာကို မဖြစ်မနေ ထည့်သွင်းရေးသားကြရပါ တယ်။ အဲဒီလိုရေးသားရတဲ့ နေရပ်လိပ်စာတွေမှာဆိုရင် အိမ်နံပါတ်၊ လမ်း အမည်၊ မြို့အမည်၊ တိုင်းဒေသကြီး၊ နိုင်ငံ စသဖြင့် အစဉ်အတိုင်း ရေးသား ဖော်ပြရတာပါ။ အဲဒါဆိုရင် ကျွန်တော်တို့ လူသားတွေအားလုံးအတွက် စကြဝဠာဆိုင်ရာ နေရပ်လိပ်စာကိုရော ဘယ်လို ရေးသားနိုင်မှာပါလိမ့်။ ကျွန်တော်တို့ လူသားတွေရဲ့ စကြဝဠာဆိုင်ရာ နေရပ်လိပ်စာကို ရေးသားရမယ် ဆိုရင် ပထမဦးဆုံး စာကြောင်းကတော့ ကမ္ဘာမြေ”ဆိုတာပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေနဲ့ အနီးကပ်ဆုံးမှာ တည်ရှိတဲ့ လကမ္ဘာမှာ တော့ ကျွန်တော်တို့ ကမ္ဘာမြေလို ကောင်းကင်လေထု၊ သမုဒ္ဒရာနဲ့ သက်ရှိတွေ မရှိပါဘူး။ သူ့ရဲ့ မျက်နှာပြင်ကို ကြည့်မယ်ဆိုရင် ဥက္ကာခဲစိုင်တွေ နှစ်သန်းပေါင်း များစွာ ထိမှန်ခံထားရခြင်းရဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်နှက်လို့နေပါလိမ့် မယ်။

ကျွန်တော်တို့ ကမ္ဘာဂြိုဟ် တည်ရှိရာ နေအဖွဲ့ အစည်းက ကြယ်တာရာ နေမင်းကြီးဟာ အပူနဲ့အလင်း စွမ်းအင်တွေကို ထုတ်လွှတ်ပေးနေပြီး ကမ္ဘာမြေပေါ်က သက်ရှိတွေရဲ့ ဘဝတွေကို ထိန်းကျောင်း၊ မောင်းနှင်လို့ နေပါတယ်။ နောက်ပြီး သူနဲ့ အနီးကပ်ဆုံး မာကျူရီဂြိုဟ်ကနေ နေအဖွဲ့အစည်းအတွင်း ရှိရှိသမျှ အရာအားလုံးကို ဆွဲငင်အားနဲ့ ထိန်းချုပ်ထားပါတယ်။ မာကျူရီပြီးရင် နောက်ထပ် အနီးကပ်ဆုံး ဂြိုဟ်ကတော့ ဗီးနပ်စ် ဖြစ်ပါတယ်။ ဗီးနပ်စ်ကို အာကာသကြည့်မှန်ပြောင်းနဲ့ လေ့လာကြည့်မယ်ဆိုရင် ဖန်လုံအိမ် အာနိသင်ကြောင့် ငရဲဘုံနဲ့တောင် ခပ်ဆင်ဆင် တူနေတာကို တွေ့ နိုင်ပါတယ်။ နောက် ထပ်

အနီးကပ်ဆုံးမှာ တည်ရှိတာကတော့ မားစ်ဂြိုဟ်ပဲ ဖြစ်ပါတယ်။ ကမ္ဘာမြေ လောက်နီးနီး ထုထည်ရှိတဲ့ဂြိုဟ် ဖြစ်ပါတယ်။

မားစ်နဲ့ ဂျူပီတာအကြားမှာတော့ ကျောက်သားကျောက်စိုင်တွေနဲ့ ဖွဲ့စည်းထားတဲ့ ဥက္ကာခဲတွေဟာ တခြားဂြိုဟ်တွေလိုပဲ နေကို လှည့်ပတ်လို့နေပါ တယ်။ ဂြိုဟ်ရံလ အကြီး ၄ လုံးနဲ့ အငယ် ဒါဇင်ကျော် ပါဝင်ဖွဲ့စည်းထားတဲ့ ဂျူပီတာဟာ သူကိုယ်တိုင်တောင် နေစကြဝဠာ အသေးစား လေးလို ဖြစ်နေခဲ့ တာပါ။ တခြား ဂြိုဟ်တွေ အားလုံးရဲ့ ထုထည်တွေ စုပေါင်းလိုက်ရင်တောင် သူ့ရဲ့ ထုထည်က ပို နေပါသေးတယ်။။ ဂျူပီတာရဲ့ အနီရောင် အကွက်ကြီး နေရာမှာတော့ အရွယ်အစား အားဖြင့် ကမ္ဘာမြေထက် သုံးဆလောက် ပိုမို ကြီးမားတဲ့ ဟာရီကိန်း မုန်တိုင်းကြီး တိုက်ခတ်နေပြီး အဲဒီမုန်တိုင်းကြီးရဲ့ သက်တမ်းဟာလည်း ရာစုနှစ် ပေါင်း များစွာ ကြာညောင်းနေပြီ ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ စေတန်ဂြိုဟ်ဟာ ရေခဲဝိုင်းတွေ မြောက်မြားစွာနဲ့ ဝန်းရံလို့နေပါတယ်။ နေအဖွဲ့ အစည်းရဲ့ အပြင်ဘက်ဆုံးမှာ တည်ရှိကြတဲ့ ယူရေးန ပ်စ်နဲ့ နက်ပ်ကျွန်းဂြိုဟ်တွေ ကိုတော့ ရှေးခေတ်လူသား တွေ မသိရှိခဲ့ကြပဲ တယ် လီစကုပ် အဝေးကြည့်မှန်ပြောင်း တီထွင်ပြီးတော့မှပဲ တွေ့ ရှိခဲ့ကြတာ ဖြစ်ပါ တယ်။ အဲဒီဂြိုဟ်တွေထက် ပိုပြီး ဝေးကွာသွားခဲ့ရင်တော့ ရေခဲအတိပြီးတဲ့ ဂြိုဟ် သိမ်ဂြိုဟ်မွှားတွေကို တွေ့ ရပါလိမ့်မယ်။ ဟိုအရင်က ဂြိုဟ်တလုံး အဖြစ် သတ်မှတ်ခဲ့ပြီး အခု အဲဒီလို မယူဆတော့တဲ့ ပလူတိုဟာ ရေခဲအတိပြီး တဲ့ ဂြိုဟ် တလုံးပါပဲ။

ကျွန်တော်တို့ လူသားတွေ လွှတ်တင်ခဲ့တဲ့ အာကာသယာဉ်တွေထဲမှာ အဝေးဆုံး ခရီးနှင်ခဲ့တာ ကတော့ ဗွိုင်ယေဂျာ အမှတ် ၁ အာကာသယာဉ်ပဲ ဖြစ်ပါ တယ်။ အဲဒီအာကာသယာဉ်ဟာ ကျွန်တော်တို့ ဘယ်သူဘယ်ဝါ၊ ဘယ်မှာ နေထိုင် ကြတယ်၊ ကျွန်တော်တို့ရဲ့ ခံစားမှုတွေက ဘယ်လိုမျိုး၊ ဘယ်လို ဂီတ အမျိုးအစား တွေကို ဖန်တီးထားတယ် စတဲ့ သတင်း အချက်အလက် တွေကို သယ်ဆောင်ပြီး ဂလက်ဆီတွေ၊ ကြယ်တာရာ အစုအဝေးတွေအကြား ဆက်လက် ခရီးနှင်နေဆဲ ဖြစ်ပါတယ်။

အဲဒီနက်ပ်ကျွန်းဂြိုဟ်အနီးကနေ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာမြေဆီကို ပြန်ကြည့်လိုက် မယ်ဆိုရင် နေရောင်ခြည်ထဲမှာ လွင့်မျောနေတဲ့ အပြာရောင် အစက်လေးအဖြစ်နဲ့ပဲ မြင်ရတော့မှာပါ။ ကော်နဲလ်တက္ကသိုလ်ရဲ့ နာမည်ကျော် နက္ခတ္တရူပဗေဒ ပညာရှင် ပရော်ဖက်ဆာ ကားလ်ဆေဂင်[1]ရဲ့ အပြာရောင် ဖျော့တော့တော့ အစက်ကလေး[2] ဆိုတဲ့ ကမ္ဘာကျော်စာအုပ်ထဲက အဖွင့်စာပိုဒ်ကို ကိုးကားရမယ် ဆိုရင် -

အဲဒီမြင်နေရတဲ့ အပြာရောင် အစက်ကလေးကို ကြည့်လိုက်ပါ။ အဲဒါ ကျွန်တော်တို့ အိမ်ပါပဲ။ ကျွန်တော်တို့ တည်ရှိနေတဲ့ နေရာလေးပါ။ အဲဒီအစက်ကလေးအပေါ်မှာ ခင်ဗျား ချစ်တဲ့သူတွေ၊ ခင်ဗျား သိတဲ့သူတွေ၊ ခင်ဗျား ကြားဖူးတဲ့ သူတွေ၊ မွေးဖွားဖြစ်တည်လာသမျှသူတွေ အားလုံး နေထိုင်ခဲ့ ကြပါတယ်။ ကျွန်တော်တို့ရဲ့ သုခတွေ၊ ဒုက္ခတွေ ရောပြွန်းတည်ရှိတဲ့ ဒီနေရာကလေး မှာ ဘာသာတရားပေါင်းများစွာ၊ အတွေးအခေါ် အယူအဆပေါင်းများစွာ၊ စီးပွားရေး အယူအဆတွေ၊ အမဲလိုက်သူတွေ၊ ရှာဖွေစုဆောင်းသူတွေ၊ သူရဲကောင်းတွေ၊ သူရဲဘောကြောင်သူတွေ၊ လူ့အဖွဲ့ အစည်း ယဉ်ကျေးမှုကို တည်ထောင်သူတွေ၊ ဖျက်ဆီးသူတွေ၊ မင်းဧကရာဇ်တွေ၊ လယ်သမားတွေ၊ မေတ္တာသက်ဝင်နေကြတဲ့ ငယ်ရွယ်သူ စုံတွဲတွေ၊ အမိအဖတွေ၊ စာရိတ္တကို သင်ကြားပေးတဲ့ ဆရာဆရာမ တွေ၊ ငံ့လင့်နေတဲ့ ကလေးငယ်တွေ၊ တီထွင်သူ တွေနဲ့ စွန့်စား ရှာဖွေလေ့လာသူ တွေ၊ အကျင့်ပျက် ခြစားနေတဲ့ နိုင်ငံရေးသမားတွေ၊ နာမည်ကျော် အနုပညာရှင် တွေ၊ ခေါင်းဆောင်ကြီးတွေ၊ သူတော်စင်တွေ၊ အပြစ်သားတွေ၊ ရှင်သန်ဖူးသမျှ ကျွန်တော်တို့ လူသားမျိုးစိတ်ရဲ့ သမိုင်းမှာ ရှိခဲ့ဖူးကြတဲ့ လူသားအားလုံး နေရောင်ခြည်မှာ မျောလွင့်နေတဲ့ ဒီအမှုန် အစု အဝေးပေါ်မှာ နေထိုင်ခဲ့ကြတာပါ။ ကမ္ဘာမြေဆိုတာ ကျယ်ပြောလှတဲ့ စကြဝဠာ ကြီးနဲ့နှိုင်းစာရင် အလွန့်အလွန်ကို သေးငယ်တဲ့ အဆင့်မှာပဲ ရှိပါတယ်။ ဒီအစက်သေးသေးလေးကို တခဏတာ အချိန်ပိုင်း အုပ်စိုးနိုင်တဲ့ အရှင်သခင် တွေ ဖြစ်ခွင့်ရဖို့အတွက်လောက်နဲ့ သွေးချောင်းစီးစေခဲ့တဲ့ စစ်ဗိုလ်ချုပ်တွေနဲ့ အင်ပါယာ အရှင်သခင်တွေကို ပြေးမြင်ကြည့် လိုက်ပါ။ ဒီအစက်ကလေးရဲ့ တထောင့်တနေရာကနေ အခြားနေရာမှာ ရှိနေတဲ့ သာမန်နေထိုင် ရှင်သန်သူ တွေအပေါ် အဆုံးမဲ့ ရက်စက်ခဲ့ကြတဲ့ အဖြစ်ဆိုးတွေကို

တွေးကြည့်ကြပါ။ နားလည်မှု လွဲမှားခြင်းတွေ ဘယ်လောက်တောင်များ အကြိမ်ကြိမ်၊ အဖန်ဖန် ရှိနေခဲ့ပါသလဲ။ တယောက်နဲ့ တယောက် သတ်ဖြတ်ကြဖို့ ဘယ်လောက်တောင် စိတ်အားထက်သန် နေခဲ့ကြသလဲ၊ အာဃာတ၊ အမုန်းတရားတွေ ဘယ် လောက်တောင် ကြီးမားပြင်းထန်နေကြသလဲ စသဖြင့် တွေးကြည့်လိုက်ပါ။



၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ၊ နက်ပ်ကျွန်းဂြိုဟ်အနီးမှ ဗွိုင်ယေဂျာ အမှတ် ၁ ရိုက်ကူးပေးပို့ခဲ့သော ကမ္ဘာမြေ

စကြဝဠာထဲမှာ ကျွန်တော်တို့သာလျှင် အရေးအကြီးဆုံး၊ ကျွန်တော်တို့သည်သာလျှင် အဆင့်အမြင့်ဆုံးနေရာမှာ ရောက်ရှိနေကြတယ်လို့ ထင်ယောင်မြင်မှားဖြစ်နေတဲ့ အတွေးတွေကို အဲဒီဖျော့တော့တော့ အပြာရောင်အစက်ကလေးက စိန်ခေါ်နေပါတယ်။ တဖြည်းဖြည်း ပြန့်ကားထွက်နေတဲ့ ဟောဒီစကြဝဠာ အမှောင်ထုကြီးထဲမှာ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေဆိုတာဟာ အစက်အပြောက်ငယ် လေးတခုသာသာရယ်ပါ။ အဲဒီလိုကျယ်ပြောလှတဲ့ အမှောင်ထုထဲက ကျွန်တော်တို့ရဲ့ မည်ကာမတ္တ ဖြစ်တည်မှုမှာ ကျွန်တော်တို့ကို မိမိတို့ကိုယ်တိုင်ဆီက ကယ်တင်ပေးနိုင်မယ့် အကူအညီဆိုတာ တခြား တနေရာရာမှာ ရှိနေနိုင်တယ်ဆိုတဲ့ သဲလွန်စ လက်ရှိအချိန်အထိ မရှိသေးပါဘူး။ ကျွန်တော်တို့

ကမ္ဘာမြေကြီးဟာ သက်ရှိတွေ ရှင်သန်ပေါက်ဖွားရာဖြစ်တဲ့ တခုတည်းသော နေရာပါဘဲ။ သိပ်မဝေးသေးတဲ့ အနာဂတ်အထိတော့ ကျွန်တော်တို့ မျိုးစိတ် တွေ ရွှေ့ပြောင်းနိုင်တဲ့ နေရာဆိုလို့ တခြားဘယ်မှာမှ မရှိပါဘူး။ ခဏလောက် သွားရောက် လည်ပတ် ကြည့်ဖို့တော့ ဖြစ်နိုင်ပေမယ့် အခြေချဖို့တော့ မဖြစ်နိုင် ပါဘူး။ အဲဒီတော့ သဘောကျသည်ဖြစ်စေ သဘော မကျသည်ဖြစ်စေ လက်ရှိ အချိန်အထိတော့ ကမ္ဘာမြေဟာ ကျွန်တော်တို့ အတွက် ခြေကုပ်ချစရာ တခုတည်း သော နေရာ ဖြစ်ပါတယ်။

ကြယ်တာရာတွေကို လေ့လာတဲ့ နက္ခတ္တသိပ္ပံပညာဆိုတာ လူသားတွေ အတွက် အတွေးအခေါ်၊ အမူအကျင့်ကောင်းတွေကို တည်ဆောက်ပေးနိုင်တဲ့ အတွေ့ အကြုံမျိုးကို မွေးဖွားပေးရာလို့ ဆိုကြပါတယ်။ စကြဝဠာထဲမှာ အဝေးကြီးကနေ လှမ်းမြင်ရတဲ့ ကျွန်တော်တို့ ဂြိုဟ်ပုံရိပ်သေးသေးလေးလောက် လူသားတွေရဲ့ အတ္တနဲ့မိုက်မဲမှုကို ဖော်ပြနိုင်တဲ့ သရုပ်ပြမှုမျိုး ရှိမယ် မထင်ပါဘူး။ ကျွန်တော့်အဖို့ ဒီသဘောတရားဟာ ကျွန်တော်တို့ တယောက်နဲ့ တယောက် ပိုမိုကြင်နာကြဖို့၊ ကျွန်တော်တို့အတွက် တခုတည်းသော ခိုနားရာဖြစ်တဲ့ ဟောဒီ ဖျော့တော့တော့ အပြာရောင်အစက်ကလေးကို ပိုပြီး ထိန်းသိမ်း၊ ကာကွယ် စောင့်ရှောက်ကြဖို့နဲ့ တန်ဖိုးထားကြဖို့ ကျွန်တော်တို့ တာဝန်ဖြစ်တယ်လို့ ပိုပြီး သဘောပေါက် လာစေပါတယ်”လို့ပါပဲ။

အခုလို ပလူတို အပါအဝင် ရေခဲအတိ ဖုံးလွှမ်းနေတဲ့ ဂြိုဟ်သိမ် ဂြိုဟ်မွှားတွေ တည်ရှိရာ၊ ကြယ်တံခွန်ပတ်လမ်းတွေ တည်ရှိရာ အရပ်ကနေ လှမ်းကြည့် ပြီး ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာဂြိုဟ်ကို မှုန်ဝါးဝါးပဲ မြင်တွေ့ ရတော့မှာပါ။ အဲဒီအခါမှာတော့ ကျွန်တော်တို့ရဲ့ စကြဝဠာ နေရပ်လိပ်စာ အတွက် ဒုတိယမြောက် စာကြောင်းကို ရေးသားနိုင်ပါပြီ။ အဲဒါကတော့ ‘နေအဖွဲ့အစည်း’ လို့ပဲ ဖြစ်ပါတယ်။

နေအဖွဲ့အစည်း (အထူးပြုလုပ်ချက် ပါဝင်သည်)

Credit: Rogelio Bernal Andreo/Stocktrek Images Stocktrek Images GettyImages

ကျွန်တော်တို့ နေအဖွဲ့အစည်းလိုပဲ အခြား၊ အခြားသော နေအဖွဲ့အစည်းတွေလည်း မြောက်မြားစွာ ရှိကြပြီး အဲဒီလို နေအဖွဲ့အစည်းတွေမှာလည်း ကျွန်တော်တို့ဆီမှာလို ဂြိုဟ်တွေများစွာ လှည့်ပတ်လို့ နေပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာဂြိုဟ်နဲ့ ကွာခြားချက်ကတော့ အဲဒီလို ဂြိုဟ်တွေဆီမှာ ကျွန်တော်တို့ သိရှိထားတဲ့ သက်ရှိတွေ နေထိုင်ဖြစ်တည်ဖို့ သင့်တော်မယ် မဟုတ်ဘူးဆိုတာပါပဲ။ ကျွန်တော်တို့ သိရှိထားတဲ့ သက်ရှိတွေဆိုတာ ကမ္ဘာမြေပေါ်က သက်ရှိမျိုးစိတ်တွေကို ဆိုလိုပါတယ်။ အခြားသော သက်ရှိ အမျိုးအစားတွေကိုတော့ ကျွန်တော်တို့ မသိရှိသေးပါဘူး။

ကျွန်တော်တို့ လေ့လာသိရှိရသလောက်တော့ အဲဒီလို သက်ရှိတွေ ဖြစ်ပေါ်နိုင်ဖို့အတွက် အလားအလာရှိမယ့် ဂြိုဟ်ဟာ သူ လှည့်ပတ်ရာ ကြယ်တာရာနဲ့ မနီးလွန်း၊ မဝေးလွန်းတဲ့ အကွာအဝေးမှာ တည်ရှိရပါမယ်။ အဲဒီတော့မှပဲ ဂြိုဟ်ပေါ်မှာ တည်ရှိမယ့် ရေဓာတ်ဟာ အရည်အဖြစ် ရှိပါလိမ့်မယ်။ အရည်အဖြစ်မဟုတ်ဘဲ ရေငွေ့ သော်လည်းကောင်း၊ ရေခဲသော်လည်းကောင်း ဖြစ်နေ မယ်ဆိုရင် ကမ္ဘာ

ပေါ်က သက်ရှိ အမျိုးအစားတွေ ဆင့်ကဲပေါ်ပေါက်လာဖို့ အထောက်အပံ့ မဖြစ်ပါဘူး။ သူ့ရဲ့ အရွယ်အစားဟာလည်း ကမ္ဘာမြေနဲ့ မတိမ်း မယိမ်းဖြစ်ပြီး သက်ရှိတွေအတွက် မပြင်းထန်လွန်း၊ မပျော့ပြောင်းလွန်းတဲ့ ဆွဲငင်အား ရှိရပါမယ်။ အဲဒီလိုဖြစ်ဖို့အတွက် ဖွဲ့စည်းထားတဲ့ အရာဟာလည်း ကျောက်သား အများစု ဖြစ်ရပါမယ်။

သက်ရှိတွေ ဖြစ်တည်နိုင်ဖို့ အခြေအနေတွေနဲ့ ကိုက်ညီမယ့် ဂြိုဟ်တွေရဲ့ အချိုးအစားဟာ ရာခိုင်နှုန်းအားဖြင့် အင်မတန်မှကို နည်းပါးလွန်းပါလိမ့်မယ်။ အများစုကတော့ သူတို့ လှည့်ပတ်နေကြတဲ့ ကြယ်တာရာကြီးနဲ့ နီးကပ်လွန်း၊ ဝေးကွာလွန်းတဲ့ အနေအထားမှာ တည်ရှိကြတဲ့အတွက် သက်ရှိတွေ ဖြစ်ပေါ်ဖို့ ပူပြင်းလွန်း၊ အေးခဲလွန်းတဲ့ အခြေအနေတွေမှာ ရှိပါလိမ့်မယ်။ ပလူတိုရဲ့ အနီးတဝိုက်မှာဆိုရင် ရေခဲအတိပြီးတဲ့ ဂြိုဟ်သိမ်ဂြိုဟ်မွှားတွေ အများအပြား ရှိပါတယ်။ အဲဒီကနေ ကျော်လွန်သွားခဲ့ရင်တော့ လှည့်ပတ်နေတဲ့ ကြယ်တာရာ ရယ်လို့ မရှိပဲ မျောလွင့်နေကြတဲ့ ရေခဲဖုံးဂြိုဟ်ငယ်တွေ အများအပြား ရှိကြပါတယ်။ သူတို့ရဲ့ မျက်နှာပြင်တွေကို အေးစက်မာကျောလှတဲ့ ရေခဲပြင်တွေနဲ့ ဖုံးလွှမ်းထားပါတယ်။ အတွင်းပိုင်းမှာတော့ အရည်အဖြစ် တည်ရှိကောင်း တည်ရှိနေနိုင်ပြီး အဲဒီလို အခြေအနေမှာ ဘယ်လိုမျိုးသတ္တဝါတွေ ကူးခတ်ရှင် သန်နေကြမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ကြပါဘူး။

အဲဒီကနေ လှမ်းမျှော်ကြည့်ရင် ကြယ်တာရာတွေရဲ့ အလင်းရောင်နဲ့ ဝေးကွာလွန်းလှ တာကြောင့် စကြဝဠာဟာ အာကာသဟင်းလင်းပြင်အဖြစ် မဲမှောင်ခြင်း အတိပြီးလို့ နေပါလိမ့်မယ်။ ကျွန်တော်တို့ လူသားတွေရဲ့ မျက်လုံးဟာ ကြယ်တာရာတွေကနေ ထုတ်လွှတ်တဲ့ အလင်းရောင်စဉ် တန်းရဲ့ အစိတ်အပိုင်းအနည်းငယ်ကိုပဲ မြင်နိုင်စွမ်းရှိကြတာ မဟုတ်လား။ အဲဒီတော့ မဲမှောင် ပိန်းနေတဲ့ အခြေအနေမှာ ဘာကိုမှ မမြင်မတွေ့ နိုင်တော့ဘူးပေါ့။ အဲဒီလို အနေအထားဟာ ဟိုးအရင် အတိတ်တုန်းကတော့ မှန်ကောင်း မှန်ပါလိမ့်မယ်။ အခုအခါမှာတော့ Infrared လို့ ခေါ်တဲ့ အနီအောက်ရောင်ခြည်သုံး ညကြည့်မှန်ပြောင်းတွေကို တီထွင်ပြီးဖြစ်လို့ အာကာသ၊ စကြဝဠာထဲက တခြားသော နေအဖွဲ့အစည်းတွေနဲ့

ဘယ်လို ကြယ်တာရာတွေ ကိုမှ လှည့်ပတ် မနေတဲ့ ရေခဲပြင်၊ အမှောင်ကမ္ဘာက ဂြိုဟ်တွေအကြောင်းကို လေ့လာနိုင်ပြီ ဖြစ်ပါတယ်။

ကျွန်တော်တို့ နေအဖွဲ့ အစည်းဟာ နဂါးငွေ့တန်းဆိုတဲ့ ဂလက်ဆီရဲ့ အစွန်အဖျားမှာ တည်ရှိပြီး အနီအောက်ရောင်ခြည် အဝေးကြည့်မှန်ပြောင်းနဲ့ ကြည့်မယ်ဆိုရင် အသေးငယ်ဆုံးသော အစက်လေး ကတောင် နေလို ကြယ်တာရာတစင်း ဖြစ်နေပါလိမ့်မယ်။ နဂါးငွေ့တန်း ဂလက်ဆီ အတွင်း ကျွန်တော်တို့ နေအဖွဲ့ အစည်းလို ကြယ်တာရာတွေ သန်းပေါင်း သောင်း ဂဏာန်းနဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒီလို သန်းပေါင်းသောင်းဂဏာန်းရှိတဲ့ ကြယ် တာရာတွေကို လှည့်ပတ်နေတဲ့ ဂြိုဟ်တွေဟာလည်း သန်းပေါင်း သိန်းသန်း များစွာ ရှိပါလိမ့် မယ်။ ကျွန်တော်တို့ ကမ္ဘာဂြိုဟ်လို သက်ရှိတွေ ဖြစ်ပေါ်နိုင်မယ့် ဂြိုဟ်တွေဟာ ရာခိုင်နှုန်းအားဖြင့် အချိုးအစား အင်မတန် နည်းပါးနိုင်ပေမယ့် သန်းပေါင်းတရာ မှာ တလုံးပဲရှိရင်တောင် အရေအတွက်အားဖြင့် ထောင် သောင်းနဲ့ချီပြီး ရှိနေနိုင် တယ်လို့ ဆိုရမှာပါပဲ။

ကျွန်တော်တို့ ကမ္ဘာဂြိုဟ် တည်ရှိရာ နေအဖွဲ့အစည်းကနေ နဂါးငွေ့တန်း ဂ လက်ဆီရဲ့ အလယ်ဗဟို တို့အကြား အကွာအဝေးဟာဆိုရင် အလင်းနှစ် သုံး သောင်းဝန်းကျင်လောက် ရှိပါလိမ့်မယ်။ အလင်းနှစ်ဆိုတာ ဟာ အကွာ အဝေးကို တိုင်းတာတဲ့ ယူနစ်ဖြစ်ပြီး အလင်းရဲ့ အလျင်နဲ့ တနှစ်ကြာ သွားရောက် တဲ့အခါ ရောက်ရှိမယ့် ခရီးအကွာအဝေးကို ဆိုလိုပါတယ်။ အလင်းရဲ့ အလျင်ဟာ တစက္ကန့် ကို ကီလိုမီတာ သုံးသိန်း ရှိတာကြောင့် တမိနစ်ဆိုရင် ၆၀ နဲ့ မြှောက်၊ နာရီဆိုရင် နောက်ထပ် ၆၀ နဲ့ မြှောက်၊ ရက်ဆိုရင် နောက်ထပ် ၂၄ နဲ့မြှောက် (အမှန်စင်စစ် တနေ့တာသည် ကမ္ဘာက သူ၏ ဝင်ရိုးအပေါ် လည်ပတ်မှ တပတ်ပြည့်သည်ကို ဆိုလိုခြင်းဖြစ်ပြီး အတိအကျအားဖြင့်မူ ၂၃ နာရီ၊ ၅၆ မိနစ်နှင့် ၄ စက္ကန့်သာ ဖြစ်သည်)၊ ၁ နှစ်ဆိုရင် ၃၆၅.၂၅ နဲ့ မြှောက်တဲ့ အခါမှာ ရရှိလာမယ့် အကွာအဝေး ဖြစ်ပါတယ်။

ကွန်ပျူတာ တယ်လီစကုပ်ဖြင့် အစ္စရေးလ်သဲကန္တာရအတွင်းမှ ဒေးဗစ် ဒေးယက်ခ်[3] ရိုက်ကူးယူခဲ့သော အန်ဒရိုမက်ဒါ ဂလက်ဆီ (နဂါးငွေ့တန်းနှင့် အနီးဆုံးဖြစ်ပြီး တနေ့တွင် ဝင်ရောက်တိုက်မိကြမည် ဖြစ်သည်)

အဲဒီတော့ ကျွန်တော်တို့ဆီကနေ နဂါးငွေ့တန်းရဲ့ အလယ်ဗဟိုဆီကို သွားရောက်နိုင်ဖို့လည်း ခဲယဉ်းလှသလို ကျွန်တော်တို့ အခုမြင်တွေ့နေရတဲ့ တချို့သော ကြယ်တာရာတွေဟာလည်း အလင်းနှစ် သန်းနဲ့ချီပြီး ဝေးကွာ နိုင်တာမလို့ သူတို့ဆီက ထုတ်လွှတ်လိုက်တဲ့ အလင်းတန်းတွေဟာ ကျွန်တော်တို့ဆီ မရောက်ရှိခင်မှာတင် အဲဒီကြယ်တာရာတွေ လောင်စာကုန်၊ ပျက်စီးပြီး တာမျိုးတောင် ဖြစ်နိုင်ပါတယ်။ အဲဒီလို ဝေးကွာလွန်းလှတဲ့ နဂါးငွေ့တန်း ဂလက်ဆီရဲ့ အလယ်ဗဟိုမှာတော့ အရွယ်အစား ကြီးမားလွန်းလှတဲ့ ကြယ်တာရာကြီးတွေ၊ အလင်းကိုပါ စုပ်ယူနိုင်စွမ်းရှိတဲ့ ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးတွေနဲ့ ပြည့်နှက် နေနိုင်ပါတယ်။



၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၂ ရက်နေ့၊ နီဗားဒါး ပြည်နယ် ဘလက်ခ်ရော့ခ် သဲကန္တာရ[4] အတွင်းမှ ရိုက်ကူးရရှိခဲ့သည့် နဂါးငွေ့တန်း ဂလက်ဆီပုံရိပ်

တကယ်တော့ နဂါးငွေ့တန်း ဂလက်ဆီရဲ့ အလယ်ဗဟို ဆိုတာကိုတောင် ခန့်မှန်းခြေနဲ့ပဲ ပြောဆိုနိုင်တာဖြစ်ပြီး ကျွန်တော်တို့ ကမ္ဘာဂြိုဟ်တည်ရှိရာ နေအဖွဲ့

အစည်းနဲ့ အင်မတန်မှကို ဝေးကွာလွန်း လှပါတယ်။ နှိုင်းယှဉ် ဖော်ပြရရင် ကျွန်တော်တို့ နေအဖွဲ့အစည်းနဲ့ အနီးကပ်ဆုံးမှာ တည်ရှိတဲ့ ပရော့ဆီမာ ဆန်တိုရီ ဆိုတဲ့ ကြယ်တာရာကြီးဆီကို ရောက်ရှိဖို့တောင် အလင်းနှစ် လေးနှစ် ဝေးကွာတာ မလို့ လောလောဆယ် အမြန်ဆုံး နည်းပညာ တပ်ဆင်ထားတဲ့ အာကာသလွန်းပျံ ယာဉ်ရဲ့ အလျင်နှုန်းဟာ တနာရီကို ကီလိုမီတာ ၅၆,၀၀၀ ရှိတာကြောင့် နှစ်ပေါင်း ၈၁,၀၀၀ သွားယူရမှာ ဆိုတော့ နဂါးငွေ့တန်း ဂလက် ဆီရဲ့ အလယ်ဗဟိုဆိုရင် နောက်ထပ် အဆပေါင်း ၈၀၀ နီးပါး ဖြစ်ပါတယ်။ လူသားတွေရဲ့ သက်တမ်းနဲ့ဆို ရင် လောလောဆယ် အလှမ်းဝေးသေးတယ် လို့ပဲ ဆိုရမှာပါပဲ။ ကျွန်တော်တို့ ကမ္ဘာဂြိုဟ်ပါဝင်တဲ့ နေအဖွဲ့ အစည်းဟာ အဲဒီ နဂါးငွေ့တန်း ဂလက်ဆီရဲ့ အစွန်းအဖျားမှာ တည်ရှိတာဆိုတော့ စကြဝဠာ နေရပ်လိပ်စာရဲ့ တတိယ စာကြောင်းအဖြစ် ရေးသားရမှာကတော့ 'နဂါး ငွေ့တန်း ဂလက်ဆီ'လို့ပဲ ဖြစ်ပါ တယ်။

အဲဒီလို နဂါးငွေ့ တန်းလို ဂလက်ဆီတွေဟာ သူနဲ့ နီးစပ်ရာ တည်ရှိတဲ့ ရောမ အစုအဝေးတွေ အနေနဲ့ စုပေါင်းတည်ရှိနေကြပြီး ကျွန်တော်တို့ရဲ့ နဂါးငွေ့တန်းဂလက်ဆီ တည်ရှိရာ ရောမ ကြယ်တာရာ အစုအဝေးကြီးကိုတော့ "ဗာဂို ကလက်စတာ အစုအဝေးကြီး" လို့ ခေါ်ဆိုကြပါတယ်။ အဲဒါကိုတော့ စကြဝဠာ နေရပ်လိပ်စာရဲ့ စတုတ္ထစာကြောင်းအဖြစ် ရေးသားရမှာပါ။

ဘာရယ်လ် ရှမစ်[5] တယ်လီစကုပ် ဖြင့် ခရစ် မင်းဟိုစ်[6] ရိုက်ကူးယူခဲ့သည့် ဗာဂိုကလက်စ်တာ ကြယ်တာရာစု များ

ကျွန်တော်တို့ လက်ရှိအချိန်ထိ ‘လေ့လာတွေ့ ရှိထားသမျှသော စကြဝဠာ’ ရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၁၃ ဘီလျံကျော် ရှိခဲ့ပါပြီ။ လေ့လာတွေ့ ရှိထားသမျှ လို့ ဆိုတာက ကျွန်တော်တို့ အခုပြောနေရင်းကို အလင်းအလျှင်နဲ့ ဆက်လက် ပြန့်ကားနေဆဲဖြစ်တဲ့ စကြဝဠာအကြောင်း ကျွန်တော်တို့ လက်လှမ်းမီသမျှ နည်းပညာနဲ့ လေ့လာနေဆဲမှာ သိရှိထားသမျှ အချက်အလက်တွေလို့ ဆိုလိုပါ တယ်။ ဒါဟာ စကြဝဠာ နေရပ်လိပ်စာအတွက် နောက်ဆုံးစာကြောင်း ဖြစ်ပါ လိမ့်မယ်။

အဲဒီထက် ပိုပြီး ဝေးကွာလှတဲ့ အာကာသ၊ စကြဝဠာထဲက အကြောင်း အရာတွေကိုတော့ ကျွန်တော်တို့ မသိရှိရသေးပါဘူး။ အဲဒီအရပ်ဒေသက အလင်းဟာ ကျွန်တော်တို့ဆီကိုတောင် မရောက်ရှိ သေးတာကြောင့်ဖြစ်ပြီး အတိုင်းမသိ ကျယ်ပြောလှတဲ့ စကြဝဠာထဲမှာ ကျွန်တော်တို့ တည်ရှိရာ ဂလက်ဆီတွေ၊ နေအဖွဲ့ အစည်းတွေ၊ ကမ္ဘာဂြိုဟ်တွေဟာ ဆပ်ပြာပူဖောင်းငယ် တွေလို လွင့်မျောနေတာလည်း ဖြစ်နိုင်ပါတယ်။ အခု ကျွန်တော်တို့ ပြောနေတဲ့ စကြဝဠာဟာ တခုတည်းပဲ

တည်ရှိတာလား။ သူလို စကြဝဠာတွေ အသင်္ချေ၊ အနန္တ တည်ရှိတာလား လောလောဆယ်အထိတော့ ဘယ်သူမှ တပ်အပ်မပြော နိုင်ကြသေးပါဘူး။

အဲဒီလိုဆိုတော့ ကျွန်တော်တို့ လူသားတွေအနေနဲ့ အတော့်ကို သေးငယ် သွားတယ်လို့ မထင်ရဘူးလား။ သိမ်ငယ်သွားစရာ မကောင်းဘူးလား။ စကြဝဠာ ကြီးရဲ့ အတိုင်းအဆနဲ့ နှိုင်းယှဉ်ရင် ကျွန်တော်တို့ဟာ တကယ့်ကို ပီဘိ သေးငယ် လွန်းလှတာ မှန်ပါတယ်။ အဆုံးမရှိ ကျယ်ပြောလှတဲ့ စကြဝဠာထဲမှာ ကျွန်တော် တို့ လူသားမျိုးနွယ်တရပ်လုံး မှီတင်းနေထိုင်ကြရတဲ့ ကမ္ဘာဂြိုဟ် ဆိုတာတောင် အစက်အပျောက်လေးအဖြစ်ပဲ ပါဝင်နေတာပါ။ ဒါပေမယ့် ကျွန်တော်တို့ လူသား မျိုးနွယ်တွေရဲ့ အသိဉာဏ်ပညာ တွေကတော့ သေးနုပ်သိမ်ငယ်ခြင်း မရှိပါဘူး။ ကျွန်တော်တို့ဟာ ကြယ်တာရာတွေဆီကို အာကာသ ယာဉ်တွေ စေလွှတ်နိုင်ခဲ့ တယ်၊ လကမ္ဘာပေါ်ကို ခြေချနိုင်ခဲ့တယ်၊ မားစ်ဂြိုဟ်ပေါ်ကို စက်ရုပ်ယာဉ်တွေ စေလွှတ်၊ မောင်းနှင်နိုင်ခဲ့ကြပါတယ်။ စကြဝဠာနဲ့ ပတ်သက်ပြီး လေ့လာမှုတွေ စတင်ခဲ့ပြီးနောက် ဆယ်စုနှစ်ဆိုတဲ့ အချိန် အနည်းငယ် အတွင်းမှာပဲ အဲဒီလို အောင်မြင်မှုတွေကို စွမ်းဆောင်နိုင်ခဲ့ကြတယ် ဆိုတာ တကယ့်ကို ရင်သပ်ရှုမော ဖွယ်လို့ပဲ ဆိုချင်ပါတော့တယ်။

မီးတင်ရှို့ခံခဲ့ရတဲ့ စကြဝဠာအိပ်မက်

လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀ လောက်တုန်းကဆိုရင် ကျွန်တော်တို့ဟာ စကြဝဠာ ကမ္ဘာလောကနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို လုံးဝ သတိမ ထားမိခဲ့ကြပါဘူး။ တယ်လီစကုပ်ဆိုတဲ့ အဝေးကြည့် အာကာသမှန်ပြောင်းလည်း မရှိခဲ့ပါဘူး။ သာမန် မျက်စိနဲ့ မြင်တွေ့ နိုင်သမျှလောက်ကိုပဲ စကြဝဠာလို့ ထင်မှတ်ခဲ့ကြပါတယ်။ ၁၅၉၉ ခုနှစ်တုန်းကဆိုရင် ကောင်းကင်ပေါ်က နေ၊ လ၊ ဂြိုဟ်တွေနဲ့ ကြယ်တွေဟာ ကမ္ဘာမြေကို ဗဟိုပြုပြီး လှည့်ပတ်နေကြတာလို့ပဲ မှတ်ယူခဲ့ကြတာပါ။ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာဂြိုဟ်ဟာ စကြဝဠာ၊ ကမ္ဘာ လောကရဲ့ အလယ်ဗဟိုပေါ့လေ။ စကြဝဠာ၊ ကမ္ဘာလောကကြီးတောင် ကျွန်တော် တို့ လူသားတွေအတွက် ဖန်တီးဖြစ်တည်ခဲ့သယောင် ထင်မြင်ခဲ့ကြ ပါသေးတယ်။ ဒါပေမယ့် အဲဒီလို ခေတ်ကာလမှာတောင် စကြဝဠာ၊ ကမ္ဘာ လောကရဲ့ အဆုံးမရှိ ကျယ်ပြောလှတဲ့ ပကတိတရားကို စိတ်ကူး မှန်းဆကြည့် နိုင်ခဲ့သူတယောက် ရှိခဲ့ ဖူးပါတယ်။ အဲဒီသူဟာ ၁၆၀၀ ပြည့်နှစ်ရဲ့ နှစ်သစ်ကူး အကြိုညကို ဘယ်လို ဖြတ်သန်းခဲ့တယ်လို့များ စာဖတ်သူ ထင်ပါသလဲ။ အမှန် စင်စစ် အကျဉ်းထောင်ထဲ ကနေ ဖြတ်သန်းခဲ့ရရှာပါတယ်။

သူ့နာမည်ကတော့ ဂျော်ဒါနို ဘရူနို[7] ဖြစ်ပါတယ်။ သူဟာ အီတလီနိုင်ငံ၊ နေ ပယ်လ်မြို့က ဒိုမီနီကန် ဘုန်းတော်ကြီးတပါး ဖြစ်နေခဲ့ပေမယ့် သူ့ရဲ့ လွတ်လပ်တဲ့ အတွေးအခေါ်တွေဟာ အဲဒီခေတ်ကာလရဲ့ နိုင်ငံရေး၊ ဘာသာရေး အခင်းအကျင်း တွေနဲ့ ဘယ်လိုမှ အံဝင်ခွင်ကျ မဖြစ်ခဲ့ပါဘူး။ တကယ်တော့ စကြဝဠာနဲ့ ပတ်သက် တဲ့ အတွေးအမြင်တွေကို ဘရူနိုက စတင်ခဲ့တယ် လို့တော့ မဟုတ်ပါဘူး။ ၁၆ ရာစု လူ့အဖွဲ့ အစည်းဟာ ကမ္ဘာမြေနဲ့ စကြဝဠာတို့ရဲ့ ဆက်စပ်မှုကို လေ့လာစူးစမ်းလို စိတ် တိုးပွားလာခဲ့ကြပြီး စကြဝဠာ ဆိုတာ ကမ္ဘာမြေထက် အများကြီး ခမ်းနား

ကြီးကျယ်တယ်ဆိုတဲ့ အတွေးအမြင်တွေ လူ့အဖွဲ့အစည်းအတွင်း စတင် ပျံ့နှံ့နေခဲ့ပြီ ဖြစ်ပါတယ်။ ကမ္ဘာမြေဆိုတာဟာလည်း စကြဝဠာရဲ့ အလယ်ဗဟို မဟုတ်သလို စကြဝဠာ၊ ကမ္ဘာလောကဟာ လည်း လူသားတို့အတွက် ဖန်ဆင်းထားတာ ဟုတ်မဟုတ် စတင် မေးခွန်းထုတ် လာခဲ့ကြပါတယ်။

အဲဒီထဲမှာဆိုရင် ပိုးလစ်ရှ်လူမျိုး နက္ခတ်ဗေဒ ပညာရှင်၊ ဘုန်းတော်ကြီး နီးကိုလပ်စ် ကော့ပါးနီးကပ်စ်[8] ဟာ နာမည်ကျော်ကြားလှပါတယ်။ ကမ္ဘာမြေဟာ စကြဝဠာရဲ့ အလယ်ဗဟို မဟုတ်ကြောင်း သူက စတင်ပြောဆိုခဲ့တာပါ။ ကမ္ဘာမြေဟာ တခြားဂြိုဟ်တွေနည်းတူ နေဆိုတဲ့ ကြယ်တာရာကို လှည့်ပတ်နေတဲ့ သာမန်ဂြိုဟ်တလုံးပဲဖြစ်ကြောင်း သူက အခိုင်အမာ ပြောဆိုခဲ့ပါတယ်။ အဲဒီခေတ်ကာလတုန်းကဆိုရင် သူရဲ့ အတွေးအခေါ်၊ အဆိုအမိန့်တွေဟာ ခရစ်ယာန်တို့ရဲ့ အထွဋ်အမြတ် အလေးထား၊ ကိုးကွယ်ရာ သမ္မာကျမ်းစာထဲက နှုတ်ကပါတ်တော်နဲ့ ဗီလာဆန့်ကျင်ဖြစ်နေတာကြောင့် ဒါဟာ ဘုရားသခင်နဲ့ ဘာသာတရားအပေါ် ပုတ်ခတ်စော်ကားတာ လို့ လူအများက သတ်မှတ်ခဲ့ကြပါတယ်။ အဲဒီခေတ်ကာလရဲ့ လူ့အဖွဲ့ အစည်းဟာ တော်လှန်၊ ဖောက်ထွက်တဲ့ အတွေးအမြင်မျိုးတွေကိုလည်း အင်မတန် ထိတ်လန့်နေခဲ့ကြတယ်နဲ့ တူပါတယ်။ (ကမ္ဘာမြေသည် မလှုပ်မယှက် ငြိမ်သက်ခြင်း အတိပြီးသော သဘောရှိသည်ဟု ခရစ်ယာန်သမ္မာကျမ်းစာအရ ဖော်ပြထားသည့် ကျမ်းပိုဒ် နမူနာများ အဖြစ် မြေကြီးသားအပေါင်းတို့၊ (ထာဝရဘုရား) ရှေ့တော်၌ ကြောက်ရွံ့ခြင်း ရှိကြလော့။ ကမ္ဘာလောကသည် မလှုပ်မရှားနိုင်အောင် မြဲမြံစွာ တည်ရှိလိမ့်မည် (ရာဇဝင်ချုပ် ပထမစောင် ၁၆း ၃၀) ၊ ထာဝရဘုရားသည် ထိုသို့ဝတ်ဆင်၍ ခွန်အားကို ခါးပန်းစည်းတော်မူ၏။ သို့ဖြစ်၍ ကမ္ဘာလောကသည် မလှုပ်မရှား နိုင်အောင် တည်လျက်ရှိ၏ (ဆာလံကျမ်း ၉၃း၁)၊ ထာဝရဘုရား စိုးစံတော်မူသည်ဟု တပါး အမျိုးသားတို့ ရှေ့တွင် ဟောပြောကြလော့။ ကမ္ဘာလောကသည် မလှုပ်မရှားနိုင်အောင် မြဲမြံစွာ တည်လိမ့်မည် (ဆာလံ ကျမ်း ၉၆း၁၀)၊ မြေကြီး အမြစ်ကို ကာလအစဉ်အမြဲ မရွေ့မလှုပ်စေခြင်းငှာ တည်တော်မူသောဘုရားပေတည်း (ဆာလံကျမ်း ၁၀၄း၅)၊ မိုဃ်းကောင်းကင်ကို ဖန်ဆင်းတော်မူသော ထာဝရဘုရား၊ မြေကြီးကို ပြုပြင်ဖန်ဆင်းလျက် မလှုပ်မယှက် အမြဲတည်စေ တော်မူသော အရှင် (ဟေရှာယ အနာဂတ္တိကျမ်း ၄၅း၁၈) တို့တွင် ဖတ်ရှုနိုင် သည်)။

ဂျော်ဒါနို ဘရူနိုဟာ ကောပါးနီးကပ်စ်ရဲ့ အတွေးအမြင်တွေကို ဆက်ခံ ခဲ့ပြီး အတွေးအမြင် ပြောင်းလဲမှုဆိုင်ရာ တော်လှန်ရေးသမားအဖြစ် မွေးဖွား လာခဲ့သူလို့ ဆိုနိုင်မယ် ထင်ပါတယ်။ သူဟာ အများသူငါတို့ အစစ်ဆေး၊ အမေးမြန်း မရှိ လက်ခံထားတဲ့ စကြဝဠာသေးသေးလေးထဲကနေ ရုန်းထွက်ဖို့ တောင့်တနေခဲ့သူ ပါ။ အဲဒီနောက် ဖတ်ရှုလေ့လာခြင်း မပြုရလို့ ဘုရားကျောင်း တော်ကနေ ပိတ်ပင် တားမြစ်ထားတဲ့ စာအုပ်စာပေတွေကို တိတ်တဆိတ် လေ့လာခဲ့ပါတယ်။

သူ ဖတ်ရှုခဲ့တဲ့ စာအုပ်တွေထဲမှာဆိုရင် လူခရီးရှပ်စ်[9]ရဲ့ သဘာဝတရား စာအုပ်ဟာ အတော့်ကို ဆွဲဆောင်မှု ရှိလှပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁,၅၀၀ ဝန်းကျင်က ဆုံးပါးသွားခဲ့ပြီ ဖြစ်တဲ့ လူခရီးရှပ်စ်ရဲ့ အတွေးအမြင်တွေဟာ အတိုင်းအဆ မရှိ ကျယ်ပြောလှတဲ့ စကြဝဠာအကြောင်းတွေ၊ ဘုရားသခင်နဲ့ ပတ်သက်တဲ့ ဘရူနိုရဲ့ အတွေးအမြင်တွေကို အားပေးနေခဲ့ပါတယ်။ လူခရီးရှပ်စ် ဟာ သူ့ရဲ့ စာဖတ်သူတွေကို မေးခွန်းထုတ်ထားပါတယ်။ လေးနဲ့မြားကို ကိုင် ဆောင်ပြီး စကြဝဠာရဲ့ အဆုံးစွန်ဆိုတဲ့ နေရာကနေ အပြင်ဘက်ကို မြားနဲ့ ခွင်း လိုက်မယ်ဆိုပါစို့။ အဆုံးရှိတယ်လို့ ယူဆထားတဲ့ စကြဝဠာထဲမှာ အဲဒီ မြားတံဟာ တစုံတရာကို ထိမှန်တဲ့အထိ ဆက်သွားနေမှာ ဖြစ်ပါတယ်။ နံရံ တခုခုကို ထိမှန်ပြီ ဆိုရင် အဲဒါဟာ စကြဝဠာရဲ့ နယ်နိမိတ် ဖြစ်ပါလိမ့်မယ်။ အဲဒါဆိုရင် အဲဒီ စကြဝဠာတံတိုင်းပေါ်ကို ထပ်မံ တက်ရောက်ပြီး ခုနလိုပဲ အပြင်ဘက်ကို လေးနဲ့ ထပ်ခွင်းလိုက်ပါမယ်။ အဲဒီအခါမှာ မြားဟာ ဖြစ်နိုင်ချေ နှစ်ခုအဖြစ်နဲ့ တစုံတရာကို ထိမှန်တာရယ်၊ အဆုံးမရှိ မရပ်မနား ဆက်သွား နေမယ်ဆိုတာရယ် ရှိပါလိမ့်မယ်။ ဘယ်လိုပဲ ရှိပါစေ၊ နံရံ တစုံတရာကို ထိမှန်ရင် လည်း အဲဒီအပေါ်ကနေ ထပ်မံ ပစ် ခွင်းပြီး စကြဝဠာရဲ့ အဆုံးမရှိ ကျယ်ပြော ခြင်းကို ခန့်မှန်းနိုင်သလို မြားဟာ တရစပ် ဆက်သွားနေခဲ့ရင်လည်း စကြဝဠာရဲ့ အဆုံးမရှိ ကျယ်ပြောခြင်းကို ခန့်မှန်းနိုင်မှာပါပဲ။

အဲဒီအတွေးအမြင်ကို ဘရူနိုက အလွန် သဘောတွေ့ ခဲ့ပါတယ်။ သူ ယုံကြည်ကိုးကွယ်ရာ ထာဝရဘုရားသခင် ဖန်ဆင်းထားတဲ့ စကြဝဠာ၊ ကမ္ဘာ လောကဟာ အဆုံးမရှိ ခမ်းနားကြီးကျယ် လှတယ်လို့ မှတ်ယူချင်စိတ်လည်း ပြင်းထန်နေခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ပိတ်ပင်တားမြစ်ထားတဲ့ စာအုပ်စာပေတွေ

ကို ဘရူနိုတယောက် ဖတ်ရှုလေ့လာနေကြောင်း ဘုရားကျောင်းတော် အာဏာပိုင် တွေက သိရှိသွားပြီးတဲ့နောက် သူ့ကို ကျောင်းတော်ကနေ အပြီးအပိုင် နှင်ထုတ် လိုက်ကြ ပါတော့တယ်။

အဲဒီနောက်တော့ သူ့ရဲ့ အသက် ၃၀ အရွယ်မှာ ဘဝကံကြမ္မာကို အကြီးအကျယ် ပြောင်းလဲစေမယ့် အိပ်မက်၊ ရူပါရုံကို မက်မြင်ခဲ့ပါတယ်။ အဲဒီ အိပ်မက်ထဲမှာ ကြယ်တာရာတွေ ဖုံးအုပ်ထားတဲ့ ရွက်ဖျင်တဲလို ခေါင်မိုးဝိုင်း ကမ္ဘာ လောကထဲကို ရောက်ရှိနေပါသတဲ့။ ဒါက ဘရူနိုတို့ ခေတ်ကာလတုန်းက စကြဝဠာနဲ့ ပတ်သက်တဲ့ လူအများ လက်ခံပြီးသား အတွေးအမြင်ပါ။ အဲဒီအိပ်မက် ထဲမှာ ကောင်းကင်အမိုးကို သူ့လက်နဲ့ လှမ်းတို့ထိကြည့်တော့ ကောင်းကင် အမိုးရဲ့ ကြယ်တာရာတွေက သူနဲ့ ဝေးရာကို ထွက်ပြေးသွားတာ တွေ့ ရသတဲ့။ အဲဒါနဲ့ အံ့ ဩတုန်လှုပ်စွာပဲ ကောင်းကင်အမိုးကို အသာအယာ တွန်းဖယ်လိုက် တော့ အဆုံး မရှိ ကျယ်ပြောလှတဲ့ စကြဝဠာကြီးကို သူ မြင်တွေ့ခဲ့ရပြီး လေထဲမှာ အလိုက်သင့် လွင့်ပါရင်း ကမ္ဘာမြေပြင်ဟာ မှုန်ပြပြပဲ မြင်ရတော့တဲ့အထိပါပဲ တဲ့။ တကယ်တမ်း အထက်တွေ၊ အောက်တွေ၊ အစွန်းတွေ၊ အလယ်ဗဟိုတွေ ရယ်လို့ကို မရှိမှန်း သူ နားလည်သွားခဲ့တယ်လို့ ဆိုပါတယ်။ နေ ဆိုတာလည်း ကြယ်တာရာ တလုံးပဲ ဖြစ် ပြီး သူ့လို တခြားသော ကြယ်တာရာတွေ အမြောက် အမြားနဲ့ ဂြိုဟ်တွေ အသင်္ချေ ကို တွေ့မြင်ရတော့ စကြဝဠာရဲ့ အဆုံးမရှိဆိုတဲ့ အတွေးအမြင်ဟာ သူ့ရင်ထဲမှာ စွဲမြဲသွားခဲ့ဟန် တူပါတယ်။

ဘရူနိုဟာ သူခံစားတွေ့မြင်ခဲ့ရတဲ့ ရူပါရုံကို တခြားခရစ်ယာန်တွေ နည်းတူ သက်သေခံလို လှပြီး ဘုန်းတန်ခိုး ကြီးမြတ်လှစွာသော ဘုရားသခင်ရဲ့ ဖန်ဆင်း ခြင်းခံရတဲ့ စကြဝဠာဟာ သေးနုပ်ခြင်း မရှိ၊ အဆုံးမရှိ ကျယ်ပြောခြင်း သဘော ဖြစ်တာမလို့ အဲဒီသတင်းကောင်းကို တခြားသူတွေကိုလည်း မျှဝေလိုစိတ် ပြင်းပြ နေခဲ့ပါတယ်။ သူ့ရဲ့ သတင်းစကားကို ကြားသိရတဲ့ အခြားသော ယုံကြည် သူတွေ ဟာလည်း ဒီရူပါရုံနဲ့ သတင်းစကားကို ဝမ်းသာအားရ ကြိုဆိုကြလိမ့် မယ်လို့ သူက ထင်မှတ်ထားခဲ့ဟန် တူပါတယ်။

ဒါပေမယ့် ဘရူနိုရဲ့ တွက်ကိန်းဟာ တက်တက်စင်အောင်ကို လွဲချော်သွား ခဲ့ပါတယ်။ သူ့ရဲ့ 'အဆုံးမရှိ ကျယ်ပြောလှတဲ့ စကြဝဠာ' ဆိုတဲ့ အတွေးအမြင်ကို မွေးရပ်ဇာတိ အီတလီက ရိုမန်ကတ်သလစ်ကလည်း လက်မခံသလို ဆွစ်ဇာလန်က ကဲလ်ဗင်ဘာသာဝင်တွေ၊ ဂျာမနီက လူသာရင် ခရစ်ယာန်တွေနဲ့ အင်္ဂလန်က အင်္ဂလိကန် စော်ကားသူ၊ ဘာသာတရားကို မျက်ကွယ်ပြုသူ၊ ဘုရားကျောင်းတော်ကို ပုန်ကန်သူအဖြစ် သူ့ကို စွပ်စွဲပြီး မောင်းထုတ်လိုက်ကြပါတယ်။

တကယ်ဆိုရင် အခုလို ပြင်းထန်တဲ့ အတိုက်အခံလုပ်မှုတွေကို ရင်ဆိုင် ရတဲ့အခါ သူ့အနေနဲ့ သင်ခန်းစာယူပြီး အခြားနည်းလမ်းတမျိုးနဲ့ ချဉ်းကပ်ဖို့ စဉ်းစားမိသင့်တယ် မဟုတ်လား။ ဘရူနိုကတော့ အဲဒီလို မဟုတ်ပါဘူး။ သူ ခံစားသိမြင်သလို ပြန်လည် မျှဝေဖို့၊ စကြဝဠာ ကမ္ဘာလောကရဲ့ ခမ်းနား ကြီးကျယ်မှုတွေကို လူအများ ခန့်မှန်းနိုင်ဖို့ ရင်ထဲမှာ မျိုသိပ်မရ ဖြစ်နေခဲ့ပါ တယ်။ အမှန်တော့ သူ နေထိုင်၊ ဖြတ်သန်းခဲ့တဲ့ ခေတ်ကာလဟာ တော်လှန် ပြောင်းလဲတဲ့ အတွေးအမြင်တွေအတွက် ရေခံမြေခံကောင်း မဟုတ်ခဲ့ပါဘူး။ အဲဒီလို လူအများနဲ့ ဆန့်ကျင်ဘက် အတွေးအမြင်တွေကို ဖြန့်ဝေမိရင် လူမဆန်တဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေနဲ့တောင် ရင်ဆိုင်ရနိုင်ပါတယ်။ ဘရူနိုတို့ ခေတ်ကာလမှာ နိုင်ငံရေးနဲ့ ဘာသာရေး ကန့်သတ်ခွဲခြားထားရမယ်ဆိုတဲ့ လောကီနိုင်ငံရေး အတွေးအမြင်တွေလည်း မပေါ်ထွန်းသေးပါဘူး။ လွတ်လပ်စွာ ရေးသားပြောဆိုခွင့် ဆိုတဲ့ လူ့အခွင့်အရေးလည်း မရှိသေးပါဘူး။ ရိုးရာဓလေ့တွေ၊ မိရိုးဖလာ ယုံကြည်ကိုးကွယ်မှုတွေနဲ့ ကဏ္ဍာကောစဖြစ်တဲ့ အယူ အဆတွေဟာ လူတယောက်ကို ကောင်းကောင်းကြီး ချောက်ကျသွားစေ နိုင်ပါတယ်။

အဲဒီနောက် ဘရူနိုဟာ အတင့်ရဲစွာပဲ အီတလီကို ပြန်လာခဲ့ပါတယ်။ အိမ်လွမ်းလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ။ ဒါပေမယ့် သူ့ရဲ့ ဇာတိမြေဟာ ဥရောပနိုင်ငံတွေထဲမှာ အန္တရာယ် အများဆုံးပါပဲ။ သူလည်း မသိ မဟုတ်၊ သိပြီးသားပါ။ ရိုမန်ကတ်သလစ် ဘုရားကျောင်းဟာ အင်ကွီဇင်းရှင်း[10] လို့ ခေါ်တဲ့ ရုံးတော်တွေ တည်ထောင်ပြီး အယူအဆ၊ အတွေးအမြင် မတူညီသူ တွေကို နှိပ်စက်စစ်ကြောဖို့ ရည်ရွယ်ထားခဲ့တာ ဖြစ်ပါတယ်။ ရောမပုလိပ်တွေရဲ့ လက်ထဲကို ကွိခနဲ မိသွားဖို့ ဘရူနိုတယောက် အချိန်ကြာကြာ မစောင့်လိုက် ရပါဘူး။

စကြဝဠာရဲ့ အဆုံးမရှိ ကျယ်ပြောလှတဲ့ အယူအဆတွေအကြောင်း ဟောပြောခဲ့သူ၊ နေအိမ် အတည်တကျ မရှိဘဲ လှည့်လည်သွားနေသူ ဂျော်ဒါနို ဘရူနိုကို ယာယီအနေနဲ့ ထောင်ဒဏ် ၈ နှစ် ချမှတ်လိုက်ပါတယ်။ ဘုရား ကျောင်းရဲ့ မြေအောက်ခန်းတွေက ညှဉ်းပန်းနှိပ်စက်တဲ့ ကိရိယာတွေနဲ့ အမျိုးမျိုး ညှဉ်းပန်းခဲ့ပေမယ့် ဘရူနိုက သူ့ရဲ့ အတွေးအမြင်၊ အယူအဆတွေကို စွန့်လွှတ်ဖို့ ငြင်းဆန်ခဲ့ပါတယ်။ ဘရူနိုလို ခြေသလုံးအိမ်တိုင် လေလွင့်သူ တယောက်အပေါ် အချိန်တွေ၊ လူအင်အားတွေ အများအပြား အသုံးပြုပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်း နှိပ်စက်ရလောက်အောင် ကတ်သလစ် ဘုရားကျောင်းတော်ဟာ ဘာတွေကို စိုးရိမ် ထိတ်လန့်နေခဲ့တာပါလိမ့်။

တကယ်လို့များ ဘရူနိုရဲ့ အယူအဆတွေ မှန်ကန်ခဲ့မယ်ဆိုရင် သမ္မာကျမ်းစာနဲ့ ကတ်သလစ် ဘုရားကျောင်းတော်ရဲ့ အမိန့်အာဏာတွေဟာ မေးခွန်းထုတ်စရာတွေ ဖြစ်လာတော့မှာပါ။ အဲဒီအဖြစ်မျိုးကို နိုင်ငံရေး အာဏာတွေ အများအပြား ချုပ်ကိုင်ထားတဲ့ ဘာသာရေးအဖွဲ့ အစည်းတွေက အဖြစ်မခံနိုင်ပါဘူး။ အဆုံးမှာတော့ ဘရူနိုကို အင်ကွီဇင်းရှင်း ရုံးတော်ကနေ အမိန့်ချမှတ်ခဲ့ပါတယ်။ မိရိုးဖလာ အယူအဆတွေနဲ့ ဆန့်ကျင်တဲ့၊ သမ္မာကျမ်းစာပါ နှုတ်ကပါတ်တော် တွေနဲ့ ကဏ္ဍကောစဖြစ်တဲ့ အတွေးအမြင်တွေကို စွန့်လွှတ်မလားလို့ နောက်ဆုံးအကြိမ် မေးမြန်းခဲ့ပါတယ်။ အင်ကွီဇေးရှင်း ရုံးတော်မှာ နောက်ဆုံးပိတ် စီရင်ချက် ချမှတ်တော့ တရားသူကြီးကို ဘရူနိုက "စီရင်ချက် အမိန့်ကို နာခံရသူ အကျွန်ုပ်ထက် အမိန့်ချ စီရင်သူ တရားသူကြီးမင်းရဲ့ အကြောက်တရားက ပိုပြီး ကြီးမားနေသလိုပဲ"[11]လို့ ရဲရဲတောက် ပြောဆို သွားခဲ့ပါတယ်။ အဲဒီနောက် ဘရူနိုကို အင်ကွီဇေးရှင်း ရုံးတော်က အများပြည်သူ ရှေ့မှောက်မှာ မီးရှို့ ကွက်မျက်ခဲ့ပါတယ်။

အက်တိုရေ ဖယ်ရာရီ[12] ၏ ဘရူနို တရားစီရင်ခန်း သရုပ်ဖော်ပုံ

ဘရူနိုတယောက် အာဇာနည်ပီသစွာ ကျဆုံးခဲ့ပြီးနောက် အချိန်ကာလအားဖြင့် ၁၀ နှစ်ဝန်းကျင် အကြာမှာတော့ ဂယ်လီလီယိုဆိုသူဟာ သူ့ရဲ့ အဝေးကြည့် အာကာသမှန်ပြောင်းနဲ့ ကောင်းကင်ယံကို လေ့လာခဲ့ပြီး ဘရူနိုရဲ့ ပြောဆိုချက်တွေ မှန်ကန်ကြောင်း သဘောပေါက်လာ ခဲ့ပါတယ်။ ဂယ်လီလီယို [13]ရဲ့ 'သို့သော်ငြား ကမ္ဘာလောကသည် အမှန်စင်စစ် ရွေ့လျား၏ Eppur si muove' ဆိုတဲ့ စကားဟာ ဒီကနေ့ထိတိုင် လူသိများခဲ့ပါတယ်။ ကမ္ဘာမြေ ပါဝင်တဲ့ နေအဖွဲ့အစည်းရဲ့ နဂါးငွေ့ တန်း ဂလက်ဆီဟာ များပြားလှတဲ့ ကြယ်တာရာ တွေနဲ့ ဖွဲ့စည်းထားပြီး ကောင်းကင်ယံမှာ မြင်တွေ့နေရတဲ့ အလင်းရောင်တွေ ဟာလည်း ဝေးကွာလွန်းလှတဲ့ အရပ်ဒေသတွေကနေ ရောက်ရှိလာခဲ့မှန်း နားလည်သွားခဲ့ပါတယ်။

တကယ်တော့ ဘရူနိုဟာ လောကဓာတ်သိပ္ပံပညာရှင်တယောက် မဟုတ်ခဲ့ရှာပါဘူး။ သူ့ရဲ့ စကြဝဠာဆိုင်ရာ အတွေးအမြင်ဟာ ကံကောင်းထောက်မ လွန်းပြီး မှန်ကန်သွားတဲ့ ခန့်မှန်းပြောဆိုမှုပဲ ဖြစ်ပါတယ်။ သူ့အဆိုကို ထောက်ခံ ပေးနိုင်မယ့် ဘယ်လို သက်သေ၊ အထောက်အထားကိုမှလည်း မတင်ပြနိုင်ခဲ့ပါ ဘူး။ သူ့ရဲ့ ခန့်မှန်းပြောဆိုမှုဟာ မရေမတွက်နိုင်တဲ့ တခြားသော ခန့်မှန်း ပြောဆိုမှုတွေလိုပဲ

မှားယွင်းသွားနိုင်ပါတယ်။ ဒါပေမယ့် အတွေးအမြင်တရပ် လူသိရှင်ကြား ပျံ့နှံ့လာချိန်မှာတော့ လူအများက စိတ်ဝင်တစား ဖြစ်လာကြပါ လိမ့်မယ်။ အနည်းဆုံးတော့ အဲဒီအဆို မှားယွင်းကြောင်း သက်သေထူလိုတဲ့ သဘောမျိုးနဲ့လည်း ဖြစ်ကောင်း ဖြစ်နိုင်တယ် မဟုတ်ပါလား။

အီတလီနိုင်ငံ၊ ရောမမြို့ရှိ ဂျော်ဒါနို ဘရူနို အထိမ်းအမှတ်ရုပ်ထု

စကြဝဠာ ပြက္ခဒိန်

ဘရူနိုဟာ ကျယ်ပြောလှတဲ့ အာကာသ၊ စကြဝဠာအကြောင်းကို တစိတ် တပိုင်းလောက်ပဲ ခန့်မှန်း တွေးတောနိုင်ခဲ့တာ ဖြစ်ပါတယ်။ အချိန်နဲ့ အာကာသ စပ်လျဉ်းမှုတွေ၊ ပြန့်ကားထွက်နေတဲ့ သဘောတရား တွေ၊ မဟာပေါက်ကွဲမှုကြီး တွေ၊ လျှပ်စစ်သံလိုက် သဘောတရားတွေကို ဘာဆိုဘာမှ မသိရှိခဲ့ပါဘူး။ အဲဒီလို များပြားလှတဲ့ စကြဝဠာဆိုင်ရာ ပညာရပ်တွေအကြောင်းကို အချိန်တို အတွင်းမှာ ကျွန်တော်တို့ လူသားတွေ ဘယ်လိုများ သိရှိ၊ နားလည်ခဲ့ကြတာ ပါလိမ့်။ စကြဝဠာကြီးရဲ့ သက်တမ်းကို နှစ်ပေါင်း ၁၃.၈ ဘီလျံလို့ ပညာရှင်တွေက ခန့်မှန်း ကြပါတယ်။

အဲဒီအချိန်အတိုင်းအတာဟာ နှစ်ပေါင်း ဆယ်စုနှစ်တွေ၊ လွန်ရောကျွံရော ရာစုနှစ်တခု လောက်ပဲ ရှင်သန်ခွင့်ရတဲ့ လူသားတွေအဖို့ စိတ်ကူးနဲ့ ဖမ်းဆုပ်မိဖို့တောင် အလွန်ခဲယဉ်းပါလိမ့်မယ်။ အဲဒီတော့ ပိုပြီး ထင်သာမြင်သာရှိအောင် စကြဝဠာရဲ့ သက်တမ်း နှစ်ပေါင်း ၁၃.၈ ဘီလျံကို ကျွန်တော်တို့ နှစ်စဉ်အသစ်ဝယ်တဲ့ ပြက္ခဒိန်တခုအဖြစ် တနှစ်စာအကျဉ်းချုံး လေ့လာကြည့်ရ အောင်ပါ။

စကြဝဠာပြက္ခဒိန်ဟာ ဇန်နဝါရီ ၁ ရက်နေ့မှာ စတင်ပါလိမ့်မယ်။ အခုလက်ရှိအချိန်ကတော့ ဒီဇင်ဘာ ၃၁ ရက်နေ့ နှစ်ကူးချိန်အလွန် စက္ကန့်ပိုင်း ဆိုကြပါစို့။ အဲဒီစကေးနှုန်းထားနဲ့ တွက်ချက်မယ်ဆိုရင် တလချင်းစီဟာ နှစ်ပေါင်း တစ်ဘီလျံဝန်းကျင်နဲ့ ညီမျှမှာဖြစ်ပြီး နေ့ရက် တရက်ချင်းစီဟာလည်း နှစ်ပေါင်း သန်း ၄၀ ဝန်းကျင်နဲ့ ညီမျှမှာဖြစ်ပါတယ်။ အဲဒီအတိုင်း အချိန်တွေကို နောက်ပြန်ပြီး ရေတွက်ကြည့်ရအောင်ပါ။

ဇန်နဝါရီ ၁ ရက်နေ့မှာ မဟာပေါက်ကွဲမှုကြီး[14] စတင်ခဲ့ပါတယ်။ အတိုင်းမသိ ကျယ်ပြောလှတဲ့ စကြဝဠာကြီးဟာ အဏုမြူထက် သေးငယ်လှတဲ့ စမှတ်လေးတခုကနေ ပေါက်ကွဲစတင်ခဲ့တာပါ။ အဲဒီလို ပေါက်ကွဲပြီး ပြန့်ကား ထွက် လာတဲ့နောက် အခုလက်ရှိ ဒြပ်ဝတ္ထုတွေ၊ စွမ်းအင်တွေ အားလုံးကို မွေးဖွား ပေး ခဲ့ပါတယ်။ အဲဒီလို ပြောရင် နည်းနည်း ကိုးရိုးကားရားနိုင်မှာဖြစ်ပေမယ့် မဟာ ပေါက်ကွဲမှုကြီး သီအိုရီကို ထောက်ခံနေတဲ့ သက်သေ၊ အထောက်အထားပေါင်း မြောက်မြားစွာ တွေ့ရှိပြီး ဖြစ်ပါတယ်။ ဟီလီယမ်ဓာတ်ငွေ့ ပမာဏဟာ အာကာသထဲမှာ အချိန်အတော်ကြာ တည်ရှိနေနိုင်ပါတယ်။

အဲဒီလိုမျိုးပဲ မဟာပေါက်ကွဲမှုကြီးကနေ ကြွင်းကျန်ရစ်ခဲ့တဲ့ ရေဒီယိုလှိုင်း တွေဟာ အခုထိတောင် တည်ရှိနေ ပါသေးတယ်။ ပေါက်ကွဲမှုဖြစ်ပွားချိန်နဲ့ ဖြစ်ပွား အပြီးမှာ အပူချိန် များစွာ မြင့်တက်ခဲ့ပြီး နောက်ပိုင်းမှ ပြန်လည် ကျဆင်းသွားခဲ့ တာပါ။ အဲဒီနောက်မှာတော့ ဘာဆို ဘာမှမရှိတော့တဲ့ အမှောင်ထုအဖြစ် နှစ်သန်း ပေါင်း ၂၀၀ ကျော် ကြာညောင်းခဲ့ပါတယ်။



Planck ဂြိုဟ်တုမှ အလင်းနှစ် ၁၃.၈ ဘီလျံ အကွာအဝေးတွင် ဖမ်းယူရရှိသော မဟာပေါက်ကွဲမှုကြီး လက်ကျန် ရေဒီယိုလှိုင်းများ

(အဆိုပါ တွေ့ရှိချက်ဖြင့် အာနို ပန်ဇီရာစ်[15] နှင့် ရောဘတ် ဝီလ်ဆင်[16] တို့ ၁၉၇၈ ခုနှစ်အတွက် ရူပဗေဒ နိုဘယ်လ်ဆု ဆွတ်ခူးရရှိခဲ့သည်)

အဲဒီလို အပူချိန်တွေ ပြန်လည် ကျဆင်းခဲ့ပြီးနောက်မှာတော့ နီးစပ်ရာ ဒြပ်ဝတ္ထုတွေ အချင်းချင်း ဆွဲငင်ပေါင်းစည်းပြီး ဒြပ်ထုတွေနဲ့ ဓာတ်ငွေ့ တွေကို ပေါင်းစပ်စေပါတယ်။ အဲဒီနောက် ဇန်နဝါရီ ၁၀ ရက်နေ့မှာ ပထမဦးဆုံးသော ကြယ်တာရာတွေ (နေတွေ) ပေါ်ပေါက်လာခဲ့ကြပါတယ်။ အဲဒီလို ပေါင်းစည်းပေါ်ထွက်လာခဲ့ကြတဲ့ ကြယ်တာရာတွေဟာ တစုတဝေးတည်း ဖြစ်လာခဲ့ကြပြီး ဇန်နဝါရီ ၁၃ ရက်နေ့မှာ ဂလက်ဆီခေါ်တဲ့ ကြယ်တာရာ အစုအဝေးတွေ ဖြစ်တည်လာခဲ့ကြပါတယ်။ ကျွန်တော်တို့ ကမ္ဘာမြေနဲ့ နေအဖွဲ့ အစည်းတို့ ပါဝင်ရာ နဂါးငွေ့တန်း ဂလက်ဆီဟာလည်း အဲဒီလို ကြယ်တာရာတွေနဲ့ ဂလက်ဆီတွေ ဖြစ်ပေါ်လာချိန်မှာ ပေါ်ထွက်လာခဲ့ပါတယ်။ သက်တမ်းအရ ဆိုရင် နှစ်ပေါင်း ၁၁ ဘီလျံလို့ ဆိုနိုင်ပြီး စကြဝဠာ ပြက္ခဒိန်အရဆိုရင်တော့ မတ်လ ၁၅ ရက်ဝန်းကျင်လောက်မှာ ပေါ်ထွက်လာခဲ့တာပါ။ အဲဒီ နဂါးငွေ့တန်း ဂလက်ဆီထဲမှာ နေလို ကြယ်တာရာတွေ ဘီလျံပေါင်း ရာဂဏန်းအထိ ပါဝင်ပါ တယ်။

ကျွန်တော်တို့ လူသားတွေကရော အဲဒီအချိန်တုန်းက ဘယ်နေရာမှာများ ရောက်ရှိနေခဲ့ ကြပါလိမ့်။ ကျွန်တော်တို့ လူသားတွေ နေထိုင်ရာ ကမ္ဘာဂြိုဟ် ပါဝင်တဲ့ နေအဖွဲ့အစည်းဟာ အဲဒီအချိန်မှာ ရှိကိုမရှိခဲ့သေးပါဘူး။

နဂါးငွေ့တန်းဂလက်ဆီ ပေါ်ပေါက်လာစေမယ့် မဟာပေါက်ကွဲမှုကြီး အလွန် အသေးစား ပေါက်ကွဲမှုတွေ ဖြစ်ကြတဲ့ စူပါနိုဗာ[17] ခေါ် ပေါက်ကွဲမှုတွေဟာ အတော်အတန် ကြီးမားပါသေးတယ်။ အဲဒီလို ပေါက်ကွဲမှုတွေကနေပဲ ကြယ်တာရာတွေ အသစ် ဖြစ်ထွန်းလာကြသလို ကြယ်တာရာတွေ လောင်စာကုန် ပေါက်ကွဲ၊ ပျက်စီးသွားတာတွေကပဲ ပိုမို လေးလံတဲ့ ဒြပ်စင်တွေ ဖြစ်ပေါ်ကြတာပါ။ ကြယ် တာရာကြီးတွေဟာ မိုးရေစက်တွေ ငွေ့ရည်ဖွဲ့ သလို ဒြပ်မှုန်တွေ၊ ဓာတ်ငွေ့ တွေ စုစည်းပြီး ဖြစ်တည်ခဲ့ကြတာ ။ သူတို့ရဲ့ အပူချိန်တွေ အလွန် မြင့်

တက်လာပြီး အက်တမ်အဏုမြူအတွင်း နယူးကလိယပ်စ်တွေ နီးစပ်ရာ ပေါင်းစည်းကြရင်းနဲ့ အသစ်သော ဒြပ်စင်တွေကို ဖြစ်ပေါ်စေပါတယ်။

အဲဒီလို အသစ်ဖြစ်တည်လာကြတဲ့ ဒြပ်စင်တွေထဲမှာ ကျွန်တော်တို့ ရှူသွင်းနေကြတဲ့ အောက်ဆီဂျင် တွေ၊ ကျွန်တော်တို့ရဲ့ အရိုးထဲက ကယ်လ်စီ ယမ်ဓာတ်တွေ၊ ကျွန်တော်တို့ သွေးထဲက သံဓာတ်တွေ ပါဝင်ကြပါတယ်။ အဲဒီ ဒြပ်စင်တွေဟာ ပေါက်ကွဲ၊ ပျက်စီးသွားကြတဲ့ ကြယ်တာရာကြီးတွေရဲ့ စူပါနိုဗာ ဖြစ်ရပ်တွေအတွင်းမှာ အလွန်ပူလောင်တဲ့ အပူချိန်နဲ့ မီးပြင်းတိုက် သန့်စင်ခြင်း ခံကြရပါတယ်။ စာဖတ်သူ အပါအဝင် လူသားတွေ အားလုံး၊ သက်ရှိသတ္တဝါ တွေ အားလုံးနဲ့ ဒြပ်ဝတ္ထု အလုံးစုံတို့ဟာ သန့်စင်ပြီး ကြယ်တာရာဒြပ်မှုန်တွေနဲ့ ဖွဲ့စည်း၊ တည်ဆောက်ထားကြတာ ဖြစ်ပါတယ်။

အဲဒီကြယ်တာရာ ဒြပ်မှုန်တွေဟာ အကြိမ်ကြိမ်၊ အဖန်ဖန် သန့်စင်ခြင်း ခံရပြီး နောက်ထပ် ကြယ်တာရာ အသစ်တွေကို ထပ်မံ မွေးဖွားစေပြန်ပါတယ်။ ကျွန်တော်တို့ အခုမြင်တွေ့ နေရတဲ့ နေမင်းကြီး ပေါ်ပေါက်လာဖို့အတွက် အချိန်ဘယ်လောက်ကြာ စောင့်ဆိုင်းရမယ် ထင်ပါသလဲ။ နောက်ထပ် နှစ်သန်းပေါင်း ၆ ထောင်၊ သို့မဟုတ် နှစ်ပေါင်း ၆ ဘီလျံဝန်းကျင် စောင့်ဆိုင်း ပြီးမှ ပေါ်ပေါက်လာခဲ့တာပါ။ စကြဝဠာ ပြက္ခဒိန်အရဆိုရင်တော့ ဩဂုတ်၃၁ ရက်နေ့ဝန်းကျင်မှာ ပေါ်ထွက်လာခဲ့တယ် ဆိုရပါမယ်။ အချိန်ကာလအရ ဆိုရင် နှစ်ပေါင်း ၄.၅ ဘီလျံ ဖြစ်ပါတယ်။ ကမ္ဘာမြေ အပါအဝင် ဂြိုဟ်တွေဟာလည်း ဒြပ်မှုန်တွေ၊ ဓာတ်ငွေ့တွေ အေးခဲ၊ စုပေါင်းပြီး ဖြစ်ပေါ်လာခဲ့ကြရင်း အနီးဆုံးမှာ တည်ရှိတဲ့ ကြယ်တာရာ (နေ)ကို လှည့်ပတ်ကြပါတယ်။

အဲဒီအချိန်အတွင်းမှာ အာကာသထဲက ပေါက်ကွဲမှုတွေဟာလည်း အဆက်မပြတ် ပေါ်ထွက်နေဆဲ ဖြစ်ပြီး ကမ္ဘာမြေ အပါအဝင် ဂြိုဟ်တွေကို မရေမတွက်နိုင်တဲ့ ဥက္ကာစိုင်တွေ ထိမှန်စေပါတယ်။ တချို့သော ဥက္ကာစိုင်ကြီး တွေဟာ အရွယ်အစားအားဖြင့် ကြီးမားလွန်းလို့ တကယ်လို့သာ အဲဒီတုန်းက ကမ္ဘာမြေကို များ ထိမှန်ခဲ့မိရင် ကျွန်တော်တို့ရယ်လို့ ဖြစ်တည်လာစရာအကြောင်း ရှိတော့မှာ မဟုတ်ပါဘူး။

ကမ္ဘာမြေရယ်လို့ ပေါ်ပေါက်လာခဲ့ပြီးတဲ့နောက် နှစ်သန်းပေါင်း တထောင် ကျော်လောက် အဲဒီလို ဥက္ကာစိုင်တွေ၊ ဥက္ကာပျံတွေရဲ့ ထိမှန်ခြင်းကို တရစပ်ခံခဲ့ ရပါတယ်။ အဲဒီလို ဥက္ကာစိုင်တွေ ထိမှန်ပြီး အပူချိန်တွေ မြင့်တက်ခဲ့တဲ့နောက် အချိန်အတော်ကြာတော့မှ အပူချိန်တွေ ပြန်လည် ကျဆင်းသွားတဲ့အခါ အဲဒီလို ထိမှန်တဲ့ အပျက်အစီး၊ အပိုင်းအစတွေကနေတဆင့် ဂြိုဟ်ရံလရယ်လို့ ဖြစ်ပေါ်လာခဲ့ကြပါတယ်။ ကျွန်တော်တို့ အခု မြင်တွေ့နေရတဲ့ လမင်းကြီးဟာ အဲဒီ ဥက္ကာခဲတွေ၊ ဥက္ကာစိုင်တွေ ထိမှန်မှုကနေ ရရှိခဲ့တဲ့ လက်ဆောင်ပဲ ဖြစ်ပါ တယ်။ ဖြစ်တည်စတုန်းကဆိုရင် အခုလက်ရှိ အခြေအနေထက် အဆပေါင်း ထောင်နဲ့ချီပြီး လင်းလက်၊ တောက်ပနေခဲ့ပါတယ်။ အခုထက်လည်း အကွာ အဝေးအားဖြင့် ကမ္ဘာနဲ့ ပိုပြီး နီးကပ်ပါတယ်။ အဲဒီနောက်မှာတော့ ကမ္ဘာမြေ ပေါ်မှာ အပူချိန် ပြန်လည် ကျဆင်းလာပြီး ပင်လယ်ရေပြင် ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီတုန်းက ပင်လယ်ရေမျက်နှာပြင်ဟာ အခုလက်ရှိထက် အဆပေါင်း များစွာ မြင့်မားခဲ့ပါတယ်။ အချိန်ကာလအားဖြင့် များစွာ ကြာညောင်းပြီးတော့မှ ကမ္ဘာမြေနဲ့ ဒီရေတို့ အကြား ပွတ်တိုက်မှုကနေ ဂြိုဟ်ရံလကို ခပ်လှမ်းလှမ်းဆီ တွန်းထုတ်လိုက်သလို ဖြစ်သွားခဲ့တာပါ။

ကမ္ဘာမြေပေါ်က သက်ရှိတွေဟာ အဲဒီလို ဖြစ်တည်လာခဲ့တဲ့ ပင်လယ် ရေစပ်မှာ စတင် ပေါ်ပေါက် ခဲ့ကြပါတယ်။ အချိန်ကာလအားဖြင့်ဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၃.၈ ဘီလျံကလို့ဆိုနိုင်ပြီး စကြဝဠာ ပြက္ခဒိန်အရဆိုရင်တော့ စက်တင်ဘာ ၂၁ ရက်နေ့ဝန်းကျင်လောက်မှာ ဖြစ်ပါတယ်။ ဘယ်ကနေ ဘယ်လို စတင်ဖြစ်ပေါ်ခဲ့တယ်လို့တော့ အခုချိန်ထိ တပ်အပ် မပြောနိုင်ကြသေးပါဘူး။ ကျွန်တော်တို့ သိရှိသလောက် တော့ သက်ရှိတွေမှာ ပါဝင်တဲ့ ဒြပ်အစုအဝေး တွေဟာ နဂါးငွေ့တန်း ကြယ်တာရာ အစုအဝေးတွေရဲ့ အစိတ်အပိုင်းတွေက ဖြစ်တည် လာခဲ့ကြတယ်လို့ပါပဲ။ သက်ရှိတို့ရဲ့ မူလအစဟာ လောကဓာတ် သိပ္ပံပညာအနေနဲ့ မဖြေရှင်းရသေးတဲ့ ပဟေဠိပုစ္ဆာသဘောမှာပဲ ရှိနေသေး တယ်လို့ ဆိုရပါမယ်။

ယေဘုယျအားဖြင့်ဆိုရင်တော့ ပင်လယ်ရေထဲမှာပဲ ဇီဝဓါတု ဖြစ်စဉ်တွေ ပေါင်းစည်းပြီး ဖြစ်တည် လာခဲ့တယ်လို့ ယူဆထားကြပါတယ်။ နိုဝင်ဘာ ၉ ရက် နေ့မှာတော့ အဲဒီ သက်ရှိတွေဟာ လှုပ်ရှားသက်ဝင် နေကြပြီဖြစ်ပြီး ပတ်ဝန်းကျင်

ကို တုန့်ပြန်ပြုမူနေကြပြီ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော် တို့ရယ်လို့ သက်ရှိတွေ ဖြစ်တည်လာနိုင်ဖို့အတွက် အဏုဇီဝဖြစ်စဉ်တွေ အများကြီးအပေါ် မှီခိုခဲ့ကြရတာပါ။ လိင်ကွဲပြားမှုဟာ အဲဒီ အဏုဇီဝ သက်ရှိ လေးတွေရဲ့ ဖြစ်စဉ်တွေမှာ စတင်ခဲ့ကြပါတယ်။

စကြဝဠာ ပြက္ခဒိန်အရ ဒီဇင်ဘာ ၁၇ ရက်နေ့ဟာ အင်မတန် ထူးခြားတဲ့ နေ့ရက်ပဲ ဖြစ်ပါတယ်။ ပင်လယ်ရေပြင်ထဲမှာ စတင် ဖြစ်တည်လာခဲ့ကြတဲ့ သက်ရှိတွေဟာ အဲဒီနေ့မှာပဲ ကုန်းမြေပေါ်ကို စတင် တက်ရောက်ခဲ့ကြပါတယ်။

တစ်တဲလစ်ခ်[18]ဆိုတဲ့ သတ္တဝါဟာ ကုန်းမြေပေါ်ကို စတင် တက်ရောက်ခဲ့တဲ့ မျိုးစိတ် ဖြစ်ပါတယ်။ သူ့အတွက်ဆိုရင် ကုန်းမြေဆိုတာဟာ သူ တကြိမ်တခါမှ မရောက်ဖူးခဲ့တဲ့ တခြားသော ဂြိုဟ်ကမ္ဘာလို့တောင် ထင်နိုင်စရာ ရှိပါတယ်။ ဒီဇင်ဘာ နောက်ဆုံး သီတင်းပတ်မှာတော့ ကမ္ဘာမြေပေါ်မှာ သစ်တောတွေ၊ ဒိုင်နိုဆောတွေ၊ ငှက်တွေ၊ အင်းဆက်တွေ စတဲ့ အမျိုးအစား စုံလင်လှတဲ့ အပင်နဲ့ သတ္တဝါမျိုးစိတ်တွေ ဖြစ်တည်နေခဲ့ပါပြီ။ ကမ္ဘာမြေရဲ့ ပထမဦးဆုံး ပန်းပွင့်ဟာ ဒီဇင်ဘာ ၂၈ ရက်နေ့မှာ ပွင့်လန်းခဲ့ပါတယ်။

၂၀၀၄ ခုနှစ်၊ ကနေဒါနိုင်ငံ၊ နူနာဗက်ဒေသ[19] ရှိ အဲ့လ်စ်မေယာကျွန်း[20] တွင် ခါနာတကဗေဒပညာရှင် နေးလ် ရှူဘင်[21] နှင့် အက်ဒွပ် ဒက်ရှ်လာ[22] တို့ တွေ့ရှိခဲ့သော တစ်တဲလစ်ခ်သတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းနှင့် မူရင်းပုံပန်းသဏ္ဌာန် (လွန်ခဲ့သော နှစ်ပေါင်း ၃၆၅ သန်းဝန်းကျင်ဟု စစ်ဆေးတွေ့ရှိရပြီး တစ်တဲလစ်ခ်မှာ

အကြေးခွံနှင့် ပါးဟက်များ ပါဝင်၍ ငါးသတ္တဝါဟု ဆိုနိုင်သော်လည်း မိကျောင်းကဲ့သို့ ဦးခေါင်းပြားလျက် ဆူးတောင်များ၏ အရိုးဖွဲ့စည်းပုံမှာလည်း ထူးခြားကာ ကုန်းနေရေနေသတ္တဝါများနည်းတူ ရေတိမ်ပိုင်းတွင် သွားလာလှုပ်ရှားနိုင်စွမ်းရှိသော ကြောင့် ငါးနှင့် ကုန်းနေရေနေသတ္တဝါတို့အကြား ကွင်းဆက်မျိုးစိတ်အဖြစ် ခါနာတကဗေဒ ပညာရှင်များက အတည်ပြုခဲ့ကြသည်)

လွန်ခဲ့တဲ့ နှစ်သန်းပေါင်း များစွာက ပေါက်ရောက်ခဲ့တဲ့ သစ်တောကြီးတွေ အိုမင်း၊ သေဆုံးခဲ့ပြီး ကမ္ဘာ့မြေဆီလွှာထဲကို တိုးဝင်ခဲ့တဲ့နောက် အပူနဲ့ ဖိအားဒဏ် တွေကြောင့် ကျောက်မီးသွေးအဖြစ်ကို ပြောင်းလဲ သွားခဲ့ကြပါတယ်။ နှစ်သန်း ပေါင်း ၃၀၀ ဝန်းကျင် ကုန်လွန်သွားပြီးနောက်မှာတော့ ကျွန်တော်တို့ လူသားတွေ ဟာ အဲဒီကျောက်မီးသွေးတွေကို လောင်စာအဖြစ် သုံးစွဲကြပြီး ယဉ်ကျေးမှု လူ့အဖွဲ့အစည်းရဲ့ တိုးတက်၊ ဖွံ့ဖြိုးမှုအတွက် အသုံးချခဲ့ကြပါ တယ်။

အဲဒီနောက်မှာတော့ ကမ္ဘာမြေရယ်လို့ ပေါ်ထွန်းစမှာတုန်းက ထိမှန် လုနီးပါးဖြစ်ပြီး လွဲချော်သွားခဲ့တဲ့ ဧရာမ ဥက္ကာခဲကြီးဟာ ကမ္ဘာမြေကို ဝင်တိုက် ခဲ့ ပါတယ်။ စကြဝဠာ ပြက္ခဒိန်အရဆိုရင် ဒီဇင်ဘာ ၃၀ ရက်နေ့၊ မနက် ၆ နာရီ ၂၄ မိနစ်လောက်မှာ ဖြစ်ပွားခဲ့တာပါ။ အဲဒီအချိန်တုန်းကဆိုရင် ဒိုင်နိုဆောတွေ ကမ္ဘာ မြေကို ကြီးစိုးထားခဲ့တာ နှစ်သန်းပေါင်း ၁၀၀ နီးပါး ရှိခဲ့ပါပြီ။ ကျွန်တော် တို့ လူသားတွေရဲ့ ဘိုးဘေးမျိုးစိတ်တွေ ဖြစ်ကြတဲ့ နို့တိုက်သတ္တဝါတွေကတော့ အရွယ်အစားအားဖြင့် ခပ်သေးသေး ရှိကြမှာဖြစ်ပြီး ဒိုင်နိုဆောတွေရဲ့ ခြေရင်း မှာ ထိတ်လန့်တကြားနဲ့ ပြားပြားဝပ်နေခဲ့ကြရဟန် တူပါတယ်။ အဲဒီအချိန်မှာပဲ ကမ္ဘာ မြေကို ဝင်ရောက် ထိမှန်ခဲ့တဲ့ ဥက္ကာခဲကြီးဟာ အခြေအနေတွေ အားလုံးကို ပြောင်းလဲပစ်လိုက်ပါတော့တယ်။ တကယ်လို့များ အဲဒီဥက္ကာခဲ ကြီးသာ ကမ္ဘာ မြေကို ဝင်ရောက် ထိမှန်ခဲ့ခြင်း မရှိဘူးဆိုရင် အခုချိန်ထိ ဒိုင်နို ဆောသတ္တဝါကြီး တွေ ရှင်သန်နေကြဦးမှာဖြစ်ပြီး ကျွန်တော်တို့ လူသားတွေ ရယ်လို့လည်း ဖြစ် တည်လာဖို့ သိပ်မသေချာပါဘူး။

ဒီအကြောင်းအရာဟာ ဖြစ်တည်မှုနဲ့ ပတ်သက်ပြီး အကောင်းဆုံး ဥပမာလို့ ဆိုနိုင်ပါတယ်။ အနာဂတ်ဆိုတာဟာ ဘာမှ ရေရာ သေချာခြင်း မရှိလှပါဘူး။ အဲဒီ အချိန်မှာဆိုရင် စကြဝဠာရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၁၃.၅ ဘီလျံ ရှိခဲ့ပြီဖြစ်ပြီး

အဲဒါတောင်မှ ကျွန်တော်တို့ လူသားတွေရဲ့ အရိပ် အယောင်ကို လုံးဝ မမြင်၊ မတွေ့ရသေးပါဘူး။ ကျွန်တော်တို့ လူသားတွေဟာ အဆုံးမဲ့ ရှည်လျားလှတဲ့ စကြဝဠာရဲ့ အချိန်ဇယားထဲမှာ ပြက္ခဒိန်အရ နောက် ဆုံး နေ့ရက်၊ နောက်ဆုံး နာရီကျမှ စတင် ပေါ်ပေါက်လာခဲ့တာပါ။ အတိအကျဆိုရရင် ည ၁၁ နာရီ၊ ၅၉ မိနစ်နဲ့ ၄၆ စက္ကန့်လို့ပဲ ဖြစ်ပါတယ်။

သမိုင်းတလျှောက် မှတ်တမ်းတင်နိုင်ခဲ့သမျှ ဖြစ်စဉ်တွေ အားလုံးဟာ အဲဒီ နောက်ဆုံးသော ၁၄ စက္ကန့်ဆိုတဲ့ ကာလအပိုင်းအခြားအတွင်းမှာ ဖြစ်ပွား ခဲ့တာပါ။ စာဖတ်သူ ကြားဖူးသမျှသော လူပုဂ္ဂိုလ်တွေ အားလုံး အဲဒီကာလ အတွင်းမှာ ပေါ်ပေါက်ခဲ့ကြတာ ဖြစ်ပါတယ်။ ရာဇဝင်သမိုင်းထဲက ရှင်ဘုရင် တွေ၊ မင်းဧကရာဇ်တွေ၊ နာမည်ကျော် စစ်ပွဲကြီးတွေ၊ ရွှေ့ပြောင်း အခြေချမှုကြီး တွေ၊ ဆန်းသစ် တီထွင်မှုကြီးတွေ၊ ချစ်ခြင်းနဲ့ မုန်းခြင်းတွေ အလုံးစုံတို့ဟာ စကြဝဠာ ပြက္ခဒိန်ရဲ့ နောက်ဆုံးသော စက္ကန့်ပိုင်း အချိန်လေး အတွင်းမှာ ဖြစ် ပွားခဲ့ကြပါတယ်။

စကြဝဠာ၊ ကမ္ဘာလောကကို ကျွန်တော်တို့ လူသားတွေ ရောက်ရှိလာခဲ့ကြတာ သိပ်မကြာသေးပါဘူး။ ကျွန်တော်တို့ရဲ့ ဘဝဇာတ်ကြောင်းဟာ စကြဝဠာ ပြက္ခဒိန်ရဲ့ အရင်ညကမှ စတင်ခဲ့တာ ဖြစ်ပါတယ်။ တိတိကျကျဆိုရရင် နှစ်သစ်ကူး အကြိုညရဲ့ ၉ နာရီ ၄၅ မိနစ် ဝန်းကျင်လောက်မှ စတင်ခဲ့တာပါ။ ပကတိ အချိန်ကာလအားဖြင့် ကျွန်တော်တို့ရဲ့ ဘိုးဘွားမျိုးစိတ်တွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃.၅ သန်းဝန်းကျင်မှာ ဆင့်ကဲပြောင်းလဲခဲ့ကြောင်း အထောက်အထားတွေ တွေ့ရှိခဲ့ရပါတယ်။ သူတို့ဟာ ခြေထောက် နှစ်ချောင်း ပေါ်မှာ မတ်တပ်ရပ် လမ်းလျှောက်ခဲ့ကြတယ်။ ကိုယ့်လမ်းကိုယ် လျှောက်နိုင်ခဲ့တဲ့နောက် ကိုယ်လမ်းကိုယ် လည်း ဖောက်နိုင်ခဲ့ကြပါတယ်။ မတ်တပ်ရပ် လျှောက်လှမ်းနိုင်ခဲ့တဲ့နောက် သူတို့ရဲ့ မျက်လုံးတွေဟာ မြေကြီးကိုပဲ စိုက်ကြည့် နေဖို့ မလိုတော့ပါဘူး။ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း စူးစမ်း၊ လေ့လာနိုင်ခွင့် ရလာခဲ့သလို ကောင်းကင်ယံကို မော့ကြည့်ပြီးတော့လည်း ဆင်ခြင်တွေးတော နိုင်စွမ်း ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

လူသားတွေရယ်လို့ ပေါ်ထွက်လာခဲ့တာဟာ လွန်ရောက္ခုံရောမှ မျိုးဆက်ပေါင်း ၄၀,၀၀၀ ဝန်းကျင် လောက်ပဲ ရှိဦးမှာပါ။ လူသားမျိုးနွယ်တွေဟာ အုပ်စု

အဖွဲ့ငယ်လေးတွေအဖြစ် စုပေါင်း၊ နေထိုင်ခဲ့ကြပြီး အမဲလိုက်သူတွေ သစ်သီး သစ်ဖု စုဆောင်းသူတွေအဖြစ် ခြေသလုံးအိမ်တိုင် လှည့်လည် နေထိုင် ခဲ့ကြရပါတယ်။ သူတို့ဟာ နေ့စဉ်လုပ်ငန်းဆောင်တာတွေ ပိုမို ထိရောက်၊ အဆင်ပြေဖို့အတွက် လက်နက် ကိရိယာတွေကို တီထွင်ဖန်တီးနိုင်ခဲ့ကြတယ်၊ မီးကို ထိန်းချုပ်အသုံးပြုနိုင်ခဲ့ကြတယ်၊ အရာဝတ္ထုတွေကို အမည်မှည့်ခေါ်ခဲ့ကြ ပါတယ်။ အဲဒီအခြင်းအရာတွေ အားလုံးဟာ စကြဝဠာ ပြက္ခဒိန်ရဲ့ နောက်ဆုံး သော နာရီပိုင်းအတွင်း ဖြစ်ပွားခဲ့ကြတာပါ။

ကျွန်တော်တို့ရဲ့ သက်တမ်းဟာ ဘယ်လောက်များ နုနယ်သေးလဲဆိုရင် စကြဝဠာ ပြက္ခဒိန်ရဲ့ နောက်ဆုံးသော စက္ကန့် ၆၀ အချိန်အတောအတွင်းအထိ ပထမဦးဆုံးသော ပန်းချီကားကို ရေးဆွဲနိုင်ခဲ့ခြင်း မရှိသေးပါဘူး။ အချိန် ကာလအရဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀,၀၀၀ ဝန်းကျင်လောက်အထိ ဆိုပါ တော့။ အဲဒီအချိန်ကာလဝန်းကျင်မှာ နက္ခတ္တဗေဒကို ရှာဖွေ၊ တွေ့ ရှိခဲ့ကြပါ တယ်။ ကျွန်တော်တို့ဟာ အဲဒီ နက္ခတ္တဗေဒ ပညာရှင်တွေရဲ့ မျိုးရိုးကနေ ပေါက်ဖွား၊ ဆင်းသက်လာခဲ့ကြတယ်လို့တော့ ဆိုနိုင်ပါတယ်။ ကောင်းကင်က နက္ခတ်တာရာတွေနဲ့ မြေပြင်ပေါ်က လူသားတွေရဲ့ ရှင်သန်မှုတွေနဲ့ ဆက်နွှယ် နေခဲ့ကြတယ် ဆိုတာတော့ အမှန်ပါပဲ။ ကောင်းကင်က ကြယ်တာရာတွေရဲ့ အရောင်လဲ့လဲ့ကို မှန်းမျှော်ကြည့်ရင်း ဆောင်းဝင်တော့မှာလား၊ ဒါမှမဟုတ် မိမိတို့ အမဲလိုက်နေတဲ့ သားကောင်အုပ်စုကြီးတွေ နေရာပြောင်းကြ တော့မှာလားဆိုပြီး တွက်ဆရတာမျိုးကို ဆိုလိုပါတယ်။

အင်ဒိုနီးရှားနိုင်ငံ၊ ဘော်နီယိုကျွန်းရှိ ရူဘန် ဂျာရီဂျီ ဆယ်လာလိုဏ်ဂူ [23] အတွင်း တွေ့ရှိရသော ရှေးအကျဆုံး နံရံဆေးပန်းချီ

အဲဒီနောက် အမဲလိုက်ပြီး စားသောက်ခဲ့ရတဲ့ အသားငါးတွေကို ပုံမှန်ရရှိ နိုင်ဖို့ ယဉ်ပါးအောင် မွေးမြူရေး အသွင်ပြောင်းလဲနိုင်ခဲ့ကြတာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀,၀၀၀ ဝန်းကျင်လောက်မှာမှ စတင်ခဲ့တာပါ။ တိရစ္ဆာန် ရိုင်းတွေကို တင်မက အလေ့ကျ ပေါက်ရောက်တဲ့ တောရိုင်းအပင်တွေကိုပါ ယဉ်ပါးအောင် စိုက်ပျိုးရေး အသွင်ပြောင်းနိုင်ခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ မိမိတို့ရဲ့ စိုက်ပျိုးပင်တွေနဲ့ သီးနှံတွေကို စောင့်ရှောက်နိုင်ဖို့၊ သိမ်းဆည်းနိုင်ဖို့ အခြေ တကျနေထိုင်တဲ့ လူမှု ဘဝပုံစံတွေ အစပြုလာခဲ့ကြပါတယ်။ အဲဒီနောက်မှာ ပတ်ဝန်းကျင် သဘာဝ လောကကိုလည်း မိမိတို့ အလိုရှိသလို မွမ်းမံပြောင်းလဲခဲ့ ကြပြီး စိတ်တိုင်းကျ စီမံ လာခဲ့ကြပါတော့တယ်။

အဲဒီအချိန်ကာလမှာပဲ ကျွန်တော်တို့ လူသားတွေဟာ တပိုင်တနိုင် သယ်ယူ သွားနိုင်တဲ့ အစားအစာနဲ့ အဝတ်အထည် ပမာဏထက် ပိုမိုတဲ့ ပိုင်ဆိုင်မှုမျိုးတွေကို သမိုင်းတလျှောက် ပထမဆုံးအကြိမ် ပိုင်ဆိုင်ခွင့်ရရှိခဲ့ကြ ဟန်တူပါတယ်။ အဲဒီတော့ မိမိတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ရေတွက်၊ မှတ်သားနိုင်ဖို့ အတွက် နည်းလမ်း ရှာဖွေကြရပါတယ်။ အဲဒီလိုမျိုး ကောက်ပဲသီးနှံတွေ၊ အမဲသားငါးတွေ၊ လက်နက်

ကိရိယာတွေကို ရေတွက်မှတ်သားတဲ့ နည်းစနစ် တွေကနေပဲ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆,၀၀၀ ဝန်းကျင်ခန့်၊ စကြဝဠာ ပြက္ခဒိန်နဲ့ သန်းခေါင်ယံ မတိုင်မီ ၁၄ စက္ကန့်အလိုမှာ စာရေးနည်းစနစ်ကို တီထွင်နိုင်ခဲ့ကြ ပါတယ်။

စာရေးသားခြင်းဆိုတဲ့ အတတ်ပညာကြောင့်ပဲ ကျွန်တော်တို့ လူသား တွေရဲ့ အတွေးအမြင်တွေကို သိုမှီးထားနိုင်လာသလို လက်ဆင့်ကမ်းရာမှာ လည်း အချိန်ကာလနဲ့ နယ်မြေအကွာအဝေး စတဲ့ အတားအဆီးတွေကို အတော်အတန် ကျော်လွန်လာနိုင်ခဲ့ကြပါတယ်။ အဲဒီထက် ပိုပြီး ညွှန်းဆိုရရင် သဘာဝလောကနိယာမတွေကိုတောင် ပခုံးချင်း ယှဉ်လာနိုင်ခဲ့တယ်လို့ ဆိုရပါ မယ်။ ဘာလို့လဲဆိုတော့ ရွှံ့ပြား မျက်နှာပြင်ငယ်လေးမှာ တုတ်ချောင်းနဲ့ ရေးခြစ်ထားတဲ့ အမှတ်အသားတွေဟာ ကျွန်တော်တို့ လူသားတွေအဖို့ သေခြင်းတရားကို အောင်နိုင်တဲ့နည်းလမ်းဖြစ်လာခဲ့လို့ပါပဲ။ အဲဒီကနေ စာပေရေးသားမှု ပေါ်ထွန်းလာတဲ့အခါ လူ့သက်တမ်းကို ကျော်လွန်ပြီး သတင်း၊ အချက်အလက်တွေကို မျိုးဆက်ပေါင်း မြောက်မြားစွာဆီ လက်ဆင့်ကမ်းနိုင် စေခဲ့တယ် မဟုတ်ပါလား။ အရင်တုန်းကဆိုရင် လူသားတဦးရဲ့ အမွေဆက်ခံ ရရှိတဲ့ သတင်း၊ အချက်အလက်တွေဟာ မိမိရဲ့ ဘိုးဘွားမိဘတွေကနေ တဆင့်စကားနဲ့ ကြားသိခွင့်ရခဲ့တာတွေ လောက်နဲ့ပဲ ကန့်သတ်ခံထားခဲ့ရပြီး စာပေရေးသားခြင်း ပေါ်ထွန်းလာပြီးနောက်မှာတော့ သမိုင်းရဲ့ မှတ်တမ်းတွေကို လက်လှမ်းမီသွားခဲ့ပြီ ဖြစ်ပါတယ်။

လူသားတို့၏ ပထမဦးဆုံး စာရေးစနစ် (မက်ဆိုပိုတေးမီးယား တောင်ပိုင်းတွင် တူးဖော်ရရှိခဲ့ပြီး ခေတ်ကာလ အားဖြင့် ဘီစီ ၂၃၇၀ ဝန်းကျင်ဟု ခန့်မှန်းရ)

စကြဝဠာပြက္ခဒိန်ရဲ့ နောက်ဆုံး စက္ကန့်ပိုင်းလေးတွေအတွင်း လူသိများလှတဲ့ ဘာသာရေးခေါင်းဆောင် တွေလည်း ပေါ်ထွန်းခဲ့ကြပါတယ်။ တမန်တော် မိုးဇက် ဟာ လွန်ခဲ့တဲ့ ၇ စက္ကန့်မှာ ပေါ်ထွက်ခဲ့ပါတယ်။ ဂေါတမဗုဒ္ဓဟာ လွန်ခဲ့တဲ့ ၆ စက္ကန့်မှာ ပေါ်ထွက်ခဲ့ပါတယ်။ ယေရှုခရစ်တော်ကတော့ လွန်ခဲ့တဲ့ ၅ စက္ကန့် မှာ ပေါ်ထွက်ခဲ့ပြီး တမန်တော် မိုဟာမက်ကတော့ လွန်ခဲ့တဲ့ ၃ စက္ကန့်အတွင်းမှာ အသီးသီး ပေါ်ထွက်ခဲ့ကြ ပါတယ်။ အမေရိကဆိုတဲ့ ကမ္ဘာသစ်ကို လွန်ခဲ့တဲ့ ၂ စက္ကန့်အတွင်းမှာ ရှာဖွေ၊ တွေ့ ရှိခဲ့ကြပြီး နောက်ဆုံးသော စက္ကန့်ပိုင်း ဆိုတဲ့ အချိန် တိုအတွင်း သဘာဝတရားရဲ့ ဆန်းကြယ်မှု နိယာမတွေကို ဖော်ထုတ်နိုင် ဖို့ လောကဓာတ်သိပ္ပံပညာကို လူသားတွေ စတင် အသုံးပြုခဲ့ကြပါတယ်။ အဲဒီ လောကဓာတ်သိပ္ပံပညာရဲ့ တန်ခိုးစွမ်းအားနဲ့ပဲ လွန်ခဲ့တဲ့ ရာစုနှစ် ၄ စု အလွန် က ဂယ်လီလီယိုတယောက် တယ်လီစကုပ်ကနေ ချောင်းမြောင်းကြည့်ရှုခဲ့ရတဲ့ လ ကမ္ဘာပေါ်ကို လူသားတွေ ခြေချနိုင်ခဲ့ကြပါတယ်။ အဲဒီလောကဓာတ်သိပ္ပံ ပညာရပ် တွေကြောင့်ပဲ အာကာသနဲ့ စကြဝဠာကို စူးစမ်းနိုင်ဖို့ အခွင့်အလမ်း တွေ ရရှိလာခဲ့ ပြီး ကျွန်တော်တို့ လူသားတွေဟာ အဲဒီ စကြဝဠာရဲ့ ဘယ်ဒေသ၊ ဘယ်ကာလကို ရောက်ရှိနေကြတယ်ဆိုတဲ့ နက်နဲလှတဲ့ အမေးပုစ္ဆာတွေကို ဆဝါးလာနိုင်ခဲ့ပြီ ဖြစ် ပါတယ်။

လွန်ခဲ့တဲ့ မျိုးဆက်တဆက်ဝန်းကျင် အချိန်ကာလဟာ အာကာသ၊ စကြဝဠာကို လေ့လာနိုင်ဖို့အတွက် များပြားစွာသော အာကာသယာဉ်တွေ လွှင့်တင်ခဲ့ကြတဲ့ အချိန်ဖြစ်ပြီး အာကာသရွှေခေတ် လို့တောင် တင်စားခေါ်ဝေါ် ခဲ့ ကြပါတယ်။ အဲဒီလို စူးစမ်းလေ့လာရေးယာဉ်စီမံကိန်းတွေမှာ ဦးစီးဦးဆောင် အဖြစ် နာမည်ကျော်ခဲ့သူကတော့ ကော်နဲလ်တက္ကသိုလ်[24]ရဲ့ ရူပဗေဒပညာရှင် ကားလ်ဆေဂင် ဖြစ်ပါတယ်။ ၂၀ ရာစုရဲ့ နာမည်အကျော်ကြားဆုံးနဲ့ အအောင်မြင် ဆုံး ပညာရှင်တဦးဖြစ်သူ ကားလ်ဟာ ကျွန်တော်တို့ ကမ္ဘာသူ ကမ္ဘာသား တွေရဲ့

အသိဉာဏ်ပညာဆိုင်ရာ တိုးတက်မှုတွေအတွက် သက်ရောက်မှု များစွာ ဖြစ်စေခဲ့သူလို့ ဆိုနိုင်ပါတယ်။

စေတန်ဂြိုဟ်ရဲ့ တိုင်တန်[25]ဆိုတဲ့ ဂြိုဟ်ရံလပေါ်မှာ မီသိန်းဓာတ်တွေ အရည်အဖြစ်၊ ကန်ကြီးတွေ အမြောက်အမြားနဲ့ တည်ရှိနေတယ်လို့ မှန်ကန် စွာပဲ ဟောကိန်းထုတ်နိုင်ခဲ့သလို ကမ္ဘာမြေရဲ့ ကနဦး၊ အစောပိုင်း ကာလတွေ အတွင်း လေထုထဲမှာ ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ အမြောက်အမြား ပါဝင် လိမ့်မယ်လို့လည်း အတိအကျ ခန့်မှန်းနိုင်ခဲ့သူပါ။ မားစ်ဂြိုဟ်ပေါ်က ဖုန်မုန်တိုင်းတွေကြောင့် ရာသီဥတု ပြောင်းလဲမှုဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း ပထမဆုံး အတပ်ပြောနိုင်ခဲ့သူ ဖြစ်ပါတယ်။ ကားလ်ဟာ ကမ္ဘာ့အပြင်ဘက်က သက်ရှိတွေ စူးစမ်းရှာဖွေမှုမှာ အစောဆုံးပါဝင်ခဲ့သူဖြစ်ပြီး အာကာသသိပ္ပံ ခေတ်ရဲ့ ပထမဆုံး နှစ် ၄၀ အတွင်း နေအဖွဲ့ အစည်းကို စူးစမ်းလေ့လာရေး၊ ဂြိုဟ်တုနဲ့ အာကာသလွန်းပျံယာဉ် စီမံကိန်းတွေမှာ ကြီးကြပ်ခဲ့သူလည်း ဖြစ်ပါ တယ်။

အဲဒီလို ကမ္ဘာကျော် ပညာရှင်တဦးဟာ သူ့ရဲ့ ၁၉၇၅ ခုနှစ် ဒိုင်ယာရီမှာ ရက်စွဲတခုအတွက် အမှတ်အသားပြုထားခဲ့ပါတယ်။ သူ့ရဲ့ နာဆာစီမံကိန်းတွေ၊ ရှုပဗေဒ ပို့ချမှုတွေ၊ ရုပ်သံတင်ဆက်မှုတွေကနေ လေးစားအားကျနေသူ ပရိသတ် တဦးနဲ့ တွေ့ ဆုံဖို့ပါ။ အဲဒီပရိသတ်ဟာ နယူးယောက်မြို့၊ ဘရွန်ဇ် အရပ်က အသက် ၁၇ နှစ်အရွယ် လူငယ်တဦးဖြစ်ပြီး သိပ္ပံပညာရှင်တဦးဖြစ်ဖို့ စိတ်ကူး အိပ်မက်နေခဲ့သူ ဆိုပါတော့။ ကားလ်ဟာ မအားလပ်အောင် အလုပ် များလှတဲ့ ကြားကပဲ သူ့ရဲ့ ပရိသတ်လူငယ်အတွက် စနေနေ့ တရက် အချိန်ပေးခဲ့ပြီး ကော်နဲလ်တက္ကသိုလ် တည်ရှိရာ နယူးယောက်ပြည်နယ်၊ အစ်သီကာ[26] မြို့ဆီ လာရောက် လည်ပတ်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

အဲဒီနေ့က နှင်းတွေလည်း တဖွဲဖွဲ ကျဆင်းလို့ နေပါတယ်။ ကားလ်ဟာ သူ့ရဲ့ ပရိသတ်လူငယ်ကို ဘတ်စ်ကားမှတ်တိုင်မှာ ကိုယ်တိုင် လာရောက်ကြိုဆို ခဲ့ပြီး နာမည်ကျော် ကော်နဲလ်တက္ကသိုလ်ရဲ့ ရှုပဗေဒ လက်တွေ့ စမ်းသပ်ခန်း တွေဆီ လိုက်လံပြသခဲ့ပါတယ်။ အဲဒီနောက် သူ့ရဲ့ စာအုပ်စင်ကနေ စာအုပ် တအုပ် ဆွဲယူ လိုက်ပြီး အဲဒီလူငယ်ကို အမှတ်တရလက်ဆောင် ပေးလိုက်ပါ တယ်။ စာအုပ်ရဲ့

ရေ့ဆုံး စာမျက်နှာမှာ ရေးထိုးလိုက်တဲ့ သူ့ရဲ့ လက်မှတ်အပေါ် မှာတော့ အနာဂတ် သိပ္ပံပညာရှင်လေး နေးလ်သို့ ဆိုတဲ့ စာကြောင်းလေးနဲ့ပါ။

အဲဒီလို လည်ပတ်ကြည့်ရှုအပြီးမှာ ကားလ် က လူငယ်ပရိသတ်ဖြစ်သူ နေးလ်ကို ဘတ်စ်ကား မှတ်တိုင်ဆီ ပြန်လည် ပို့ဆောင်ပေးပါတယ်။ အဲဒီအချိန် အတွင်းမှာပဲ နှင်းတွေ တဖွဲဖွဲ ထပ်မံ ကျဆင်းလာပြန်ပါတယ်။ အဲဒီနောက် ကားလ် ဟာ စာရွက်ပိုင်းတခုပေါ်မှာ သူ့ရဲ့ နေအိမ်ဖုန်းနံပါတ်ကို ချရေးလိုက်ပြီး "ချာတိတ်၊ ဘတ်စ်ကားတွေ မထွက်နိုင်ခဲ့ရင် ငါ့ဆီကို ဖုန်းဆက်လိုက်ပါ။ ငါတို့အိမ်မှာ မိသားစု နဲ့အတူ တညတလေ နေသွားလို့ ရပါတယ်”ဆိုပြီး မှာလိုက်ပါတယ်။ နေးလ်ဟာ လူမှန်းသိတတ်စ အရွယ်တည်းက သိပ္ပံပညာရှင် တဦး ဖြစ်ချင်ခဲ့သူပါ။ ဒါပေမယ့် အဲဒီစကားကို ကြားလိုက်ရတဲ့ အဲဒီနေ့ညနေ မှာတော့ သူ့အနေနဲ့ ဘယ်လို လူစား မျိုး ဖြစ်ချင်ခဲ့တယ်ဆိုတာကိုပါ နားလည်၊ သဘောပေါက်သွားခဲ့ပါတယ်။ ကားလ် ဆေဂင် လို ပညာပြည့်ဝရုံတင်မက နှလုံး သားလှပသူမျိုး ဆိုပါတော့။

အဲဒီလို လူငယ်ပရိသတ်ဖြစ်သူ နေးလ်ဟာ နောင်အခါမှာ ဟားဗတ် တက္ကသိုလ်[27] ဆင်း နက္ခတ္တရူပဗေဒ ပညာရှင် နေးလ် ဒီဂရက်စ် တိုင်ဆင်[28] ရယ်လို့ နာမည်ကျော်လာခဲ့သူပါပဲ။ ဟေဒန် နက္ခတ္တဗေဒပြတိုက်[29] ရဲ့ ဒါရိုက်တာဖြစ်ခဲ့ ရုံတင်မက လောကဓာတ်သိပ္ပံ စီမံကိန်းပေါင်း မြောက်မြားစွာမှာ တာဝန်ယူခဲ့ရသူ လည်း ဖြစ်ပါတယ်။ ကားလ်ဆေဂင် ရဲ့ ဉာဏ်ပညာနဲ့ လူသားထု အပေါ်ထားရှိတဲ့ မေတ္တာတရားဟာ နေးလ် အပါအဝင် အလားတူ လူငယ်ပေါင်း မြောက်မြားစွာကို တို့ထိခဲ့ဟန်တူပါတယ်။ လောကဓာတ်သိပ္ပံပညာ ဆိုတာဟာ မျိုးဆက်ပေါင်းများ စွာ အတူတကွ ပူးပေါင်း လေ့လာ၊ ဆောင်ရွက်ရတဲ့ လုပ်ငန်းပါ။ ဆရာဖြစ်သူကနေ တပည့်ဖြစ်သူဆီ လက်ဆင့်ကမ်း၊ သူကနေ သူ့တပည့်ကို ထပ်မံ လက်ဆင့်ကမ်းနဲ့ သယ်ဆောင်ရတဲ့ အိုလံပစ်မီးရှူးတိုင်လိုပါပဲ။ လူ့သမိုင်းအစကနေ ဟိုးအနာဂတ်ဆီ စိတ်ကူးပုံဖော်ကြသူတ ွေလို့လည်း ဆိုနိုင်ပါ လိမ့်မယ်။

အပိုင်း (၂)

မော်လီကျူးတို့ ကမ္ဘာ

အခုပြောမယ့် အကြောင်းအရာကတော့ လူသားတွေနဲ့ သူတို့ မွေးမြူထားတဲ့ ခွေးလေးတွေ အကြောင်း ပါပဲ။ အဲဒီအိမ်မွေးခွေးလေးတွေနဲ့ ကျွန်တော်တို့ လူသား တွေ အတူတကွ ယှဉ်တွဲ နေထိုင်လာခဲ့ကြတာ အချိန်ကာလအားဖြင့် သိပ်မကြာ လှသေးပါဘူး။ ဟိုးအတိတ်တုန်းကဆိုရင် ကျွန်တော်တို့ လူသား တွေရဲ့ ဘဝမှာ အဲဒီ အိမ်မွေးခွေးလေးတွေ ဆိုတာ ရှိကို မရှိခဲ့တာပါ။ အခု အချိန်မှာတော့ အရွယ်အစား အကြီးအသေး၊ ပုံစံမျိုးစုံနဲ့ အိမ်စောင့်ဖို့၊ အမဲ လိုက်ဖို့ စတဲ့ အထူး လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နိုင်တဲ့ အိမ်မွေးခွေးတွေ ကိုတောင် ရရှိနိုင်ကြ ပါပြီ။ တကယ်တော့ အဲဒီခွေးလေးတွေတင် မဟုတ်ပါဘူး။ ကျန်တဲ့ သက်ရှိသတ္တဝါ တွေ များစွာတို့ကရော ဘယ်လိုများ စတင် ပေါ်ပေါက် လာခဲ့ကြတာပါလိမ့်။ အရိုး ရှင်းဆုံးဖြေဆိုရရင်တော့ ဆင့်ကဲဖြစ်စဉ်ကနေ ပေါ်ထွက်လာခဲ့ကြတယ်လို့ပဲ ဖြစ်ပါ တယ်။

အိမ်မွေးခွေးလေးတွေရယ်လို့ မပေါ်ပေါက်သေးတဲ့ လွန်ခဲ့တဲ့ နှစ် ပေါင်း၃၀,၀၀၀ ဝန်းကျင်ကို ပြန်သွားကြည့်ရအောင်ပါ။ အဲဒီ ခေတ်ကာလတုန်း က ဆိုရင် လူသားတွေဟာ အဆုံးမရှိ၊ ရှည်လျားလှတဲ့ ရေခဲခေတ်ကြီးထဲမှာ ရှင်သန် ရပ်တည်နိုင်ဖို့ ရုန်းကန်နေခဲ့ကြရပါတယ်။ သူတို့ဟာ အုပ်စုအဖွဲ့ငယ် လေးတွေ အဖြစ် စုရုံးနေထိုင်ကြပြီး နေ့အခါမှာ အမဲလိုက်၊ သစ်သီးခူးရင်း အစားအစာ ရှာဖွေ ခဲ့ကြသလို ညအခါမှာ ကြယ်တာရာတွေအောက် အိပ်စက်၊ အနားယူခဲ့ကြပါတယ်။ သူတို့အတွက်တော့ နေအိမ် ဆိုတာဟာ မဟာပထဝီ၊ ကမ္ဘာမြေကြီးဖြစ်ပြီး မျက်နှာ ကျက်အမိုးကတော့ ကောင်းကင်ကြီးပဲ ဖြစ်ပါလိမ့် မယ်။ အဲဒီ ကျယ်ပြောလှတဲ့ ကောင်းကင်ပြင်ဟာ သူတို့အတွက် ပြောမကုန်နိုင်တဲ့ ပုံဝတ္ထုတွေအတွက် စေ့ဆော်မှု ပေးခဲ့သလို အချိန်ကာလတွေကို ပြောပြနေတဲ့ ပြက္ခဒိန်နဲ့ ရှင်သန်

ရပ်တည်ရေးလမ်းညွှန်လည်း ဖြစ်လို့ နေခဲ့ပါတယ်။ ကောက်ပဲသီးနှံတွေ ဘယ်အချိန်မှာ ရင့်မှည့်တော့မယ်၊ သူတို့ အမဲလိုက်နေကျ တောရိုင်းတိရစ္ဆာန်အုပ်တွေ ဘယ်တော့ စားကျက်ပြောင်းကြတော့မယ် ဆိုတာတွေအကြောင်း အဲဒီ ကောင်းကင်ထက် တစ်စုံတစ်ရာက ကြယ်တာရာ အပြောင်းအရွှေ့နဲ့ သူတို့ကို ပြောပြနေတယ်လို့ မှတ်ယူခဲ့ကြပါတယ်။ အဲဒီ ခေတ်ကာလမှာ ဒီထက် ပိုပြီး အဆင်ပြေတဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုရယ် လို့လည်း မရှိခဲ့ဘူး မဟုတ်လား။

တကယ်တော့ ရှေးခေတ်က လူသားတွေဟာ တောရိုင်းတိရစ္ဆာန်တွေကို သူတို့ကချည်းပဲ အမဲလိုက်နေခဲ့ကြတာ မဟုတ်ပါဘူး။ သူတို့ကို ကိုက်ဖြတ် စားသောက်မယ့် သားရဲတိရစ္ဆာန်ကြီးတွေရဲ့ ရန်ကနေလည်း ရှောင်တိမ်းကြရပါတယ်။ တောင်ခြသေ့်တွေ၊ ဝက်ဝံကြီးတွေဟာ သူတို့အတွက်တော့ ပြိုင်ဘက် မုဆိုးတွေပါပဲ။ ဝံပုလွေတွေဆိုရင် သူတို့ကို အမြဲလိုလို ခြိမ်းခြောက်နေတတ်ပြီး အုပ်စုထဲမှာ အင်အား အနည်းဆုံးဆိုတဲ့ ပစ်မှတ်တွေကို ချိန်ရွယ် တိုက်ခိုက် လေ့ရှိကြပါတယ်။ ဝံပုလွေ အများစုကတော့ စားကြွင်း၊ စားကျန်တွေ၊ အရိုး အရင်းတွေလောက်နဲ့ပဲ ရောင့်ရဲတတ်ကြပါတယ်။ လူသားတွေ အများအပြား အုပ်စုဖွဲ့ နေထိုင်ရာဆီကိုတော့ အရဲစွန့် မချဉ်းကပ်ဝံ့ကြပါဘူး။ သူတို့ရဲ့ ကြောက်စိတ်ဟာ သွေးထဲက စိတ်ဖိစီးမှု၊ ဟော်မုန်းဓာတ်တွေ မြင့်မားနေခဲ့ခြင်း ကနေ ပေါ်ပေါက်လာခဲ့တာပါ။ ဒါကလည်း ရှင်သန်၊ ရပ်တည်နိုင်ဖို့ မရှိမဖြစ် အရေးပါတဲ့ လိုအပ်ချက်ပါပဲ။ လူသားတွေရဲ့ အနီးနားကို ချဉ်းကပ်ရတာဟာ အခန့်မသင့်ရင် အသက်ပါသွားနိုင်တယ်ဆိုတာ သူတို့ ရိပ်မိခဲ့ကြလို့ ဖြစ်ပါတယ်။

ဒါပေမယ့် တချို့သော ဝံပုလွေတွေမှာတော့ သဘာဝအရ ဟော်မုန်းဓာတ်ပါဝင်မှု လျော့နည်း နေတာမျိုးရှိတတ်တာကြောင့် လူသားတွေကို သိပ်ပြီး စိုးရိမ်ကြောက်ရွံ့တာမျိုး မဖြစ်ကြပါဘူး။ အဲဒီလို မဆိုစလောက် ပြောင်းလဲသွား ခဲ့တဲ့ မျိုးရိုးဗီဇဆိုင်ရာ အခြင်းအရာဟာ တချို့ သော ဝံပုလွေမျိုးစိတ်တွေ အတွက် သူတို့ အနာဂတ်ကို အကြီးအကျယ် သက်ရောက်မှု ဖြစ်စေခဲ့ပါတယ်။ အဲဒီလို အပြောင်းအလဲဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅,၀၀၀ ဝန်းကျင်မှာ ဖြစ်ပွား ခဲ့ပြီး အဲဒီ ဝံပုလွေတွေဟာ လူသားတွေရဲ့ ယဉ်ပါးအောင် မွေးမြူခြင်းကို ခံခဲ့ရ ပါတယ်။ ဒါဟာလည်း ရှင်သန်ရပ်တည်မှုအတွက် အားထုတ်တဲ့ ဆင့်ကဲဖြစ် စဉ်ရဲ့

အကျိုးဆက်တမျိုး ဖြစ်နိုင်ပါတယ်။ အစားတလုပ်အတွက် မိမိဘာသာ ပင်ပင်ပန်းပန်း အမဲလိုက်နေဖို့ မလိုတော့ပါဘူး။ အစားအစာအတွက် အမဲလိုက်တဲ့ တာဝန်ကို လူသားတွေက ထမ်းဆောင်ကြလိမ့်မယ်။ သူတို့ အိပ်စက်၊ အနားယူချိန်မှာ လုံခြုံရေးအတွက် တာဝန်ယူပေး၊ စားကြွင်းစားကျန် အမှိုက် တွေကို စားသောက်၊ သန့်ရှင်းစေလိုက်ရင် နှစ်ဦးနှစ်ဖက် အကျိုးရှိမှာ ဖြစ်တယ်ဆိုတဲ့ သဘောတူညီမှု မျိုးပေါ့။

အစားအသောက်အတွက် မပူပင်ရပဲ ပုံမှန် စားသောက်နိုင်တဲ့ မျိုးစိတ်တွေဟာ သားပေါက်နှုန်းလည်း ကောင်းမွန်လာခဲ့ပါတယ်။ အဲဒီလို ပေါက်ဖွားလာတဲ့ နောက်ထပ် မျိုးစိတ်လေးတွေဟာလည်း အသက်ရှင် ရပ်တည်ဖို့အတွက် လိုအပ်တဲ့ ယဉ်ပါးမှုဆိုင်ရာ မျိုးရိုးဗီဇ လက္ခဏာတွေကို အမွေဆက်ခံ၊ ထိန်းသိမ်းခဲ့ကြ ပါတယ်။ အဲဒီလိုနဲ့ မျိုးဆက်ပေါင်း များစွာ ဆင့်ပွားလာခဲ့အပြီးမှာတော့ ဝံပုလွေအရိုင်းတွေကနေ ယဉ်ပါးတဲ့ အိမ်မွေးခွေးလေးတွေအဖြစ် ပြောင်းလဲသွားခဲ့ကြပါတော့တယ်။ မိတ်ဆွေဖွဲ့ နိုင်ခြင်း၊ ယဉ်ပါးခြင်းတို့အားဖြင့် ရှင်သန်ရပ်တည်နိုင်ခြင်းလို့ ဆိုနိုင်မယ် ထင်ပါရဲ့။ အဲဒီအချိန်ကနေ စတင်ပြီး လူသားတွေနဲ့ အိမ်မွေးခွေးလေးတွေရဲ့ ဆက်ဆံ ရေးဟာ တဦးအပေါ်တဦး အကျိုးပြုရင်း ခိုင်မြဲနေဆဲဆိုတာ ဒီကနေ့ထိတိုင် တွေ့ မြင်နိုင်ပါတယ်။

ဘားရက်ခ် အိုဘားမား[30] မိသားစုနှင့် အချစ်တော် ခွေးလေး Bo Obama ဓာတ်ပုတ်ပုံ Charles Ommanney/Getty Images

ရေခဲခေတ် ကုန်ဆုံးခါနီး အချိန်ကာလတွေမှာ လူသားတို့ အတွက် ကြီးမား တဲ့ အပြောင်းအလဲတရပ် ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါကတော့ ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာပြီး အမဲလိုက်၊ သစ်သီးခူးရင်း နေထိုင် တဲ့ ဘဝလူနေမှုပုံစံက နေ စိုက်ပျိုးရေးနဲ့ မွေးမြူရေးတွေ လုပ်ကိုင်တတ်လာပြီး ကျေးရွာတွေအဖြစ် အခြေတကျ စုစည်းနေထိုင်တဲ့ လူနေမှုပုံစံ အဖြစ် ပြောင်းလဲ ခဲ့ခြင်းပါပဲ။ တချို့ လူ့ အဖွဲ့ အစည်းတွေမှာ လူမှုပုံစံနှစ်မျိုးစလုံးကို တလှည့်စီ ဖြစ်ဖြစ်၊ ပူးတွဲဖြစ်ဖြစ် နေထိုင်ခဲ့ကြပြီး အဲဒီကနေ ပိုလျှံ စားနပ်ရိက္ခာတွေ ထုတ်လုပ်လာနိုင်ခဲ့ကြပါတယ်။ များသောအားဖြင့် အမဲလိုက်ပြီး သစ်သီးခူးတဲ့ လူမှုဘဝပုံစံဟာ ပိုလျှံ စားနပ်ရိက္ခာ ကို ထုတ်လုပ်နိုင်စွမ်း မရှိပဲ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ကိုင်တဲ့ လူ့အဖွဲ့ အစည်း တွေမှာပဲ ပိုလျှံ စားနပ်ရိက္ခာ ထုတ်လုပ် နိုင်လေ့ရှိကြပါတယ်။

အဲဒီအခါမှာ လူသားတွေရဲ့ အတည်တကျ နေထိုင်မှုနဲ့အတူ အိမ်မွေးခွေး တွေဟာလည်း လူ့အဖွဲ့အစည်းရဲ့ တစိတ်တပိုင်းဖြစ်လာခဲ့ကြပါတယ်။ ဒါဟာ သူ တို့ရဲ့ ဘိုးဘွားမျိုးစိတ်ဖြစ်တဲ့ ဝံပုလွေတွေရဲ့ လွတ်လပ်မှုကို အစားအစာနဲ့ လဲလှယ် ခဲ့ခြင်း အကျိုးဆက်ပါပဲ။ အဲဒီလို လွတ်လပ်မှုကို အစားအစာ၊ နေရာ ထိုင်ခင်း စ တာတွေနဲ့ လဲလှယ်ခဲ့ရရုံတင်မက မိတ်ဖက်မျိုးပွားဖော် ရွေးချယ်မှု ဆိုတာတောင်မှ လူသားတွေဆီကို အပ်နှင်းလိုက်သလို ဖြစ်သွားခဲ့ရပါတယ်။ လေ့ကျင့်သင်ကြား ပေးလို့ မရတဲ့ အိမ်မွေးခွေးတွေ၊ အစာ ကျွေးမွေးတဲ့ သခင်ရဲ့ လက်ကို ပြန်ကိုက်တဲ့ အိမ်မွေးခွေးတွေဟာ ဆက်လက် ရှင်သန်ခွင့် မရခဲ့ကြပါ ဘူး။ လူသားတွေရဲ့ စိတ်ကျေနပ်မှုနဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် အိမ်မွေးခွေးလေးတွေပဲ ဆက်လက် ရှင်သန်ခွင့် ရရှိခဲ့ကြပါတယ်။ ဆက်လက် ရှင်သန်ခွင့် ရရှိတဲ့ မျိုးဆက် တွေပဲ ဆက်လက် မျိုးပွားခွင့် ရရှိခဲ့တယ်ဆိုတာတော့ အထူးအထွေ ပြောဖို့ မလို ဘူးနဲ့ တူပါတယ်။ အဲဒီနောက် လူသားတွေ သင်ကြားပေးလို့ရတဲ့ အိမ်မွေးခွေးလေး တွေတောင် ခြံစောင့်ဖို့၊ အမဲလိုက်ဖို့၊ လမ်းပြဖို့ အစရှိသဖြင့် နေရာအလိုက် အထူးပြုတာဝန်တွေ ခန့်အပ်ခံရတာတောင် ရှိလာခဲ့ပါတယ်။ အခုခေတ်မှာဆိုရင် မူးယစ်ဆေး ရှာဖွေတာ၊ ဖောက်ခွဲ ရေးပစ္စည်း ရှာဖွေတာ၊ လူဆိုးဖမ်းတာတွေ ဆောင်ရွက်နိုင်တဲ့ ရဲတပ်ဖွဲ့ဝင် ခွေးတွေတောင်ရှိလို့ နေပါပြီ။

ယနေ့ခေတ် အိမ်မွေးခွေး အမျိုးမျိုး ဓာတ်ပုံ David Leahy Getty Images

လူသားတွေအပေါ် ကြောက်စိတ် ဟော်မုန်းဓာတ် နည်းပါးတဲ့ ဝံပုလွေ တွေကို သင်ကြားလို့ လွယ်ကူတဲ့၊ အရိုင်းစိတ် ပြန်မဝင်တဲ့၊ ချစ်စဖွယ် အမူအရာ ရှိတဲ့ မျိုးစိတ် အချင်းချင်းပဲ ရွေးချယ် မိတ်ဖက်ပေးခြင်းနည်းနဲ့ မျိုးဆက် အရေအတွက် များစွာ ဖြတ်သန်းစေလိုက်ပြီးတဲ့နောက်မှာ အသွေးအရောင်၊ အရွယ်အစား၊ အထူးပြုတာဝန် အမျိုးအစား စုံစုံလင်လင် ထွက်ပေါ်လာခဲ့ပါ တယ်။ ဒါဟာ သဘာဝအလျောက် ရွေးချယ်မှုရဲ့ ဆင့်ကဲဖြစ်စဉ်ကို ရွေးချယ် မိတ်ဖက်စေခြင်း နည်းလမ်းနဲ့ လူသားတွေက ပထမဦးဆုံး ပွဲကိုင်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီအချိန်က စတင်ပြီး လူသားတွေဟာ မိမိတို့အတွက် အကျိုး ရှိမယ့် တောရိုင်း တိရစ္ဆာန်တွေနဲ့ အလေ့ကျ အပင်ရိုင်းတွေကို အလိုရှိသလို စီမံ ပြောင်းလဲယူခဲ့ကြပါတော့တယ်။ အဲဒီနောက် လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅,၀၀၀ ကနေ ၂၀,၀၀၀ အတွင်းမှာ အမဲလိုက်ရာကနေ မွေးမြူရေးလုပ်ငန်းတွေ ပေါ်ထွန်းခဲ့သလို သစ်သီးသစ်ဥ ရှာဖွေရာကနေ စိုက်ပျိုးရေး လုပ်ငန်းတွေ ပေါ်ထွန်းလာခဲ့ရပါတယ်။ လူသားတွေရဲ့ ရွေးချယ် မိတ်ဖက်စေခြင်း နည်းလမ်းကြောင့်ပဲ ဝံပုလွေတွေကနေ သိုးထိန်းခွေးတွေအဖြစ် ပြောင်းလဲလာခဲ့ပြီး ဝံပုလွေတွေကို ပြန်လည် မောင်းထုတ်နိုင်ဖို့တောင် သင်ကြားပေးလို့ ရသွားပါ တယ်။

ထိုနည်းတူပဲ၊ သဘာဝအတိုင်း ပေါက်ရောက်နေတဲ့ ကောက်နှံပင်ရိုင်းတွေကနေ အစေ့အဆန် ကြီးမားတဲ့ မျိုးပင်တွေကို ရွေးချယ် စိုက်ပျိုးရင်းနဲ့ပဲ ဂျုံတွေ၊ ပြောင်းတွေ၊ ဆန်တွေအဖြစ် ပြောင်းလဲ စေခဲ့ပါတယ်။ ဒီကနေ့မှာ လူသားတွေ စားသုံးနေကြတဲ့ အပင်နဲ့ သတ္တဝါတွေဟာ သဘာဝအရ တောရိုင်းထဲမှာ ပေါက်ရောက်တဲ့ အလေ့ကျ အပင်တွေနဲ့ တောရိုင်း တိရစ္ဆာန်တွေကို ယဉ်ပါး အောင် မွေးမြူပြီး အသွင်ပြောင်းယူထားခဲ့ကြတာ ဖြစ်ပါတယ်။ နည်းလမ်းက တော့ ခုနပြောသွားခဲ့တဲ့ ရွေးချယ်မိတ်ဖက်စေခြင်း နည်းလမ်းပါပဲ။ နှစ်ပေါင်း ၁၅,၀၀၀ ဝန်းကျင်လောက် ရွေးချယ် မိတ်ဖက်စေခြင်း နည်းလမ်းကို အကောင် အထည် ဖော်လိုက်ရာမှာ ရက်စက်ကြမ်းကြုတ်တဲ့ တောရိုင်းတိရစ္ဆာန် အရောင် ခပ်မွဲမွဲ ဝံပုလွေကနေ ချစ်စရာ နားရွက်ဖားနဲ့ အိမ်မွေးခွေးလေးတွေ ဖြစ်လာခဲ့ တယ်၊ လက်တဖက်တည်းမှာ လေးငါးခြောက်လုံး ဆုပ်ကိုင်လို့ရတဲ့ ပန်းသီးရိုင်း လေးတွေကနေ အရွယ်အစား ကြီးမားတဲ့ ဒီကနေ့ ပန်းသီးတွေ ဖြစ်လာခဲ့တယ်၊ အစေ့အဆန် ခပ်သေးသေး ကောက်နှံပင်တွေကနေ အစေ့အဆန် ကြီးမားတဲ့ ကောက်နှံပင်တွေအဖြစ် ပြောင်းလဲယူနိုင်ခဲ့တယ်ဆိုရင် ကမ္ဘာမြေရဲ့ သက်တမ်းအရ နှစ်သန်းပေါင်းထောင်နဲ့ချီတဲ့ ကာလအပိုင်းအခြား အတွင်းမှာ သဘာဝ အလျောက် ရွေးချယ်မှုကနေ ဆင့်ကဲဖြစ်စဉ်နဲ့ ပြောင်းလဲ တိုးတက်လာမှုဟာ သတ္တဝါတွေရဲ့ အသွင်ပြောင်းလဲမှုအပေါ် ဘယ်လိုများ ဖော်ဆောင်နိုင်ခဲ့မှာ ပါလိမ့်။ အဲဒီ မေးခွန်းကို ဖြေဆိုရမယ်ဆိုရင်တော့ သက်ရှိတွေ အမျိုးအစား စုံလင်လှပစွာ တည်ရှိခြင်းအဖြစ် ဖော်ဆောင်ခဲ့တယ်လို့ ဖြေဆိုရမှာပါပဲ။

ကျွန်တော်တို့ရဲ့ ဘိုးဘေး၊ ရှေးခေတ်လူသားတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂ သန်းအတွင်း ရှည်လျားလှတဲ့ ရေခဲခေတ်ကြီးကို ဖြတ်သန်းခဲ့ကြရပါတယ်။ အဲဒီခေတ်အတွင်းမှာဆိုရင် မြေပြင်ဟာ ခြောက်သွေ့ အေးခဲနေခဲ့ပြီး အခုလက်ရှိ မြောက်ဝင်ရိုးစွန်းမှာ တည်ရှိတဲ့ ရေခဲပြင်တွေဟာလည်း တောင်ဘက် ပိုင်းဆီကို ကျယ်ကျယ်ပြန့်ပြန့် တိုးထွက်နေခဲ့ပါတယ်။ အဲဒီအချိန်ကာလ တုန်းက မြောက်ဝင်ရိုးစွန်းရဲ့ ရေခဲပြင်နဲ့ ရေခဲမြစ်တွေဟာ အခုလက်ရှိ အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်က လော့စ်အိန်ဂျလိစ်မြို့ အနီးတဝိုက်ထိ ကျယ်ပြန့်ခဲ့ပါတယ်။ လူသူကင်းမဲ့လှတဲ့ အိုင်ယာလန်နိုင်ငံရဲ့ ရေခဲပြင်ကြီး တွေပေါ်မှာ ဝက်ဝံကြီးတွေက ကြီးစိုး၊ မင်းမူနေခဲ့ကြပါတယ်။ အဲဒီ ဝက်ဝံကြီးတွေကို သာမန်ကြည့်မယ်ဆိုရင်

ရိုးရိုးဝက်ဝံတွေလို့ ယူဆနိုင်ပေမယ့် သူတို့ရဲ့ ကိုယ်တွင်းပိုင်းမှာ တစုံတရာဟာ ထူးဆန်းစွာပဲ ပြောင်းလဲနေခဲ့ပါတယ်။ မျိုးစိတ်သစ်အဖြစ် ဆင့်ကဲပြောင်းလဲစေမယ့် တစုံတရာ ဆိုပါတော့။ အဲဒီအရာကို တွေ့မြင်ဖို့အတွက်ဆိုရင် ဆဲလ်ကလာပ်စည်းအတွင်းပိုင်းက အင်မတန် သေးငယ်လှတဲ့ အစိတ်အပိုင်းလေးတွေ အထိ အသေးစိတ်ကြည့်ရှုရမှာ ဖြစ်ပါတယ်။ အဲဒါမှပဲ ဝက်ဝံတွေရဲ့ မျိုးပွားခြင်း စနစ်ကို နားလည်နိုင်ပါ လိမ့်မယ်။

သူတို့ရဲ့ မျိုးရိုးဗီဇထဲမှာ ကင်နီဆင်း[31] ဆိုတဲ့ ပရိုတိန်းဓာတ် ပါဝင်ပြီး ဆဲလ်ကလာပ်စည်းတွေကို ပြောင်းလဲစေမှုမှာ အရေးပါတဲ့ဓာတ် ဖြစ်ပါတယ်။ ဆဲလ်ကလာပ်စည်းတိုင်းမှာ ပါဝင်ကြပါတယ်။ အသက်ဇီဝဟာ ရှားပါး၊ မြင့်မြတ်တယ်လို့ ယူဆကြရင် အဲဒီဓာတ်ကို သိုမှီးထားတဲ့ ဆဲလ်ကလာပ်စည်းတွေရဲ့ ဗဟိုချက်၊ နယူးကလိယပ်စ်ထဲမှာ သိမ်းဆည်းထားတဲ့ ဒီအန်အေအချက်အလက် တွေဟာလည်း ဗာတီကန်မြို့တော်[32] ရဲ့ ရှေးဟောင်း ပိဋကတ်တိုက်လိုပဲ ဖြစ်ပါ လိမ့်မယ်။ အဲဒီ ဒီအန်အေခေါ် နယူးကလိယပ်စ် အက်ဆစ်ထဲမှာ ရှေးပဝေ သဏ်ဌာတည်းက မျိုးရိုးဗီဇ အချက်အလက်တွေကို သိုလှောင်ထားပါတယ်။ သက်ရှိတွေ အားလုံး နားလည်နိုင်တဲ့ ဘာသာစကားနဲ့ ရေးသားထားတယ်လို့ ဆိုနိုင်ပါတယ်။

ဒီအန်အေ ဆိုတာဟာ အင်မတန် ရှည်လျားလှတဲ့ မော်လီကျူး ဖွဲ့စည်းမှုဖြစ်ပြီး ခရုပတ် နှစ်ဆင့်လိမ် ပုံသဏ္ဍာန် ရှိပါတယ်။ အဲဒီ မော်လီကျူး လှေကား ထစ်လေးတွေမှာ A,C,G,T[33] ဆိုတဲ့ မတူကွဲပြားတဲ့ ဖွဲ့စည်းမှု ၄ မျိုးနဲ့ ပေါင်းစပ် ထားပြီး မျိုးရိုးဗီဇဆိုင်ရာ သင်္ကေတလေးတွေ ဖြစ်ပါတယ်။ အဲဒီ ဖွဲ့စည်းမှု ကနေပဲ သက်ရှိတွေ အားလုံးရဲ့ ရှင်သန်၊ ကြီးထွားမှု၊ လှုပ်ရှားသွားလာမှု၊ အစာ ချေဖျက်မှု၊ ဝေဒနာ သက်သာမှု၊ မျိုးပွားမှုတွေ စတဲ့ အရာအားလုံးကို ထိန်းချုပ် ထားတဲ့ ညွှန်ကြားချက်တွေကို တည်ဆောက်ထားပါတယ်။ ဒီအန်အေဟာ မော်လီကျူး ယန္တရားဖြစ်ပြီး သန်းပေါင်း ထောင်နဲ့ချီတဲ့ အက်တမ်တွေနဲ့ ဖွဲ့စည်း ထားတာပါ။ အဲဒီ အက်တမ် အရေအတွက်ဟာ သာမန် ကြယ်တာရာ အစုအဝေးထဲက ကြယ်တာရာ အရေအတွက်နီးပါး များပြားလှပါတယ်။

အဲဒီဖွဲ့စည်းမှုတွေဟာ ဝက်ဝံတွေတင်မက အိမ်မွေးခွေးလေးတွေ၊ ကျွန်တော်တို့ လူသားတွေ အပါအဝင် သက်ရှိအားလုံးမှာ တူညီတဲ့ အစိတ်အပိုင်းတွေ ပါဝင် နေကြတာကြောင့် ကျွန်တော်တို့ သက်ရှိတွေ အားလုံးဟာ အဏုစကြဝဠာလေး တွေပါပဲ။

ဒီအန်အေ အချက်အလက်တွေဟာ ဆဲလ်ကလာပ်စည်း တခုချင်းစီ မျိုးဆက် တိုင်းကို မိတ္တူကူးသလို အသေးစိတ် ပုံတူပွားယူခဲ့ကြပါတယ်။ အဲဒီလို မျိုးဆက် တဆက်ကနေ နောက်တဆက်ဆီကို တူညီတဲ့ မျိုးရိုးဗီဇတွေ လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြတာပါ။ ဆဲလ်ကလာပ်စည်းတခု နှစ်ခြမ်းကွဲသွားတဲ့ အခါမှာ တခြမ်းစီမှာ ဒီအန်အေ ပုံတူတခုစီ ပါဝင်သွားကြပါတယ်။ အားလုံး လိုလိုမှာတော့ ဒီအန်အေကို တပုံစံတည်း ကူးယူနိုင်တဲ့ ပရိုတိန်းဓာတ်တမျိုး ကြောင့် တိကျစွာပဲ ကူးယူနိုင်လေ့ရှိပါတယ်။ ဒါပေမယ့် ပြီးပြည့်စုံတယ်လို့ မရှိဘဲ အခါအားလျော်စွာ စိစစ်တဲ့ ပရိုတိန်းဓာတ် ချို့ယွင်းမှုဖြစ်ပွားပြီး မျိုးရိုး ဗီဇဆိုင်ရာ အချက်အလက်တွေမှာ သေးငယ်တဲ့ ပြောင်းလဲမှုတွေကို ပေါ်ပေါက် စေပါတယ်။

အာတိတ်ဒေသ ဝက်ဝံတွေရဲ့ ကိုယ်ခန္ဓာအတွင်းက ဆဲလ်ကလာပ်စည်း နယူးကလိယပ်စ်တွေမှာ အဲဒီလို သေးငယ်လှတဲ့ အပြောင်းအလဲတွေဟာ ဖြစ် ပွားခဲ့ပြီး အဲဒီ ပြောင်းလဲမှုကနေ သက်ရောက်မှု များစွာ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဥပမာ မျိုးရိုးဗီဇ ပြောင်းလဲမှုတရပ်ကြောင့် ဝက်ဝံတွေရဲ့ အရောင်အသွေးကို ပြောင်းလဲစေတယ် ဆိုပါစို့။ အဲဒီလို အရောင်အသွေး ပြောင်းလဲသွားတဲ့ ဝက်ဝံတွေဟာ သူတို့ရဲ့ မျိုးဆက်တွေကို အဲဒီအမွေ လက်ဆင့်ကမ်းသွားကြမှာ ဖြစ်ပါတယ်။ မျိုးရိုးဗီဇ ပြောင်းလဲမှု အများစုကတော့ သိပ်ပြီး အထူးအထွေ အကျိုး ယုတ်စေတာမျိုး မရှိပါဘူး။ ဒါပေမယ့် တချို့သော မျိုးရိုးဗီဇ ပြောင်းလဲမှုတွေ ကတော့ သေရေးရှင်ရေးတမျှ အရေးပါလှပါတယ်။ အဲဒီလို ပြောင်းလဲမှု အနည်းငယ်ကပဲ အချိန်ကြာလာတဲ့ အခါ အားသာချက် ဖြစ်လို့သွားခဲ့ပါတယ်။

ဥပမာ ဝက်ဝံမကြီး တကောင်ကနေ ဝက်ဝံပေါက်လေးနှစ်ကောင် မွေးဖွားလိုက်ရာမှာ တကောင်က အရောင် ခပ်ညိုညို၊ နောက်တကောင်က အရောင် ခပ်

ဖြူဖြူ ဆိုကြပါစို့။ အဲဒီဝက်ဝံပေါက်လေးတွေ အရွယ်ရောက်လို့ သူ့တို့ဘာသာ အစာရှာ၊ အမဲလိုက်ရတဲ့အခါမှာ ဘယ်ဝက်ဝံကများ သားကောင်ကို ထိထိရောက်ရောက် ချောင်းမြောင်း ဖမ်းဆီးနိုင်မှာပါလိမ့်။ ရေခဲပြင်ဒေသမှာ ဆိုရင် ဝက်ဝံအညိုကို ဖျံတွေက ဟိုးအဝေးကြီးတည်းက မြင်နေရလို့ လွတ်ရာ ထွက်ပြေးကြမှာပဲ ဖြစ်ပါတယ်။ ဝက်ဝံအဖြူကတော့ သားကောင်တွေ အလွယ်တကူ ဖမ်းဆီးနိုင်ပြီး အစာရေစာ ဝလင်မှာမလို့ မိတ်ဖက်လည်း ရှာဖွေနိုင်၊ မျိုးဆက်လည်း ချန်ရစ်နိုင်ပြီး သူ့လို အဖြူရောင်ရှိတဲ့ ဝက်ဝံပေါက်လေးတွေဆီ အမွေးဖြူ မျိုးရိုးဗီဇကိုလည်း လက်ဆင့်ကမ်းနိုင်ဖို့ အခွင့်အလမ်း ပိုများပါလိမ့် မယ်။ ပတ်ဝန်းကျင်က ရေခဲပြင်လို အဖြူရောင် မဟုတ်ဘဲ ခပ်မှိုင်းမှိုင်း တောနက်ထဲမှာဆိုရင်တော့ အညိုရောင်ဝက်ဝံက အဲဒီလို အစာရေစာ ဝလင်ပြီး မျိုး ဆက်ချန်ထားရစ်ဖို့ အခွင့်အလမ်း ပိုများမှာပေါ့လေ။ အဲဒီဖြစ်စဉ်ဟာ သက်ရှိတွေရဲ့ မျိုးဆက်ပေါင်း မြောက်မြားစွာတို့မှာ အကြိမ်ကြိမ်၊ အဖန်ဖန် ဖြစ်ပွားခဲ့ပါတယ်။

မျိုးဆက်တွေ အများကြီး ဖြတ်သန်းပြီးသွားခဲ့တဲ့နောက်မှာတော့ အာတိတ်လို ရေခဲပြင်ဒေသတွေမှာ အရောင်အသွေး အဖြူရောင်ရှိတဲ့ ပိုလာဝက်ဝံတွေ ကြီးစိုးသွားမှာဖြစ်ပြီး သမပိုင်းတောနက်တွေမှာတော့ အရောင် အသွေး အညိုဖြစ်တဲ့ ဂရစ်ဇလီ ဝက်ဝံတွေက ကြီးစိုးသွားမှာပဲ ဖြစ်ပါတယ်။

မျိုးရိုးဗီဇ ပြောင်းလဲမှုတွေဟာ အမြဲလိုလို ဖြစ်ပွားနေလေ့ရှိပြီး ကျပန်းသဘောလို့လည်း ဆိုနိုင်ပါတယ်။ ဒါပေမယ့် အဲဒီလို ကျပန်းသဘော ဖြစ်ပွားတဲ့ ပြောင်းလဲမှုကပဲ ပတ်ဝန်းကျင်အနေအထား အလိုက် သက်ရောက်မှု ဖြစ် ပေါ်တဲ့အခါ ရှင်သန် ရပ်တည်ဖို့ အခွင့်အလမ်း ဖြစ်သွားစေခဲ့ပါတယ်။ မိမိတို့ နေထိုင်ရာ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင် ညှိယူပြောင်းလဲနိုင်တဲ့ သတ္တဝါမျိုးစိတ်တွေကို ရှင်သန်ခွင့်ပေးဖို့ သဘာဝတရားက ရွေးချယ်လိုက် ခြင်းလို့လည်း ရှုမြင်နိုင်ပါတယ်။ ဒါပေမယ့် အဲဒီ ရွေးချယ်မှုကတော့ ကျပန်း သဘော မဟုတ်တော့ပါဘူး။ ပတ်ဝန်းကျင်နဲ့ ကိုက်ညီတဲ့သူကိုပဲ ရှင်သန်ခွင့် ပေးပြီး မကိုက်ညီသူကတော့ ရှင်သန်ခွင့်ရမှာ မဟုတ်ပါဘူး။

အသွေးအရောင်မတူညီတဲ့ ဝက်ဝံနှစ်မျိုးဟာ နှစ်ပေါင်းထောင်နဲ့ချီတဲ့ ကာလ အပိုင်းအခြား တွေအတွင်း မတူညီတဲ့ နယ်မြေဒေသတွေမှာ ရှင်သန်ခဲ့ကြပြီး သူ့ နည်းသူ့ဟန်နဲ့ ဆင့်ကဲပြောင်းလဲ လာခဲ့ကြပါတယ်။ အဲဒီနောက်မှာ တော့ မျိုးစိတ် မတူညီတော့တဲ့ သတ္တဝါတွေအဖြစ်ကို ပြောင်းလဲသွားပါတော့ တယ်။ ပတ်ဝန်းကျင် အနေအထားကို ညှိယူပြောင်းလဲရင်း သတ္တဝါမျိုးစိတ်တွေ ဆင့်ကဲ ပေါ်ထွက်ခဲ့ရင် အခု ခပ်ဆင်ဆင် တူညီတဲ့ သတ္တဝါ မျိုးစိတ်တွေဟာ ဟိုအတိတ် တုန်းက တခုတည်းသော မျိုးစိတ်ကနေ ခွဲထွက်လာခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။ အဲ ဒါဟာ နာမည်ကျော် ချားလ်စ် ဒါဝင်[34] ရဲ့ သတ္တဝါတို့၏ မူလ[35] အစထဲက ဆင့်ကဲ ဖြစ်စဉ်တရပ်လုံးရဲ့ အနှစ်ချုပ်ပဲ ဖြစ်ပါတယ်။

တကယ်လို့သာ ကမ္ဘာကြီး ပိုမိုပူနွေးလာပြီး အာတိတ် ရေခဲပြင်တွေ ပျောက် ကွယ်သွားမယ် ဆိုရင်လည်း ပိုလာ ဝက်ဝံတွေ မျိုးတုံး ပျောက်ကွယ်သွား မှာပေါ့ လေ။ ဒါမှမဟုတ် သူတို့နေရာမှာ ဂရစ်ဇလီ ဝက်ဝံညိုတွေက အစားထိုးဝင် ရောက်လာတာမျိုးလည်း ဖြစ်ချင် ဖြစ်မှာပေါ့။ ဂရစ်ဇလီတွေကတော့ ရေခဲ ပြင် မဟုတ်တဲ့ အရပ်ဒေသတွေမှာ ကျင်လည် ကျက်စားနိုင်ကြတယ် မဟုတ်လား။ ဝက်ဝံတွေရဲ့ ဆင့်ကဲဖြစ်စဉ်ဟာ အိမ်မွေးခွေးတွေရဲ့ ဆင့်ကဲဖြစ်စဉ်နဲ့ လုံးဝ ကွာခြားလှပါတယ်။ အိမ်မွေးခွေးတွေရဲ့ ဆင့်ကဲဖြစ်စဉ်ကို လူသားတွေက ပဲ့ကိုင် ထိန်းချုပ်ပြီး မိမိတို့ရဲ့ အသုံးဝင်မှုအတွက် တမင် ရည်ရွယ် ခဲ့ကြပါတယ်။ ဝက်ဝံ တွေမှာကျ သူတို့ရဲ့ မျိုးရိုးဗီဇပြောင်းလဲမှုအတွက် ဘယ်လို တစုံတဦးက မှ ပဲ့ကိုင် ထိန်းချုပ်ပေးခဲ့ခြင်း မရှိပါဘူး။ ရှင်သန် ရပ်တည်ပြီး မျိုးဆက်ပြန့်ပွား မယ့် မျိုးစိတ် တွေကို သဘာဝတရားကပဲ ရွေးချယ်သွားခဲ့တာပါ။ အဲဒါကြောင့်ပဲ ဒီအယူအဆကို သဘာဝအလျောက် ရွေးချယ်မှုကနေ ဖြစ်ပေါ်လာခဲ့တဲ့ ဆင့်ကဲ ပြောင်းလဲခြင်းရယ် လို့ ခေါ်ဆိုကြပြီး လောကဓာတ်သိပ္ပံသမိုင်းမှာ တော်လှန် ပြောင်းလဲမှု အရှိဆုံး အယူအဆ ဖြစ်လာခဲ့ပါတော့တယ်။ အဲဒီ ဆင့်ကဲဖြစ်စဉ် သီအိုရီဆိုင်ရာ သက်သေ၊ အထောက်အထားတွေကို ချားလ်စ် ဒါဝင်က ၁၈၅၉ ခုနှစ်မှာ တင်ပြခဲ့ပါတယ်။ ဒါ ပေမယ့် အဲဒီ သီအိုရီရဲ့ သက်ရောက်မှုနဲ့ အုတ် အော်သောင်းနင်း အငြင်းပွားမှုတွေ ကတော့ ဒီကနေ့ထိ အတောမသတ်နိုင် အောင် ရှိတုန်းပါပဲ။ ဘာဖြစ်လို့များပါ လိမ့်။

ကျွန်တော်တို့ လူသားတွေဟာ မျောက်၊ မျောက်ဝံ၊ လူဝံလို သတ္တဝါတွေနဲ့ ဆင်းသက်လာခဲ့တဲ့ မျိုးစိတ်ချင်း တူညီတယ်ဆိုတဲ့ အယူအဆဟာ များစွာသော လူတွေအတွက် အတော့်ကို စိတ်မချမ်းမသာ ဖြစ်စေမယ်မှန်း ကျွန်တော် စာနာ နားလည်နိုင်ပါတယ်။ အဲဒီသတ္တဝါတွေနဲ့ ဆွေမျိုးတော်စပ်တယ်လို့ ပြောရတာ ဟာလည်း အတော့်ကို အရှက်ရစရာလို့ ထင်နိုင်စေတယ် မဟုတ်လား။ လူနဲ့ အနီး စပ်ဆုံး ဆွေမျိုးတော်ပါတယ် ဆိုတဲ့ ချင်ပန်ဇီတွေတောင် တိရစ္ဆာန်ရုံထဲမှာ လူ ထူထူရှိလာရင် လိင်အင်္ဂါကို ကိုင်ပြီး မဖွယ်မရာ လုပ်ပြတတ်ကြတာမျိုးလေ။ အဲဒီ တော့ ဒီလို သတ္တဝါတွေနဲ့ ကျွန်တော်တို့ လားလားမှ မတူလို့ ယူဆချင်တဲ့ လူတွေ ရဲ့ ဆန္ဒကို ကျွန်တော် နားလည်ပေးနိုင်ပါတယ်။

နောက်ပြီး ကျွန်တော်တို့ လူသားတွေကို တခြားသော သတ္တဝါတွေ၊ တိရစ္ဆာန်တွေ၊ သစ်ပင်တွေနဲ့ မတူညီပဲ သီးခြား ဖန်ဆင်းတော်မူခဲ့တယ် ဆိုတဲ့ ဖန်ဆင်းရှင် ဘာသာတရား အယူအဆတွေကလည်း ရှိသေးတယ် မဟုတ် လား။ အဲဒီ အယူအဆကိုတော့ လူတွေ ဘာလို့ စွဲစွဲလမ်းလမ်း ဆုပ်ကိုင်ထားကြ မှန်း အလွယ်တကူ တွေးကြည့်လို့ ရပါတယ်။ အဲဒီလို အလုံးစုံ တတ်စွမ်းနိုင် တော်မူ သော အနန္တတန်ခိုးရှင်က သူ့ရဲ့ ပုံသဏ္ဍာန်နဲ့အညီ ကျွန်တော်တို့ လူသားတွေကို မြေမှုန်ကနေ သွန်းယူပြီး အသက်ဝိညာဉ် မှုတ်သွင်းပေးခဲ့တယ် ဆိုတဲ့ ဖန်ဆင်းရှင် အယူအဆနဲ့ဆိုရင် ကျွန်တော်တို့ လူသားတွေက သာမန် ထက် ထူးခြားသူတွေ၊ အခွင့်ထူးခံတွေ ဖြစ်လို့နေတယ်လေ။

အဲဒါဆိုရင် သစ်ပင်တွေနဲ့ လူသားတွေအကြား ဆွေမျိုးတော်စပ်ပုံကရော ဘယ်လိုများပါလဲ။ အဲဒီလို မေးလာခဲ့ရင်ရော စာဖတ်သူ ဘယ်လိုများ ခံစားရ မှာပါ လိမ့်။ ဥပမာ ဝက်သစ်ချပင်ရဲ့ ဒီအန်အေ အစိတ်အပိုင်းတခုကို ထုတ်ယူ လိုက်ပြီး ဘားကုဒ်တခုလို သဘောထားကြည့်လိုက်ပါ။ အဲဒီ ဘားကုဒ်ထဲမှာ ရေးသားထား တဲ့ ညွှန်ကြားချက်တွေအရ သကြားဓာတ်ကို ဘယ်လိုချေဖျက် ရတယ်ဆိုတာတွေ အကြောင်း ဝက်သစ်ချပင်ကို ပြောပြနေပါတယ်။ အဲဒီ ဒီအန်အေ မျိုးရိုးဗီဇ အစိတ်အပိုင်းကိုပဲ ကျွန်တော်တို့ လူသားတွေနဲ့ နှိုင်းယှဉ် ကြည့်ရအောင်ပါ။ ဒီအန် အေကတော့ ဘယ်တော့မှ လိမ်ညာမှာ မဟုတ်ပါဘူး။ အဲဒီ ဝက်သစ်ချပင်နဲ့ ကျွန်တော်တို့ လူသားတွေဟာ ဟိုးအရင် အတိတ်ကာလ တုန်းက ကွဲကွာသွားခဲ့

ကြတဲ့ ဝမ်းကွဲညီအစ်ကိုတွေ ဖြစ်ကြောင်း ဒီအန်အေ အထောက်အထားနဲ့တကွ ပြသနေပါတယ်။ သစ်ပင်တွေတင် မဟုတ်ပါဘူး။ ဟိုးအတိတ်ကာလ အချိန်တွေဆီကို နောက်ပြန်သွားရင် လိပ်ပြာတွေ၊ ဝံပုလွေ တွေ၊ မှိုတွေ၊ ငါးမန်းတွေ၊ ဘက်တီးရီးယားတွေ၊ ငှက်လေးတွေနဲ့ပါ တူညီတဲ့ ဘိုးဘေးမျိုးစိတ်တွေကနေ ဆင်းသက်လာတာဖြစ်ကြောင်း သိရှိလာပါလိမ့် မယ်။ တကယ့်ကို ခမ်းနားလှတဲ့ ဆွေမျိုးအသိုက်အမြုံကြီးလို့လည်း ဆိုနိုင်ပါ တယ်။



မျိုးစိတ်တို့အကြား ဒီအန်အေဘားကုဒ် ကွဲပြားပုံ

သတ္တဝါမျိုးစိတ်တွေ ကွဲပြားသွားမှုကြောင့်ပဲ ဘားကုဒ်မှာ အပြောင်းအလဲတွေ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ အဲဒီ ပြောင်းလဲမှုကပဲ ဇီးကွက်လား၊ ရေဘဝဲလားဆိုပြီး ဆုံးဖြတ်ပေးသွားမှာ ဖြစ်ပါတယ်။ တပုံစံတည်း တူညီတဲ့ အမွှာပူး ညီအစ်ကို၊ ညီအစ်မတွေအဖြစ် မွေးဖွားလာခဲ့တာ မဟုတ်ဘူးဆိုရင် စကြဝဠာအတွင်းမှာ စာဖတ်သူနဲ့ ဒီအန်အေ ချွတ်စွပ် တူညီတဲ့ သက်ရှိရယ်လို့ ဘယ်သူမှ မရှိပါဘူး။ တခြားသော မျိုးစိတ်တွေမှာလည်း မတူကွဲပြားတဲ့ ဒီအန်အေ မျိုးရိုး ဗီဇတွေဟာ သဘာဝအလျောက် ရွေးချယ်မှုအရ တိုးတက်ပြောင်းလဲတဲ့ ဆင့်ကဲဖြစ်စဉ်အတွက် အကြမ်းထည် သဘောမျိုး အထောက်အပံ့ဖြစ်စေပါ တယ်။

အဲဒီ သဘာဝ ပတ်ဝန်းကျင်ကပဲ ဘယ်မျိုးရိုးဗီဇကို ရှင်သန်ခွင့်ပြုမယ်၊ မျိုးဆက်ပြန့်ပွားခွင့်ပြုမယ် ဆိုတာတွေကို အဆုံးအဖြတ်ပေးသွားပါတယ်။ မျိုးရိုးဗီဇနဲ့ ပတ်သက်ပြီး (ဥပမာ) သကြားဓာတ်ကို ဘယ်လို ချက်လုပ်ရမယ် ဆိုတာမျိုးမှာတော့ ကျွန်တော်တို့ လူသားတွေနဲ့ တခြားသော သတ္တဝါတွေ အတွက် ဒီအန်

အေ ညွှန်ကြားချက်က အတူတူပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ အချက်အလက် တွေဟာ သက်ရှိ ဖြစ်တည်မှုရဲ့ အခြေခံ လိုအပ်ချက် တွေဖြစ်ပြီး အမျိုးအစား စုံလင်လှတဲ့ သက်ရှိ သတ္တဝါတွေအဖြစ် ဆင့်ကဲပြောင်းလဲမှုတွေ မစ တင်တည်းက ဖြစ်တည်ခဲ့တာကြောင့်ပါပဲ။ အဲဒါကြောင့်မလို့ပဲ ကမ္ဘာပေါ်က သက်ရှိတွေ အားလုံးကို သစ်ပင်တပင်ပုံနဲ့ ခိုင်းနှိုင်းပုံဖော်ပြမယ် ဆိုရင် သစ်ရွက် လေးတွေက သတ္တဝါနဲ့ အပင် မျိုးစိတ်တွေ၊ အခက်လေးတွေက မျိုးစုတွေ၊ အကိုင်း လေးတွေက မျိုးရင်းတွေ၊ အကိုင်းမကြီးတွေက မျိုးပေါင်း တွေ၊ ပင်စည်မကြီး ကတော့ သတ္တဝါနဲ့ အပင်တို့ စတင်ရာ မူလအစ ရယ်လို့ ပုံဖော်ကြပြီး အဲဒါကိုပဲ သက်ရှိတို့ရဲ့ သစ်ပင်[36] အဖြစ် တင်စား ခေါ်ဆိုလေ့ရှိကြ ပါတယ်။ လောကဓာတ် သိပ္ပံပညာရဲ့ ကျေးဇူးကြောင့်ပဲ ကမ္ဘာပေါ်မှာ ရှိရှိသမျှ သက်ရှိတွေ အားလုံးကို သစ်ပင်အကိုင်းအခက်တွေလို ဆက်စပ်ယူနိုင်ဖို့ အခွင့် အလမ်းရစေခဲ့ပါတယ်။



သက်ရှိတို့ ၏ သစ်ပင်

မျိုးရိုးဗီဇချင်း နီးစပ်မှုရှိတဲ့ သတ္တဝါတွေဟာ တူညီတဲ့ အကိုင်းအခက်တွေ မှာ နေရာယူထားကြပြီး ဆွေမျိုးစပ်ရင် သွေးဝေးတဲ့ မျိုးစိတ်တွေကတော့ အလှမ်းဝေး တဲ့ အကိုင်းအခက်တွေမှာ နေရာယူထား ကြပါတယ်။ သစ်ရွက် လေးတွေကတော့ ရှင်သန်ဆဲ မျိုးစိတ်တွေ ဖြစ်ပါလိမ့်မယ်။ ငုံးတိတိ ပြတ် တောက်နေတဲ့ အကိုင်းအခက်တွေကတော့ မျိုးတုံး ပျောက်ကွယ်ခဲ့ပြီးသား မျိုးစိတ်တွေပါပဲ။

ပင်စည်နဲ့ ပင်မကိုင်းကြီးတွေကတော့ သက်ရှိတွေ တူညီစွာ ဆင်းသက်လာခဲ့ကြတဲ့ ဘိုးဘေးမျိုးစိတ်တွေ ဖြစ်ပါလိမ့်မယ်။ သက်ရှိဇီဝခေတ်ဟာ အလွယ်တကူပဲ ပုံသွင်းယူနိုင်ခဲ့တာကြောင့် စတင်ဖြစ်တည်ပြီးတာနဲ့ ပတ်ဝန်းကျင် ကနေပြီး အမျိုးအစား စုံလင် များပြားလှတဲ့ သတ္တဝါမျိုးစိတ်တွေ အဖြစ် ရုပ်လုံးဖော်သွားခဲ့ပါတော့တယ်။

တကယ်တော့ သက်ရှိတို့ရဲ့ သစ်ပင်ဆိုတာဟာ ကျွန်တော်တို့ မြင်ဖူး တွေ့ဖူးနေကျ သစ်ပင်ထက် အကိုင်းအခက်၊ အရွက်တွေ အများကြီး စုံလင်ပါလိမ့်မယ်။ အဆပေါင်း သိန်းသန်းချီပြီး များပြားတာမျိုးလို့ ဆိုရင် ပိုနီးစပ်မယ် ထင်ပါတယ်။ ဇီဝပညာရှင်တွေရဲ့ အဆိုအရ ပိုးတောင်မာ သတ္တဝါတမျိုးတည်း မှာတင် မျိုးကွဲပေါင်း ၅ သိန်းလောက် ရှိပါသတဲ့။ မရေမတွက်နိုင်အောင် များပြားလှတဲ့ ဘက်တီးရီးယားတွေကို အသာထားလို့ ဒီကမ္ဘာပေါ်မှာ နေထိုင် ရှင်သန်ကြတဲ့ အပင်နဲ့ သတ္တဝါ မျိုးစိတ်တွေတင် အရေအတွက် သန်းနဲ့ ချီပြီး ရှိနေတာပါ။ မျိုးစိတ် အများစုကိုတောင် လောကဓာတ်သိပ္ပံပညာအရ ခွဲခြမ်း စိတ်ဖြာ အမည်ပေးနိုင်ခြင်း မရှိသေးပါဘူး။ နောက်ပြီး ကျွန်တော်တို့ လူသား တွေ သိရှိထားကြတာဟာ ကုန်းနေသတ္တဝါ အများစုပဲ ဖြစ်ပါတယ်။ ကျွန်တော် တို့နေထိုင်ရာ ကမ္ဘာမြေဟာ အဲဒီလောက်တောင် သက်ရှိ အမျိုးအစားတွေ စုံလင် များပြားလှပါတယ်။

'သက်ရှိတို့ရဲ့ သစ်ပင်' ဟာလည်း လားရာအနှံ့ကို ဆက်လက် ပြန့်ပွား နေပြီး အသစ်အသစ်သော မျိုးစိတ်တွေကိုလည်း ဆက်လက် ဖန်တီးနေခဲ့ပါ ဘယ်။ အဲဒီ သက်ရှိတို့ရဲ့ သစ်ပင် သက်တမ်းဟာ နှစ်ပေါင်း သန်း ၃,၅၀၀ ရှိခဲ့ပါပြီ။ အဲဒီလို များပြား ရှည်လျားလှတဲ့ သက်တမ်းဟာလည်း အခုလို အမျိုး အစားစုံလင်လှတဲ့ သက်ရှိ အမျိုးအစားတွေ ဖန်တီးနိုင်ဖို့အတွက် လုံလောက် တဲ့ ကျွမ်းကျင်မှုမျိုးကို တတ်နိုင်စေခဲ့ပါတယ်။

ဆင့်ကဲဖြစ်စဉ်ဟာ သတ္တဝါတွေကို အပင်တွေလို ရုပ်ဖျက်ထားစေနိုင်ပါ တယ်။ ထောင်သောင်းနဲ့ချီတဲ့ အရေအတွက်ရှိတဲ့ သတ္တဝါတွေကို မတူကွဲပြားတဲ့ ဝတ်စုံတွေ ဆင်မြန်းထားပေးပြီး သူတို့ကို ဖမ်းယူ စားသောက်မယ့် သတ္တဝါတွေ ဆီကနေ လှည့်စားပေးထားပါတယ်။ ဒါမှမဟုတ် အပင်ကိုလည်း သတ္တဝါလိုမျိုး

ရုပ်ဖျက်ထားပေးပါတယ်။ အပင်ကနေ ပွင့်လန်းလာတဲ့ ပန်းပွင့်ဟာ ပျားတွေ၊ ပိတုန်းတွေကို ဝတ်မှုန် ကူးဖို့အတွက် လှည့်စား ဖြားယောင်းပါတယ်။ ဒါကပဲ သဘာဝအလျောက် ရွေးချယ်မှုရဲ့ ဆန်းကြယ်တဲ့ တန်ခိုးစွမ်းအားဖြစ်နေခဲ့ပါတယ်။

ကျွန်တော်တို့ လူသားတွေဟာလည်း အဲဒီ ခမ်းနားလှတဲ့ သက်ရှိတို့ရဲ့ သစ်ပင်မှာ အကိုင်းအခက် တွေကြား တနေရာမှာ ပါဝင်လို့ နေကြပါတယ်။ မရေမတွက်နိုင်အောင် များပြားလှတဲ့ မျိုးစိတ်တွေကြားက တခုသော မျိုးစိတ် အဖြစ်နဲ့ပါ။ ကျန်တဲ့ သက်ရှိတွေ အားလုံးကတော့ ကျွန်တော်တို့ရဲ့ ဆွေမျိုး သားချင်းတွေပဲ ဖြစ်ကြပါတယ်။ သဘာဝအလျောက် ရွေးချယ်မှုကြောင့် ဆင့်ကဲ ပြောင်းလဲခြင်း ဖြစ်စဉ်ကို ရှာဖွေတွေ့ ရှိခဲ့သူက ချားလ်စ် ဒါဝင်ပါပဲ။ အမျိုးအစား စုံလင်လှတဲ့ သတ္တဝါတွေကို ဖန်ဆင်းရှင် တစုံတဦးက သီးသန့် ဖန်ဆင်းခဲ့တယ် ဆိုတဲ့ အယူအဆ တွေကို ဒါဝင်က ပယ်ချခဲ့ပါတယ်။ သက်ရှိသတ္တဝါတွေရဲ့ ဖြစ်တည်မှုဟာ သိပ်ကို နက်နဲ ရှုပ်ထွေးလွန်းလှတာ မလို့ သဘာဝအလျောက် ရွေးချယ်မှုရဲ့ ဆင့်ကဲဖြစ်စဉ်ကြောင့်ပဲ အခုလို ရလဒ်ထွက်ပေါ်လာခဲ့တာလို့ ဒါဝင်က အခိုင်အမာ ဆိုပါတယ်။

လူသားတွေရဲ့ မျက်စိအင်္ဂါကိုပဲ နမူနာကြည့်ကြည့်ပါ။ တကယ့်ကို သိမ်မွေ့ နက်နဲလှတဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။ အဲဒီထဲမှာ မျက်ကြည်လွှာ၊ မျက်ဝန်း၊ မျက်တွင်းမှန်၊ အမြင်လွှာ၊ အမြင်အာရုံနဲ့ ကြွက်သားတွေ ပေါင်းစပ် ဖွဲ့စည်းထားပါတယ်။ ကျွန်တော်တို့ကို ပုံရိပ်တွေ မြင်တွေ့ နိုင်အောင် ပုံဖော်ပေးတဲ့ ဦးနှောက် ဆိုတာကို ခဏ အသာထားပါ။ မျက်စိဆိုတဲ့ အစိတ်အပိုင်းကို သေချာလေ့လာ ကြည့်ရင်တောင် လူသားတွေရဲ့ အသိဉာဏ်နဲ့ ဖန်တီးလုပ်ယူထားတဲ့ စက်ပစ္စည်း ကိရိယာတွေ အားလုံးထက် ပိုပြီး ဆန်းပြားရှုပ်ထွေးလှတာကို တွေ့ ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် သဘာဝအလျောက် ဖြစ်ပေါ်တဲ့ ဆင့်ကဲဖြစ်စဉ်ရဲ့ လက်ရာ မဟုတ်တန်ရာလို့ သံသယ ဖြစ်ခဲ့ကြတာလည်း အဆန်းတော့ မဟုတ် ပါဘူး။ အဲဒီတော့ မျက်စိရယ်လို့ မပေါ်ပေါက်သေးတဲ့ ဟိုးအတိတ် ကာလဆီတွေ ကို ခဏ ပြန်သွားကြည့်ရအောင်ပါ။



လူ၏ မျက်လုံး ခန္ဓာဗေဒ

ဟိုတချိန်တုန်းကတော့ သက်ရှိတွေမှာ အမြင်အာရုံကို ဆောင်ကြဉ်းပေးမယ့် မျက်စိဆိုတာ မရှိခဲ့ကြပါဘူး။ အဲဒီလို အမြင်အာရုံရယ်လို့ မဖြစ်တည်သေးခင် လွန်ခဲ့တဲ့ နှစ်ပေါင်းသန်း ၄ ထောင်လောက် တုန်းကဆိုရင် သက်ရှိ ဆိုတာ ရေအောက်မှာ နေထိုင်ကြတဲ့ မွှားကောင်လေးတွေ အဆင့်ပဲ ဖြစ်ကြပါတယ်။

အချိန်ကာလတွေ နှစ်ပေါင်းသန်းနဲ့ချီပြီး ကောင်လေးတွေရဲ့ ဒီအန်အေမှာ ပုံတူကူးယူမှု အမှားအယွင်း အနည်းငယ် ဖြစ်ပွားခဲ့ပါတယ်။ အဲဒီလို ကျပန်းသဘော ပြောင်းလဲသွားခဲ့တဲ့ မျိုးရိုးဗီဇအရ မွှားကောင် လေးတွေရဲ့ တချို့အစိတ်အပိုင်းတွေမှာ နေရောင်ခြည်ကို ဖမ်းယူနိုင်တဲ့ ဆဲလ်ကလာပ်စည်းလေးတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီလို မျိုးရိုး ဗီဇ အပြောင်းအလဲတွေဟာ သက်ရှိတိုင်းလိုလိုမှာ ဖြစ်ပေါ်ကြတာပါ။ အဲဒီလို ပြောင်းလဲသွားခဲ့တဲ့ မျိုးရိုးဗီဇကြောင့်ပဲ အနက်ရောင် မွှားကောင်လေးတွေဟာ နေရောင်ခြည်နဲ့ ထိတွေ့မိရင် ရေနက်ပိုင်းကို ငုပ်လျှိုး၊ ပုန်းခိုသွားကြပါတယ်။ အလင်းရောင် ခံစားသိရှိနိုင်တဲ့ မွှားကောင်လေးတွေဟာ ဘယ်အချိန်ဟာ နေ့ခင်း၊ ဘယ်အချိန်ဟာ ည ဆိုတာ သိရှိလာကြပါတယ်။ အဲဒါကြောင့် နေ့ခင်း အချိန်မှာ နေရောင်ခြည်ရဲ့ ပြင်းထန်လှတဲ့ ခရမ်းလွန်ရောင်ခြည်တွေကို ရှောင်ရှား နိုင်လာကြပြီး အလင်းရောင်ကို မသိရှိတဲ့ မွှားကောင်တွေထက် အသာစီးရလာ ခဲ့ကြပါတယ်။

အလင်းရောင်ကို သိရှိခံစားလာနိုင်တာကြောင့် မွှားကောင်လေးတွေမှာ ခရမ်းလွန်ရောင်ခြည်ကို ရှောင်ရှားရင်း ရေနက်ပိုင်း အမှောင်ကမ္ဘာမှာ သူတို့ရဲ့ မျိုးရိုးဗီဇတွေကို ထပ်မံ လက်ဆင့်ကမ်းကြပြန်ပါတယ်။ အဲဒီနောက် မျိုးဆက်ပေါင်း များစွာ ထပ်မံ ဖြတ်သန်းပြီးတဲ့နောက်မှာ အလင်းရောင်ကို ခံစားနိုင်တဲ့ ပရိုတိန်းဓာတ်ဟာ ဆဲလ်ကလာပ်စည်း တခုတည်းနဲ့ တည်ဆောက်ထားတဲ့ သတ္တဝါတွေရဲ့ အစိတ်အပိုင်း တနေရာမှာ အစက်အပြောက်အဖြစ်နဲ့ စုစည်း ဖြစ်တည်လာပြီး ထင်သာမြင်သာ ရှိလာခဲ့ပါတယ်။ အဲဒီ အမှတ်အသားကြောင့်ပဲ အလင်းရောင်ကို ရှာဖွေနိုင်တာတွေ ပြုလုပ်လာနိုင်ခဲ့ပါတယ်။ အဲဒီလို အလင်း ရောင်ကို ရှာဖွေနိုင်စွမ်းရှိလာခဲ့တာကြောင့် နေရောင်ခြည်ကို အသုံးပြုပြီး အစာ ချက်လုပ်ရမယ့် သက်ရှိ မျိုးစိတ်တွေအတွက်လည်း အားသာချက် ဖြစ်လာစေခဲ့ ပါတယ်။

ဆဲလ်ကလာပ်စည်း အများအပြားနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ တုပ်ပြားကောင်ရဲ့ မျက်လုံးမှာ ဆိုရင် အလင်းရောင် ခံစားနိုင်တဲ့ ဆဲလ်ကလာပ်စည်း နေရာမှာ အချိုင့်သဏ္ဍာန် ဖြစ်ပေါ်နေပါတယ်။ အဲဒီအခါမှာ ဖိအားဖြစ်ပေါ်ပြီး ကျရောက်လာတဲ့ အလင်းရောင်ကနေ အရိပ်ထွက်တာကို ခံစားမိတာကြောင့် အလင်းရောင်ဟာ ဘယ်အရပ်ကနေ လာတယ် ဆိုတာကိုပါ သိရှိလာနိုင်ခဲ့ကြပါတယ်။ အနီးပတ်ဝန်းကျင်မှာ တည်ရှိတဲ့ အရာတွေထဲကနေ ဘယ်ဟာကို စားသောက်ရမယ်၊ ဘယ်ဟာက ကိုယ့်ကို စားသောက်လိမ့်မယ် ဆိုတာတွေကို သိရှိလာတဲ့အခါမှာ ရှင်သန်ရပ်တည်နိုင်ဖို့အတွက် များစွာ အထောက်အကူ ဖြစ်စေခဲ့ပါတယ်။

နောက်ထပ် မျိုးဆက်ပေါင်းများစွာ ထပ်မံ ဖြတ်သန်းပြီးတဲ့နောက် အလင်းဝင်ရောက်တဲ့ ချိုင့်ခွက်လေး ဟာ တဖြည်းဖြည်း နက်ရှိုင်းလာခဲ့ပြီး အရိပ်ဟာလည်း အရင်ကထက် ပိုမို ကြည်လင်လာခဲ့ပါတယ်။ အဲဒီနောက် အလင်းဝင်တဲ့ ချိုင့်ခွက်ကနေ အဝကျဉ်း အခေါင်းပေါက်အဖြစ် ဆင့်ကဲ ပြောင်းလဲ တိုးတက် သွားခဲ့ပါတယ်။ ဒီဖြစ်ရပ်တွေဟာ တခဏအတွင်း ဖြစ်ပွားခဲ့တာ မဟုတ်ဘဲ မျိုးဆက်ပေါင်း ထောင်သောင်းနဲ့ ချီတဲ့ အရေအတွက်တွေ ဖြတ်သန်းပြီးမှ တရွေ့ရွေ့၊ တဆင့်ဆင့် ဆင့်ကဲပြောင်းလဲတာပါ။

အဲဒီလို အဝကျဉ်း အခေါင်းပေါက်ဖြစ်သွားတဲ့ နေရာကို အကာအကွယ် ပေးနိုင်ပြီး ထိုးဖောက် မြင်နိုင်စွမ်းလည်းရှိတဲ့ အမြှေးပါးနဲ့ ဖုံးအုပ်လိုက်ပါတယ်။ အဲဒီအခါမှာ အဝကျဉ်း အခေါင်းပေါက်ထဲကို အလင်းရောင် အနည်းငယ်ပဲ ဝင်ရောက်နိုင်တော့ပြီး ပုံရိပ်တွေကတော့ အတော့်ကို ကြည်လင် ပြတ်သား သွားခဲ့ပါတယ်။ အမြင်အာရုံ ကောင်းမွန်လာတဲ့ မျိုးစိတ်တွေဟာ အသက်ရှင် ရပ်တည်နိုင်ဖို့၊ မျိုးဆက်ပြန့်ပွားဖို့ ပိုပြီး အခွင့်အလမ်း များပြားလာမယ် ဆိုတာ အထူးအထွေထပ်မံ ပြောဆိုဖို့ လိုမယ် မထင်ပါဘူး။ အဲဒါကြောင့်မလို့ပဲ အမြင် အာရုံနဲ့ ပတ်သက်တဲ့ အဆင့်တိုးမြှင့်မှု လက်နက်တပ်ဆင်ခြင်းတွေ ရေအောက် ကမ္ဘာမှာ တဟုန်ထိုး ဖြစ်ပေါ်လာခဲ့ကြဟန် တူပါတယ်။

အဲဒီနောက်မှာတော့ အလင်းရောင် ဝင်ရောက်ရာ မျက်လုံးအဝမှာ အရည်ကြည်တွေ စုစည်းပြီး မှန်ဘီလူးလို ဖြစ်လာခဲ့တာကြောင့် တွေ့မြင်ရတဲ့ ပုံရိပ်တွေဟာ အလွန့်ကို ကောင်းမွန်လာခဲ့ပါတယ်။ ရှေးခေတ်ကမ္ဘာဟောင်းက ငါးမျိုးစိတ်တွေမှာဆိုရင် အဲဒီလို မှန်ဘီလူးမျက်လုံးမျိုးတွေ ပိုင်ဆိုင်ကြတယ်လို့ ခါနာတက ဗေဒ ပညာရှင်တွေက ဆိုကြပါတယ်။ အဲဒီနောက် အလင်းရောင်ကို ပိုမို ရရှိနိုင်ဖို့ မျက်လုံးအဝင်ဝကို တဖြည်းဖြည်း ချဲ့ယူလိုက်ပါတယ်။ အဲဒီအခါ မှာ ငါးမျိုးစိတ်တွေဟာ အနီးအဝေး အမြင်အာရုံ နှစ်မျိုးစလုံးကို ကြည်လင်ပြတ် သားစွာပဲ မြင်တွေ့ သွားနိုင်ပါတော့တယ်။

အဲဒီအချိန်မှာပဲ အမြင်အာရုံနဲ့ ပတ်သက်ပြီး တစုံတရာ ဖြစ်ပွားခဲ့ပါတယ်။ ရေထည့်ထားတဲ့ ဖန်ခွက်ထဲကို ခက်ရင်းတို့၊ ဇွန်းတို့ ထည့်မိတာမျိုး ဖြစ်ဖူးကြ မယ် ထင်ပါတယ်။ အဲဒီ ခက်ရင်းတွေ၊ ဇွန်းတွေကို ကွေးသွားသလို မြင်ရပါ တယ်။ ရေမျက်နှာပြင်ကနေ ရေထဲကို အလင်းဝင်ရောက်တဲ့အခါမှာ အလင်း ယိုင်သွားတာကြောင့်ပါ။ အလင်း ဖြတ်သန်းရာ ကြားခံနယ်တခုကနေ နောက် တခုဆီကို အကူးအပြောင်းမှာ အဲဒီလို ဖြစ်ပွားတတ်ပါတယ်။ ကျွန်တော်တို့ လူသားတွေ ရရှိခဲ့တဲ့ မျက်လုံးအင်္ဂါ အစိတ်အပိုင်းဟာ ရေအောက်မှာ စတင် ဖြစ်ပေါ်ခဲ့တဲ့ ဘိုးဘွား မျိုးစိတ်တွေဆီကနေ အမွေဆက်ခံခဲ့တာပါ။ မျက်လုံးအိမ် ထဲက အရည်ကြည်တွေဟာ ရေထဲမှာ ယိုင်သွားမယ့် အလင်းတန်းကို ပြေ လျော့စေပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ကုန်းမြေပေါ်ကို တက်ရောက်လာခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ ဘိုးဘေးမျိုးစိတ်

တွေမှာတော့ အမြင်အာရုံဟာ ခြောက်သွေ့တဲ့ လေထုကနေ သယ်ဆောင်ပြီး ရေဓာတ်အပြည့် ပါဝင်ဆဲဖြစ်တဲ့ မျက်လုံးဆီကို ပေးပို့လာခဲ့ပါတယ်။ အဲဒါကြောင့်ပဲ ယိုင်သွားတဲ့ အလင်းတန်းတွေကြောင့် တွေ့မြင်ရတဲ့ ပုံရိပ်တွေဟာ မူလထက် ပိုပြီး ပုံပျက်ပန်းပျက် နိုင်သွားခဲ့ရပါတယ်။

ကျွန်တော်တို့ လူသားတွေရဲ့ ဘိုးဘေးမျိုးစိတ်တွေဖြစ်ကြတဲ့ ကုန်းနေ ရေနေ သတ္တဝါတွေ ကုန်းမြေပေါ်ကို ပြောင်းရွှေ့ အခြေချလာတဲ့အခါ ရေထဲမှာ ဆင့်ကဲပြောင်းလဲဖြစ်ပေါ်ခဲ့တဲ့ သူတို့ရဲ့ မျက်လုံးတွေဟာ လေထုထဲမှာ မြင်နိုင်ဖို့ အတော့်ကို ရုန်းကန်ခဲ့ကြရပါတယ်။ သူတို့ရဲ့ အမြင်အာရုံတွေကို လက်ဆင့်ကမ်း အမွေရခဲ့တဲ့ နောက်မျိုးစိတ်တွေမှာလည်း အမြင်အာရုံဟာ ကောင်းမွန် သင့်သလောက် မကောင်းမွန်တော့ပါဘူး။ ကျွန်တော်တို့ လူသားတွေရဲ့ မျက်စိနဲ့ အမြင်အာရုံကို အင်မတန် ခမ်းနား ဆန်းကြယ်လှတဲ့ ဖန်ဆင်းမှုလို့ စာဖတ်သူ ရှုမြင်ကောင်း ရှုမြင်မိပါလိမ့်မယ်။ ဒါပေမယ့် စတင် ဖြစ်ပေါ်ခဲ့ပြီး နောက်နှစ်ပေါင်း ၃၇၅ သန်းဝန်းကျင် ကျော်လွန် ဖြတ်သန်းပြီးတဲ့နောက်မှာတောင် ကျွန်တော်တို့ဟာ မျက်လုံး ရှေ့တည့်တည့်က အရာတွေကို မြင်တွေ့နိုင်စွမ်း မရှိသလို အမှောင်ထုထဲမှာလည်း အနီးဝန်းကျင်ကို တွေ့မြင်နိုင်စွမ်း မရှိပါဘူး။ ငါးသတ္တဝါတွေကတော့ အဲဒီလို မဟုတ်ပဲ ကောင်းစွာ တွေ့မြင်နိုင်စွမ်း ရှိကြပါ တယ်။

ကျွန်တော်တို့ လူသားတွေရဲ့ ဘိုးဘေးမျိုးစိတ်တွေဖြစ်တဲ့ အဲဒီ ရှေးခေတ် သတ္တဝါတွေ ရေထဲကနေ ကုန်းမြေပေါ်ကို တက်ရောက်လာခဲ့ပြီးတဲ့နောက် မျက်လုံးဟာ ဘာလို့များ ဆင့်ကဲ ပြောင်းလဲတာတွေ မဖြစ်တော့သလဲ၊ လေထု ထဲမှာ ကောင်းကောင်းမွန်မွန် တွေ့ မြင်နိုင်မယ့် မျက်လုံးမျိုးတွေ ဘာလို့ မပေါ် ထွက်လာခဲ့ရသလဲလို့ မေးစရာ ရှိပါလိမ့်မယ်။ သဘာဝတရားရဲ့ လည်ပတ် ဆောင်ရွက်ပုံတွေက အဲဒီလိုမျိုး မဟုတ်ပါဘူး။ ဆင့်ကဲဖြစ်စဉ်ဆိုတာဟာ ဖြစ်တည်ပြီးသား သတ္တဝါမျိုးစိတ်တွေကို မျိုးဆက်ပေါင်း များစွာ ကျော်လွန် ဖြတ်သန်းသွားပြီးတဲ့ နောက် အနည်းအကျဉ်း တိုးတက် ပြောင်းလဲစေတဲ့ သဘောလောက်ပါပဲ။ ဟိုးအရင် ကနဦး အစကို ပြန်သွားပြီး အသစ်ပြန်လုပ်လို့ ရတာမျိုး မဟုတ်ပါဘူး။ သတ္တဝါတွေရဲ့ ဆင့်ကဲ ပြောင်းလဲခဲ့တဲ့ မျက်လုံးဟာ အဲဒီသတ္တဝါရဲ့ ရှင်သန်ရပ်တည်မှုအတွက် လုံလောက်တဲ့ အထောက်အပံ့ကို ဖြစ်စေပါတယ်။ ဒီကနေ့

ရှင်သန်နေထိုင်ကြတဲ့ သတ္တဝါတွေ အားလုံးလိုလိုမှာ မျက်လုံးတွေ ပါရှိကြပါတယ်။ အဲဒီ မျက်လုံးတွေဟာ ခုန ပြောသွားခဲ့သလိုပဲ များပြားလှတဲ့ အဆင့်တွေကို ကျော်လွန် ဖြတ်သန်းခဲ့တဲ့ ဆင့်ကဲဖြစ်စဉ်ရဲ့ ရလဒ်ပဲ ဖြစ်ပါတယ်။

လူသားတွေရဲ့ ဆန်းပြားရှုပ်ထွေးစွာ ဖွဲ့စည်း တည်ဆောက်ထားတဲ့ မျက်လုံးဟာ ဆင့်ကဲဖြစ်စဉ် သီအိုရီကို ကိုင်လှုပ်နိုင်ခဲ့ခြင်း မရှိပါဘူး။ အမှန်စင်စစ်တော့ မျက်လုံး အပါအဝင် ဇီဝဗေဒ သဘောတရားတွေ အကုန်လုံးမှာ ဆင့်ကဲဖြစ်စဉ် ဆိုတာ မပါဝင်ဘဲ ဖွင့်ဆိုရှင်းလင်းလို့ကို မရပါဘူး။ ဆင့်ကဲဖြစ်စဉ်ဟာ သီအိုရီ တရပ်ပဲ ဖြစ်တယ်ဆိုပြီး အထင်နဲ့ ပြောသယောင် သဘောမျိုးတချို့ တွေက ဆိုချင်ကြပါတယ်။ တကယ်တော့ ဆင့်ကဲဖြစ်စဉ် သီအိုရီဆိုတာဟာ ကမ္ဘာမြေရဲ့ ဆွဲငင်အား သီအိုရီလိုပါပဲ။ လောကဓာတ်သိပ္ပံ ချဉ်းကပ်နည်း တွေနဲ့ လက်တွေ့ သက်သေထူ ထားပြီးသား ပကတိ ဖြစ်ရပ်မှန် အချက်အလက်တွေ ဖြစ်ပါတယ်။ ကမ္ဘာမြေပေါ်က သက်ရှိတွေ အားလုံးဟာ ဆွေမျိုးသားချင်းတွေ ဖြစ်တယ်လို့ ကောက်ချက်ဆွဲပြခဲ့တာဟာ လောကဓာတ်သိပ္ပံနည်းကျ အယူအဆဆိုတာ ထက် ပိုပါလိမ့်မယ်။ မြတ်နိုးကိုးစားခြင်းနဲ့ စိတ်ဓာတ်ခွန်အား ဖြစ်စေတဲ့ အယူဝါဒ လို့လည်း ဆိုနိုင်တယ် မဟုတ်ပါလား။

ကမ္ဘာ့ဖျက် ကပ်ဘေးဆိုးကြီးတွေ

ဆင့်ကဲဖြစ်စဉ်ဟာ ရှေ့အနာဂတ်မှာ ဘာတွေ ဖြစ်ပွားမယ်ဆိုတာကို မသိရှိနိုင်တာကြောင့် သဘာဝ ဘေးအန္တရာယ် ကပ်ဆိုးကြီးတွေကို ရင်ဆိုင်ကြုံတွေ့ လာတဲ့အခါ သက်ရှိသတ္တဝါတွေအနေနဲ့ ရုတ်တရက် ညှိယူပြောင်းလဲ ပေးနိုင်ခဲ့ခြင်း မရှိပါဘူး။ အဲဒါကြောင့် အရင်အခန်းမှာ ခိုင်းနှိုင်းတင်စားခဲ့တဲ့ သက်ရှိ တို့ရဲ့ သစ်ပင်'မှာ ကျိုးပဲ့နေတဲ့ အကိုင်းအခက်တွေ ရှိနေခဲ့ရပါတယ်။ အဲဒီလို 'သက်ရှိတို့ရဲ့ သစ်ပင်' မှာ ကျိုးပဲ့နေတဲ့ အကိုင်းအခက်တွေ၊ သို့မဟုတ် ကမ္ဘာမြေရဲ့ သမိုင်းမှာ မျိုးတုံး ပျောက်ကွယ်သွားခဲ့ရတဲ့ သက်ရှိမျိုးစိတ်တွေဟာ ကမ္ဘာ ဖျက် ကပ်ဘေးဆိုးကြီး ၅ ခုအတွင်း ကျဆုံးခဲ့ကြရသူတွေ ဖြစ်ပါတယ်။

အဲဒီ ကပ်ဘေးဆိုးကြီး ၅ ခုကတော့ အတိုင်းအဆအားဖြင့် အင်မတန်ကြီးမားတယ်လို့ ဆိုရမှာဖြစ်ပြီး သူတို့လောက် မပြင်းထန်တဲ့ ကပ်ဘေးဆိုး ငယ်တွေကြောင့် ကမ္ဘာလောက,ကနေ မျိုးတုံး၊ ပျောက်ကွယ် သွားခဲ့ရတာတွေ လည်း မရှိမဟုတ်၊ ရှိပြန်ပါတယ်။ အဲဒီ ကမ္ဘာဖျက် ကပ်ဘေးဆိုးကြီးတွေဟာ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၅၀၀ အတွင်းမှာ ဖြစ်ပွားခဲ့ကြပြီး အကျိုးဆက်အနေနဲ့ သတ္တဝါမျိုးစိတ်တွေ အများအပြား သေကျေ၊ ပျက်စီးခဲ့ကြရပါတယ်။

ပထမဦးဆုံး ကမ္ဘာဖျက် ကပ်ဘေးဆိုးကြီးကတော့ ပေလီယိုဇိုးဝစ် ခေတ်ရဲ့ အော်ဒိုဗစ်ရှန်ယုဂ်အတွင်း ဖြစ်ပွားခဲ့ပါတယ်။ အချိန်ကာလအား ဖြင့်ဆိုရင် လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၄၄၀ ဝန်းကျင်လို့ ဆိုရပါလိမ့်မယ်။ အဲဒီ အချိန်တုန်းကတော့ ကမ္ဘာမြေရဲ့ သက်တမ်းနဲ့နှိုင်းစာရင် သက်ရှိတွေ ဖြစ်တည်မှုဟာ အစဦးပိုင်းလောက်ပဲ ရှိပါလိမ့်မယ်။ ကမ္ဘာပေါ်မှာ ပထမဦးဆုံး သက်ရှိတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃.၆ ဘီလျံ ဝန်းကျင်မှာ ပေါ်ထွန်းခဲ့တယ်လို့ ခန့်မှန်းကြပြီး အော်ဒိုဗစ် ရှန်ယုဂ်အတွင်းမှာတော့ အရွယ်အစား အတော် အတန် ကြီးမားတဲ့ ရေနေသတ္တဝါ

တွေ ရှိနေခဲ့ပါပြီ။ ကုန်းမြေပေါ်မှာလည်း တချို့သော သတ္တဝါတွေ ကျင်လည်ကျက်စားနေခဲ့ပြီလို့ ဆိုကြပါတယ်။

အဲဒီခေတ်ကာလမှာ ကုန်းမြေတိုက်ကြီးတွေဟာ အလျင်အမြန် ရွေ့လျား ခဲ့ကြပါတယ်။ အဲဒီနောက် ရာသီဥတု ပြောင်းလဲမှုတွေ အကြီးအကျယ် ဖြစ်ပွား စေခဲ့တာကြောင့်လို့ ယူဆရပြီး ကမ္ဘာမြေပေါ်မှာ ရှင်သန်နေထိုင်ကြတဲ့ သက်ရှိ မျိုးစိတ်တွေရဲ့ ၈၅ ရာခိုင်နှုန်း မျိုးတုံး ပျောက်ကွယ်သွားခဲ့ကြပါတယ်။ အဲဒီ အော်ဒိုဗစ်ရှန် ကပ်ဘေးဆိုးကြီးဟာ အဆင့် ၂ ဆင့်နဲ့ ဖြစ်ပွားခဲ့ပါတယ်။ ပထမအဆင့်ကတော့ အပူချိန်တွေ ရုတ်တရက် ကျဆင်းပြီး ကမ္ဘာတလွှားကို ရေခဲနဲ့ ဖုံးလွှမ်းသွားစေခဲ့ပါတယ်။ ပင်လယ်ရေမျက်နှာပြင်တွေ ရုတ်ချည်း ကျဆင်းသွားခဲ့ပြီး များပြားလှတဲ့ ကုန်းနေသတ္တဝါတွေဟာ မကြုံစဖူး ထူးကဲလှ တဲ့ အအေးဒဏ်ကို လိုက်လျောညီထွေ ညှိယူပြောင်းလဲနိုင်စွမ်း မရှိခဲ့ကြပါဘူး။

ဒုတိယအဆင့်မှာတော့ ရေခဲတွေ စတင် အရည်ပျော်ပြီး အပူချိန် ပြန်လည်မြင့်တက်လာတာပါ။ ဒါဟာလည်း အပြုသဘောတော့ မဆောင်ခဲ့ပါဘူး။ ဖြစ်စဉ်ဟာ အတော်ကြီး လျင်မြန်လွန်းလှတာကြောင့် ပင်လယ်ရေမျက်နှာပြင် ရုတ်တရက် မြင့်တက်လာခဲ့ပြီး ပထမအဆင့် ရိုက်ခတ်တုန်းက အသက်ရှင်ကျန်ရစ်ခဲ့တဲ့ သတ္တဝါတွေအတွက် လိုအပ်တဲ့ အောက်ဆီဂျင်တွေကို မရရှိအောင် ဟန့်တားသလို ဖြစ်သွားခဲ့ရပါတယ်။ အဲဒီအခါမှာလည်း သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ ဖြစ်အောင် ညှိယူ ပြောင်းလဲနိုင်စွမ်း မရှိခဲ့ကြတာကြောင့် မျိုးတုံး ပျောက်ကွယ်သွားခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ ရေနေသတ္တဝါမျိုး စိတ်အနည်းအကျဉ်းပဲ ကျန်ရစ်ခဲ့ပြီး တဖြည်းဖြည်း ပြန်လည် တိုးပွားလာတဲ့ အောက်ဆီဂျင် ပမာဏနဲ့ ရှင်သန်နိုင်အောင် အားထုတ်ခဲ့ကြရဟန် တူပါတယ်။

အမေရိကန် သဘာဝသမိုင်းပြတိုက်တွင် ပြသထားသော ထရိုင်လိုဘိုက် ကျောက်ဖြစ်ရုပ်ကြွင်းများ

ဒုတိယကမ္ဘာဖျက် ကပ်ဘေးဆိုးကြီးကတော့ ပေလီယိုဇိုးဝစ်ခေတ်ရဲ့ ဒီဗိုနီယန်ယုဂ်[37] အတွင်းမှာ ဖြစ်ပွားခဲ့ပါတယ်။ အချိန်ကာလအားဖြင့်ဆိုရင်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၇၅ သန်းဝန်းကျင်လို့ ဆိုနိုင်ပါတယ်။ ခါနာတကဗေဒ ပညာရှင်တွေရဲ့ ခန့်မှန်းချက်အရတော့ ပင်လယ်ရေထဲမှာ နေထိုင်ကြတဲ့ သက်ရှိတွေ (အထူးသဖြင့် အပင်တွေ) ဟာ ကုန်းမြေဆီကို ရွှေ့ပြောင်းပေါက် ရောက်တဲ့ အတွက်ကြောင့် ရေထုထဲမှာ အောက်ဆီဂျင် ပမာဏ သိသိသာသာ ကျဆင်းသွားခဲ့တာရယ်၊ ကုန်းမြေပေါ်ကို အပင်တွေ ပေါက်ရောက်တာ များပြားလာတာကြောင့် အောက်ဆီဂျင်ကို လေထုထဲ ထုတ်လွှတ်လိုက်ပြီး ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့တွေကို လျှော့ချနိုင် လိုက်တာ ကြောင့် အပူချိန် ရုတ်တရက် ကျဆင်းသွားတာရယ် ကြောင့်လို့ ဆိုပါတယ်။ အဲဒီလို ရုတ်ချည်း အပြောင်း အလဲတွေကို ရေထဲကရော၊ ကုန်းမြေပေါ်က သက်ရှိ မျိုးစိတ်တွေပါ ခံနိုင်ရည် မရှိခဲ့ကြလို့ မျိုးစိတ်တွေရဲ့ ၈၀ ရာခိုင်နှုန်းနီးပါး မျိုးတုံး ပျောက်ကွယ်သွားခဲ့ ကြပါတယ်။



ဒီဗိုနီယန်ယုဂ်အတွင်းက ဘရိုင်ယိုဇွာ[38] ၊ ခရင်နွိုက်[39] နှင့် ဘရာခီယိုပေါ့[40] ကျောက်ဖြစ်ရုပ်ကြွင်းများ

တတိယ ကမ္ဘာဖျက် ကပ်ဘေးဆိုးကြီးကတော့ ပေလီယိုဇိုးဝစ်ခေတ်ရဲ့ ပါမီယန်ယုဂ်[41] အတွင်းမှာ ဖြစ်ပွားခဲ့ပြီး အချိန်ကာလအားဖြင့်ဆိုရင်တော့ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၅၀ ဝန်းကျင်လို့ ဆိုနိုင်ပါတယ်။ ခါနာတကဗေဒ ပညာရှင်တွေ လေ့လာခဲ့သမျှ မျိုးတုံး ပျောက်ကွယ်သွားမှုတွေထဲမှာ အဆိုးရွား၊ အပြင်းထန်ဆုံး ဖြစ်ပြီး သက်ရှိမျိုးစိတ်တွေရဲ့ ၉၆ ရာခိုင်နှုန်းနီးပါး မျိုးတုံးသွားခဲ့ရပါတယ်။

ထရိုင်လိုဘိုက်[42] ဆိုတဲ့ သတ္တဝါတွေဟာ အခွံမာတွေနဲ့ ဖွဲ့စည်းထားပြီး ပင်လယ်ကြမ်းပြင်မှာ အုပ်စုဖွဲ့ နေထိုင်၊ ကျက်စားကြပါတယ်။ ပုံရိပ်တွေကို ဖမ်းယူနိုင်တဲ့ အမြင်အာရုံ ဖြစ်ပေါ်စေမယ့် မျက်လုံးမျိုး စတင် ပိုင်ဆိုင်ခဲ့ကြတဲ့ သတ္တဝါ မျိုးစိတ်တွေထဲမှာ အပါအဝင် ဖြစ်ပါတယ်။ ထရိုင်လိုဘိုက် သတ္တဝါ တွေဟာ ပင်လယ်သမုဒ္ဒရာ ကြမ်းပြင်အောက်မှာ နှစ်သန်းပေါင်း ၂၇၀ လောက် ကြီးစိုးခဲ့ကြတာပါ။ တချိန်တုန်းက ကမ္ဘာကြီးဟာ ထရိုင်လိုဘိုက် သတ္တဝါတွေ ကြီးစိုးရာဖြစ်ခဲ့ပေမယ့် အခုအချိန်မှာတော့ သူတို့ အားလုံး မျိုးတုံး ပျောက် ကွယ်သွားခဲ့ကြပြီး ဖြစ်ပါတယ်။ သူတို့ထဲက နောက်ဆုံး ကျန်ရစ်ခဲ့ကြတဲ့ မျိုးဆက် တွေကတော့ မကြုံစဖူး ပြင်းထန်လှတဲ့ ပါမီယန် မျိုးတုံး ကပ်ဘေးဆိုးကြီးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

အဲဒီကပ်ဘေးဆိုးကြီး စတင်ခဲ့ရာ ဒေသကတော့ အခုလက်ရှိ ဆိုက်ဘေး ရီးယားပဲ ဖြစ်ပါတယ်။ အခုခေတ် ကျွန်တော်တို့ လူသားတွေ စိတ်ကူးမှန်းဆ ကြည့်လို့ မရနိုင်လောက်အောင် များပြား ပြင်းထန်လှတဲ့ မီးတောင်ပေါက်ကွဲမှု ကြီးတွေ ဆက်တိုက်ဖြစ်ပွားခဲ့တာပါ။ အဲဒီခေတ်တုန်းက ကမ္ဘာမြေကြီးဟာ လည်း အခုလက်ရှိ အခြေအနေနဲ့ အများကြီး ကွာခြားလှပါတယ်။ ကုန်းမြေ ရယ်လို့လည်း တိုက်ကြီးတခုပဲရှိခဲ့ပြီး ပင်လယ်သမုဒ္ဒရာလည်း တခုတည်းပဲ ရှိခဲ့ပါတယ်။

မြေအောက်ကနေ ထွက်ပေါ်လာတဲ့ ချော်ရည်ပူတွေဟာ အခုခေတ် ဥရောပ အနောက်ပိုင်းဒေသ တခုလုံးထက် ပိုမို ကြီးမားကျယ်ပြန့်တဲ့ နေရာတွေကို ဖုံးလွှမ်း သွားခဲ့ပါတယ်။ အဲဒီနောက် ဆက်လက် ဖြစ်ပွားခဲ့တဲ့ မီးတောင်ပေါက်ကွဲ မှုတွေ ဟာလည်း နှစ်ပေါင်းသိန်းနဲ့ချီ ကြာမြင့်ခဲ့ပါတယ်။ အဲဒီအခါ အရည်ပျော် နေတဲ့ ကျောက်သားစိုင်ကြီးတွေဟာ ကျောက်မီးသွေးအလွှာတွေကို လောင်ကျွမ်းစေပြီး ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ ဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လေထုထဲဆီ ထုတ်လွှတ်လိုက်ပါတယ်။ အဲဒီနောက် ကမ္ဘာကြီးဟာ ပိုမို ပူနွေးလာခဲ့ပြီး ပင်လယ် သမုဒ္ဒရာ ရေစီးကြောင်းတွေတောင် ရပ်တန့်ကုန်ပါ တော့တယ်။

အဲဒီနောက် အဆိပ်အတောက်ဖြစ်စေတဲ့ ဘက်တီးရီးယား ပိုးမွှားတွေ လည်း ပေါက်ပွားလာခဲ့ပြီး ပင်လယ်ရေထဲမှာ နေထိုင်ကြတဲ့ သတ္တဝါ အားလုံး လိုလို သေကျေ၊ ပျက်စီးခဲ့ရပါတယ်။ အဲဒီ သေဆုံးကုန်တဲ့ သတ္တဝါတွေရဲ့ ရုပ်ကြွင်း အလောင်းတွေနဲ့ ပုပ်ပွနေတဲ့ ပင်လယ်ရေတွေဟာ ဟိုက်ဒရိုဂျင် ဆာလ်ဖိုဒ် ဓာတ်ငွေ့ တွေကို လေထုထဲဆီ ထပ်မံ ထုတ်လွှတ်လိုက်ပြီး ကုန်းမြေ ပေါ်က သတ္တဝါတွေကိုပါ အသက်ရှုကြပ် သေဆုံးသွားစေတဲ့အထိ များပြားခဲ့ပါ တယ်။ အဲဒါကြောင့် ကမ္ဘာမြေပေါ်က သက်ရှိသတ္တဝါ ၁၀ မျိုးလောက်မှာ ၉ မျိုး လောက် ပျောက်ကွယ်သွားခဲ့ရပါတယ်။ အဲဒီဖြစ်ရပ်ကို ဂရိတ်ဒိုင်းယင်း ကပ်ဘေး ဆိုးကြီး[43] လို့ ခေါ်ဆိုကြပါတယ်။



ဟားဗတ်တက္ကသိုလ် သဘာဝသမိုင်းပြတိုက်မှ ဒိုင်မက်ထရိုဒွန် [44] ကျောက်ဖြစ်ရုပ်ကြွင်း

ကမ္ဘာမြေပေါ်က သက်ရှိသတ္တဝါ အကုန်လုံးနီးပါး မျိုးတုံး ပျောက်ကွယ် လုနီးဖြစ်ခဲ့တဲ့နောက် အရင်ကလို ပြန်လည် ရှင်သန် ခေါင်းထနိုင်ဖို့အတွက် နှစ်ပေါင်း ၁၀ သန်းကျော် အချိန်ယူခဲ့ရပါတယ်။ အဲဒီနောက် ဆင့်ကဲပြောင်းလဲမှု နဲ့ အသစ်ပေါ်ထွန်းလာခဲ့တဲ့ သတ္တဝါမျိုးစိတ်တွေဟာ ပါမီယန် ဟိုလိုကော့စ် ဖြစ်ရပ်အပြီး ကြွင်းကျန်ရစ်ခဲ့တဲ့ သတ္တဝါတွေရဲ့ နေရာကို အစားထိုး ဝင်ရောက် သွားခဲ့ကြပါတော့တယ်။

စတုတ္ထ ကမ္ဘာဖျက် ကပ်ဘေးဆိုးကြီးကတော့ မီဆိုဖိုးဝစ်ခေတ်[45] ရဲ့ ထရိုင်ရာဆစ်ယုဂ်[46] ကုန်ဆုံးခါနီးမှာ ဖြစ်ပွားခဲ့ပြီး အချိန်ကာလအားဖြင့် လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၀၀ ဝန်းကျင်ခန့်လို့ ဆိုနိုင်ပါတယ်။ ရေအောက်မီးတောင်တွေ ပေါက်ကွဲပြီး ကမ္ဘာလုံးအတိုင်းအတာနဲ့ ရာသီဥတု ပြောင်းလဲမှုတွေ ဖြစ်ပွားတာ၊ ပင်လယ်ရေမျက်နှာပြင် အနိမ့်အမြင့်တွေကြောင့် ပေါင်းစပ်ဖြစ်ပွားတာလို့ ပညာရှင်တွေက ယူဆထားကြပြီး သက်ရှိမျိုးစိတ်တွေရဲ့ ထက်ဝက်ကျော်၊ ခန့်မှန်းခြေ ၆၀ ရာခိုင်နှုန်း မျိုးတုံး ပျောက်ကွယ်သွားခဲ့ကြပါတယ်။

ကလီဗာလန် သဘာဝသမိုင်းပြတိုက်တွင် ခင်းကျင်းထားသော ဆီလိုဖိုက်ဆစ်[47] ကျောက်ဖြစ်ရုပ်ကြွင်း

အဲဒီနောက်ကမ္ဘာမြေကို အုပ်စိုးခြယ်လှယ်ခဲ့တဲ့ သတ္တဝါမျိုးစိတ်တွေကတော့ ဒိုင်နိုဆောတွေပဲ ဖြစ်ပါတယ်။ သူတို့ခေတ်မှာတော့ ကမ္ဘာမြေဟာ သူတို့အတွက် ဆိုတာလိုပါပဲ။ ဒိုင်နိုဆောတွေဟာ ကမ္ဘာမြေပေါ်မှာ နှစ်သန်းပေါင်း ၁၅၀ ကျော် ကြီးစိုးခဲ့ကြပါတယ်။ အဲဒီ ဒိုင်နိုဆောတွေကို မျိုးတုံး ပျောက်ကွယ် သွားစေမယ့် ကမ္ဘာဖျက် ကပ်ဘေးဆိုးကြီးကတော့ မီဆိုဇိုးဝစ်ခေတ်ရဲ့ ခရီတေးရှပ်ယုဂ်[48] ကုန်ဆုံးခါနီးမှာ ဖြစ်ပွားခဲ့ပြီး အချိန်ကာလအားဖြင့် လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၅ သန်း ဝန်းကျင်လို့ ခန့်မှန်းကြပါတယ်။

ကာနေဂျီ သဘာဝသမိုင်းပြတိုက်တွင် ပြသထားသော တိုင်ရန်နိုဆောရပ်စ်[49] ကျောက်ဖြစ်ရုပ်ကြွင်း

အဲဒီ ပဋ္ဌမမြောက် ကမ္ဘာဖျက် ကပ်ဘေးဆိုးကြီးကတော့ အရင်တုန်းက အလားတူဖြစ်ရပ်တွေ လောက် ပြင်းထန်ခြင်း မရှိပေမယ့် လူသိအများဆုံး ဖြစ်ပါတယ်။ ကမ္ဘာမြေကို ဧရာမဥက္ကာစိုင်ကြီး ဝင်ရောက် တိုက်ခိုက်မိတာပါ။ ဝင်ရောက်တိုက်ခိုက်မိတဲ့ နေရာကတော့ အခုခေတ် မက္ကဆီကိုပင်လယ်ကွေ့ ရဲ့ ယူကာတန်ကျွန်းဆွယ်[50]ဖြစ်ပါတယ်။ ဥက္ကာစိုင်ကြီး ဝင်ရောက်တိုက်ခိုက်မိပြီး ကျန်ရစ်ခဲ့တဲ့ ချိုင့်ခွက် အရာဟာ ၁၅ ကီလိုမီတာဂန်းကျင် ကျယ်ဝန်းပါတယ်။ အဲဒီလို တိုက်ခိုက်မိတဲ့ ပေါက်ကွဲအားဟာ အဏုမြူဗုံးတွေ ထောင်သောင်းချီပြီး တပြိုင်နက် ပေါက်ကွဲတဲ့ စွမ်းအင် ပမာဏနဲ့ တူညီမှာဖြစ်ပါတယ်။ အဲဒီနောက် ကုန်းမြေအပိုင်းအစ တွေဟာ လေထုထဲမှာ လွင့်မျောနေခဲ့တာကြောင့် နေရောင်ခြည်ကို လပေါင်း အတန်ကြာ မရရှိဘဲ အပင်တွေရဲ့ ဇီဝဖြစ်စဉ်ကို ထိခိုက်တဲ့အတွက် အပင်တွေ သေဆုံးတာတွေ၊ အပင်တွေအပေါ် မှီခိုနေရတဲ့ သတ္တဝါတွေ ထပ်မံသေဆုံးတာ တွေဟာ နောက်ဆက်တွဲ အကျိုးဆက်တွေ ဖြစ်ပါတယ်။ အပူချိန်တွေ ကျဆင်းပြီး တကမ္ဘာလုံး အတိုင်းအတာနဲ့ ဆောင်းတွင်းလိုချည်းပဲ နှစ်ပေါင်းများစွာ ကြာညောင်း မှာဖြစ်ကြောင်းလည်း ပညာရှင်တွေက ဆိုပါတယ်။ အဲဒီ အကြောင်းတရားတွေ ကြောင့်ပဲ ကမ္ဘာပေါ်မှာ နှစ်ပေါင်း သန်း ၁၅၀ ကြီးစိုးခဲ့တဲ့

ဒိုင်နိုဆောသတ္တဝါတွေ အပါအဝင် သက်ရှိမျိုးစိတ်ပေါင်း ၇၅ ရာခိုင်နှုန်း မျိုးတုံး ပျောက်ကွယ်သွားခဲ့ရပါ တယ်။

ဥက္ကာခဲစိုင်များတွင် တွေ့ရှိရသော ပါဝင်ပစ္စည်းများ စက်ဝိုင်းသဏ္ဍာန် တူးဖော်တွေ့ရှိပြီးနောက် အထူးပြုလုပ် ချက်ဖြင့် ပြန်လည် ဖန်တီးထားသည့် ကီလိုမီတာ ၁၅၀ အကျယ်ရှိ ရှစ်ဇူလက်ဘ်ချိုင့်ကြီး[51]

အခုဖော်ပြသွားတဲ့ ကမ္ဘာ့ဖျက် ကပ်ဘေးဆိုးကြီး တွေဟာ သဘာဝတရားရဲ့ ထိုးနှက်ချက်တွေကြောင့် ဖြစ်ပွားခဲ့ရတာပါ။ ဒါပေမယ့် ကျွန်တော်တို့လူသားတွေ ဟာ သက်ရောက်မှု ပြင်းထန်လှတဲ့ ကပ်ဘေးဆိုးကြီး တခုနဲ့ ထပ်မံရင်ဆိုင်ရဖွယ် ရှိနေပါတယ်။ အဲဒါကတော့ သဘာဝအလျောက် ဖြစ်ပွားတာ မဟုတ်ဘဲ ကျွန်တော် တို့လူသားတွေရဲ့ ပယောဂကြောင့်လို့ ဆိုနိုင်ပါတယ်။ လူသားတွေရဲ့ လောင်စာဆီ အလွန်အကျွံ သုံးစွဲမှု တွေကြောင့် ဖန်လုံအိမ်အာနိသင်ရှိတဲ့ ကာဗွန် ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုဟာ စက်မှုတော်လှန်ရေး နောက်ပိုင်းမှာ အဆပေါင်း များစွာ မြင့်တက်သွားခဲ့ပါတယ်။ ကမ္ဘာကြီး ပူနွေးလာတာ၊ ဝင်ရိုးစွန်းဒေသတွေက ရေခဲစိုင်တွေ အရည်ပျော်လာတာ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်

ဟာ ပင်လယ်ရေထဲကို ပျော်ဝင်ပြီး ပင်လယ်ရေကို အက်ဆစ်ဓာတ်မြင့်မားစေတာ ကြောင့်ရေနေသတ္တဝါ တွေရဲ့ ရှင်သန်မှုကို ထိခိုက်လာတာ၊ သစ်တောတွေ ပြုန်းတီးပြီး သက်ရှိသတ္တဝါ တွေအတွက် ရှင်သန်ရပ်တည်ဖို့ခဲယဉ်းလာတာ၊ အဲဒီကနေ သက်ရှိမျိုးစိတ်ပေါင်း များစွာကို မျိုးတုံး ပျောက်ကွယ်သွားစေတဲ့ဖြစ်ရပ်တွေ ဆက်စပ် ဖြစ်ပေါ်လာနိုင် ကြောင်း ပညာရှင်တွေ သတိပေး ပြောဆိုနေခဲ့တာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကတည်းကပါ။ အဲဒီလို မျိုးတုံး ပျောက်ကွယ်သွားမှုတွေ အမှန်တကယ် ဖြစ်ပွား လာခဲ့ရင် ကျွန်တော်တို့ လူသားတွေပါ အဲဒီဖြစ်ရပ်အတွင်း မျိုးတုံးပျောက်ကွယ် သွားမယ့် သတ္တဝါတွေ ဖြစ်ရမှာလား ဆိုတာကိုတော့ အခုလက်ရှိအချိန်မှာ ကျွန်တော်တို့ ဘာတွေ ဆောင်ရွက်ကြမလဲ ဆိုတာကပဲ အဆုံးအဖြတ်ပေးသွားပါ လိမ့်မယ်။

သက်ရှိတို့၏ ရှန်းကန်ခြင်း

ကမ္ဘာမြေပေါ်က သက်ရှိသတ္တဝါတွေဟာ ရှည်လျားလှတဲ့ အချိန်ကာလတွေအတွင်းလောကဓံရဲ့ အထုအထောင်းကို အကြိမ်ပေါင်းများစွာ ခံခဲ့ကြရပါတယ်။ အဲဒါတောင် အခုထက်ထိ ရှင်သန် ရပ်တည် နေနိုင်ကြဆဲပါ။ သူတို့ရဲ့ ဖွဲ့နပဲ ကြီးမားမှုက တကယ့်ကို မင်သက် အံ့သြဖွယ် ဖြစ်ပါတယ်။ ကမ္ဘာမြေပေါ်က တချို့နေရာတွေမှာဆိုရင် ရှင်သန်နိုင်မယ့် သက်ရှိတွေ ရှိလောက်မှာ မဟုတ်ဘူး လို့ ထင်မှတ်ခဲ့ကြပေမယ့် သက်ရှိတွေရဲ့ ရှန်းကန်နိုင်စွမ်းကို အံ့အားသင့်ဖွယ် တွေ့မြင်လာခဲ့ရအပြီး နောက်တကြိမ် ပြန်လည် ရှာဖွေမှုတွေ လုပ်ဆောင်ဖို့ အကြောင်းဖန်လာစေနိုင်ခဲ့တဲ့အထိပါပဲ။

တချို့သော သတ္တဝါတွေဆိုရင် ကျွန်တော်တို့ ဘယ်လိုမှ ထင်မှတ်မထားခဲ့တဲ့ အခြေအနေမျိုးတွေ အောက်မှာတောင် ရှင်သန်နိုင်စွမ်း ရှိကြပါတယ်။ တချို့များဆို ရေဆူမှတ်ရော၊ ရေခဲမှတ်အောက်မှာပါ အသက်ရှင်နေထိုင်နိုင်ကြပါတယ်။ သက်ရှိတွေအတွက် မဖြစ်မနေအရေးပါတဲ့ လိုအပ်ချက်လို့ သတ်မှတ် ထားတဲ့ရေကိုတောင် တစက်မှ မသောက်ပဲ ၁၀ နှစ်လောက် ရှင်သန်နိုင်စွမ်း ရှိကြပြီး အာကာသထဲက ပြင်းထန်တဲ့ ဓာတ်ရောင်ခြည်တွေအကြားမှာ ဘာအကာ အကွယ်မှ ဝတ်ဆင်စရာ မလိုပဲ ရှင်သန်နိုင်သလို ကမ္ဘာမြေဆီ ဘေးရန်ကင်းရှင်း စွာပဲပြန်လည် ရောက်ရှိလာနိုင်ကြပါတယ်။ အဲဒီ သတ္တဝါလေးကိုတော့ တာဒီ ဂရိတ်[52] သို့မဟုတ် ရေဝက်ဝံ လို့ ခေါ်ဆိုကြပါတယ်။

အီလက်ထရွန် မိုက်ခရိုဂရပ်ဖြင့် ရိုက်ကူးထားသည့် တာဒီဂရိတ်

အဲဒီတာဒီဂရိတ် (ရေဝက်ဝံ) လေးတွေဟာ လူသူအရောက်အပေါက် ကင်းမဲ့လှတဲ့ တောင်တန်းတွေနဲ့ ပင်လယ်ရေအောက်က ချောက်ကမ်းပါးနက်ကြီး တွေထဲတင်မက ကျွန်တော်တို့နေထိုင်ရာ အိမ်ရဲ့ နောက်ဖေး ခြံဝင်းထဲမှာပါ မရေမတွက်နိုင်လောက်အောင် အများအပြား ရှင်သန်နေထိုင်ကြပါတယ်။

သူတို့ရဲ့ ကိုယ်ခန္ဓာဟာ အပ်ဖျားထိပ်လောက်ပဲ ရှိတာကြောင့် စာဖတ်သူတော့ သတိထားမိမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ရှင်သန်ရပ်တည်မှုအတွက် သူ့ရဲ့ ရုန်းကန်မှုကတော့ လက်ဖျားခါရလောက်အောင်ကို အံ့သြဖွယ် ဖြစ်ပါတယ်။ အဲဒီ သတ္တဝါလေးဟာ အရင်အပိုင်းမှာ တင်ပြခဲ့တဲ့ ကမ္ဘာ့ဖျက် ကပ်ဘေးဆိုးကြီး၅ ခု စလုံးကို အောင်မြင်စွာပဲ ကျော်လွှားခဲ့ပြီး အခုဆိုရင် သူ့ရဲ့ ရှင်သန်မှု သက်တမ်းဟာ နှစ်သန်းပေါင်း ၅၀၀ ဝန်းကျင် ရှိခဲ့ပါပြီ။

တကယ်လို့များ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေရဲ့ အပြင်ဘက်က တခြားဂြိုဟ်တွေပေါ်မှာရော သက်ရှိတွေများ ဖြစ်တည်ခဲ့မယ်ဆိုရင် ဘယ်လို အမျိုးအစားတွေများ ဖြစ်မှာပါလိမ့်။ ကျွန်တော်တို့ ကမ္ဘာမြေရဲ့ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒနဲ့ လုံးဝ ကွဲပြားခြားနားတဲ့ ဖြစ်တည်မှုမျိုး ရှိနိုင်မလား။ ကျွန်တော်တို့ကမ္ဘာမြေတည်ရှိရာ နေအဖွဲ့အစည်းထဲမှာတော့ အသွင်အပြင်၊ ပုံပန်းသဏ္ဍာန်အားဖြင့် ကမ္ဘာမြေနဲ့ အတော်ကြီး ဆင်တူတဲ့နေရာကို ပြပါဆိုရင် စေတန်ဂြိုဟ်ရဲ့

ဂြိုဟ်ရံလဖြစ်တဲ့ တိုင်တန်ကိုပဲ ပြသရပါလိမ့်မယ်။ ကမ္ဘာမြေလိုမျိုး နိုက်ထရိုဂျင်အများစုနဲ့ ဖွဲ့စည်းထားတဲ့ လေထုလည်း တည်ရှိပြီး ကမ္ဘာ့လေထုထက်တော့ သိပ်သည်းဆ ၄ ဆ လောက် ပိုမိုပါတယ်။ အောက်ဆီဂျင်တော့ လုံးဝ မရှိပါဘူး။ ပျမ်းမျှအားဖြင့် အနုတ် ၁၇၉ ဒီဂရီ စင်တီဂရိတ်၊ သို့မဟုတ် အနုတ် ၂၉၀ ဒီဂရီ ဖာရင်ဟိုက်ဝန်းကျင်အထိ ရှိတတ်တာကြောင့် ကမ္ဘာပေါ်က နေရာ အားလုံးထက် အများကြီး ပိုပြီး အေးစက်လို့ နေပါတယ်။

တိုင်တန်ဂြိုဟ်ရဲ့ မျက်နှာပြင်ကို ရောက်ရှိဖို့ဆိုရင် မြူခိုးတွေကို ကီလိုမီတာနဲ့ချီပြီး အရင် ဖြတ်သန်း ရပါလိမ့်မယ်။ မြေမျက်နှာသွင်ပြင်ကတော့ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေနဲ့နှိုင်းစာရင် အတော်ကြီးကို ထူးဆန်းနေတာမျိုးပါ။ နေအဖွဲ့အစည်းအတွင်းမှာ မိုးရွာသွန်းတဲ့ ဒေသအဖြစ် ကမ္ဘာဂြိုဟ်ပြီး နောက်တနေရာ ဟာ တိုင်တန်ပါပဲ။ ရွာသွန်းတဲ့မိုးရေတွေကြောင့် စီးဆင်းနေတဲ့မြစ်ချောင်းတွေနဲ့ မြစ်ကမ်းပါးတွေလည်း ရှိပါတယ်။ ရေတွေ စုဝေးနေရာ ကန်ကြီးတွေလည်း အရေအတွက် ရာနဲ့ချီပြီး ရှိပါတယ်။ အဲဒီထဲက တချို့ ကန်ကြီးတွေဆိုရင် မြောက်အမေရိကရဲ့ ဆူပီးရီးယားရေကန်[53] ထက်တောင် အရွယ်အစား ကြီးမားပါသေးတယ်။ အဲဒီနောက် အပူချိန်နဲ့ ငွေ့ ရည်ဖွဲ့ပြီး မိုးသားတွေအဖြစ်နဲ့ ပြန်လည် ရွာချပါတယ်။ ပြီးတော့ မြစ်ချောင်းတွေအဖြစ် ပြန်လည် စီးဆင်းပါတယ်။

ဒါပေမယ့် ကမ္ဘာမြေပေါ်က မိုးရေတွေနဲ့ ကွာခြားချက်ကတော့ တိုင်တန်ဂြိုဟ်ရံလပေါ်က မြစ်ချောင်းနဲ့ ကန်တွေဟာ ရေဓာတ်နဲ့ဖွဲ့စည်းထားတာ မဟုတ်ပါဘူး။ မီသိန်းတို့၊ အီသိန်းတို့လို ဓာတ်ငွေ့ ရည်တွေ ဖြစ်ပါတယ်။ ကမ္ဘာမြေပေါ်မှာဆိုရင် မီသိန်းဟာ သဘာဝဓာတ်ငွေ့ အဖြစ် တွေ့ရှိရပါတယ်။ အပူချိန် အများကြီးနိမ့်ကျတဲ့ တိုင်တန်ဂြိုဟ်ရံလ ပေါ်မှာတော့ မီသိန်းကို အရည်အဖြစ်နဲ့ပဲ တွေ့ရပါတယ်။ တိုင်တန်ဂြိုဟ်ရံလ ပေါ်မှာ ရေဓာတ် မရှိဘူးလားဆိုတော့ ရှိပါတယ်။ မီသိန်းတွေ အရည်အဖြစ် စီးဆင်းနေတဲ့ ကမ်းပါးတလျှောက်က ကျောက်စိုင်ကျောက်သားလို မာကျောနေတာတွေဟာ ရေခဲတွေပါပဲ။

အပူချိန် သုညအောက် အနုတ် ၁၀၀ လောက်ရှိတဲ့ တိုင်တန်ဂြိုဟ်ရံလပေါ်မှာ ရေဟာ အရည်အဖြစ် တည်ရှိနေနိုင်ဖို့ အကြောင်းမရှိပါဘူး။ ကားလ် ဆေဂင်

လို ပညာရှင်တွေကတော့ တိုင်တန်ဂြိုဟ်ရံလပေါ်က ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့ ရည် ကန်တွေထဲမှာ ဘယ်လိုသက်ရှိတွေများ ကူးခတ်နေနိုင်မှာပါလိမ့်လို့တွေးဆခဲ့ ဖူး ကြပါတယ်။

အဲဒီလို အခြေအနေမှာ အမှန်တကယ် သက်ရှိရယ်လို့များ ဖြစ်တည်ခဲ့မယ် ဆိုရင် ကျွန်တော်တို့ သိရှိထားခဲ့တဲ့ သက်ရှိပုံစံမျိုးနဲ့ လုံးဝ ကွဲပြားခြားနားတဲ့ သက်ရှိမျိုးတွေ ဖြစ်ပါလိမ့်မယ်။ ကမ္ဘာပေါ်က သက်ရှိ အမျိုးအစားတွေမှာ ရေ ဓာတ်ကို အရည်ပုံစံနဲ့ အခြေပြုထားရပြီး တိုင်တန်ဂြိုဟ်ရံလပေါ်မှာတော့ အဲဒီလို အနေအထား မဟုတ်ပါဘူး။ အဲဒီတော့ လုံးဝ ကွဲပြားတဲ့ ပုံစံတမျိုး ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ အောက်ဆီဂျင်အစား ဟိုက်ဒရိုဂျင် ရှူသွင်းတာမျိုး၊ ကာဗွန်ဒိုင် အောက်ဆိုဒ် အစားမီသိန်းတွေ ရှူထုတ်တာမျိုး၊ သကြားဓာတ်အစား အဆီ တလင်းဓာတ်ပေါင်းကို စွမ်းအင်ရင်းမြစ်အဖြစ် အသုံးပြုတာမျိုးတွေ ရှိချင်ရှိမှာ ပေါ့ လေ။

တိုင်တန်ဂြိုဟ်ရံလရဲ့ ပင်လယ်ပြင်ကြီးကို နက္ခတ္တဗေဒ ပညာရှင်တွေက ခရာကန်ပင်လယ်[54] လို့ အမည်ပေးထားပါတယ်။ ခရာကန်ဆိုတာက နော့စ်လူမျိုး တွေရဲ့ ဒဏ္ဍာရီထဲက ပင်လယ်မိစ္ဆာကောင်ကြီးကို အစွဲပြုထားတာပါ။ အဲဒီ ပင်လယ်ကြမ်းပြင်တွေမှာ ဇီဝကမ္မဖြစ်စဉ် တမျိုးမျိုးနဲ့ သက်ရှိပုံစံ တမျိုးမျိုး ဖြစ် တည်မလားဆိုတာကို သိရှိလိုတယ် ဆိုရင်တော့ နှစ်ပေါင်းများစွာ သုတေ သနပြု လေ့လာပြီးမှပဲ သိရှိနိုင်ပါလိမ့်မယ်။



၂၀၀၆ ခုနှစ်တွင် နာဆာ၊ ဥရောပ အာကာသ အေဂျင်စီနှင့် အီတလီ အာကာသ အေဂျင်စီတို့ ပူးပေါင်း လွှတ်တင်ခဲ့သော ကတ်ဆီနီ အာကာသယာဉ်[55] မှ ရိုက်ကူးပေးပို့ခဲ့သည့် တိုင်တန်ဂြိုဟ်ရံလပေါ်မှ ခရာကန် ပင်လယ်

တိုင်တန်ဂြိုဟ်ရံလပေါ်မှာ သက်ရှိတွေဖြစ်တည် နေ၊ မနေ ဆိုတာကို ဘယ်သူမှ တပ်အပ်မပြောနိုင် ကြသလို ကမ္ဘာမြေပေါ်မှာလည်း သက်ရှိတွေ ဘယ်လို စတင်ဖြစ်တည်လာခဲ့ကြတယ် ဆိုတာကို ဘယ်သူမှ အတိအကျ မပြောနိုင်သေးပါ

ဘူး။ အဲဒီလို သက်ရှိတွေစတင် ဖြစ်တည်ခဲ့တဲ့ ခေတ်ကာလတုန်းက သက်သေ၊ အထောက်အထား တွေဟာလည်း ဆွေးမြေ့တိုက်စားခံရလို့ အခုအခါ ပျောက်ပျက်ကုန်ပြီး ဖြစ်ပါတယ်။ လောကဓာတ်သိပ္ပံပညာ ဆိုတာဟာ သိခြင်းနဲ့ မသိခြင်းတို့ အကြား နယ်ပယ်တွေမှာ လေ့လာကြတာပါ။ မသိရှိသေးတဲ့ အကြောင်း အရာတွေကိုလည်း မသိရှိပါကြောင်းဝန်ခံဖို့ ဘာမှ မခဲယဉ်းပါဘူး။ ဒါကလည်း မသိသေးတာကို မသိပါကြောင်း ရိုးရိုးသားသား ဝန်ခံတာပဲဖြစ်ပြီး ရှက်စရာမှ မဟုတ်တာပဲ။ မေးမြန်းစိစစ်လာသမျှ အကြောင်းအရာတွေကို အကုန် ဖြေရှင်းနိုင်ပါတယ် ဆိုပြီး ဟန်ဆောင် လိမ်ညာ တာကမှ တကယ့်ရှက်စရာ ဖြစ်ပါလိမ့်မယ်။

အခုဒီစာအုပ်ကို ဖတ်ရှုနေတဲ့ ကလေးငယ်တွေထဲတောင် နောင်အခါမှာ သိပ္ပံပညာရှင်ကြီးတွေ ဖြစ်လာပြီး ကမ္ဘာပေါ်မှာ သက်ရှိတွေ ဘယ်လို ဖြစ်တည်လာခဲ့တယ်ဆိုတာဖြေရှင်းပေးနိုင်တာမျိုးတောင် ဖြစ်ကောင်း ဖြစ်လာ နိုင်ပါတယ်။ ကမ္ဘာမြေပေါ်က အဏုဇီဝ ပိုးမွှားတွေဆီမှာ တွေ့ရှိရတဲ့ သက်သေ၊ အထောက် အထားတွေအရဆိုရင် သူတို့ရဲ့ ဘိုးဘေးမျိုးစိတ်တွေဟာ မြင့်မားတဲ့ အပူချိန် အောက်မှာ နေထိုင်ရတာ ပိုပြီး နှစ်ခြိုက်ကြဟန် ရှိပါတယ်။ ကမ္ဘာမြေပေါ်က ကနဦး သက်ရှိတွေဟာလည်း မီးတောင်ချော်ရည်ပူတွေ၊ ပင်လယ်ရေအောက် မီးတောင်တွေရဲ့ အနီးဝန်းကျင်မှာ စတင်ခဲ့တာ အဖြစ်နိုင်ဆုံးပါပဲ။ ကျွန်တော်တို့ လူသားတွေ ဆိုတာဟာ အဲဒီလို စတင် ဖြစ်တည်လာခဲ့တဲ့ သက်ရှိမျိုးစိတ်တွေရဲ့ နှစ်သန်းပေါင်း ၄,၀၀၀ ကျော် ဆင့်ကဲ ပြောင်းလဲ လာခြင်း ရလဒ်ပဲ ဖြစ်ပါတော့တယ်။

ကြောက်စိတ်ကို ကျော်လွန်၍

ခမ်းနားဆန်းကြယ်လှတဲ့ ကမ္ဘာလောကကြီးထဲကို ကျွန်တော်တို့ လူသားတွေ မွေးဖွားလာကြပါတယ်။ အဲဒီလို မွေးဖွားလာခဲ့တဲ့ အချိန်တည်းက ကမ္ဘာလောကရဲ့ ဆန်းကြယ်မှုတွေဟာ ကျွန်တော်တို့ကို တချိန်လုံး ခြောက်လှန့်လို့ နေခဲ့ပါတယ်။ ကျွန်တော်တို့ လူသားတွေဟာ ကြယ်တာရာတွေ လွှမ်းခြုံထားတဲ့ ကမ္ဘာဂြိုဟ် ခေါ်ကျောက်စိုင်ကျောက်သား ဂြိုဟ်သိမ်တခုမှာ နိုးထလာခဲ့ကြတာပါ။ မျက်စိ သူငယ်၊ နားသူငယ်နဲ့ သူတပါးအိမ်ရှေ့မှာ အသိပေးစာ မပါဘဲ လာရောက်စွန့်ပစ်ခံခဲ့ရတဲ့ မိဘမဲ့ ကလေးငယ်လိုမျိုးပါပဲ။ ကျွန်တော်တို့ရဲ့ မူလဇာတိ ဘယ်သူ၊ ဘယ်ဝါ ဆိုတာတွေကို မိမိဘာသာ စူးစမ်း လေ့လာယူခဲ့ကြရပါတယ်။

အဲဒီလို လေ့လာယူနိုင်ဖို့အတွက် လူသားတွေရဲ့ အားသာချက်ကတော့ အသိဉာဏ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် ဖြစ်စဉ်တွေကို ဆက်စပ် မှတ်သား မိခြင်းပါပဲ။ ရှည်လျားလှတဲ့ ဆင့်ကဲဖြစ်စဉ်အတွင်းမှာ တဖြည်းဖြည်း ထက်မြက် စူးရှလာခဲ့တဲ့ အရည်အသွေးလည်း ဖြစ်ပါတယ်။ ဘယ်သတ္တဝါကတော့ဖြင့် ကျွန်တော်တို့ကို ဖမ်းဆီး စားသောက်လိမ့်မယ်၊ ဘယ်အပင်ကဖြင့် အဆိပ်ရှိတယ်၊ ဘယ်အပင်ကတော့ အာဟာရ ပေးစွမ်းနိုင်တယ် ဆိုပြီး ခွဲခြမ်းစိတ်ဖြာ၊ မှတ်သား နိုင်စွမ်းရှိသူတွေဟာ ရှင်သန် မျိုးပွားဖို့ အခွင့်အလမ်း ပိုများခဲ့ပါတယ်။ အဲဒီလို ရှင်သန် မျိုးပွားဖို့အတွက် အားသာချက်တွေကို မျိုးရိုးဗီဇအရ လူသားမျိုးနွယ် အဆက်ဆက် လက်ဆင့်ကမ်းခဲ့ကြပါတယ်။

အဲဒီ လူသားမျိုးနွယ် အဆက်ဆက်ဟာ ဆက်စပ် မှတ်သားခြင်းတွေကို ဘယ်လိုများ လေ့လာခဲ့ကြ ပါသလဲ။ နေ့ခင်းဘက်မှာ အမဲလိုက်၊ သစ်သီးခူးပြီး ညဘက်မှာတော့ မြေပြင်ကို ကျောခင်းရင်း ကောင်းကင် ပြင်ကြီးကို ငေးမောကြည့်တော့ အရောင်မှိတ်တုတ်နဲ့ လင်းလက်နေတဲ့ ကြယ်တာရာတွေကို နီးစပ်ရာ အရုပ်

ဆက်ကြည့်တဲ့အခါ သူတို့ မြင်ဖူးတွေ့ဖူးပြီးသား ပုံသဏ္ဍာန်တွေ ထင်ဟပ် လာပါတယ်။ အဲဒီနောက် ကြယ်တာရာတွေ အသွင်အပြင် ပြောင်းလဲတဲ့အခါ ကမ္ဘာမြေပြင်ပေါ်မှာ ရာသီဥတုတွေ ကူးပြောင်းသွားတာနဲ့ ဆက်စပ်တွေးတောမိ ကြပြီး တစုံတရာကများ သူတို့ကို သတင်းပေးပို့နေတာလားလို့ ထင်မှတ်ခဲ့ကြပါ တယ်။ ဘယ်အချိန်မှာ စခန်းချ၊ ရပ်နားရမယ်၊ ဘယ်အချိန်မှာ ရွှေ့ဆက် ခရီးထွက်ရမယ်၊ အမဲလိုက်ပြီး အစားအစာအတွက် မိမိတို့မှီခိုနေတဲ့ တိရစ္ဆာန်အုပ်တွေဟာ ဘယ်တော့ ပြောင်းရွှေ့ ကျက်စားတော့မယ်၊ ဘယ်တော့ မိုးရွာမယ်၊ နှင်းကျမယ် ဆိုတာတွေကို ပြောပြနေတယ်လို့ မှတ်ယူခဲ့ကြပါတယ်။

အဲဒီလို ကောင်းကင်က ကြယ်တာရာတွေရဲ့ ပြောင်းလဲမှုနဲ့ မြေပြပင်ပေါ်က ရာသီစက်ဝိုင်းတွေရဲ့ ပြောင်းလဲမှုတွေ အကြား ဆက်စပ်မှုကို ဆဝါးကြည့်တဲ့အခါမှာ အထက်ကောင်းကင်က တစုံတရာဟာ ကျွန်တော်တို့ မြေပြင်ဆီက အရာတွေအပေါ်အမိန့်ထုတ်ပြန်နေသယောင် သဘာဝကျစွာပဲ ကောက်ချက်ဆွဲယူ လိုက်ကြပါတယ်။

တကယ်လည်း သဘာဝကျတယ်မဟုတ်လား။ တကယ်လို့များ ကောင်းကင်ပြင်က ကြယ်တာရာ တွေရဲ့ ပုံပန်းသဏ္ဍာန်ဟာ မြေပြင်ပေါ်က အကြောင်းအရာတွေနဲ့ ဆက်စပ်ကြည့်လို့ ရမယ်ဆိုရင် ဒါဟာ အမှာစကား တခုခု ဖြစ် လိမ့်မယ်လို့ ဆိုနိုင်တာပဲလေ။

အဲဒီနောက် ခါတိုင်းလိုပဲ ညဘက်မှာ မော့ကြည့်နေကျ ကောင်းကင်ပြင်ဟာ တနေ့မှာတော့ ထူးခြားတဲ့ အရာတွေ ထွက်ပေါ်လာပါတယ်။ အဲဒီအခါမှာ တွေ့မြင်ရသူတွေဟာ ထိတ်လန့်တကြား ဖြစ်ကုန်ကြပါ တော့တယ်။ သူတို့ကို စိုးရိမ်ထိတ်လန့် စေတာကတော့ ကြယ်တံခွန်ပါပဲ။ အဲဒီ ထွက်ပေါ်လာတဲ့ ကောင်းကင်ယံက ကြယ်တံခွန်ဟာ တစုံတရာကို ကိုယ်စားပြုမယ်ဆိုရင် မြေပြင်ပေါ်မှာလည်း ခါတိုင်းနဲ့မတူ ထူးခြားတဲ့ ဖြစ်ရပ်တွေ ဖြစ်ပွားတော့မယ်လို့ ဆက်စပ်ယူလိုက်ကြပါတယ်။ ဒါဟာလည်း သူတို့အပြစ်တော့ မဟုတ်ပြန်ပါဘူး။ အဲဒီခေတ် ကာလတုန်းက ဒီလို အဓိပ္ပာယ်ဖွင့်ဆိုချက်ထက် ပိုပြီး ယုတ္တိရှိတာမျိုးလည်း ဘယ်သူမှ မတွေးနိုင်ခဲ့ ကြဘူးလေ။

အဲဒီခေတ်ကာလ ဆိုတာက ကမ္ဘာမြေဟာ တိမ်းစောင်းနေတဲ့ ဝင်ရိုးပေါ်က နေ နေကို လှည့်ပတ် နေတယ်လို့ လူသားတွေ မသိရှိခင် လွန်ခဲ့တဲ့ နှစ်ပေါင်း မြောက်မြားစွာ ဆိုတဲ့ အချိန်တုန်းကလို့ ဆိုလိုတာပါ။ ကမ္ဘာပေါ်မှာ ပေါ်ထွန်း လာခဲ့သမျှ လူ့အဖွဲ့ အစည်းတိုင်းဟာလည်း အဲဒီလို ဆက်စပ်တွေးခေါ်မှု အမှား အယွင်း တွေကို တူညီစွာပဲ ကျူးလွန်ခဲ့ကြပါတယ်။ ကြယ်တံခွန်ဆိုတာဟာ နတ်ဘုရားတွေ သို့မဟုတ် ကောင်းကင်က တစုံတရာသော တန်ခိုးရှင်၊ ဘုရားသခင် ဆိုသူက ပေးပို့လိုက်တဲ့ အမိန့်ပြန်တမ်း တရပ်လို့ မှတ်ယူခဲ့ကြပါတယ်။ အဲဒီ အမိန့်ပြန်တမ်း ဆိုတာဟာလည်း သူတို့အတွက် သတင်းကောင်းတော့ မဟုတ်ခဲ့ပါဘူး။

စာဖတ်သူဟာ အက်ဖ်တက်၊ အင်္ဂလိုဆက်ဆွန်၊ ဘေဘီလုံ၊ ဟိန္ဒူ ဘယ်ဒေသ၊ ဘာလူမျိုးပဲ ဖြစ်ပါစေ၊ အရေးမကြီးပါဘူး။ သူတို့တွေအားလုံးရဲ့ အယူအဆကတော့ ကြယ်တံခွန်ဆိုတာဟာ ကံဆိုးမိုးမှောင် ကျရောက် ခြင်းရဲ့ အတိတ်နိမိတ်ပါပဲ။ သူတို့တွေရဲ့ အယူအဆတွေမှာ ကွဲပြားတာဆိုလို့ ကျရောက်လာမယ့် အနိ ဋ္ဌာရုံတွေရဲ့ သဘော၊ သဘာဝ ခြားနားခြင်းပဲ ဖြစ်ပါလိမ့်မယ်။ ကံဆိုးမိုးမှောင် ကျရောက်ခြင်း၊ မကောင်းမှု အနိဋ္ဌာရုံ ဆိုတဲ့ အင်္ဂလိပ် ဝေါဟာရ Disaster ဆိုတာ ကိုက ဂရိဘာသာစကားနဲ့ ကြယ်တာရာဆိုး Bad Star ဆိုတဲ့ အဓိပ္ပာယ်ကနေ ဆင်းသက်လာတာ ဖြစ်ပါတယ်။

အာဖရိက အရှေ့ဘက်ပိုင်းက မက်ဆိုင်လူမျိုးတွေ အတွက်တော့ ကြယ်တံခွန်ဟာ အစာရေစာ ငတ်မွတ် ခေါင်းပါးခြင်း ဖြစ်ပါတယ်။ အာဖရိကတောင်ပိုင်း ဒေသက ဇူးလူးလူမျိုးတွေ အဖို့တော့ စစ်မက် ဖြစ်ပွားခြင်းပါ။ အာဖရိက အနောက်ဘက်ပိုင်းက အစ်ဟပ်ဂ်လူမျိုးတွေ အတွက်ဆိုရင်တော့ ကြယ်တံခွန်ဟာ ရောဂါဘယတွေ ဖြစ်ပွားခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဇိုင်ယာနိုင်ငံက ဂျာဂါလူမျိုးတွေ ဆိုရင် ကြယ်တံခွန်ဟာ ရေကျောက်ရောဂါလို့ အတိအကျတောင် ဖွင့်ဆိုကြပါသေး တယ်။ သူတို့နဲ့ အိမ်နီးချင်းဖြစ်တဲ့ လူးဘားလူမျိုးတွေကတော့ ကြယ်တံခွန်ကို ခေါင်းဆောင် တယောက် ကွယ်လွန်ခြင်းရဲ့ ရှေ့ပြေးနိမိတ်ရယ်လို့ မှတ်ယူကြပါ တယ်။

ကြယ်တံခွန်နဲ့ ပတ်သက်ပြီး မှတ်တမ်းမှတ်ရာတွေမှာတော့ တရုတ်လူမျိုးတွေရဲ့ ပေပုရပိုက်တွေက စနစ်တကျ ရှိလှပါတယ်။ ခရစ်တော်မပေါ်ခင် နှစ်ပေါင်း ၁,၄၀၀ လောက်တည်းက ကြယ်တံခွန်နဲ့ ပတ်သက်ပြီး မှတ်တမ်း တင်ထားခဲ့ကြတာပါ။ ကြယ်တံခွန်ရဲ့ အမြီးမှာ သုံးမြောင်းကွဲနေမယ်ဆိုရင် နိုင်ငံနဲ့အဝှမ်း မငြိမ် မသက်မှု တွေနဲ့ စစ်မက်ဖြစ်ပွားမှုတွေ စတင်တော့မယ်လို့ မှတ်ယူခဲ့ကြပါတယ်။ အကြောင်းအရာတွေကို ဆက်စပ် ကောက်ချက်ဆွဲမှုတွေနဲ့ ပတ်သက်လို့ လူသားတွေရဲ့ အသိဉာဏ်ဟာ အသွားနှစ်ဖက်ပါ ဓားလိုပါပဲ။ အဖြစ်အပျက် နှစ်ခုဟာ ဆက်စပ်မှု မရှိပါပဲနဲ့တောင် အမှန်တကယ် ဆက်စပ်နေသယောင် ယူဆလာခဲ့ကြတဲ့အထိ အင်အား ကောင်းလာခဲ့တယ်လို့လည်း ဆိုနိုင်ပါတယ်။ အဲဒီ ဖြစ်စဉ်တွေကိုတော့ မှားယွင်း ဆက်စပ်မိခြင်းရယ်လို့ ကျွန်တော်တို့ ခေါ်ဆိုကြပါတယ်။

ကျွန်တော်တို့ လူသားတွေဟာ မိမိတို့ရဲ့ ဖြစ်တည်မှုနဲ့ ပတ်သက်ပြီး အထူးဝိသေသ၊ လက္ခဏာ တမျိုးမျိုးကို စကြဝဠာ ကမ္ဘာလောကနဲ့ချိပြီး ရှာဖွေတွေ့ရှိဖို့ အလွန်ပဲစိတ်အားထက်သန် ခဲ့ကြပါတယ် (ထက်သန်နေဆဲလည်း ဖြစ်ပါတယ်)။

ကမ္ဘာမြေအနီးကို ကြယ်တံခွန် ဖြတ်သန်းသွားတာ၊ ပေါင်မုန့်မီးကင်ပေါ်မှာ ခရစ်တော်ရဲ့ မျက်နှာ ပုံသဏ္ဌာန် ထင်လာတာ စသဖြင့် မိမိတို့ရဲ့ အမြင်အာရုံတွေနဲ့ အသိဉာဏ်တွေကို ကိုယ်တိုင် လှည့်စားမိတဲ့ အထိပဲ ဆိုပါတော့။ ဒီကနေ့မှာတော့ ကြယ်တံခွန်ဆိုတာ ဘာလဲ၊ သူတို့တွေကို ဘယ်လို အရာဝတ္ထုတွေနဲ့ ဖွဲ့စည်းထားသလဲ၊ သူတို့ ဘယ်လမ်းကြောင်းတွေအတိုင်း သွားလာနေကြသလဲဆိုတဲ့ အကြောင်းတွေကို ကျွန်တော်တို့ သေချာစွာ သိရှိထားခဲ့ကြပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ကမ္ဘာမြေအပါအဝင် ကျန်တဲ့ဂြိုဟ်တွေပါ လှည့်ပတ်နေကြတဲ့နေနဲ့ အလင်းနှစ် ၁ သန်း အကွာလောက်မှာ ဂြိုဟ်အဖြစ်ပေါင်းစည်းမသွားခဲ့တဲ့ ဥက္ကာခဲတွေနဲ့ ရေခဲစိုင်တွေ အများအပြား ဖြစ်တည်လို့ နေပါတယ်။ ကျွန်တော်တို့ ရဲ့ နေအဖွဲ့အစည်းလို ဖြစ်တည်မှုအတွက် အရံအနေနဲ့ တည်ရှိနေတဲ့ အရာဝတ္ထု တွေ ဖြစ်ပါတယ်။ အဲဒီ အရပ်ကို အော့တ်အဝန်းအဝိုင်း[56]လို့ ခေါ်ဆိုကြပြီး ၁၉၅၀ ခုနှစ်လောက်က ဒတ်ချ်လူမျိုး နာမည်ကျော် ရူပဗေဒပညာရှင် ဂျန်အော့တ်[57] ကို အစွဲပြု မှည့်ခေါ်ထားတာပါ။ အော့တ်ဟာ လူသားတွေ လိပ်ခဲ တည်း

လည်း ဖြစ်နေခဲ့တဲ့ ဝိရောဓိတရပ်ကို ပြေလည်စေခဲ့သူဖြစ်ပါတယ်။ အဲဒီဝိရောဓိ ဟာ ကြယ်တံခွန် တွေနဲ့လည်း ဆက်စပ်လို့ နေပါတယ်။

ကြယ်တံခွန်တစင်းရဲ့ ပျက်စီးသွားပုံဟာ အမျိုးမျိုး ဖြစ်နိုင်ပါတယ်။ ဂြိုဟ်တစင်းစင်းရဲ့ ပတ်လမ်းထဲကို ရောက်ရှိသွားခဲ့ပြီး ဝင်တိုက်မိတဲ့အခါမှာလည်း ပျက်စီးသွားနိုင်ပါတယ်။ ကြယ်တံခွန်တွေကို ရေခဲ အမှုန်များစုနဲ့ ဖွဲ့စည်း ထားတာ ကြောင့် နေရဲ့ အနီးဝန်းကျင်ကို ရောက်ရှိလာတဲ့အခါတိုင်းမှာ အစိတ်အပိုင်း အနည်းငယ် အငွေ့ ပျံသွားလေ့ရှိပါတယ်။ အဲဒီလို အကြိမ်ပေါင်း ထောင်နဲ့ချီပြီး လှည့်ပတ်မိတဲ့ အခါမှာ ကြယ်တံခွန်ကို ပါဝင် ဖွဲ့စည်း ထားတဲ့ ရေခဲတွေလည်း အကုန်ကုန်သွားမှာ ဖြစ်ပါတယ်။ အဲဒါဆိုရင်တော့ ကြယ်တံခွန် မဟုတ်တော့ပဲ ဥက္ကာပျံ လိုမျိုးပဲ ဖြစ်သွားပါလိမ့်မယ်။ နောက်ပြီး ကြယ်တံခွန်တွေ နေကို လှည့် ပတ်နေတာဟာ ဘဲဥပုံသဏ္ဍာန် ပတ်လမ်း အတိုင်း ဖြစ်ပါတယ်။ အဲဒီ ဘဲဥ ပုံသဏ္ဍာန် ပတ်လမ်း ဟာလည်း တဖြည်းဖြည်း ရှည်ထွက်လာပြီး နေအဖွဲ့အစည်းရဲ့ ဆွဲငင်အားကို လွန်ဆန်သွားတဲ့အခါမှာ အာကာသ၊ စကြဝဠာထဲကိုလည်း အဆုံးမရှိ လွင့်စင် ထွက်သွားနိုင်ပါတယ်။ အခုအချိန်အထိတော့ ကြယ်တံခွန်တွေ ကို မြင်တွေ့ နေရဆဲပါပဲ။

အော့တ် အပါအဝင် နက္ခတ္တဗေဒ ပညာရှင်တွေဟာ အဲဒီ ကြယ်တံခွန်တွေ ဘယ်ကနေ ဘယ်လို ရောက်ရှိ လာကြပါလိမ့်လို့ စူးစမ်းခဲ့ကြပါတယ်။ ကြယ်တံခွန်တွေ ထွက်ပေါ်လာတဲ့အချိန်ကို အခြေခံပြီး အော့တ်ရဲ့ တွက်ချက်မှုအရ ဆိုရင် နေကို အလင်းနှစ် အနည်းငယ် အကွာကနေ လှည့်ပတ်နေတဲ့ ဘဲဥပုံ ပတ်လမ်း ကြီး တခု ရှိရမယ်လို့တော့ ခန့်မှန်းထားကြပါတယ်။ အော့တ်ရဲ့ သီအိုရီဟာ ကြယ်တံခွန်တွေ၊ နေအဖွဲ့အစည်းတွေ အကြောင်း လူသားတွေ ပိုမိုနားလည်စေခဲ့ပြီးတဲ့ နောက် ဆယ်စုနှစ်ပေါင်း များစွာ ဆက်လက် တည်မြဲနေဆဲပါပဲ။ အော့တ် ပြောသွားခဲ့တဲ့ ပတ်လမ်းကို ဘယ်သူမှ မတွေ့မြင်ဖူးခဲ့ကြပါဘူး။ မြင်လည်း မမြင်နိုင်ပါဘူး။ အဲဒီ အရပ်ဒေသမှာ ဆိုရင် အရာအားလုံးဟာ အမှောင်ထု အတိပြီးလို့ နေပါတယ်။ ကြယ်တံခွန်တွေ တစင်းနဲ့ တစင်း အနီးကပ်ဆုံး ရောက်ရှိလာခဲ့တဲ့ အကွာအဝေးဟာလည်း ကမ္ဘာမြေနဲ့ စေတန်ဂြိုဟ်လောက် အလှမ်းဝေးလှပါတယ်။

လောကဓာတ် သိပ္ပံပညာဟာ ကျွန်တော်တို့ လူသားတွေကို အစွမ်းသတ္တိတရပ် ပေးအပ်ခဲ့ပါတယ်။ အဲဒါကတော့ ရှေ့အနာဂတ်ကို ကြိုတင်ဟောကိန်း ထုတ်နိုင်မှုပါ။ အဲဒါကြောင့်ပဲ အော့တ်ဟာ ကြိုတင် ဟောကိန်း တရပ်ကို အခိုင်အမာ ထုတ်နိုင်ခဲ့ပါတယ်။ ကြယ်တာရာ အစုအဝေးတွေရဲ့ အလယ်ဗဟိုနဲ့ ကျွန်တော်တို့ နေအဖွဲ့ အစည်းနဲ့ အကွာအဝေးကို မှန်ကန်အောင် ခန့်မှန်းနိုင်ခဲ့တာလည်း သူပါပဲ။ အဲဒီခေတ်ကာလ တုန်းကဆိုရင် နဂါးငွေ့တန်း ဂလက်ဆီအတွင်း ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေရဲ့ တည်နေရာကို တပ်အပ်ပြောနိုင်တယ် ဆိုတာဟာ တကယ့်ကို ရောမ တွေ့ ရှိချက်ကြီးလည်း ဖြစ်ပါတယ်။



1 AU ဆိုသည်မှာ နေနှင့် ကမ္ဘာ အကွာအဝေးကို ဆိုလိုသည်

ကျွန်တော်တို့ကမ္ဘာမြေ တည်ရှိရာ နေအဖွဲ့အစည်းဟာဆိုရင် နဂါးငွေ့တန်း ဂလက်ဆီရဲ့ အလယ်ဗဟိုနဲ့ အလင်းနှစ် ၃၀,၀၀၀ ဝန်းကျင် အကွာမှာ တည်ရှိပါတယ်။ အဲဒီလို ဝဲကတော့ ပုံသဏ္ဍာန် ရှိတဲ့နဂါးငွေ့တန်း ဂလက်ဆီရဲ့ တည်ရှိမှုကို ရေဒီယို တယ်လီစကုပ်နဲ့ ကြည့်ရှု ရှာဖွေနိုင်ခဲ့သူဟာလည်း အော့တ်ပဲ ဖြစ်ပါတယ်။ ဂလက်ဆီတွေရဲ့ အလယ်ဗဟိုမှာဆိုရင် အင်မတန် ပြင်းထန်လှတဲ့ ပေါက်ကွဲမှုကြီးတွေ ဖြစ်ပွားနေတာကိုလည်းတွေ့ ရှိခဲ့ပြီး အင်မတန် ဆွဲငင်အား ပြင်းထန် တဲ့ ရောမတွင်းနက်ကြီးတွေလည်း တည်ရှိလိမ့်မယ်လို့ သူက ခန့်မှန်းခဲ့ပါတယ်။ ဒီကနေ့ခေတ်မှာဆို ကမ္ဘာကျော် စိတ္တဇ လူသတ်သမားတွေရဲ့ နာမည်တွေကို အများ

ပြည်သူတွေ အကျွမ်းတဝင် ရှိကြပြီး ဂျန်အော့တ်ရဲ့ နာမည်ကိုတော့ သိရှိသူ အတော် နည်းပါလိမ့်မယ်။

အော့တ်ပတ်လမ်းဟာ အလင်းနှစ်သန်းနဲ့ချီပြီး ကျယ်ဝန်းလှတာကြောင့် ကြယ်တံခွန်တွေ နေကို လှည့်ပတ်နေတာ တပတ်ပြည့်ဖို့အတွက် နှစ်ပေါင်းသန်းနဲ့ ချီပြီးတောင် ကြာမြင့်နိုင်ပါတယ်။ နေအဖွဲ့အစည်းရဲ့ အစွန်အဖျားကိုရောက်ရှိနေကြတဲ့ကြယ်တံခွန်တွေဆိုရင် အနီးဝန်းကျင်က ကြယ်တာရာ တစင်းစင်းရဲ့ ဆွဲငင်အားကြောင့် လက်ရှိ နေအဖွဲ့ အစည်းရဲ့ အပြင်ဘက်ကိုလည်း ရောက်ရှိသွား နိုင်ပါတယ်။ ဒါမှမဟုတ်လည်း အာကာသထဲကို အဆုံးမရှိထွက်သွားနိုင်ပါတယ် (တခြားကြယ်တာရာတစင်းစင်းရဲ့ ဆွဲငင်အားအတွင်း မရောက်မချင်းပေါ့လေ)။တချို့ ကြယ်တံခွန်တွေကတော့ အတွင်းဘက်ပိုင်းကို ကျရောက်တဲ့အတွက် သူ့မှာ ပါဝင်ဖွဲ့စည်းထားတဲ့ရေခဲတွေ မကုန်မချင်း လှည့်ပတ်နေမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နေအဖွဲ့အစည်းအတွင်းက ကြယ်တံခွန်တစင်းဆိုရင် အဲဒီလို လှည့်ပတ်နေခဲ့တာ နှစ်ပေါင်းသိန်းသန်းချီနေခဲ့ပါပြီ။ အဲဒီ ကြယ်တံခွန်ဟာ နက်ပ်ကျွန်းဂြိုဟ်ရဲ့ ဆွဲငင်အားကြောင့် လမ်းကြောင်း အနည်းငယ် တိမ်းစောင်း သွားခဲ့သလို ထုထည် အကြီးမားဆုံးဖြစ်တဲ့ ဂျူပီတာဂြိုဟ်ကြောင့်လည်း လမ်း ကြောင်း ကွေးယိုင်သွားခဲ့ရပါတယ်။ ကြယ်တံခွန်ဟာ နေအဖွဲ့အစည်းရဲ့ အတွင်းပိုင်း ဝင်ရောက်လာတဲ့ အခါမှာတော့ နေရဲ့ အပူချိန်နဲ့ မီးပြင်းတိုက်ခြင်းခံရပြီး အင်မတန် လှပတဲ့ပြောင်းလဲမှုတရပ် ဖြစ်သွားခဲ့ပါတယ်။ မဲညစ်ညစ်နဲ့ ဆွဲဆောင်မှု ကင်းမဲ့လှတဲ့ရေခဲပြင်အတိ ကြယ်တံခွန်ဟာ ရောင်လျှံစက်ဝန်းလိုမျိုး လင်းလက် ပြီး ဦးခေါင်းပိုင်းနဲ့ အမြီးပိုင်းရယ်လို့ ပေါ်ထွက်လာခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်သန်း ပေါင်း ၄,၀၀၀ လောက်တည်းက ကြယ်တံခွန်တွေ ဖြစ်တည်လာပုံပါပဲ။ လူသား မျိုးဆက်ပေါင်း ၄၀,၀၀၀ လောက် ရောက်ရှိချိန်မှာတော့ ကျွန်တော်တို့ဟာ ကောင်းကင်ယံက လင်းလက်နေတဲ့ ကြယ်တံခွန်ပေါင်း တသိန်းဝန်းကျင်လောက် ကို မြင်တွေ့ ခဲ့ရပြီး ဖြစ်ပါတယ်။

ဟိုအရင်တုန်းက လူသားမျိုးဆက်တွေအဖို့တော့ အဲဒီလိုကြယ်တံခွန်တွေကို တွေ့မြင်ရတဲ့အခါ ကောင်းကင်ပြင်ကို ခိုကိုးရာမဲ့ မော့ကြည့်နေခဲ့ရသလို မိမိတို့ရဲ့

စိုးရိမ်ထိတ်လန့်မှုတွေ၊ ကျူးလွန်ထားခဲ့မိတဲ့ အပြစ်တွေကနေ ကျော်လွန်ပြီး အဓိပ္ပာယ်ဖွင့်ဆိုတာမျိုး မတတ်စွမ်းနိုင်ခဲ့ကြပါဘူး။ အဲဒီနောက်မှာတော့ လူသား နှစ်ဦးတို့ရဲ့ အဆွေခင်ပွန်းဖွဲ့မှုကနေ အတွေးအခေါ်ပြောင်းလဲစေမယ့် တော်လှန် ရေးတရပ်ဆီ ဦးတည်စေခဲ့ပါတယ်။ အဲဒီလူသားနှစ်ဦးရဲ့ နာမည်တွေကတော့ အိုင်း ဇက် နယူတန်[58] နဲ့ အက်ဒမင် ဟေလီ[59] တို့ပဲ ဖြစ်ကြပါတယ်။ သူတို့ရဲ့ မိတ်ဆွေဖွဲ့ မှုကြောင့် လူသားတို့ နေထိုင်ရာ ကမ္ဘာမြေနဲ့ ပတ်သက်တဲ့ အတွေးအမြင်တွေ ပြောင်းလဲ သွားကြ လိမ့်မယ်လို့ အဲဒီတုန်းကတော့ ဘယ်သူမှ မတွေး မိခဲ့ကြပါ ဘူး။

၁၆၆၄ ခုနှစ်မှာ ပေါ်ထွက်လာခဲ့တဲ့ကြယ်တံခွန်ဟာ ဥရောပတိုက်တခုလုံးကို စိုးရိမ်ထိတ်လန့်မှုတွေနဲ့ တုန်လှုပ်စေခဲ့ပါတယ်။ အဲဒီလို ပေါ်ထွက်လာခဲ့ပြီး မကြာ ခင်မှာပဲ ပလိပ်ရောဂါတွေ ဖြစ်ပွားပြီး လန်ဒန်မြို့မှာလည်း အကြီးအကျယ် မီးလောင်ခဲ့တာကြောင့် သူတို့ရဲ့ ထိတ်လန့်တုန်လှုပ်မှုကို အဆိုးမဆို နိုင်ပါဘူး။ အဲဒီခေတ်ကာလ တွေတုန်းက လူသားတွေ ယုံကြည်ခဲ့တာ ကလည်း သွေးစက် တွေလို အစွန်း အထင်းတွေနဲ့ ကြယ်တာရာတွေ ကောင်းကင်ယံမှာ ထွက်ပေါ်လာ ရင် ကမ္ဘာလောကမှာ အစာရေစာ ခေါင်းပါးမယ်၊ ပလိပ်ရောဂါဆိုးတွေကူးစက် ပြန့်ပွားမယ်၊ တော်ဝင်ထီးနန်းကို ဆက်ခံမယ့်သူတွေ သေဆုံးမယ်၊ နိုင်ငံတော် အတွင်း အများပြည်သူတွေ သေကျေ၊ ပျက်စီးမယ်၊ ကျေးလက်နေ ပြည်သူတွေ အငတ်ဘေးနဲ့ ရင်ဆိုင်ရမယ်၊ တောင်သူလယ်သမားတွေရဲ့ သီးနှံတွေမဖြစ်ထွန်း တော့ဘူး၊ ရေလုပ်ငန်းဆောင်ရွက်သူတွေ မုန်တိုင်းဒဏ်နဲ့ ကြုံတွေ့ ရမယ် စတဲ့ အနိဋ္ဌာရုံ အတိတ်နိမိတ်တွေပဲ ဖြစ်ပါတယ်။

ဒါပေမယ့် ကြယ်တံခွန်ဆိုတာ စိုးရိမ်ထိတ်လန့်စရာ မဟုတ်ရုံတင်မက အံ့ဘနန်း ဆန်းကြယ်လှတဲ့ အရာတခုရယ်လို့ မှတ်ယူထားတဲ့ ကလေးငယ်တဦး ရှိ ခဲ့ပါတယ်။ သူ့နာမည်ကတော့ အက်ဒ်မင် ဟေလီဖြစ်ပြီး စူးစမ်းလိုစိတ်တွေ ပြင်းပြ စွာနဲ့ မွေးဖွားလာခဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ စူးစမ်းလိုစိတ်တွေ၊ သိချင်စိတ် ပြင်းပြမှု တွေကို စနစ်တကျ ပြုစုပျိုးထောင်ပေးမယ့် ဖခင်ကြီး ရှိနေတာဟာလည်း သူ့အဖို့ ကံကောင်းလှတယ် ဆိုနိုင်ပါတယ်။ သူအလိုရှိသမျှ ကောင်းပေ့ဆိုတဲ့ လောကဓာတ်သိပ္ပံ ကိရိယာတွေကို ဝယ်ယူဖြည့်ဆည်း ပေးခဲ့သလို လေ့လာရေး

ခရီးစဉ်တွေအတွက်ပါ ငွေကြေးစိုက်ထုတ်ပေးလေ့ရှိပါတယ်။ အဲဒီ ခရီးစဉ်တွေ က နေပဲကမ္ဘာ့တောင်ဘက်ခြမ်းရဲ့ ကြယ်တာရာမြေပုံကို ရေးဆွဲနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဟေလီဟာ အသက် ၂၀ အရွယ်မှာ အောက်စ်ဖို့ဒ် တက္ကသိုလ်[60] ကနေ နုတ်ထွက်ခဲ့ပြီး အာဖရိကတိုက် အနောက်ဘက် ကမ်းခြေအလွန် အီကွေတာနားက စိန့်ဟယ်လင်နာ[61] ဆိုတဲ့ ကျွန်းကလေးဆီကို ရွက်လွှင့် ခဲ့ပါတယ်။ အဓိက ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲကတော့ စိန့်ဟယ်လင်နာကျွန်းဟာ ရာသီဥတု အင်မတန် ဆိုးဝါးပြီး ကမ္ဘာ့တောင်ဘက်ခြမ်း ကြယ်တာရာမြေပုံကို အပြီးသတ် နိုင်ဖို့ ၁၂ လ နီးပါး ကြာမြင့်ခဲ့ပါတယ်။ ကြယ်တာရာ မြေပုံကို အပြီးသတ်နိုင်ခဲ့တဲ့နောက် အင်္ဂလန်ကို ပြန်လည် သယ်ဆောင်လာခဲ့ ရာမှာတော့ ခေါမတို့ရဲ့ ရှေးဟောင်းနတ်ဘုရားတွေနဲ့ ဘုရားသခင် အယူအဆတို့အပြင် ကောင်းကင်က ကြယ်တာရာတွေ စုဖွဲ့မှုကို မြင်ဖူးတွေ့ဖူးတဲ့ ရုပ်ပုံတွေနဲ့ မှတ်သားကြတဲ့ အယူအဆတွေ အားလုံးဟာ ခေတ်သစ် ဒဏ္ဍာရီတွေ ဖြစ်သွားခဲ့ပါတော့တယ်။ ဟေလီရဲ့ ကြယ်တာရာမြေပုံကို လူအများ က ရင်သပ်ရှုမော ဖြစ်ခဲ့ရပါတယ်။ အခုအခါမှာတော့ ရေကြောင်းခရီးနဲ့ ကုန်သွယ်သူတွေ၊ စူးစမ်းလေ့လာရေးသမားတွေဟာ အဲဒီဟေလီရဲ့ မြေပုံထဲက ကြယ်တာရာတွေရဲ့ တည်နေရာကို အသုံးပြုပြီး ကမ္ဘာ့ နေရာအနှံ့ကို ခြေဆန့်နိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။

အဲဒီခေတ်ကာလ တုန်းကဆိုရင် လန်ဒန်တော်ဝင်အသင်း[62] ရဲ့ လောကဓာတ် သိပ္ပံဆိုင်ရာ ရှာဖွေတွေ့ရှိမှုတွေဟာ တကမ္ဘာလုံးရဲ့ ဥသျှောင်လို ဖြစ်နေခဲ့ပြီး သူတို့ရဲ့ ဆောင်ပုဒ်ကတော့ "ဘယ်သူ့ စကားကိုမှ အမှန်လို့ မယူဆပါနဲ့"[63] လို့ပဲဖြစ်ပါတယ်။ ကိုယ်တိုင်စူးစမ်းလေ့လာမှုကိုပဲ အားပေး အားမြှောက် ပြုတာပါ။ လောကဓာတ်သိပ္ပံပညာရဲ့ အသက်သွေးကြောဖြစ်တဲ့ အယူအဆလို့လည်း ဆိုနိုင်ပါတယ်။ တနည်းအားဖြင့် အာဏာပိုင် အဖွဲ့အစည်းတွေအပေါ်မှာ မေးခွန်း ထုတ်ပါလို့လည်း တိုက်တွန်းနေတာ ဖြစ်ပါတယ်။

ဟေလီရဲ့ ကြယ်တာရာမြေပုံဟာ တော်ဝင်အဖွဲ့အစည်း စမ်းသပ်မှုဆိုင်ရာ တာဝန်ခံရဲ့ အာရုံစိုက်မှုကို ရရှိခဲ့ပါတယ်။ အဲဒီ တာဝန်ခံရဲ့ နာမည်ကတော့ ရော

ဘတ် ဟွတ်ခ်[64] ဖြစ်ပါတယ်။ သူ့ရဲ့ ပုံတူပန်းချီကားရယ်လို့ မရှိပေမယ့် ခေတ်ပြိုင်ပညာရှင်တွေရဲ့ တဆင့်စကားအရတော့ အရုပ်ဆိုးဆိုး၊ ခါးကုန်းကုန်း လို့ ဆိုကြပါတယ်။ ရောဘတ် ဟွတ်ခ်ဟာ တီထွင်ဖန်တီးမှုပိုင်းမှာ ပြိုင်စံရှားသူပါ။ သူ့ရဲ့အသွင်အပြင် ဘယ်လိုပဲ ရှိနေခဲ့ပေမယ့် သူ့ကို ဖိတ်ခေါ်ကျွေးမွေး၊ ညှော်ခံလိုသူတွေ လန်ဒန်တမြို့လုံး ပြည့်လို့ပါပဲ။ ဟွတ်ခ်ရဲ့ စူးစမ်းရှာဖွေလို စိတ်ဟာလည်း အကြောင်းအရာ အများအပြားအပေါ်ကို ကျရောက်လို့ နေခဲ့ပါတယ်။

ဟွတ်ခ်ဟာ နှယ်နှယ်ရရတော့ မဟုတ်ပါဘူး။ အဏုစကြဝဠာ လောကကို ကိုယ်တိုင် ရှာဖွေတွေ့ ရှိခဲ့သူ ဖြစ်ပြီး သူအမည်ပေး၊ ကင်ပွန်းတပ်ထားတဲ့ဆဲလ်ကလာပ်စည်း[65] ဆိုတာကိုကျွန်တော်တို့ဒီနေ့ထိအောင် ခေါ်ဆိုသုံးနှုန်းနေရဆဲ ဖြစ်ပါတယ်။ ဖော့ဆို့လေးတခုကို မိုက်ခရိုစကုပ်နဲ့ ကြည့်ရှုရင်းကနေ အဲဒီလို တွေ့ရှိခဲ့တာလို့ ဆိုပါတယ်။ သူဟာ ဒါဝင်ရဲ့ ဆင့်ကဲဖြစ်စဉ် သီအိုရီကိုလည်း နှစ်ပေါင်း ၂၀၀ နီးပါး ကြိုတင် ခန့်မှန်းနိုင်ခဲ့သူ ဖြစ်ပါတယ်။ တယ်လီစကုပ်ကိုလည်း မွမ်းမံပြင်ဆင်ခဲ့ပြီး ကောင်းကင်က အရာဝတ္ထုတွေကို ရှင်းလင်းပြတ်သားစွာ လေ့လာနိုင်ဖို့ ရည်ရွယ်ခဲ့ပါတယ်။

၁၆၆၆ ခုနှစ်၊ လန်ဒန်မြို့လယ်ခေါင်မှာ အကြီးအကျယ် မီးလောင်မှု ဖြစ်ပွားတော့ သူ့ရဲ့ မိတ်ဆွေ တဦးဖြစ်တဲ့ ခရစ္စတိုဖာရန်[66] နဲ့ တွဲဖက်ပြီး မြို့တော်ကို ဒီဇိုင်းပြန်ဆွဲပေးခဲ့ပါတယ်။ ဟွတ်ခ်ဟာ သူ့ခေတ် သူ့အခါတုန်းက အထင်ရှားဆုံး၊ အကျော်ကြားဆုံး သုတေသနပညာရှင်လည်း ဖြစ်ပါတယ်။ စပရင် သံပတ်ခွေကို အသုံးပြုပြီး တွန်းကန်အားအကြောင်း ဖော်ထုတ်နိုင်ခဲ့တာကြောင့် ဒီကနေ့အထိ အဲဒါကို ဟွတ်ခ်နိယာမ[67] လို့ ခေါ်ဆိုကြဆဲ ဖြစ်ပါတယ်။ လေစုပ်စက်ကိုလည်း မွမ်းမံနိုင်ခဲ့ သလို အသက်ရှူခြင်းနဲ့ အသံတွေ အကြောင်းကိုလည်း နည်းပညာနဲ့ အဆင့်မြှင့် ပေးခဲ့သူပါ။ ဆေးခြောက် သုတေသနကိုတောင် ဆောင်ရွက်ခဲ့ပြီး သောက်သုံးမိရင် ရယ်ရွှင်စိတ်ဖြစ်မိတာကလွဲလို့ အန္တရာယ်မရှိလို့ လန်ဒန်တော်ဝင်အဖွဲ့အစည်းကို တင်ပြခဲ့ဖူးပါတယ်။

အဲဒီခေတ်ကာလ အတွင်းမှာ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ စုရုံးတိုင်ပင်လေ့ရှိတဲ့ နေရာ တွေကတော့ ကော်ဖီဆိုင်တွေပဲ ဖြစ်ပါတယ်၊ ၁၇ ရာစု

အင်္ဂလန်ပြည်ဟာ ကော်ဖီကို နှစ်ခြိုက်စွာပဲ သောက်သုံး ခဲ့ကြပါတယ်။ လန်ဒန်မြို့ မှာလည်း ကော်ဖီဆိုင်တွေနဲ့ပြည့်နှက်လို့ နေခဲ့ပါတယ်။ ကော်ဖီဆိုင် တွေဆိုတာ ဟာ စားသောက်ဖို့ ဆိုတာထက် လူတွေအချင်းချင်း သတင်းတွေ ဖလှယ်ကြရာ၊ စီးပွားရေးလုပ်ငန်းတွေ စတင်ဖို့ တိုင်ပင်ရာ၊ စိတ်ကူး အတွေးအမြင် တွေကို ငြင်းခုန် ဆွေးနွေးရာဆိုရင် ပိုပြီး မှန်ပါလိမ့်မယ်။

နောက်ပြီး ဆင်းရဲ ချမ်းသာမရွေး လူတန်းစားမျိုးစုံ တန်းတူညီမျှ ခံစားမိ စေတဲ့ အိုအေစစ်လည်း ဖြစ်ပါတယ်။ ကော်ဖီဆိုင်ထဲမှာဆိုရင် သူဆင်းရဲတဦးဟာ သူကြွယ်တဦး ဝင်ရောက်လာလို့ နေရာထပေးဖို့ မလိုသလို သူ့စိတ်ကူး အတွေး အမြင်တွေကိုလည်း စွန့်လွှတ်၊ အလျှော့ပေးဖို့ မလိုပါဘူး။ ဒီမိုကရေစီရဲ့ ခေတ်ဦး ခန်းလို့တောင် တင်စား ယူခဲ့ရပါတယ်။ အဲဒီလို ကော်ဖီနံ့သင်းတဲ့ ဆိုင်တဆိုင်မှာ ဟေလီနဲ့ ဟွတ်ခ်တို့ဟာ ခရစ္စတိုဖာရန်နဲ့ တွေ့ ဆုံကြပြီး လျှို့ဝှက်ဆန်းကြယ်လှတဲ့ အကြောင်းအရာတခုကို ဆွေးနွေးခဲ့ကြပါတယ်။ အဲဒါကတော့ ကောင်းကင်က ဂြိုဟ်တွေဟာ ဘာဖြစ်လို့ အခုလို ရွေ့လျားနေကြတာလဲ ဆိုတာပါပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ ဝန်းကျင်လောက်တုန်းက နက္ခတ္တဗေဒ ပညာရှင် ဂျိုဟန်းနက်စ် ကပ္ပလာ[68] ရဲ့ တင်ပြမှုအရ နေကို ဗဟိုပြု လှည့်ပတ်နေကြတဲ့ ဂြိုဟ်တွေရဲ့ ပတ်လမ်းဟာ စက်ဝိုင်းပုံသဏ္ဍာန်မဟုတ်ပဲ ဘဲဥပုံ ဖြစ်ပြီး နေနဲ့ နီးကပ်လာလေလေ ဂြိုဟ်တွေရဲ့ လည်ပတ်နှုန်း မြင့်တက်လာလေလေလို့ ဆိုပါ တယ်။ ဘာဖြစ် လို့ပါလိမ့်။ နေရဲ့ ဆွဲငင်အားက ဂြိုဟ်တွေရဲ့ ရွေ့လျားမှုအပေါ် သက်ရောက်မှု ရှိနေခဲ့လို့များလား။ ဟုတ်တယ်ဆိုရင် ဘယ်လိုဖြစ်ရတာပါလိမ့်။

အဲဒီ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး အရိုးရှင်းဆုံး ဖွင့်ဆိုပြနိုင်မယ့် သင်္ချာဗေဒဆိုင်ရာ ပုံသေနည်း တွေများ ရှိနိုင်မလား။ စပရင်တွေရဲ့ တွန်းကန်အားကို အတိအကျ တွက်ချက်ပြခဲ့တဲ့ ဟွတ်ခ်ရဲ့ နိယာမ လိုမျိုးပေါ့။ ဒါပေမယ့် ခရစ္စတိုဖာရန်ကတော့ စဉ်းစားမရနိုင် ဖြစ်ကြောင်းဆိုပြီး ဟွတ်ခ် ကတော့ သူကြိုးစားကြည့်မှာ ဖြစ်ကြောင်း၊ အောင်မြင်ဖို့ စွမ်းဆောင်နိုင်မယ် မျှော်လင့်ကြောင်း ဆိုပါတယ်။ ဒါပေမယ့် အချိန်တွေသာ တလပြီး တလကုန်ဆုံး သွားတယ်၊ ဟွတ်ခ်ဆီက တင်ပြလာမယ့် သင်္ချာဗေဒဆိုင်ရာ ပုံသေနည်းတွေ ဆိုတာကတော့ အရိပ်တောင်

မမြင်ခဲ့ရပါဘူး။ တိကျတဲ့ တွက်ချက်မှုတွေနဲ့ သက်သေထူပြ နိုင်တဲ့သူလည်း သူတို့ အသိုင်းအဝိုင်းထဲ တယောက်မှ မရှိခဲ့ပါဘူး။

နောက်ဆုံးမှာတော့ ဟေလီတယောက်ဟွတ်ခ်ရဲ့ ဆင်ခြေဆင်လက်တွေ အပေါ် စိတ်ကုန်သွားခဲ့ပြီး တနေရာရာမှာ တစုံတယောက်ကတော့ သူတို့ရဲ့ ပြဿနာကို ပြေလည်စေနိုင်ကောင်းရဲ့ လို့ပဲ မျှော်လင့်နေခဲ့ ပါတယ်။

ဟေလီရဲ့ ပြဿနာကို ပြေလည်စေမယ့်သူကတော့ ကိန်းဘရစ်ချ် တက္ကသိုလ်[69] ရဲ့ သင်္ချာဗေဒပညာရှင် တဦး ဖြစ်ပြီး အင်မတန် ထက်မြက်သူလည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက အလင်းနဲ့ ပတ်သက်တဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်ခဲ့ပြီး အသက်အရွယ် အရလည်း ၂၂ နှစ်ပဲ ရှိပါ သေး တယ်။ ရောင်ပြန် တယ်လီစကုပ်ကို တီထွင်ခဲ့သူဖြစ်ပြီး လူထူးလူဆန်းတ ယောက် လို့လည်း ဆိုနိုင်ပါတယ်။ သူ့ကို လူမြင်ကွင်းမှာ ဘယ်တော့မှ တွေ့ရလေ့ မရှိပါဘူး။

အလင်းရဲ့ သီအိုရီတွေနဲ့ ပတ်သက်ပြီး ဟွတ်ခ်နဲ့ မကြာခဏ ငြင်းခုန်ရန်ဖြစ် လေ့ရှိတယ်လို့တော့ သူ့ကို သတိထားမိကြပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း ကိန်းဘရစ်ချ်တက္ကသိုလ်မှာပဲ အခန်းအောင်းပြီး အိမ်တွင်းပုန်း လုပ်နေခဲ့သူပါ။ အဲဒီ လို ခွတီးခွကျနိုင်သူ လူထူးလူဆန်းဟာ ဟွတ်ခ်နဲ့ သူတို့ အပေါင်းအသင်းတွေ မ စွမ်းဆောင်ခဲ့တာတွေကိုများ ပြေလည်အောင် ဆောင်ရွက်ပေးနိုင်မလားရယ်လို့ ဟေလီက တီးခေါက်ကြည့်ခဲ့ ပါတယ်။ အဲဒီသူဟာ ဟေလီနဲ့ တွေ့ဆုံဖို့သဘောတူ လိုက်ပြီးတဲ့နောက် စကြဝဠာနဲ့ သက်ဆိုင်တဲ့ အယူအဆတွေကို ခမ်းနားစွာ ပြောင်းလဲပစ်မယ့်သူရယ်လို့ ဘယ်သူကမှမ တွေးထင်ထားခဲ့ကြပါဘူး။ အဲဒီနေ့က တော့ ၁၆၈၄ ခုနှစ်ရဲ့ ဩဂုတ်လထဲက တခုသော နေ့စွဲပဲ ဖြစ်ပါတယ်။

အိုင်းဇက် နယူတန်နှင့် အက်ဒမန် ဟေလီတို့၏ ပန်းချီပုံတူများ

အဲဒီလူထူးလူဆန်းရဲ့ နာမည်ကတော့ အိုင်းဇက် နယူတန် ဖြစ်ပါတယ်။ နယူတန်ကို ၁၆၄၂ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်နေ့ (အဲဒီခေတ်မှာ သုံးစွဲခဲ့တဲ့ ဂျူလီယန် ပြက္ခဒိန်အရ) ၊ အင်္ဂလန်ပြည်မှာ မွေးဖွားခဲ့ပါတယ်။ မျက်လုံးနှစ်လုံး မပွင့်ခင် အချိန်တည်းက ဖခင်ဖြစ်သူ ဆုံးပါးသွားခဲ့ရပြီး မိခင်ဖြစ်သူကလည်း နယူတန် ၃ နှစ်သားအရွယ်မှာ သူ့ကိုထပ်မံ စွန့်ပစ်သွားပြန်ပါတယ်။ မိခင်ဟာ သူ့အသက် ၁၁နှစ်အရွယ်ရောက်တော့မှ အိမ်ကိုပြန်လာခဲ့တယ် ဆိုပါတယ်။ အိမ်ပြန်လာချိန်မှာလည်း နောက်အိမ်ထောင်အသစ်ကိုတပါတည်း ခေါ်ဆောင်လာခဲ့ပြီး ခင်ပွန်းသည်အသစ်၊ မိသားစုအသစ်နဲ့ ပျော်မွေ့ နေခဲ့တာကြောင့် နယူတန်ကို ရှိတယ် လို့တောင် မအောက်မေ့ခဲ့ပါဘူး။ နယူတန်ဟာ ပထွေးဖြစ်သူကိုလည်းလွန်စွာ မုန်းတီးပြီး ခါးသီးလှတဲ့ မိသားစုဘဝကနေ ခိုလှုံစရာဆိုလို့ သဘာဝလောကရဲ့ အရာဝတ္ထုတွေ ဘယ်လို ဆက်စပ် လည်ပတ်တယ် ဆိုတဲ့အကြောင်း စူးစမ်းရင်း အချိန်တွေကုန်ဆုံးခဲ့ရသလို အဲဒီကနေပဲ လေ့လာသိရှိလိုစိတ်တွေ ပြင်းပြလာခဲ့ရပါတယ်။

၁၆၆၁ ခုနှစ်မှာ နယူတန်ဟာ ကိန်းဘရစ်ချ် တက္ကသိုလ်၊ ထရစ်နီတီ ကောလိပ်[70] ကို ဝင်ခွင့်ရရှိခဲ့ပါတယ်။ သူဟာ ခွတီးခွကျနိုင်လှပြီး မိတ်ဆွေ အပေါင်းအသင်း ဆိုလို့လည်း တဦးတလေမှ ကိုမရှိပါဘူး။ နွေးထွေးမှုနဲ့ အားပေးမယ့် ချစ်ခင်တွယ်တာ စရာ မိသားစုရယ်လို့လည်း မရှိပါဘူး။ သူ့ဘာသာ တကိုယ်

တည်း အခန်းအောင်းရင်း ရှေးဟောင်းဂရိဒဿနတွေ၊ ဂျီဩမေက်ထရီနဲ့ ဘ စကား တွေ အမျိုးမျိုး အကြောင်း လေ့လာရင်း သဘာဝလောကရဲ့ ဒြပ်ဝတ္ထုတွေ၊ အာကာသနဲ့ အချိန်၊ ရွေ့လျားမှုတွေအကြောင်း ခက်ခဲနက်နဲလှတဲ့ အမေးပုစ္ဆာ တွေနဲ့ တချိန်လုံး တွေး တောနေလေ့ရှိပါတယ်။

တကယ်တော့ သူဟာ လောကဓာတ်သိပ္ပံသီးသန့် စိတ်ဝင်စားခဲ့တာတော့ မဟုတ်ခဲ့ပါဘူး။ စိတ်ပညာ တန်ခိုးစွမ်းအားတွေ၊ အဂ္ဂိရတ် အတတ်တွေမှာလည်း စိတ်ပါဝင်စားခဲ့ပြီး လူအများမသိရှိသေးတဲ့ လောကလျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်မလားလို့ စိတ်ကူးယဉ်ခဲ့သူလည်း ဖြစ်ပါတယ်။ သာမန်သတ္တုတွေ ကနေ ရွှေဖြစ်ငွေဖြစ်ဖို့ စူးစမ်းခဲ့ဖူးသလို ပြဒါးရှင်သက်စောင့်ဆေးတွေ ဖော်စပ်ပြီး ဇီဝသိဒ္ဓိပေါက်တာမျိုး တကယ်များ ရှိလေမလားရယ်လို့ စမ်းသပ်ကြည့်ခဲ့ပါသေး တယ်။ ဘာသာစကား အမျိုးမျိုးကို အသုံးပြုပြီး ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော် ထဲက ဝှက်စာတွေ ဖော်ထုတ်နိုင်မလား ဆိုပြီးတော့လည်း အားထုတ် ကြည့်ဖူးပါ သတဲ့။ ကယ်တင်ရှင် ထာဝရဘုရားသခင်ဟာ လူ့လောကကို ဒုတိယအကြိမ် ပြန်လည်ကြွချီမှာ ဘယ်တော့များပါလိမ့်ဆိုပြီး နေ့ရက် အတိအကျ တွက်ချက် ကြည့်ဖို့တောင် အားထုတ်ခဲ့ပါသေးတယ်။ သူ့ရဲ့ ဘဝနဲ့ ရင်းပြီး အချိန်ပေး၊ လေ့လာခဲ့တဲ့ အဂ္ဂိရတ်အတတ်နဲ့ သမ္မာကျမ်းစာဝှက်စာဖော်ခြင်းတွေကတော့ သူ့ အတွက် ဘယ်လို အောင်မြင်မှုမျိုးကိုမှ စွမ်းဆောင်မပေးနိုင်ခဲ့ကြပါဘူး။

ကံကြမ္မာရဲ့ မျက်နှာသာပေးမှုအရ ဟေလီနဲ့ နယူတန်တို့ တွေ့ဆုံကြတဲ့နေ့ မှာ နယူတန်ဟာ တကိုယ်တော် ဇေကစာ ကျင့်ကြံနေသူနဲ့တောင် တူနေပါသေး တယ်။ သူဟာ လူ့လောက၊ အသိုင်းအဝိုင်းနဲ့လည်း အဆက်အဆံ မလုပ်ပဲတာ ကိုယ်တည်း နေထိုင်လာခဲ့တာ ၁၃ နှစ်ကျော်ကျော်ရှိနေခဲ့ပါပြီ။ ရောဘတ်ဟွတ်ခ် က နယူတန် ရှာဖွေတွေ့ရှိခဲ့တယ် ဆိုတဲ့ အလင်းရောင်စဉ် သီအိုရီတွေဟာ သူ့ရဲ့ သီအိုရီတွေကို အခြေပြု၊ မွမ်းမံထားတာလို့ စွပ်စွဲပြောဆို လိုက်တည်းက ဆိုပါ တော့။ အမှန်စင်စစ် အလင်းရဲ့ ရောင်စဉ် သီအိုရီကို ထုတ်ဖော်တွေ့ ရှိခဲ့သူက နယူ တန်ပါ။ ရောဘတ် ဟွတ်ခ်မဟုတ်ပါဘူး။ အဲဒီဖြစ်ရပ်အကြောင်း အခြေအတင် စကားများခဲ့ရတာဟာ နယူတန်အတွက် အတော့်ကိုစိတ်ဆင်းရဲစရာဖြစ်ခဲ့ပြီး ခါး သီးလှတဲ့အတွေ့အကြုံ လည်း ဖြစ်ပါတယ်။ အဲဒီနောက် လူကြားသူကြားထဲ

အခြေအတင် မဖြစ်စေဖို့နဲ့ အရှက်ရစေမယ့်ကိစ္စမျိုးတွေကနေ ရှောင်ရှားဖို့နယူတန်က စိတ်ပိုင်းဖြတ်ထားခဲ့ပါ တယ်။

သူ့အပေါ် ရောဘတ်ဟွတ်ခ်က ဘယ်လိုဆက်ဆံခဲ့တယ် ဆိုတာကို နယူတန်တယောက် မမေ့နိုင် သေးပါဘူး။ သူတို့နှစ်ယောက် နောက်ဆုံးအကြိမ် အတွေးအမြင် ဖလှယ်ကြတော့ ကတုံးပေါ်ထိပ်ကွက် လုပ်ခံခဲ့ရသူက အမှန်စင်စစ် နယူတန်ပါ။ နယူတန်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် လာရောက် တွေ့ ဆုံရင်း ဂြိုဟ်တွေရဲ့ ဆွဲငင်အားအကြောင်း ဖြေရှင်းကြဖို့ အကူအညီ လာတောင်းသူ ဟေလီကိုယ်တိုင်တောင် နယူတန်ဟာလည်း ဟွတ်ခ်လိုပဲ ဝေ့လည်ကြောင်ပတ် လုပ်လေဦးမလားလို့ စိုးရိမ်ခဲ့ဟန် တူပါတယ်။

ဒါပေမယ့် နယူတန်က သူ့ရဲ့ ပြေလည်အောင် ကူညီဖြေရှင်းပေးမယ်ဆိုတဲ့ ကတိစကားအတိုင်း ဟေလီဆီကို စာတထုပ် ပေးပို့လိုက်ပါတယ်။ အဲဒီစာရွက်ထုပ်ဟာ ခေတ်သစ် လောကဓာတ်သိပ္ပံရဲ့ နိဒါန်းကိုကျူးရင့်ထားတယ်လို့တောင် တင်စားနိုင်လောက်ပါတယ်။ သဘာဝလောကရဲ့ ရင်သပ်ရှုမောစရာ အံ့ဘနန်း ဖြစ်တည်မှုတွေအကြောင်းကိုသင်္ချာဗေဒနဲ့ အတိအကျတွက်ချက်ပြပြီး သက်သေ ထူထားတာပါ။ ကမ္ဘာမြေ၊ တခြားဂြိုဟ်တွေနဲ့ သူတို့ရဲ့ ရွေ့လျားပုံတွေ၊ ဆွဲငင်အားတွေ အကြောင်း၊ နေအဖွဲ့အစည်း အတွင်းတင် မဟုတ်ပဲ စကြဝဠာနဲ့ ချီပြီး တွက်ချက်ပြထားတာတွေ ပါဝင်ပါတယ်။ အဲဒီနောက်မှာတော့ ဟေလီတယောက် ကိန်းဘရစ်ချ်ကိုချက်ချင်း ပြန်ရောက်လာခဲ့ ပါတယ်။ အခု ရေးသားထားတဲ့ စာရွက်ထုပ်ကို စာအုပ်အဖြစ်နဲ့ ပုံနှိပ်ထုတ်ဝေဖို့ နယူတန်ကို တိုက်တွန်းခဲ့ပါတယ်။ လန်ဒန်တော်ဝင်အဖွဲ့အစည်းကနေ ထုတ်ဝေပေးဖို့ တာဝန်ယူပါကြောင်း လည်း သူက ကတိခံခဲ့ပါတယ်။ ဒါပေမယ့် အဲဒီလိုထုတ်ဝေဖို့ အခက်အခဲ ဖြစ်နေခဲ့ပြန်ပါတယ်။ တော်ဝင်အဖွဲ့အစည်းကလည်း နယူတန်ရဲ့ စာအုပ်ဟာ တကယ့်ဂန္ထဝင်ဖြစ်တာကို နားလည်ပေမယ့် အဲဒီနှစ်အတွင်းမှာ တော်ဝင်အဖွဲ့ အစည်းကနေ တာဝန်ခံ ထုတ်ဝေထားတဲ့ ငါးသမိုင်း စာအုပ်က ထင်သလောက် မရောင်းချရဘူးဖြစ်နေ တဲ့ အတွက် ကုန်ကျစရိတ်ငွေ နစ်မြုပ်နေခဲ့ပါတယ်။

ရေးသားတင်ပြပုံ အတော့်ကိုရိုးရှင်းပြီး လူတိုင်း နားလည်တဲ့ဘာသာစကားနဲ့ တင်ပြထားသလို သရုပ်ဖော်ပုံတွေနဲ့တကွဝေဝေဆာဆာဖော်ပြထားတဲ့ငါးသမိုင်း စာအုပ်ဟာ တဖြည်းဖြည်း ရောင်းချပြီးရင် ငွေပြန်ရမယ့် စာအုပ်ဖြစ်ပေမယ့် ပုံနှိပ်ခ အရေးတကြီး လိုအပ်နေတဲ့ နယူတန်နဲ့ ဟေလီအဖို့ အဲဒီစာအုပ်တွေ ရောင်းကုန်မယ့် အချိန်ထိ စောင့်ဆိုင်းဖို့ မဖြစ်နိုင်ပါဘူး။ တော်ဝင်အဖွဲ့အစည်း အနေနဲ့က အဲဒီခုနှစ်ရဲ့ ဘတ်ဂျက် အားလုံးနီးပါးကို ငါးစာအုပ်ထဲမှာ ရင်းနှီး၊ မြှုပ်နှံထားခဲ့မိတာဆိုတော့ အတော့်ကို လုပ်ရကိုင်ရ ခက်ခဲနေခဲ့ပါတယ်။ ယုတ်စွ အဆုံး ဟေလီရဲ့ လစာကိုတောင် အဲဒီ ကမ္ဘာ့ရောင်းအား အနိမ့်ဆုံး ငါးစာအုပ်နဲ့ ပေးချေနေခဲ့ရပါတယ်။ အဲဒီတော့ နယူတန်ရဲ့ တွေ့ရှိမှုနဲ့ ဖွင့်ဆိုရှင်းလင်းချက်တွေ က ဘယ်လောက် ဂန္ထဝင်တွင်မယ့် စာပေ ဖြစ်ပါစေ၊ နောက်ထပ် စိုက်ထုတ်စရာ ငွေဆိုလို့ ခြူးတပြား မရှိ ဖြစ်နေခဲ့ရပါတယ်။

ဟေလီရဲ့ စိတ်ရောကိုယ်ပါ အားထုတ်ကြိုးစားမှုတွေ မပါခဲ့ဘူးဆိုရင်နယူတန် ရဲ့ ဂန္ထဝင်လက်ရာဟာ စာအုပ်အဖြစ် ထွက်ရှိလာနိုင်စရာ အကြောင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် ဟေလီကတော့ အဲဒီစာအုပ် ဖြစ်မြောက်ရေးအတွက် အင်မတန်စိတ်ပြင်းပြနေပြီး ခမ်းနားလှတဲ့ ရူပဗေဒဆိုင်ရာ တွေ့ရှိမှုတွေကို ကမ္ဘာလောကဆီ တင်ပြနိုင်ဖို့ စိတ်ပိုင်းဖြတ်ထားခဲ့ပါတယ်။ လောကဓာတ်သိပ္ပံရယ်လို့ မပေါ်ပေါက်သေးခင် လူ့အဖွဲ့ အစည်းဟာ အကြောက်တရားတွေရဲ့ မောင်းနှင်မှုအောက်မှာ နေသားတကျ ရှိနေလွန်းခဲ့ပြီး မိရိုးဖလာ အတွေးအမြင်တွေကို တော်လှန်ပြောင်းလဲနိုင်ဖို့အတွက် နယူတန်ရဲ့ စာအုပ် ထုတ်ဝေဖြစ်ခြင်းအပေါ်လုံးလုံးလျားလျား မူတည်နေခဲ့တယ်လို့ ဟေလီက မှတ်ယူထားခဲ့တာပါ။ နယူတန်ရဲ့ စာအုပ်ကို ကိုယ်တိုင် အယ်ဒီတာလုပ်ပြီး အိတ်စိုက်ထုတ်ဝေဖို့ကိုပါ ဟေလီက ကြိုးစားခဲ့ပါတယ်။

နယူတန်ရဲ့ စာရွက်ထုပ်ကြီးကို စာအုပ်ထုတ်ဝေဖို့ရာမှာ ပထမ အပိုင်း ၂ ပိုင်းက သင်္ချာဗေဒဆိုင်ရာ ပုံသေနည်းတွေနဲ့ ရှင်းလင်းထားတာတွေဖြစ်ပြီး အပိုင်း ၃ ကတော့ ကော်ဖီဆိုင်ထဲတုန်းက ငြင်းခုန်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ဘယ်သူ့ အယူအဆ မှန်ကန်တယ်ဆိုတဲ့အကြောင်း သက်သေပြချက်တွေ ပါဝင် ပါတယ်။ ကမ္ဘာ

မြေ အပါအဝင် ဂြိုဟ်တွေရဲ့ ရွေ့လျားပုံအကြောင်းကို သင်္ချာဗေဒ ပုံသေနည်းတွေ နဲ့ နယူတန်က တင်ပြထားတာပါ။

အဲဒီအချိန်မှာပဲ ဟေလီအတွက် နောက်ထပ် ပြဿနာ တရပ်နဲ့ ရင်ဆိုင်ရ ပြန်ပါတယ်။ နယူတန်ရဲ့ စာအုပ်ဖြစ်မြောက်ရေးအတွက် သူက အကြံပေးပုဂ္ဂိုလ် အဖြစ်ဆောင်ရွက်ပေးနေတာပါ။ နယူတန်ဟာ အခုလို သမိုင်းဝင် အယူအဆတွေ ကို ရေးသားထုတ်ဝေနိုင်တာဟာ ဟွတ်ခ်တို့၊ ခရစ္စတိုဖာရန်တို့နဲ့ ဆွေးနွေးရာကနေ ထွက်ပေါ်လာခဲ့တဲ့ အကြံဉာဏ်တွေ ဖြစ်တာကြောင့် သူတို့တွေရဲ့ အမှာစာတွေ လည်း ထည့်သွင်းသင့်တယ် လို့ဟေလီက မှတ်ယူထားပါတယ်။ နယူတန်ကတော့ စာအုပ်ထဲမှာ သူတို့အကြောင်း ရေးသားထားပြီးမလို့ တကူးတက အမှာစာ တောင်းခံဖို့ မလိုဘူးဆိုပြီး တင်းခံနေခဲ့ပါတယ်။

အဲဒီအခါမှာ ဟေလီက အလင်းရောင်စဉ် သီအိုရီတုန်းကလို ဟွတ်ခ်ဟာ သူ့ စိတ်ကူး၊ အကြံဉာဏ် တွေကို ဆင့်ပွားထားတာလို့ စွပ်စွဲလာနိုင်ကြောင်း ထောက် ပြခဲ့ပါတယ်။ အဲဒီစကားကို နယူတန်က ခါးခါးသီးသီး ပယ်ချလိုက်ပါ တယ်။ ဟွတ် ခ်ရဲ့ အမှာစာကို ရရှိမှ ထုတ်ဝေခွင့်ရမယ်ဆိုရင် သူ့ရဲ့ စာမူတွေကို မီးရှို့တာ ပို သဘောကျတယ်လို့တောင် ထုတ်ပြောလိုက်ပါတယ်။ ဟွတ်ခ်ရဲ့ အကြောင်းကို နှောင်းလူတွေ မကြာခင် မေ့လျော့သွားမှာဖြစ်ပြီး နယူတန်ရဲ့ ဂန္ထဝင်လက်ရာ ကတော့ မျိုးဆက်ပေါင်းများစွာ ကျန်ရစ်မှာ ဖြစ်ကြောင်း ဟေလီက နားချယူခဲ့ရပါ တယ်။

အဲဒီနောက် ဟေလီနဲ့နယူတန်တို့ဟာ ဟွတ်ခ်ရဲ့ အကွက်ချောင်းပြီး နာမည် ကောင်းယူမှုတွေ ရပ်တန်းက ရပ်ဖို့နဲ့ ဂြိုဟ်တွေရဲ့ ရွေ့လျားမှုအကြောင်း သင်္ချာ ဗေဒဆိုင်ရာ သက်သေ၊ အထောက်အထားတွေ တင်ပြနိုင်ရင် ချက်ချင်း တင်ပြဖို့ တောင်းဆိုလိုက်ပါတယ်။ မတင်ပြနိုင်ဘူးဆိုရင် နောက်ထပ် စကား တခွန်းမှ မဟ တော့ဖို့လည်း ရာဇသံပေးပို့လိုက်ပါတယ်။ ဟေလီရဲ့ အားတက်သရော ထောက်ခံ မှုတွေသာ မရရှိခဲ့ဘူးဆိုရင် နယူတန်ရဲ့ လက်ရာကို ကျွန်တော်တို့ လူသားတွေ ဖတ်ရှုခွင့်ရဖို့ လမ်းမမြင်ဘူး ဆိုရမှာပါပဲ။ ဒါနဲ့ နယူတန်ရဲ့ ဂန္ထဝင် လက်ရာဆိုပြီး ဘာလို့များ ဒီလောက်ညွှန်းဆိုနေရတယ် မေးမြန်းချင်မိကြတယ် တူပါတယ်။ အဲဒီ

တော့ နယူတန်ရဲ့ ကမ္ဘာမြေဆွဲငင်အား သီအိုရီဟာ ကျွန်တော်တို့ လူသားတွေ အတွက် ဘယ်လောက်များ အကျိုးရှိစေခဲ့တယ်၊ လူ့အဖွဲ့ အစည်း အတွက် ဘယ်လောက်များ အရေးပါခဲ့တယ်လို့ စာဖတ်သူ ထင်ပါသလဲ။

၁၆၄၂ ခုနှစ်၊ အင်္ဂလန်ရဲ့ ကျေးလက်တောရွာတနေရာမှာ အိုင်းဇက် နယူတန်ကို မွေးဖွားခဲ့တော့ ကမ္ဘာလောကဟာ အခု လက်ရှိခေတ်နဲ့ သိပ်ကို ခြားနားတဲ့ အခြေအနေတရပ် ဖြစ်ခဲ့ပါတယ်။ ခေတ်မီအတွေးအမြင်တွေနဲ့ အလှမ်းဝေးသေးတယ်လို့ ဆိုနိုင်ပေမယ့် ကောင်းကင်ယံက ဂြိုဟ်တွေ၊ နက္ခတ် တွေရဲ့ နာရီလက်တံအတိုင်း လည်ပတ်မှုအကြောင်းကို လူတိုင်းလိုလို သိရှိ ထားကြပြီးသားပါ။ အချိန်မှန်လည်ပတ်နေပြီး စနစ်ကျနလှတဲ့ သဘာဝလောကရဲ့ ရင်သတ်ရှုမောဖွယ်တွေကိုလည်း လူတိုင်း ခန့်မှန်းနိုင်ခဲ့ကြပါတယ်။ အဲဒါကြောင့် နာရီ ဒီဇိုင်နာလို လောကကို ဖန်ဆင်းတည်ဆောက်ထားတဲ့ ဖန်ဆင်းရှင်၊ တန်ခိုး ရှင်တဦးဦး နောက်ကွယ်မှာ ရှိရမယ်လို့ လူတွေက ထင်မှတ်ခဲ့ကြပါတယ်။ အဲဒီ အပြင် ယုတ္တိခိုင်လုံတဲ့ တခြားနည်းလမ်းတွေနဲ့လည်း ဖြေရှင်းစရာ မရှိခဲ့ကြဘူးလေ။ သူတို့ရဲ့ အဆုံးမရှိ များပြားလှတဲ့မေးခွန်းပေါင်း များစွာအတွက် ပြန်လည် ဖြေဆိုနိုင်တာက တခုပဲ ရှိခဲ့ပါတယ်။ ဘုရားသခင် ဆိုတာပါပဲ။ ဖွင့်ဆိုရှင်းလင်း နိုင်ခြင်းမရှိတာ မှန်သမျှကို ဘုရားသခင်ဆိုတဲ့ ဝေါဟာရတလုံးတည်းနဲ့ ကိုင် ပေါက်ခဲ့ကြပါတယ်။

မှန်ပါတယ်။ ကျွန်တော်တို့ လူသားတွေဟာ မိမိတို့ နားမလည်သေးတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်လို့ မေးခွန်းထုတ်စရာတွေ ပေါ်လာတဲ့အခါတိုင်း ဘုရားသခင်ဆိုတဲ့ ဝေါဟာရနဲ့ (အခြားသော အလားသဏ္ဍာန်တူ) ဘာသာရေး အယူအဆတွေကို ထုတ်သုံးခဲ့ကြတာပါ။ ကမ္ဘာမြေအပါအဝင် နေအဖွဲ့အစည်းကို ဘုရားသခင်က ဖန်ဆင်းထားခဲ့တယ် ဆိုတာမျိုးပါ။ တကယ်တော့ အဲဒီလို မသိနားမလည် သေးတဲ့ အကြောင်းအရာတွေကို ဘာသာတရား (သို့) ဘုရားသခင် ဖြေရှင်းချက်နဲ့ ဖွင့်ဆိုဖို့ အားထုတ် လိုက်တာဟာ ပကတိအရှိတရားတွေကို ဟုတ်တိုင်းမှန်ရာ ရှင်းလင်းတင်ပြပေးမယ့် အကြောင်းတရားတွေကို ရှာဖွေစူးစမ်းဖို့ လမ်းပိတ်လိုက်သလို ဖြစ်သွားစေခဲ့ပါတယ်။

တကယ်ဆိုရင် နယူတန်ဟာ ဘာသာတရား ကိုင်းရှိုင်းပြီး ထူးချွန်တဲ့ ပါရမီရှင်တဦးပါ။ သဘာဝတရားရဲ့ ဆန်းကြယ်လှတဲ့ နိယာမတွေကိုလည်း သင်္ချာဗေဒပုံသေနည်းတွေနဲ့ အတိအကျ သက်သေထူနိုင်ခဲ့သူ ဖြစ်ပါတယ်။ ပန်းသီးကြွေကျတာ၊ ကမ္ဘာမြေနဲ့ လတို့ရဲ့ ဆွဲငင်အားတွေ၊ ဂြိုဟ်တွေရဲ့ လည်ပတ်မှုတွေကို ကျွန်တော်တို့လူသားတွေ နားလည်နိုင်ဖို့ ဖွင့်ဆိုရှင်းပြနိုင်ခဲ့သူပါ။ အလယ်ခေတ်လို အသိဉာဏ်ပညာ မတိုးတက်သေးခဲ့တဲ့ အချိန်ကာလမှာတောင် နယူတန်ဟာ နေအဖွဲ့အစည်းအကြောင်း ထိုးထွင်း သိမြင်နိုင်ခဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ ဆွဲငင်အားနိယာမတွေဟာ ရူပဗေဒကို တခေတ်ဆန်းစေခဲ့ပါတယ်။

ဒါပေမယ့် အကျိုးဆက်အားဖြင့် သူ ဖွင့်ဆိုရှင်းပြလိုက်တဲ့ ရင်သပ်ရှုမောဖွယ် ခမ်းနား ဆန်းကြယ်လှတဲ့ ကမ္ဘာလောကနဲ့ နေအဖွဲ့အစည်းတို့ရဲ့ ဖြစ်တည်မှုဟာ ထာဝရဘုရားသခင်နဲ့ ဖန်ဆင်းခြင်း အယူအဆကို ချေဖျက်ပစ်လိုက်ပါတယ်။ အမှန် စင်စစ် နေအဖွဲ့အစည်းရဲ့ နောက်ကွယ်က မောင်းနှင်အားဟာ ဆွဲငင်မှုသီအိုရီဖြစ်ပြီး ထာဝရ ဘုရားသခင် မဟုတ်ပါဘူး။ အဲဒီလိုကမ္ဘာမြေနဲ့ ဂြိုဟ်တွေရဲ့ ဆွဲငင်အား အကြောင်းတွေကို ထာဝရဘုရားသခင်ရဲ့ နှုတ်ကပါတ်တော်လို့ခေါ်ဆိုကြတဲ့ သမ္မာကျမ်းစာထဲမှာလည်း တလုံးတပါဒမျှ ရေးသားဖော်ပြထားခြင်း မရှိပါဘူး။ နယူတန်ရဲ့ ကမ္ဘာမြေဆွဲငင်အားနိယာမအတိုင်း နေအဖွဲ့ အစည်းနဲ့ ဂြိုဟ်တွေဘာလို့များ အခုလို ဖြစ်တည်နေရတာလဲဆိုတဲ့မေးခွန်းကတော့ တွေးတောစရာတွေ အများကြီးကို ပေါ်ထွက်လာစေခဲ့ပါတယ်။

နယူတန်ဟာ သူ့ရဲ့ ပရင့်စီပီးယား[71] စာအုပ်ထဲမှာ ကတ်ကူးလက်စ်[72] သင်္ချာအကြောင်းကိုလည်း မိတ်ဆက်ပေးထားသလို စကြဝဠာအတွင်း အချိန်ခရီးသွားခြင်း ဆိုင်ရာ အယူအဆတွေကိုလည်း တင်ပြထားပါတယ်။ နယူတန်ဟာ အမြောက်ပစ်တဲ့ ဥပမာကို အသုံးပြုပြီး ဂြိုဟ်တွေ၊ ကြယ်တံခွန်တွေရဲ့ လည်ပတ်ပုံတွေကို ရှင်းပြထားပါတယ်။ အမြောက်ကို ပေါက်ကွဲမှု အားကောင်းတဲ့ ယမ်းနဲ့ ပစ်ခတ်တဲ့အခါ အမြောက်ဆံဟာကမ္ဘာမြေပေါ်ကိုထိုးကျသွားပါတယ်။ ဒါပေမယ့် အဲဒီ ပေါက်ကွဲမှုယမ်းအားကို တဆင့်ပြီး တဆင့် မြှင့်တင်လိုက်တဲ့အခါမှာ အမြောက်ဆံဟာ ကမ္ဘာမြေကြီးရဲ့ မျက်နှာပြင်နဲ့ မျဉ်းပြိုင်ဖြစ်သွားတဲ့ အခါကျရင် ကမ္ဘာမြေပေါ်ကို ပြန်လည် ကျရောက်မလာတော့ပါဘူး။

အဲဒီကနေတဆင့် ပိုပြီး ပေါက်ကွဲမှု ပြင်းထန်တဲ့ ယမ်းအားနဲ့ ပစ်ခတ်ရင် ကမ္ဘာမြေရဲ့ ဆွဲငင်အားကို ကျော်လွန်ပြီး စကြဝဠာထဲကိုထွက်သွားမှာပဲ ဖြစ်တယ်လို့ သူက ဆိုပါတယ်။ ဂြိုဟ်တွေ၊ ကြယ်တံခွန်တွေ နေကို လှည့်ပတ်နေတာဟာ ကမ္ဘာမြေမျက်နှာပြင်နဲ့ မျဉ်းပြိုင်ဖြစ်နေလို့ အဝေးကိုလည်း ထွက်မသွား၊ ကမ္ဘာမြေပေါ်ကိုလည်း ပြန်ကျရောက်မလာတဲ့ အမြောက်ဆံလိုမျိုးဖြစ်တဲ့အကြောင်း သူက ဆိုပါတယ်။ သူ့ရဲ့ အယူအဆနဲ့ တိကျတဲ့ တွက်ချက်မှုတွေဟာ အဲဒီခေတ်ကာလက လူသားတွေရဲ့ သိမှုဆိုင်ရာ အခြင်းအရာတွေကို အကြီးအကျယ်ပြောင်းလဲသွားစေခဲ့ပါတယ်။ ဂြိုဟ်တွေရဲ့ လည်ပတ်မှုတွေ၊ ကြယ်တံခွန်တွေရဲ့ ပတ်လမ်းတွေအကြောင်းကို ရှင်းလင်း တင်ပြပြီးတဲ့အခါမှာ ကောင်းကင်ဘုံတွေ၊ နတ်ဘုရားတွေရဲ့ အမျက်ဒေါသတွေကို တချိန်လုံး စိုးရိမ်ထိတ်လန့်နေခဲ့ရတဲ့ လူသားတွေရဲ့ အကြောက်တရား တွေကိုလည်း ချိုးဖျက်နိုင်ခဲ့ပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။

နယူးယောက်ခ်တက္ကသိုလ်၊ ဘောဘ်စ်စာကြည့်တိုက်[73] တွင် ပြသထားသော နယူတန်၏ ပရင့်စီပီးယား မက်သမ်မက်တီကာ (ဒုတိယအကြိမ်)

အဲဒီလို အကျိုးဆက်တွေ ထွက်ပေါ်လာစေခဲ့တာဟာ နယူတန်တဦးတည်းရဲ့ လုံ့လစိုက်ထုတ်မှုနဲ့တင် မဟုတ်ပဲ ဟေလီရဲ့ ပံ့ပိုးမှုတွေ အများကြီးကို ရရှိခဲ့တာကြောင့်ပါ။ တကယ်လို့ ဟေလီသာ နယူတန် ဘက်ကနေ မားမားမတ်မတ် ရပ်တည်မပေးခဲ့ဘူးဆိုရင် နယူတန်ရဲ့ တွေ့ရှိချက်၊ သီအိုရီနဲ့ အောင်မြင်မှု တွေဟာ လူသားမျိုးဆက် အနည်းငယ် လောက်ပဲ တာရှည်ခံပါလိမ့်မယ်။ ဟေလီရဲ့ နာမည်

ဆိုရင်လည်း ကြယ်တံခွန်တဲ့ပတ်သက်ပြီး ဟေလီကြယ်တံခွန်[74] ဆိုတာလောက်ပဲ လူတွေမှတ်မိနေမှာ ဖြစ်ပါတယ်။ တကယ်တော့ အဲဒီ ကြယ်တံခွန်ကိုတွေ့ရှိပြီး အမည်ပေးနိုင်ခဲ့ခြင်းဟာ ဟေလီရဲ့ ပြောင်မြောက်လှတဲ့ စွမ်းဆောင်ချက်တွေ ထဲမှာတောင် မပါဝင်ခဲ့ပါဘူး။

ဟေလီတယောက် နယူတန်ရဲ့ ပရင့်စီပီးယား မက်သမ်မက်တီကာကိုထုတ်ဝေနိုင်ဖို့ အားတက်သရော ကူညီခဲ့အပြီးမှာ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်နဲ့ ပင်လယ်ရေကြောင်းခရီး ၃ ကြိမ် ထပ်မံ ထွက်ခွာခဲ့ရပါတယ်။ ဗြိတိသျှတော်ဝင်ရေတပ်ရဲ့ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခက်အခဲတွေကို ပြေလည်စေဖို့ မြေပုံလမ်းညွှန် ရေးဆွဲနိုင်စေမယ့် လောကဓာတ်သိပ္ပံဆိုင်ရာ လေ့လာရေးခရီးစဉ်တွေ ဖြစ်ပါတယ်။ အဲဒီခရီးစဉ်တွေကနေ ရေကြောင်းလမ်းပြမြေပုံတင်မက ကမ္ဘာမြေရဲ့ သံလိုက်စက်ကွင်းတွေအကြောင်းကိုပါ ဟေလီက အသေးစိတ် ရေးဆွဲပြနိုင်ခဲ့တဲ့အထိ အောင်မြင်မှု ရရှိခဲ့ပါတယ်။

နောက်ပြီး သူ့ရဲ့ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းအနေနဲ့ ရေငုပ်ခေါင်းလောင်းကို တီထွင်လိုက်ပြီး သင်္ဘောပျက်တွေ ဆယ်ယူခြင်း လုပ်ငန်းနဲ့လည်း ဝင်ငွေဖြောင့်သူ တယောက် ဖြစ်လာခဲ့ပါတယ်။ သူကိုယ်တိုင်တောင် အဲဒီခေါင်းလောင်းတွေနဲ့ ရေငုပ်ဖို့ စိတ်အားထက်သန်ခဲ့သူပါ။ ပင်လယ်ခရီးသွား ရေကြောင်းလမ်းပြမြေပုံတွေတင်မက တပါတည်း ဆက်စပ်နေတဲ့ မိုးလေဝသမြေပုံတွေ၊ ပင်လယ်ရေစီးကြောင်းနဲ့ တိုက်လေတွေ ဖော်ပြထားတဲ့ မြေပုံတွေကိုလည်း သူပဲ ရေးဆွဲပေးခဲ့တာဖြစ်ပြီး ဒီကနေ့ထိ ကျွန်တော်တို့ လူသားတွေ အတွက် အသုံးဝင်နေဆဲဖြစ်ပါတယ်။

လူဦးရေဆိုင်ရာ စာရင်းအင်းနဲ့ ပတ်သက်တဲ့ သိပ္ပံနည်းကျ ချဉ်းကပ်မှုတွေကို လူ့အဖွဲ့ အစည်းနဲ့ စတင် မိတ်ဆက်ပေးခဲ့သူဟာလည်း ဟေလီပဲ ဖြစ်ပါတယ်။ လန်ဒန်နဲ့ ပဲရစ်မြို့တွေက မွေးဖွားစာရင်း၊ လက်ထပ်စာရင်း၊ သေဆုံးစာရင်းတွေနဲ့ လူဦးရေ သိပ်သည်းမှုတွေကို နှိုင်းယှဉ်ပြခဲ့တာပါ။ ပဲရစ်မြို့ရဲ့ နယ်နိမိတ်ကို ခြေလှမ်းနဲ့တောင် ရေတွက်ပြခဲ့ဖူးတယ်လို့ ဆိုပါတယ်။ လူဦးရေထက်ဝက်က မျိုးဆက် ချန်ရစ်ထားနိုင်ပြီး ကျန်တဲ့ထက်ဝက်က မျိုးဆက် ချန်ရစ်မထားဘူးဆို

ရင် လက်ရှိလူဦးရေအတိုင်း တောင့်ခံထားနိုင်ဖို့ တအိမ်ထောင်ကို သားသမီး ၄ ဦး ရယူမှဖြစ်လိမ့်မယ်ဆိုတဲ့ ဟောကိန်းမျိုးတွေကိုလည်း သူပဲ ကနဦး ထုတ်ပြန်ခဲ့တာ ပါ။ ကမ္ဘာမြေနဲ့ နေတို့ရဲ့ အကွာအဝေးကိုလည်း ဟေလီက တိုင်းတာပြခဲ့ပါ တယ်။ နေရဲ့ ပတ်လမ်း အဝန်းအဝိုင်းနဲ့ ဗီးနပ်စ်ဂြိုဟ်ရဲ့ ပတ်လမ်းတို့ ဆုံတွေ့တဲ့ ကြာချိန် ကို တိုင်းတာပြီး သိရှိတာပါ။

ဟေလီ ကွယ်လွန်ပြီး ၂၇ နှစ်အကြာမှာ ကပ္ပတိန် ဂျိမ်းစ် ကွတ်ခ်[75] ဟာ တီ ဟီတီကျွန်း[76] ကို လေ့လာရေးခရီး ထွက်ရင်း ဗီးနပ်စ်ဂြိုဟ်နဲ့ နေပတ်လမ်းတို့ကို တိုက်ဆိုင်ကြည့်ရှုပြီး ဟေလီရဲ့နည်းကို ထပ်မံ စမ်းသပ်ကြည့်ခဲ့ပြန်ပါတယ်။ နေကို အဝေးကြည့်မှန်ပြောင်းကနေ တိုက်ရိုက် မကြည့်ရှုမိအောင်တော့ မှန်ပြောင်းမှာ ကြားခံပစ္စည်းတွေ ထည့်သွင်း သုံးစွဲရတာပေါ့လေ။ ကွတ်ခ်နဲ့ နောက် လိုက်နောက် ပါတွေရဲ့ ကြိုးစားအားထုတ်မှုကနေ ဟေလီရဲ့ နည်းစနစ်အတိုင်း တွက်ချက်ကြရာ မှာ နေနဲ့ ကမ္ဘာမြေတို့ရဲ့ အကွာအဝေးဟာ မိုင်ပေါင်း ၉၃ သန်း ဖြစ်ကြောင်း ကျွန်တော်တို့ နှောင်းလူတွေ သိရှိခွင့်ရခဲ့ပါတယ်။

ကောင်းကင်က ကြယ်တာရာတွေဟာ တနေရာတည်းမှာ တသမတ်တည်း တည်ရှိနေကြတာ မဟုတ်ဘူး ဆိုတဲ့အကြောင်းကို စတင် ဖော်ထုတ်ခဲ့သူကလည်း ဟေလီပဲဖြစ်ပါတယ်။ ဂရိနက္ခတ္တဗေဒ ပညာရှင်တွေရဲ့ ကြယ်တာရာ မြေပုံတွေကို နောင်နှစ်ပေါင်း ၁,၈၀၀ အလွန်မှာ သူကိုယ်တိုင် ပြုစုထားခဲ့တဲ့ မြေပုံတွေနဲ့ တိုက်ရှု စစ်ဆေးကြည့်ရင်း သိရှိလာခဲ့တာပါ။ အရင်တုန်းကတော့ ဘယ်သူမှ သတိမထား မိခဲ့ကြပါဘူး။ အဲဒီလို သတိထားမိဖို့ ဆိုတာကလည်း အချိန်တွေ အများကြီးပေးပြီး လေ့လာမှပဲ သိရှိလာနိုင်တာမျိုး မဟုတ်လား။ ဒါတောင် အချိန်ပေး လေ့လာတိုင်း လည်း သိရှိနိုင်တာမှ မဟုတ်တာ။ စကြဝဠာထဲက ဝေးလံလွန်းလှတဲ့ အရာဝတ္ထု တွေရဲ့ ရွေ့လျားမှုကိုသတိပြုမိဖို့ဆိုတာက အင်မတန် မှလည်း ခဲယဉ်းလွန်းလှပါ တယ်။ အဲဒီလို ဟိုးအဝေးကြီးက ကြယ်တာရာတွေရဲ့ ရွေ့လျားမှုကို သိမြင်နိုင်ဖို့ဆို တာ ရာစုနှစ်နဲ့ချီပြီး စောင့်ကြည့်လေ့လာရတာမျိုး ထိတောင် အရင်းအနှီး ကြီးမား တာမျိုးလေ။

အဲဒီလိုခေတ်ကာလ အတွင်းမှာတောင် သဘာဝတရားရဲ့ ရင်သပ်ရှုမောဖွယ်ရာ လျှို့ဝှက်ချက်တွေကို ဟေလီက ချပြနိုင်ခဲ့ပါတယ်။ နေအဖွဲ့အစည်းတွေဟာ ကြယ်တာရာတွေကို ဗဟိုပြုပြီး ယိမ်းကနေသလို လှည့်ပတ်နေတဲ့အကြောင်းတွေ ဟေလီက သိမြင်ခဲ့ပြီး ကြယ်တံခွန်တွေကတော့ ခဏတဖြုတ် အလည်လာတဲ့ ဧည့်သည်တွေလိုပဲလို့ ယူဆထားပါတယ်။ လူသားတွေရဲ့ ထူးကဲလှတဲ့အထောက်အထား ကောက်ယူနိုင်မှု၊ ဆက်စပ်သုံးသပ်နိုင်မှုတွေကို ဟေလီက လက်တွေ့ကျင့်သုံးပြခဲ့တာပါ။ ဟေလီဟာ ကြယ်တံခွန်တွေရဲ့ ပကတိသဘောကို ကနဦးလေ့လာခဲ့သူတော့ မဟုတ်ခဲ့ပါဘူး။ မှတ်တမ်းတွေအရဆိုရင် ကြယ်တံခွန်တွေကို အရင်ဦးဆုံး လေ့လာဖို့ အားထုတ်ခဲ့သူဟာ ကွန်စတန်တီနိုပယ်လ် အရပ်က နိုက်ကီဖောရပ်စ် ဂရီဂေါရပ်စ်[77] ဆိုသူလို့ သိရပါတယ်။ စတင် စူးစမ်းခဲ့ချိန်က တော့ ၁၃၃၇ ခုနှစ်၊ ဇွန်လလို့ ဖော်ပြထားပြီး ဘိုင်ဇင်တီးနက္ခတ္တဗေဒ ပညာရှင် ဖြစ်သလို ဘုန်းတော်ကြီးတပါးလည်း ဖြစ်ပါတယ်။

အဲဒီလို ပညာရှင်ပေါင်း များစွာ လေ့လာမှတ်တမ်းတင်ထားခဲ့တာတွေကို စုဆောင်းထားတဲ့ သမိုင်း အချက်အလက်တွေကို ဟေလီက စုစည်းပြီး ၁၄၇၂ ခုနှစ်ကနေ ၁၆၉၈ ခုနှစ်ထိ ကြယ်တံခွန်ဆိုင်ရာ မှတ်တမ်းမှတ်ရာတွေနဲ့ပတ်သက် လာရင် ဥရောပတလွှား ဟေလီက အစုံလင်ဆုံး ဖြစ်ပါတယ်။ အဲဒီခေတ်ကာလ ဆိုတာ ကွန်ပျူတာ၊ အင်တာနက်တွေနဲ့ အချက်အလက်ရှာဖွေတာမျိုး ဆောင်ရွက် လို့ မရသလို အားကိုးစရာဆိုလို့ စာအုပ်စာတမ်းတွေနဲ့ မှတ်ဉာဏ်ပဲ ရှိခဲ့တာပါ။ တကယ့်ကို ခဲရာခဲဆစ် လုပ်ကိုင်ခဲ့တာမျိုး ဖြစ်ပါလိမ့်မယ်။ ကြယ်တံခွန်တွေရဲ့ ပုံပန်းသဏ္ဌာန်နဲ့ သူတို့ရဲ့ ပတ်လမ်းတွေအကြောင်း ရှာဖွေဆန်းစစ်ဖို့ဆိုရင် အစရှာဖို့တောင် အတော်ခဲယဉ်းမှာပါ။ အဲဒီလို ကမ္ဘာ့အပြင်ဘက်က အရာဝတ္ထု တွေရဲ့ ရွေ့လျားမှုအကြောင်းတွေကို တွက်ချက်နိုင်တဲ့သူ ဆိုလို့လည်း နယူတန် တယောက်တည်းပဲ ရှိပါသေးတယ်။

နယူတန်ရဲ့ သင်္ချာဗေဒ ပုံသေနည်းတွေကို အခြေခံပြီး ကြယ်တံခွန်တွေရဲ့ ရှည်လျားလှတဲ့ ပတ်လမ်းတွေကိုဟေလီက တွက်ချက်ကြည့်ခဲ့ပါတယ်။ ၁၅၃၁ ခုနှစ်က တွေ့မြင်ခဲ့ရတဲ့ ကြယ်တံခွန်ဟာ ၁၆၀၇ ခုနှစ်၊ ၁၆၈၃ ခုနှစ်တွေမှာ တွေ့မြင်ခဲ့ရတာနဲ့ တခုတည်းပဲ ဖြစ်ကြောင်း သူက သိရှိထားပါတယ်။ အဲဒီ ကြယ်တံခွန်

ဟာ ကမ္ဘာမြေရဲ့ အနီးအနားကို ၇၆ နှစ်တိုင်းမှာ တကြိမ် ပြန်လည် ရောက်ရှိလာပါတယ်။ လူသားတွေရဲ့ ဖြစ်စဉ်တွေကို ဆက်စပ်သုံးသပ်ခြင်း ဆိုတာ ဒါပါပဲ၊ ခဲရာခဲဆစ်ကြီးတော့လည်း မဟုတ်ပြန်ပါဘူး။

ကြယ်တံခွန်တွေဟာ လူသားတို့အဖို့ ကံဆိုးမိုးမှောင် ကျရောက်ခြင်းရဲ့ နိမိတ်သင်္ကေတအဖြစ် သာသာရေးသမားတွေ ပုံဖော်လာခဲ့တာ နှစ်ပေါင်းထောင်နဲ့ချီ ကြာမြင့်ခဲ့ပါပြီ။ အဲဒီလို ယုတ္တိမတန်တဲ့ ထင်ရာမြင်ရာ ပြောဆိုမှုတွေကို ဟေလီက သင်္ချာဗေဒနဲ့ တွက်ချက်ပြီး ချေဖျက်တုန့်ပြန်ပြခဲ့ပါတယ်။ လောကဓာတ်သိပ္ပံပညာရှင်တွေ အရင်က မဆောင်ရွက်ခဲ့ဖူးတဲ့ ချဉ်းကပ်နည်းမျိုးနဲ့ သူက ရဲရဲတင်းတင်း ပြုမူခဲ့ပါတယ်။ ၁၆၈၃ ခုနှစ်မှာ မြင်တွေ့ခဲ့ရတဲ့ ကြယ်တံခွန်ကို ၁၇၅၈ ခုနှစ်မှာ နောက်တကြိမ် ပြန်လည် မြင်တွေ့ရမှာဖြစ်ကြောင်း သူက အတိအကျ ဟောကိန်းထုတ်ပြလိုက်ပါတယ်။ ကောင်းကင်ရဲ့ ဘယ်နေရာက နေထွက်ပေါ်လာမှာဖြစ်ပြီး ဘယ်လမ်းကြောင်းအတိုင်း ခရီးဆက်မှာ ဖြစ်တဲ့အကြောင်းတောင် တပ်အပ် ပြောလိုက်ပါသေးတယ်။

ကြယ်တံခွန်ဆိုတာ ကံဆိုးမိုးမှောင် ကျရောက်ခြင်း၊ ခေါင်းဆောင်တွေ ကျဆုံးခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ ရောဂါဘယတွေ ထူပြောခြင်း၊ အစာရေစာငတ်မွတ်ခေါင်းပါးခြင်း စသဖြင့် အဖန်တရာတေနေတဲ့ စကားလုံးတွေနဲ့ အများပြည်သူကို ထိတ်လန့်ကြောက်ရွံ့အောင်ပဲ တတ်စွမ်းနိုင်ခဲ့တဲ့ ဘာသာရေးသမားတွေဟာ ဟေလီလို တိကျတဲ့ ဟောကိန်းထုတ်မှုမျိုးကို ဘယ်လိုမှ မတတ်စွမ်း နိုင်ခဲ့ကြပါဘူး။

ကြယ်တံခွန်ဆိုတာဟာ နေအဖွဲ့ အစည်းရဲ့ အပြင်ဘက်မှာ ဘာမှ ထူးခြားမှု မရှိတဲ့ရေခဲဖုံး ဥက္ကာစိုင်တခုပါ။ နက်ပ်ကျွန်းဂြိုဟ်ရဲ့ အပြင်ဘက်နေနဲ့ကီလိုမီတာပေါင်း ၅ ဘီလျံကွာဝေးတဲ့နေရာကို ရောက်ရှိနေလို့ အဲဒီလို ရေခဲတွေ ဖုံးလွှမ်းနေရတာ ဖြစ်ပါတယ်။ အဲဒီနေရာအရောက်မှာ ကြယ်တံခွန်ရဲ့ အရှိန်ဟာလည်း လျော့ကျသွားပြီး အဝေးကို ဆက်ထွက်မသွားနိုင်အောင် နေရဲ့ ဆွဲငင်အားက ထိန်းချုပ်ထား ပါတယ်။ အဲဒီတော့ နေအဖွဲ့ အစည်းအတွင်းပိုင်းဆီ ပြန်လှည့်လာ

ရပါတယ်။ တခြားဂြိုဟ်တွေနည်းတူ ကြယ်တံခွန်ဆိုတာဟာလည်း အဲဒီလို နေကို လှည့်ပတ်နေတာ ဖြစ်ပါတယ်။

လူသားတွေရဲ့ အချိန်တိုင်း စိုးရိမ်ကြောက်လန့်နေရတဲ့ဘဝတွေကို ကယ်တင်ခဲ့သူ ဟေလီဟာ အသက် ၈၅ နှစ်အရွယ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။ သူ့ရဲ့ နောက်ဆုံးအချိန်မှာ သူ အင်မတန် နှစ်ခြိုက်လှတဲ့ ဝိုင်တခွက်ကို အရသာခံ သောက်သုံးရင်း သေဆုံးသွားခဲ့တာလို့ ဆိုပါတယ်။ နယူတန်အဖို့ အစားထိုး မရနိုင်တဲ့ မိတ်ဆွေကောင်းကြီး ဆုံးရှုံးလိုက်ရတာပါပဲ။

နောက်ထပ် နှစ်ပေါင်း အနည်းငယ်အကြာမှာတော့ သူနဲ့ ဘယ်လိုမှ အစေးမကပ်လှတဲ့ ရောဘတ်ဟွတ်ခ်လည်း ကွယ်လွန်သွားခဲ့ပါတယ်။ ပြဒါးတွေ၊ ဘိန်းတွေ၊ ကိုင်းဆေးတွေ နေ့တိုင်း ရှူသောက်မိလို့ ကျန်းမာရေး ထိခိုက်ပြီး သေဆုံး ရတာလို့ ယူဆရပါတယ်။ လအနည်းငယ်အကြာမှာ သူ့ရဲ့ လစ်လပ်နေရာကို ဆက်ခံဖို့ တော်ဝင်အဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌအဖြစ် နယူတန်ကို ရွေးချယ်တင်မြှောက် လိုက်ကြပါတယ်။ အဲဒီတုန်းက ဟွတ်ခ်ရဲ့ ပုံတူပန်းချီကားဟာ တော်ဝင်အဖွဲ့အစည်းရဲ့ နံရံမှာ ချိတ်ဆွဲ ထားခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဟေလီ သေဆုံး သွားခဲ့တဲ့ တိတ်ဆိတ်ညတညမှာပဲ နယူတန်ကလည်း ဟွတ်ခ်ကို လက်စားချေ ခဲ့ပါတယ်။ အနည်းဆုံးတော့ လက်စားချေခဲ့တယ်လို့ လူအများက ယူဆကြပါ တယ်။ အဲဒါကတော့ ရောဘတ်ဟွတ်ခ်ရဲ့ ပုံတူပန်းချီကားကို မီးလင်းဖိုထဲ ပစ်ထည့်လိုက်တာပါပဲ။ နယူတန် တယောက် တော်ဝင်အဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌဖြစ် လာခဲ့ပြီး နောက်ပိုင်းခါတိုင်း မြင်တွေ့ နေကျ ဟွတ်ခ်ရဲ့ ပုံတူပန်းချီကားဟာလည်း ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့ပါတော့တယ်။ သူ့ရဲ့ ပန်းချီကားလိုပဲ ဟွတ်ခ်ကိုလည်း မေ့လျော့ သွားခဲ့ကြပါတယ်။

ဒါပေမယ့် ဟေလီရဲ့ ကြယ်တံခွန်အကြောင်း ကြိုတင်ဟောကိန်းကိုတော့ အများပြည်သူတွေက မမေ့နိုင်ခဲ့ကြပါဘူး။ နောက်ထပ် ၅၅ နှစ်ဆိုတဲ့ အချိန်ကာလကို ဖြတ်သန်းခဲ့ပြီးတဲ့နောက်မှာ တကမ္ဘာလုံးက နက္ခတ္တဗေဒပညာရှင်တွေနဲ့ ပြည်သူတွေဟာ ဟေလီကြယ်တံခွန်ကို စောင့်ကြည့်ဖို့ ရင်ခုန်နေခဲ့ကြပါတယ်။ သူ

တို့ရဲ့ ဆန္ဒတွေလည်း အမှန်တကယ် ပြည့်ဝခဲ့ကြပါတယ်။ ၇၆ နှစ် ပြည့်တိုင်းမှာ ဟေလီကြယ်တံခွန်ဟာ အချိန်မှန် ပြန်လည် ရောက်ရှိလာခဲ့ပါတယ်။

၇၆ နှစ် တကြိမ် ကမ္ဘာမြေအနီးမှ ဖြတ်သန်းသွားသော ဟေလီကြယ်တံခွန်အား ၁၉၈၆ ခုနှစ်တွင် မြင်တွေ့ရစဉ် (နာဆာမှတ်တမ်း)

ကျွန်တော်တို့ တွေ့ မြင်ရတဲ့ ကောင်းကင်ပြင်ကို ဟေလီကြယ်တံခွန် ဝင်ရောက်လာတဲ့အခါမှာ ကြယ်တံခွန်ရဲ့ အပေါ်ယံလွှာက ရေခဲတွေကို နေရောင်ခြည်နဲ့ မီးပြင်းတိုက်လိုက်ပါတယ်။ အဲဒီအခါ အတွင်းပိုင်းထဲမှာ ပိတ်မိနေခဲ့တဲ့ ဓာတ်ငွေ့တွေနဲ့ ရေခဲမှုန်တွေဟာ တောက်ပတဲ့ အသွင်တဲ့ အပြင်ကို တိုးထွက် လာခဲ့ကြပါတယ်။ ကမ္ဘာမြေနဲ့ အနီးဆုံး အရပ်ကို ဟေလီကြယ်တံခွန် နောက်ဆုံး ရောက်ရှိခဲ့တာဟာ ၁၉၈၆ ခုနှစ်တုန်းကပါ။ ၂၀၆၁ ခုနှစ်မှာ ဟေလီကြယ်တံခွန်ကို ကျွန်တော်တို့ လူသားတွေ ထပ်မံတွေ့မြင် ရပါလိမ့်ဦးမယ်။ အဲဒီလို ဟေလီကြယ်တံခွန်ကို နောက်ထပ် တွေ့ မြင်ရတဲ့ အချိန်ကာလတွေ မှာတော့ လူ့အဖွဲ့အစည်းဟာ ဟိုတချိန်ကလို စိုးရိမ်ကြောက်လန့်တဲ့ မျက်ဝန်းတွေနဲ့ ကြည့်ရှုနေရတော့မှာ မဟုတ်ပါဘူး။

နယူတန်ရဲ့ နိယာမတွေကနေတဆင့် ကြယ်တံခွန်နဲ့ ပတ်သက်တဲ့ ဟောကိန်းတွေကို ဟေလီက နှစ်ပေါင်း ၅၀ကြိုတင်ပြီး ထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလို အလားတူ နိယာမတွေကိုပဲ လောကဓာတ်သိပ္ပံ ပညာရှင်တွေက ဆက်လက် ကိုင်စွဲခဲ့ကြပြီး လကမ္ဘာပေါ်မှာ လူသားတို့ ခြေချနိုင်ခဲ့ကြပါတယ်။ နေအဖွဲ့အစည်းရဲ့ ပြင်ပ စကြဝဠာထဲကို အာကာသယာဉ်တွေ စေလွှတ်နိုင်ခဲ့ကြပါတယ်။

အဲဒီလို အလားတူ လောကဓာတ်သိပ္ပံနိယာမတွေကို အခြေပြုပြီး ဟောကိန်း ထုတ်ရဦးမယ် ဆိုရင် ပညာရှင်တွေဟာ အနာဂတ်ကို နှစ်သန်းပေါင်း ထောင်နဲ့ချီပြီး တပ်အပ် ပြောဆိုနိုင်နေကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ကမ္ဘာမြေတည်ရှိရာ နေအဖွဲ့အစည်းရဲ့ နဂါးငွေ့တန်း ဂလက်ဆီဟာ နောင်တချိန်မှာ သူနဲ့ အနီးအနားက အန်ဒရိုမက်ဒါ ဂလက်ဆီ[78] နဲ့ ဝင်တိုက်မိကြမှာ ဖြစ်ပါတယ်။ ဂလက်ဆီတွေရဲ့ အကြား အကွာအဝေးဟာ အလင်းနှစ်ပေါင်းများစွာ ဝေးကွာလွန်းလှတာမလို့ အဲဒီလို ဖြစ်ရပ်မျိုးဟာ တကယ့်ကို ဖြစ်တောင့်ဖြစ်ခဲလို့ ဆိုနိုင်ပါတယ်။ အဲဒီကနေ အလင်း၊ စွမ်းအင်နဲ့ရောမ စူပါနိုဗာ၊ မက်ဂါနိုဗာကြီး[79] တွေ အများအပြား ပေါက်ကွဲ ထွက်မယ်လို့လည်း ဆိုကြပါတယ်။

တကယ်လို့များ အဲဒီ ပေါက်ကွဲမှုကြီးကို အနာဂတ် အလင်းတန်းပြပွဲကြီးလို့ တင်စားရမယ်ဆိုရင် နောက်ခံတေးဂီတကို တီးခတ်ခဲ့သူကတော့ အဲဒီဖြစ်ရပ်တွေအကြောင်း တိကျစွာပဲ ကြိုတင် ဟောကိန်း ထုတ်စေနိုင်ခဲ့သူ နယူတန်ပဲ ဖြစ်ပါလိမ့်မယ်။ အဲဒါကြောင့် နယူတန်တေးသွားနဲ့ ကခုန်ကြမယ့် ကြယ်တာရာ ကကြိုးတွေ လို့လည်း တင်စားနိုင်မယ် ထင်ပါရဲ့။

Whisper Of Words

အလင်းရောင်တွင် ပုန်းကွယ်လျက်

စကြဝဠာရဲ့ သက်တမ်းနဲ့ အရွယ်အစားကို အလင်းနဲ့ မှတ်တမ်းတင်ကြပါတယ်။ သက်တမ်းဆိုတာ ကြာချိန်ဖြစ်ပြီးတော့ အရွယ်အစား ဆိုတာကတော့ အတိုင်းအဆလို့ယေဘုယျ သတ်မှတ်လို့ ရနိုင်မယ် ထင်ပါရဲ့။ သက်တမ်းဆိုတာကို အလင်းနဲ့ မှတ်တမ်းတင်ရတယ်ဆိုတော့ကြားရတာ တမျိုးဖြစ်နေနိုင်ပါတယ်။ ဒီလိုပါ။ အလင်းဟာ တစက္ကန့်ကို ကီလိုမီတာ ၃ သိန်း (မိုင်ပေါင်း ၁၈၆,၀၀၀) ဝန်းကျင် အလျင်ရှိကြောင်း အရင်အခန်းမှာ ပြောခဲ့ပြီးပါပြီ။ ဒီတော့ အလင်း လာရောက်တဲ့အချိန်ကို သိရှိရရင် အကွာအဝေးကိုလည်း သိရှိနိုင်ပြီလို့ ဆိုနိုင်ပါ တယ်။ နေနဲ့ ကမ္ဘာဟာ မိုင်ပေါင်း ၉၃ သန်း ကွာဝေးပြီး အလင်းရောက်ရှိဖို့ အချိန် ၈ မိနစ်ဝန်းကျင် ကြာညောင်းပါတယ်။

အဲဒီတော့ အာကာသ၊ စကြဝဠာ ဟိုးအဝေးက အလင်းရောင်တွေကမ္ဘာမြေဆီကို ရောက်ရှိဖို့၊ ကမ္ဘာမြေကနေ တွေ့ မြင်ရဖို့အတွက် အချိန်အတိုင်းအတာ တစုံတရာရရှိမယ်ဆိုရင် အကွာအဝေးကိုလည်း သိရှိနိုင်မှာ ဖြစ်ပါတယ်။ ပထမဆုံး အနေနဲ့ အလင်းရောင်ကို တွေ့မြင်တဲ့အခါမှာ အဲဒီအလင်းရောင်ကို ထုတ်လွှတ်လိုက်တဲ့ အရာဟာ ရပ်တံ့နေတာလား၊ ကျွန်တော်တို့ဆီကို ဦးတည်လာနေတာလား၊ ကျွန်တော်တို့နဲ့ ဝေးရာဆီကို ထွက်သွားနေတာလား ဆိုတာတွေကို သိရှိရမှာ ဖြစ်ပါတယ်။ ဘယ်လိုမျိုး သိရှိနိုင်မှာပါလိမ့်။ အရိုးရှင်းဆုံးပြောရရင်တော့ စပက်ထရိစကုပ်[80] ခေါ်တဲ့ ရောင်စဉ်ကြည့် ကိရိယာနဲ့ တိုင်းတာကြည့်ရှု ကြတာပါ။

ရောင်စဉ် ဆိုတာကို နည်းနည်းလောက် ပြောပါရစေဦး။ ရောင်စဉ်ဟာ နယူတန်ရဲ့ တွေ့ ရှိမှုတွေထဲမှာ တခုအပါအဝင်ဖြစ်ကြောင်းကို အရင်အခန်းမှာ ပြောခဲ့ပြီးပါပြီ။ ရောင်စဉ်ဆိုတဲ့ အလင်းဟာ အသံလိုပဲ လှိုင်းအနိမ့်အမြင့်တွေ များစွာ ပါရှိ

ပြီး လှိုင်းတို ဂမ်မာရေးတွေကနေ လှိုင်းရှည် ရေဒီယိုလှိုင်းတွေထိ ပါဝင်တဲ့အထဲက လူသားတွေအနေနဲ့ သေးငယ်တဲ့ အစိတ်အပိုင်းကိုပဲ တွေ့မြင်ရတာပါ။ လူသားတွေရဲ့ မျက်လုံးမှာ တွေ့မြင်ရတဲ့ အလင်းရောင်စဉ်တွေကတော့ ယေဘုယျအားဖြင့် အနီ၊ လိမ္မော်၊ အဝါ၊ အစိမ်း၊ အပြာနဲ့ ခရမ်းတို့ပဲ ဖြစ်ပါတယ်။

အနီရောင်ရဲ့ အောက်ဘက်ကို ရောက်ရှိသွားရင် လူသားတွေရဲ့ မျက်လုံးနဲ့ မမြင်ရတော့ပါဘူး။ အဲဒီအလင်းအမျိုးအစားကိုတော့ အနီ (Red) အောက် (Infra) ဖြစ်တာကြောင့် Infrared အနီအောက်ရောင်ခြည်လို့ ခေါ်ဆိုကြပါတယ်။ အဲဒီလိုပဲ ခရမ်းရောင်ရဲ့ အပေါ်ကို ရောက်သွားခဲ့ရင်လည်း မမြင်ရတော့ပါဘူး။ ခရမ်းက (Violet) ကျော်လွန်တာက (Ultra) ဖြစ်တာမလို့ အဲဒါကိုတော့ Ultraviolet ခရမ်းလွန်ရောင်ခြည်ရယ်လို့ ခေါ်ဆိုကြပါတယ်။



အလင်း၏ လှိုင်းအမျိုးအစားများနှင့် လူတို့ မြင်တွေ့ရသော ရောင်စဉ်တန်း အချိုးအစား

အလင်းရောင် ထုတ်လွှတ်လိုက်တဲ့ အရာဝတ္ထုဟာ ကျွန်တော်တို့နဲ့ ဝေးရာ (သို့) နီးရာဆီကို ဦးတည်နေရင် သူ့ဆီကနေ ထုတ်လွှတ်လိုက်တဲ့ အလင်းဟာ ယိုင်သွားပါတယ်။ အမြန်လမ်းမှာ မောင်းနှင်လာတဲ့ မော်တော်ကားစက်သံကို

နားထောင်တဲ့အခါမှာ ကျွန်တော်တို့နဲ့ နီးရာဆီ လာရောက်တဲ့အခါ ကြိမ်နှုန်းမြင့်လာပြီး ဝေးရာဆီသွားတဲ့အခါ ကြိမ်နှုန်းနိမ့်အသံကို ကြားရသလိုမျိုးပါပဲ (အဲဒါကို ဒေါ့ပ်လာ သက်ရောက်မှု[81] လို့ ခေါ်ဆိုကြပါတယ်)။

အလင်းဟာလည်း ကျွန်တော်တို့နဲ့ဝေးရာကို သွားနေတဲ့အခါ ရောင်စဉ်တန်းဟာ အနီဘက်ကို ယိုင်သွားသလိုကျွန်တော်တို့ဆီကို ဦးတည်လာနေတဲ့အခါမှာလည်း အပြာဘက်ကိုယိုင်သွားပါတယ်။ အဲဒါကြောင့်ပဲကျွန်တော်တို့ကမ္ဘာမြေနဲ့ နေအဖွဲ့အစည်း တည်ရှိရာ နဂါးငွေ့တန်း ဂလက်ဆီနဲ့ ဝေးရာဆီ လွင့်စင်ပြန့်ကားထွက်နေတဲ့ဟိုးအဝေးက ဂလက်ဆီရဲ့ အလင်းတွေဟာ အနီဘက်ကိုယိုင်နေတာဖြစ်ပါတယ်။ အခုအခါမှာ အနီဘက်ကို ယိုင်ပြီး ဝေးရာကို ပြန့်ကားထွက်နေတဲ့ ဂလက်ဆီတွေကိုဗီဒီယိုနောက်ပြန်ရစ်သလို အတိတ်ဆီ ပြန်သွားလိုက်မယ်ဆိုရင် ဆုံမှတ် တနေရာတည်းကနေ ပေါက်ကွဲ ပြန့်ကားထွက်သွားတာကို တွေ့ ရမှာဖြစ်ပါတယ်။ အဲဒါကိုပဲ မဟာပေါက်ကွဲမှုကြီး (Big Bang)လို့ခေါ်ဆိုကြပါတယ်။

မဟာပေါက်ကွဲမှုကြီးကနေ လက်ရှိအချိန်ကာလအထိ အလင်းရဲ့ အမြန်နှုန်းနဲ့ လေ့လာလို့ရသမျှ စကြဝဠာဟာ နှစ်ပေါင်း ၁၃.၈ ဘီလျံဖြစ်ကြောင်း အဲဒီကနေ အဖြေထုတ်ထားတာပါ။ နှစ်ပေါင်း ၁၃.၈ဘီလျံ သက်တမ်းရှိပြီးအလင်းရဲ့အမြန်နှုန်းနဲ့ ပြန့်ကားမှုအရ သိရှိမြင်တွေ့ ရသလောက် စကြဝဠာကိုလည်း “လေ့လာ နိုင်သမျှ စကြဝဠာ”ရယ်လို့ ခေါ်ဆိုကြပါတယ်။

အခုလို အကြောင်းအရာတွေအပေါ်ကျွန်တော်တို့ လူသားတွေ နားလည်ခြင်း မရှိသေးခင် တုန်းကဆိုရင် အဲဒီလိုနားလည်၊ သဘောပေါက်နိုင်ခွင့်ရရှိအောင် ကြိုးစားအားထုတ်ပေါင်း များစွာ ပြုလုပ်ခဲ့ကြရပါတယ်။ စကြဝဠာရဲ့ သဘော သဘာဝကို နားလည်ဖို့ အားထုတ်မှုတွေမှာ နိဒါန်းပေါင်း များစွာ ပါဝင်ပြီး နိဂုံး ရယ်လို့တော့ မရှိပါဘူး။ အဲဒီလို နားလည်ဖို့ အားထုတ်ခဲ့ကြတဲ့စွန့်ဦးသူရဲကောင်း တွေဟာလည်း ကမ္ဘာ့ဒေသ အနှံ့အပြားကနေ ထွက်ပေါ်ခဲ့ကြပါတယ်။ ရှေးခေတ် တရုတ်ပြည်က အတွေးအခေါ်သမားတွေ၊ ၁၁ ရာစု အီရတ်နိုင်ငံက ဘာသာရေး ခေါင်းဆောင်တွေကို မင်သက်သွားစေခဲ့တဲ့ ပညာရှင်တွေ၊ ခက်ထန်ကြမ်းတမ်း လှတဲ့ ကျွန်ပိုင်ရှင်တွေဆီ ရောင်းစားခံခဲ့ရသူ မိဘမဲ့ ကလေး

ငယ်တွေ စသဖြင့် အမျိုးအမည် စုံလင်လှပါတယ်။ သူတို့ အားလုံးရဲ့ တဦးချင်းစီ အားထုတ်မှုတွေ ကနေပဲ အလင်းရောင်မှာ သိုဝှက်ထားတဲ့ လျှို့ဝှက်ချက်တွေကို ကျွန်တော်တို့ လူသားတွေ သိမြင်၊ နားလည်ဖို့ တစနဲ့တစ နီးကပ် လာစေခဲ့ပါ တယ်။

အဲဒီလိုမျိုး စကြဝဠာရဲ့ လျှို့ဝှက်ဆန်းကြယ်မှုတွေကို နားလည်ဖို့ အားထုတ် ခဲ့ကြသူတိုင်းရဲ့ အမည်နာမတွေ အကုန်လုံးကိုတော့ မှတ်တမ်းတင်ပေးနိုင်မှာ မဟုတ်ပါဘူး။ သေချာတာကတော့ အတိတ်ကာလက လူသားတွေဟာလည်း ကောင်းကင်ပြင်ကို မော့ကြည့်ရင်း အလင်းရောင်ရဲ့ မှော်ဆန်တဲ့ ပြကွက်တွေကို တွေ့မြင်ခဲ့တယ် ဆိုတာပါပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂,၀၀၀ ကျော်တုန်းက တရုတ်ပြည်မှာ မိုဇီ(5)ဆိုတဲ့ အတွေးအခေါ်ပညာရှင်ဟာ အမှောင်ခန်းထဲကနေ ရောင်စုံရုပ်ရှင်တွေ တွေ့မြင် ရ ဖို့ အလင်းရောင်ကနေတဆင့် တင်ဆက်ပြသခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ အခု ခေတ်ရဲ့ ကင်မရာ ဖြစ်ပေါ်လာတဲ့ ကနဦး အသွင်သဏ္ဌာန်လို့ ဆိုနိုင်ပါတယ်။ အလင်းရောင်ကို ယဉ်ပါးအောင် ထိန်းကျောင်းနိုင်စွမ်းရှိခဲ့သူ မိုဇီဟာ သူတို့ခေတ် ကာလရဲ့ မှောင်မိုက်ခြင်း အမျိုးမျိုးကိုတော့ ရင်ဆိုင်ခဲ့ရရှာပါတယ်။

စစ်ရေးကျွမ်းကျင်သူ တဦးလည်းဖြစ်တဲ့ မိုဇီဟာ သူ့ရဲ့ ဉာဏ်ပညာတွေကို ငြိမ်းချမ်းရေးအတွက် အသုံးချလိုသူပါ။ စစ်မက်ဖြစ်ပွားတဲ့တိုင်းနိုင်ငံတွေအကြား သံတမန်နည်းလမ်းနဲ့ဖြေရှင်းဖို့ တိုက်တွန်းရာမှာ နာမည်ရခဲ့ပြီး တဦးရဲ့ ပိုင်နက်ကို ကျန်တဦးက ကျူးကျော်တိုက်ခိုက်မှုတွေ မပြုလုပ်ဖို့ စစ်မင်းတွေကို နားချနိုင်ခဲ့ သူ လည်းဖြစ်ပါတယ်။ အယုတ်အလတ်၊ အမြတ်မရွေး လူတန်းစား အားလုံးအပေါ် ချစ်ခြင်းမေတ္တာကို ပြသနိုင်ခဲ့သူလို့ နာမည်ကျော်ခဲ့ပြီး လူ့အဖွဲ့ အစည်းအတွင်းမှာ ဆင်းရဲမွဲတေခြင်းနဲ့ တန်းတူညီမျှမှု မရှိခြင်းတွေကို အဆုံးသတ်နိုင်ဖို့ မျှော်လင့်ခဲ့ သူလည်းဖြစ်ကြောင်း သမိုင်းသုတေသီတို့က ဆိုပါတယ်။ မိရိုးဖလာ ဓလေ့ထုံးစံ တွေနဲ့ မင်းဧကရာဇ်တွေရဲ့ သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်အပေါ်မှာလည်း မေးခွန်းထုတ်ရဲခဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ ရေးကျလှတဲ့ အရေးအသားတွေထဲမှာ လောကဓာတ်သိပ္ပံ ချဉ်းကပ်မှုဆိုင်ရာ လေ့လာနည်းတွေကို တွေ့မြင်နိုင်ပြီး

အင်မတန်ခေတ်မီသူလို့ ဆိုစမှတ်ပြုကြပါတယ်။ မိုဇီတို့ခေတ်ရဲ့ တရုတ်ပြည်ဟာ စိတ်ကူး၊ အတွေးအမြင်တွေကို စာနဲ့ပေနဲ့ စနစ်တကျ ရေးသား မှတ်တမ်းတင် ကြတဲ့ အလေ့အထ အားကောင်းနေပြီး ဖြစ်တာတောင် သူ့အကြောင်းကိုတော့ နှောင်းလူတွေ အပြည့်အစုံ သိခွင့်မရကြ ပဲဟိုတစ၊သည်တစရေးမှတ်ထားတာတွေလောက်ပဲ တွေ့ရပါတယ်။

မိုဇီနဲ့ သူ့ရဲ့ တပည့်တပန်းတွေရေးသားပြုစုခဲ့ကြတဲ့အက်ဆေးလိုပေပုရပိုက်တွေကိုတော့ အများအပြား တွေ့ရပြီး အဲဒီထဲကမှ 'ကံကြမ္မာအား လွန်ဆန်၍'[82] ဆိုတဲ့ စာပိုဒ်ရှည် ၃ ပိုဒ် ပါဝင်တဲ့ အတွေးအမြင်ရေးရာ ဆွေးနွေးမှုတွေမှာ လူ့အဖွဲ့အစည်းရဲ့ အခြေခံ သဘောတရားတွေကိုတောင် မေးခွန်းထုတ်ထားပြီး သာမန်လူတွေရဲ့ စူးစမ်းလေ့လာမှုတွေနဲ့ သက်သေထူနိုင်ခြင်း ရှိ၊ မရှိဆိုတဲ့ အကြောင်းအရာတွေ အများအပြားပါဝင်ပါတယ်။ ခေတ်သစ်လောကဓာတ်သိပ္ပံဆိုင်ရာ လေ့လာချဉ်းကပ်နည်း တွေရဲ့ အစလို့တောင် ချီးမွမ်းခံခဲ့ရလောက်အောင်ထိ မိုဇီတို့ လူသိုက်ဟာ အောင်မြင်ကျော်ကြားခဲ့ပါတယ်။

ဒါပေမယ့် အဲဒီခေတ်ကာလရဲ့ တရုတ်ပြည်ဟာ မိုဒီလိုပညာရှင်တွေအတွက် ရေခံမြေခံကောင်း မဟုတ်ခဲ့ရှာပါဘူး။ မိုဇီ သေဆုံးသွားပြီး ရာစုနှစ်အနည်းငယ် ကုန်လွန်ပြီးနောက်မှာ တရုတ်ပြည် တပြည်လုံးကို စည်းရုံး သိမ်းသွင်းပြီး ချင်မင်းဆက်ကိုထူထောင်ခဲ့တဲ့ ပထမဆုံးဧကရာဇ်ချင်ရှီဟွမ်[83] နန်းတက်လာခဲ့ပါတယ်။ အာရှတိုက်တခွင်က ဒေသအများအပြားကို သိမ်းသွင်းနိုင်ခဲ့ပြီး အင်ပါယာနိုင်ငံတော်ကိုလည်း ချင်မင်းဆက်ကို အစွဲပြုခေါ်ဆိုတာကြောင့် ချိုင်းနား China လို့ ဖြစ်လာခဲ့တာပါ။ နတ်ရွာစံတော့ သူ့ရဲ့သင်္ချိုင်းဂူကို စောင့်ရှောက်ဖို့အတွက် စစ်သည် အင်အား ၇,၀၀၀ ရှိတဲ့ တဲရာကာတာ တပ်မကြီး ချထားခဲ့တာနဲ့ ပတ်သက်ပြီး ကမ္ဘာတလွှား လူသိများခဲ့ပါတယ်။

ဧကရာဇ်ချင်ဟာ ပြန့်ကျဲပြီး တသီးတခြားစီ ဖြစ်နေခဲ့တဲ့ တရုတ်နယ်ပယ်တွေ အားလုံးကို စုစည်းစေခဲ့သလို နိုင်ငံတော်အတွင်း အခြင်အတွယ်၊ အတိုင်းအတာ အားလုံးကိုလည်း အချိန်ယူပြီး စံနှုန်းသတ်မှတ် ပေးခဲ့ပါတယ်။ အဲဒီလို ဆောင် ရွက်ချက်တွေထဲမှာ ငွေကြေးဒင်္ဂါးစနစ်ကို သုံးစွဲစေခဲ့တာ၊ အလေးချိန်

အခြင် အတွယ်စနစ်တွေ သတ်မှတ်ပေးခဲ့တာ၊ လှည်းတွေ၊ လမ်းတွေရဲ့ အကျယ်ကို စည်းမျဉ်းချမှတ် လိုက်နာစေခဲ့တာတွေ အပါအဝင် တရုတ်စာပေ ရေးသားမှု စံစနစ်တွေပါ ပါဝင်ခဲ့ပါတယ်။ စာရေးသားခြင်းနဲ့ တဆက်တည်းမှာပဲ ဘယ်လို အကြောင်းအရာတွေကိုရေးသားခွင့် ရှိတယ်၊ မရှိဘူး၊ ဘယ်လို အကြောင်းအရာတွေကိုတွေးခေါ်သုံးသပ်ခွင့် ရှိတယ်၊ မရှိဘူးတွေပါ ကန့်သတ်ခံခဲ့ရပါတော့တယ်။ ဧကရာဇ် ချင် အခွင့်ပြုထားတဲ့ အတွေးအမြင်ကို တရားဝင်ဝါဒရယ်[84] လို့ ခေါ်ဆိုကြ ပြီး ဝေါဟာရနဲ့ တိုက်ရိုက် အဓိပ္ပာယ် ဆက်နွယ်လို့ နေပါတယ်။ ဥပဒေပြဌာန်းထား တဲ့အတိုင်း တိကျစွာ လိုက်နာရမယ်'လို့ပဲ ဖြစ်ပါတယ်။ အဲဒီ အတွေးအမြင်အရ အာဏာပိုင် အဖွဲ့အစည်းတွေကို ပြန်လည် မေးခွန်းထုတ်နိုင်ဖို့ အခွင့်အရေး များစွာ ပေးမထားဘူးလို့ပဲ ဆိုရပါလိမ့်မယ်။

အဲဒီနောက် ထုတ်ပြန်လာတဲ့ အမိန့်တော်တွေထဲမှာ အတွေးအခေါ်နဲ့ ပတ်သက်ပြီး ပို့ချတဲ့ ကျောင်းတော်တွေက စာအုပ်စာပေတွေကို မီးပုံရှို့တာတွေ၊ ရာဇဝင်သမိုင်းမှာ ဖြစ်ပွားခဲ့တဲ့ အခြင်းအရာတွေနဲ့ လက်ရှိ ဖြစ်ရပ်တွေကို ချိန်ထိုးပြီး ဝေဖန်ထောက်ပြတာတွေလုပ်ရင် အဲဒီသူတွေရဲ့ မိသားစုတွေကိုပါ ကွပ်မျက်မယ်ဆိုတာတွေပါဝင်လာပါတော့တယ်။ ပထမဆုံးအကြိမ် စာအုပ်တွေ မီးပုံရှို့တဲ့ ဖြစ်ရပ်မှာပဲ မိုဇီ၊ ကွန်ဖြူးရှပ်(ဖ)[85] နဲ့ အခြား အတွေးအခေါ်ပညာရှင်ကြီးတွေရဲ့ စာအုပ် စာပေတွေ အမြောက်အမြား ပြာကျသွားခဲ့ရပါတယ်။ အဲဒီလို အဖိုးတန် စာအုပ် စာပေတွေကို ဖက်တွယ်ထားခဲ့တဲ့ ရဲရဲတောက် ပညာရှင် အများအပြား လည်း အပြင်းအထန် နှိပ်ကွပ်ခံခဲ့ ရပါတယ်။ တချို့ဆိုရင် ရှင်ဘုရင် နန်းစိုက်ရာ ရွှေမြို့တော်မှာ တင်ပဲ အရှင်လတ်လတ် မြေမြှုပ် သတ်ဖြတ်ခံခဲ့ရပါတယ်။

တကယ်တော့ လောကဓာတ်သိပ္ပံပညာရပ်တွေ ပြန့်ပွားထွန်းကားဖို့အတွက် လွတ်လပ်စွာ ထုတ်ဖော် ရေးသားခွင့်ဟာ မရှိမဖြစ်လိုအပ်တယ်လို့ ဆိုရမှာပါပဲ။ အာဏာပိုင်တွေအပေါ် အကြောက်အလန့်မရှိ၊ ရဲရဲတင်းတင်း မေးခွန်းထုတ်ရဲတာ၊ စိတ်ကူးအတွေးအမြင်တွေကို လွတ်လပ်စွာမျှဝေ၊ ဆွေးနွေးခွင့်ရှိတာတွေ အပေါ်မှာ အခြေတည်ထားရတာမျိုးပါ။ အဲဒီတော့ ဧကရာဇ် ချင် အုပ်ချုပ်စိုးစံတဲ့ အခြေအနေအောက်မှာ မိုဇီနဲ့ သူ့ရဲ့ နောက်လိုက်နောက်ပါပညာရှင်တွေ မြောက်များစွာ

တွေးခေါ်ဆင်ခြင်ပြီး မှတ်တမ်းပြုထားတာတွေ အားလုံး ပိတ်ပစ်တားမြစ်ခံခဲ့ရ ပါတယ်။

အဲဒီနောက်တော့ ပညာအလင်းရောင်တွေ တဖန် ပွင့်လင်းလာမယ့် အချိန်ကို နှစ်ပေါင်းများစွာ စောင့်ဆိုင်း ခဲ့ရပါတော့တယ်။ ရှေးခေတ်တုန်းက တရုတ်တွေနဲ့ခေါ်မ (ဂရိ) တွေဟာ အလင်းရဲ့ ထူးဆန်းတဲ့ ဂုဏ်သတ္တိတွေ အကြောင်းကို အတော်အတန် သိရှိထားခဲ့ကြပါတယ်။ ဒါပေမယ့်ကလေးငယ်တွေ၊ သိပ္ပံပညာရှင်ကြီးတွေမေးမြန်းသလို “ဘာ့ကြောင့်များပါလိမ့် ”ဆိုတဲ့မေးခွန်းကိုတော့ ဘယ်သူမှ မမေးဖြစ် ခဲ့ကြပါဘူး။

ရှေးခေတ် အီရတ်ပြည်ရဲ့ ဘာဆရာမြို့တော်[86] မှာ အလင်းအကြောင်း နှံ့စပ်ကျွမ်းကျင်သူ နောက်ထပ် ပညာရှင်တဦး ရှိခဲ့ဖူးပါတယ်။ သူ့နာမည်ကတော့ အီဘင် အယ်လ်ဟေဇင်[87] ဖြစ်ပြီး သဘာဝလောကအကြောင်း နားလည်ခွင့်ရရှိဖို့ အင်မတန် စိတ်အားထက်သန်သူလို့လည်း ဆိုကြပါတယ်။ သူဟာ အရာအားလုံးကို ဘာကြောင့် အဲဒီလိုဖြစ်ရသလဲရယ်လို့ မေးခွန်းထုတ်ရဲခဲ့တဲ့သူဖြစ်သလို တခြားသူတွေ သတိမထားမိတဲ့ အခြင်းအရာတွေနဲ့ ပတ်သက်ပြီး အလေးအနက် တွေးခေါ်နိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ “ငါတို့တွေ ဘယ်လိုများ အမြင်အာရုံ ရရှိသလဲ ” လို့ သူက စဉ်းစားကြည့်ပါတယ်။ သူနဲ့ တွေ့ ဆုံဖူးတဲ့တတ်သိနားလည်သူတွေရဲ့ အဆိုအရ မျက်လုံးကနေ ထွက်သွားတဲ့အလင်းတန်းဟာ အရာဝတ္ထုတွေအပေါ်ကို ကျရောက်တဲ့အခါ အမြင်အာရုံရရှိပါသတဲ့။ အဲဒီ အလင်းတန်းက မျက်လုံးဆီကို ပြန်မလာခင်မှာပဲ မြင်ရတယ်လို့ ဆိုလိုတာနဲ့ တူပါတယ်။

ဒါပေမယ့် အခုမြင်တွေ့ နေရတဲ့ ကြယ်တာရာတွေဟာ အင်မတန် ဝေးကွာလှတဲ့ အာကာသထဲမှာ တည်ရှိတာဆိုတော့ မျက်စိတမှိတ်ဆိုတဲ့ အချိန်ပိုင်းလေး အတွင်းမှာ မျက်လုံးကနေ အလင်းတန်း ထွက်သွားပြီး ပြန်ရောက်ရှိမလာခင် မြင်ရတယ်ဆိုတာ ဘယ်လိုမှ အဓိပ္ပာယ်မရှိဘူးလို့ အယ်လ်ဟေဇင်က ယူဆပါတယ်။ သူ့ရဲ့ စဉ်းစားတွေးခေါ်ပုံက အင်မတန်ကို စူးရှထက်မြက်တယ်လို့ ဆိုရမှာ ပါပဲ။ အယ်လ်ဟေဇင်ဟာ အဲဒီနေရာမှာတင်ပဲ ရပ်တန့်မနေခဲ့ပါဘူး။ သဘာဝ လောကရဲ့

လျှို့ဝှက်ချက်တွေကို သိမြင်ခွင့်ရရှိနိုင်မယ့်နည်းလမ်းတွေအကြောင်း အပြင်းအထန် ကြိုးစား ရှာဖွေကြည့်ခဲ့ပါတယ်။

သူမွေးဖွားကြီးပြင်းလာရာ လူ့အဖွဲ့အစည်းနဲ့ ယဉ်ကျေးမှုဟာလည်း အဲဒီလို စိတ်ကူး အတွေးအမြင် သစ်တွေ၊ မေးခွန်းထုတ်ရဲမှုတွေကိုဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပြီး အဲဒီနေ့ရက်တွေကို အစ္စလာမ္မစ်ကမ္ဘာရဲ့ လောကဓာတ် သိပ္ပံဆိုင်ရာ ရွှေခေတ်လို့တောင် ခေါ်ဆိုခဲ့ကြပါတယ်။ အစ္စလာမ္မစ်ကမ္ဘာဟာ စပိန်ပြည်၊ ကော်ဒိုးဘားမြို့တော်[88] ကနေ အာရှတိုက် အလယ်ပိုင်း ဆမ်မာခန်မြို့တော်[89] အထိ ကျယ်ပြန့်ခဲ့ပြီး ခရစ်ယာန်နဲ့ ဂျူးပညာရှင်တွေကို ဂုဏ်သရေရှိဧည့်သည်တော်တွေ အဖြစ် ဘဂ္ဂဒက်၊ ကိုင်ရိုနဲ့ တခြား အစ္စလာမ်မြို့ပြတွေရဲ့ သုတေသန အဖွဲ့အစည်းတွေ ကနေ လက်ခံကြိုဆိုခဲ့ကြပါတယ်။

တရုတ်ပြည်ရဲ့ ချင်အင်ပါယာလိုမျိုး စာအုပ်စာပေတွေကို မီးပုံရှို့တာမျိုး အစား ကမ္ဘာအနှံ့ကို သံတမန်တွေ စေလွှတ်ပြီး စာအုပ်စာပေတွေကို ရှာဖွေစေခဲ့တယ်လို့ ဆိုပါတယ်။ ခါလိဖ်သ်[90] ခေါ်တဲ့ မူဆလင် ဘာသာရေးခေါင်းဆောင်၊ အာဏာပိုင်တွေဟာ စာအုပ်စာပေတွေကို အာရေဗစ်ဘာသာ ပြန်ဆိုရာမှာ ငွေကြေး အမြောက်အမြား ထောက်ပံ့ခဲ့ကြပြီး အနာဂတ် မျိုးဆက်ပေါင်းများစွာအတွက် ထိန်းသိမ်းပေးခဲ့ကြပါတယ်။ ရှေးခေတ် ခေါမ (ဂရိ) တို့ရဲ့ လောကဓာတ် သိပ္ပံဆိုင်ရာ လေ့လာတွေ့ရှိချက်တွေဟာမူဆလင်တွေသာ ထိန်းသိမ်း မထားခဲ့ရင် ပျောက်ပျက်သွားခဲ့တာ ကြာမြင့်လှပြီ ဖြစ်ပါလိမ့်မယ်။

နောက်ထပ် နှစ်ပေါင်းထောင်ဂဏန်းအကြာ ဥရောပတိုက်ရဲ့ လောကဓာတ် သိပ္ပံ တခေတ်ဆန်းခြင်း ဟာ ဟိုအရင် အစ္စလာမ္မစ် သိပ္ပံပညာရှင်တွေရဲ့ လေ့လာထားမှုတွေကနေပဲ လက်ဆင့်ကမ်းသွားခဲ့ကြတဲ့ သဘောလို့ ဆိုနိုင်ပါတယ်။ အိန္ဒိယတိုက်ငယ်ကနေ အနောက်ဥရောပဆီကို စိတ်ကူးအတွေးအမြင်တွေ သယ်ဆောင် ပေးခဲ့သူတွေကလည်း အာရပ်တွေပဲဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာနဲ့ အဝှမ်းအသုံးပြုနေကြတဲ့ ကိန်းဂဏန်းတွေဟာ အာရေဗစ်နူမရယ်ကနေပဲ ရယူထားတာပါ။ သုည ဆိုတဲ့ အယူအဆကိုလည်း သူတို့ဆီကနေပဲ ရရှိခဲ့တာ ဖြစ်ပါ

တယ်။ ကိန်းဂဏန်းပေါင်း သိန်းသန်းချီပြီး ရေးသားရတဲ့အခါမျိုးမှာ အင်မတန်မှ အသုံးဝင်တာ မဟုတ်လား။

အာရေဗစ် နက္ခတ္တဗေဒ ပညာရှင်တွေဟာလည်း ပညာရပ်အပေါ်များစွာ ဩဇာသက်ရောက်ခဲ့တာပါပဲ။ ဒီကနေ့ထိတောင် ကြယ်တာရာတွေ အများစုကို အာရေဗစ်အမည်တွေနဲ့ ခေါ်ဝေါ်သုံးစွဲနေကြဆဲ ဖြစ်ပါတယ်။ အယ်လ်ဂျီဘရာ၊ အယ်လ်ဂိုရစ်သမ်၊ အယ်လ်ခါမီ၊ အယ်လ်ကိုဟော စတဲ့ဝေါဟာရတွေမှာ အယ်လ်' ဆိုတဲ့ စကားလုံးကို ကြည့်မယ်ဆိုရင် အာရေဗစ်ဟာ လောကဓာတ်သိပ္ပံ ဘာသာစကားဖြစ်ခဲ့တယ်လို့ သက်သေခံ နေပါလိမ့်မယ်။

၁၁ ရာစုမှာ အီဘင် အယ်လ်ဟေဇင်ဟာ အလင်းနဲ့ ပတ်သက်တဲ့ သူ့အယူအဆကိုလက်တွေ့ စမ်းသပ် ကြည့်ခဲ့ပါတယ်။ အလင်းရဲ့ ရွေ့လျားပုံကို သိရှိရဖို့ပါ။ နေ့လယ်ခေါင်နေပူပူမှာ ကျန်တဲ့နေရာကနေ အလင်း မဝင်နိုင်အောင် ရွက်ဖျင်တဲကို ပြင်ဆင်ပြီး အပေါက်သေးသေးလေး တပေါက်ပဲ ဖောက်ထား လိုက်ပါတယ်။ ပေတံလေးတချောင်းရယ်၊ စဉ်းစားတွေးခေါ်မှုအတွက် ဦးနှောက်ရယ်ပဲ လိုအပ်ခဲ့တဲ့စမ်းသပ်ချက်ဖြစ်ပေမယ့် လောကဓာတ်သိပ္ပံ သမိုင်းအတွင်း ခမ်းနားတဲ့အောင်မြင်မှုကို ဆောင်ကြဉ်း ပေးနိုင်ခဲ့ပါတယ်။ သူ့ရဲ့ တွေ့ ရှိချက်အရ အလင်းဟာ မျဉ်းဖြောင့်အတိုင်း ရွေ့လျားတာ ဖြစ်ပါသတဲ့။ ဒါပေမယ့် အဲဒါ အစပဲ ရှိပါသေးတယ်။ အယ်လ်ဟေဇင် နောက်ထပ်တွေ့ ရှိခဲ့တာကမျက်လုံးပဲဖြစ်ဖြစ်၊ ကင်မရာပဲဖြစ်ဖြစ် ပုံရိပ်ထင်ဖို့အတွက်ဆိုရင် အလင်းဝင်ဖို့ အပေါက်ငယ်နဲ့ မည်းမှောင်နေတဲ့ အခန်းပဲ လိုအပ်ပါသတဲ့။

အဲဒီလို အပေါက်ငယ်ကနေဝင်ရောက်လာတဲ့ အလင်းတန်းဟာ ကျွန်တော်တို့ အနီးဝန်းကျင်က တခြား အလင်းတန်းတွေကနေ ပေါ်ပေါက်လာတဲ့ အရာတွေကို ဖယ်ထုတ်လိုက်ပါတယ်။ အဲဒီ အလင်းဝင်ပေါက်ဟာ သေးငယ်လေလေ၊ အမှောင်ခန်းထဲမှာ ထင်ဟပ်လာတဲ့ ပုံရိပ်ဟာလည်း ကြည်လင် ပြတ်သားလေလေ ဖြစ်ပါတယ်။ အဲဒီတော့ အလင်းရောင်ကြောင့် မျက်စိစူးသွားတယ် ဆိုတာအစား အလင်းရောင်ကနေ သယ်ဆောင်လာတဲ့ ပုံရိပ်တွေ အားလုံးကို ကျွန်တော်တို့ မြင်တွေ့ ရပါတော့တယ်။ အယ်လ်ဟေဇင်ဟာ အဲဒီလို ကင်မရာအခြေခံ ပုံရိပ်တွေ

ထင်ဟပ်စေတဲ့ အမှောင်ခန်းနဲ့ ဘာသာရေး ခေါင်းဆောင်တွေကို တအံ့တသြ ဖြစ်စေခဲ့ပါတယ်။ အဲဒီ အလင်းဝင်ပေါက်နဲ့ ပုံရိပ်ထင်မှုဟာ နေ့ခင်းဘက်မှာပဲ ထင်ထင်ရှားရှား မြင်တွေ့ ရပြီး ညဘက်ကြယ်ရောင်တွေနဲ့ဆိုရင်တော့ မှုန်ဝါးဝါးပဲ မြင်တွေ့ ရပါတယ်။ ပိုပြီး ထင်ထင်ရှားရှား မြင်ရချင်ရင် အလင်းဝင်ပေါက်ကို ပိုပြီး ကျယ်ကျယ်ထားပေးရပါတယ်။ အဲဒီအခါမှာ ပုံရိပ်ပြတ်သားဖို့ အခက်အခဲ ရှိလာပြန်ပါရော။



အလင်း၏ ဂုဏ်သတ္တိအဖြစ် ပုံရိပ်တို့ ပြောင်းပြန် တွေ့မြင်ရပုံ

တယ်လီစကုပ်ဟာဆိုရင် ပါဝင်တဲ့ မှန်ဘီလူးတွေကနေတဆင့် စကြဝဠာအနံ့က အလင်းတွေကို ကျွန်တော်တို့မျက်လုံးဆီ ဆောင်ကြဉ်းပေးလိုက်ပါတယ်။ သူ့ရဲ့ အလင်းအဝင်ပေါက်ဟာ ကင်မရာထက် အများကြီး ပိုမို ကျယ်ဝန်းပြီး ၁၆၀၉ ခုနှစ်တုန်းက ဂယ်လီလီယို စတင်အသုံးပြုခဲ့တဲ့တယ်လီစကုပ်ဟာ ကမ္ဘာ ပေါ်မှာ ပထမဦးဆုံးလို့ ဆိုရမှာပဲ ဖြစ်ပါတယ်။ ဂယ်လီလီယိုဟာ အခန်းဆီး ကန့် လန့်ကာကိုဖွင့်ပြီး အဲဒီ တယ်လီစကုပ်နဲ့ စကြဝဠာ ကမ္ဘာလောကကို ရှာဖွေတွေ့ရှိ ခဲ့ပါတယ်။ တယ်လီစကုပ်မှာ အသုံးပြုတဲ့ မှန်ဘီလူးဟာဆိုရင် ကျွန်တော်တို့ ရှိရင်းစွဲ

မျက်လုံးထက် အလင်းကိုပိုမိုဝင်ရောက်နိုင်ဖို့ အခွင့်ပေးပါတယ်။ စည်ပိုင်း ကြီးတွေဟာ ခွက်သေးသေးလေးတွေထက် ပိုပြီး မိုးရေခံလို့ ရတယ်ဆိုတာမျိုး လိုပေါ့။ ဒီကနေ့ခေတ် တယ်လီစကုပ်ကြီးတွေ ဆိုရင် ဧရိယာအများအပြားကို ခြုံငုံကြည့်ရှုနိုင်ပြီး လှုပ်ရှားမှု ဖမ်းယူတဲ့ ကိရိယာတွေ ပါဝင်သလို အရာဝတ္ထု တခုတည်းကိုပဲ အချိန်အကြာကြီး လေ့လာနိုင်အောင် စီမံပေးထားပါတယ်။ ဟာဘယ်လ် တယ်လီစကုပ်[91] လို အာကာသကြည့်ကိရိယာမှာဆိုရင် ဟိုးအရင် တုန်းကနဲ့ ဟိုးအဝေးကြီးမှာရှိတဲ့ ကြယ်တာရာအစုအဝေးကြီးတွေက အလင်း ရောင်ကိုတောင် ဖမ်းယူပေးနိုင်ပြီး စကြဝဠာ ကမ္ဘာလောကရဲ့ ကြည်လင်ပြတ် သားတဲ့ ပုံရိပ်တွေကို ကျွန်တော်တို့ဆီ ဆောင်ကြဉ်းပေးခဲ့ပါတယ်။

အယ်လ်ဟေဇင်ဟာ အလင်းရောင်ကြောင့် ပုံရိပ်တွေပေါ်ပေါက်လာရခြင်း ဆိုတဲ့အကြောင်းတရားကို ဆက်လက်ရှာဖွေခဲ့ပါတယ်။ ဒါပေမယ့် အဲဒီဖြစ်ရပ်ဟာ သူ့ရဲ့ အခမ်းနားဆုံး အောင်မြင်မှုတောင် မဟုတ်ခဲ့ပါဘူး။ သူဟာ လောကခေတ် သိပ္ပံပညာရဲ့ ဥပဒေသတွေကို အုတ်မြစ်ချပေးနိုင်ခဲ့သူ ဖြစ်ပြီး အားနည်းချက်တွေ၊ အမှားအယွင်းတွေကို ပင်ကိုယ် ပြန်လည် ပြင်ဆင်ခြင်းကိုပါ စတင်ခဲ့သူလို့ ဆိုနိုင်ပါတယ်။ သူ့ရဲ့မှတ်တမ်းတွေကို ကောက်နုတ်တင်ပြရရင် “အမှန်တရားကို ရှာဖွေခြင်းဟာ ခက်ခဲသလို လျှောက်လှမ်းရတဲ့ ခရီးလမ်းဟာလည်း ကြမ်းတမ်းလှတယ်။ အမှန်တရားကိုရှာဖွေဖို့ဆိုရင် ရှာဖွေသူတွေဟာ ရှေးဟောင်းကျမ်းဂန်တွေကိုဖတ်ရှုရုံနဲ့တင် မလုံလောက်ဘူး။ အဲဒီ စာအုပ်စာပေတွေထဲမှာ ရေးသား ဖော်ပြထားတာတွေကို ဘက်ပေါင်းစုံကနေ ထောက်ရှု ဆင်ခြင်ပြီး အကျိုးအကြောင်း၊ အဆိုးအကောင်း ဝေဖန်၊ ဆန်းစစ်ရမယ်။ တင်ပြလာတဲ့ အယူအဆတွေကို လက်တွေ့ စမ်းသပ် ကျင့်သုံးကြည့်ပြီး မှန်ကန်ကြောင်း ခိုင်မာမှပဲ လက်ခံရမယ်။ ဘာလို့လဲဆိုတော့ လူမှန်ရင် အမှားအယွင်းကင်းလေ့မရှိ၊ ပြီးပြည့်စုံခြင်း မရှိတဲ့ သဘောကြောင့်ပဲ။ အမှန်တရားကို ရှာဖွေစူးစမ်းသူတို့အဖို့ မိမိတို့ရဲ့ အတွေးအမြင်၊ အယူအဆတွေကိုပါ ကိုယ်တိုင် ဝေဖန်ဆန်းစစ်ပြီး မေးခွန်းထုတ်တာမျိုး လုပ်ရမှာ ဖြစ်တယ်။ အဲဒါမှပဲ အဂတိတရားတွေနဲ့ သတိလက်လွတ် သုံးသပ်ဆုံးဖြတ်မှုတွေရဲ့ ရန်ကနေ ကင်းဝေးမှာ ဖြစ်တယ်။ အဲဒီလို အတွေးအမြင်ကိုသာ ကိုင်စွဲထားမယ်ဆိုရင် သဘာဝလောကရဲ့ အမှန်တရားဆိုတာကို တနေ့ ရှာဖွေတွေ့ရှိမှာ မလွဲပဲ” လို့ မှတ်တမ်း တင်ထားတာမျိုးတွေ တွေ့ ရှိရပါတယ်။

အဲဒီအယူအဆကပဲ လောကဓာတ်သိပ္ပံပညာကို အစပျိုးပေးခဲ့ခြင်းလို့ ဆိုရပါလိမ့်မယ်။ အဲဒီ အတွေး အမြင်တွေ ကနေ ကျွန်တော်တို့ လူသားတွေဟာ အာကာသနဲ့ နေအဖွဲ့အစည်း အပြင်ဘက်ဆီကို လေ့လာရေး ယာဉ်တွေ စေလွှတ်နိုင်ခဲ့တယ်။ အဲဒီ အယူအဆကနေပဲ ကျွန်တော်တို့ရဲ့ သက်တမ်းကို နှစ်ဆတိုးနိုင်ခဲ့တယ်။ ကမ္ဘာမြေရဲ့ အတိတ်သမိုင်းကို တူးဆွနိုင်ခဲ့သလို ရှေ့အနာဂတ်ကိုလည်း ကြိုတင် ဟောကိန်း ထုတ်နိုင်စွမ်းတွေ ပိုင်ဆိုင်လာစေခဲ့ပါတယ်။ အလင်းရဲ့အလျင်နဲ့ အရှိတရားတွေ အကြောင်းကိုပါ ကျွန်တော်တို့ သိနားလည်ခွင့် ရရှိလာခဲ့ပါတယ်။ လောကဓာတ်သိပ္ပံပညာဆိုင်ရာ စဉ်းစားတွေးခေါ်ပုံကပဲ လူသားတွေအဖို့ အသိဉာဏ်ပညာ ဆိုင်ရာ အစွမ်းသတ္တိတွေကို ပိုင်ဆိုင်ခွင့်ရစေခဲ့ပြီး ခက်ခဲကြမ်းတမ်းလှသလို အဆုံးသတ်ရယ်လို့လည်း မခန့်မှန်းနိုင်တဲ့ အမှန်တရားရှာပုံတော်ခရီးလမ်းမှာ အလင်းပြခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

အလင်းရောင်မှာ လူသားတွေရဲ့ ဖြစ်တည်မှုသဘောနဲ့ သိပ်မနီးစပ်ပဲ ထူးခြား တဲ့ဂုဏ်သတ္တိတွေ ပါဝင်လို့ နေပါတယ်။ အလင်းရဲ့ သွားလာနိုင်တဲ့ အလျင်နှုန်း ကိုပဲ နမူနာကြည့်ရအောင်ပါ။ ဖိုတွန်[92] ဆိုတဲ့ အလင်းမှုန်ဟာ အလင်းရဲ့ အလျင်နှုန်းအတိုင်း သွားလာစဉ်မှာ အက်တမ်လို၊ မော်လီကျူးလို အရာကနေပဲ ဖြစ်တည်လာခဲ့တာပါ။ ဖိုတွန်နဲ့ တူညီတဲ့ မြန်နှုန်းမျိုး တခြားမရှိသလို သုညကနေ အလင်းရဲ့ အလျင်ထိ မြန်ဆန်အောင် သွားလာနိုင်တဲ့ အရာမျိုးလည်း ကျွန်တော်တို့ရှာမတွေ့ကြသေးပါဘူး။ တခြား အရာဝတ္ထုတွေကို အလင်းရဲ့ အလျင်လောက်နီးပါး မြန်ဆန်အောင် ရွေ့လျားစေလိုက်တဲ့အခါတိုင်းမှာ သူတို့ရဲ့ ခုခံမှုတွေ အလွန်ပဲ မြင့်မားလာတာကို တွေ့ရပါတယ်။ အလေးချိန်လည်းပိုပြီးလေးလံလာ ပါတယ်။ အဲဒါကြောင့်ပဲ အလင်းအလျင်အတိုင်း သွားလာနိုင်တဲ့အရာကို ကျွန်တော်တို့ ရှာဖွေမတွေ့ ရှိသေးတာပါ။ နောက်ပိုင်း အလင်းရဲ့အလျင်နဲ့ ပတ်သက်တဲ့ အတိုင်းအတာ နည်းစနစ်တွေမှာဆိုရင် ကျွန်တော်တို့ လူသားတွေရဲ့ အာရုံခံအင်္ဂါ အစိတ်အပိုင်းတွေက ယုံကြည်စိတ်ချရမှု မရှိတော့ပါဘူး။

နို့တိုက်သတ္တဝါတွေ ရင်းနှီးကျွမ်းဝင်တဲ့ အရွယ်အစားမျိုးနဲ့ သာမန် အမြန်နှုန်းတွေ အတွက် ကျွန်တော်တို့ရဲ့ အာရုံခံအင်္ဂါ အစိတ်အပိုင်းတွေက အင်မတန် အသုံးဝင်ပါတယ်။ ဒါပေမယ့် အလင်းရဲ့ အလျင်လို ထူးခြား ဆန်းကြယ်လှတဲ့

အံ့ဖွယ်ကမ္ဘာလောကအဖို့ ဆိုရင် အဲဒီ နို့တိုက်သတ္တဝါတွေရဲ့ အာရုံခံ အစိတ်အပိုင်းတွေဟာ ညှိယူပြောင်းလဲနိုင်စွမ်း အင်မတန် နိမ့်ပါးလှပါတယ်။ စကြဝဠာကမ္ဘာလောကမှာ အလင်းရဲ့အလျင်ဆိုပြီး ဘာ့ကြောင့် ဖြစ်တည်နေရတယ် ဆိုတာကိုတောင် ကျွန်တော်တို့ မသိနိုင်ကြ သေးပါဘူး။ အလင်းရဲ့ အလျင်နဲ့ သွားလာတဲ့အခါမှာ အချိန်ဟာ ရပ်တန့်လို့ နေပါလိမ့်မယ်။

အဲဒီတော့ အလင်းဆိုတာ တကယ်တမ်း ဘာများပါလိမ့်။ အိုင်းဇက် နယူတန်တယောက် အလင်းအကြောင်း စတင် စိတ်ဝင်စားမိတဲ့အချိန်တုန်းကဆို ကလေးဘဝပဲ ရှိပါလိမ့်ဦးမယ်။ သူ့အသက် ၂၀ လောက် ရောက်တဲ့အခါမှာ နယူတန်ဟာ သက်တံ့ရဲ့ လျှို့ဝှက်ချက်ကို ပထမဦးဆုံး ဖော်ထုတ်နိုင်ခဲ့သူ ဖြစ်လာခဲ့ပါတယ်။ အဖြူရောင် အလင်းတန်းဟာ သက်တံ့ထဲက အရောင်တွေ အားလုံး စုပေါင်းထားတာ ဆိုတဲ့ အချက်ကို နယူတန်က ရှာဖွေတွေ့ရှိခဲ့ပါတယ်။ တကယ့်ကို ခမ်းနားတဲ့တွေ့ရှိချက်ပါ။ အဲဒီ အရောင်မျိုးစုံကို နယူတန်ကရောင်စဉ်တန်း ရယ်လို့ အမည်ပေးခဲ့ပါတယ်။ အဲဒီတွေ့ရှိချက်ကပဲ စကြဝဠာရဲ့ တံခါးဝကို ဖွင့်လှစ်ပေးဖို့ အကြောင်း ဖန်လာခဲ့ပါတယ်။ အဲဒီတံခါးဟာ နောက်ထပ် နှစ်ပေါင်း ၁၅၀ နီးပါး ကြာညောင်းတဲ့အထိ နောက်တကြိမ် ထပ်ပွင့် မလာခဲ့ပါဘူး။

နယူတန်ရဲ့ အမွေကို ဆက်ခံပြီး အလင်းရဲ့ လျှို့ဝှက်ချက်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ထပ်မံ ရှာဖွေတွေ့ရှိခဲ့တဲ့ ပညာရှင်ကတော့ သက္ကရာဇ် ၁၈၀၀ ကျော်မှ ပေါ်ထွန်းလာခဲ့ ရပါတယ်။ အဲဒီနောက် ကျွန်တော်တို့ လူသားတွေ မမြင်တွေ့နိုင်တဲ့ သဘာဝလောကရဲ့ သက်သေ၊ အထောက်အထား တွေကို စုဆောင်းပြီး အသစ်သော အသိပညာတွေကို လူသားတို့ဆီ ဆောင်ကြဉ်းပေးခဲ့ပြန်ပါတယ်။ ဝီလျံဟာရှယ်[93] တယောက် ညဥ့်အချိန်မှာ သူ့ရဲ့ အဝေးကြည့် တယ်လီစကုပ်နဲ့ ကောင်းကင်ပြင်ကို လေ့လာခဲ့သလို နေ့အချိန်မှာတော့ အလင်းနဲ့ ပတ်သက်တဲ့ လက်တွေ့ စမ်းသပ်ချက်တွေကို အဆက်မပြတ် ဆောင်ရွက် နေခဲ့ပါတယ်။ အလင်းဟာ ရောင်စဉ်တန်းတွေ အများကြီးနဲ့ ဖွဲ့စည်းထားတာ ဖြစ်ကြောင်း နယူတန်က ရှာဖွေတွေ့ ရှိခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ သာမန်လူတွေ အနေနဲ့ ကလည်း အလင်းရောင်ဟာ အပူဓာတ်ကို ဆောင်ကြဉ်းပေးတယ်လို့ သိထားပြီးသားပါ။ ဝီလျံဟာရှယ် သိရှိလိုတာက အလင်းရဲ့ မတူညီတဲ့ ရောင်စဉ်တန်းတွေဟာ

ကွဲပြားခြားနားတဲ့ အပူချိန်ကို သယ်ဆောင် လာကြသလား ဆိုတာပါပဲ။ သာမန်လူတွေအဖို့ မိမိတို့ သိရှိပြီး ဖြစ်တယ်၊ အထူးအထွေ လေ့လာ စူးစမ်း နေစရာ မလိုတော့ဘူးလို့ယူဆထားတဲ့ အကြောင်းအရာတွေကို လောကဓာတ် သိပ္ပံပညာရှင်တွေက စစ်စစ် ပေါက်ပေါက် မေးခွန်းထုတ်ပြီး လက်တွေ့ စမ်းသပ်ကြည့်ကြသလို အဲဒီ လုပ်ရပ်ကြောင့်ပဲ ပညာရှင်နဲ့ သာမန် အများပြည်သူ လို့ကွဲပြားသွားစေခဲ့ဟန်တူပါတယ်။

ဟာရှယ်က အပူချိန် တိုင်းတာတဲ့သာမိုမီတာတွေကို သုံးမြှောင့်ဖန်တုံးကနေဖြာထွက်လာတဲ့ ရောင်စဉ် တန်းတွေ အောက်မှာ အစီအရီ ချခင်းလိုက်ပါတယ်။ ရောင်စဉ်တန်းတွေရဲ့ အနီးမှာလည်း အလင်းနဲ့ မထိတွေ့တဲ့ ထိန်းချုပ် သာမိုမီတာ တချောင်းကို ချထားလိုက်ပါတယ်။ စမ်းသပ်ချက်တွေမှာ သုတေသန လှုံ့ဆော်မှု အခြေအနေကြောင့် သက်ရောက်မှု မရှိပဲ နဂိုရှိရင်းစွဲ အနေအထားကို သိရှိနိုင်ဖို့နဲ့ သုတေသန တွေ့ ရှိချက်နဲ့ ကွာဟချက် တစုံတရာ ရှိမရှိ တိုင်းတာဖို့အတွက် ထိန်းချုပ်အနေအထားကို အသုံးပြုကြတာ ဖြစ်ပါတယ်။ အဲဒီ ထိန်းချုပ် သာမိုမီတာဟာ ရောင်စဉ်တန်းတွေကြောင့် ပြောင်းလဲမယ့် အပူချိန်နဲ့ နှိုင်းယှဉ်မယ့် (တနည်းဆိုရရင် အပူချိန် မပြောင်းလဲပဲ ရှိဖို့ ရည်ရွယ်တဲ့) သာမိုမီတာ ဖြစ်ပါတယ်။

ရောင်စဉ်တန်းတွေကို တိုင်းတာတဲ့ သာမိုမီတာတွေရဲ့ အပူချိန်အပြောင်းအလဲကို နှိုင်းယှဉ် ကြည့်တဲ့အခါမှာ အနီရောင်စဉ်ဟာ အပြာရောင်စဉ်ထက် ပိုပြီး အပူဓာတ်ကို ဆောင်ကြဉ်းလာကြောင်း ဟာရှယ် တယောက် တွေ့ရှိသွားခဲ့ပါတယ်။ ဒါပေမယ့် ကြားရသူအပေါင်းကို ရင်သတ်ရှုမော ဖြစ်သွား လောက်ရတဲ့ တွေ့ရှိချက်မျိုးတော့ မဟုတ်ပါဘူး။



ဝီလျံဟာရှယ် စမ်းသပ်ချက် ပုံကြမ်း

အဲဒီလို ရင်သတ်ရှုမောဖြစ်သွားခဲ့ရတဲ့ တွေ့ ရှိချက်ကတော့ သူ လုံးဝ ထင်မှတ်မထားခဲ့တဲ့ ထိန်းချုပ် သာမိုမီတာက တဆင့် တွေ့ ရှိမှုပါပဲ။ အနီရောင် စဉ်ရဲ့ အောက်ဘက်မှာ ထားရှိခဲ့တဲ့ ထိန်းချုပ် သာမိုမီတာဟာ အနီရောင်စဉ်ထက် ပိုမို မြင့်မားတဲ့ အပူချိန်ကို ဆောင်ကြဉ်းလာခဲ့ကြောင်း တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ လူသားတွေရဲ့ မျက်စိနဲ့ မမြင်ရတဲ့ရောင်စဉ်တမျိုး ဆိုပါတော့။ အဲဒီ ရောင်စဉ်ကို အနီအောက်ရောင်ခြည် (Infrared)လို့ ခေါ်ပါတယ်။ Infra ဆိုတာက အောက်လို့ အဓိပ္ပာယ်ရပြီး “Red" က အနီရောင် ဖြစ်တာကြောင့် အနီအောက် ရောင်ခြည်လို့ ခေါ်ဆိုတာပါ။

ကျွန်တော်တို့ လူသားတွေရဲ့ မျက်လုံးမှာ အဲဒီရောင်စဉ်တန်းကို မြင်တွေ့ နိုင်တဲ့ စွမ်းရည်မျိုး မပိုင်ဆိုင် ပါဘူး။ ဒါပေမယ့် အရေပြားကတော့ အဲဒီ ရောင်စဉ် တန်းကို အပူဓာတ်အဖြစ် ခံစားသိရှိပါတယ်။ ဒါဟာ အင်မတန် ခမ်းနားတဲ့ လောကဓာတ် သိပ္ပံဆိုင်ရာ တွေ့ရှိချက်ပဲဖြစ်ပါတယ်။ အလင်းရောင်ရဲ့ အတွင်းမှာ ဆန်းကြယ်တဲ့ လျှို့ဝှက်ချက်တွေက ကျွန်တော်တို့ကို စောင့်ကြိုလို့ နေပါတယ်။

ဝီလျံဟာရှယ် တယောက် အင်္ဂလန်က သူ့ရဲ့ စမ်းသပ်ခန်းအတွင်း အနီ အောက် ရောင်ခြည်အကြောင်း တွေ့ရှိခဲ့တဲ့ အချိန်ဝန်းကျင် လောက်မှာပဲ ဂျိုးဆက် ဖရောင်းဟော်ဖာ[94] ဆိုတဲ့ လူငယ်လေးတဦးဟာ ပျင်းရိ ငြီးငွေ့ဖွယ် ကောင်းလှတဲ့ အလုပ် ကြမ်းတွေကို လုပ်ကိုင်ရင်း အချိန်တွေ ကုန်ဆုံးနေခဲ့ရပါတယ်။ သူဟာ ဓာ

တု ဆေးရည် တွေကို ဒယ်အိုးထဲမှာ ရောမွှေပြီး ကျိုချက်ရတဲ့ အလုပ်ကို လုပ်ရသူပါ။ အသက် ၁၁ နှစ် အရွယ်မှာ မိဘမဲ့ ကလေးအဖြစ် မွေးစားခံခဲ့ရပြီး သူ့ရဲ့ သခင်ဖြစ်သူ ကတော့ အညှာတာ ကင်းမဲ့လှတဲ့ ဖန်ချက်ဝန် ဝိုင်ရှယ်ဘာဂါ[95] ဆိုသူ ဖြစ်ပါတယ်။ ဂျိုးဆက်ကို ကျောင်းနေခွင့်၊ စာသင်ယူခွင့်မပြုခဲ့ပဲ နေ့ခင်းဘက်ဆို ဖန်ချက်ရုံမှာ အလုပ်လုပ်စေပြီး ညဘက်မှာတော့ အိမ်မှုကိစ္စတွေကို တာဝန်ယူစေခဲ့ပါတယ်။

တနေ့မှာတော့ ဝိုင်ရှယ်ဘာဂါရဲ့ နေအိမ် ပြိုကျ၊ ပျက်စီးသွားခဲ့ပြီး ဂျိုးဆက်အတွက် လွတ်မြောက်ဖို့ အခွင့်အလမ်း ပေါ်လာခဲ့ပါတော့တယ်။ ဘာဗေးရီးယား[96] ပြည်ရဲ့ အိမ်ရှေ့မင်းသား မက်ဆီမီလီယန်[97] ဟာ အဲဒီသတင်းဆိုးကို ကြားသိခဲ့ပြီး အကူအညီ ပေးနိုင်ကောင်းရဲ့လို့ ဝိုင်ရှယ်ဘာဂါရဲ့ စံအိမ်ရှိရာ ထွက်လာ ခဲ့ပါတယ်။ မက်ဆီမီလီယန်ဟာ သူ့လက်အောက် ငယ်သားတွေအပေါ် အင်မတန် ညှာတာထောက်ထားသူလို့ သတင်းမွှေးသူဖြစ်ပြီး အဲဒီခေတ်ကာလတုန်းက တော်ရုံအထက်တန်းလွှာတွေမှာ မြင်တွေ့ရခဲတဲ့ အရည်အသွေးမျိုး ဖြစ်ပါတယ်။ ဘာဗေးရီးယား အိမ်ရှေ့စံရဲ့ သနားကရုဏာကို ရရှိသွားတဲ့ဂျိုးဆက်အဖို့တော့ ဘဝသစ်ကို စတင်နိုင်ဖို့ လမ်းပွင့်သွားခဲ့တာပါပဲ။ တကယ်ဆို ဂျိုးဆက်တဦးတည်းအတွက် အဲဒီလို လမ်းပွင့် သွားခဲ့တယ်လို့တော့ မဆိုနိုင်ပါဘူး။ ကျွန်တော်တို့ လူသားထု တရပ်လုံးအတွက်ပါ လမ်းပွင့်သွားခဲ့တာလို့ဆိုရင် ပိုမှန်ပါလိမ့်မယ်။ အိမ်ရှေ့မင်းသား မက်ဆီမီလီယန်ဟာ ဂျိုးဆက်ကို ငွေကြေးအပြင် လိုအပ်သမျှ ထောက်ပံ့ ပေးဖို့ အတိုင်ပင်ခံအဖွဲ့ကိုပါ ညွှန်ကြားထားခဲ့ပါတယ်။ ဝိုင်ရှယ်ဘာဂါကတော့ ဂျိုးဆက်ကို ကျောင်းနေဖို့ ပိတ်ပင်မြဲဖြစ်ပြီး ဖန်ချက်ရုံမှာပဲ အတင်းအကြပ် အလုပ်လုပ်စေဖို့ ရည်ရွယ်ထားခဲ့ဟန် တူပါတယ်။ ဒါပေမယ့် မက်ဆီမီလီယန်ရဲ့ အမှုထမ်းတွေက ဝင်ရောက်ကြားဝင်ခဲ့ပြီး ဂျိုးဆက်ကို သူတို့ဆီမှာ အလုပ်ဝင်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။

အဲဒီလို ညှာတာထောက်ထားတဲ့ လုပ်ရပ်လေး တခုကပဲ လူ့လောကအပေါ် အများကြီး တာသွားစေခဲ့တယ် လို့ ဆိုနိုင်ပါတယ်။ အသက် ၂၇ နှစ်အရွယ်မှာ ဂျိုးဆက် ဖရောင်းဟော်ဖာဟာ ကမ္ဘာ့အထူး ချွန်ဆုံး မှန်ဘီလူး ဒီဇိုင်နာ ဖြစ်လာခဲ့ပြီး အရည်အသွေးမြင့် တယ်လီစကုပ်တွေ၊ အမျိုးမျိုးသော မှန်ပြောင်း၊ မှန်ဘီလူးတွေ

ကို ထုတ်လုပ်ပေးနေခဲ့ပြီ ဖြစ်ပါတယ်။ သူ့ရဲ့ နေအိမ်ဟာ ဘန်နီဒစ်ဘန် ကျောင်းတိုက်ဟောင်း[98] အနီးမှာ တည်ရှိပါ တယ်။ ၁၉ ရာစု အစောပိုင်း ကာလ တွေတုန်းကတော့ အဲဒီလို မှန်ပြောင်း၊ မှန်ဘီလူး နဲ့ တယ်လီစကုပ် တီထွင်မှု ဆို တာတွေဟာ တကယ့်ကို ထိပ်တန်း လျှို့ဝှက်နည်း ပညာတွေလို့ ဆိုရမှာပါပဲ။ ဘန် နီဒစ်ဘန် ကျောင်းတော်က ဘုန်းတော်ကြီးဆိုရင်လည်း သူတို့ မြင်တွေ့ကြားသိ ရသမျှ တွေကို လျှို့ဝှက် ထားပါမယ့်အကြောင်း ကတိသစ္စာ ဆိုရပါတယ်။

ဖရောင်းဟော်ဖာဟာ သူတို့ကျောင်းတိုက်ရဲ့ ခေတ်ခွဲခန်းတွေဆီကို ဝင် ရောက်ခွင့် ရရှိထားပြီး နိုင်ငံတော် လျှို့ဝှက်ချက်တွေနဲ့ ကုန်သွယ်မှု တွေ အကြောင်းကို သိမြင်၊ နားလည်လာပါတယ်။ သူဟာ အရည်အသွေး အကောင်း ဆုံးဆိုတဲ့ သုံးမြှောင့် ဖန်တုံးတွေကို အသုံးပြုပြီး အလင်းအကြောင်းကို ဆက်လက် လေ့လာနိုင်ခဲ့သလို သုံးမြှောင့် ဖန်တုံးကနေ ထုတ်လွှတ် လိုက်တဲ့ ရောင်စဉ်တန်း ကိုလည်း ပိုမို ရှင်းလင်း ပြတ်သားစွာ မြင်တွေ့ ရအောင် ဘယ်လို အဆင့်မြှင့်တင်ရ မလဲ ဆိုပြီး အမြဲတမ်း ကြံဆနေခဲ့ပါတယ်။

ကျွန်တော်တို့တွေ ကြားနေရတဲ့ ဂီတ အသံလှိုင်းတွေဟာ အင်မတန် သာယာ နာပျော်ဖွယ် ရှိလှပါတယ်။ အဲဒီ အသံလှိုင်းတွေကိုများ မျက်စိနဲ့တွေ့ မြင် ခွင့်ရခဲ့ မယ်ဆိုရင် ဘယ်လောက်တောင် လှပလိုက်မလဲ။ အော်ဂင် တူရိယာရဲ့ လေ ပိုက်တွေဟာ ဘာလို့များ အတိုအရှည် မတူညီကြတာပါလိမ့်လို့ စာဖတ်သူ တွေး ကြည့် ဖူးပါသလား။ သံစဉ် ကီးနုတ် တခုကို ဖိနှိပ်လိုက်မယ်ဆိုရင် အဲဒီခလုပ်နဲ့ ချိတ်ဆက်ထားတဲ့ လေပိုက်ထဲကို ဖိအား သွင်းပေး လိုက်ပြီး အဲဒီကနေ အသံထွက် လာတာပါ။ အဲဒီခလုပ်ကို အကြာကြီး ဖိထားလိုက်မယ်ဆိုရင် ရေအိုင်ထဲကို ခဲလုံး ပစ်လိုက်တဲ့ အခါ လှိုင်းတွေ အဝိုင်းလိုက် ထွက်ပေါ်လာသလိုမျိုး အသံလှိုင်းတွေ ကလည်း ဆင်တူစွာပဲ ပြုမူ ကြပါတယ်။

အဲဒီ လေပိုက်ရဲ့ အတိုအရှည်ဟာ အသံလှိုင်းရဲ့ အလျားနဲ့ အချိုးကျပါတယ်။ လေပိုက် ခပ်တိုတိုဆိုရင် အသံလှိုင်း ခပ်တိုတိုပဲ ထုတ်လုပ်ပေးပါတယ်။ အဲဒီ အသံလှိုင်းတိုတွေက ကြိမ်နှုန်းမြင့်ပြီး စူးရှတဲ့ အသံကို ထွက်ပေါ်စေပါတယ်။ လေ ပိုက်အရှည်တွေကတော့ အသံလှိုင်းရှည် တွေကိုထုတ်လုပ်ပေးပြီး ကြိမ်နှုန်းနိမ့်

ဖြစ်ပါတယ်။ အလယ်ခေတ်ရဲ့ ဂီတသံစဉ် တေးသွားတရပ်ဖြစ်တဲ့ ကာမီနာဘူရမ်နာ[99] ဆိုတာကို အဲဒီ ဘန်နီဒစ်ဘန်ကျောင်း တော်ထဲမှာ ရေးစပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

အသံလှိုင်းတွေဟာ လေဟာနယ်ကိုတော့ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိပါဘူး။ အစိုင်အခဲ၊ အရည်၊ အငွေ့ စတဲ့ ဒြပ်ထုတွေရဲ့ မော်လီကျူးတွေကို ဖြတ်သန်းပြီးတော့မှပဲ တနေရာကနေ တနေရာဆီ သွားရောက်နိုင်စွမ်း ရှိပါတယ်။ ဒါပေမယ့် အလင်းလှိုင်းတွေကတော့ အဲဒီလို ကြားခံနယ်မရှိပဲ ဖြတ်သန်းနိုင်စွမ်း ရှိကြပါတယ်။ အာကာသ ဟင်းလင်းပြင်ထဲမှာ ဖြတ်သန်းသွားလာနိုင်သလို အင်မတန်မြန်ဆန်တဲ့ အလျင်ကိုလည်း ပိုင်ဆိုင် ထားကြပါတယ်။ လေထုထဲက အသံလှိုင်းထက် အဆပေါင်း သန်းနဲ့ချီ အသံလှိုင်းတွေကို ကြားရတဲ့အခါမှာ သံစဉ် ကီးနုတ်ကို သိရသလိုမျိုး အလင်းရဲ့လှိုင်းတွေဟာလည်း ဘယ်အရောင်ကို မြင်တွေ့ရတယ်ဆိုတာ သတ်မှတ် ပေးပါတယ်။ ဒါပေမယ့် သုံးမြှောင့်ဖန်တုံးဟာ နေရောင်ခြည်အလင်း တန်းကို သက်တံ့ရောင်စဉ်အဖြစ် ဘယ်လိုများ ဖြာထွက်သွားစေခဲ့တာပါလဲ။ အလင်းဟာ အာကာသတို့၊ လေထုတို့ကို ဖြတ်သန်းတဲ့အခါမှာ ရောင်စဉ်တွေအားလုံး မြန်နှုန်း တမျိုးတည်းနဲ့ ဖြတ်သန်းကြပြီး ဖန်သားကို ထောင့်ချိုးနဲ့ဖြတ်သန်းရာမှာတော့ အလင်းဟာ မြန်နှုန်း လျော့ကျသွားပြီး ဦးတည်ရာလည်း ယိုင်သွားပါတယ်။ သုံးမြှောင့်ဖန်တုံးအတွင်းမှာဆိုရင် အလင်းရဲ့ ရောင်စဉ်တွေဟာ လှိုင်းတခုနဲ့ တခု မြန်နှုန်းချင်း မတူကြပါဘူး။

ခရမ်းရောင်ဟာဆိုရင် အတိုဆုံး အလင်းလှိုင်းဖြစ်ပြီး အနီရောင်ထက် အမြန်နှုန်း ပိုနှေးကွေးပါတယ်။ အနီရောင် ကတော့ အရှည်ဆုံး အလင်းလှိုင်း ဖြစ်ပါတယ်။ အဲဒီလို မြန်နှုန်း အနိမ့်အမြင့်ကပဲ သက်တံ့ရောင်စဉ်တွေ အဖြစ် အလင်းဖြူကို ခွဲထုတ်ပေးတာလိုက်ပြီး မတူကွဲပြား တဲ့လားရာတွေဆီ ဖြာထွက် သွားစေခဲ့ပါတယ်။ ဒါဟာ သုံးမြှောင့်ဖန်တုံးရဲ့ အလုပ် လုပ်ပုံပါ။ အဲဒီကနေပဲ အိုင်းဇက် နယူတန်တယောက် လုပ်နိုင်စွမ်းရှိပေမယ့် တကယ်တမ်း မဆောင်ရွက်ဖြစ်ခဲ့တဲ့ လေ့လာမှုနယ်ပယ်သစ်တရပ်ကို ဖရောင်းဟော်ဖာ က ကဏ္ဍသစ် ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ အဲဒါကတော့ ရှုပဗေဒနဲ့ နက္ခတ္တဗေဒ ကိုပေါင်းစည်းပေးခဲ့ခြင်းဖြစ်ပြီး နက္ခတ္တရှုပဗေဒ[100] ဆိုတဲ့ ပညာရပ်ပဲဖြစ်ပါ တယ်။

သုံးမြှောင့် ဖန်တုံးကနေ အလင်း ဖြတ်သန်းသွားတဲ့အခါ ဖြာထွက်သွားတဲ့ ရောင်စဉ်တန်းတွေအကြား အနက်ရောင် မျဉ်းတွေဟာ စူပါမားကပ်က ကုန်ပစ္စည်းတွေမှာ တွေ့ရတဲ့ ဘားကုဒ်လိုမျိုး ဖြစ်လို့ နေပါတယ်။ ဖရောင်းဟော်ဖာက အဲဒီဘားကုဒ်တွေကို မြင်တွေ့ခဲ့ပြီး ဘာလို့များပါလိမ့်လို့ စူးစမ်း လေ့လာကြည့်ပါတယ်။

တကယ်တော့ အဲဒီဘားကုဒ်တွေဟာ ခမ်းနား ဆန်းကြယ်လှတဲ့ တခြားသော စကြဝဠာတွေဆီကနေ ကျွန်တော်တို့ဆီကို ရောက်ရှိလာတဲ့ လျှို့ဝှက်သင်္ကေတတွေပဲ ဖြစ်ပါတယ်။ အဲဒီ အနက်ရောင် ဘားကုဒ် မျဉ်းတွေမှာ ဘာတွေကို ရေးသားထားပြီး ဘယ်လို သတင်းစကားတွေကို ဆောင်ကြဉ်းပေးလာ ကြတာပါလိမ့်။ အဲဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့၊ အလင်းကနေ ဆောင်ကြဉ်းလာတဲ့ အချက်အလက်တွေကို ဖော်ထုတ်နိုင်ဖို့ အတွက် နှစ်ပေါင်း ၁၀၀ ကျော် စူးစမ်းလေ့လာယူခဲ့ကြရ ပါတယ်။

ကမ္ဘာမြေနဲ့ လေထုတို့ကို ဖွဲ့စည်းထားတဲ့ ဓာတုပေါင်းစပ်မှုတွေ၊ ဇီဝရုပ်တို့ရဲ့ တရွေ့ရွေ့ ပြောင်းလဲတဲ့ ဆင့်ကဲ ဖြစ်စဉ်တွေ အစရှိသဖြင့် လောကရဲ့ အလှတရားမှာ အလွှာများစွာနဲ့ ဖွဲ့စည်းထားတယ်လို့ ဆိုနိုင်ပါတယ်။ ပါဝင်တဲ့ အစိတ်အပိုင်းတွေကလည်း အင်မတန်မှကို အနုစိတ်လှတာ မဟုတ်လား။ အရောင်အသွေးစုံလင်လှတဲ့ ပန်းခင်းကြီးကိုပဲ ဥပမာအဖြစ် ခဏကြည့်ကြရအောင်။ သဘာဝလောကရဲ့ ထူးဆန်းအံ့သြဖွယ်ရာ အသွင်သဏ္ဍာန်နဲ့ အဲဒီ ပန်းမျိုးစုံမှာ ဘာလို့များ အနီတွေ၊ အပြာတွေ၊ အဝါတွေဆိုပြီး အရောင်အသွေး စုံလင်လွန်းရတာပါလဲ။ အလင်းဟာ မတူညီတဲ့ လှိုင်းအတိုအရှည်တွေနဲ့ ကမ္ဘာမြေဆီကို ရောက်ရှိလာတဲ့အခါ အဲဒီပန်းပွင့်လေးတွေရဲ့ ပွင့်ဖတ်လေးတွေဟာ စွမ်းအင် အနိမ့်ဆုံးဆိုတဲ့ အလင်းလှိုင်း အနီရောင်ကို စုပ်ယူထားလိုက်ကြပါတယ်။ ဒါပေမယ့် စွမ်းအင် ပါဝင်မှု မြင့်မားတဲ့ အပြာရောင် အလင်းလှိုင်းကိုတော့ ရောင်ပြန်ဟပ်လိုက်ပါတယ်။ အဲဒီအခါမှာ အဲဒီ ပန်းပွင့်ရဲ့ အရောင်ဆိုပြီး မြင်ရပါတယ်။ အဲဒီလို ဘယ်အလင်း လှိုင်းကို စုပ်ယူပြီး ဘယ်အလင်းလှိုင်းကို ရောင်ပြန်တာကပဲ ဗန်ဂိုးရဲ့ ပန်းချီကား တချပ်လို အပြာရောင်ရယ်လို့ မြင်တွေ့ ရခြင်း ဖြစ်ပါတယ်။ စွမ်းအင် ပါဝင်မှု အနိမ့်ဆုံးဖြစ်တဲ့ အလင်းလှိုင်းကို ရောင်ပြန်တဲ့အခါမှာတော့ အနီရောင်ပန်းတွေ အဖြစ်

ကျွန်တော်တို့ မြင်တွေ့ ရပါတယ်။ အဲဒီတော့ အရောင်အသွေး စုံလင်ခြင်း ဆိုတာ အလင်းရဲ့လှိုင်းတွေအတွင်း စွမ်းအင် ပါဝင်မှု အနိမ့်အမြင့်ကို ခွဲခြားပြနေ တဲ့ သဘောလို့လည်း ကောက်ချက်ဆွဲလို့ ရနိုင်ပါတယ်။ ညနေဆည်းဆာရဲ့ အလှတွေ၊ တလူလူလွင့်နေတဲ့ အလံတော်က အရောင်တွေ၊ ချစ်ရသူရဲ့ မျက်ဝန်း နဲ့ အပြုံး တွေ၊ အရောင် တလက်လက် တောက်နေတဲ့ မော်တော်ကားသစ်တွေ စတဲ့ အရောင်အသွေး အားလုံးဟာ အလင်းလှိုင်းတွေရဲ့ ကြိမ်နှုန်းနဲ့ စွမ်းအင် ပါဝင်မှု အကြောင်း ကျွန်တော်တို့ မြင်တွေ့ ခံစားခွင့်ရခြင်းပဲ ဖြစ်ပါတယ်။

ဖရောင်းဟော်ဖာ ရှာဖွေတွေ့ ရှိခဲ့တဲ့ ရောင်စဉ်တန်းတွေအကြားက အနက် ရောင် ဘားကုဒ်တွေကရော ဘယ်လို သတင်း စကားတွေများ ဆောင်ကြဉ်း လာခဲ့ ပါသလဲ။ သူတို့ကို ဘာတွေနဲ့ ဖွဲ့စည်းထားတာလဲ။ အဲဒီ အနက်ရောင် ဘားကုဒ် တွေ ဟာ ဘယ်အလင်းလှိုင်းတွေရဲ့ ရောင်စဉ်တွေကို ဘယ်လို စုပ်ယူမှုတွေ ဖြစ်စေ သလဲ ဆိုတာကနေ ပေါ်ထွက်လာခဲ့တာပါ။ ကျွန်တော်တို့ မြင်တွေ့နေကျ ကမ္ဘာ လောကနဲ့ နှိုင်းစာရင် အင်မတန် သေးငယ်လှတဲ့ အချိုးအစားအတွင်းမှာ ဖြစ်ပွား ပါတယ်။ အဲဒီအကြောင်းကို သိမြင်ခွင့်ရဖို့ဆိုရင် လက်ရှိထက် အဆပေါင်း ၁၀ ဘီ လျံလောက် သေးငယ်တဲ့ အချိုးအစားနဲ့မှပဲ လေ့လာလို့ရမှာ ဖြစ်ပါတယ်။

ဟိုက်ဒရိုဂျင်အက်တမ်ဟာ ဆိုရင် စကြဝဠာအတွင်း အများဆုံး တွေ့ရှိရတဲ့ အက်တမ်ပါပဲ။ အရိုးရှင်းဆုံးလည်း ဖြစ်ပါတယ်။ သူ့မှာ ပရိုတွန်တလုံးနဲ့ အီလက်ထရွန်တလုံးပဲ ပါဝင်ပါတယ်။ ဒါဟာ အင်မတန်သေးငယ်လှတဲ့ ကွမ်တန် ရူပဗေဒ နယ်ပယ်အကြောင်း ပြောဆိုနေတာဖြစ်ပြီး သာမန်မျက်စိနဲ့ မြင်တွေ့နိုင် ခြင်း မရှိပါဘူး။ ဟိုက်ဒရိုဂျင် အက်တမ်မှာဆိုရင် အီလက်ထရွန်က ပရိုတွန်ကို လှည့်ပတ် နေတယ်လို့ မဟုတ်ပါဘူး။ ပတ်လမ်းတနေရာမှာ ပျောက်သွားပြီး နောက် တဘက်မှာ ပြန်ပေါ်လာတာမျိုးပါ။ ကျွန်တော်တို့တွေ ဓာတ်လှေကားစီး တဲ့အခါ ဒုတိယထပ်မှာ ဝင်သွားပြီး စတုတ္ထထပ်ကနေ ပြန်ထွက်လာ သလိုမျိုး အလယ်မှာ ပျောက်သွားတာ ဖြစ်ပါတယ်။ နောက်ပြီး ကွမ်တန်ဓာတ်လှေကား ဟာလည်း တချို့သော အထပ်တွေမှာပဲ ရပ်တန့်လေ့ရှိပါတယ်။ အီလက်ထရွန် ပတ်လမ်း ဟာလည်း အင်မတန်မှုကို အကန့်အသတ်ရှိနေပြီး ဒြပ်စင်တိုင်းရဲ့

အက်တမ်တွေမှာလည်း မတူညီကြပါဘူး။ အဲဒါကြောင့်ပဲ ဒြပ်စင်တွေမတူညီပဲ ကွဲပြားခြားကြရတာ ပါ။

အရာဝတ္ထုတွေရဲ့ ဓာတုဂုဏ်သတ္တိဟာ အီလက်ထရွန် ပတ်လမ်းနဲ့ အဆုံး အဖြတ်ပေးပါတယ်။ အီလက်ထရွန်ရဲ့ ပတ်လမ်းကို ထိန်းသိမ်းပေးထားတဲ့ ထိန်းချုပ်အားဟာ ဒြပ်ထုဆွဲငင်အားနဲ့ ဘာမှ မသက်ဆိုင် ပါဘူး။ လျှပ်စစ်ဆွဲအား သက်သက်ပဲ ဖြစ်ပါတယ်။ အီလက်ထရွန်ဟာ အက်တမ် နယူးကလိယပ်စ်ကို ဗဟိုပြုပြီး အဝန်းအဝိုင်းဆန်ဆန် လှည့်ပတ်ကကြိုးဆင်နေသလို ရှိပါတယ်။ ပတ်လမ်းကို ဘယ်ညာယိမ်းသလို အထက်အောက်လည်း လွန်းထိုးနေပါတယ်။ အဲဒီ ပတ်လမ်း ကျယ်ဝန်းလာလေလေ၊ အဲဒီ အီလက်ထရွန်ရဲ့ စွမ်းအင် မြင့်မား လာလေလေဖြစ်ပါတယ်။ ပိုမိုကျယ်ဝန်းတဲ့ပတ်လမ်းကိုလှည့်ပတ်ဖို့ဆိုရင်လည်း အဲဒီ အီလက်ထရွန်မှာ ပိုမို မြင့်မားတဲ့ စွမ်းအင်ကို ပိုင်ဆိုင်ရပါလိမ့်မယ်။ ပတ်လမ်းကို ပြန်ချုံ့ချင်တယ် ဆိုရင်လည်း ပိုင်ဆိုင်ထားတဲ့စွမ်းအင် ကိုလျှော့ချယူရမှာ ဖြစ်ပါတယ်။ အဲဒီလို စွမ်းအင်မြင့်မားဖို့ဆိုရင် အက်တမ် အဏုမြူဟာ အလင်း လှိုင်းကို စုပ်ယူရပါတယ်။ ဒါပေမယ့် ဘာဖြစ်လို့ အထက်အောက် လွန်းထိုး လှည့်ပတ်မှု ဖြစ်ပွားရတယ် ဆိုတာကိုတော့ ကျွန်တော်တို့ မသိရှိကြသေးပါဘူး။ ပတ်လမ်းတွေ အတွင်းမှာ စွမ်းအင် အနိမ့်အမြင့် မတူကွဲပြားတဲ့အခါတိုင်း အလင်း လှိုင်း ထုတ်လွှတ်တယ်ဆိုတာကိုတော့ သိထားကြပါတယ်။

နေရဲ့ မျက်နှာပြင်ဟာ အမျိုးမျိုးသော ရောင်စဉ်တွေ ပါဝင်တဲ့ အလင်းတန်းတွေကို ထုတ်လွှတ် ပေးနေပါတယ်။ အဲဒီ နေရောင်ခြည်ကို သုံးမြှောင့်ဖန်တုံးမှာ ဖြတ်သန်းစေလိုက်မယ်ဆိုရင် သက်တံ့ရောင်စဉ် တန်းကို တွေ့ မြင်ရမှာ ဖြစ်ပါတယ်။ အဲဒီ သက်တံ့ရောင်စဉ်တန်းကို တယ်လီစကုပ်နဲ့ ကြည့်ရှုပြီး ဂျိုးဆက် ဖရောင်းဟော်ဖာလို လေ့လာကြည့်မယ်ဆိုရင် အက်တမ်အဏုမြူအတွင်း အီလက်ထရွန်ရဲ့ လှုပ်ရှားမှုတွေကို တွေ့ မြင်လာပါလိမ့်မယ်။ အီလက်ထရွန်ရဲ့ စွမ်းအင် လျော့ကျသွားတယ်ဆိုရင် ပတ်လမ်းငယ်အတွင်းဆီ ကျဆင်းသွားပြီး အလင်းလှိုင်းဟာလည်း ဖြာထွက်သွားပါတယ်။ အဲဒီ ဖြာထွက်သွားတဲ့ အလင်း အများစု ကတော့ ကျွန်တော်တို့ဆီကို ရောက်ရှိမလာခဲ့ပါဘူး။ အဲဒါကြောင့်ပဲ သက်တံ့ရောင်စဉ်တွေအကြားမှာ အနက်ရောင် မျဉ်းတွေအဖြစ် ဘားကုဒ်တွေလို

တည်ရှိနေရတာ ဖြစ်ပါတယ်။ အဲဒီဘားကုဒ်တွေဟာ နေရဲ့ ဟိုက်ဒရိုဂျင်အက်တမ် အနူမြူတွေကနေ ထွက်ပေါ်လာတဲ့ အရိပ်တွေပါပဲ။

ဆိုဒီယမ်အက်တမ်မှာဆိုရင် လည်း မတူကွဲပြားတဲ့ အရိပ်တွေ ရှိပါတယ်။ သူတို့ရဲ့ အီလက်ထရွန်တွေ လှည့် ပတ်ပုံက တခြားအက်တမ်တွေနဲ့ မတူပါဘူး။ အိမ်သုံးဆားမှာဆိုရင် ဆိုဒီယမ်နဲ့ ကလိုရင်း အက်တမ်တွေ ပါဝင်ပါတယ်။ အိမ်သုံးဆားခဲ တခဲမှာတောင် သန်းပေါင်း ထောင်သောင်းချီတဲ့ အက်တမ်တွေရဲ့ အီလက်ထရွန်တွေဟာ အရေအတွက် အင်မတန်များပြားလှတဲ့ အီလက်ထရွန် ကကြိုးတွေကို ဖော်ဆောင်လို့နေပါတယ်။ သံသတ္တုအက်တမ်မှာ ဆိုရင်လည်း အီလက်ထရွန် ၂၆ လုံးပါဝင်ပြီး ဘရော့ဒ်ဝေး ဂီတပွဲတော်ရဲ့ ဖျော်ဖြေတင်ဆက်မှုလို အက်တမ်အဏုမြူရဲ့ အီလက်ထရွန်တွေ ယိမ်းနွဲ့လှုပ်ရှားနေကြပါတယ်။

ကြယ်တာရာတလုံးကို စပက်ထရိုစကုပ် ဆိုတဲ့ ရောင်စဉ်ကြည့်မှန်ပြောင်းနဲ့ ကြည့်ရှုရာမှာ သူ့ပတ်ဝန်းကျင်ရဲ့ ဒြပ်စင်တွေကနေ ထုတ်လွှတ်လိုက်တဲ့ အနက်ရောင် ဘားကုဒ်တွေကိုပါ မြင်တွေ့ ရမှာ ဖြစ်ပါတယ်။ ကမ္ဘာမြေပေါ်ကပဲဖြစ်ဖြစ်၊ တခြားကြယ်တာရာ တခုခုဆီကနေပဲဖြစ်ဖြစ် စပက်ထရိုစကုပ်နဲ့ ကြည့်ရှုလို့ မြင်တွေ့ရတဲ့ သက်တံ့ရောင်စဉ်ကို ကြည့်ရှုရုံနဲ့ သူတို့မှာ ဘယ်လိုဒြပ်စင်တွေနဲ့ ဖွဲ့စည်းထားတယ် ဆိုတာကို တပ်အပ်ပြောနိုင်ပါတယ်။ ဖရောင်းဟော်ဖာ ရှာဖွေ တွေ့ရှိခဲ့တဲ့ အနက်ရောင်ဘားကုဒ်တွေဟာ စကြဝဠာအတွင်းက ဒြပ်စင်တွေကို ဖွဲ့စည်းထားတဲ့ အက်တမ် အဏုမြူတွေရဲ့ ကိုယ်ပိုင်အမှတ်သင်္ကေတတွေ ဖြစ်ပါတယ်။

အဲဒီအကြောင်းကို ကျွန်တော်တို့ သိမြင်လာခြင်းဟာ တခြားသောလောကဓာတ်သိပ္ပံဆိုင်ရာ ရှာဖွေတွေ့ရှိမှုတွေနည်းတူ ပိုပြီး နက်ရှိုင်းဆန်းကြယ်တဲ့ လျှို့ဝှက်ခြင်းတွေဆီ သွားရာလမ်းကို တံခါးဖွင့်ပေး လိုက်သလိုရှိပါတော့တယ်။ အဲဒါကြောင့်ပဲ အလင်းရောင်အတွင်းမှာ ပုန်းကွယ်နေတဲ့ လျှို့ဝှက်ချက်တွေ အများအပြား ရှိနေသေးကြောင်း သိရှိခွင့်ရလာခဲ့ကြပါတယ်။

သုံးမြှောင့်ဖန်တုံးကို တယ်လီစကုပ်နဲ့ ချိတ်ဆက်ပေးလိုက်တဲ့ ဖရောင်းဟော်ဖာရဲ့ စူးစမ်းလေ့လာမှု ကြောင့် ကျွန်တော်တို့ဟာ ကြယ်တာရာတွေနဲ့ ပိုမိုနီးကပ်ခွင့်ရသွားခဲ့ပါတယ်။ သူကတော့ အသက် ၃၉ အရွယ်မှာပဲ အင်မတန်

ပြင်းထန်လှတဲ့ ရောဂါဝေဒနာဆိုးကို ခံစားခဲ့ရပြီး စောစောစီးစီးပဲ ကြွေလွင့်ရှာခဲ့ရပါ တယ်။ ငယ်ရွယ်စဉ်က အဆိပ်ဓာတ်တွေနဲ့ ထိတွေ့ထားတဲ့ ဖန်ချက်အလုပ်ကြောင့်လို့ ယူဆရပါတယ်။ နောက်ထပ်ပါရမီရှင် တယောက် ဘယ်တော့မှထပ်မံပေါ်ထွက် လာမယ်မှန်း ဘယ်သူမှ မသိရှိကြပါဘူး။ သူ့လို ပါရမီရှင်မျိုး၊ လောကဓာတ်သိပ္ပံ ပညာရှင်မျိုး ဘယ်လောက်များများ အဆောက်အအုံ အပြို အပျက်တွေထဲ ထားပစ်ခဲ့ကြမှန်း ဘယ်သူမှ မသိနိုင်ပါဘူး။ မိဘမဲ့ လူဆင်းရဲကလေးငယ် တယောက်ကို ကယ်ဆယ် လိုက်တာကြောင့် အိမ်ရှေ့စံနဲ့ သူ့ရဲ့တိုင်းနိုင်ငံဟာ မကြုံစဖူး ချမ်းသာကြွယ်ဝသွားခဲ့ပါတယ်။ ဖရောင်းဟော်ဖာ ရဲ့နည်းပညာနဲ့ လောကဓာတ်သိပ္ပံဆိုင်ရာ လေ့လာတွေ့ရှိမှုကြောင့် ဘာဗေးရီးယားဟာ ခေတ်နောက်ကျ နေတဲ့ဒေသတွင်း နိုင်ငံငယ်အဖြစ်ကနေ နေ့ချင်းညချင်း နည်းပညာ အင်အားကြီးနိုင်ငံ ဖြစ်သွားခဲ့ပါတယ်။

ဖရောင်းဟော်ဖာတယောက် သေအံ့မူးမူး ဖြစ်နေချိန်မှာတောင် ဘာဗေးရီးယား အစိုးရဟာ သူ့ရဲ့ အသိဉာဏ်ပညာတွေကို ရနိုင်သမျှ စုဆောင်းထားဖို့ ရည်ရွယ်ပြီး အဆင့်မြင့် မှန်ဘီလူး၊ မှန်ပြောင်းတွေ ထုတ်လုပ်ရတဲ့ ဖန်ချက်နည်းစနစ်နဲ့ စပ်လျဉ်းတဲ့ နှုတ်ထွက်စကား မှန်သမျှကို အဆက်မပြတ် မှတ်တမ်းတင် စေခဲ့ပါတယ်။ သူကလည်း အဲဒီ လျှို့ဝှက်ချက်တွေ အကုန်လုံးကို ဖန်ချက်တာဝန်ခံ ဒါရိုက်တာတဦးတည်း ကိုပဲပြောပြခဲ့တာပါ။ ဘာဗေးရီးယား အစိုးရဟာ ဖရောင်းဟော်ဖာရဲ့ ဖန်ချက်နည်းစနစ်ကို ထိပ်တန်း လျှို့ဝှက်အဖြစ် နောက်ထပ် နှစ်ပေါင်း တရာကျော် ထိန်းသိမ်းထားခဲ့ပါတယ်။ တကယ်တော့ လောကဓာတ် သိပ္ပံပညာနဲ့ ပတ်သက်ရင် ဖရောင်းဟော်ဖာက လျှို့ဝှက်ထိမ်ချန်ထားမှုကို လုံးဝ မလိုလားသူပါ။ သဘာဝလောကအကြောင်း လေ့လာစူးစမ်းဖို့အတွက် လောကဓာတ်သိပ္ပံ ပညာတွေ ထွန်းကားဖို့ဆိုရင် လွတ်လပ်မှု၊ ပွင့်လင်းမြင်သာရှိမှုတွေ မဖြစ်မနေ လိုအပ်ကြောင်း ဖရောင်းဟော်ဖာက သဘောပေါက်၊ နားလည်ပြီး ဖြစ်သလို အဲဒီအသိဉာဏ်ပညာတွေကိုလည်း တဦးတယောက်က လက်ဝါးကြီးအုပ်တာထက် ကမ္ဘာလောက ကိုယ်တိုင်ပဲ ပိုင်ဆိုင်သင့်ကြောင်း လက်ခံထားသူ ဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ ရောင်စဉ်တန်း တွေအကြား အနက်ရောင်ဘားကုဒ်တွေ အကြောင်း သိမြင်လာချိန်မှာ သူသိရှိထားသမျှ မခြွင်းမချန်

ရေးသားဖွင့်ချခဲ့တာပါ။ သူ့ရဲ့ လေ့လာတွေ့ရှိချက်တွေဟာဆိုရင် ဒီကနေ့အချိန်ထိ တောင် ပွဲတင်ထပ်နေ တုန်းလို့ ဆိုနိုင်ပါတယ်။

အဲဒီ အနက်ရောင် ဘားကုဒ်တွေအရ ကျွန်တော်တို့ မြင်တွေ့နေရတဲ့ စကြဝဠာဟာ တူညီတဲ့ ဒြပ်စင်တွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဂြိုဟ်တွေ၊ ကြယ်တာရာတွေ၊ ဂလက်ဆီ ကြယ်တာရာ အစုအဝေးကြီးတွေ၊ နောက်ပြီး ကျွန်တော်တို့ ကိုယ်တိုင်နဲ့ သက်ရှိတွေ အားလုံးဟာ ကြယ်တာရာ ဒြပ်မှုန်တွေပဲ ဖြစ်ကြပါတယ်။ သူ့ရဲ့ လေ့လာမှုကနေပဲတခြားသော ဂြိုဟ်တွေကို ဘာတွေနဲ့ ဖွဲ့စည်းထားတယ်၊ အဲဒီလေထုတွေမှာ ဘာတွေပါဝင်တယ်၊ အလင်းနှစ်များစွာ ကွာဝေးတဲ့ဂလက်ဆီ တွေမှာ ဘယ်လို ဒြပ်စင်တွေ ပါဝင်တယ် ဆိုတာတွေ သိရှိ လာခဲ့ရပါတယ်။ အဲဒီ စပက်ထရိုစကုပ်က ရောင်စဉ်တန်းတွေဟာ မြင်တွေ့ရတဲ့ အရာတွေ ဘာနဲ့ဖွဲ့စည်း ထားတယ် ဆိုတာတင်မက အဲဒီအရာဝတ္ထုတွေဟာ ကျွန်တော်တို့ဆီကို ဦးတည် လာနေတာလား၊ ကျွန်တော်တို့နဲ့ ဝေးရာဆီ သွားနေ တာလားဆိုတာကိုလည်း သိမြင်နိုင်စွမ်း ရှိစေပါတယ်။ အဲဒီ ရောင်စဉ်တန်းတွေ အရဆိုရင် ကျွန်တော်တို့ရဲ့ စကြဝဠာကြီးဟာ ပြန့်ကားထွက်နေတာ ဖြစ်ပါတယ်။ မျက်စိနဲ့ မမြင်ရတဲ့ ရောင်စဉ်တန်းတွေကနေတဆင့် လေ့လာတွေ့ ရှိမှုတွေထဲမှာ ဒါဟာ အခမ်းနားဆုံးလို့ ဆိုနိုင်ပါတယ်။ အဲဒါကတော့ စကြဝဠာရဲ့ အစိတ်အပိုင်း ဖြစ်တဲ့ အနက်ရောင်ဒြပ် တွေအကြောင်းပါပဲ။ သူတို့ဟာဆိုရင်ကျွန်တော်တို့ သိကျွမ်းရင်းနှီးတဲ့စကြဝဠာရဲ့ ထုထည်ထက် ၆ ဆလောက် ပိုမိုများပြားပါတယ်။ သူတို့ဟာ အင်မတန် ဆန်းပြား လှတဲ့ ဒြပ်ထုတမျိုးနဲ့ ဖွဲ့စည်းထားပြီး အလင်းကို စုပ်လည်း မစုပ်ယူ၊ ထုတ်လည်း မထုတ်လွှတ်၊ ရောင်ပြန်လည်း မဟပ်ကြပါဘူး။ အဲဒီ အနက်ရောင်ဒြပ်တွေ တည်ရှိကြောင်းကို သူတို့ရဲ့ ဆွဲငင်အားသီးသန့်ကြောင့် ပဲ သိရှိထားကြတာ ဖြစ်ပါ တယ်။ ဂလက်ဆီတွေကို ဆွဲငင်ထားပြီး သူတို့အတွင်း မြင်ရတဲ့ ကြယ်တာရာတွေကို မြန်နှုန်းမြှင့်တင်ပေးပါတယ်။



ဒြပ်စင်တို့မှ ထုတ်လွှတ်လိုက်သော ရောင်စဉ်တန်းများ

တကယ်တော့ ကျွန်တော်တို့လူသားတွေရဲ့ မျက်လုံးကနေ မြင်တွေ့ နိုင်တာထက် ပိုမို များပြားတဲ့ အလင်းအမျိုးအစားတွေ ရှိပါသေးတယ်။ အလင်းရဲ့ ရောင်စဉ်တန်းတွေ အများကြီးထဲကမှ ကျွန်တော်တို့ မြင်တွေ့ ရတာဟာ အင်မတန် သေးငယ်တဲ့ အချိုးအစားပဲဖြစ်ပြီး နောက်ထပ် မမြင်ရတာတွေ အများအပြား ရှိလို့နေပါတယ်။ သူတို့ဟာ မတူကွဲပြားတဲ့ အလင်းလှိုင်း အလျားတွေ ပိုင်ဆိုင် ထားကြပါတယ်။ ဥပမာ ဝီလျံ ဟာရှယ် တွေ့ရှိခဲ့တဲ့ အနီအောက်ရောင်ခြည်တို့၊ နောက်ပြီး တခြား လှိုင်းအကွာအဝေးကိုယ်စီရှိကြတဲ့ အိတ်ဇ်ရေးတို့၊ ရေဒီယိုတို့၊ ဂမ်မာရေးတို့ဆိုပါစို့။ အဲဒီအလင်းလှိုင်းတွေဟာ အရာဝတ္ထုတွေကို မတူကွဲပြားတဲ့ ရှုထောင့်ကနေ မြင်တွေ့ရရုံ သက်သက်မဟုတ်ပါဘူး။ သူတို့ဟာ စကြဝဠာထဲက မတူကွဲပြားတဲ့ အရာဝတ္ထု တွေကို မြင်တွေ့နိုင်စေတဲ့ အလင်းအမျိုးအစားတွေ ဖြစ်ပါတယ်။ ဂမ်မာရေးဟာဆိုရင် ဟိုးအဝေးကြီးက ဂလက်ဆီတွေအတွင်း ဖြစ်ပွားတဲ့ ပေါက်ကွဲမှုကြီးတွေကို မြင်တွေ့ခွင့် ရရှိစေပါတယ်။ မိုက်ခရိုဝေ့ဖ်အလင်း ကတော့ အချိန်တွေကို နောက်ပြန်ဆွဲနိုင်ပြီး မဟာပေါက်ကွဲမှုကြီး စတင်တဲ့ အချိန်ထိ လေ့လာခွင့် ရစေပါတယ်။ အဲဒီ အကြောင်းအရာတွေကို သိမြင်လေ့လာ ခွင့်ရဖို့အတွက် ကျွန်တော်တို့ အသိဉာဏ်တွေကို တံခါးဖွင့်ထားဖို့ပဲ လိုအပ်ပါလိမ့် မယ်။

Whisper Of Words

အပိုင်း (၃)

ဝိညာဉ်တစ္ဆေတို့ အတိပြီးတဲ့ မိုးကောင်းကင်

ကျွန်တော်တို့ မျက်စိနဲ့ မြင်တွေ့ ရတာတွေဟာ အမှန်တကယ် ယုံကြည်ကိုးစားလို့တော့မရပါဘူး။ ကျွန်တော်တို့ရဲ့ အမြင်အာရုံတွေဟာ ကျွန်တော်တို့ကို လှည့်စားနိုင်စွမ်း ရှိကြပါတယ်။ ကြယ်တာရာ တွေတောင် ကျွန်တော်တို့မြင်တွေ့နေရတဲ့အတိုင်း မဟုတ်ကြပါဘူး။ လောကဓာတ်သိပ္ပံပညာရပ် တွေကနေထုတ်ဖော်ရှင်းလင်းလိုက်တဲ့ စကြဝဠာ ကမ္ဘာလောကဟာ ကျွန်တော်တို့လူသားတွေ စိတ်ကူး မျှော်မှန်းနိုင်တာထက် အများကြီး ပိုပြီး ဆန်းကြယ်လို့နေပါတယ်။ အလင်း၊ အချိန်၊ အာကာသနဲ့ဆွဲငင်အား စတဲ့ အကြောင်းအရာတွေဟာ ကျွန်တော်တို့ လူသားတွေ တွေ့ကြုံခံစားနိုင်တဲ့ပကတိ အရှိတရားထက် ကျော်လွန်နေတာမျိုး ဖြစ်နိုင်ပါတယ်။

၁၈၀၂ ခုနှစ်ရဲ့ တခုသော ညချမ်းမှာ နက္ခတ္တဗေဒ ပညာရှင် ဝီလျံ ဟာရှယ်တယောက် သူ့ရဲ့ သားဖြစ်သူ ဂျွန် ဟာရှယ်[101] နဲ့ အင်္ဂလန်ကမ်းခြေတလျှောက် အညောင်းပြေ၊ အညာပြေ ခြေဆန့်လက်ဆန့် လမ်းလျှောက်လေ့ရှိပါတယ်။ ဝီလျံ ဟာရှယ်ဟာ စကြဝဠာ ကမ္ဘာလောကရဲ့ အနက်ရှိုင်းဆုံးသော အာကာသဟင်းလင်းပြင်အကြောင်းကို အရင်ဦးဆုံး နားလည်ခဲ့သူ တဦးပါပဲ။ အလင်းဟာ အချိန်နဲ့ ဘယ်လို ဆက်သွယ်မှု ရှိတယ်ဆိုပြီး အဲဒီလို အညောင်းဆန့် လမ်းလျှောက် ရင်း တွေးတော၊ သဘောပေါက်မိခဲ့ဟန် တူပါတယ်။

သူတို့ သားအဖနှစ်ယောက် ပြောဆိုခဲ့ကြတဲ့ စကားတွေက အခုလိုမျိုး နေပါလိမ့်မယ်။

“ဝိညာဉ်တွေ၊ တစ္ဆေတွေ ရှိတယ်လို့ အဖေ ယုံလားဟင်”

“ယုံတာပေါ့ လူလေးရဲ့၊ ဘာဖြစ်လို့ မေးတာတုန်း”

“ဟင်၊ တကယ်ကြီး ယုံတာလား။ အဖေ မယုံလောက်ဘူးလို့ သားက ထင်ထားတာ”

“ဩ၊ လူလေး ပြောတာ အဖေ နားလည်ပြီ။ လူတွေ သေပြီးတော့ ဖြစ်သွားတယ်ဆိုတဲ့ဝိညာဉ်တွေ၊ တစ္ဆေတွေကိုတော့ အဖေ မယုံပါဘူး။ ဒါပေမယ့် အပေါ်ကို မော့ကြည့်လိုက်စမ်းကွဲ့။ မိုးကောင်းကင်မှာ အဲဒီလို ဝိညာဉ်တစ္ဆေတွေ ပြည့်နေတာပဲ”

“ကြယ်တွေကိုပြောတာလား အဖေရဲ့ ကျွန်တော် သိပ်နားမလည်ဘူး”

“ကြယ်တွေဆိုတာက အဖေတို့ မြင်နေရတဲ့ နေမင်းကြီးလို အရွယ်အစားလည်း အကြီးကြီး၊ အင်မတန်လည်း စူးရှတောက်ပတာလေ။ အဲဒီလို အရွယ်လည်းကြီး၊ အင်မတန်လည်း စူးရှတောက်ပတဲ့ နေမင်းကြီးတွေကို မှိတ်တုတ် မှိတ်တုတ်ဖြစ်တဲ့ ကြယ်လေးတွေလောက်ပဲ မြင်တွေ့ရဖို့ အကွာအဝေး ဘယ် လောက်တောင် ရွေ့ယူရမလဲဆိုတာ လူလေးပဲ စဉ်းစားကြည့်။ အဲဒီလို ကြယ်တာရာတွေကနေ ထုတ်လွှတ် လိုက်တဲ့ အလင်းဆိုတာကလည်း အင်မတန် လျင်မြန်တဲ့နှုန်းနဲ့ သွားနိုင်တာလေ။ ရှိရှိသမျှ အရာ အားလုံး ထက်ကို ပိုမြန်တယ်။ ဒါပေမယ့် အဆုံးမဲ့ မြန်ဆန်တာမျိုးတော့ မဟုတ်ဘူးပေါ့။ အဲဒီလို အလင်းတွေ အဖေတို့ဆီကို ရောက်ရှိဖို့ဆိုတာ အချိန်တော့ ယူရတယ်လေ။ အနီးဆုံး ကြယ်တာရာတွေဆီက အလင်းတောင် အဖေတို့ဆီ ရောက်ဖို့ နှစ်နဲ့ချီပြီး ကြာတတ် တယ်။ တချို့ဆိုရင် ရာစုနှစ်တွေနဲ့တောင် ချီတယ်။ တချို့ကြယ်တာရာကြီးတွေဆို အဖေတို့ကမ္ဘာမြေဆီကို သူတို့ရဲ့ အလင်းတွေရောက်ရှိဖို့ နှစ်ပရိစ္ဆေဒ ပေါင်းများစွာ ကြာညောင်းတတ်တာမလို့ သူတို့ဆီကနေ ထုတ်လွှတ်လိုက်တဲ့ အလင်းတွေ အဖေတို့ ကမ္ဘာမြေဆီရောက်ရှိချိန်ဆို အဲဒီကြယ်တာရာကြီးတွေ ပေါက်ကွဲပျက်စီး၊ သေဆုံးပြီးတောင် ဖြစ်နိုင်တယ်။ အဲဒီလို ကြယ်တာရာကြီးတွေ အတွက်ဆို အဖေတို့မြင်ရတာ သူ့ရဲ့ သေဆုံးပြီး ဝိညာဉ်တစ္ဆေပဲ ဖြစ်လိမ့်မယ်။ သူ့ဆီက ထုတ်လွှတ်လိုက်တဲ့ အလင်းကိုတော့ မြင်ရတယ်၊ သူကတော့ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတည်းက သေဆုံးခဲ့ပြီး ဖြစ်လိမ့်မယ်။ ဂျွန်ရေ၊ အဖေကတော့ တခြားသူတွေ မမြင်တွေ့ဖူး

သေးတဲ့ အတိတ်အကြောင်း တွေကို အတော်လေး ထဲထဲဝင်ဝင် လေ့လာခဲ့ပြီးပြီ။ ဟိုးအရင် နှစ်သန်းပေါင်းများစွာက အကြောင်းတွေ ဆိုပါတော့”

အဝေးကြည့် အာကာသ မှန်ပြောင်း တယ်လီစကုပ်ဆိုတာ အချိန်တွေကို နောက်ပြန်မြင်ရတဲ့ ကာလယန္တရားမှန်း ပထမဆုံး သိမြင်ခဲ့သူကလည်း ဝီလျံ ဟာ ရှယ်ပဲ ဖြစ်ပါတယ်။ အာကာသ စကြဝဠာကို ကြည့်ရှုတဲ့အခါမှာ အချိန်တွေကို နောက်ကြောင်းမပြန်စေပဲ ကြည့်ရှုလို့ မရပါဘူး။ အလင်းဟာ တစက္ကန့်ဆိုတဲ့ အချိန်အတောအတွင်းမှာ ကီလိုမီတာ ၃ သိန်း (သို့) ၁၈၆,၀၀၀ မိုင် ခရီးပေါက်ပါ တယ်။

ဒါဟာ ကမ္ဘာနဲ့ လတို့အကြားက အကွာအဝေး နီးပါးပါပဲ။ အဲဒီတော့ တနည်း အားဖြင့်ဆိုရင် လဟာ အလင်းရဲ့ တစက္ကန့် ကြာချိန် အကွာအဝေးမှာ ရှိပါတယ်။ နောက်တခါ လမင်းကြီးကို မြင်တိုင်း ပြီးခဲ့တဲ့ တစက္ကန့်ကို ပြန်လည် မြင်တွေ့ နေရ တာမှန်း သတိရလိုက်ပါ။

နေမင်းကြီးဆိုရင်လည်း အခုကျွန်တော်တို့ မြင်တွေ့နေရတဲ့ နေရာမှာ မဟုတ် ပါဘူး။ မနက်ခင်းမှာ နေထွက်တယ်ဆိုတာကိုက ကျွန်တော်တို့ ထင် ယောင် ထင်မှား အမြင်ကြောင့်ပါပဲ။ ကမ္ဘာမြေရဲ့ လေထုဟာ နေကလာတဲ့ အလင်းတန်းတွေက မှန်ဘီလူးလို၊ ရေမျက်နှာပြင်လို ကွေးယိုင်သွားစေပါတယ်။ အဲဒါကြောင့်ပဲ နေကို သူ့ရဲ့ ပကတိ အခြေအနေအတိုင်း မမြင်တွေ့ရခင်မှာ ပုံရိပ် အဖြစ် အရင် တွေ့ မြင်ရခြင်း ဖြစ်ပါတယ်။ ညနေခင်း ဆည်းဆာချိန်မှာဆိုရင် လည်း မိုးကုပ်စက်ဝိုင်း အခြေက ငုပ်လျှိုးလုဆဲဆဲ နေမင်းဟာ ပုံရိပ်တံလျှပ် ထင်ဟပ်ခြင်းပါပဲ။ နေရောင်ခြည်ဟာ ကမ္ဘာမြေဆီ ရောက်ရှိဖို့ ၈ မိနစ်လောက် အချိန်ယူရပါတယ်။ အဲဒီတော့ နေဟာလည်း ကမ္ဘာကနေ အလင်း ၈ မိနစ်စာ ကွာဝေးပါတယ်။ အဲဒါကြောင့် ကမ္ဘာကနေ မြင်တွေ့ရတာဟာ လွန်ခဲ့တဲ့ ၈ မိနစ် တုန်းက နေမင်းကို ပါ။

နောက်ပြီး နေဆိုတာ အမှန်တကယ် နေထွက်လာတယ်၊ နေမြင့်လာတယ် ရယ်လို့ မရှိပါဘူး။ ကမ္ဘာမြေကြီးက လည်ပတ်နေပြီး ကျွန်တော်တို့ကလည်း ကမ္ဘာ မြေနဲ့အတူ လည်ပတ်နေတာပါ။ အဲဒီလို လှည့်ပတ်နေတယ်လို့ မခံစားရပေမယ့်

ကျွန်တော်တို့ အားလုံးဟာ အခုလက်ရှိအချိန်မှာကို ဂျက်လေယာဉ် ထက် ပိုပြီး မြန်တဲ့ အသွားနှုန်းနဲ့ ရွေ့လျားနေကြပါတယ်။ ကမ္ဘာပေါ်က ရှိရှိသမျှ လူသား တွေ၊ သတ္တဝါတွေနဲ့ အရာဝတ္ထု အားလုံးလည်း အဲဒီလိုပါပဲ။ နောက်ပြီး ကျွန်တော်တို့ မြင်တွေ့နေရတဲ့ မိုးကုပ်စက်ဝိုင်း ဆိုတာကလည်း အမှန်တကယ် မရှိပါဘူး။ ကမ္ဘာ ရဲ့အဆုံးစွန် ဆိုတာလည်းမရှိပါဘူး။ ကျွန်တော်တို့ မျက်လုံးကနေ တွေ့မြင်ရတဲ့ ထင်ယောင်မြင်မှားဖြစ်မှုပါပဲ။

ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေနဲ့ နေအဖွဲ့ အစည်းရဲ့အဝေးဆုံး ပတ်လမ်းမှာ တည်ရှိတဲ့ နက်ပ်ကျွန်းဂြိုဟ် တို့အကြား အကွာအဝေးဟာ ပတ်လမ်း အတွင်းတည်နေရာပေါ် မူတည်ပြီး အပြောင်းအလဲ ရှိပါတယ်။ ပျမ်းမျှအားဖြင့် တော့ အလင်းရဲ့ အလျင်နဲ့ ၄ နာရီကြာ သွားယူရတဲ့ ခရီးအကွာအဝေးပါ။ အဲဒီ တော့ ကမ္ဘာမြေကနေ မြင်တွေ့ ရတဲ့ နက်ပ်ကျွန်းဂြိုဟ်ဟာ လွန်ခဲ့တဲ့ ၄ နာရီတုန်း က နက်ပ်ကျွန်းဂြိုဟ် ဖြစ်ပါတယ်။ အခုကျွန်တော်တို့ ကမ္ဘာမြေ တည်ရှိရာ နေ အဖွဲ့အစည်းကနေ အပြင်ဘက်ကို သွားရောက်မယ်ဆိုရင်တော့ အလင်းရဲ့ အလျင် နဲ့ သွားယူရတဲ့ အကွာအဝေးကို နာရီ၊ မိနစ်တွေကနေ ခုနှစ်အထိ တိုးယူရပါလိမ့် မယ်။

အဲဒီ အလင်းနှစ်ဆိုတာဟာ စကြဝဠာကို တိုင်း တာတဲ့စံပေတံဖြစ်ပြီး အလင်းနှစ် ၁ နှစ်မှာ ကီလိုမီတာ ၁၀ ထရီလျံ (သို့) မိုင်ပေါင်း၆ ထရီလျံလောက်နဲ့ ညီမျှပါတယ်။ အလင်းနှစ်ဟာ မီတာတို့၊ မိုင်တို့လို အကွာ အဝေးကို တိုင်းတာတဲ့ ယူနစ်ပါပဲ။ အလင်းရဲ့ တနှစ်သွားရောက်တဲ့ အကွာ အဝေးပါ။



Hubble's Wide Field and Planetary Camera 2 (WFPC2) ဖြင့် ရိုက်ကူးခဲ့သော ပရော့ဆီမာ ဆန်တိုရီ ကြယ်တာရာ

ကျွန်တော်တို့ နေအဖွဲ့အစည်းနဲ့ အနီးကပ်ဆုံးမှာ တည်ရှိတဲ့ နောက်ထပ် ကြယ်တာရာကတော့ ပရော့ဆီမာ ဆန်တိုရီ[102] ဖြစ်ပြီး ကမ္ဘာကနေ အလင်းနှစ် ၄ နှစ်လောက် ကွာဝေးပါတယ်။ အလင်းနှစ် ၄ နှစ် ဆိုတာကရော ဘယ်လောက် ကွာဝေးတယ် ထင်ပါသလဲ။ နာဆာကနေ လွှတ်တင်လိုက်တဲ့ ဗွိုင်ယေဂျာ[103] အာကာသယာဉ်ဟာ တနာရီကိုကီလိုမီတာ ၅၆,၀၀၀ အမြန်နှုန်းနဲ့ သွားနေတာပါ။ အဲဒီ လောက် အံ့မခန်း အမြန်နှုန်းနဲ့ သွားရောက်ရင်တောင် အနီးဆုံး ကြယ်တာရာ ဖြစ်တဲ့ ပရော့ဆီမာ ဆန်တိုရီကိုရောက်ရှိဖို့ နှစ်ပေါင်း ၈၀,၀၀၀ လောက် သွားယူ ရမှာ ဖြစ်ပါတယ်။ ပလေဒီးစ် ကလက်စ်တာ[104] ကြယ်တာရာ အစုအဝေးဆိုရင် ကမ္ဘာမြေကနေ အလင်းနှစ် ၄၀၀ လောက်ကွာဝေးပါတယ်။ အဲဒီတော့ ဗွိုင်ယေဂျာ အမြန်နှုန်းနဲ့ဆို နှစ်ပေါင်း ၈ သန်းလောက် သွားယူရပါလိမ့်မယ်။

ပလေးဒီးစ် ကလက်စ်တာ

ပလေဒီးစ် ကလက်စ်တာ ကြယ်တာရာတွေဆီကနေ ထုတ်လွှတ်လိုက်တဲ့ အလင်းဟာ လွန်ခဲ့တဲ့ ၄ နှစ်တုန်းကပါ။ ဂယ်လီလီယိုဟာ သူ့ရဲ့ တယ်လီစကုပ်နဲ့ ကောင်းကင်ပြင်ကို ပထမဆုံးအကြိမ် ကြည့်ရှု လေ့လာနေခဲ့ပါတယ်။ နောက်ထပ် နှစ်အနည်းငယ် အကြာမှာတော့ သူက အလင်းရဲ့ အလျင်ကို တိုင်းတာကြည့်ဖို့ ကြိုးစားကြည့်ခဲ့ပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ စိတ်ကူးအတွေးကတော့ အတော့်ကို ကောင်းတာပါ။ ဒါပေမယ့် ဂယ်လီလီယိုတို့ခေတ်က နည်းပညာတွေကတော့ အလင်းရဲ့ အလျင်ကို တိုင်းတာနိုင်လောက်တဲ့အထိ မတိုးတက်သေးပါဘူး။ ကျွန်တော်တို့ ကမ္ဘာမြေကနေ ခရက်ဘ် နက်ဗျူလာ[105] ကို လှမ်းကြည့်တဲ့ အခါမှာလည်း အချိန်ကာလအားဖြင့် ဟိုးအတိတ်ကို ပြန်မြင်ရမှာ ဖြစ်ပါတယ်။ ခရက်ဘ် နက်ဗျူလာဆိုတာက ကျွန်တော်တို့ နေအဖွဲ့အစည်းက နေရဲ့ အရွယ်အစားထက် ၁၀ ဆလောက် ကြီးမားခဲ့တဲ့ တချိန်က ကြယ်တာရာတလုံးပါ။

နောက်တော့ စူပါနိုဗာအဖြစ် ပေါက်ကွဲပျက်စီးသွားခဲ့ပြီး ဗဟိုချက်ဟာ ပါလ်ဆာ[106] ခေါ်တဲ့ သိပ် သည်းဆလွန် နယူထရွန်ကြယ်အဖြစ် ပြောင်းလဲ တည်ရှိနေပါတယ်။ နယူထရွန်ကြယ်ဆိုတာက ဒြပ်ထုတွေ အတွင်းက အက်တမ်တွေအကြား နေရာ လွတ်တွေ မရှိတော့တဲ့ အနေအထားကို ဆိုလိုတာပါ။ အဲဒီလို ပေါက်ကွဲ ပျက်စီး သွားတဲ့ ကြယ်တာရာဟာ မြို့တမြို့စာ အရွယ်အစားလောက်ပဲ ရှိတော့ပေ

မယ့် ၁ စက္ကန့်ကို အကြိမ်ပေါင်း ၃၀ လောက် လည်ပတ်နေတတ်ပြီး ဆွဲငင်အား လည်း အင်မတန် မြင့်မားလှပါတယ်။ အဲဒီလို လှည့်ပတ်မှုကြောင့် အနီးဝန်းကျင်က အီလက်ထရွန်တွေကို သက်ရောက်မှုဖြစ်စေပြီး အလင်းရဲ့ အလျှင်နီးပါး မြန်ဆန် သွားစေပါတယ်။ များသောအားဖြင့် အပြာရောင်ဖြစ်ပြီး ဓာတ်ငွေ့တွေဟာ နွယ်ပင် တွေလို လိမ်ယှက် သွယ်တန်းနေလေ့ရှိပါတယ်။ အဲဒီ ခရက်ဘ် နက်ဗျူလာဟာ ကမ္ဘာမြေကနေဆိုရင် အလင်းနှစ်ပေါင်း ၆,၅၀၀ လောက် ကွာဝေးပါတယ်။ တချို့သောပညာရှင်တွေရဲ့ အဆိုအရတော့ ဒါဟာ စကြဝဠာကြီးရဲ့ သက်တမ်းဖြစ် တယ်လို့ပါပဲ။



အင်္ဂလိပ် နက္ခတ္တဗေဒပညာရှင် ဂျွန် ဘီးဗစ် [107]၁၇၃၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သော ခရက်ဘ် နက်ဗျူလာ

စကြဝဠာနဲ့ ကမ္ဘာမြေတို့ရဲ့ သက်တမ်းကို ဘာသာရေးကျမ်းဂန်တွေရဲ့ ခန့်မှန်းတွက်ချက်မှုတွေအရ နှစ်ပေါင်း ၆,၅၀၀ ဝန်းကျင်လို့ ဆိုကြပါတယ်။ ဒါပေမယ့် တကယ်လို့များ စကြဝဠာဟာ နှစ်ပေါင်း ၆,၅၀၀ လောက်ပဲ သက်တမ်း ရှိမယ်ဆိုရင် ခရက်ဘ်နက်ဗျူလာလို့ ကြယ်တာရာတွေဆီက အလင်းတန်းတွေကို ကျွန်တော်တို့ ဘာ့ကြောင့် မြင်တွေ့ နေရတာပါလိမ့်။ တကယ်လို့သာ စကြဝဠာကြီးရဲ့ သက်တမ်းက နှစ်ပေါင်း ၆,၅၀၀ လောက်ပဲဆိုရင် အဲဒီလို ဝေးကွာလှတဲ့ အရပ်ဒေသက ကြယ်တာရာတွေကနေ ထုတ်လွှတ်လိုက်တဲ့ အလင်းတွေကို

ကျွန်တော်တို့ မြင်တွေ့ နိုင်စရာ ဘာအကြောင်းမှ မရှိပါဘူး။ ကမ္ဘာမြေဆီကို အဲဒီ အလင်းတွေ ရောက်ရှိဖို့ အချိန်တွေ အများကြီး လိုအပ်မှာကိုး။ တကယ်တော့ အဲဒီ အကွာအဝေးကပဲ သေးငယ်လှတဲ့ နဂါးငွေ့တန်း ဂလက်ဆီကို ဖြတ်သန်းရောက်ရှိဖို့ လိုအပ်တဲ့ကြာချိန် ဖြစ်ပါတယ်။

တကယ်လို့များ စကြဝဠာဟာ နှစ်ပေါင်း ၆,၀၀၀ သို့မဟုတ် ၇,၀၀၀ လောက်ပဲ သက်တမ်း ရှိသေးတယ်လို့ ယူဆထားရင် ဂလက်ဆီတွေဆီ မရောက်ရှိခင်မှာပဲ အဲဒီ အလင်းက ပျောက်ကွယ်သွားရမှာပါ။ နောက်ပြီး သန်းပေါင်း သိန်းသန်းချီတဲ့ တခြားသော ဂလက်ဆီတွေဆီက အလင်းတွေကိုပါ ထည့်သွင်းတွက်ချက်ကြည့် မယ်ဆိုရင် ကျွန်တော်တို့ စကြဝဠာကြီးရဲ့ သက်တမ်းဟာ နှစ်သန်းပေါင်း ထောင် ဂဏန်းရှိပြီလို့ပဲ ကောက်ချက်ဆွဲရမှာ ဖြစ်ပါတယ်။

နဂါးငွေ့တန်း ဂလက်ဆီရဲ့ အလယ်ဗဟိုကနေ ကျွန်တော်တို့ ကမ္ဘာမြေ အကြား အကွာအဝေးဟာ အလင်းနှစ် ၃၀,၀၀၀ ဝန်းကျင် ရှိပါတယ်။ အဲဒီ နဂါးငွေ့တန်း ဂလက်ဆီရဲ့ အလယ်ဗဟိုကနေကျွန်တော်တို့ ကမ္ဘာမြေဆီကို အလင်းတွေထုတ်လွှတ်လိုက်တဲ့အချိန်ဟာ ကျွန်တော်တို့ရဲ့ ဘိုးဘေးမျိုးစိတ်တွေသေခြင်းတရားကို ကျော်လွှားနိုင်မယ့် နည်းလမ်းတွေ ရှာဖွေနေလောက်တဲ့ ကာလတွေတုန်းက ဖြစ်ပါလိမ့်မယ်။ အနုပညာလက်ရာတွေကို ဖန်တီးတယ်ဆိုတာ ဖန်တီးသူတွေ သေဆုံးသွားပြီး နှစ်ပေါင်းများစွာ ကြာညောင်းတဲ့ ကာလတွေထိစိတ်ခာတ်ခွန်အားတွေ ပေးစွမ်းနိုင်စေဖို့ ဖြစ်ပါလိမ့်မယ်။

အလယ်ဗဟိုမှ ထူးခြားသည့် အိပ်ဖ်ရေး ထုတ်လွှတ်မှုကြောင့် နေအဖွဲ့အစည်းမှ ကြယ်တာရာထက် အဆ ပေါင်း ဘီလျံနှင့်ချီ ပြင်းထန်သည့် ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးများ ရှိရမည်ဟု ခန့်မှန်းထားသော ဆွန်ဘ ရယ်ရို ဂလက်ဆီ

ဆွန်ဘရယ်ရိုဂလက်ဆီ[108] ကနေ ထုတ်လွှတ်လိုက်လို့ ကျွန်တော်တို့ မြင်တွေ့နေရတဲ့ အလင်းဟာ နှစ်ပေါင်း သန်း ၃၀ လောက် သက်တမ်းရှိခဲ့ပါပြီ။ အဲဒီအလင်း စတင် ထွက်ပေါ်လာခဲ့တုန်းက ဆိုရင် ကျွန်တော်တို့ လူသားတွေရဲ့ ဘိုးဘေးမျိုးစိတ်တွေဟာ သစ်ပင်တွေပေါ်မှာ နေထိုင်တုန်းပဲ ရှိပါလိမ့်မယ်။ ကိုယ်အလေးချိန် အားဖြင့်လည်း ၅ ကီလိုလောက်ပဲ ရှိပြီး အမြီးရှည်ရှည်တွေ ပိုင်ဆိုင်ထားကြမှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း သန်း ၃၀ ဆိုတာတောင် စကြဝဠာအချိုးအစားနဲ့ နှိုင်းယှဉ်ရင် အိမ်နောက်ဘေး ခြံကွက်လပ်လို သဘောမျိုးပဲ ရှိပါတယ်။ ကိုမာ ကလက်စ်တာ) ဂလက်ဆီကနေ ထုတ်လွှတ်လိုက်တဲ့ အလင်းကတော့ အလင်းနှစ်ပေါင်း သန်း ၃၂၀ အကွာအဝေးကနေ လာခဲ့တာပါ။ အဲဒီအလင်း စတင် ထုတ်လွှတ်လိုက်တဲ့ အချိန်တုန်းကဆိုရင် ကမ္ဘာမြေပေါ်မှာ ဘယ်လို အခြေအနေရှိတယ်လို့များ ထင်မိပါသလဲ။ ကျွန်တော်တို့မြင်တွေ့ဖူးသမျှ ကုန်းမြေတိုက်ကြီးတွေ၊ သမုဒ္ဒရာတွေ၊ မြစ်ချောင်းတွေရယ်လို့တခုမှ မရှိသေးတဲ့ အနေအထားလို့ ဆိုရမှာပါ။ ကျွန်တော်တို့ရဲ့ ဟိုးဝေးကွာလှတဲ့ ဘိုးဘေးမျိုးစိတ်တွေဟာ ရေထဲကနေ ကုန်းမြေဆီ တက်ရောက်ခါစ အခြေအနေမျိုးပဲ ရှိဦးမှာ ဖြစ်

ပါတယ်။ အတော်လေး ရှေးကျတဲ့ အလင်းလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ရှေးအကျ ဆုံးသော အလင်းတော့ မဟုတ်သေးပါဘူး။

ဟက်ဘယ်လ် တယ်လီစကုပ်မှ ရိုက်ကူးထားသော ကိုမာ ကလက်စ်တာ Credit:

NASA, ESA, and the Hubble Heritage Team (STSCI/AURA)

ရှေးအကျဆုံး ဆိုတဲ့ အလင်းကတော့ အတော်လေးကိုမှိန်ဖျော့နေခဲ့ပြီဖြစ်ပြီး ညဥ့်အချိန်မှာ မှုန်ဝါးဝါးပဲ တွေ့ မြင်ရတော့သလို နီညိုညို အရောင်အဆင်းနဲ့ နှစ်ပေါင်း ၁၃.၄ သန်း သက်တမ်းရှိပြီ ဖြစ်ပါတယ်။ အဲဒီ အလင်းကို ဟာဘယ် တယ်လီစကုပ်နဲ့ကြည့်ရှုပြီး မြင်တွေ့ ခဲ့ကြတာပါ။ စကြဝဠာဖြစ်ပေါ်ခြင်းရဲ့ ကနဦး အဆင့်ကြယ်တာရာတွေပေါက်ကွဲမှုကနေ ထွက်ပေါ်လာတဲ့ အလင်းဖြစ်ပါတယ်။ အဲဒီအချိန်တုန်းကဆို ကမ္ဘာမြေပေါ်မှာ ဘာတွေ ဖြစ်ပွားနေတယ် ထင်ပါသလဲ။

ဘာဆို ဘာမှ မရှိသေးတာပါ။ ကမ္ဘာမြေရယ်လို့ မဖြစ်သေးသလို နေတွေ၊ နဂါးငွေ့တန်း ဂလက်ဆီလို ကြယ်တာရာစုကြီးတွေလည်း မဖြစ်တည်သေးပါဘူး။ အဲဒီ နဂါးငွေ့တန်းတွေ၊ နေတွေ၊ ကမ္ဘာမြေတွေ ဖြစ်တည်ဖို့ နောက်ထပ်နှစ်သန်း

ပေါင်းထောင်နဲ့ချီပြီး အချိန်ယူခဲ့ရပါတယ်။ အဲဒီထက် ပိုပြီး ဝေးကွာတဲ့ အရပ် တွေက လာရောက်တဲ့ အလင်းတွေဆိုရင် အာကာသစကြဝဠာရဲ့ အဆုံးအစွန်ဘက်က ထုတ်လွှတ်လိုက်တယ် လို့တောင် ဆိုနိုင်ပါတယ်။ ဒါပေမယ့် တကယ် တော့ အဲဒါကပဲ အချိန်ရဲ့ အစ ဖြစ်လို့နေပါတော့တယ်။

ကမ္ဘာမြေဟာ ကျွန်တော်တို့ကို ဆွဲငင်ထားပါတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာ့ဆွဲငင်အားကို အချိန်ပြည့် ရုန်းကန်နေခဲ့ရပါတယ်။ လေးဘက်တွားစ ကလေးငယ်ဟာဆိုရင် ကမ္ဘာမြေရဲ့ ဆွဲငင်အား ရေတွင်းငယ် ထဲကနေ ရုန်းထွက်နိုင်ဖို့ အလူးအလဲ ကြိုးပမ်းနေခဲ့ရပါလိမ့်မယ်။ မတ်တပ်ရပ်ဖို့ ပထမဦးဆုံးအကြိမ်အားထုတ်မှုကနေ နောက်ဆုံးထွက်သက် လဲကျသွားချိန်အထိ ကမ္ဘာမြေရဲ့ ဆွဲငင်အားနဲ့ အချိန်ပြည့် ရုန်းကန် နေခဲ့ကြရပါတယ်။ ကျွန်တော်တို့ အားလုံးဟာ အားသက်ရောက်မှု နယ်ပယ်ထဲမှာပဲ မွေးဖွားလာခဲ့ကြတယ်၊ ရှင်သန်ကြတယ်၊ ပြီးတော့ သေဆုံးသွားကြပါတယ်။ အဲဒီလို အနေအထားဟာ စကြဝဠာကမ္ဘာ လောကရယ်လို့ ဖြစ်တည်စတည်းက ဒီကနေ့အထိဖြစ်ပြီး အင်မတန်လည်း ကြာရှည်လွန်းခဲ့ပါပြီ။ ဘယ်လောက်တောင် ကြာရှည်ခဲ့ပြီလို့ ထင်ပါသလဲ။ အရင် အခန်းတွေမှာ ပြောခဲ့သလိုပဲ နှစ်ပေါင်း၁၃.၈ ဘီလျံဆိုတဲ့စကြဝဠာ သက်တမ်းကို ပြက္ခဒိန်ထဲမှာ ထည့်ကြည့်တဲ့အကြောင်း တွေးမိရင် သိသာလာပါလိမ့်မယ်။

ဒီဇင်ဘာ ၃၁ ရက်နေ့ရဲ့ သန်းခေါင်ယံအချိန်ဟာ လက်ရှိကာလပါပဲ။ ဇန်နဝါရီ ၁ ရက်နေ့ကတော့ အချိန်ရယ်လို့ စတင်ပေါ်ပေါက်ခဲ့တဲ့ ကာလပါ။ မဟာပေါက်ကွဲမှုကြီးကနေ ထွက်ပေါ်လာခဲ့တဲ့ ရေဒီယိုလှိုင်း တွေဟာဆိုရင် ဒီကနေ့ အချိန်ထိတောင် မြင်တွေ့ နေရဆဲ ဖြစ်ပါတယ်။ ဒီကနေ့ စကြဝဠာရယ် ဆိုပြီး ဖြစ်တည်ဖို့အတွက် အကြောင်းရင်းဖြစ်တဲ့ မဟာပေါက်ကွဲမှုကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၃.၈ ဘီလျံဝန်းကျင် လောက်မှာ ဖြစ်ပွားခဲ့ပါတယ်။ ဒါဟာအချိန်နဲ့ အာကာသ စကြဝဠာတို့စတင် ဖြစ်တည်ခဲ့ရာ ကနဦး အခြေအနေ လည်း ဖြစ်ပါတယ်။

ဒါဆိုရင် မဟာပေါက်ကွဲမှုကြီး မဖြစ်ပွားမီတုန်းကရော ဘာတွေ ရှိခဲ့ပါသလဲ။ ဘယ်သူမှ မသိကြပါဘူး။ အဲဒီ မဟာပေါက်ကွဲမှုကြီး မတိုင်မီ ဘာတွေရှိခဲ့တယ် ဆို

တာနဲ့ ပတ်သက်တဲ့သက်သေ၊ အထောက်အထားတွေ ဘာမှမကျန်ရစ်ခဲ့ပါဘူး။ စကြဝဠာ ဘယ်လို ဖြစ်တည်လာခဲ့တယ် ဆိုတာနဲ့ ပတ်သက်ပြီး အတော်လေးကို ထူးထူးဆန်းဆန်း အတွေးအမြင်တွေလည်းရှိပါတယ်။ အဲဒီအကြောင်း နောက် မှပဲ ပြောကြတာပေါ့။

အခု စကြဝဠာထဲမှာ ကျွန်တော်တို့ ဘယ်နားရောက်နေကြတာပါလိမ့်။ အလယ်ဗဟိုလို့ ဆိုရမှာပါပဲ။ ကိုယ့်ကိုယ်ကို စိတ်ကြီးဝင်ချင်တယ်ဆိုရင် အဲဒီလို လည်း တွေးနိုင်ပါတယ်။ ဘယ်ကြယ်တာရာ အစုအဝေးမှာပဲ နေထိုင်သည်ဖြစ်စေ စကြဝဠာကို ဦးတည်ရာအနှံ့ ဖြန့်ကျက်ကြည့်ရှုတဲ့အခါ ဘယ်ကိုပဲကြည့်ကြည့် မျက်စိတဆုံး မြင်တွေ့ရတာမျိုးကိုး။ အဲဒီလိုတွေးမယ်ဆိုလည်း တွေးနိုင်တာပေါ့။ ဒါပေမယ့် တကယ်တော့ ဒါဟာ ထင်ယောင်မြင်မှား ဖြစ်မှုပါပဲ။ အလယ်ဗဟိုလို့ တကယ်တမ်း ဘယ်လိုမှ မရှိနိုင်ပါဘူး။ စကြဝဠာနဲ့ ပတ်သက်လို့ မိုးကုပ်စက်ဝိုင်း ဆိုတာကလည်း ပင်လယ်ပြင်မှာ မြင်တွေ့ရတဲ့ မိုးကုပ်စက်ဝိုင်းထက် ပိုပြီး ပကတိ ဆန်တယ်လို့ ဆိုနိုင်တာမှ မဟုတ်တာ။ စကြဝဠာရဲ့ အစမှာ အလင်းရဲ့ အလျင်နဲ့ သွားလာမှုကို တွက်ချက်တာကနေ ရရှိလာခဲ့တဲ့ အတွေးအမြင်တွေပဲ ဖြစ်ပါတယ်။ မဟာပေါက်ကွဲမှုကြီး ဖြစ်ပွားပြီး နှစ်သန်းပေါင်း ရာဂဏန်း ကုန်လွန်သွားပြီးတဲ့ နောက်မှာ ဟိုက်ဒရိုဂျင်နဲ့ ဟီလီယန်ဓာတ်ငွေ့ တိမ်စိုင်ကြီးတွေ ဟာ ပြန်လည် အေးခဲလာပြီး ပထမဦးဆုံးသော ကြယ်တာရာတွေ၊ ဂလက်ဆီခေါ် ကြယ်တာရာ အစုအဝေးကြီး တွေကို ပေါ်ပေါက်လာစေပါတယ်။ အဲဒီလို အသစ် ပေါ်ထွက်လာ တဲ့ အလင်းအမျိုးအစားတွေ ကြောင့်ပဲ အဆုံးမရှိ ကျယ်ပြောလှတဲ့ စကြဝဠာရဲ့ မှောင်မိုက်ခြင်းတွေ အဆုံးသတ်သွားခဲ့ရပါတယ်။ အာကာသစကြဝဠာ ကတော့ အဆုံးမရှိ ဆက်လက် ပြန့်ကားနေဆဲ ဖြစ်ဆဲပါ။ ပထမဦးဆုံး ပေါ်ထွက်လာခဲ့တဲ့ ကြယ်တာရာတွေ လောင်စာကုန်၊ ပေါက်ကွဲ ပျက်စီးသွားတဲ့နောက် အာကာသ စကြဝဠာထဲကို ပိုမိုလေးလံ တဲ့ဒြပ်စင်တွေ ထပ်မံထုတ်လွှတ်ပေးလိုက် ပါတယ်။ အဲဒီကနေပဲ ဂြိုဟ်တွေရယ်လို့ ပေါ်ထွက်လာစေခဲ့ပါတယ်။ အဲဒီ နောက်မှာတော့ သက်ရှိတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒြပ်ထုတွေနဲ့ စွမ်းအင်တွေဟာ မဟာပေါက်ကွဲမှုကြီး အတွင်းမှာ ဖြစ်တည်ခဲ့ ကြတာပါ။ အချိန်နဲ့ အာကာသ တို့ဟာလည်း အလားတူပါပဲ။ ဒြပ်ထုတွေကို

ဆွဲငင်အား အပါအဝင် သက်ရောက်အားတွေနဲ့ ပေါင်းစည်း ပေးလိုက်တာ ဖြစ်ပါတယ်။ အိုင်းဇက် နယူတန်ဟာ ကမ္ဘာမြေ ဆွဲငင်အားအကြောင်း ဖွင့်ဆို ရှင်းပြထားတဲ့ သင်္ချာဗေဒဆိုင်ရာ နိယာမကို ရှာဖွေတွေ့ ရှိခဲ့သူပါ။ အဲဒီနိယာမနဲ့ပဲ ဂြိုဟ်တွေရဲ့ လည်ပတ်ပုံ အကြောင်းကို ရှင်းပြ နိုင်ခဲ့ပါတယ်။ နောက်ထပ် နှစ်ပေါင်း ၁၀၀ ကျော်လောက်မှာတော့ အဲဒီ ဆွဲငင်အားဟာ ဂြိုဟ်တွေ လည်ပတ်မှုထက် ပိုမိုတယ်ဆိုတဲ့ အကြောင်းကို ဝီလျံ ဟာရှယ်က ထပ်မံ တွေ့ ရှိခဲ့ပြန်ပါတယ်။

ကမ္ဘာမြေ အပါအဝင် နေအဖွဲ့အစည်းထဲက ဂြိုဟ်တွေရဲ့ ပတ်လမ်းတွေကို ထိန်းချုပ်ပေးနေတဲ့ ဆွဲငင်အားဟာ ဟိုးအဝေးကြီးမှာ တည်ရှိကြတဲ့ ကြယ်တာရာတွေနဲ့ ပတ်သက်ပြီးတော့လည်း အလားတူ သက်ရောက်မှု ဖြစ်စေတာပါပဲ။ ဝီလျံ ဟာရှယ်နဲ့ သားဖြစ်သူဂျွန်တို့ရဲ့ ကြယ်တာရာတွေအကြောင်း ပြောဆိုမှုဟာ အခုလိုမျိုး နေပါလိမ့်မယ်။

“လူလေးဂျွန်ရေ၊ နယူတန်ပြောသွားတဲ့ ကမ္ဘာမြေကြီး ဆွဲငင်အားအကြောင်းတွေကို မှတ်မိလားကွဲ့။ တကယ်တော့ ဂြိုဟ်တွေတင်မက ကြယ်တာရာတွေကလည်း အဲဒီလို ဆွဲငင်အားရဲ့ ထိန်းချုပ်မှုကို ခံရတယ်ဆိုတာ အဖေ သိထားတယ်။ ဘယ်သူ့ကိုမှတော့ မပြောရသေးဘူး၊ လူလေးလည်း ဘယ်သူ့မှ ပြန်မပြောနဲ့ဦးနော်”

“ဟင် ဟုတ်လား။ အဖေ ဘယ်လိုလုပ်သိတာလဲ”

“လူလေးမမွေးခင် ဟိုးအရင်တည်းက တယ်လီစကုပ်နဲ့ကြည့်နေခဲ့တာကွဲ့။

လူလေးကိုပြမယ်။ လီယိုနက္ခတ်[109] ရဲ့ ဦးခေါင်းပိုင်းနဲ့ ကိုယ်ခန္ဓာကို ဆက်ပေးထားတဲ့ကြယ်ကို ရှာကြည့်စမ်း။ တကယ်တော့ အဲဒါကြယ်တလုံးတည်း မဟုတ်ဘူးကွဲ့။ နှစ်လုံးတွဲဖြစ်နေတာ။ အဲဒီကြယ်နှစ်လုံးက အကွာအဝေး အတော်ကြီး နီးနေပြီး အချင်းချင်း လှည့်ပတ်နေလို့ ကနေတယ်တောင် ထင်ရတယ်။ ဂြိုဟ်တွေလို လှည့်ပတ်နေတာတော့ မဟုတ်ဘူးပေါ့။ အင်မတန် နှေးတဲ့ အမြန်နှုန်းနဲ့ အချင်း ချင်း လှည့်ပတ်နေကြတာမျိုး။ ဒီကနေ့ညမြင်ခဲ့တဲ့ ကြယ်တွေထဲကဆိုရင် တချို့တွေက မမြင်ရတဲ့ အဖော်နဲ့ တွဲကနေသလိုတောင် ရှိလိမ့်မယ်။ ဆွဲငင်အားဆို

တာ စကြဝဠာအနှံ့ ထိန်းချုပ်ထားတဲ့ အာဏာစက် သက်ရောက်ခြင်းပဲ လူလေးရဲ့ “

လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ဝန်းကျင်လောက်တုန်းက အဲဒီဆွဲငင်အားနဲ့ ပတ်သက်ပြီး အိုင်းဇက် နယူတန် လည်း အပြင်းအထန် ခေါင်းခြောက်ခဲ့ရတာပါပဲ။ ကျယ်ပြောလှတဲ့ အာကာသဟင်းလင်းပြင်ကြီး ကြားခံပြီး ဘယ်လိုလုပ် ဆွဲငင်အား က သက်ရောက်နေတာပါလိမ့်လို့ပေါ့။ ဝေးကွာလှတဲ့ ဒြပ်ထုတွေအကြား အပြန်အလှန် သက်ရောက်မှု ရှိနေခြင်းရဲ့ အကြောင်းရင်းကို ရှာဖွေတွေ့ရှိခဲ့ချိန်မှာ သူကိုယ်တိုင်တောင် အံ့အားသင့် သွားခဲ့ ရပါတယ်။ အလားတူ ခမ်းနားဆန်းကြယ် လှတဲ့ နောက်ထပ်ရှာဖွေမှုတရပ်ကို နယူတန်လို ပါရမီရှင်တဦးက ထပ်မံဖော်ထုတ် လိုက်ပါတယ်။

၁၉ ရာစုအတွင်းမှာ မိုက်ကယ် ဖာရာဒေး[110] ဟာ ကျွန်တော်တို့ကို လွှမ်းခြုံ ထားပြီး မမြင်နိုင်တဲ့ သက်ရောက်အားတမျိုးအကြောင်း ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အဲဒီ သက်ရောက်အားကပဲ ကမ္ဘာမြေဆွဲငင်အားလို အခြင်းအရာတွေ ဘာ့ကြောင့် ဖြစ်ပွားရတယ်ဆိုတာ ဖွင့်ဆိုရှင်းပြပေးခဲ့ပါတယ်။ ကမ္ဘာမြေပြင်နဲ့ ပန်းသီးတို့က အမှန်တကယ်ထိတွေ့ ခဲ့ကြတာ မဟုတ်ပါဘူး။ သူတို့ရဲ့အကြား လျှပ်စစ်သံလိုက် စက်ကွင်းချင်း ထိတွေ့ ခဲ့ကြတာဖြစ်ပါတယ်။ ကမ္ဘာမြေဆွဲငင်အားရဲ့ မျဉ်းတွေဟာ အာကာသထဲဆီ ပြန့်ကားထွက်သွားတာကို ကြည့်ရင် ဒါကို နားလည်ပါလိမ့်မယ်။

ကမ္ဘာမြေ၊ဂြိုဟ်ရံလ၊ နေနဲ့ဒြပ်ထု အားလုံးတို့မှာ အဲဒီလို ဂုဏ်သတ္တိတွေ ပါဝင်လို့ နေပါတယ်။ အဲဒါကပဲ နယူတန်ကို သွားစေမယ့် ဖြေရှင်းချက်ပါပဲ။ အကြံအိုက်စေခဲ့တဲ့ပြဿနာအပေါ် ပြေလည် ၁၈၆၅ ခုနှစ်မှာ ဂျိမ်းစ် ကလာ့ခ်မက်စ်ဝဲလ်[111] ဟာ ဖာရာဒေးရဲ့ စိတ်ကူးအမြင် ကို အခြေခံပြီး လျှပ်စစ်သံလိုက်စက်ကွင်း တွေကို သင်္ချာဗေဒ နိယာမတွေအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပေးခဲ့ပါတယ်။ အဲဒီ လျှပ်စစ်သံလိုက်စက်ကွင်းတွေဟာ အာကာသထဲမှာ လှိုင်းအဖြစ်နဲ့ ရွေ့လျားကြ တယ်ဆိုတာကိုလည်း သူက တွေ့ရှိခဲ့ပါတယ်။ အလျင်နှုန်း ဘယ်လောက်နဲ့ ရွေ့လျားတာလဲလို့ တွက်ချက်ကြည့်ရာမှာ အလင်းရဲ့အလျင်နဲ့ တူညီနေတာကို တွေ့ရပြန် ပါတယ်။ ဒါဟာ စကြဝဠာအတွက်ရွှေချည် ထိုးပန်းချီကားတချပ်လို

အရောင်အသွေး စုံလင်လှတဲ့ ပညာရပ်နယ်ပယ်တွေဆီ လမ်းဖွင့်ပေးခဲ့ခြင်းလို့လည်း ဆိုနိုင်ပါတယ်။ ဒါပေမယ့်အချိန်၊ အလင်း၊ အာကာသ၊ ဆွဲငင်အားတို့ အားလုံး ပေါင်းစည်းရက်လုပ် ထားတဲ့ပညာရပ်ဖြစ်ကြောင်းကိုတော့ မရိပ်ခဲ့သေးဘူးပေါ့။

အဲလ်ဘတ် အိုင်းစတိုင်း[112] တယောက် ကမ္ဘာမြေဆွဲငင်အားအကြောင်း ဘာလင်မှာ လေ့လာခဲ့တုန်းက အဲဒီအကြောင်းအရာတွေကို ရှာဖွေတွေ့ ရှိခဲ့သူ ၃ ဦးရဲ့ ရုပ်ပုံတွေ သူ့ရုံးခန်းထဲမှာ ချိတ်ဆွဲထားခဲ့ပါတယ်။ သူတို့ရဲ့ ပခုံးတွေပေါ်မှာ သူ့အနေနဲ့ ရပ်ခွင့်ရနေခဲ့တာဖြစ်ကြောင်း အိုင်းစတိုင်းက နားလည်ထားပြီး ဖြစ် ပါတယ်။ သူ လေးစားရသူတွေ နည်းတူ ခမ်းနားတဲ့ စိတ်ကူးအတွေးအမြင်တရပ် လည်း အိုင်းစတိုင်းဆီကနေ ထွက်ပေါ်ခဲ့ပါတယ်။ အီတလီနိုင်ငံကို ရောက်ရှိနေခိုက် တခုသော နွေနေ့တရက်မှာ ဆိုပါတော့။

၁၈၉၅ ခုနှစ်ရဲ့ နွေနေ့တရက်မှာ အိုင်းစတိုင်းရဲ့ ဖခင်ဖြစ်သူဟာ မိသားစုနဲ့ အတူ အီတလီနိုင်ငံကို ပြောင်းရွှေ့လာခဲ့ပါတယ်။ ဂျာမနီမှာရှိတဲ့ သူတို့ရဲ့ စီးပွားရေး လုပ်ငန်းက အရှုံးပေါ်သွားခဲ့တာကြောင့်ပါ။ အီတလီနိုင်ငံမြောက်ပိုင်းက တောင်ပေါ်ဒေသမှာ အိုင်းစတိုင်းတယောက် ခြေဆန့်ရင်း ဟိုဒီတွေးတော၊ စိတ်ကူးနေရတာကိုအင်မတန် နှစ်ခြိုက်နေခဲ့ဟန်တူပါတယ်။ တနေ့သားမှာတော့ အလင်းရဲ့ အကြောင်းကို စတင်တွေးတောမိခဲ့ပါတယ်။ ဘယ်လောက် အမြန်နှုန်းနဲ့ ရွေ့လျားနိုင်တာပါလိမ့်ပေါ့။ ကျွန်တော်တို့ စက်ဘီးစီးတဲ့အခါမှာ တနာရီကို ၁၀ ကီလိုမီတာ နှုန်းနဲ့ သွားတယ် ဆိုကြပါစို့။ ဒါပေမယ့် ခုနပြောခဲ့သလိုပဲ ကမ္ဘာမြေကြီးဟာ တနာရီကို ကီလိုမီတာ ၁,၆၀၀ နှုန်းနဲ့ လည်ပတ်နေတာလေ။ နောက်ပြီး နေကို လှည့်ပတ်နေတဲ့ အမြန်နှုန်းက တနာရီကို ကီလိုမီတာ ၁၀၀,၀၀၀ ကျော်တယ်။ အဲဒီ နေအဖွဲ့အစည်းက နဂါးငွေ့တန်းဂလက်ဆီကို တနာရီ မိုင် ၅ သိန်းနှုန်းနဲ့ လှည့်ပတ်နေတာ။ အဲဒီ နဂါးငွေ့တန်း ဂလက်ဆီက စကြဝဠာကြီးထဲမှာ တနာရီကို မိုင်ပေါင်း ၁ သန်းခွဲနှုန်းနဲ့ လှည့်ပတ်နေတာ။ အဲဒီတော့ စကြဝဠာကြီးထဲမှာ တနေရာတည်း အတည်တကျ ငြိမ်သက်နေတဲ့ အရာရယ်လို့ ရှိကို မရှိဘူး။ သဘာဝနိယာမကိုက အဆက်မပြတ်ရွေ့လျားခြင်း သဘောဆောင်နေတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီလို နှိုင်းရသဘော ရွေ့လျားမှုတွေကို တိုင်းတာဖို့အတွက်

အန္တိမ စံနှုန်းတွေ သတ်မှတ်ဖို့တော့ အိုင်းစတိုင်းအတွက် အတော်လေး ခက်ခဲ ခဲ့ပါ လိမ့်မယ်။

အိုင်းစတိုင်း ငယ်စဉ်အခါက အင်မတန် နှစ်ခြိုက်သဘောကျတဲ့ စာအုပ်လေး တအုပ် ရှိပါတယ်။ အဲဒါကြောင့်ပဲ ထင်ပါရဲ့၊ ကလေးငယ်တယောက်ကို စာအုပ် တ အုပ်ပေးလိုက်တဲ့အခါ ကမ္ဘာလောကကြီး ပြောင်းလဲသွားတယ်လို့ ဆိုရိုးစကား ရှိခဲ့ ဟန်တူပါတယ်။ အဲဒီစာအုပ်ရဲ့ ပထမဦးဆုံး စာမျက်နှာမှာပဲ အာကာသထဲကို သွားရောက်တဲ့ အလင်းနဲ့ လျှပ်စစ်လှိုင်းတွေအကြောင်း ဖော်ပြထားပါတယ်။ အဲဒီ စာအုပ်ထဲက လေ့လာမိသမျှတွေကို အိုင်းစတိုင်းက ခေါင်းထဲစွဲနေအောင် မှတ်မိ ထားပုံရပါတယ်။ အဲဒီနေရာမှာတင် သူစဉ်းစားမိခဲ့တာက အလင်းရဲ့ အလျင်နှုန်းနဲ့ များ စကြဝဠာထဲမှာ ရွေ့လျားမယ်ဆိုရင် ဘယ်လိုများ ရှိမှာပါလိမ့် လို့ ပါ။ အဲဒီ အကြောင်းကို စဉ်းစားကြည့်လေလေ၊ အိုင်းစတိုင်းတယောက် ခေါင်း ခြောက်လေ လေပါပဲ။

အလင်းရဲ့ အလျင်နှုန်းနဲ့ သွားကြည့်ဖို့ စိတ်ကူးကြည့်မိတဲ့အခါတိုင်း ဝိရောဓိ တွေ နေရာအနှံ့က ပေါ်ထွက်လာလေ့ရှိပါတယ်။ အဲဒီလို တွေးတောကြည့်မိပြီး ပညာရပ်အကြောင်း ကျွမ်းကျင်သူတွေ လက်ခံထားတဲ့ အရာတွေတောင် လုံးဝ မှားယွင်းနေကြောင်း နားလည်သွားတဲ့ အခါမှာတော့ သူကိုယ်တိုင် အံ့သြတုန်လှုပ် သွားခဲ့မိတယ်လို့ ဆိုခဲ့ဖူးပါတယ်။

မြင့်မားတဲ့ အမြန်နှုန်းတဲ့ရွေ့လျားတဲ့အခါမှာဆို တချို့သော နိယာမတွေကို မဖြစ်မနေ လိုက်နာရပါတယ်။ အဲဒါကို အိုင်းစတိုင်းက နှိုင်းရနိယာမ[113] လို့ ခေါ်ဆို ခဲ့ပါတယ်။ လမ်းမပေါ်မှာ မြင်တွေ့ ရလေ့ရှိတဲ့ မော်တော်ဆိုင်ကယ် စီးနင်းသူကို စကြဝဠာထဲမှာ အလင်းရဲ့ အလျင်နဲ့ ရွေ့လျားနေတယ်လို့ စိတ်ကူး ကြည့်ပါ။ အဲဒီ လို ဘယ်လို အရာဝတ္ထုမဆို သူကနေ ထုတ်လွှတ်လိုက်တဲ့ အလင်းက အဲဒီအရာ ဝတ္ထု ရွေ့လျားနေသည်ဖြစ်စေ၊ ငြိမ်သက်နေသည်ဖြစ်စေ အလင်းရဲ့ အလျင်နှုန်းနဲ့ ပဲ ရွေ့လျားသွားမှာ ဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ် မောင်းနှင်တဲ့ အမြန်နှုန်းက လည်း အလင်းရဲ့ အလျင်ကို ထပ်လောင်း မြန်ဆန်စေမှာ မဟုတ်ပါ ဘူး။ မော်တော်ဆိုင်ကယ်က ထွက်လာတဲ့ အလင်းကလည်း အလင်းရဲ့ အလျင် နှုန်းနဲ့ပဲ

ဆက်လက် သွားနေပါလိမ့်မယ်။ သဘာဝတရားအနေနဲ့သာ ပညတ်ချက်တွေ ချမှတ်နိုင်စွမ်းရှိမယ်ဆိုရင် 'အလင်း၏ အလျင်နှင့် ရွေ့လျားခြင်း မပြုရာ' လို့ ပညတ်ထားပါလိမ့်မယ်။ နောက်ပြီး ဘယ်လို အရာဝတ္ထုကမှလည်း အလင်းရဲ့ အလျင်ထက် မြန်ဆန်အောင်၊ ဒါမှမဟုတ် တန်းတူအောင် ရွေ့လျားနိုင်ခြင်း မရှိပါဘူး။ အလင်းရဲ့ အလျင်နှုန်းထားနဲ့ ရွေ့လျားခြင်း မရှိစေဖို့ကန့်သတ်ထားတဲ့ ရူပဗေဒ နိယာမရယ်လို့တော့ မရှိဘူးပေါ့။ အလင်းအလျင်ရဲ့ ၉၉.၉၉ ရာခိုင်နှုန်း အထိ ရွေ့လျားရင်ကို ဘာမှမဖြစ်တာမျိုး ရှိနိုင်ပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲ အားထုတ်ကြည့်ပါစေ၊ နောက်ဆုံးပိတ် ဒသမတနေရာကိုတော့ ရှေ့ဆက်တိုးလို့ မရနိုင်ပါဘူး။ စကြဝဠာရဲ့ ပကတိ အရှိတရားအရကို အမြန်နှုန်းတွေ ကန့်သတ်ခံထားရတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

လမ်းမတွေပေါ်မှာ ဖြတ်သန်းသွားတဲ့အခါ မြင်းလှည်းသမားရဲ့ လက်ထဲက ကြာပွတ်သံကို ကြားဖူး ကြပါလိမ့်မယ်။ လှုပ်ရှားလိုက်တဲ့ လက်ကို အရင်မြင်ရပြီး အသံကိုတော့ ခဏနေမှ ကြားရတာမျိုးပါ။ လျှပ်စီးလက်ပြီး မိုးခြိမ်းတဲ့အခါမျိုးမှာလည်း အလားတူပါပဲ။ ဝင်းကနဲ လျှပ်စီးလက်တာကို အရင်မြင်ရပြီးမှ မိုးခြိမ်းသံကို ကြားရတာ ဖြစ်ပါတယ်။ အသံထက်မြန်တဲ့ ဂျက်လေယာဉ်တွေမှာလည်း ထိုနည်းလည်းကောင်း ပါပဲ။ ဂျက်လေယာဉ် မီးခိုးတန်းကို မြင်ရပြီး ခဏနေမှ စက်သံကို ကြားရတာ ဖြစ်ပါတယ်။ ဒါဆို အလင်းရဲ့ အလျင်က အသံရဲ့ အလျင်ထက် ဘာလို့ များ ပိုပြီး မြန်ဆန်ရတာပါလိမ့်။ အဖြေကတော့ အလင်းဟာ အသံထက် အဆပေါင်းသန်းနဲ့ချီပြီး မြန်ဆန်တာကြောင့်ဆိုတာထက် အများကြီး ပိုပါလိမ့်မယ်။ အသံထက် မြန်တဲ့ ဂျက်လေယာဉ်တွေကို တည်ဆောက်ရာမှာ အင်ဂျင်နီယာ တည်ဆောက်မှုပိုင်းမှာ နည်းပညာ အခက်အခဲတွေ အများကြီးကို ကျော်ဖြတ်ခဲ့ရပါတယ်။ အလင်းဟာ သဘာဝနိယာမရဲ့ ပင်ကိုယ် အတားအဆီး ဖြစ်နေတယ်လို့ တောင်ဆိုရမှာပါပဲ။ ကမ္ဘာမြေဆွဲငင်အားလိုလည်း အင်မတန် အခြေခံကျလို့နေပါတယ်။ အဲဒီ အခြေခံ သဘာဝနိယာမကို အိုင်းစတိုင်းက ရှာဖွေ တွေ့ရှိခဲ့တာပါ။ စကြဝဠာထဲမှာ ရွေ့လျားနေတဲ့ အရာတိုင်း ရဲ့ နှိုင်းရရွေ့လျားမှုသဘောတွေ အကြောင်း ဆိုပါတော့။

အလင်းရဲ့ အလျင်ဟာ ကိန်းသေတသမတ်တည်း ဖြစ်ပါတယ်။ ဘယ်အရာကမှလည်း သူနဲ့ တန်းတူ မြန်ဆန်ခြင်း မရှိပါဘူး။ အဲဒီ သဘာဝနိယာမဟာ ဖောက်ဖျက်မရနိုင်ဘူးလို့ စဉ်းစားကြည့်လိုက်ပါ။ အဲဒီလို မဖောက်မပြန် မှန်ကန်ခြင်း နိယာမကို ရှာဖွေတွေ့ ရှိဖို့က ရူပဗေဒ ပညာရှင်တွေရဲ့ အလုပ် ဆိုပါစို့။ အဲဒီ နိယာမတွေဟာ ယဉ်ကျေးမှု မတူညီသည်ဖြစ်စေ၊ ခေတ်ကာလ ကွဲပြားသည် ဖြစ်စေမလွဲမသွေ မှန်ကန်နေဦးမှာပဲ ဖြစ်ပါတယ်။ စကြဝဠာရဲ့ နေရာအနှံ့မှာလည်း အလားတူပဲ ရှိပါလိမ့်မယ်။ အဲဒါကြောင့်ပဲ အလင်းရဲ့ အလျင်နှုန်းနဲ့ ရွေ့လျားတဲ့ အခါ ဖြစ်ပေါ်လာတဲ့ထူးခြားဆန်းကြယ်မှုတွေ အကြောင်း အိုင်းစတိုင်းက ဖွင့်ဆို ရှင်းပြခဲ့တာပါ။

အလင်းရဲ့ အလျင်နီးပါးနှုန်းနဲ့ ရွေ့လျားတဲ့အခါတိုင်းမှာ ကျွန်တော်တို့ရဲ့ အသက်ကို ဂမ္ဘီရဇီဝဆေးနဲ့ ထိတွေ့ ပေးသလို ရှိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ဇီဝနာရီဟာ ကျန်ရစ်ခဲ့သူတွေနဲ့ နှိုင်းစာရင် အမြန်နှုန်း ကျဆင်းသွားမှာ ဖြစ်လို့ပါပဲ။ အဲဒီ အချက်ကြောင့်ပဲ ရာစုနှစ် တခုဝန်းကျင်ပဲ နေထိုင်နိုင်တဲ့ လူသားတွေအဖို့ ကြယ်တာရာတွေဆီ ခရီးဆန့်ခွင့်ရအောင် လမ်းဖွင့်ပေးနေသလို ရှိပါတယ်။

၁၉ ရာစုရဲ့ နက္ခတ္တဗေဒ ပညာရှင် ဝီလျံဟာရှယ်ဟာ စကြဝဠာဆိုင်ရာ အသိပညာတွေ အကြောင်း သားဖြစ်သူ ဂျွန်ဟာရှယ်ကို ရှင်းပြလေ့ရှိပါတယ်။ သူတို့ရဲ့ စကားပြောခန်းတွေကို အရင်လိုပဲ စိတ်ကူး ဖန်တီးကြည့်ရအောင်။

"လိဒ်စ်မြို့က သင်းအုပ်ဆရာ နက္ခတ္တဗေဒ ပညာရှင်တယောက်နဲ့ အဖေက အတော်လေး ရင်းနှီးကြတာ။ သူ့နာမည် ဂျွန်မစ်ရှယ်[114] လို့ ခေါ်တယ်။ သားငယ် ငယ်လေးတုန်းက ဆုံးသွားရှာရဲ့။ သနားစရာကွယ်။ သူ့ဝိညာဉ်ကို ဘုရားသခင် စောင့်ရှောက်ပါစေ။ သူက ပြောဖူးတယ်။ တချို့ သော ကြယ်တာရာတွေကို မျက်စိနဲ့ မမြင်နိုင်ဘူးတဲ့။ သူတို့ ရှိမှန်းတော့ သိနိုင်တယ်။ ဒါပေမယ့် တွေ့တော့ မတွေ့ရဘူး။ အနက်ရောင် ကြယ်တာရာ တွေလို့ မစ်ရှယ်က နာမည်ပေးထားတယ်"

"အဖေကလည်း ဟုတ်နိုင်ပါ့မလား။ အဖေ့မိတ်ဆွေ အယူအဆ မှားနေတာ ဖြစ်ပါလိမ့်မယ်။ မျက်စိနဲ့ ဘယ်သူမှမမြင်ရမှာတော့ သူတို့ရှိကြောင်း ဘယ်လိုလုပ်

သိမှာတဲ့တုန်း”

“လူလေး နားလည်အောင် ဘယ်လိုပြောရပါ့။ အခု သဲသောင်ပြင်မှာ ကျန်ရစ်ခဲ့တဲ့ခြေရာတွေကို ကြည့်ကြည့်။ အဲဒီလို ခြေရာထင်အောင် နင်းသွားတဲ့သူကို လူလေး မြင်လိုက်ရလား”

“မမြင်လိုက်ဘူးလေ အဖေရဲ့”

“ဒါပေမယ့် အဲဒီလို ခြေရာထင်အောင် နင်းလျှောက်သွားတဲ့သူ တဦးဦး တကယ် ရှိရမယ်လို့တော့ သိနေတယ် မဟုတ်လား”

ဂျွန်မစ်ရှယ် ဆိုတဲ့နာမည်ကို စာဖတ်သူ ကောင်းကောင်း ကြားဖူးမှာမဟုတ် အင်မတန် ထက်မြက်တဲ့ လောကဓာတ်သိပ္ပံပညာရှင်တဦးလို့ ဆိုရပါလိမ့် မယ်။ ၁၈ ရာစုအတွင်း အင်္ဂလန်ပြည်မှာ နေထိုင်ခဲ့ပေမယ့် သူ့ရဲ့ ပုံတူပန်းချီကား တောင် မကျန်ရစ်ခဲ့ပါဘူး။ သူနဲ့ ခင်မင်ရင်းနှီးသူတဦးရဲ့ အဆိုအရ သူဟာ အရပ် ခပ် ပြတ်ပြတ်၊ ခပ်ဖိုင့်ဖိုင့်နဲ့ အသားညိုညို ဖြစ်ပါသတဲ့။ မစ်ရှယ်ရဲ့ အယူအဆအရ ကြယ်တာရာဟာ အင်မတန် ကြီးမားပြီး ဆွဲငင်အားလည်း ပြင်းထန်လွန်းလှတာ မ လို့ စကြဝဠာတခွင် အလျင်မြန်ဆုံးဆိုတဲ့ အလင်းတောင်မှ သူ့ရဲ့ ဆွဲငင်အားကနေ မလွတ်မြောက်ဘူးလို့ ဆိုပါတယ်။အဲဒီလိုအနက်ရောင် ကြယ်တာရာကြီးကို မျက်စိ နဲ့တော့ မြင်တွေ့ နိုင်ခြင်း မရှိပါဘူး။ တိုက်ရိုက် မမြင်တွေ့ ရဘူးလို့ ဆိုလို တာပါ။ ဒါပေမယ့် ဝီလျံ ဟာရှယ် ပြောသွားခဲ့သလိုမျိုး စကြဝဠာကမ်းခြေရဲ့ သဲသောင်ပြင် မှာ ထင်ကျန်ရစ်ခဲ့တဲ့ သူ့ရဲ့ ခြေရာကိုတော့ ကြည့်ရှု လေ့လာပြီး ကောက်ချက်ဆွဲ နိုင်ပါတယ်။ သူတို့ရဲ့ ပြင်းထန်လှတဲ့ ဆွဲငင်အားကို အခြေပြုပြီး သူတို့ရဲ့ တည်ရှိမှု ကို မှန်းဆလေ့လာနိုင်ကောင်းရဲ့လို့မစ်ရှယ်က ယူဆခဲ့ပါတယ်။ တကယ်လို့ ကြယ်တာရာ ခပ်ငယ်ငယ် တလုံးဟာ ပတ်လမ်းတိုအတွင်းမှာ ဘာမှ မရှိပဲ လှည့်ပတ်နေတယ်လို့ မြင်တွေ့ ရတယ် ဆိုပါစို့။ ကျွန်တော်တို့ မျက်စိနဲ့ တိုက်ရိုက် မြင်တွေ့ရခြင်း မရှိပေမယ့် အင်မတန် ပြင်းထန်လှတဲ့ ဆွဲငင်အားကို ဖြစ်ပေါ်စေတဲ့ ဒြပ်ထုတစုံတရာ အနီးအနားမှာ ရှိနေကြောင်း ခန့်မှန်းလို့ ရနိုင်ပါတယ်။ အဲဒါ ကတော့ အနက်ရောင် ကြယ်တာရာပါပဲ။ ဒီကနေ့မှာတော့ တွင်းနက်ကြီး[115] လို့

ခေါ်ဆိုကြပါတယ်။ အဲဒီ ဘလက်ခ်ဟိုးလ် ခေါ်တဲ့ တွင်းနက်ကြီးဟာ ဘာနဲ့ အလား သဏ္ဍာန် တူမှာပါလိမ့်။ သူ့ရဲ့ အတွင်းပိုင်းမှာရော ဘယ်လို ရှိမယ် ထင်ပါသလဲ။

ကျွန်တော် ငယ်ငယ်က ကြီးပြင်းခဲ့တဲ့ နယူးယောက်မြို့ဟာဆိုရင် လူတွေ ပျားပန်းခတ် လှုပ်ရှား သွားလာနေပြီး အိပ်စက်ခြင်း မရှိတဲ့ မြို့လို့တောင် တင်စား ခေါ်ဝေါ်ကြပါတယ်။ အသစ်အဆန်းတွေလည်း အမြဲတမ်း ပေါ်ထွက်နေတတ် တယ်လေ။ ဒါပေမယ့် ဘယ်တော့မှ မပြောင်းမလဲ တည်ရှိတဲ့ အရာကတော့ ကမ္ဘာ မြေကြီးရဲ့ ဆွဲငင်အားပါပဲ။ ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း၄ ဘီလျံလောက်တည်းက ဒီကနေ့ထိအောင် မပြောင်းမလဲရှိလို့နေပါတယ်။ ဒါပေ မယ့် ဒီကနေ့မှာ အဲဒီ ကမ္ဘာ့ဆွဲငင်အားကို ပြောင်းလဲပစ်လိုက်ရင် ဘယ်လိုများ နေ မှာပါလိမ့်။ အိုင်းစတိုင်းရဲ့ အဆိုအရတော့ အဲဒီလို ဂြိုဟ်တွေ၊ ဒြပ်ထုတွေရဲ့ ဆွဲငင်အားဟာ အချိန်နဲ့ အာကာသကို ပုံပျက်သွားစေတဲ့ သက် ရောက်မှု ဖြစ်ပါ သတဲ့။ အာကာသဟာ ပြန့်ကားခြင်း၊ စုစည်းခြင်း၊ ကွေးညွတ်ခြင်း တွေကို အကန့်အသတ်မရှိ တတ်စွမ်းနိုင်ပါတယ်။ ကမ္ဘာမြေကြီးရဲ့ အရွယ်အစားနဲ့ သိပ်သည်းဆ အနည်းအကျဉ်း ပြောင်းလဲခဲ့ရင် ဆွဲငင်အားလည်း ပြောင်းလဲသွား မှာပါပဲ။ ဖြစ်နိုင်ချေတွေလည်း အတိုင်းအဆ မရှိ များပြားလှပါတယ်။ ဒီကနေ့မှာ တော့ နယူးယောက်မှာ နေထိုင်သူတွေဟာ အသီးသီး အိမ်မှာ နေကြရင်း ကမ္ဘာ့ ဆွဲငင်အားကို 1g ဆိုတဲ့ယူနစ်အတိုင်း ခံစားမိပါလိမ့်မယ်။ အဲဒီ ကမ္ဘာ့ဆွဲငင်အား ကို အခု ပယ်ဖျက် ကြည့်လိုက်ရအောင်။

အဲဒါဆိုရင် ပျားပန်းခတ် သွားလာလှုပ်ရှားနေကြတဲ့လူတွေ၊ မော်တော်ကား တွေ၊ အရာဝတ္ထုတွေ အကုန်လုံး လေထဲမှာ ပျံဝဲလို့ နေပါလိမ့်မယ်။ အဲဒီနောက် က မ္ဘာ့ဆွဲငင်အားကို လက်ရှိ အနေအထား 1g အစား 9g၊ 10g တို့ ဖြစ်သွားအောင် ၉ ဆ၊ ၁၀ ဆ လောက် တိုးမြှင့်လိုက်ရင်ရော။ လူတွေအနေနဲ့ ချက်ချင်းတော့ သတိထားမိချင်မှ ထားမိပါလိမ့်မယ်။ ဒါပေမယ့် အင်မတန်ကို မသက်မသာရှိလှ တယ် လို့တော့ သေချာပေါက် ခံစားမိမှာပါပဲ၊ အဲဒါဆိုရင် 100,000 g ဆိုပြီး အဆ ပေါင်း တသိန်းလောက် ကမ္ဘာ့ဆွဲငင်အားကို တိုးမြှင့်လိုက်မယ် ဆိုကြပါစို့။ အဲဒီ အခါမှာတော့ မီးသတ်ကားတွေ ရေသွယ်တဲ့ ပိုက်ခေါင်းငယ်တောင် ဆွဲငင် အား ဒဏ်ကို မခံနိုင်ပဲ ရှုံ့တွန့်ပြီး ပြားကပ် သွားပါလိမ့်မယ်။ အဲဒီလိုကမ္ဘာ့ဆွဲငင်အား ကို

1,000,000 ဌ အထိ တိုးမြှင့်လိုက်တဲ့အခါမှာ စကြဝဠာတခွင် ပြိုင်ဘက်မရှိ မြန်ဆန်လှပါတယ်ဆိုတဲ့ အလင်းတောင် အဲဒီဆွဲငင်အားကို ဦးညွတ်ယူရပါတော့တယ်။ အလင်းဟာ သူ့ရဲ့ ကိန်းသေအလျင်နဲ့ ရွေ့လျားမြဲ ရွေ့လျားနေမှာ ဖြစ်ပေမယ့် အဲဒီလောက် ပြင်းထန်လှတဲ့ ဆွဲငင်အားကိုတော့ လွန်ဆန်နိုင်ခြင်း မရှိပါဘူး။ မစ်ရှယ်ပြောခဲ့တဲ့ အနက်ရောင် ကြယ်တာရာကြီးတွေ၊ ဒါမှမဟုတ် ဒီကနေ့ခေတ် အခေါ်နဲ့ တွင်းနက်ကြီးတွေဟာ အဲဒီလိုမျိုး ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ အနီးကပ်ဆုံးမှာ တည်ရှိတဲ့ တွင်းနက်ကြီးဟာ စာဖတ်သူ ထင်ထားသလို ဟိုးအဝေးကြီးမှာဆိုတာမျိုးတော့ မဟုတ်ပါဘူး။

ကြယ်တာရာတိုင်းကတော့ တွင်းနက်ကြီးတွေ၊ အနက်ရောင် ကြယ်တာရာကြီးတွေအဖြစ် ပြောင်းလဲ သွားတာ မဟုတ်ဘူးပေါ့။ အရေအတွက်အားဖြင့် ၁,၀၀၀ လောက်မှာ တလုံးတလေပဲ အဲဒီလို ပြောင်းလဲ သွားကြတာပါ။ ကျွန်တော်တို့နဲ့ အနီးကပ်ဆုံးမှာ တည်ရှိတဲ့ တွင်းနက်ကြီးဟာဆိုရင် ကမ္ဘာမြေကနေ အလင်းနှစ် ၁၀၀ လောက် အကွာအဝေးမှာပဲ ရှိပါတယ်။ စိတ်ကူးယဉ်သိပ္ပံရုပ် ရှင်တွေထဲကလို ဂမ္ဘီရဆန်ဆန် ဆန်းကြယ်ပြီး စကြဝဠာထဲက ရှိရှိသမျှတွေကို စုပ်ယူနေတဲ့ ရေခမဖုန်စုပ်စက်ကြီးတော့ မဟုတ်ဘူးပေါ့။ အနီးအနားက ဂြိုဟ် တွေ၊ ကြယ်တာရာတွေကို လိုက်ပြီး ဝါးမြိုစုပ်ယူနေတယ်လည်း မဟုတ်ရပါဘူး။ သူ့ရဲ့ ဆွဲငင်အားသက်ရောက်မှု နယ်ပယ်ထဲကို ဝင်ရောက်သွားမှပဲ အဲဒီလို စုပ်ယူ ခံရတာပါ။ အဲဒီအခါမှာလည်း အဲဒီအရာဝတ္ထုအတွက် နောက်ဆုံး အချိန်ပဲဖြစ်ပါ လိမ့်မယ်။ သူ့ရဲ့ ဆွဲငင်အားဟာ ကမ္ဘာ့ ဆွဲငင်အားထက် အဆပေါင်း သန်းနဲ့ချီပြီး များပြားတာပါ။ အလင်းကိုတောင် ဆွဲငင်စုပ်ယူသွားတယ် ဆိုတော့ စဉ်းစားသာ ကြည့်ပေတော့။

ရောမ ကြယ်တာရာကြီးတွေ လောင်စာကုန်ခမ်း သွားတဲ့အခါမှာ အတွင်းပိုင်းက ပင်ကိုယ်ဆွဲငင်အားကို ရှောင်လွှဲနိုင်ဖို့ အပူစွမ်းအင် အလုံအလောက် မရှိတော့ပါဘူး။ အဲဒီလို ကြယ်တာရာ အများစုဟာ အနက်ရောင် ကြယ်တာရာကြီးတွေအဖြစ် ပြောင်းလဲသွားကြပြီး သူတို့ရဲ့ ဆွဲငင်အားပဲ ကြွင်းကျန်ရစ်ခဲ့ကြပါတယ်။ အဲဒီ တွင်းနက်ကြီးတွေဟာ ရောမကြယ်တာရာကြီးတွေ လောင်စာကုန်ခမ်းသွားတဲ့ ရလဒ်တွေပါပဲ။ အရွယ်အစား အားဖြင့်လည်း အများကြီး ကျုံ့ဝင်သွား

မှာ ဖြစ်ပါတယ်။ တချို့ တွင်းနက်ကြီး (သို့) အနက်ရောင် ကြယ်တာရာကြီး ဆိုရင် ၆၄ ကီလိုမီတာ ဝန်းကျင်ပဲ ရှိပါတယ်။

Cygnus X-1 ဆိုတဲ့ တွင်းနက်ကြီးဟာ ပထမဦးဆုံး ရှာဖွေတွေ့ရှိခဲ့တဲ့ တွင်းနက်ကြီး ဖြစ်ပါတယ်။ အရွယ်အစား အားဖြင့်လည်း သေးငယ်၊ ဟိုးအဝေးကြီး မှာ တည်ရှိပြီး၊ မျက်စိနဲ့လည်း မမြင်ရတဲ့ အဲဒီ တွင်းနက်ကြီးကို ကမ္ဘာမြေကနေ ဘယ်လိုများ ရှာဖွေတွေ့ရှိခဲ့ကြတာပါလိမ့်။ သမားရိုးကျ မဟုတ်တဲ့ အလင်း အမျိုး အစားနဲ့ မြင်တွေ့ခဲ့ရတာပါ။ အဲဒါကတော့ အိပ်ဇ်ရေး(7)ပဲ ဖြစ်ပါတယ်။ အိပ်ဇ်ရေး အလင်းရောင်မှာ အပြာရောင် ကြယ်တာရာ အဖြစ် မြင်ရခြင်းမရှိတော့ဘဲ မျက်နှာပြင် အပူချိန်က ၃၀,၀၀၀ လောက်ပဲရှိပါတယ်။

ဒါပေမယ့် ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးရဲ့ အဝန်းအဝိုင်းက ဓာတ်ငွေ့တွေ ကတော့ အိပ်ဇ်ရေး အလင်းရောင် အောက်မှာ လင်းလက်တောက်ပနေကြတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲဒီတဝိုက်မှာတော့ အပူချိန် ဒီဂရီ သန်း ၁၀၀ လောက် ရှိပါတယ်။ ဝီလျံ ဟာရှယ် တွေ့ရှိခဲ့တာက အဲဒီလို ကြယ်တာရာကြီးတွေ မှာ နှစ်လုံး အတူ ယှဉ်တွဲ လှည့်ပတ်နေကြတယ် လို့ပါ။ သူတို့ရဲ့ အရွယ်အစားမှာ တလုံးက ကြီးမားပြီး ကျန်တလုံးက သေးငယ်နေရင် တော့ သေးငယ်နေတဲ့ ကြယ်တာရာဟာ တဖြည်းဖြည်း ဝါးမြိုခြင်း ခံရပါတယ်။

အဲဒီ ဖြစ်စဉ်ကလည်း နှစ်ပါင်းသန်းနဲ့ချီပြီးတော့ ကြာညောင်းတတ်တာမျိုး ပါ။ အနီးက ကြယ်တာရာရဲ့ အဝန်းအဝိုင်းကစပြီး လင်းလက်နေတဲ့ အစိတ်အပိုင်း တွေကို စတင်စုပ်ယူဝါးမျိုးသွားပါတယ်။ အင်မတန် ပြင်းထန်လှတဲ့ ဆွဲငင်အားဟာ အပြာရောင်ဓာတ်ငွေ့ ဝဲကတော့သဏ္ဍာန်နဲ့ သူ့နံဘေးက ကြယ်တာရာကို အဆုံး သတ်ပေးလိုက်ပါတယ်။ အဲဒီအခါမှာ အချိန်နဲ့ အာကာသ အကန့်အသတ်တွေကို ကျော်ဖြတ်သွားပြီး နောက်ထပ်တဖန် တွေ့မြင်ရခြင်း မရှိတော့ပါဘူး။ အဲဒါ ကြောင့် ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးတွေနဲ့ ကျန်တဲ့ စကြဝဠာ အာကာသတို့ အကြား ခြားနားထားတဲ့ အနေအထားကို Event Horizon (သို့) စကြဝဠာ မိုးကုပ် စက်ဝိုင်းရယ်လို့ ခေါ်ဆိုကြပါတယ်။ အဲဒီအမှတ်ဆီကို ချဉ်းကပ်လာတဲ့အခါမှာ ဓာတ်ငွေ့အဝန်း အဝိုင်းထဲက အရာဝတ္ထုတွေဟာ အရှိန်လျော့ကျလာပါတယ်။ ဒါ

ပေမယ့် တွင်းနက်ကြီးကို လှည့်ပတ်နေတဲ့ ဓာတ်ငွေ့ အဝန်းအဝိုင်းကိုတော့ ရောက်ရှိတဲ့ အခါမှာတော့ မိုးကုပ်စက်ဝိုင်းကို စက္ကန့်ပိုင်းအတွင်း ကျော်ဖြတ်ခဲ့ပြီး ဖြစ်တယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာတော့ ပြန်လမ်း မရှိတဲ့သူစိမ်း ကမ္ဘာလောက တခုခုကို ရောက်ရှိသွားသလို နေပါလိမ့်မယ်။



Cygnus X-1 တွင်းနက်အား အိပ်ဖ်ရေးတယ်လီစကုပ်မှ တွေ့မြင်ရပုံနှင့် အဖော်ကြယ်တာရာအား ဝါးမျိုနေဟန် ကွန်ပျူတာ အထူးပြုလုပ်ချက်

ဂလက်ဆီတိုင်းရဲ့ အလယ်ဗဟိုတွေဆီကို ကျွန်တော်တို့ လေ့လာမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ အဲဒီ လေ့လာမှုတိုင်းမှာ တွေ့ ခဲ့ရတာက ကြယ်တာရာ အစုအဝေးတွေ၊ ဂလက်ဆီတွေရဲ့ ဗဟိုဝန်းကျင်မှာ ဧရာမ တွင်းနက်ကြီးတွေရှိနေကြတယ်ဆိုတာပါပဲ။ ကျွန်တော်တို့ကမ္ဘာမြေတည်ရှိရာ နဂါးငွေ့တန်း ဂလက်ဆီမှာလည်း အလားတူပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နဂါးငွေ့ တန်း ဂလက်ဆီမှာ ပါဝင်တဲ့ ကြယ်တာရာတွေဟာ တနာရီကို ကီလိုမီတာ သန်း ၄၀ နှုန်းနဲ့ လှည့်ပတ် နေကြပါတယ်။ ဘာလို့များ အဲဒီလောက် အမြန်နှုန်း မြင့်မားနေရတာပါလိမ့်။ ယုတ္တိအရှိဆုံး ဖြစ်နိုင်ချေကတော့ နဂါးငွေ့တန်းရဲ့ အလယ်ဗဟိုမှာ ကြယ်တာရာ ပေါင်း (နေအစင်းပေါင်း) ၄ သန်းနီးပါးနဲ့ ညီမျှတဲ့ ဒြပ်ထု တစုံတရာ ရှိနေတာ ကြောင့်လို့ ဆိုရပါလိမ့်မယ်။ အဲဒါဆိုရင် ကြယ်တာရာပေါင်း (နေအစင်းပေါင်း) ၄ သန်းကနေ ထွက်ပေါ်လာတဲ့ အလင်းတွေကရော ဘယ်ရောက်ကုန်တာတုန်း။

ကျွန်တော်တို့ မြင်တွေ့ရခြင်း မရှိဘူးဆိုတာက အနီးဝန်းကျင်က ဘလက်ခ်ဟိုးလ် တွင်းနက်ကြီး တွေရဲ့ စုပ်ယူခြင်းခံရလို့ ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့

နေထိုင်ရာ ကမ္ဘာမြေကတော့ အဲဒီလို စုပ်ယူခြင်း ခံရနိုင်တဲ့ အကွာအဝေးမှာ မရှိလို့ ကင်း လွတ်တယ်ဆိုရမှာပါပဲ။ သူတို့ အနီးဝန်းကျင်မှာ ရှိကြတဲ့ တခြားသော ဂြိုဟ်တွေ၊ ကမ္ဘာတွေကတော့ ကျွန်တော်တို့လောက် ကံမကောင်းကြပါဘူး။ တကယ်လို့များ အာကာသ မိုးကုပ်စက်ဝိုင်းကို ကျော်လွန်ပြီး တွင်းနက်ကြီးဆီ ချဉ်းကပ်ခွင့်ရခဲ့ရင် တော့ စကြဝဠာရဲ့ ဖြစ်တည်မှု အစ သမိုင်းတလျှောက်လုံးကို ပြန်လည် မြင်တွေ့ရ နိုင်တဲ့ အခွင့်အလမ်းမျိုး ရကောင်း ရနိုင်ပါတယ်။

ဘယ်လိုကြောင့်ပါလိမ့်။ ဘာဖြစ်လို့လဲဆိုတော့ အချိန်နဲ့ အာကာသတို့ဟာ ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးရဲ့ ပြင်းထန်လှတဲ့ ဆွဲငင်အားနဲ့ ရင်ဆိုင်ရတဲ့အခါ ကွေးလိမ်သွားမှာမလို့ပါပဲ။ အဲဒီအခါမှာ အချိန်ဟာ အကန့်အသတ် တစုံတရာ အဖြစ် ဆွဲဆန့်ခြင်း ခံရပါလိမ့်မယ်။ အဲဒါဆိုရင် ကျွန်တော်တို့ မျက်စိရှေ့မှာ ဘာတွေမြင်တွေ့ ရမှာပါလိမ့်။ လောကဓာတ်သိပ္ပံနယ်ပယ်နဲ့ လက်လှမ်းမမီသေးတဲ့ အနေအထားတရပ်ဆီ ရောက်ရှိနေတယ် လို့တော့ပြောချင်ပါတယ်။ ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးတွေရဲ့ အလယ်ဗဟိုနဲ့ ပတ်သက်ပြီး ရူပဗေဒ နိယာမတွေ အကြောင်း ဘယ်သူမှ မသိရှိကြသေးပါဘူး။ နောက်ထပ် အိုင်းစတိုင်းလိုပါရမီရှင် တယောက် ထပ်မံပေါ်ထွက်လာခဲ့ရင်တော့ တမျိုးပေါ့လေ။ အခုတော့ စိတ်ကူးနဲ့ပဲ သုတေသနပြုကြည့်ရအောင်။

၁၈ ရာစုတုန်းက အဲဒီလို အနက်ရောင် ကြယ်တာရာကြီးတွေအကြောင်းကို ဂျွန် မစ်ရှယ်က အခုလိုပဲ ဆင်ခြင်လေ့လာယူခဲ့တာ ဖြစ်ပါတယ်။ နျူတန်ရဲ့နိယာမ အကြောင်း အိုင်းစတိုင်းတယောက် သိမြင်ခဲ့တာလည်း ဒီနည်းလမ်းနဲ့ပါပဲ။

ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးတွေထဲကိုဝင်ရောက်ပြီး ပြန်ထွက်လာနိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ ဖြစ်တည်ရာ စကြဝဠာရဲ့ တခြားသောအချိန်နဲ့ အာကာသ တနေရာရာဆီမှာ ပြန်လည်ပေါ်ထွက်လာတာမျိုး လည်း ဖြစ်နိုင်ပါတယ်။ "အလင်း ၏ အမြန်နှုန်းအတိုင်း ရွေ့လျားခြင်း မပြုရာ" ဆိုတဲ့ နျူတန်ရဲ့နိယာမရဲ့ ပထမဆုံး ပညတ်တော်ကို လွန်ဆန်နိုင်ခြင်းလည်း ဖြစ်နိုင်ပါတယ်။ အလင်းထက် ပိုမို မြန်ဆန်အောင် ရွေ့လျားနိုင်တဲ့ အရာရယ်လို့ မရှိဘူး မဟုတ်လား။ ဒါပေမယ့် အာကာသ စကြဝဠာ ဆိုတာက ဟင်းလင်းပြင်သက်သက်မှ မဟုတ်တာပဲ

ကို။ သူ့မှာလည်း ဆွဲဆန့်တာတွေ၊ ကျုံ့ဝင်တာတွေ၊ ပုံပျက်တာတွေ ဖြစ်ပွားနိုင်တဲ့ ဂုဏ်သတ္တိတွေ ပိုင်ဆိုင်ထားတာပါပဲ။ အဲဒီလိုဆိုရင် အချိန်သည်လည်း အလားတူ ဆွဲဆန့်၊ ကျုံ့ဝင်၊ ပုံပျက်တာမျိုး ရှိမှာ သေချာပါတယ်။ အိုင်းစတိုင်းရဲ့ အဆိုအရ အချိန်နဲ့ အာကာသ ဆိုတာ တူညီတဲ့ အရာဝတ္ထုတခုတည်းကို မတူညီတဲ့ ရှုထောင့်ကနေ ရှုမြင်ခြင်း ဖြစ်ပါသတဲ့။ အဲဒါကြောင့်ပဲ အချိန်နဲ့ အာကာသကို ပုံသွင်းယူနိုင်ရင် ဘယ်နေရာကို မဆို၊ အမြန်နှုန်း ဘယ်လောက်နဲ့ဖြစ်ဖြစ် သွား ရောက်နိုင်ကြောင်း ကောက်ချက်ဆွဲနိုင်တာပါ။ အဲဒါကြောင့် ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးတွေဟာ စကြဝဠာရဲ့ ဥမင်လှိုဏ်ခေါင်းတွေ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဲဒီလို ဂလက်ဆီတွေအကြား ချိတ်ဆက် ပေးထားနိုင်တဲ့ မြေအောက် ရထားစနစ်လို ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးတွေ ကနေ တဆင့် အချိန်နဲ့ အာကာသတို့ရဲ့ အဝေးဆုံး အစိတ်အပိုင်းတွေအထိ ခြေဆန့်လို့လည်း ရနိုင်ပါ လိမ့်မယ်။ လက်ရှိထက် ပိုပြီး ကောင်းမွန်တဲ့ အချိန်နဲ့နေရာတွေဆီလည်းရောက် သွားတာမျိုး ဖြစ်နိုင်တာပါပဲ။

လက်ရှိနဲ့မတူ၊ ခြားနားတဲ့ နောက်ထပ် စကြဝဠာတခုခုဆီလည်း ရောက်သွားမယ်ဆို ရောက်သွား နိုင်တယ် ဆိုပေမယ့် စကြဝဠာကြီး တခုလုံးက ဘယ်လိုများ ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးတခုထဲမှာ တည်ရှိ နေနိုင်မှာပါလိမ့်။ ဘလက်ခ်ဟိုး တွင်းနက်ကြီးဆိုတာက ကျွန်တော်တို့ စကြဝဠာရဲ့ အစိတ်အပိုင်းတခု အဖြစ်ပဲ ရှိတာ မဟုတ်လား။ ဒါဟာ အချိန်နဲ့ အာကာသအကြောင်း နောက်ထပ် လျှို့ဝှက်ဆန်းကြယ် အခြင်းအရာပဲ ဖြစ်ပါတယ်။ သူ့ရဲ့ ပြင်းထန်လှတဲ့ ဆွဲငင်အားကြောင့်ပဲ စကြဝဠာကြီးတခုလုံးကို အတွင်းပိုင်းမှာ သိမ်းဆည်း ထားတာမျိုး ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာမြေရဲ့ ဆွဲငင်အားကိုတချိန်လုံး ရုန်းကန်နေရတာ မှန်ပါတယ်။

ဒါပေမယ့် လောင်စာကုန်လို့ ပေါက်ကွဲပျက်စီးသွားတဲ့ ကြယ်တာရာတလုံးရဲ့ ဆွဲငင်အားနဲ့ နှိုင်းစာလိုက်မယ် ဆိုရင် ကမ္ဘာ့ဆွဲငင်အားဆိုတာ ဘာမှ မဟုတ်တော့ပါဘူး။ ကျွန်တော်တို့ လေ့လာ သိရှိသလောက် ရူပဗေဒ သဘောတရားတွေအရ ဆိုရင်တော့ ဘလက်ခ်ဟိုးလ်တွင်းနက်ကြီးတွေရဲ့ အလယ်ဗဟိုမှာ သိပ်သည်းဆတွေ၊ ဖိအားတွေ အင်မတန် များပြားလွန်းတာကြောင့် မဟာ ပေါက်ကွဲမှုကြီး အဖြစ်မျိုးနဲ့တောင် ခပ်ဆင်ဆင်ရှိတယ်လို့ ဆိုရပါလိမ့်မယ်။ အဲဒီလို အနေအထား

ကနေပဲ ကနဦးအဆင့် မဟာပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့ပုံ ရပါတယ်။ အဲဒီလို စကြဝဠာကြီးအဖြစ် ပေါက်ကွဲဖြစ်ပေါ်လာခဲ့တဲ့နောက် တပါတည်းပါရှိ လာတဲ့ ဘလက်ခ်ဟိုးလ် တွင်းနက်ကြီး တွေကပဲ နောက်ထပ် စကြဝဠာတွေကို သိုမှီးထားတဲ့ တွင်းနက်ကြီးတွေ ပါဝင်နေတာမျိုးပါ။ အဲဒီကနေတဆင့် နောက်ထပ် စကြဝဠာ တွေလည်း ဖြစ်တည် နိုင်ပါတယ်။ လက်ရှိ စကြဝဠာကြီးတောင် အဲဒီလို အနေအထားမျိုးနဲ့ ဖြစ်တည်လာခဲ့ဟန် ရှိပါတယ်။

အဲဒီ ဘလက်ခ်ဟိုးလ် တွင်းနက်ကြီးတွေရဲ့ အလယ်ဗဟိုမှာ ဘယ်လိုမျိုး ရှိမှာပါလိမ့်လို့ သိရှိလိုတယ် ဆိုရင် မိမိရဲ့ အနီးဝန်းကျင်ကိုပဲ လေ့လာကြည့်ပါ။ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာဂြိုဟ်၊ နေအဖွဲ့ အစည်းတို့ဟာ နဂါးငွေ့တန်း ဂလက်ဆီဘက် ဦးတည် ရွေ့လျားနေမှန်း ဝီလျံ ဟာရှယ်က တွေ့ ရှိခဲ့ပါတယ်။ သူ့ရဲ့ သားဖြစ်သူ ဂျွန်ဟာရှယ်ကလည်း အဖေ့ခြေရာကို နင်းပြီး ထက်မြက်တဲ့ လောကဓာတ်သိပ္ပံပညာရှင်တဦး ဖြစ်လာခဲ့ပါတယ်။ ဖခင်ဖြစ်သူ မှတ်တမ်းတင် ထားခဲ့တဲ့ နက္ခတ္တဗေဒ တွေ့ရှိချက်တွေနဲ့ ကြယ်တာရာ အညွှန်းတွေကို သူက ထပ်မံ ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ဒီကနေ့ထိတိုင်အောင် အသုံးပြုနေကြရဆဲပါပဲ။ ဝီလျံဟာရှယ်တယောက် ကျန်းမာရေး ချို့ယွင်းလာခဲ့တဲ့နောက်မှာ ဂျွန်က ဖခင်ဖြစ်သူ အနီးမှာ ပြုစုရင်း တယ်လီစကုပ်တလက်နဲ့ ကြယ်တာရာတွေကို အတူတကွ လေ့လာခဲ့ကြပါတယ်။ ဖခင်ကြီး ဆုံးပါးသွားတော့ ဂျွန်က သင်္ချိုင်းအုတ်ဂူမှာ ‘ကောင်းကင်နံရံတွေကိုဖောက်ထွက်ခဲ့သူ’[116] လို့ကဗျည်းစာ ရေးသားခဲ့ပါတယ်။

ဝက်စ်မင်စတာ ဘုရားကျောင်းရှိ ဝီလျံ ဟာရှယ် အထိမ်းအမှတ် ကျောက်ပြား

အချိန်တွေ ကုန်လွန်သွားပြီးတဲ့နောက် ဖခင်ဖြစ်သူနဲ့ ကမ်းခြေတလျှောက် စကားတပြောပြော လမ်းလျှောက်ခဲ့တဲ့ နွေညတွေကို ဂျွန်တယောက် အင်မတန် အောက်မေ့လို့နေပါလိမ့်မယ်။ အဲဒါကြောင့်ပဲ အတိတ်က အကြောင်းအရာတွေကို ထိန်းသိမ်းမှတ်တမ်းတင်နိုင်ဖို့ အားထုတ်ခဲ့သလား မဆိုနိုင်ပါဘူး။ ဂျွန်ဟာရှယ် ဟာ အချိန်ခရီးသွားခြင်း နည်းလမ်းတမျိုးကို ကနဦး ရှာဖွေတွေ့ရှိခဲ့သူ ဖြစ်ပါ တယ်။ ပြောချင်တာက အလင်းနဲ့ ရေးဖြစ်ဟောင်းအောက်မေ့ဖွယ်ရာတွေ အကြောင်း မှတ်တမ်းတင်ပုံ နည်းလမ်း တမျိုးလို့ပါ။ အဲဒီနည်းလမ်းကို သူက ‘ဓာတ်ပုံပညာ’ လို့ အမည်ပေးခဲ့ပါတယ်။ သေချာစဉ်းစားကြည့်ရင် ဓာတ်ပုံ ဆိုတာ ကလည်း အချိန်ခရီးသွားခြင်းတမျိုးပဲ မဟုတ်လား။ ဂျွန် ဟာရှယ်ရဲ့ ဓာတ်ပုံကို ကြည့်မယ် ဆိုရင် သူဟာ လွန်ခဲ့တဲ့ ရာစုနှစ်ပေါင်းများစွာက အလင်းရဲ့ ဖမ်းစား ခြင်းတမျိုးနဲ့ ပုံရိပ်အဖြစ် ထိန်းသိမ်း ထားခဲ့တဲ့ ဝိညာဉ်တစ္ဆေတကောင်လို့ ယူဆနိုင် ပါတယ်။ မကြာတော့တဲ့ ရှေ့အနာဂတ်မှာဆိုရင်လည်း အဲဒီလို အောက်မေ့ဖွယ် အခြင်း အရာတွေကို သုံးဖက်မြင် အခြေအနေနဲ့ မှတ်တမ်းတင်ထားနိုင်လာဖွယ် ရှိ ပါတယ်။ လူတွေရဲ့မှတ်ဉာဏ်ထဲကိုတောင် ချဉ်းနင်းဝင်ရောက် နိုင်လာတာမျိုး လည်း ဖြစ်နိုင်ပါတယ်။ လောလောဆယ် တော့ အတိတ်ကို ပြန်လည် သွားရောက် တာမျိုး ဖြစ်နိုင်ချင်မှ ဖြစ်နိုင်မှာပေါ့။ ဒါပေမယ့် တနေ့မှာတော့ အတိတ်ကို လက်ရှိ ခေတ်ဆီ ခေါ်ဆောင်လာနိုင်ကောင်းလို့ မျှော်လင့်ရပါတယ်။

တခါတရံ အတိတ်ကို ပြန်လည်အောက်မေ့ရင်း လွမ်းဆွတ်တမ်းတမိခြင်း ဟာ လူသားတွေရဲ့ ဝိသေသ တရပ် ဖြစ်ဟန်တူပါရဲ့ ။ ဂျွန် ဟာရှယ်လိုပဲ ကျွန်တော် လည်း ငယ်ငယ်တုန်းက ပုံရိပ်တွေကို သတိရနေမိဆဲပါ။ ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်နေ့တုန်းကပေါ့။ နယူးယောက်ပြည်နယ်ရဲ့ အစ်သီကာမြို့မှာ နှင်းတွေ ကလည်း တဖွဲဖွဲကျဆင်းလို့နေခဲ့ပါတယ်။ အဲဒီနေ့ အဲဒီအချိန်မှာ ကျွန် တော့် ဘဝအတွက် တဆစ်ချိုးဖြစ်မယ့် အပြောင်းအလဲ နဲ့ ကြုံတွေ့ ခဲ့တာပေါ့။ ကားလ် ဆေဂင်ဆိုတဲ့ပုဂ္ဂိုလ်ကြီးနဲ့တွေ့ ဆုံရခြင်းပါ။ အဲဒီကနေတဆင့် ကောင်းကင်ပြင်က ကြယ်တာရာတွေရဲ့ ဝိညာဉ်တစ္ဆေတွေအကြောင်းကို ဆက်စပ် တွေးတောမိခဲ့ပါ တယ်။ အဲဒီ ကြယ်တာရာတွေ နည်းတူ ကိုယ်တိုင် ပျက်စီး

သေဆုံးသွားခဲ့တာ ကြာမြင့်လှခဲ့ပြီ ဖြစ်ပေမယ့် ကျွန်တော်တို့အပေါ်မှာတော့ အခု ထက်ထိ အလင်း ရောင်ပေးစွမ်းနိုင်ဆဲပဲလေ။

Whisper Of Words

အဆုံးစွန် နက်ရှိုင်းသော

ကျွန်တော်တို့ဟာ ဖြစ်တည်မှု အသွင်တမျိုးတည်းမှာပဲ တည်ရှိကြပါတယ်။ ဒါပေမယ့်ပကတိတရားရဲ့ အခြားသော ဖြစ်တည်မှုရှုထောင့်တွေဟာ ပုံစံအမျိုးမျိုးနဲ့ တည်ရှိကြဆဲဖြစ်ပါလိမ့်မယ်။ အလင်းနှစ်များစွာ ကွာဝေးတဲ့ အာကာသထဲက နေ ကျွန်တော်တို့ ခြေဖဝါးအောက် အပါအဝင် ကျွန်တော်တို့တွေရဲ့ ကိုယ်ခန္ဓာအတွင်းထဲမှာတောင် အလားတူပဲ ဖြစ်မှာပါ။ ကျွန်တော်တို့ သက်ရှိတွေ အပါအဝင် အရာဝတ္ထု အားလုံးကို အက်တမ် အဏုမြူတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မျက်လုံးကို ဖွဲ့စည်းတည်ဆောက် ထားတဲ့ အက်တမ် အဏုမြူ အရေအတွက်ဟာ အာကာသ စကြဝဠာထဲမှာ တည်ရှိတဲ့ ဂလက်ဆီတွေက ကြယ်တာရာ အရေအတွက်ထက်တောင် ပိုပြီး များပြားလို့နေပါတယ်။ ကျွန်တော်တို့ရဲ့ လက်ဖျားထိပ်ထက် ပိုမို ကြီးမားတဲ့ အရာဝတ္ထုတိုင်းအတွက်လည်း အဲဒီအဆိုက မှန်ကန်ပါလိမ့်မယ်။ ကျွန်တော့်ရဲ့ ကိုယ်ခန္ဓာဟာ အက်တမ် အဏုမြူ သန်းထောင်ပေါင်း ၃ ဘီလျံ ရှိပါတယ်။ စာဖတ်သူဟာလည်း အလားတူအက်တမ် အဏုမြူ သန်းထောင်ပေါင်း ၃ ဘီလျံနဲ့ ဖွဲ့စည်းထားတဲ့ အခြားအမည်ရှိသူ လူတဦး ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ အနေနဲ့ အဲဒီလို များပြားလှတဲ့ အရေ အတွက် ကိန်းဂဏန်းတွေအဖြစ် တွက်ချက်မိလေ့မရှိပါဘူး၊ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ နိစ္စဓူဝ သိမြင်ခံစားမှုတွေနဲ့ အလှမ်းဝေးလွန်းနေတာကြောင့်ပါ။ ဒါပေမယ့် အဲဒီအကြောင်းရင်း တခုတည်းနဲ့တော့ ကျွန်တော်တို့ရဲ့ စူးစမ်းလေ့လာ လိုစိတ်ကို ဟန့်တားနိုင်ဖို့ မရှိပါဘူး။ ထူးခြားဆန်းကြယ်လှတဲ့ အဏုဇီဝဖြစ်စဉ် တွေကို ကျွန်တော်တို့ အင်မတန် စိတ်ဝင်စားကြပါတယ်။

ဒြပ်ထုတွေဟာ အက်တမ် အဏုမြူတွေရဲ့ ဖွဲ့စည်းမှုကြောင့် ဂုဏ်သတ္တိတွေ ဖြစ်ပေါ်ရပါတယ်။ ရေ အကြောင်း နားလည်ဖို့ဆိုရင် ပါဝင်တဲ့ အက်တမ် အဏုမြူ

တွေ ဘယ်လိုရှိတယ်ဆိုတာ အရင် သိထား ရပါမယ်။ ရေမော်လီကျူး တခုချင်းစီ တိုင်းမှာ ဟိုက်ဒရိုဂျင် အက်တမ်လေး ၂ ခုဟာ သူတို့ထက် အရွယ်အစား ပိုမို ကြီးမားတဲ့ အောက်ဆီဂျင်အက်တမ်နဲ့ ချိတ်ဆက် ဖွဲ့စည်းထားပါတယ်။ အဲဒါ ကြောင့်ပဲ ဓာတုဗေဒ ပုံသေနည်းနဲ့ H2O ရယ်လို့ခေါ်ဆိုကြတာ ဖြစ်ပါတယ်။ အပူချိန် အနေနဲ့ သိပ်လည်း မပူဘူး၊ သိပ်လည်း မအေးဘူးဆိုရင် မော်လီကျူးတွေ ဟာ လူးလွန့်လှုပ်ရှားနေတတ်ပါတယ်။ သူတို့အကြား စေးကပ်ခြင်း သဘော တော့ရှိနေဆဲ ဖြစ်ပြီး အစိုင်အခဲအဖြစ် မာကျောရလောက်အောင်ထိလည်း ခိုင်မြဲ တာမျိုး မဟုတ် ပါဘူး။ အဲဒီလို အခြေအနေကြောင့်ပဲ သူတို့ဟာ အရည်အဖြစ် တည်ရှိနေကြတာပါ။ နေရောင်ခြည်နဲ့ ထိတွေ့တဲ့အခါမှာ စွမ်းအင် ပိုမိုစုပ်ယူပြီး ရေမော်လီကျူးတွေရဲ့ ရွေ့လျားမှုကလည်း မြန်ဆန်လာပါတယ်။ အပူချိန်ဆိုတာ အဲဒါပါပဲ။ အဲဒီလို မော်လီကျူးတွေရဲ့ ရွေ့လျားမှု မြန်ဆန်လာပြီး အချင်းချင်း စေးကပ် ချိတ်ဆက်မှု တွေကနေ လွတ်မြောက်သွားတဲ့ အခါမှာ ဒါကိုအငွေ့ပျံခြင်း လို့ခေါ်ဆိုကြပါတယ်။

ကျွန်တော်တို့ ရှူသွင်းနေတဲ့ လေဟာ နိုက်ထရိုဂျင်နဲ့ အောက်ဆီဂျင် မော်လီကျူးတွေ ပေါင်းစပ် ဖွဲ့စည်း ထားတာပါ။ အဲဒီထဲမှာ ရေငွေ့တွေနဲ့ ကာဗွန် ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ တွေလည်း ပါဝင်ပါတယ်။ အဲဒီ ရေငွေ့ တွေကနေ အရည်အဖြစ် ပြန်စုတဲ့ ဖြစ်စဉ်ကိုတော့ ငွေ့ရည်ဖွဲ့ခြင်းလို့ ခေါ်ဆိုကြပါတယ်။

နှင်းစက်လေးတွေဆိုတာ အငွေ့ပျံခြင်းကို ငွေ့ရည်ဖွဲ့ခြင်းက တဒင်္ဂ အနိုင်ရ ရှိခြင်းလို့လည်း ဆိုနိုင် ပါတယ်။ အချိန်အတော်ကြာပုံမပျက် ထိန်းသိမ်းထားနိုင် မယ်ဆိုရင် အဲဒီနှင်းရည်နှင်းစက်တပေါက် ထဲမှာတောင် စကြဝဠာငယ်တခုလို ပြုမူ နေတတ်ပါတယ်။ သူတို့အထဲမှာ သက်ရှိတွေလည်း ပါဝင်ပြီး ရှန်းကန်ခြင်း တွေ၊ စိတ်လှုပ်ရှားဖွယ်ရာတွေနဲ့လည်းပြည့်နှက်လို့နေပါတယ်။ အဲဒီ နှင်းစက်လေး ထဲ ကို ဝင်ရောက် ကြည့်ရှုနိုင်ဖို့ဆိုရင် အင်မတန်သေးငယ်လှတဲ့ အနုစိတ် အတွေး အမြင်နဲ့ လောကဓာတ်သိပ္ပံဆိုင်ရာ အယူအဆတွေ လိုအပ်ပါလိမ့်မယ်။ အဲဒီနှင်း စက်ထဲမှာ ဆဲလ်ကလာပ်စည်း တခုတည်းနဲ့ ဖွဲ့စည်းထားတဲ့ ပါရာမီးဆီးယား[117] လေးတွေ ပါဝင်ပြီး သားကောင်ကို အမဲလိုက်နိုင်တဲ့ အရည်အသွေးတွေလည်း ပါရှိ ပါတယ်။ ဒါပေမယ့် သူတို့ကိုလည်း အမဲလိုက် သတ်ဖြတ်စားသောက်မယ့် သက်ရှိ

တွေ အဲဒီနှင်းစက်ထဲမှာ ပါရှိလို့ နေပါတယ်။ ပါရာမီးဆီးယားရဲ့ ပြိုင်ဘက် ရန်သူကတော့ ဒိုင်လက်ပ်တပ်စ်[118] ပါပဲ။ သူ့အနေနဲ့ ပြန်လည် တိုက်ခိုက်နိုင်စွမ်း ရှိတာမှန်ပေမယ့် အကွာအဝေး ခပ်လှမ်းလှမ်းကနေ တိုက်ခိုက်ခံရတဲ့အခါ မျိုးမှာ ဒိုင်လက်ပ်တပ်စ်က အသာစီးရသွားလေ့ရှိပါတယ်။ ဒါဟာ နှင်းစက်နှင်းပွင့် ထဲကအသက်လုပွဲပဲ ဖြစ်ပါတယ်။



ပါရာမီးဆီးယားနှင့် ဒိုင်လက်ပ်တပ်စ်

နောက်ထပ် တွေ့ မြင်ရလေ့ရှိတာကတော့ အင်မတန် သေးငယ်လှတဲ့ တာဒီဂရိတ် ခေါ် ရေဝက်ဝံပဲ ဖြစ်ပါတယ်။ အပ်ဖျားထိပ်ထက်တောင် ပိုပြီးသေးငယ်တဲ့ အရွယ်အစားပါ။ ဒါပေမယ့် သူတို့ရဲ့ အသက်ရှင် ရပ်တည်နိုင်စွမ်း ကိုတော့ လျှော့တွက်လို့ မရပါဘူး။ တာဒီဂရိတ်ဟာ လက်ရှိ ကမ္ဘာမြေ ပေါ်မှာ ရှင်သန် ရပ်တည်လာတာ ကျွန်တော်တို့ လူသားတွေထက်တောင် ပိုပြီး သက်တမ်း ရှည်ကြာခဲ့ပြီ ဖြစ်ပါတယ်။ ခန့်မှန်းခြေ နှစ်သန်းပေါင်း ၅၀၀ လောက်ရှိပြီလို့ ဆိုကြပါတယ်။ တာဒီဂရိတ်လေးတွေဟာ ကမ္ဘာမြေပေါ်မှာ နေရာဒေသမရွေး ရှင်သန်နိုင်ကြပြီး ပင်လယ်ကြမ်းပြင် အပါအဝင် အမြင့်မားဆုံး တောင်ထိပ်ဖျား ကနေ ပေါက်ကွဲနေဆဲ မီးတောင်အတွင်းထိတောင် ဟန်မပျက် သွားလာလှုပ်ရှား နိုင်ကြပါတယ်။ ဒါတင်မက အာကာသ စကြဝဠာထဲမှာလည်း ဘယ်လို အကာအကွယ်မှ မလိုဘဲ သွားလာနိုင်စွမ်း ရှိသလို ကမ္ဘာဖျက်ကပ်ဘေးဆိုးကြီးတွေ အားလုံးကိုလည်း ကျော်လွှားနိုင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ တခြားဂြိုဟ်တခုခု ကနေ လာ

ရောက်လေ့လာတဲ့သူများ ရှိခဲ့မယ်ဆိုရင် ကမ္ဘာမြေကို တာဒီဂရိတ်တို့ နေရာလို့တောင် ထင်မှတ်သွားနိုင်စရာ ရှိပါတယ်။

သစ်ရွက်လေးတွေနဲ့ ရေညှိလေးတွေတိုင်းမှာ စတိုမာတာ[119] လို့ခေါ်တဲ့ (မိုက်ခရိုစကုပ်နဲ့ကြည့်ယူရတဲ့) အစိတ်အပိုင်းလေးတွေ ပါရှိကြပါတယ်။ သစ်ပင်တွေဟာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ကို အဲဒီ အစိတ်အပိုင်းကနေ ရှုသွင်းကြပြီး ကျွန်တော်တို့ ရှုသွင်းတဲ့ အောက်ဆီဂျင်ကို ပြန်လည် ထုတ်လွှတ်လိုက်ပါတယ်။ သစ်ပင်တွေဟာ ကျွန်တော်တို့ လူသားတွေ မရှိဘဲနဲ့လည်း ရှင်သန်ရပ်တည်နိုင်စွမ်း ရှိကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လူသားတွေနဲ့ တခြားသတ္တဝါတွေကတော့ သစ်ပင်တွေမရှိပဲ ရှင်သန်ရပ်တည် နိုင်ကြမှာ မဟုတ်ပါဘူး။ အပင်တွေဟာ နေရောင်ခြည်ကနေ အစာချက်လုပ်ကြပါတယ်။ သတ္တဝါတွေကတော့ အဲဒီလို ဆောင်ရွက်နိုင်စွမ်း မရှိကြပါဘူး။



မိုက်ခရိုစကုပ်ဖြင့် မြင်တွေ့ရသော စတိုမာတာများ

သူတို့ ဘယ်လို အစာချက်လုပ်ကြသလဲဆိုတာ သိရှိလိုရင်တော့ အဆပေါင်းများစွာသေးငယ်တဲ့ အနုစိတ်ကမ္ဘာဆီ သွားရောက်လေ့လာ ရပါလိမ့်မယ်။ သူတို့ရဲ့ အဖိုးတန် ရတနာအဖြစ် သိမ်းထားတဲ့ အရာကတော့ ကလိုရိုဖီးလ်[120] ပဲ ဖြစ်ပါတယ်။ အဲဒီ မော်လီကျူးဟာ နေရောင်ခြည်ကို စွမ်းအင်အဖြစ် ပြောင်းလဲ ပေးပါတယ်။ လေးထောင့်ပုံသဏ္ဍာန် အပင်ဆဲလ်ကလာပ်စည်းတွေတိုင်းမှာ အစိမ်းရောင်

ယန္တရားလေးတွေ ပါရှိပြီး သူတို့ရဲ့ စွမ်းအင်ထုတ်လုပ်ရာ စက်ရုံ၊ အလုပ်ရုံတွေလို့လည်း ဆိုနိုင်ပါတယ်။ တကယ်လို့သာ အဲဒီယန္တရားလေးတွေရဲ့ လည်ပတ်လုပ်ကိုင်ပုံကို တုပဖန်တီး နိုင်ခဲ့မယ်ဆိုရင် နောက်ထပ်စက်မှုတော်လှန် ရေးအသစ်တရပ် ထပ်မံ ပေါ်ပေါက်လာနိုင်ပါတယ်။

အဲဒီ ကလိုရိုပလပ်စ်[121] ရဲ့ လည်ပတ်ပုံကို သိရှိထောက်လှမ်းခြင်းဟာ ကျွန်တော်တို့ လူသားတွေရဲ့ အနာဂတ်မှာ အင်မတန် အရေးပါလာနိုင်စရာ ရှိပါတယ်။ ကလိုရိုပလပ်စ်တွေဟာ နေရောင်ခြည် စွမ်းအင်ကို အသုံးပြုပြီး ရေမော်လီကျူးတွေကို ဟိုက်ဒရိုဂျင်နဲ့ အောက်ဆီဂျင် အက်တမ်တွေအဖြစ် ပြန်လည်ခွဲထုတ်လိုက်ပါတယ်။ အဲဒီနောက်ဟိုက်ဒရိုဂျင်ကို ကာဗွန်ဒိုင်အောက် ဆိုဒ်နဲ့ ပေါင်းစည်းပြီး သကြားဓာတ်ပေါင်းကို ထုတ်လုပ်ပါတယ်။ အဲဒီနောက် ပိုနေတဲ့ အောက်ဆီဂျင်ကိုတော့ ဘေးထွက်ပစ္စည်းအဖြစ် လေထုထဲဆီ ပြန်လည် ထုတ်လွှတ်လိုက်ပါတယ်။ သူ့ရဲ့ အတွင်းပိုင်းကို လေ့လာမယ်ဆိုရင် စက်ရုံတွေရဲ့ ပတ္တားကြိုးတွေ လည်ပတ်နေသလိုမျိုး တွေ့မြင်ရမှာဖြစ်ပြီး မော်လီကျူးအဆင့်မှာတောင် ကျွန်တော်တို့ အတွက် အင်မတန် မြန်ဆန်တဲ့နှုန်းထားနဲ့ လည်ပတ်နေကြ ပါတယ်။ သာမန်မျက်စိနဲ့ လိုက်မီဖို့ဆိုရင် သန်းထောင်ဂဏန်း လောက်တောင် နှုန်းထား လျှော့ချယူရပါလိမ့်မယ်။



မိုက်ခရိုစကုပ်ဖြင့် မြင်တွေ့ရသော ကလိုရိုပလက်စ်များ

နေရောင်ခြည်က အစိမ်းရောင်ကလိုရိုဖီးလ် မော်လီကျူးကိုရိုက်ခတ်တဲ့အခါ ဓါတုဓာတ်ပြုမှုတွေ ဖြစ်ပေါ်ပြီး ရေမော်လီကျူးကို ခွဲခြမ်းရင်း စွမ်းအင် ပါဝင်တဲ့ အီလက်ထရွန်တွေ ကိုထုတ်လွှတ်လိုက်ပါတယ်။ ဒါက နေ့ဆိုင်းအကြောင်းဖြစ်ပြီး နေရောင်ခြည်ရရှိစဉ်လည်ပတ်ပုံပါ။ ညဆိုင်းမှာတော့ (နေ့ဘက်လည်း အလားတူ) နေရောင်ခြည်ကို အရံစွမ်းအင်အဖြစ် သိုလှောင်ထားကြပါတယ်။ ခုန ထုတ်လွှတ်လိုက်တဲ့ စွမ်းအင်ပြည့် အီလက်ထရွန်ဟာ ကာဗွန်ဒိုင်အောက်ဆိုဒ်နဲ့ ပေါင်းစည်းပြီး ရေကနေ ဟိုက်ဒရိုဂျင်ကို ခွဲထုတ်လိုက်ပါတယ်။ အဲဒီအခါမှာ သကြားဓာတ်ပေါင်းကို ရရှိပါတယ်။ အဲဒီ သကြားဓာတ်ပေါင်းထဲမှာပဲ နေရောင်ခြည်စွမ်းအင်ကို သိုလှောင်ထားပါတယ်။ ကလိုရိုပလပ်စ်ဟာ နေရောင်ခြည် စွမ်းအင်ကို အသုံး ပြုခဲ့တာ နှစ်ပေါင်း ၃ ဘီလျံ သက်တမ်းရှိခဲ့ပါပြီ။ အဲဒီလို သေးငယ်လှတဲ့ နေရာင် ခြည် စွမ်းအင်သုံး ဘက္ထရီလေးကပဲ တောအုပ်တွေ၊ စိုက်ပျိုးခင်းတွေနဲ့ ပင်လယ်ကြမ်းပြင်တွေဆီက ရေညှိတွေ အကုန်လုံးကို မောင်းနှင်နေတာ ဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ အပင်တွေကို မှီခိုနေရတဲ့ ကျွန်တော်တို့ သတ္တဝါတွေကိုလည်း မောင်းနှင်နေတယ်လို့ ဆိုနိုင်ပါတယ်။

နေရောင်ခြည်စွမ်းအင်သုံး ဇီဝသံသရာဟာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတခုလုံးက သုံးစွဲတဲ့ စွမ်းအင်ပမာဏ စုစုပေါင်းထက် ၆ ဆကျော် ပိုပြီး များပြား ပါတယ်။ နေရောင်ခြည် စွမ်းအင်သုံးပြီး အစာချက်လုပ်တဲ့ ဖိုတိုဆင်းသက်ဆစ်[122] ဖြစ်စဉ်ကို ဓာတုဓာတ်ပြုမှုအဆင့်ထိ ကျွန်တော်တို့ နားလည် လာပြီးတဲ့နောက် ဓာတ်ခွဲခန်းထဲမှာ အဲဒီဖြစ်စဉ်အတိုင်း လိုက်လံ တုပဖန်တီးယူကြည့်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အပင်တွေလောက် ထိရောက်အောင် စွမ်းဆောင်နိုင်ခြင်း မရှိကြပါဘူး။ ဒါကလည်း အံ့ဩစရာတော့ မဟုတ်ပါဘူး။ သဘာဝတရား က အဲဒီလုပ်ငန်းစဉ်ကို နှစ်သန်းပေါင်းထောင်နဲ့ချီပြီး ဆောင်ရွက်လာခဲ့တာလေ။ ကျွန်တော်တို့က အခုမှ စတင် စမ်းသပ်မလို့ပဲ ရှိသေးတယ်။ ဒါပေမယ့်တကယ်လို့ များ ဖိုတိုဆင်းသက်ဆစ်လုပ်ငန်းစဉ်ရဲ့ လျှို့ဝှက်ချက်တွေကို တွေ့ရှိပြီး ဘယ်လို ထိရောက်အောင်မြင်အောင် လုပ်ကိုင်ရမယ်ဆိုတာ သိရှိသွားပြီဆိုရင်တော့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး စတဲ့ လောင်စာ ရင်းမြစ်တွေ အားလုံး နောက်

ကောက်ကျသွားမှာပဲ ဖြစ်ပါတယ်။ ဖိုတိုဆင်းသက်ဆစ်ဟာ တကယ့်ကို သဘာဝ လောင်စာ ချက်လုပ်မှုလုပ်ငန်းစဉ်ပါပဲ။ လေထုကိုလည်း မညစ်ညမ်းစေ သလို ကာဗွန်ဓာတ်ကိုလည်း ပျက်ပြယ်စေပါတယ်။ လူတွေက တမင် ဖန်တီးထုတ် လုပ်လိုက်တဲ့ ဖိုတိုဆင်းသက်ဆစ် လုပ်ငန်းစဉ်ဟာ အတိုင်းအတာတစုံတရာ အထိ ကြီးမားလာခဲ့မယ်ဆိုရင် ဖန်လုံအိမ်အာနိသင် သက်ရောက်မှုကိုလည်းလျှော့ချ လာနိုင်မှာ ဖြစ်ပါတယ်။ အဲဒါဆိုရင်ရာသီဥတုပြောင်းလဲခြင်း ဆိုတဲ့ဘေးရန်များလှ တဲ့ လူ့အဖွဲ့ အစည်းရဲ့ ဦးတည်ရာ လမ်းကြောင်းကိုလည်း ပဲ့ကိုင်သွားနိုင်ပါလိမ့် မယ်။ ခုန ကျွန်တော်တို့ ပြောသွားခဲ့တဲ့ နှင်းစက်လေး အငွေ့ပျံသွားတဲ့အခါမှာ သူ့အထဲက တာဒီဂရိတ်လေးတွေရော ဘယ်လိုများ ကျန်ရစ်ခဲ့ကြမှာပါလိမ့်။ ဘာမှ စိတ်ပူစရာ မရှိပါဘူး။ တာဒီဂရိတ်ဆိုတဲ့ရေဝက်ဝံလေးတွေဟာ ရေဓာတ် လုံးဝ မရှိပဲ နှစ်နဲ့ချီပြီးတော့တောင် ရှင်သန်နေထိုင်နိုင်စွမ်း ရှိကြပါတယ်။

ထူးဆန်းတာက ပထမဦးဆုံးသော ပန်းပွင့်ရယ်လို့ မပွင့်လန်းခင် နှစ်သန်းပေါင်း ရာဂဏန်း တည်းက အပင်တွေဟာ ကမ္ဘာမြေမျက်နှာပြင်ပေါ် နေထိုင်ရှင်သန် လာခဲ့တာ ဖြစ်ပါတယ်။ အဲဒီကာလဟာဆိုရင် ဒိုင်နိုဆောတွေ မျိုးတုံးပျောက်ကွယ်မသွားခင် နှစ်သန်းတရာလောက် အလိုမှာ ဖြစ်ပါလိမ့်မယ်။ အဲဒီခေတ်ကာလတွေ တုန်းက ကမ္ဘာမြေဟာ အစိမ်းရောင်နဲ့ အညိုရောင်တွေ အတိပြီးတဲ့ သဘာဝ လောကကြီး ဖြစ်လို့နေမှာပါပဲ။ အပင်ကြီးငယ်မျိုးစုံတို့ ပေါက်ရောက်နေကြမယ်လို့ ယူဆရပေမယ့် ခရမ်းရောင် အိုင်းရစ်ပင်တွေ၊ အနီရောင် နှင်းဆီပင်တွေတော့ မရှိသေးပါဘူး။ သစ်ခွပန်းပင်တွေဟာ ကမ္ဘာပေါ်မှာ မျိုးစိတ် အစုံလင်ဆုံး ပန်းပင်တွေလို့ ဆိုနိုင်ပါတယ်။ ဆင့်ကဲဖြစ်စဉ်ရဲ့ အဓိပတိကြီး ဒါဝင် ကိုယ်တိုင် အမျိုး အစား စုံလင်လွန်းလှတဲ့ သစ်ခွတွေကို သဘောကျခဲ့ပြီး မက်ဒါဂတ်စ်ကားကျွန်းဆီ ရောက်ရှိတုန်းက ကော်မက်သစ်ခွ[123] မျိုးကို မြင်တွေ့ရတော့ တအံ့တဩ ဖြစ်ယူခဲ့ရတယ်လို့ ဆိုပါတယ်။

ကော်မက်သစ်ခွမှာ ဝတ်မှုန်ဟာ ရှည်လျားသေးသွယ်လှတဲ့ သစ်ခွရိုးတံရဲ့ ဟိုးအောက်မှာ ရောက်ရှိ နေတာကြောင့်ပါ။ အဲဒီ သစ်ခွမျိုးကို ကြည့်ရှုပြီး ခန့်မှန်း ဟောကိန်းထုတ်ဖို့ကိစ္စကလည်း အင်မတန်မှကို အရေးပါလှတာ မဟုတ်လား။ သဘာဝအလျောက် ရွေးချယ်မှုရဲ့ ဆင့်ကဲဖြစ်စဉ်အရ ဒါဝင် ဟောကိန်း ထုတ်လိုက်

တာကတော့ မက်ဒါဂတ်စ်ကားကျွန်းရဲ့ တနေရာမှာ နှာမောင်းတံ အင်မတန် ရှည်လျားလှတဲ့ အင်းဆက်တမျိုး ရှိကို ရှိရမယ်လို့ပါပဲ။ အဲဒီ ရှည်လျားလှတဲ့ နှာမောင်းတံနဲ့ ကော်မက်သစ်ခွရဲ့ ဝတ်မှုန်ကို စုပ်ယူလိမ့်မယ် လို့ သူက ဆိုပါ တယ်။

ဒါပေမယ့် အဲဒီလို ထူးထူးဆန်းဆန်း အင်းဆက်မျိုးကို ဘယ်သူမှ မြင်တွေ့ဖူး ခြင်း မရှိသေးပါဘူး။ ဒါပေမယ့် ဒါဝင်ကတော့ အလားတူ ပုံပန်းသဏ္ဌာန်ရှိတဲ့ အင်းဆက်မျိုး ရှိကို ရှိရမယ်လို့ အခိုင်အမာ ဆိုခဲ့ပါတယ်။ အဲဒီခေတ်ကာလတုန်း ကတော့ ဒါဝင်ရဲ့ ဟောကိန်းကိုယုံကြည်တဲ့သူ ခပ်ရှားရှား လို့ဆိုရမှာပါပဲ။ နောက်ထပ် နှစ်ပေါင်း ၅၀ အကြာမှာတော့ ဒါဝင်ရဲ့ အဆိုမှန်ကန် ကြောင်း သက်သေထူနိုင်ခဲ့ပါတယ်။ ၁၉၀၃ ခုနှစ်မှာ မော်ဂန်စဖင့်[124] လို့ခေါ်တဲ့ ပိုးဖလံကြီး မျိုးကို မက်ဒါဂတ်စ်ကားကျွန်းမှာ တွေ့ရှိခဲ့ကြပါတယ်။

ကော်မက်သစ်ခွ မွေးရန့်ရဲ့ ဆွဲဆောင်မှုနဲ့ ရိုးတံရှည်ဆီ တပေနီးပါးရှိတဲ့ နှာမောင်းတံနဲ့ စုပ်ယူနေတဲ့ မော်ဂန်စဖင့်ဟာ ဒါဝင်ရဲ့ ဟောကိန်းအတွက် ခိုင်မာ တဲ့ အထောက်အထားပဲ ဖြစ်ပါတယ်။ မော်ဂန်စဖင့် ပိုးဖလံကြီးမျိုးထက် ပိုပြီး စိတ်ဝင်စားဖို့ကောင်းတာကတော့ မက်ဒါဂတ်စ်ကားကျွန်းရဲ့ မိုးသစ်တော ၉၀ ရာခိုင်နှုန်း ဖျက်ဆီးခံခဲ့ရခြင်းပါပဲ။ အဲဒီ ပိုးဖလံကြီးမျိုး အပါအဝင် အင်းဆက် မျိုးစိတ် အများအပြား မျိုးတုံးပျောက် ကွယ်သွားလိမ့်မယ်လို့လည်း ဒါဝင်က ခန့်မှန်းခဲ့ပြီး အဲဒီအတိုင်း အမှန်တကယ် ဖြစ်ပွားခဲ့ပါတယ်။ နှစ်သန်းပေါင်းများစွာ ကြာညောင်းတဲ့ ဆင့်ကဲဖြစ်စဉ်အတိုင်း အက်တမ်အဏုမြူတွေနဲ့ မှတ်တမ်းတင် ထားခဲ့တဲ့ သက်ရှိတွေရဲ့ အခန်းကဏ္ဍ လို့လည်း ဆိုနိုင်ပါတယ်။

ကော်မက်သစ်ခွနှင့် မော်ဂန်စဖင့် ပိုးဖလံကြီး

ခပ်လှမ်းလှမ်းက မွှေးပျံ့တဲ့ပန်းရနံ့ကို ရရှိပြီး ရုပ်ရှင်ဇာတ်လမ်းတွေ၊ ကဗျာတွေ၊ သီချင်းတွေ စတာတွေအကြောင်း သတိတရဖြစ်မိတာမျိုး ကြုံတွေ့ ဖူးကြပါသလား။ အဲဒီဖြစ်ရပ်ကရော အလင်းလို စွမ်းအင်လှိုင်းတွေများလား။ ဒါမှမဟုတ် မိုက်ခရိုစကုပ်နဲ့ကြည့်ရှုမှ တွေ့မြင်နိုင်တဲ့ အမှုန်ဆိုတာမျိုးလား။ တကယ်တမ်းဆိုရရင် အဲဒါက မော်လီကျူး အစုအဝေးဖြစ်ပါတယ်။ ပေါင်မုန့်မီးကင်ရင်း တူးသွားတဲ့ အနံ့၊ ခါတ်ဆီနံ့၊ လိုင်းလက်ပန်းခင်းကနေ ထွက်ပေါ်လာတဲ့ မွှေးရနံ့ စတဲ့ ကျွန်တော်တို့ ရရှိတဲ့ မွှေးရနံ့တွေဟာ မော်လီကျူး အစုအဝေးပါပဲ။ အဲဒီမော်လီကျူးတွေဟာ ထူးခြားတဲ့ သွင်ပြင်သဏ္ဍာတွေ ပိုင်ဆိုင်ထားကြ ပါတယ်။ သူတို့ကို ရှူသွင်းလိုက်တဲ့အခါမှာ ကျွန်တော်တို့နှာခေါင်းထဲက အာရုံခံဆဲလ်ကလာပ်စည်းလေးတွေကို သွားလှုပ်နှိုးလိုက်သလိုဖြစ်ပြီး လျှပ်စစ်အချက်ပြမှုဟာ ဦးနှောက်ကို သွားသတင်းပို့ပါတယ်။ အဲဒီ မွှေးရနံ့ဟာ လိုင်လက်ပန်း ဆိုတာပါပဲ။

တခြားသော မွှေးရနံ့တွေ သယ်ဆောင်လာတဲ့ မော်လီကျူးတွေကတော့ သူတို့ရဲ့ ကိုယ်ပိုင် သွင်ပြင် သဏ္ဍာန်တွေ ပိုင်ဆိုင်ကြပါတယ်။ ပန်းပွင့်ရဲ့ ရနံ့ကဖြစ်စေ၊ မီးလင်းဖိုကနေ ညှော်နံ့ရတာဖြစ်စေ၊ မော်တာထဲက စက်ဆီနံ့ ဖြစ်စေ ကျွန်တော်တို့ရဲ့ မှတ်ဉာဏ်တွေကိုလှုပ်နှိုးစေတဲ့ အလားတူဖြစ်ရပ်တွေကို ဆောင်ကြဉ်း လာစေပါတယ်။ ပန်းပွင့်လေးတပွင့်ကနေ ထွက်ပေါ်လာတဲ့မွှေးရနံ့ဟာ ဘာလို့များ အစွမ်း ထက်လှတဲ့ မှတ်ဉာဏ်တွေကို လှုပ်နှိုးနိုင်စွမ်း ရှိနေရတာပါလိမ့်။ ကျွန်တော်တို့ရဲ့ ဦးနှောက်တွေ ဆင့်ကဲဖြစ်စဉ်အတိုင်း တိုးတက် လာခဲ့တာကိုက အဲဒီနည်းလမ်း မျိုးနဲ့ ဖြစ်ဖို့ များပါတယ်။ အနံ့ တစုံတရာကို ရရှိတဲ့အခါမှာ

ဦးနှောက်ရဲ့ အာရုံခံ အစိတ်အပိုင်းတွေကို သွားပြီး သတင်းပို့တယ်။ အဲဒီ အာရုံခံ အစိတ်အပိုင်းဟာ အမစ်ဒါလာ[125] ခေါ်တဲ့ စိတ်ခံစားမှုကို ထိန်းချုပ်ရာမှာ အရေးပါတဲ့ အင်္ဂါရပ် ဖြစ်ပါတယ်။ ဟစ်ပိုကမ်ပက်စ်[126] ဆိုတဲ့ မှတ်ဉာဏ်ထိန်းချုပ်ရာ အစိတ်အပိုင်းနဲ့ လည်း နီးကပ်စွာ တည်ရှိလို့နေပါတယ်။ နှာခေါင်းကနေ မွှေးရနံ့ကို သယ်ဆောင် လာတဲ့အခါ ဦးနှောက်ဆဲလ် ကလာပ်စည်း အစုလေးတွေဟာ ဘာရနံ့လဲဆိုတာ နှစ်သန်းပေါင်းရာနဲ့ချီတဲ့ ဆင့်ကဲဖြစ်စဉ်တလျှောက် နားလည်ခဲ့တဲ့ အတိုင်း အဓိပ္ပာယ် ဖွင့်ဆိုကြပါတယ်။

ဒါဟာကျွန်တော်တို့ အသက်ရှင် ရပ်တည်ဖို့အတွက် အင်မတန် အရေးပါတဲ့ လုပ်ငန်းစဉ်ဖြစ်ပြီး ဘယ်အနံ့က အန္တရာယ်ကို ဖော်ညွှန်းနေကြောင်း မဖြစ်မနေ နားလည်ရတာမျိုးပါ။ တကယ်လို့ ကျွန်တော်တို့ကို ဖမ်းယူစားသောက်မယ့် သားရဲတွေ အနီးနား မချဉ်းကပ်နိုင်ခင်တည်းက အနံ့ တစုံတရာကို ရရှိပြီး ကြိုတင်ရှောင်ရှား နိုင်ခဲ့မယ်ဆိုရင်၊ တောမီးတွေ လောင်ကျွမ်းနေတုန်း ပိတ်မိမနေခင် ရှောင်တိမ်းနိုင်ဖို့ အထောက်အကူ ဖြစ်စေခဲ့မယ်ဆိုရင် ကျွန်တော်တို့အတွက် အသက်ရှင်ဖို့၊ အဲဒီ အနံ့ခံအာရုံကို နောက်မျိုးဆက် တွေဆီ လက်ဆင့် ကမ်းနိုင်ဖို့ အခွင့်အလမ်း ပိုမို များပြားပါလိမ့်မယ်။ ခုနပြောတဲ့ ပန်းပွင့်ကနေ ရရှိတဲ့ မွှေးရနံ့ဟာ အာရုံခံ အစိတ်အပိုင်းတွေကို လှုပ်နှိုးဖို့အတွက် ပင်ကိုယ်ထူးခြားတဲ့ သွင်ပြင်သဏ္ဌာန်နဲ့ ဖွဲ့စည်း ထားပါတယ်။ အဲဒီလို အတိအကျ ဖွဲ့စည်းထားတဲ့မော်လီကျူး အစုအဝေးကပဲ ကျွန်တော်တို့ ဦးနှောက်ထဲက သူနဲ့ သက်ဆိုင်ရာ မှတ်ဉာဏ်ကို လှုပ်နှိုးနိုင်စွမ်း ရှိတာ ဖြစ်ပါတယ်။

သစ်ပင်တွေဟာလည်း ကျွန်တော်တို့နည်းတူ အသက်ရှူသွင်း နေကြတာပါပဲ။ ကာဗွန်ဒိုင်အောက်ဆိုဒ် မော်လီကျူးတွေကို ရှူသွင်းပြီး အောက်ဆီဂျင်မော်လီကျူးတွေကို ရှူထုတ်ကြပါတယ်။ ကျွန်တော်တို့ အသက်ရှူပုံနဲ့တော့ ဆန့်ကျင် ဘက်ပေါ့လေ။ လက်ဖွဲ့ရာတွေ၊ နှင်းပွင့်ချပ်တွေနဲ့ မတူပဲ အက်တမ်အဏုမြူ တွေနဲ့မော်လီကျူးတွေဟာ ဒြပ်ဝတ္ထုချင်း တူညီတယ်ဆိုရင် တပုံစံတည်း ဖြစ်ကြ ပါတယ်။ ကျွန်တော်တို့ အသက်ရှူသွင်းလိုက်တိုင်းမှာ ကိုယ်ခန္ဓာထဲကိုဝင်ရောက် သွားတဲ့ မော်လီကျူး အရေအတွက်ဟာ စကြဝဠာထဲက ဂလက်ဆီတွေမှာ ပါဝင်တဲ့ကြယ်တာရာ အရေအတွက်ထက် ပိုမိုများပြားပါလိမ့်မယ်။

ကျွန်တော်တို့ ရှုထုတ်လိုက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် မော်လီကျူးဟာလည်း ကမ္ဘာ့လေထုထဲ ကို ရောက်ရှိသွားပြီး တခြားသက်ရှိတွေ အသက်ရှူနိုင်စေပါတယ်။ ကျွန်တော် တို့တင်မက ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေ အသက်ရှူ သွင်းလိုက်တိုင်းမှာ မော်လီကျူးပေါင်း သန်းရာဂဏန်း အရေအတွက် ရှိပါတယ်။ အဲဒီမော်လီကျူး တွေ၊ အက်တမ်တွေကပဲ ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေ ပြန်လည်ဝင်စားသလိုမျိုး လို့ ဆိုနိုင်ပြီး သူတို့နဲ့ ချိတ်ဆက်မိတဲ့ ခံစားချက်ကို ဖြစ်ပေါ်စေတယ် ထင်ပါရဲ့။ အဲဒီ အက်တမ်တွေ၊ မော်လီကျူးတွေဟာ စကြဝဠာ အနှံ့ကိုလေ့လာစူးစမ်းလိုတဲ့ ကျွန်တော်တို့နဲ့ ဟိုးအရင် ကမ္ဘာဦးခေတ်ကာလရဲ့ ဘိုးဘေးတွေ အကြောင်း တဖန် ဆက်နွယ်မှုလို့လည်း ဆိုနိုင်ပါတယ်။

စကြဝဠာကမ္ဘာလောကကို ကျွန်တော်တို့ အသစ်တဖန်ရှုမြင်ပုံတွေ ပေါ်ထွန်းလာခဲ့တာ သိပ်မကြာ သေးပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂,၅၀၀ လောက်တုန်း ကမှပါ။ အဲဒီတုန်းက ကမ္ဘာ့အရှေ့ခြမ်းရဲ့ အင်ပါယာတွေနဲ့ အနောက်ကမ္ဘာကို ရှေးခေတ်ဂရိ(ခေါမ) ပြည်က ချိတ်ဆက်ပေးထားသလို ရှိခဲ့ပါတယ်။ အဲဒီကနေပဲ ကုန်စည် ကူးသန်း ဖောက်ကားသူတွေ၊ ကမ္ဘာလှည့်လေ့လာရေး ခရီးထွက်သူတွေ၊ သင်္ဘောသားတွေ ကူးလူးဆက်ဆံခဲ့ကြပြီး သူတို့ ကြားသိခဲ့ရသမျှ မင်းဧကရာဇ်တွေနဲ့ နတ်ဘုရားတွေ အကြောင်း အပြန်အလှန် ဖောက်သည်ချခဲ့ကြပါတယ်။ အခုတူရကီနိုင်ငံဖြစ်ပြီး မိုင်လေတပ်စ်[127] လို အိုင်ယိုနီယန် မြို့ပြတွေမှာ ကျွန်တော်တို့ သိမြင်ထားတဲ့ ဒြပ်စင်တွေ အကြောင်း ကနဦး လေ့လာတွေ့ ရှိခဲ့ကြပါတယ်။ အဲဒီဒေသမှာပဲ ကမ္ဘာ့သမိုင်းရဲ့ ပထမဦးဆုံးသော ပြဇာတ်တွေ၊ ဝတ္ထုတွေ၊ ကဗျာ တွေလည်း စတင်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီထက် ပိုပြီး အရေးပါတာက ပြည်သူလူထုကနေ တိုင်းပြည်ကို အုပ်ချုပ်တဲ့ ထူးခြားဆန်းသစ်တဲ့ အတွေးအမြင်ဟာ လည်း အဲဒီမှာပဲစတင်ခဲ့တယ်ဆိုတာပါပဲ။ ဒီကနေ့ ဒီမိုကရေစီရယ်[128]လို့ ကျွန်တော်တို့ ခေါ်ဆိုသုံးနှုန်းတဲ့ ဝေါဟာရရဲ့ နောက်ကွယ်က အများပြည်သူ တဦးချင်းစီမှာ အုပ်ချုပ်သူ အစိုးရတွေ ငြင်းပယ်လို့မရတဲ့ ရပိုင်ခွင့်တွေ ပိုင်ဆိုင်ထားတယ်ဆိုတဲ့ အတွေးအမြင်ဟာလည်း အဲဒီမှာပဲ စတင်ခဲ့ပါတယ်။

ဒါပေမယ့် ကျွန်တော့်အမြင်အရ အဲဒီရှေးခေတ်ကမ္ဘာကနေ ထွက်ပေါ်လာခဲ့တဲ့ အဆန်းသစ်ဆုံးလို့ ဆိုချင်တဲ့ အတွေးအမြင်ကတော့ သဘာဝဖြစ်စဉ်တွေဟာ

နတ်ဘုရားတွေရဲ့ ဆုလာဘ်တွေ၊ ပြစ်ဒဏ် တွေကြောင့် မဟုတ်၊ သဘာဝလွန် နတ်ဘုရားတွေ၊ တန်ခိုးပြဋ္ဌိဟာတွေမပါဝင်ပဲ သဘာဝဖြစ်စဉ်တွေ အကြောင်းကို ဖွင့်ဆို ရှင်းပြ နိုင်တယ်ဆိုတဲ့ အတွေးအမြင်ပါပဲ။ အဲဒီ အတွေးအမြင်ကို ပထမ ဦးဆုံး ဖော်ထုတ်ခဲ့သူရဲ့ အမည်ကတော့ သေးလိစ်[129] ပဲဖြစ်ပါတယ်။ မိုးခြိမ်းတာ တွေ၊ မြေငလျင်လှုပ်တာတွေဟာ ကျွန်တော်တို့ လုပ်ဆောင်လိုက်တဲ့ အကြောင်း ကိစ္စ တစုံတရာအပေါ် နတ်ဘုရားတွေက မနှစ်မြို့တာ ကြောင့်လား။ မဖြစ်နိုင်ပါ ဘူး။

ကျွန်တော်တို့ လူသားတွေ နားလည်သဘောပေါက်နိုင်တဲ့ သဘာဝအတိုင်း ဖြစ်ပွားတဲ့ သက်ရောက် အားတွေကြောင့်ပါ။ သေးလိစ်တို့ ခေတ်တုန်းကတော့ အဲဒီအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး စုံလင်အောင် ဖွင့်ဆို ရေးသားထားတဲ့ စာပေကျမ်းဂန်တွေလည်း မရှိခဲ့ဘူးလေ။ အဲဒီတော့ သေးလိစ်က အဲဒီအကြောင်း တွေကို ဖွင့်ချ လိုက်ပြီး ဒီကနေ့ထိတိုင်အောင် ကမ္ဘာလောကကို အပြင်းအထန် ကိုင်လှုပ်နေဆဲ လို့ ဆိုနိုင်ပါတယ်။ စကြဝဠာ ကမ္ဘာလောကဟာ လူသားတွေ နားလည်နိုင်တဲ့ သဘာဝနိယာမ တွေနဲ့ ဖွဲ့စည်းထားတယ် ဆိုတဲ့ သေးလိစ်ရဲ့ အတွေးအမြင်က အဲဒီခေတ်ကာလတည်းကနေ ဒီကနေ့ထိတိုင် လူ့အဖွဲ့အစည်း အပေါ်သက်ရောက်မှု အင်မတန် ပြင်းထန်ခဲ့ပါတယ်။

သေးလိစ် ကွယ်လွန်ပြီး ရာစုနှစ်တခုကျော်လွန်ပြီးသွားတဲ့အခါ နောက်ထပ် ပါရမီရှင်တဦး ထပ်မံ ပေါ်ထွက်လာခဲ့ပြန်ပါတယ်။ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင် က သဘာဝ အင်အားစုတွေအကြောင်း ဖွင့်ဆို ရှင်းပြရာမှာ သူ့ကို ကျော်လွန်တဲ့သူ ခပ်ရှားရှား ဖြစ်ပါလိမ့်မယ်။ အက်ဘ်ဒါရာဒေသ[130] ရဲ့ ဒီမော့ကရစ်တပ်စ်[131] ဆိုသူ ပါပဲ။ စကြဝဠာ ကမ္ဘာလောကအကြောင်း သိနားလည်လိုစိတ် အင်မတန် ပြင်းပြ ပြီး လူ့အဖွဲ့ အစည်းခေတ်ဦးရဲ့ လောကဓာတ် သိပ္ပံပညာရှင်လို့လည်း သတ်မှတ်ခဲ့ ကြပါတယ်။ အပြောင်အပျက် ပြောဆိုရာမှာလည်း ပြိုင်စံရှားလို့ ဆိုပါတယ်။ “ပါတီပွဲတွေမရှိတဲ့ လောကဟာ ထမင်းဆိုင်မရှိတဲ့ အဝေးပြေး လမ်းမကြီးလိုပဲ”လို့ ဆိုခဲ့သူ ဖြစ်ပါတယ်။ ကမ္ဘာလောကကို အင်မတန် သေးငယ်လှတဲ့ အက်တမ် အဏုမြူတွေနဲ့ဖွဲ့စည်းထားတယ်။ အဲဒီအက်တမ်တွေ အကြားမှာလည်း

လေဟာနယ်ဟင်းလင်းပြင်တွေ အများအပြား ပါဝင်လို့နေတယ်။ အဲဒီလိုမဟုတ်ရင် ကမ္ဘာ လောကဟာ လှုပ်ရှားမရအောင်ဖြစ်နေလိမ့်မယ်” လို့ သူက ဆိုပါတယ်။

အမှန်တကယ်လည်း အဲဒီလိုပါပဲ။ ဒီမော်ကရစ်တပ်စ် သောက်သုံးတဲ့ ဝိုင်အရက်ချိုရော၊ ထည့်ထားတဲ့ ကြွေခွက်ပါ အက်တမ် အဏုမြူတွေနဲ့ ဖွဲ့စည်းထားတာပါ။ ကြွေထည်မြေထည်တွေ မှာဆိုရင် မိုက်ခရိုစကုပ်နဲ့ ကြည့်ရှုတဲ့အခါ မတူကွဲပြားတဲ့ သတ္တုအမျိုးအစားတွေ ပါဝင်ပြီး အမျိုးအစား တခုချင်းစီတိုင်းမှာ ကိုယ်ပိုင် ဖွဲ့စည်းပုံတွေ ရှိကြပါတယ်။

သလင်းကျောက်ဆိုရင် အက်တမ် ၃ လုံး နဲ့ ပုံစံတူ ဖွဲ့စည်းထားတာဖြစ်ပြီး သူ့ထက် ဖွဲ့စည်းပုံ ရှုပ်ထွေးတဲ့ ဥသဖယားမှာတော့ အက်တမ် ၁၀ လုံးဝန်းကျင်နဲ့ တပုံစံတည်း ဖွဲ့စည်းပါဝင်ပါတယ်။ တခြား ဒြပ်စင်တွေနဲ့ ပေါင်းစည်း ပေးလိုတယ်ဆိုရင်တော့ အဲဒီအက်တမ်တွေကို အချင်းချင်း ချိတ်ဆက်မိအောင် ခွာတ်ပြုပေးမှပဲ ဖြစ်ပါလိမ့်မယ်။

အဲဒီထဲကမှ ကာဗွန်အက်တမ်ဟာ အင်မတန်ထူးခြားတဲ့ အက်တမ် အဏုမြူလို့ ဆိုရပါလိမ့်မယ်။ ကမ္ဘာမြေပေါ်က သက်ရှိတွေအတွက် မရှိမဖြစ် အရေးပါတဲ့ အက်တမ်လည်း ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကာဗွန် အက်တမ်ဟာ မတူကွဲပြား တဲ့ တခြားအက်တမ် ၄ မျိုးလောက်နဲ့ တပြိုင်နက်တည်း ပေါင်းစည်းနိုင်တာ ကြောင့်ပါပဲ။ တခြားအက်တမ် အမျိုးအစား အများကြီးနဲ့ ချိတ်ဆက်နိုင်သလို ကာဗွန်အက်တမ်တွေ အချင်းချင်းနဲ့ပါ ထပ်မံ ချိတ်ဆက်နိုင်စွမ်း ရှိပါတယ်။ ကွင်းဆက်လိုမျိုး၊ ချိန်းကြိုးလိုမျိုးလည်း အရှည်ကြီး ချိတ်ဆက်နိုင်ပြီး ပုံဆောင်ခဲထက် ပိုမို ရှုပ်ထွေးတဲ့ မော်လီကျူးတွေကို ဖွဲ့စည်းနိုင်ပါတယ်။ အဲဒီလို ချိတ်ဆက်ရလွယ်ကူမှုမှာ တခြား ဘယ်အက်တမ်မှ သူနဲ့ မယှဉ်ပြိုင်နိုင်ပါဘူး။ ဆီလီကွန်လို ခွာတုဖွဲ့စည်းပုံ ဆင်တူတဲ့ အက်တမ်မှာတောင် ကာဗွန်နဲ့ ဖွဲ့စည်းသလိုမျိုး အမျိုးအစား စုံလင်ခြင်း မရှိပါဘူး။ ပရိုတိန်းလို့ ကျွန်တော်တို့ ခေါ်ဆိုကြတဲ့ ကာဗွန်အခြေပြု မော်လီကျူး (သက်ရှိတွေရဲ့ မော်လီကျူး) မှာဆိုရင် အက်တမ်ပေါင်း သိန်းနဲ့ချီပြီး ဖွဲ့စည်းထားတာပါ။ ကာဗွန် အက်တမ်ဟာ မော်လီကျူးရဲ့ ကျောရိုးဖြစ် ပြီး ကျွန်တော်တို့ အပါအဝင် သက်ရှိတွေ အားလုံးကို ဖွဲ့စည်းရာမှာ အဓိက

ဖြစ်လို့နေပါတယ်။ ကျောက်စိုင်ကျောက်ခဲတွေနဲ့ သက်ရှိတွေအကြား ကွဲပြား ခြားနားမှုက အဲဒါပါပဲ။ သက်ရှိ တွေမှာ မော်လီကျူး ထောင်ပေါင်းများစွာတို့ဟာ ဆန်းပြားရှုပ်ထွေးစွာ ဖွဲ့စည်းထားကြပြီး ဒြပ်ဝတ္ထုတွေကို အပြန်အလှန် သက်ရောက်မှုဖြစ်စေတာ၊ ဆင့်ကဲပြောင်းလဲစေတာ၊ ချစ်ခြင်းမေတ္တာကို ခံစားနိုင်စေတာတွေ ဖြစ်ပေါ်စေ ပါတယ်။

ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာလောကမှာ အက်တမ် အဏုမြူအဆင့် ပြောဆိုတဲ့အခါ ဒြပ်ထုတွေ အနေနဲ့ အမှန်တကယ် ထိတွေ့ မိခြင်း မရှိပါဘူး။ အက်တမ်တိုင်းရဲ့ အလယ်ဗဟိုမှာ အင်မတန် သေးငယ်တဲ့ နယူး ကလိယပ်စ်ဆိုတဲ့ အစိတ်အပိုင်း ပါဝင်ပြီး အပြင်ဘက်မှာတော့ အီလက်ထရွန်တွေဟာ တိမ်တိုက် သဖွယ် သက်ရောက်အားကို ဆောင်ကြဉ်းလို့ နေပါတယ်။ အက်တမ်တွေ အချင်းချင်း နီးကပ်သွားတဲ့အခါ အီလက်ထရွန် တိမ်တိုက်ချင်း သက်ရောက်အား ဆုံဆည်းမိကြတာပါ။ ၉၉.၉ ရာခိုင်နှုန်းသော အက်တမ်တွေရဲ့ ဒြပ်ထုဟာ နယူးကလိယပ်စ်အပေါ်မှာပဲ အခြေပြုထားပါတယ်။ သူ့ကို မမြင်ရတဲ့ အီလက်ထရွန် တိမ်တိုက်နဲ့ဝန်းရံထားသလိုမျိုးပါ။ အဲဒီ အီလက်ထရွန်တွေရဲ့ ဖွဲ့စည်းမှု ပုံသဏ္ဍာန်ကပဲဒြပ်ဝတ္ထုရဲ့ သဘော၊ သဘာဝကို အဆုံးအဖြတ်ပေးပါတယ်။

သာမန် နိစ္စဓူဝ ကမ္ဘာလောကမှာတော့ နယူးကလိယပ်စ်ချင်း ထိတွေ့ တယ်လို့ ဘယ်တော့မှ မရှိပါဘူး။ အချင်းချင်းထိတွေ့မိကြတယ်ဆိုတဲ့ခံစားချက်ဟာ မမြင်ရတဲ့ အီလက် ထရွန်တိမ်တိုက်ရဲ့ သက်ရောက်မှုတွေ အပြန်အလှန် တွန်းကန်တဲ့ သဘောပါပဲ။

နယူးကလိယပ်စ်ဟာ အက်တမ်နဲ့ နှိုင်းစာရင် အချိုးအစား အင်မတန် သေးငယ်လှပါတယ်။ တကယ်လို့ အက်တမ်ဟာ ဘုရားကျောင်းကြီးလောက် အရွယ်အစား ကြီးမားခဲ့မယ်ဆိုရင် နယူးကလိယပ်ဟာ ဖုန်မှုန့် လေးလောက်ပဲ ရှိပါလိမ့်မယ်။ အက်တမ်ဟာ အများအားဖြင့် ဟင်းလင်းပြင်ကြီးပါပဲ။ ဒြပ်ထုတွေ အကြောင်းကို အက်တမ်အဏုမြူ အဆင့်ထိ နားလည်လိုတယ် ဆိုရင်တော့ အဆ ပေါင်း တသိန်းလောက် ပိုမိုသေးငယ်တဲ့ နှုန်းထားနဲ့ လေ့လာမှပဲ ဖြစ်ပါလိမ့် မယ်။

စကြဝဠာတခုလုံးမှာ အရိုးရှင်းဆုံးသော အက်တမ်ကတော့ ဟိုက်ဒရိုဂျင်ပဲ ဖြစ်ပါတယ်။ သူ့ရဲ့ နယူးကလိယပ်စ်မှာ ပရိုတွန်တလုံးပဲ ပါဝင်ပြီး ဒြပ်စင်ဇယားရဲ့ ပထမဆုံး နေရာကို ရယူထားပါတယ်။ နယူးကလိယပ်စ်ရဲ့ အပြင်ဘက်မှာ အီလက်ထရွန်တိမ်တိုက်အဖြစ် လှည့်ပတ်နေတာကလည်း တလုံးတည်း သော အီလက်ထရွန်ပါပဲ။ နယူးကလိယပ်စ်မှာ ပရိုတွန် ၂ လုံး ပါဝင်တဲ့အခါမှာတော့ ပရိုတွန်တွေ အချင်းချင်း တွန်းကန်ကြပါတယ်။ သူ့တို့ကို နယူးကလိယပ်စ်မှာ အတူတကွ စုစည်းနေစေဖို့ နယူထရွန် ဆိုတဲ့ အခြားအမှုန်တမျိုး လိုအပ်လာပါ တယ်။ သူတို့က ပရိုတွန်တွေ တစုတစည်းတည်း ရှိနေစေဖို့ တာဝန်ယူ ပေးပါ တယ်။

အဲဒီလို နယူးကလိယပ်စ်ထဲမှာ ပရိုတွန် ၂ လုံးရှိတဲ့ အက်တမ်ကတော့ ဒြပ်စင် ဇယားရဲ့ ဒုတိယမြောက်ဖြစ်တဲ့ဟီလီယမ်ပါပဲ။ ဒြပ်စင်ဇယားရဲ့ အမှတ် ၆ မှာရှိပြီး ပရိုတွန်၆လုံး ပိုင်ဆိုင်တဲ့ဒြပ်စင် ကတော့ ကာဗွန်ဖြစ်ပါတယ်။ သက်ရှိတွေ အားလုံး အတွက် မရှိမဖြစ် အရေးပါတဲ့ ဒြပ်စင်ပါပဲ။ ရွှေသတ္တုမှာတော့ ပရိုတွန် ၇၉ လုံး ပါဝင်ပြီး အပြင်ဘက်မှာလည်း အီလက်ထရွန်တိမ်တိုက်အတွင်း အီလက်ထရွန် ၇၉လုံး လှည့်ပတ်လို့နေပါတယ်။ အဲဒီ အီလက်ထရွန်တွေ အလင်းနဲ့ ထိတွေ့တဲ့ အခါပြုမူပုံကပဲ ရွှေကို အရောင်တလက်လက် ဖြစ်စေပါတယ်။ နယူး ကလိယပ်စ် ထဲမှာ ပရိုတွန် တလုံး ပိုမိုလာတိုင်း အတူတကွ စုစည်းနေစေဖို့ နယူ ထရွန် တလုံး ထပ်မံ လိုအပ်ပါတယ်။ ဒါပေမယ့် အတိုင်းအဆ မရှိ ထည့်သွင်းနိုင် တာမျိုး မဟုတ်ပါဘူး။ နယူးကလိယပ်စ်ကိုတည်ငြိမ်နေစေဖို့ နယူထရွန် အရေအတွက် ထည့်သွင်းရာမှာ အကန့်အသတ် ရှိပါတယ်။

အက်တမ်တွေမှာ နယူးကလိယပ်စ်တွေ အချင်းချင်း ထိတွေ့ မိလေ့ မရှိဘူး ဆိုပေမယ့် အက်တမ်တွေရဲ့ နယူးကလိယပ်စ်တွေ အချင်းချင်း ထိတွေ့မိကြတဲ့ နေရာတခုတော့ ရှိပါတယ်။ အဲဒါကတော့ နေ ပါပဲ။ နေဟာ အစိုင်အခဲပုံစံမျိုး မြင် တွေ့ ရပေမယ့် တကယ်တမ်း အဲဒီလို မဟုတ်ပါဘူး။ အပူချိန် အင်မတန် မြင့်မား လွန်းတဲ့ အတွက် အက်တမ်တွေ အားလုံးဟာ အငွေ့ အဖြစ်ပဲတည်ရှိနိုင်ကြ ပါ တယ်။ ကမ္ဘာ့မြေပေါ်မှာ အစိုင်အခဲတွေ၊ အရည်တွေအဖြစ်နဲ့ တည်ရှိကြတဲ့ အက်တမ်တွေရဲ့ ဖွဲ့စည်းပုံဟာ နေရဲ့ မြင့်မားလှတဲ့ အပူချိန်ကြောင့် အကုန် အငွေ့

ပျံ့ ကုန်ကြပါတယ်။ အဲဒီလို တဟုန်းဟုန်း တောက်လောက်နေတဲ့ နေရဲ့ အခိုးအလျှံ တွေကို အတွင်းပိုင်းက လျှပ်စစ်သံလိုက်လှိုင်း တွေက ထိန်းချုပ်ထားပါတယ်။ နေက ဘာလို့များ အဲဒီလောက် ပူပြင်းရတာပါလိမ့်။ ဘာလို့လဲဆိုတော့ သူ့ရဲ့ မြင့်မားလှတဲ့ဆွဲငင်အားဟာ အက်တမ်တွေ အားလုံးကို ဆွဲညှစ် ထားတာကြောင့်ပါ။ အဲဒီ ဆွဲငင်အားဟာ အက်တမ်တွေ အသွင်ပြောင်းစေပြီး စွမ်းအင်တွေ ထပ်မံ ထုတ်လုပ် ပေးပါတယ်။ အပူဆိုတာ အဲဒီကနေ ဖြစ်ပေါ်လာတာပါပဲ။ နေရဲ့ အတွင်း ပိုင်းကို ရောက်ရှိလေလေ၊ ဆွဲငင်အားနဲ့ အပူချိန်တွေ မြင့်မား လာလေလေ ဖြစ်ပါတယ်။ နေရဲ့ အလယ်ဗဟိုမှာ အက်တမ်တွေဟာ အင်မတန် မြန်ဆန်တဲ့ နှုန်းထား နဲ့ လှုပ်ရှားနေပြီး အချင်းချင်း ပွတ်တိုက်မိကြပါတယ်။ သူတို့ရဲ့ နယူးကလိယပ်စ် တွေ အချင်းချင်းလည်း ထိခိုက်မိကုန်ပါတယ်။ နေဟာ သူ့ရဲ့ ကိုယ်ပိုင်ဆွဲငင်အားနဲ့ လည်ပတ်နေတဲ့ အဏုမြူ ဓာတ်ပေါင်းဖိုပါပဲ။ အတွင်းပိုင်းရဲ့ ဆွဲငင်အားနဲ့ အပြင် ဘက်ကို ပူပြင်းတဲ့ ဓာတ်ငွေ့တွေ ထုတ်လွှတ်မှုအားတို့ဟာ အချိုးမျှတစွာပဲ ဟန်ချက် ညီလို့နေပါတယ်။အဲဒီ ဟန်ချက်ညီမှုဟာ နှစ်သန်းပေါင်း ထောင်နဲ့ချီ ကြာညောင်း နေခဲ့ပြီး ကျွန်တော်တို့ ကမ္ဘာမြေပေါ်မှာ သက်ရှိတွေ ဆင့်ကဲဖြစ်ပေါ်လာ ဖို့အတွက် အားကိုးအားထား ပြုရာ စွမ်းအင်တွေကို ဖြည့်ဆည်းပေးခဲ့ပါတယ်။

နေရဲ့ အလယ်ဗဟိုက အဏုမြူ ဓာတ်ပေါင်းဖိုထဲမှာ ဟိုက်ဒရိုဂျင်အက်တမ်တွေကို ဟီလီယမ် အက်တမ်တွေ အဖြစ် ပြောင်းလဲပေးနေခဲ့ပြီး အဲဒီကနေ ထုတ်လွှတ်လိုက်တဲ့ အဏုမြူ စွမ်းအင်တွေဟာ ဖိုတွန် အလင်းမှုန်တွေ အဖြစ် ထွက်ပေါ်လာပါတယ်။ အဲဒီ ဖိုတွန်မှုန်တွေဟာ နေရဲ့ မျက်နှာပြင်ဘက်ဆီ တဖြည်းဖြည်း တိုးထွက်လာခဲ့ပြီး ကျွန်တော်တို့အနေနဲ့ အလင်းအဖြစ် မြင်တွေ့ ရပါတယ်။ ဟီလီယမ်ဟာ နေရဲ့ အဏုမြူ လောင်စာ ချက်လုပ်မှုမှာ ဓာတ်ပြာအဖြစ် ထွက်ရှိ လာတာပါ။ နေဟာ အလယ်အလတ်အရွယ် ကြယ်တာရာ အမျိုးအစား ဖြစ်ပြီး အပူချိန်ကတော့ ၁၀ မီလျံ ဒီဂရီလောက် ရှိပါတယ်။ ဟိုက်ဒရိုဂျင်ကို ဟီလီယမ် အဖြစ် ကူးပြောင်းပေးဖို့ လုံလောက်တဲ့ အပူချိန်ရှိပေမယ့် ဟီလီယမ်ကို ထပ်မံ ချက်လုပ်ဖို့တော့ အပူချိန်မလုံလောက်ပါဘူး။ တခြားသောဂလက်ဆီကြယ်တာရာ အစုအဝေးကြီးတွေမှာ နေထက် ဆွဲငင်အားနဲ့ အပူချိန် ပိုမို မြင့်မားတဲ့ နေ (ကြယ်တာရာ) တွေလည်း ရှိကြပါတယ်။ အဲဒီလို ကြယ်တာရာကြီးတွေမှာတော့ ဟီလီယ

မ်ထက် ပိုမိုလေးလံတဲ့ ဒြပ်စင်တွေဖြစ်ကြတဲ့ ကာဗွန်တွေ၊ အောက်ဆီဂျင်တွေကို ထုတ်လုပ်နိုင်စွမ်း ရှိကြပါတယ်။ ဟိုးအရင်ကမ္ဘေကမ္ဘာ ကာလတွေမှာ သူတို့ ချက်လုပ်လိုက်တဲ့ အဲဒီ ဒြပ်စင်တွေကို အာကာသထဲဆီ ထုတ်လွှတ်ပေးခဲ့ကြပါ တယ်။

တချို့သော ကြယ်တာရာကြီးတွေကတော့ အရွယ်အစား အားဖြင့်လည်း အင်မတန်ကြီးမား၊ လောင်စာ ချက်လုပ်မှုလည်း အင်မတန် မြန်ဆန်လွန်းလှတာမလို့ သက်တမ်း သိပ်မရှိသေးခင်မှာပဲ ပေါက်ကွဲ ပျက်စီးသွားတတ် ကြပါတယ်။ အဲဒီလို ပေါက်ကွဲမှုကြီးတွေကို စူပါနိုဗာရယ်လို့ ခေါ်ဆိုကြပါတယ်။ ကျွန်တော်တို့ ကမ္ဘာမြေတည်ရှိရာ နဂါးငွေ့တန်း ဂလက်ဆီမှာတော့ အဲဒီလို စူပါနိုဗာ ဖြစ်ရပ်တွေဟာ ရာစုနှစ်တခုမှ တကြိမ်လောက်ပဲ ဖြစ်ပွား ပါတယ်။ အဲဒီ စူပါနိုဗာ ပေါက်ကွဲမှုကြီး တွေဟာ နေရဲ့ အလယ်ဗဟိုထက်တောင်မှ အပူချိန် မြင့်မားပါသေးတယ်။ အဲဒီလို မြင့်မားလှတဲ့ အပူချိန်တွေကြောင့်ပဲ သံသတ္တုလို လေးလံတဲ့ ဒြပ်စစ်တွေ ထုတ်လုပ်ဖို့ အခွင့်ပေးခဲ့ပါတယ်။ စူပါနိုဗာတွေ ပေါက်ကွဲတဲ့အခါ သူတို့ရဲ့ အလင်းတန်းတွေကို ဂလက်ဆီတခွင် ကနေ တွေ့မြင်နိုင်လောက်အောင် တောက်ပလှေ ရှိပါတယ်။ ဒါပေမယ့် အဲဒီလို ထွက်ပေါ်လာတဲ့ အလင်းဟာ ပေါက်ကွဲမှုတွေကနေ ထုတ်လွှတ် လိုက်တဲ့ စွမ်းအင်အားလုံးရဲ့ ၁ ရာခိုင်နှုန်း အချိုးအစားလောက်ပါပဲ။ ကျန်တဲ့ ၉၉ ရာခိုင်နှုန်းသော စွမ်းအင် တွေကတော့ အင်မတန် ဆန်းကြယ်လှတဲ့ အမှုန် အမျိုးအစားအဖြစ် စကြဝဠာထဲကို ပျံ့နှံ့သွားခဲ့ပါတယ်။ သန်းပေါင်း များစွာသော အဲဒီ အမှုန်တွေဟာ စာဖတ်သူရဲ့ ကိုယ်ခန္ဓာထဲကို အခုတောင် ဖြတ်သန်း ဝင်ရောက်နေတုန်းလို့ ဆိုနိုင်ပါတယ်။

အဲဒီ အမှုန်တွေကို ထောက်လှမ်းဖို့အတွက် ဆိုရင် ကမ္ဘာပေါ်မှာ အဆင့်မြင့် နည်းပညာတွေနဲ့ ဆောက်လုပ် ထားတဲ့ သိပ္ပံခန်းတွေထဲကပဲ သိမြင်နိုင်စွမ်း ရှိပါလိမ့်မယ်။ နူထရီနို[132] ဆိုတဲ့ အမှုန်ကို ထောက်လှမ်းခြင်းဟာ အင်မတန် ရှားပါးလှတဲ့ အလေ့အထပဲ ဖြစ်ပါတယ်။ သူတို့ကို လေ့လာဖို့အတွက် အင်မတန် ဆန်းပြားတဲ့ ကိရိယာတွေ၊ အဆောက်အဦးတွေ လိုအပ်ပါတယ်။ ကမ္ဘာပေါ်မှာ နူထရီနို လေ့လာရေးအတွက်ဆောက်လုပ်ထားတဲ့ အဆောက်အအုံအဖြစ် စူပါကာမီယိုကန်ဒေ[133] ဆိုတာ ရှိပါတယ်။ ဂျပန်နိုင်ငံရဲ့ မြေအောက်မှာ ဆောက်လုပ် ထားတာ ဖြစ်ပြီး အနက် ပေ ၃,၀၀၀ နီးပါးမှာပါ။ အာကာသ လေ့လာရေး အဆောက် အအုံမျိုး

ကို ဘာလို့များ မြေအောက်မှာ ဆောက်လုပ်ရတာပါလိမ့်လို့ စာဖတ်သူ စောဒကတက်ချင် တက်ပါလိမ့်မယ်။ စကြဝဠာတခွင် ဆန်းပြားဆုံးလို့ ဆိုနိုင်တဲ့ နူထရီနို အမှုန်ကို ထောက်လှမ်းနိုင်ဖို့ များပြားလှတဲ့ အလင်းထောက်လှမ်းရေး ကိရိယာတွေကို ပေါင်းခံရည် တန် ၅၀,၀၀၀ နဲ့ ကာရံပေးထားရပါတယ်။ ဒါဟာ နူထရီနို အမှုန်ကို ထောက်လှမ်းနိုင်ဖို့ ဒီဇိုင်းပါပဲ။ တခြားသော ပရိုတွန်တွေ၊ နယူထရွန်တွေကတော့ ကာရံထားတဲ့ ကျောက်လွှာတွေကို ကျော်လွန်ဖြတ် သန်းလာနိုင်ခြင်း မရှိပါဘူး။ နယူထရီနို အမှုန်တွေကိုတော့ တားဆီးနိုင်တဲ့ အရာရယ်လို့ မရှိသလောက်ပဲ ဖြစ်ပါတယ်။



နူထရီနို လေ့လာရေး စူပါ ကာမီယိုကန်ဒေ အဆောက်အအုံ

ခဲဆိပ်ကင်းစင်ခန်း

တခါတုန်းက ကမ္ဘာမြေရဲ့ သက်တမ်း အစစ်အမှန်ကိုရှာဖွေသူတဦး ရှိခဲ့ဖူးပါတယ်။ အဲဒီလို ရှာဖွေရာမှာ ထိတ်လန့်တုန်လှုပ်စရာ ခြိမ်းခြောက်မှုတွေနဲ့လည်း ရင်ဆိုင်ခဲ့ရပါတယ်။ ၁၉၆၆ ခုနှစ်၊ ကာလီဖိုးနီးယားပြည်နယ်၊ ပက်ဆာဒီးနားမြို့[134] ရဲ့ နွေဦးပေါက်ကာလမှာ စီးပွားရေးလုပ်ငန်းတွေလည်း အဆင်ပြေလည်ပတ်ပြီး လူမှုဘဝ တွေလည်း သာယာလို့နေပါတယ်။ ဒါပေမယ့် ရင်းနှီးသူတွေက ပတ်' လို့ ခေါ်လေ့ရှိပြီး ဘူမိဗေဒ ပညာရှင်ကလဲ ပတ်တာဆန် [135]တယောက်ကတော့ အတော့်ကို စိတ်အနှောင့် အယှက် ဖြစ်နေခဲ့ရပါတယ်။ သူမြင်တွေ့မိသမျှ လူတွေ အကုန်လုံးဟာ မမြင်ရတဲ့ ဘေးအန္တရာယ်တမျိုးကြောင့် အတိဒုက္ခကျရောက်တော့မယ်မှန်း သူက သိရှိထား ပါတယ်။ အဲဒီနောက် ဘယ်လို အတားအဆီးတွေနဲ့ ရင်ဆိုင်ရပါစေ၊ အဲဒီပြဿနာကို အဆုံးထိဖြေရှင်းသွားဖို့ သူက စိတ်ပိုင်းဖြတ်လိုက်ပါတယ်။

စကြဝဠာ ကမ္ဘာလောကရဲ့ အတိတ်အကြောင်းတွေလုံးဝ မပါဝင်ဘဲ ပတ်တာ ဆန်အကြောင်းချည်းပဲ သီးသန့် ပြန်ပြောပြလို့တော့ မရပါဘူး။ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေ၊ နဂါးငွေ့ တန်း ဂလက်ဆီနဲ့ ကြယ်တာရာတွေ စတဲ့ အဲဒီ ကနဦး အကြောင်းအရာတွေကိုပါ ပြန်ပြောပြမှ ပြည့်စုံပါလိမ့်မယ်။ အထူးသဖြင့်တော့ ကြယ်တာရာတွေကနေ လေးလံတဲ့ဒြပ်သတ္တုတွေ ဘယ်လိုထုတ်လုပ်ပေးလိုက်သလဲဆိုတဲ့ အကြောင်းတွေပေါ့။ သံသတ္တုဟာဆိုရင် ကမ္ဘာမြေရဲ့ အလယ်ဗဟိုမှာ ချော်ရည်ပူတွေအဖြစ် တည်ရှိလို့ နေပါတယ်။ အောက်ဆီဂျင် ကတော့ လေထု၊ ရေထုနဲ့ ကျောက်ဆောင်တွေအတွက် မရှိမဖြစ်ပါပဲ။ ကာဗွန်ကတော့ သက်ရှိတွေရဲ့ အဓိက ပါဝင်ပစ္စည်းဖြစ်သလို စိန်လို အရာဝတ္ထုတွေမှာလည်း သူနဲ့ပဲ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာမြေတည်ရှိရာ နေအဖွဲ့

အစည်းအတွက် နေ' ဆိုတဲ့ ကြယ်တာရာ (ခတ်ငွေ့ အစုအဝေးကနေ) ဖြစ်တည်လာပြီးတဲ့နောက် ကနဦး နှစ်သန်းပေါင်း အနည်းငယ်အတွင်းမှာ အစစ၊ အရာရာ ချောမွေ့လို့နေခဲ့ပါတယ်။

အဲဒီနောက် အာကာသထဲမှာ လွင့်မျောနေတဲ့ဥက္ကာစိုင် တွေဟာ ဆွဲငင်အား ကြောင့် အချင်းချင်း စုစည်းမိကြပြီး ဂြိုဟ်တွေအဖြစ်ပေါင်း စည်းမိကြပြန်ပါတယ်။ စတင် ဖြစ်ပေါ်လာတုန်းကဆိုရင် ကမ္ဘာမြေဟာ အပူချိန် အင်မတန် မြင့်မားခဲ့ပြီး ဘယ်လို သက်ရှိမျိုးမှ နေထိုင်လို့ မရခဲ့ပါဘူး။ အဲဒီလို ကမ္ဘာမြေရယ်လို့ ဖြစ်တည်စ တုန်းက အထောက်အထားတွေဟာ အခုအချိန်မှာ ပျက်စီးသွားခဲ့ပြီးဖြစ်တာ ကြောင့် ကမ္ဘာမြေရဲ့ သက်တမ်း အစစ်အမှန်ကို ဘယ်လို များ သိရှိနိုင်မှာပါလိမ့်။ အဲဒီ မေးခွန်းကို ဖြေဆိုနိုင်ဖို့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ တည်းက လူသားတို့ စူးစမ်းခဲ့ကြပါတယ်။

၁၆၅၀ ခုနှစ်တုန်းက အိုင်ယာလန်ဂိုဏ်းချုပ် ဘုန်းတော်ကြီးဖြစ်သူ ဂျိမ်းစ် အာရှာ[136] က ကမ္ဘာမြေရဲ့ သက်တမ်းနဲ့ ပတ်သက်ပြီး အဖြေပေးနိုင်ဖို့ အားထုတ် ခဲ့ ပါတယ်။ သူရှင်သန် ဖြတ်သန်းရာ ကာလဒေသအရ လူတိုင်း လက်ခံထားတဲ့ အယူ အဆကတော့ သမ္မာကျမ်းစာဟာ ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော် ဖြစ်ပြီး တလုံး မကျန် မှန်ကန်တယ်လို့ပါပဲ။ ဒါပေမယ့် အဲဒီသမ္မာကျမ်းစာထဲမှာ ကမ္ဘာမြေကြီးရဲ့ သက်တမ်း အကြောင်းကို ခုနှစ် အတိအကျနဲ့ ဖော်ပြထားခြင်း မရှိပါဘူး။ အဲဒီ တော့ သမိုင်းဆိုင်ရာ နေ့ရက်နဲ့ ပတ်သက်ပြီး ခိုင်လုံတဲ့ တွက်ချက်မှုတွေ ပြုလုပ် နိုင်ဖို့ ခရစ်ယာန် ဓမ္မဟောင်းကျမ်းထဲကို အာရှာက လှန်လှောရှာဖွေကြည့်ပါ တယ်။ ဓမ္မရာဇဝင် စတုတ္ထစောင်မှာ ဘီစီ ၅၆၂ ခုနှစ်၊ ဘေဘီလုံပြည့်ရှင် နာဘူခါ နက်ဇာမင်းကြီး[137] နတ်ရွာစံတယ်လို့ ရေးသားထားပါတယ်။ အဲဒီနောက် အာရှာ က ပထမဦးဆုံး လူသား အာဒံနဲ့ နက်ဘူခါနက်ဇာ တို့အကြား ပရောဖက်တွေ၊ ဖာ ရိရှဲတွေရဲ့ မျိုးဆက်ပေါင်း ၁၃၉ ဆက်ကိုတွက်ချက်ကြည့်ရာမှာ ကမ္ဘာမြေဟာ ဘီစီ ၄၀၀၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်နေ့မှာ စတင်ခဲ့တယ်လို့ အဖြေထွက်လာ ခဲ့ပါ သတဲ့။

ဘုန်းတော်ကြီး အာရှာရဲ့ ခန့်မှန်းတွက်ချက်မှုကို အနောက်တိုင်း ခရစ်ယာန်တွေက ဘုရားဟော၊ နှုတ်ကပါတ်တော်လို မှတ်ယူခဲ့ကြပါတယ်။ ဘယ်အချိန်အထိ အဲဒီလိုမှတ်ယူခဲ့ကြသလဲဆိုရင်နောက်ထပ် စာအုပ်တအုပ်ကို ထပ်မံ လှန်လှော ကြည့်မိကြတဲ့ အချိန်အထိ ဆိုပါတော့။

အဲဒီလို နောက်ထပ် ထပ်မံ လှန်လှောကြည့်မိကြတဲ့ စာအုပ်ကတော့ စက္ကူတွေ၊ မင်တွေနဲ့ ရေးသား ထားတာ မဟုတ်ပါဘူး။ ကျောက်လွှာတွေနဲ့ ရေးသား ထားတယ်လို့ ဆိုနိုင်ပါတယ်။ ဥပမာ ဂရန်းကန်ယွန်ရဲ့ ကျောက်ချပ် လွှာတွေဟာ မြစ်ချောင်းတွေကနေ သယ်ယူလာတဲ့ နုန်းတွေ အနည်ကျပြီး ဖြစ်တည်လာခဲ့တာ မျိုးပါ။ တချိန်တုန်းကဆိုရင် အဲဒီ ဂရန်းကန်ယွန်တခွင်ဟာ ပင်လယ် သမုဒ္ဒရာကြီး ဖြစ်ခဲ့ပါတယ်။ နှစ်ပေါင်းများစွာ ကြာညောင်း ပြီးတဲ့နောက် အနည်ထိုင်တဲ့ နုန်းတွေဟာ ဖိအားဒဏ်ကြောင့် ကျောက်သားအဖြစ် ပြောင်းလဲ သွားကြပါတယ်။ အဲဒါကိုပဲ အနည်ကျ ကျောက်ရယ်လို့ ခေါ်ဆိုကြတာပါ။ သက်တမ်းအရင့်ဆုံးအလွှာတွေဟာ ဟိုးအောက်ပိုင်းမှာ တည်ရှိပြီး နောက်ထပ် သက်တမ်းနုတဲ့ အလွှာတွေက သူတို့ရဲ့ အပေါ်ကနေ ထပ်ဆင့် တိုးလာခဲ့ပါတယ်။ ဟိုတချိန်က ဂရန်းကန်ယွန်[138] ဒေသဟာ ပင်လယ်တိမ် အမျိုးအစားဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း တထောင်ဝန်းကျင် ပရီကိန်ဘရီယန်ကာလ[139] အတွင်းမှာ ဆိုရင်ကမ္ဘာလောကမှာ သက်ရှိ အမျိုးအစားဆိုလို့ တမျိုးတည်းပဲ ရှိခဲ့ပါတယ်။ စိမ်းပြာရောင် ဘက်တီးရီးယား အမျိုးအစားပါ။ သူတို့ဟာ နေရောင်ခြည် စွမ်းအင်နဲ့ အောက်ဆီဂျင်တွေ ချက်လုပ်နေခဲ့ကြပါတယ်။ သူတို့အတွက်တော့ အောက်ဆီဂျင်ဟာ စွန့်ပစ် ပစ္စည်း ဖြစ်ပြီး နောက်ပိုင်းကာလတွေမှာ ဆင့်ကဲ ပေါ်ပေါက်လာတဲ့ သက်ရှိသတ္တဝါ တွေ အတွက် မရှိမဖြစ် အသက်ဓာတ်ဖြစ်လို့နေပါတယ်။

ဂရန်းကန်ယွန် ကျောက်ချပ်လွှာများ

လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၅၃၀ လောက်က အနည်ကျကျောက်လွှာကို လေ့လာ ကြည့်မယ်ဆိုရင်တော့ ထရိုင်လိုဗိုက်ကျောက်ဖြစ်ရုပ်ကြွင်းတွေကို မြင်

တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကမ္ဘာမြေကြီးရဲ့ သက်တမ်း အစစ်အမှန်ကို သိရှိလိုတယ်ဆိုရင် အဲဒီကျောက်ချပ်လွှာတွေ ဖြစ်တည်လာဖို့အတွက် ကြာချိန်အားလုံးကို စုပေါင်းပေးလိုက်ရုံပဲမဟုတ်လား။ လူသားမျိုးဆက်တွေနဲ့ သူတို့ရဲ့ ပျမ်းမျှအသက် တွေ ချိန်ညှိနေစရာ ဘာလိုတော့မှာတုန်း။ ဒါပေမယ့် အဲဒီနေရာမှာ ပြဿနာ နည်းနည်းရှိလို့ နေပြန်ပါတယ်။

ဒီကနေ့ ကမ္ဘာအနှံ့က မြစ်ချောင်းတွေရဲ့ အနည် ကျမှုနှုန်းကို တွက်ချက်ကြည့်ရာမှာ ကြာချိန်တွေ ကွဲပြားခြားနားလေ့ရှိပါတယ်။ ယေဘုယျအနေနဲ့ဆိုရင် နုန်းတွေ အနည်ကျကျောက်အဖြစ် အသွင်ပြောင်းဖို့ နှစ်ပေါင်းတထောင်နီးပါး အချိန်ယူရပါတယ်။ ဒါပေမယ့် ရေလွှမ်းမိုးမှုတွေ အကြီးအကျယ်ဖြစ်ပွားတဲ့ နေရာဒေသတွေမှာတော့ အဲဒီဖြစ်စဉ်က အတော်လေး မြန်သွားတာပေါ့။ သုံးလေးရက်နဲ့ တပေလောက် နုန်းတွေ တင်ကျန်ရစ်တာမျိုး လေ။

ဘူမိဗေဒပညာရှင်တွေ တော်တော်များများ အဲဒီနည်းလမ်းကို အသုံးပြုပြီး ကမ္ဘာမြေရဲ့ သက်တမ်းကို တွက်ချက်ကြည့်ဖို့ အားထုတ်ခဲ့ကြဖူးပါတယ်။ ဂရန်းကန်ယွန် အပါအဝင် ကမ္ဘာအနှံ့က အနည်ကျကျောက် ဖြစ်စဉ်တွေကို လေ့လာပြီး တွက်ချက်ကြည့်ခဲ့ကြပေမယ့် သူတို့ ရရှိလာတဲ့ အဖြေတွေကတော့ တဦးနဲ့တဦး အတော့်ကို ကွဲပြားကြပါတယ်။ ကမ္ဘာမြေရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၃ သန်း ဆိုတာကနေ ၁၅ ဘီလျံ ဆိုတာအထိ အမျိုးမျိုးပါပဲ။

ဒါ့အပြင် အနည်ကျကျောက်လွှာ တွက်ချက်မှုနဲ့ ပတ်သက်လို့ နောက်ထပ် ပြဿနာတရပ် ရှိပါသေးတယ်။ အဲဒါကတော့ ကမ္ဘာမြေရဲ့ အနက်ရှိုင်းဆုံး ကျောက်လွှာတွေတောင်မှ သက်တမ်း အရင့်ဆုံး မဟုတ်ဘူး ဆိုတာပါပဲ။ ဘာလို့လဲဆိုတော့ အဲဒီကျောက်ချပ်လွှာတွေ တောင် ကမ္ဘာမြေရဲ့ ကနဦးကာလ ကြမ်းတမ်းတဲ့ သဘာဝဖြစ်ရပ်တွေကနေ ကင်းလွတ်ခြင်း မရှိခဲ့တာကြောင့်ပါ။ အာကာသ စကြဝဠာကနေ လေ့လာကြည့် မယ်ဆိုရင်တော့ တမျိုး တဘာသာ ဖြစ်ပါလိမ့်မယ်။

ကမ္ဘာမြေရယ်လို့ ဖြစ်တည်လာခဲ့တုန်းက အမှတ်တရအဖြစ် ကျန်ရစ်ခဲ့တဲ့ အရာဝတ္ထုတွေ ကတော့ သူ့ရဲ့ သက်တမ်း အစစ်အမှန်ကို အရှိအတိုင်း ပြန်လည်

ပြောပြနိုင်ပါတယ်။ ကမ္ဘာမြေအပါအဝင် နေအဖွဲ့အစည်းရယ်လို့ ဖြစ်တည်လာခဲ့တုန်းက အသုံးပြုခဲ့တဲ့ ဒြပ်ထုတွေ စုစည်းရာ နေရာတခုကို ကျွန်တော်တို့တွေ့ရှိထားပါတယ်။ အဲဒါကတော့ ဂျူပီတာနဲ့ မားစ်ဂြိုဟ်တို့အကြား လွင့်မျောနေကြတဲ့ ဥက္ကာခဲ အစုအဝေးတွေပါပဲ။ အေးစက်လှတဲ့ စတိုခန်းလိုမျိုးထဲမှာ ကမ္ဘာမြေရဲ့ မူလအစတုန်းက အခြေအနေအတိုင်း မပြောင်းမလဲ ဆက်လက် တည်ရှိလို့နေ ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁ သန်းဝန်းကျင်တုန်းက အဲဒီဥက္ကာခဲ ခပ်ကြီးကြီးတွေကို ဥက္ကာခဲ ခပ်ငယ်ငယ်တွေက ဝင်ရောက် တိုက်မိခဲ့ပြီး ပတ်လမ်းတွေပြောင်းလဲသွားစေခဲ့တယ် တူပါရဲ့။ အဲဒီကနေ လမ်းကြောင်းပြောင်းသွားတဲ့ ဥက္ကာခဲဟာ ဂရန်းကန်ယွန်တဝိုက်ကိုဝင်ရောက်တိုက်မိခဲ့ပြီး (ဒီကနေ့ အာရီဇိုးနားပြည်နယ် [140]ဝန်းကျင်) သံသတ္တု အများစု ပါဝင်တဲ့ ဥက္ကာခဲဟာ သူနဲ့ ထိခိုက် မိတဲ့ကမ္ဘာမြေကို ချိုင့်ကြီးဖြစ်သွားစေခဲ့ပါတယ်။ အဲဒီလို ကမ္ဘာမြေကိုဝင်ရောက်တိုက်မိတဲ့ ဥက္ကာခဲမှာ ပါဝင်တဲ့ သံသတ္တုကို လေ့လာပြီးတဲ့နောက် ကမ္ဘာမြေအပါအဝင် နေအဖွဲ့အစည်းရဲ့ သက်တမ်းကို တွက်ချက်နိုင်ခဲ့ပါတယ်။

ဘယ်လိုမျိုး သိရှိတာပါလိမ့်။ ကျောက်တုံးတတုံးကို ယူလိုက်ပါ။ အဲဒီကျောက်တုံးထဲက တချို့သော အက်တမ်တွေဟာ ရေဒီယိုသတ္တိကြွနေနိုင်ပါတယ်။ ဆိုလိုတာက အက်တမ်မှာ ပါဝင်တဲ့ အမှုန်တွေဟာ ပြောင်းလဲနေပြီး တခြားသော ဒြပ်စင်တခု အဖြစ် ကူးပြောင်းနေတယ်လို့ပါ။ ဥပမာ ယူရေနီယမ်[141] အက်တမ်ဟာ ကနဦးတုန်းက သော်ရီယမ်[142]အက်တမ် ဖြစ်ပါတယ်။ ပျမ်းမျှအားဖြင့် နှစ်သန်း တထောင်လောက် အချိန်ယူရပါတယ်။ သော်ရီယမ် အက်တမ်ဟာ တည်ငြိမ်တဲ့ ဖွဲ့စည်းမှုမျိုး မရှိပါဘူး။ တလဆိုတဲ့ အချိန်အတွင်းမှာပဲ ပရိုတက်တီနီယမ်အဖြစ်ကိုပြောင်းလဲသွားပါတယ်။ တမိနစ်လောက်အကြာမှာပဲ ပရိုတက်တီနီယမ်[143] ကနေ နောက်ထပ်ဒြပ်စင်တမျိုး အဖြစ် ပြောင်းလဲသွားပြန်ပါတယ်။ အက်တမ်ဟာ အဏုမြူ ကူးပြောင်းမှုပေါင်း ၁၀ ကြိမ်လောက် ဖြတ်သန်းပြီး ပုပ်ဆွေးပျက်စီးမှုရဲ့ နောက်ဆုံးအဆင့်အဖြစ် ဖွဲ့စည်းမှု တည်ငြိမ်တဲ့ ခဲသတ္တု[144] အဖြစ် ပြောင်းလဲသွား ပါတယ်။ အဲဒီနောက်မှာတော့ ခဲသတ္တုအဖြစ် ထာဝရ မပြောင်းမလဲ တည်ရှိပါ တယ်။

၂၀ ရာစုတုန်းကတော့ ရေဒီယိုသတ္တိကြွနေတဲ့ ဒြပ်စင်တမျိုးကနေ နောက်တမျိုးဆီ ကူးပြောင်း သွားတာကို လေ့လာဖို့ဆယ်စုနှစ်တစု အချိန်ယူရတယ်ဆိုတာ တကယ့် ဇရာမကိစ္စကြီးပါ။ ဖွဲ့စည်းမှု မတည်ငြိမ်တဲ့ အက်တမ်တွေရဲ့ ပုပ်ဆွေး ပျက်စီးမှုနှုန်းဟာ ကိန်းသေသဘောဖြစ်မှန်းလည်း ရူပဗေဒပညာရှင် တွေက သိရှိထားခဲ့ကြပါတယ်။

အက်တမ်တလုံးရဲ့ နယူးကလိယပ်စ်ဟာ တကယ့်ကို လျှို့ဝှက်နက်နဲခြင်း အတိပြီးလို့နေပါတယ်။ တူနဲ့ပဲ ထုထု၊ မီးပဲ ရှို့ရှို့၊ အငွေ့ပျံ အောင်ပဲ လုပ်လုပ် နယူကလိယပ်စ်ရဲ့ သက်တမ်းနာရီကတော့ သူ့အလုပ်သူ အချိန်မှန် လုပ်ဆောင်လို့ နေပါလိမ့်မယ်။ အဲဒီတော့ ယူရေနီယမ် အက်တမ်ကို လေ့လာပြီး ကမ္ဘာမြေရဲ့ သက်တမ်းကို မှန်ကန်အောင် ခန့်မှန်းနိုင်တဲ့ နည်းလမ်း ထက် တိကျ၊ ကောင်းမွန်တာ မရှိတော့ပါဘူး။ ယူရေနီယမ် အက်တမ်ကနေ ခဲသတ္တု အက်တမ်အဖြစ် ကူးပြောင်းသွားမယ့် နှုန်းထားကို သိရှိထားမယ်ဆိုရင် အဲဒီကျောက်စိုင်ကျောက်သားတခု ဘယ်တုန်းက စတင် ဖြစ်ပေါ်ခဲ့တယ် ဆိုတာ တွက်ချက်နိုင်ပြီပေါ့။

ပြဿနာက ကမ္ဘာမြေစတင်ဖြစ်တည်လာတုန်းက ကျောက်စိုင် ကျောက်သား တွေရယ်လို့ မရှိတော့ဘူးလေ။ အဲဒီတုန်းက ကျောက်သားတွေ အကုန်လုံး အရည်ပျော်၊ အသွင်ပြောင်း၊ ပြန်လည်အေးခဲပြီး သဲလွန်စရှာမရတော့ ဘူး။ အဲဒီတော့ ရှိတဲ့ ခဲသတ္တု ပမာဏကို တွက်ချက်ပြီး ကမ္ဘာရဲ့ ကနဦး အခြေ အနေကို ခန့်မှန်းတာတော့ ဖြစ်နိုင်ပါသေးတယ်။ ဒီနေရာမှာတော့ ကောင်းကင် ဘုံရဲ့ လက်ဆောင်လို့ ဆိုရမလား မသိဘူး။ ကောင်းကင်ပေါ်ကနေ ကမ္ဘာမြေကို ထိမှန်ခဲ့တဲ့ ဥက္ကာစိုင်တွေရဲ့ အစိတ်အပိုင်းတွေဟာ အဲဒီလို တွက်ချက်ဖို့အတွက် အင်မတန် သင့်တော်လှပါတယ်။ အဲဒီကနေ ရရှိတဲ့ ခဲသတ္တု ပါဝင်မှုနှုန်းဟာ ကမ္ဘာမြေ ဖြစ်တည်စ ခဲသတ္တု ပါဝင်မှုနှုန်းနဲ့ အတူတူပဲ ဖြစ်ပါတယ်။

အဲဒီတော့ ယူရေနီယမ်ရဲ့ ပုပ်ဆွေးမှုနှုန်းကို သိရှိထားတယ်ဆိုရင် ကမ္ဘာမြေ ဖြစ်တည်စလိုပဲ ဥက္ကာစိုင်ရဲ့ သက်တမ်းကိုလည်း တွက်ချက်နိုင်ပြီ ဖြစ်ပါတယ်။ လုပ်ရမှာက ဥက္ကာစိုင်ထဲမှာ ပါဝင်တဲ့ ခဲသတ္တု အချိုးအစားကို တွက်ချက်ရုံပါပဲ။ ချီကာဂို တက္ကသိုလ်[145] ရဲ့ လောကဓာတ်သိပ္ပံ ပညာရှင်တဦးဖြစ်သူ ဟာရီဆန် ဘ

ရောင်း[146] ဟာ ၁၉၄၇ ခုနှစ်လောက်မှာ အဲဒီအကြောင်းကို ကနဦး သဘော ပေါက်ခဲ့သူ ဖြစ်ပါတယ်။ သူက မဟာတန်းကျောင်းသားတဦးဖြစ်တဲ့ ကလဲ ပတ်တာဆန်ကို အဲဒီ အဆိုပြုချက်အတွက် သက်သေထူဖို့ တာဝန်ပေးခဲ့ပါတယ်။ ပတ်တာဆန်အနေနဲ့လည်း အဲဒီလေ့လာမှုကြောင့် သူ့ဘဝ တခုလုံး ပြောင်းလဲ သွားမယ်ဆိုတာကို သိမထားခဲ့ပါဘူး။

တကယ်တော့ သူ့ဘဝတင်မက ကျွန်တော် တို့အားလုံးရဲ့ ဘဝတွေပါ ပြောင်းလဲသွားခဲ့တာပါ။ တကယ်တမ်း လောကဓာတ် သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းဟာ ထင်ထားတာထက် အများကြီး ပိုမို ကျယ် ပြန့်ပါတယ်။ ပတ်တာဆန်ဟာ အတန်းထဲမှာ ထူးချွန်ထက်မြက်တဲ့ ကျောင်းသားတဦး မဟုတ်ခဲ့ပေမယ့် ပင်ကိုယ်ပါရမီ ရင့်သန်တဲ့ လောကဓာတ်သိပ္ပံပညာရှင်တဦး ဖြစ်ခဲ့တာတော့ သေချာပါတယ်။ ဘူမိဗေဒပညာရှင် ဖြစ်သူ ဟာရီဆန် ဘရောင်းက ပတ်တာဆန်ကို တာဝန်ပေးခဲ့တာဟာ လောကဓာတ်သိပ္ပံ ပညာရပ်ပိုင်းဆိုင်ရာ သာမန်လေ့လာမှုတရပ်ပါပဲ။ ဇိုင်ကွန်[147]ဆိုတဲ့ အင်မတန် မာကျောတဲ့ပုံဆောင်ခဲ လေးတွေမှာ ယူရေနီယမ် အနည်းငယ်ပဲပါဝင်ပြီး အဲဒီ ယူရေနီယမ်တွေဟာလည်း ခဲသတ္တုအဖြစ် ပုပ်ဆွေးပြောင်းလဲနေပါတယ်။ အဲဒီ ခဲသတ္တု ပါဝင်မှုကို တွက်ချက် နိုင်ရင် ဖိုင်ကွန်နဲ့ ဥက္ကာစိုင်တွေရဲ့ သက်တမ်းကိုလည်း သိရှိနိုင်မယ်။ အဲဒီအခါမှာ ကမ္ဘာမြေရဲ့ သက်တမ်း အစစ်အမှန်ကိုလည်း သိရှိသွားပြီ ဖြစ်ပါတယ်။

ဇိုင်ကွန် ပုံဆောင်ခဲလေးတွေထဲက ခဲသတ္တု ပါဝင်မှုနှုန်းကို ပတ်တာဆန်တိုင်းတာနေချိန်မှာပဲ နောက်ထပ် မဟာတန်းကျောင်းသားတဦးဖြစ်တဲ့ ဂျော့ချ်တီလ်တန်[148] ဟာလည်း ဇိုင်ကွန် ပုံဆောင်ခဲထဲက ယူရေနီယမ် ပါဝင်မှုနှုန်းကိုတိုင်းတာနိုင်ဖို့ ကြိုးစားနေခဲ့ပါတယ်။ ပတ်တာဆန် လုပ်ဆောင်ရမှာက ခဲသတ္တုပမာဏကို တိတိကျကျ တိုင်းတာနိုင်ဖို့ပါ။ ယူရေနီယမ် ပါဝင်မှုနှုန်းနဲ့ ပတ်သက်လို့ဘီလ်တန် တိုင်းတာရရှိတဲ့ ရလဒ်တွေက အမြဲတမ်း တူညီလို့နေခဲ့ပါတယ်။ ဒါပေမယ့်ပတ်တာဆန်တိုင်းတာရရှိသမျှ ခဲသတ္တု ပါဝင်မှုနှုန်းကတော့ အမြဲတမ်း အနိမ့်အမြင့်၊ အတက်အကျတွေနဲ့ပြည့်နှက်လို့ နေခဲ့ပါတယ်။ ဒါဟာ ဘယ်လိုမှ အဓိပ္ပာယ် မရှိပါဘူး။

သူ့အနေနဲ့ တွေးမိတာက သူတို့ ဓာတ်ခွဲခန်းကိုယ်၌က အရင် စမ်းသပ်ချက်တွေကြောင့် ခဲသတ္တု ညစ်ညမ်းမှုတွေ ရှိနေတာလားလို့ပါ။ ဒါမှမဟုတ် ပတ်ဝန်းကျင်မှာ ခဲသတ္တုစိမ့်ဝင်မှုတွေ အများအပြား ရှိနေပြီးတာကြောင့် သူ တိုင်းတာတဲ့ ရလဒ်တွေ တချိန်လုံး ပြောင်းလဲနေတာလားလို့ သူက သံသယဝင်ခဲ့ပါတယ်။ အဲဒီနောက် ပတ်တာဆန်ဟာ သူ့ရဲ့ ဓာတ်ခွဲခန်းအတွင်း ခဲသတ္တု ညစ်ညမ်းမှု ကင်းစင်အောင် အတတ်နိုင်ဆုံး ရှင်းလင်းဆေးကြောကြည့်ပါတယ်။ ဒါပေမယ့် ရှိသင့်ရှိထိုက်တဲ့ ခဲသတ္တု အချိုးအစားထက် အဆပေါင်း ရာနဲ့ချီ မြင့်မားနေဆဲ ဆိုတာတွေ့ရှိရတုန်းပါပဲ။ အဲဒီလိုနဲ့ လုံးလည်ချာလည် လိုက်နေခဲ့တာ ၂နှစ်ကျော် ကြာသွားခဲ့ပါတယ်။ အဲဒီနောက် သူ့ရဲ့ ဓာတ်ခွဲခန်းပစ္စည်းတွေ၊ ကိရိယာတွေကို အက်ဆစ်နဲ့တိုက်စားဆေးကြောပြီး ခဲသတ္တုပါဝင်မှု အနည်းဆုံးဖြစ်စေဖို့ ကြိုးစားကြည့်ပါတယ်။ ဒါပေမယ့် ကြိုးစားအားထုတ်ခဲ့တဲ့ နည်းလမ်းတွေနဲ့ ဘယ်လိုမှ မအောင်မြင်ခဲ့ပါဘူး။ အဲဒီတော့ သူ့ကိုယ်ပိုင် ဓာတ်ခွဲခန်းကို အစကနေ ပြန်လည်တည်ဆောက်ယူခဲ့ရပါတယ်။ သူ့ရဲ့ စမ်းသပ်ချက်အတွက် အောင်မြင်ဖို့လမ်းစပေါ်လာခဲ့တာကတော့ ဆရာသမားဖြစ်သူ ဟာရီဆန် ဘရောင်းတယောက် ပက်ဆာဒီးနားမြို့က ကာလီဖိုးနီးယားနည်းပညာတက္ကသိုလ်ဆီ ရွှေ့ပြောင်းရပြီးပတ်တာဆန် ကို သူ့ဆီ လာရောက် လုပ်ကိုင်ဖို့ ဖိတ်ခေါ်လိုက်ခြင်းပါပဲ။

ကလဲ ပတ်တာဆန် (၁၉၅၇ ခုနှစ်၊ ကာလီဖိုးနီးယား နည်းပညာတက္ကသိုလ်)

အဲဒီအချိန်မှာတော့ ပတ်တာဆန်တယောက် ခဲသတ္တု ပါဝင်နှုန်းအကြောင်း ခေါင်းစားနေတာ ၆ နှစ်ကျော် ရှိသွားခဲ့ပြီဖြစ်ပြီး ဓာတ်ခွဲခန်း ပတ်ဝန်းကျင်က ခဲသတ္တုတွေကို သန့်စင်ဖို့ တချိန်လုံး ရုန်းကန် နေရဆဲပါပဲ။ ဒါပေမယ့် ကာလီဖိုးနီးယား

နည်းပညာ တက္ကသိုလ်မှာတော့ သူတို့ရဲ့ ကြိုးစား အားထုတ်မှုကြောင့် ကမ္ဘာ့ခဲသတ္တု သန့်စင်ဆုံး ဓာတ်ခွဲခန်းကို တည်ဆောက်နိုင်ခဲ့ပါတယ်။ အဲဒီအခါမှာ ကျောက်စိုင်ကျောက်သား တွေထဲမှာ ခဲသတ္တု ပါဝင်မှု ဘယ်လောက် ရှိတယ် ဆိုတာကို တိတိကျကျ တိုင်းတာနိုင်သွားခဲ့ပြီ ဖြစ်ပါတယ်။ ဒီတကြိမ်တော့ သံသတ္တုတွေ အများအပြား ပါဝင်တဲ့ ဥက္ကာခဲစိုင်ထဲက ခဲသတ္တု အချိုးအစားကို သိရှိနိုင်ဖို့ ပတ်တာဆန်တယောက် နီးစပ်သွားခဲ့ပါပြီ။ အဲဒီအခါမှာ ကမ္ဘာမြေကြီးရဲ့ သက်တမ်းအမှန်ကိုလည်း သိရှိနိုင်တော့မယ်လေ။

ပတ်တာဆန်ဟာ သူ့ရဲ့ ဥက္ကာစိုင် ဓာတ်ခွဲခန်းရလဒ်ကို အာဂွန်အမျိုးသား ဓာတ်ခွဲခန်း[149]ဆီ ယူဆောင် လာခဲ့ပါတယ်။ ကမ္ဘာအတိကျဆုံး စပက်ထရိုမီတာ[150] ကလည်း အဲဒီဓာတ်ခွဲခန်းမှာပဲရှိတာ မဟုတ်လား။ စပက်ထရို မီတာဟာ သံလိုက်ဓာတ်ကို အသုံးပြုပြီး ဒြပ်ထုမှာ ပါဝင်တဲ့ အချိုးအစားတွေ ခွဲခြားပြပါတယ်။ အဲဒီအချက်ကပဲ ကမ္ဘာမြေကြီးရဲ့ သက်တမ်း အစစ်အမှန်နဲ့ ပတ်သက်ပြီး ပျောက်ဆုံးနေတဲ့ ကွင်းဆက်ကို တွေ့ ရှိစေခဲ့ပါတယ်။ ခဲသတ္တု ညစ်ညမ်းမှု ကင်းစင်တဲ့ ဓာတ်ခွဲခန်းနမူနာကနေ ယူရေနီယမ်နဲ့ ခဲသတ္တု ပါဝင်မှု အချိုးအစားကိုပတ်တာဆန် တယောက် သိရှိသွားခဲ့ပါတယ်။ အဲဒီနောက် ယူရေနီယမ်တွေရဲ့ ပုပ်ဆွေးမှုနှုန်းထားကို ရရှိပြီမလို့ ဖြစ်တည်မှု သက်တမ်း ဘယ်လောက်ရှိပြီလဲဆိုပြီး ကနဦးအစ အချိန် အတိုင်းအတာကို တွက်ချက်ကြည့်ပါတယ်။ အဲဒါကတော့ ကမ္ဘာမြေရဲ့ ပကတိသက်တမ်း အစစ်အမှန်ပါပဲ။ လွန်ခဲ့တဲ့ ခေတ်ကာလတွေတုန်းက ပေါ်ထွန်းခဲ့တဲ့ လောကဓာတ် သိပ္ပံပညာရှင်ကြီးတွေရဲ့ အားထုတ်မှုတွေကို အခြေခံရင်း ရရှိခဲ့တဲ့ ရလဒ်ကတော့ ကမ္ဘာမြေကြီးရဲ့ ပကတိ သက်တမ်း နှစ်သန်းပေါင်း ၄,၅၀၀ ဆိုတာပါပဲ။ သူ့ရဲ့ ပြောင်မြောက်တဲ့ ရှာဖွေတွေ့ ရှိမှုကြောင့် မကြာခင်မှာ ကမ္ဘာ့ချမ်းသာကြွယ်ဝဆုံးဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ ထိပ်တိုက် ရင်ဆိုင်ရတော့မယ် ဆိုတာကိုတော့ ပတ်တာဆန် တယောက် မသိခဲ့ရှာပါဘူး။

ရှေးဟောင်းရောမခေတ် ရေဆိုးပိုက်များ

တကယ်တော့ ခဲဆိပ်သင့်ခြင်းအကြောင်းဟာ လူသားတွေအဖို့ အသစ်အဆန်းတော့ မဟုတ်ခဲ့ပါဘူး။ ဟိုအရင် လူ့အဖွဲ့အစည်းတွေမှာလည်း ခဲသတ္တု အသုံးပြုခဲ့ခြင်းတွေ ရှိခဲ့ပြီး ခဲဆိပ်သင့်မှုအကြောင်း အတော်အတန် သိနားလည်ခဲ့ကြပြီး ဖြစ်ပါတယ်။ ခဲသတ္တုဟာ နတ်ဘုရား ကိုးကွယ်မှု ဒဏ္ဍာရီနဲ့လည်း ချိတ်ဆက်လို့ နေပြန်ပါတယ်။ ရှေးခေတ်ရောမလူမျိုးတွေအဖို့ စေတန်ဂြိုဟ်ရဲ့ ရေခဲအပိုင်းတွေဟာ အမှန်တတကယ် တည်ရှိတဲ့ အရာတွေ မဟုတ်ပဲ အနက်ပြန်ရင်လည်း ကောင်းကင်နဲ့မြေကြီးတို့ရဲ့ ပေါင်းဖက်မှု ရလဒ်၊ မင်းကေရာဇ်နဲ့နတ်ဘုရား (သို့) ခဲသတ္တုနတ်ဘုရားလို့ အဓိပ္ပာယ်ရပါတယ်။ ရောမမြို့ ရဲ့ စေတန်နတ်ဘုရား ကိုးကွယ်မှုဟာ နှစ်ပေါင်း ၂,၅၀၀ နီးပါး သက်တမ်းရှိပါတယ်။ စေတန် နတ်ဘုရားကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီဇင်ဘာလရဲ့ အားလပ်ရက်မှာ ကျင်းပပြီး လောကကိုဖောက်ထိုးမိုးမျှော်ဖြစ်အောင် ပျော်ပွဲရွှင်ပွဲတွေနဲ့ တခမ်းတနား ပြုလုပ်ကြပါတယ်။ အရှင်သခင်ဖြစ်သူက ကျေးကျွန်အဖြစ် အခစား ဝင်ကြတယ်၊ စစ်မက်တွေ၊ ပြစ်ဒဏ်စီရင်ခြင်းတွေကိုလည်း ပွဲတော်ရက်မှာတားမြစ်တယ်၊ နောက်ပြီး လက်ဆောင်တွေလည်း အပြန်အလှန် ပေးအပ်ကြပါတယ်။ ဟိုအရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ရာဂဏန်းများစွာမှာ ခရစ်ယာန်ဘုရားကျောင်းတော်ကို စတင် တည်ထောင်ခဲ့သူ တွေဟာ အဲဒီ နတ်ဘုရား အများအပြား ကိုးကွယ်တဲ့ ဗဟုဝါဒီတွေကို ခရစ်ယာန် အယူဆီ ဆွဲဆောင်နိုင်ဖို့အတွက် စေတန် နတ်ဘုရား ကိုးကွယ်ခြင်း အထိမ်းအမှတ်ပွဲတော်ကို ခရစ္စမတ်အဖြစ် ပြောင်းလဲ ကျင်းပဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ရှည်လျားလှတဲ့ ဆောင်းရာသီအတွင်း လူအပေါင်းကို စိတ်သက်သာရာရ

စေဖို့၊ ပျော်ရွှင်ဝမ်းမြောက်ခြင်းတွေ ဆောင်ကြဉ်းပေးဖို့ ရည်ရွယ်ခဲ့ဟန် တူပါတယ်။

ရှေးဟောင်း ရောမခေတ်ရဲ့ စေတန်နတ်ဘုရားနဲ့ ပတ်သက်ပြီး လူသိနည်းတဲ့ အကြောင်းအရာ ကတော့ အေးစက် တင်းမာပြီး ရက်စက်တဲ့ သဘောရှိခြင်းပါပဲ။ စေတန်နတ်ဘုရားဟာ သူ့ရဲ့ အဖဖြစ်သူအပေါ် မယုံနိုင်စရာ ရက်စက်မှု ကျူးလွန် ခဲ့ပြီး မိမိရဲ့ ရင်သွေးငယ်တွေကိုလည်း သတ်ဖြတ်၊စားသောက်ခဲ့တယ်လို့ ဒဏ္ဍာရီက ဆိုပါတယ်။ ရှေးခေတ်ကာလတွေအတွင်း ဘာကိရိယာ အကူအညီမှမပါဘဲ သာမန်မျက်စိနဲ့ မြင်တွေ့ နိုင်တဲ့ဂြိုဟ်တွေထဲမှာ စေတန်ဂြိုဟ်ဟာ အနှေးကွေးဆုံး ဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ ခဲသတ္တု နတ်ဘုရားဆိုတဲ့ အမည်မျိုးကို ရှေးခေတ် လူသားတွေက ပေးအပ်ထားခဲ့ဟန်တူပါတယ်။ နောက်ပြီး စေတန် နတ်ဘုရားရဲ့ ပင်ကိုယ်စရိုက် ရက်စက်ကြမ်းကြုတ်မှုတွေ၊ အသုံအတာကင်းမဲ့မှုတွေအကြောင်း ရှေးဟောင်း ခေတ်လူသားတွေ ပုံဖော်ခဲ့တာဟာ ခဲသတ္တုနဲ့ ပတ်သက်ပြီး အဆိပ်သင့်စေခြင်းနဲ့လည်း ဆက်စပ်မှု ရှိနေနိုင်ပါတယ်။

အင်္ဂလိပ်စကား ရေပိုက်သွယ်ခြင်း “plumbing” ဆိုတာဟာ လက်တင်ဘာသာစကားအရ ခဲသတ္တုလို့ အဓိပ္ပာယ်ရတဲ့ “plumbum” ကနေ ဆင်းသက်လာတာ ဖြစ်ပါတယ်။ ရှေးခေတ် ရောမလူမျိုးတွေဟာ ခဲသတ္တု အဆိပ်သင့်ခြင်းအကြောင်း အတော်အတန် သိနားလည်ခဲ့ကြပါတယ်။ ခဲသတ္တုနဲ့ ထိတွေ့မိပြီး အဆိပ်သင့် တဲ့အခါလူတွေကို စိတ်ဖောက်ပြန်စေတယ်၊ သားသမီး မထွန်းကားတာတွေ ဖြစ်တယ် စတဲ့ ဆိုးကျိုးတွေကို သိရှိထားတာတောင် အင်ပါယာအတွင်း ရေပေးသွယ်မှုတွေမှာ ခဲသတ္တု အများအပြားပါဝင်တဲ့ရေပိုက်တွေ သုံးစွဲခဲ့ပါတယ်။ အများပြည်သူ ရေချိုးကန်တွေဆီ သယ်ယူတဲ့ ရေပိုက်တွေမှာလည်း ခဲသတ္တုကို သုံးစွဲခဲ့ကြသလို ဝိုင်အရက်တွေမှာ အချဉ်ဓာတ် များပြားနေရင်လည်း လျှော့ချဖို့အတွက် ခဲသတ္တုကို အသုံးပြုခဲ့ကြပါတယ်။ ထမင်းဟင်းချက်ပြုတ်တဲ့ အိုးခွက်တွေမှာလည်း ခဲသတ္တုတွေ ပါဝင်သလို အဖျော်ယမကာ သိုလှောင်တဲ့ စည်ပိုင်းတွေကိုလည်း ခဲသတ္တုတွေနဲ့ သွန်းလုပ်ခဲ့ကြပါတယ်။ ရောမအင်ပါယာ ပြိုလဲပျက်စီးခဲ့ခြင်းဟာ ခဲဆိပ်သင့်ခြင်းနဲ့ သက်ဆိုင်ရမယ်လို့တချို့ သမိုင်းပညာရှင်တွေက ယုံကြည်ကြပါတယ်။ ခဲဆိပ်သင့်ခြင်း အကြောင်း အတော်အတန် သိရှိထားလျက်နဲ့ ဘာလို့

များ ဆက်လက် သုံးစွဲနေခဲ့ကြတာပါလိမ့်။ အကြောင်းရင်း ကတော့ အဖိုးနှုန်း ချိုသာတဲ့အပြင် သွန်းလုပ်ရ လွယ်ကူတာကြောင့်ပါပဲ။ နောက်ပြီး လူကိုဘေးဥပါဒ် သင့်စေတဲ့ အချိုးအစားနဲ့ ထိတွေ့စေရာမှာ သတ္တုတွင်းတူးသူ တွေ၊ သံရည်ကြို လုပ်သားတွေ စတဲ့ ကျေးကျွန်တွေကိုပဲ ထိခိုက်စေတာပါ။ သူတို့ရဲ့ အသက်တွေက ဘာမှ တန်ဖိုးမရှိဘူးလေ။ ကျေးကျွန်တွေ ဆိုတော့ သေလည်း ဘယ်သူကမှ အရေးတယူ လုပ်မနေခဲ့ကြဘူး။

ကမ္ဘာမြေပေါ်က ခဲသတ္တုတွေဟာ အများအားဖြင့် မြေအောက်တူးဖော်ရေး ကနေ စတင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၈,၅၀၀ ဝန်းကျင်မှာတော့ ကျောက် ဆောင်ကျောက်သားတွေအောက်က သတ္တုတွေကို ရှာဖွေရယူနိုင်တဲ့ သတ္တုတွင်း တူးဖော်ရေးအကြောင်း လူသားတွေ စတင် နားလည်လာခဲ့ပါတယ်။ ရောမခေတ် တုန်းကဆိုရင် တနှစ်ကို ခဲသတ္တုတန်ချိန် ၈၀,၀၀၀ လောက် ထုတ်ယူတူးဖော်ခဲ့ တယ်လို့ ခန့်မှန်းရပါတယ်။ ခဲသတ္တုဟာ ဘာလို့များ အဆိပ်သင့်ရတာပါလိမ့်။ ဘာ လို့လဲဆိုတော့ ခဲဟာ လူရဲ့ ကိုယ်ခန္ဓာထဲ ဝင်ရောက်သွားတဲ့အခါ ကျွန်တော်တို့ရဲ့ ဆဲလ်ကလာပ်စည်းတွေ ရှင်သန်ကြီးထွားဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့ သွပ်နဲ့သံ ဓာတ်လို တခြားသတ္တုတွေနည်းတူ ပြုမူပါတယ်။ ဆဲလ်ကလာပ်စည်းတွေ အတွင်း က အင်ဇိုင်းဓာတ်ဟာလည်း ခဲသတ္တုရဲ့ အယောင်ဆောင်မှုနောက် လိုက်ပါသွားမိ ပြီး အာဟာရဓာတ် အမှတ်နဲ့ လက်ခံမိလိုက်ပါတယ်။ ဒါပေမယ့် ဒါဟာသေမင်းကို လက်ဆွဲနှုတ်ဆက်မိလိုက်တာပါပဲ။ ခဲဟာ ဆဲလ်ကလာပ်စည်းတွေ လိုအပ်တဲ့ အာဟာရဓာတ် တွေကို ပေးစွမ်းနိုင်ခြင်း မရှိပါဘူး။ အဲဒါ အပြင် ခဲဟာ ဆဲလ် ကလာပ်စည်းအချင်းချင်း ဆက်သွယ်တဲ့ ဈေးရွှန်ထုတ်လုပ်ခြင်း ကိုလည်း ပိတ်ပင် လိုက်ပါတယ်။ မှတ်ဉာဏ်နဲ့ လေ့လာသင်ယူခြင်းအတွက် အရေးပါတဲ့ လက်ခံ မော်လီကျူး အစိတ်အပိုင်းတွေကို လည်း အနှောင့်အယှက် ပြုပါတယ်။ အထူးသဖြင့် ကလေးငယ်တွေအတွက် အင်မတန် ဆိုးကျိုး ကြီးမားပါတယ်။ ကလေးတွေတွင်မက လူကြီးတွေရော ဘယ်သူ့ကိုမှ အလွတ်မပေးဘူး လို့လဲ ဆို နိုင်ပါတယ်။

၂၀ ရာစုရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာတဲ့ နောက် လုပ်ငန်းရှင်တွေ ဟာ ကြော်ညာကဏ္ဍ တွေထဲမှာ ခဲဟာ လူတွေအပေါ် ဘယ်လို ဘေးအန္တရာယ် မှ မရှိ

သလို ဖော်ပြခဲ့ကြပါတယ်။ ၁၉၂၀ ပြည့် လွန်နှစ် တွေမှာတော့ ခဲသတ္တု တူးဖော်ရေး ဟာ အင်မတန် အရှိန် ရလာခဲ့ပြီး ဂျင်နရယ် မော်တာ[151] တီထွင်သူ ချားလ်စ် ကတ်တာရင်း[152] နှင့် ဓာတုဗေဒ ပညာရှင် သောမတ်စ် မစ်ဂျလေ[153] တို့ဟာ မော်တော်ကား အင်ဂျင်တွေရဲ့ ဆူညံသံကို လျှော့ချဖို့အတွက် ဓာတ်ဆီထဲကို တက်ထရာ အီသိုင်းလ် လတ်ဒ်[154] ခဲ ရောနှောတဲ့ နည်းလမ်းကို တွေ့ရှိခဲ့ကြပါတယ်။ အဲဒီနောက် အီသိုင်း ကော်ပိုရေးရှင်းကို တည်ထောင်လိုက်ကြပါတယ်။ တကယ်တော့ အဲဒီ ဓာတ်ပစ္စည်း ဟာ အမေရိကန် စစ်ဌာနချုပ်က အဆိပ်ငွေ့ အဖြစ် သုံးစွဲဖို့ ရည်ရွယ်ခဲ့ဖူးကြောင်း မှတ်တမ်းတင်တာ တွေ့ရှိရပါတယ်။ သုတ်ဆေးတွေမှာ ပါဝင်တဲ့ ခဲသတ္တုနဲ့ မတူပဲ တက်ထရာ အီသိုင်းလ် ခဲသတ္တု ကတော့ အဆီဓာတ် တွေကို ပျော်ဝင်နိုင်စွမ်း ရှိပါတယ်။ လက်ဖက်ရည်ခွက်နဲ့ တဝက်နီးပါး ကိုယ်ခန္ဓာထဲ ဝင်ရောက်သွားရင်ကို သေစေနိုင်တာပါ။

ထုတ်လုပ်သူတွေကတော့ တနှစ်ကို ခဲသတ္တုတန် သန်း ၆၀ ထုတ်လုပ်နိုင်မယ်လို့ တွက်ချက်ထားခဲ့ ပါတယ်။ ပြဿနာက အဲဒီ တူးဖော်ထုတ်လုပ်ထားတဲ့ ခဲသတ္တုတွေကို ကိုယ်တိုင် သန့်စင်ရတဲ့ လုပ်သားတွေဟာ ဒယ်လာဝဲ တို့၊ နယူးဂျာစီ တို့က အရည်ကျိုစက်ရုံ တွေမှာ စိတ်ဖောက်ပြန်တာတွေ ထင်ယောင်ထင်မှား ဖြစ်တာတွေ၊ ပြတင်းပေါက်က ခုန်ချတာတွေ စတင် ခံစားလာခဲ့ရပါတယ်။ နောက်ပြီး ကယောင်ချောက်ချား အော်ဟစ်ရင်း သေဆုံးတာတွေလည်း တနေ့ထပ်တနေ့ များပြားလာခဲ့ ပါတယ်။ အဲဒီ အခါမှာ အများပြည်သူရဲ့ တုန်လှုပ်ထိတ်လန့်မှု တွေကို ထိန်းသိမ်းနိုင်ဖို့ လောကဓာတ် သိပ္ပံ ပညာရပ်ဆိုင်ရာ သိတတ်နားလည်သူတွေ လိုအပ်လာပါတယ်။ အဲဒီ အတွက် သင့်တော်တဲ့ ပညာရှင်တဦးကိုလည်း ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အများပြည်သူရဲ့ ကျန်းမာရေးအပေါ် ခြိမ်းခြောက်လာမှုကို လောကဓာတ်သိပ္ပံဆိုင်ရာ နားလည် တတ်ကျွမ်းသူက စီးပွားရေးသမားတွေ ဖက်ကနေ ပထမဦးဆုံး အကာအကွယ် ပေးခဲ့တဲ့ လုပ်ရပ် လို့လည်း ဆိုနိုင်ပါတယ်။ ဆင်ဆင်နတီ မြို့[155] က လူငယ်ပါမောက္ခ ဖြစ်သူ ရောဘတ် ကီးဟိုး[156] ကို ဂျင်နရယ် မော်တာ ကုမ္ပဏီက အလုပ်ခန့်အပ်လိုက်ပြီး ခဲသတ္တုရဲ့ အန္တရာယ်နဲ့ ပတ်သက်လို့ အများပြည်သူ စိုးရိမ်ထိတ်လန့် နေတာတွေဟာ အခြေအမြစ် မရှိ

ကြောင်း လောကဓာတ်သိပ္ပံ အထောက်အထားတွေနဲ့ တင်ပြစေဖို့ အားထုတ်ခဲ့ပါတယ်။

ခဲသတ္တုဟာ သဘာဝအလျောက် ဖြစ်ပေါ်လာတာလို့ သူက ဆိုပါတယ်။ အဲဒီ ခဲသတ္တုကို ကိုင်တွယ်သန့်စင်ရတဲ့သူတွေ အဖို့ လုပ်ငန်းစဥ် ဆိုင်ရာ ဘေးအန္တရာယ်တွေ ရှိနိုင်တာ မှန်ပေမဲ့ အဲဒီလို မဖြစ်အောင် ဥပဒေ တွေနဲ့ စနစ်တကျ စီမံ ကွပ်ကဲရမယ်လို့ တိုက်တွန်းလိုက်ပါတယ်။ စားသုံးသူ အများပြည်သူအဖို့တော့ ခဲသတ္တု ဘေးအန္တရာယ် ဖြစ်ပွားမယ် ဆိုတဲ့ သက်သေ အထောက်အထား တစုံတရာ မရှိဘူး ဆိုပြီး ထောက်ပြထားပါတယ်။ သူ့ရဲ့ အဆိုကို ဆယ်စုနှစ်ပေါင်းများစွာ ဘယ်သူကမှ အတိုက်အခံ မပြုနိုင်ခဲ့ ပါဘူး။

အင်ဂျင်စက်သုံး ဆူညံမှု လျှော့ချ နိုင်ရန် ခဲသတ္တု ရောနှောထားသည့် ဓာတ်ဆီ

ပတ်တာဆန် တယောက် ကမ္ဘာမြေရဲ့ သက်တမ်းကို တွက်ချက်နိုင်ဖို့ လေ့လာရေးခရီးတွေ သွားရောက်ခဲ့ချိန်မှာတော့ သမိုင်းရဲ့ တဆစ်ချိုး အပြောင်းအလဲ ဖြစ်ရပ်ဆီ ဦးတည်လာခဲ့ပါတယ်။ ကမ္ဘာမြေရဲ့ သက်တမ်းကို ပတ်တာဆန် စူးစမ်းရှာဖွေခဲ့တဲ့ နည်းလမ်းဟာ ကျောက်စင်ကျောက်သား တွေမှာ ခဲသ

တ္တူ ပါဝင်မှု နှုန်းကို တွက်ချက်ကြည့်ခြင်းပါ။ ပတ်တာဆန် ကလည်း အဲဒီ ခေတ်ကာလတုန်း လောကဓာတ်သိပ္ပံ ပညာရှင် အများစုနည်းတူ ခဲသတ္တုဟာ သဘာဝအလျောက် ဖြစ်ပေါ် တာလို့ မှတ်ယူထားပါတယ်။ ဒါပေမဲ့ ယုံကြည်တာ က ယုံကြည်တာ တပိုင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်မှာ ခဲသတ္တုတွေ ဘယ်လို ပေါ်ပေါက် လာသလဲ ဆိုတာကို သူက စနစ်တကျ လေ့လာခဲ့ပါတယ်။ အမေရိကန် ရေနံ နှင့် လောင်စာဆီ လုပ်ငန်းရှင်ကြီးတွေရဲ့ ထောက်ပံ့ငွေနဲ့ လေ့လာရေးခရီး တွေသွားရောက်ခဲ့ပြီး ပင်လယ် သမုဒ္ဒ ရာ ကမ်းခြေ ရေတိမ်ပိုင်းနှင့် ရေနက်ပိုင်း က ခဲသတ္တု ပါဝင်မှုနှုန်း တွေကို နှိုင်းယှဥ် ကြည့်ခဲ့ပါတယ်။ အဲဒီ အခါမှာလည်း သူ ရှာဖွေ တွေ့ရှိတဲ့ အချက်အလက်တွေဟာ ကနဦးမှာ ဘလိုမှ ဆက်စပ်မရခဲ့ပါဘူး။ ရေနက်ပိုင်း သမုဒ္ဒရာထဲ မှာ ခဲသတ္တု ပါဝင်မှုနှုန်းက မဆိုစလောက်ပဲ ရှိခဲ့ပေမယ့် ကမ်းခြေ အစပ်တွေ နဲ့ ကုန်းမြေပိုင်းမှာတော့ အဆပေါင်း ရာနဲ့ချီပြီး မြင့်မားလို့နေ ပါတယ်။ ဘယ်ပင်လယ်သမုဒ္ဒရာ မှာမဆို ရေတိမ်ပိုင်းနဲ့ ရေနက်ပိုင်းက ရေထုတွေ ရောနှောသွားဖို့ ဆိုရင် နှစ်ပေါင်းရာ နှင့်ချီပြီး အချိန်ယူရတာပါ။ အဲဒီတော့ ရေတိမ် ပိုင်းမှာ စိမ့်ဝင်နေတဲ့ ခဲသတ္တု ပမာဏ အများအပြားဟာ မကြာသေးခင်ကမှ ဖြစ် ပေါ်ခဲ့တာပါလို့ ကောက်ချက်ဆွဲ နိုင်ပါတယ်။ အဲဒီလိုမဟုတ်ရင် ပင်လယ်ရေပြင် အနှံ့ သဘာဝအလျောက် ဖြစ်ပေါ်မှုခြင်း အတူတူရှိရမှာ မဟုတ်လား။

ပင်လယ် ရေတိမ်ပိုင်းနှင့် ရေနက်ပိုင်း က ရေထုတွေ ရောနှော သွားဖို့ ကြာ ချိန်ကို တွက်ချက်ကြည့်ရင်း ကုန်းမြေပေါ်က ခဲဆိပ်သင့်မှု နှုန်းထားကိုပါ ပတ်တာ ဆန် က ခန့်မှန်းတွက်ချက်ပြနိုင် ခဲ့ပါတယ်။ ဒီလောက် မြန်ဆန်တဲ့နှုန်းထာနဲ့ ကမ္ဘာ့ သမုဒ္ဒရာတွေကို ခဲဆိပ်သင့်မှုတွေ ပေါ်ပေါက် လာအောင် ဘယ်အရာကများ မောင်းနှင်ခဲ့သလဲလို့ ပတ်တာဆန် က အဖြေရှာ ကြည့်ပါတယ်။ အဲဒီ နောက်မှာ တော့ သဘာဝပတ်ဝန်းကျင်မှာ ခဲဆိပ်သင့်မှုတွေ ပေါများလာစေတဲ့ လက်သည် တရားခံဟာ မော်တော်ကားတွေမှာ အသုံးပြုနေတဲ့ ခဲသတ္တု ရောနှောဓာတ်ဆီတွေ ကြောင့်လို့ သိမြင်သွားခဲ့ပါတယ်။ အိတ်ဇော်ပိုက် ကနေ ထွက်ခွာသွားပြီးတဲ့နောက် အဲဒီ ခဲဆိပ်သင့်မှုတွေ ဘယ်ရောက်သွားလဲလို့ ရိုးရိုးလေးတွေးကြည့် မိရင်ကို အဖြေထွက်တာမျိုး မဟုတ်လား။ ပြဿနာက သူ့ရဲ့ လေ့လာစူးစမ်းမှု တွေကို ထောက်ပံ့ ပေးနေတဲ့ ကုမ္ပဏီ ကြီးတွေအဖို့ အဲဒီ ဓာတ်ဆီကနေပဲ ဝင်ငွေ အလုံးအရင်းနဲ့ ရရှိ နေခြင်း ဖြစ်ပါတယ်။ ပတ်တာဆန် ကတော့ သူ့ရဲ့ လေ့လာ

တွေ့ရှိမှုတွေကို လျှို့ဝှက်မထားပဲ လောကဓာတ်သိပ္ပံ ဂျာနယ်တွေမှာ ထည့်သွင်း ဖော်ပြစေခဲ့ပြီး ခဲတွေ ရောနှောထားတဲ့ ဓာတ်ဆီလောင်စာ အသုံးပြုမှု အပေါ် စတင် တိုက်စစဆင်ခဲ့ပါတယ်။ စာစောင်မှာ သူ့ရဲ့ ဆောင်းပါးကို ဖော်ပြပြီးတဲ့ နောက် သုံးရက်အကြာမှာတော့ တန်ပြန်တိုက်စစ်တွေ စတင် လာပါတော့တယ်။

အဲဒီနောက်မှာတော့ ပတ်တာဆန်ကို ကျောထောက်နောက်ခံ ပေးနေတဲ့ ရေနံ နှင့် လောင်စာ ကုမ္ပဏီကြီးတွေရဲ့ အထောက်အပံ့ တွေ ဟာလည်း နေ့ချင်းညချင်း ပျောက်ကွယ်သွားခဲ့ပါတော့တယ်။ သူ့ကို လက်ရှိအလုပ်က ထုတ်ပယ်ပစ်ဖို့တောင် ဖိအားပေးကြပါတယ်။ ဒါပေမဲ့ အမေရိကန် အစိုးရ ကာကွယ်ရေး ဌာနနှင့် အဏုမြူစွမ်းအင် ကော်မရှင်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန နှင့် အမျိုးသား သိပ္ပံနှင့် လောကဓာတ် ဖောင်ဒေးရှင်းတို့က ပတ်တာဆန် ဖက်ကနေ မားမားမတ်မတ် ရပ်တည်ပေးခဲ့ပြီး ခဲဆိပ်သင့်မှု သုတေသနအတွက် ဆက်လက်ထောက်ပံ့ ခဲ့ကြပါတယ်။ သူ့ရဲ့ သုတေသန လေ့လာခရီးမှာ မြောက် ဖက် ဂရင်းလန်း ကနေ တောင်ဖက် အန္တာတိက တိုက်အထိ ခြေဆန့်ခဲ့ပြီး ကမ္ဘာ့ အနှံ့ က မြစ်ချောင်းအင်းအိုင် တွေ စီပါမကျန် သုတေသန နမူနာတွေ ရယူခဲ့ပါ တယ်။ အင်မတန်ကြမ်းတမ်းလှတဲ့ ရာသီဥတုတွေနဲ့ ရင်ဆိုင်ခဲ့ရတာတောင် ပတ် တာဆန်နဲ့ သူ့ရဲ့ သုတေသန အဖွဲ့ဟာ တနေ့ကို ဆယ်နာရီ ကနေ ဆယ့်နှစ်နာရီ ထိ အလုပ်လုပ်ခဲ့ပြီး အန္တာတိကရဲ့ သုညအောက် အပူချိန်မှာ ပေ ၂၀၀ ကျော်အထိ တူးဖော်ခဲ့ကြပါတယ်။

အန္တာတိကရဲ့ ရေခဲလွှာ တွေဟာ တကယ်တမ်း ကာလယန္တာရားနဲ့တောင် တူပါသေးတယ်။ လွန်ခဲ့တဲ့ ရာစုနှစ် ၃ ခုစာ ကျဆင်းခဲ့တဲ့ နှင်းပြင်တွေကို အလွှာ လိုက် တွေ့မြင်ခဲ့တာပါ။ အစောဆုံး နှင်းချပ် ရေခဲလွှာ တွေဆိုရင် စက်မှုတော်လှန် ရေး မဖြစ်ပွားမီကလို့တောင် ဆိုနိုင်ပါတယ်။ သီတင်းပတ် လေးခု အကြာ သုတေသန နမူနာတွေ စုဆောင်းပြီးတဲ့နောက် ဓာတ်ခွဲခန်းဆီကို ပြန်လာခဲ့ကြပါ တယ်။ ပင်လယ် သမုဒ္ဒရာထဲမှာ ခဲသတ္တု ပါဝင်မှုနှုန်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ရာဂဏန်း က နှင်းထုတွေ ထဲကထက် လျော့နည်းကြောင်း သူက တွေ့ မြင်ခဲ့ပါတယ်။ ကမ္ဘာပေါ်က တူးဖော်ခဲ့သမျှ နေရာတွေ အကုန်လုံး၊ အချိန်တွေကို နောက်ပြန် ရွှေ့ ယူပြီး လေ့လာခဲ့သမျှ အားလုံး ဟာ ရလဒ် တူညီစွာပဲ ဖော်ပြနေကြပါတယ်။

သဘာဝအလျောက် ဖြစ်ပေါ်တဲ့ ခဲသတ္တုတွေဟာ ဟိုးအရင်အတိတ် ကာလတုန်းက အများကြီး လျော့နည်းခဲ့တယ် ဆိုတာပါပဲ။

ခဲသတ္တုနှင့် ခဲဆိပ်သင့်မှုဟာ လူရဲ့ ဦးနှောက်ကို ထိခိုက်စေမှန်း လူသားတွေ သိရှိထားခဲ့တာ ကြာလှပါပြီ။ ကိုယ်ခန္ဓာ ဖွံ့ဖြိုးမှု ပြဿနာတွေ၊ ခက်ထန်ကြမ်းကြုတ်မှုတွေ နဲ့ အသက်ကိုတောင် ထိခိုက် စေတာတွေ အကြောင်း မသိမဟုတ် သိခဲ့ကြပါတယ်။ ကမ္ဘာမြေရဲ့ သက်တမ်း အစစ်အမှန်ကို ရှာဖွေခြင်းနှင့် အတူ ပတ်တာဆန် တယောက် ရှာဖွေ တွေ့ရှိခဲ့တာက လူတို့ရဲ့ ပတ်ဝန်းကျင်မှာ ခဲအဆိပ်သင့်မှုတွေ မယုံနိုင်စရာ နှုန်းထားနှင့် အဆမတန် မြင့်မားလာနေတယ် ဆိုတာပါပဲ။ ဒါပေမဲ့ လောင်စာဆီ ကုမ္ပဏီတွေက ခန့်အပ်ထားတဲ့ ကီးဟိုးနဲ့ အခြားပညာရှင်တွေကတော့ ခဲသတ္တုနဲ့ ပတ်သက်လို့ စိုးရိမ်စရာ မရှိကြောင်း အများပြည်သူကို ပျားရည်နဲ့ ဝမ်းချနေခဲ့ပါတယ်။ လူတွေကလဲ အများနဲ့ တယောက် တယူသန် ဖြစ်တဲ့ သူရယ် လို့ ပတ်တာဆန် ကို အူကြောင်ကြောင် အဖြစ် သဘောထားခဲ့ကြပါတယ်။

အဲဒီနောက် အမေရိကန် တရားဥပဒေ အပေါ် ဩဇာ သက်ရောက်သူ တဦးက ပတ်တာဆန် ရဲ့ စကားတွေကို စတင် အရေးတယူပြု လာခဲ့ပါတယ်။ ပတ်တာဆန် ဟာ ခဲအဆိပ်သင့်ခြင်းနဲ့ ပတ်သက်ပြီး သုတေသန စာတမ်းပေါင်းများစွာ ရေးသားပြုစု ခဲ့သလို သူ့ရဲ့ လေ့လာတွေ့ရှိမှုတွေကိုလည်း နာမည်ကျော် သိပ္ပံစာစောင်တွေက ဖော်ပြပေးခဲ့ပါတယ်။ အစိုးရထိပ်တန်း ခေါင်းဆောင်ပိုင်း ဆီလည်း သူ့ရဲ့ စာတမ်းတွေ လက်ခံရရှိခဲ့တာပါပဲ။ ဒါပေမဲ့ သူ့စကားတွေကို အရင်ဆုံး အရေးတယူ ပြုခဲ့သူကတော့ မိန်းပြည်နယ် ကိုယ်စားပြု အမေရိကန် အထက်လွှတ်တော် အမတ်ဖြစ်သူ အက်ဒ်မန် မက်စ်ကီ[157] ဆိုသူပါ။ သူဟာ လေထုနှင့် ရေထု ညစ်ညမ်းမှုဆိုင်ရာ ကော်မတီခွဲရဲ့ ဥက္ကဋ္ဌ လည်း ဖြစ်ပါတယ်။

သဘာဝ ပတ်ဝန်းကျင် ဘက်တော်သား အက်ဒ်မန် မက်စ်ကီ

၁၉၆၆ ခုနှစ်မှာ ခဲအဆိပ် သင့်ခြင်းအကြောင်း လွှတ်တော် ကြားနာစစ်ဆေးမှုတွေ စတင် ခဲ့ပါတယ်။ ပထမဦးဆုံး စတင် စစ်ဆေးခံရသူ ပညာရှင် သက်သေကတော့ ခဲသတ္တု ရောနှောထားတဲ့ ဓာတ်ဆီ အသုံးပြုမှု ဆိုင်ရာ လော်ဘီ လုပ်ခဲ့သူ ဒေါက်တာ ရောဘတ် ကီးဟိုး ပါပဲ။ သူကတော့ ဓာတ်ဆီ အသုံးပြုမှု ကြောင့် ခဲသတ္တု စွန့်ပစ် ပစ္စည်းတွေကနေ ပတ်ဝန်းကျင်မှာ ခဲအဆိပ်သင့်ခြင်း အမှတ်လက္ခဏာ သက်သေ အထောက်အထားဆိုလို့ ဆယ်စုနှစ် အတွင်း ဘာမှမရှိခဲ့ပါကြောင်း ထွက်ဆို သွားပါတယ်။ အဲဒီ ကြားနာမှု ဟာ ခဲအဆိပ်သင့်မှု အကြောင်း ထုတ်ပြောဆိုသူ ပတ်တာဆန် အမေရိကမှာ မရှိတဲ့အချိန် စတင်ခဲ့တာကတော့ အတော့်ကို ထူးဆန်း နေခဲ့ပါတယ်။ အဲဒီတုန်းက ပတ်တာဆန် တယောက် အန္တာတိကကို ရောက်နေခဲ့ပြီး သုတေသန နမူနာတွေ တူးဖော် နေခဲ့စဥ် ဖြစ်ပါတယ်။ ဒါပေမဲ့ ကြားနာမှု ငါးရက်မြောက်နေမှာတော့ အမေရိက ကို ပြန်လည် ရောက်ရှိလာခဲ့ပြီး တန်ပြန် တိုက်စစ်တွေ စတင်ဖို့ အားထုတ်ပါတော့တယ်။ သူတင်ပြလာတဲ့ သုတေသန စာတမ်းတွေရဲ့ တွေ့ရှိချက် တွေမှာ ခဲသတ္တု ရောနှောထားတဲ့ လောင်စာဆီ အသုံးပြုမှု စတင်ပြီးတဲ့နောက် ပတ်ဝန်းကျင် ရေမြေတွေမှာ ခဲ

အဆိပ်သင့်မှုတွေ တိုးပွားလာကြောင်း ကိန်းဂဏန်းတွေနဲ့ အတိအကျ တွက်ချက်ပြထားပါတယ်။

အဲဒီနောက် သဘာဝ ပတ်ဝန်းကျင်မှာ အလိုအလျောက် ဖြစ်တည်တဲ့ ခဲသတ္တု အချိုးအစားကိုတော့ ပညာရှင် နှစ်ဦး သဘောထားချင်း တိုက်ဆိုင်ခဲ့ကြပြီး လတ်တလော တိုးမြင့်လာတဲ့ ခဲသတ္တု အချိုးအစားနဲ့ ပတ်သက်လို့ အငြင်းပွားခဲ့ကြပါတယ်။ ဒေါက်တာ ကီးဟိုးက လောင်စာဆီကနေ ခဲအဆိပ် သင့်ခြင်း ဘယ်လို ဆက်နွယ်သလဲ၊ အများပြည်သူ ကျန်းမာရေး အပေါ် သက်ရောက်မှု ရှိကြောင်း ဘာအထောက်အထား ရှိသလဲလို့ အဓိက ထောက်ပြ ပြောဆိုခဲ့ပေမဲ့ သဘာဝ ပတ်ဝန်းကျင်မှာ ခဲအဆိပ်သင့်မှု အမြောက်အမြား တိုးပွားလာတာကို ထောက်ပြထားတဲ့ ပတ်တာဆန်ရဲ့ ကိန်းဂဏန်းတွေက ခိုင်မာနေခဲ့ပြီး အများပြည်သူ ကျန်းမာရေးကို လျစ်လျူရှုတဲ့ အနေနဲ့ ခဲသတ္တု အရောအနှော လောင်စာဆီတွေ သုံးစွဲနေခြင်းဟာ ကော်ပိုရေးရှင်း လုပ်ငန်းကြီးတွေအဖို့ ကျင့်ဝတ် ဖောက်ဖျက်ခြင်း ဖြစ်ကြောင်း ပြန်လည်ထုတ်လွှင့် လိုက်ပါတယ်။ တကယ်လို့ သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်ပြီး အများပြည်သူ ကျန်းမာရေး ထိခိုက်မှုတွေ ရှိလာခဲ့ရင် ပညာရှင်တွေ အနေနှင့် အနေး နဲ့ အမြန် တွေ့ရှိမှာ ဖြစ်ကြောင်း ကီးဟိုးက ကာကွယ်ဖို့ ကြိုးစားခဲ့ပေမဲ့ လောင်စာဆီ ကော်ပိုရေးရှင်းကြီးတွေ ခေတ်ဆီ ရောင်းရဖို့ အားထုတ်ပေးနေတဲ့ ပညာရှင်တွေ အနေနဲ့ ဆိုရင် ဒီအချက်ကို မျက်ကွယ် ပြုထားမှာ မဟုတ်လားလို့ ပတ်တာဆန်က နောက်ကောက်ချလိုက်ပါတော့တယ်။



၁၉၉၅ ခုနှစ်တွင် ချီးမြှင့်သော သဘာဝပတ်ဝန်းကျင် ဂုဏ်ထူးဆောင် တိုင်လာဆု ရယူနေသည့် ကလဲ ပတ်တာဆန်

အဲဒါတောင် လောင်စာဆီတွေ မှာ ခဲသတ္တုရောနှောခြင်းကို ပိတ်ပင်တားမြစ်နိုင်ဖို့ ပတ်တာဆန် တယောက် နောက်ထပ် နှစ်ပေါင်း ၂၀ ကျော် တိုက်ပွဲ ဝင်ယူခဲ့ရပါတယ်။ ကမ္ဘာမြေရဲ့ သက်တမ်းအစစ်အမှန်ကို တွက်ချက်ပြနိုင်ခဲ့တဲ့ လောကဓာတ် သိပ္ပံပညာရှင် တဦး ဖြစ်သူ ပတ်တာဆန် ဟာ ၂၀ ရာစု အတွက် အများပြည်သူရဲ့ ကျန်းမာရေး ကိုလည်း များစွာ အကျိုးပြုခဲ့တယ်လို့လည်း ဆိုရပါလိမ့်မယ်။ အဲဒီလို ခဲသတ္တုသုံးစွဲခြင်း အပေါ် ပိတ်ပင်လိုက်ပြီးတဲ့နောက် နှစ်အနည်းငယ်အတွင်း မှာပဲ ကလေးသူငယ်တွေရဲ့ ခဲအဆိပ်သင့်မှုဟာ ၇၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။ ဒီကနေ့မှာတော့ လူကို ဘေးဥပဒ် မဖြစ်စေနိုင်တဲ့ ခဲသတ္တု ပါဝင်မှုနှုန်းရယ် လို့ မရှိ၊ ခဲသတ္တု မှန်ရင် လူကို ဘေးဥပဒ်သင့်စေကြောင်း ဆေးသိပ္ပံ အသိုင်းအဝိုင်းကနေ တညီတညွတ်ထဲ လက်ခံ သဘောတူခဲ့ ကြပြီးပါပြီ။ လောကဓာတ်သိပ္ပံ ပညာရှင်တွေ အနေနဲ့ အခြားသော သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဘေးအန္တရာယ် တွေ အကြောင်းကိုလည်း လူအများ သိရှိအောင် ထောက်ပြပြောဆိုကြပါတယ်။ ဒါပေမဲ့ အများပြည်သူ ထက် ကော်ပိုရေးရှင်းကြီးတွေရဲ့ ကိုယ်ကျိုးစီးပွားကို ရှေးရှုပြီး အားထုတ်ကျတာမျိုး တွေလည်း ရှိနေကြဆဲပါ ။ ဘယ်လိုပဲ အားထုတ်ပေမယ့် အဆုံးတနေ့မှာတော့ သဘာဝတရားရဲ့ ပကတိ

သဘောကို လှည့်စားလို့မရနိုင်ဘူး ဆိုတာကို သမိုင်းတလျှောက် အကြိမ်ကြိမ် သက်သေထူခဲ့ပြီး ဖြစ်တယ်လို့ပဲ ဆိုချင်ပါတော့တယ် ။

Whisper Of Words

အပိုင်း (၄)

ကြယ်တာရာ ညီအစ်မများ

ကျွန်တော်တို့ဟာ ကောင်းကင်ပေါ်က ကြယ်တာရာတွေကို ကမ္ဘာမြေဆီ ဆောင်ကြဉ်းလာနိုင် ခဲ့တယ်လို့ ဂုဏ်ယူတတ်ကြပါတယ်။ ဒါပေမယ့် အဲဒီလို ဆောင်ကြဉ်းလာဖို့အတွက် ဘယ်လောက်တောင် ရုန်းကန် အားထုတ်ခဲ့ကြရပါ သလဲ။ မြို့ပြတွေရဲ့ လျှပ်စစ်မီးရောင်စုံတွေကို ထွန်းလင်းစေလိုက်တဲ့အခါမှာ အဖိုးတန် တစုံတရာကို ဆုံးရှုံးလိုက်ရသလိုပါပဲ။ ကြယ်တာရာတွေရဲ့ အလင်း ရောင်ကို ကျွန်တော်တို့ ဆုံးရှုံးလိုက်ရတယ်လို့ ဆိုလိုတာပါ။

ဟိုးလွန်ခဲ့တဲ့ အတိတ်ကာလတွေတုန်းကတော့ ညဘက်မှာ အလင်းရောင် ရရှိဖို့အတွက် မီးလင်းဖိုကိုပဲ အားကိုးခဲ့ပြီး ကျွန်တော်တို့ လူသားတွေနဲ့ ကြယ် တာရာတွေရဲ့ အကြား ဆက်ဆံရေးဟာလည်း အတော့်ကို ကိုယ်ရေးကိုယ်တာ ဆန်ခဲ့တယ်လို့ ဆိုရမလားပဲ။ ထောင်နဲ့ချီတဲ့မျိုးဆက်ပေါင်းများစွာမှာ ကျွန်တော် တို့ လူသားတွေဟာ ကြယ်တာရာတွေကို ငေးမောကြည့်နေခဲ့ရပြီး မိမိတို့ရဲ့ ဘဝ တွေဟာ အဲဒီ နက္ခတ်တာရာတွေ အပေါ်မှီခိုနေရသယောင် ထင်မှတ်ထားကြပါ တယ်။ တကယ်လည်း မှီခိုနေရတယ်လို့ ဆိုကောင်းဆိုနိုင် မလားပဲ။ ကျွန်တော်တို့ လူသားတွေဟာ ရုပ်ပိုင်းဆိုင်ရာအရ ကြံ့ခိုင်သန်မာဆုံး၊ လျင်မြန်ဖျတ်လတ်ဆုံး သော သတ္တဝါတွေမဟုတ်ကြပါဘူး။ အသက်ရှင်ရပ်တည်ရေးအတွက်ကျွန်တော် တို့နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရတဲ့ သတ္တဝါတွေကတော့ ကျွန်တော်တို့ထက် ရုပ်ပိုင်း ဆိုင်ရာမှာ များစွာ သာလွန်ခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လူသားတွေ အနေနဲ့ အားသာချက်တခုတော့ ရှိပါတယ်။ အဲဒါက အသိဉာဏ်ပါပဲ။

အသိဉာဏ်ဆိုတာရဲ့ အစိတ်အပိုင်းတရပ် အနေနဲ့ ကျွန်တော်တို့ဟာ ဖြစ်ရပ် တွေကို ဆက်စပ် သုံးသပ်နိုင်စွမ်း ရှိကြပါတယ်။ ညစဉ်ညတိုင်းမှာ အပြောကျယ်လှ

တဲ့ ကောင်းကင်ပြင်ကြီးထက်က ကြယ်တာရာတွေကို မော့ကြည့်ခဲ့ကြပြီး အဲဒီ နက္ခတ်တာရာတွေဟာ တသမတ်တည်း မဟုတ်ပဲ ရွေ့လျားနေခဲ့ ကြတယ် ဆိုတာ ကိုလည်း ကျွန်တော်တို့ဘိုးဘေးတွေက သတိထားမိခဲ့ကြပါတယ်။ အဲဒီလို ရာသီ အလိုက် ရွေ့လျားနေတဲ့ ကြယ်တာရာတွေဟာ ကမ္ဘာမြေပေါ်မှာ အပြောင်းအလဲ တွေ တစုံတရာ ပေါ်ပေါက်တော့မယ် ရယ်လို့ အချက်ပြနေသယောင်လည်း ရှိပါ တယ်။ ဒါမှမဟုတ်ကျွန်တော်တို့ရဲ့ အသက်ရှင်ရပ်တည်နိုင်ချေတွေ တိုးတက် ကောင်းမွန်လာမယ်၊ ဆုတ်ယုတ်နိမ့်ပါးသွားမယ် စသဖြင့် နိမိတ်ဖတ်နေသယောင် ရှိတယ်လို့လည်း ခံစားမိစေခဲ့ဟန် တူပါတယ်။ ကျွန်တော်တို့ လူသားတွေဟာ စိတ်ကူးယဉ်ဒဏ္ဍာရီတွေကို အမှန်တကယ် သက်ဝင်ကြွတက်လာအောင်အထိ ဖန်တီးယူခဲ့ကြတယ်လို့ ဆိုရမှာပါပဲ။

အဲဒီခေတ်ကာလတွေတုန်းက ရုပ်ရှင်တွေ၊ ရုပ်မြင်သံကြားတွေလည်း မရှိခဲ့ သလို လျှပ်စစ်ပစ္စည်း တွေလို့လည်း ပေါ်မှ မပေါ်ခဲ့သေးတာဆိုတော့ လူ့အဖွဲ့ အစည်းတိုင်းဟာ ညဘက် သူတို့ မြင်တွေ့ ရတဲ့ ကြယ်တာရာတွေကို မေးမော ကြည့်ရင်း အမှတ်လေးတွေ ချိတ်ဆက်ပြီး တွေ့ ဖူးမြင်ဖူးနေကျ ရုပ်ပုံလေးတွေ အဖြစ် ပြောင်းယူခဲ့ကြပါတယ်။ အဲဒီ ရုပ်ပုံလေးတွေဟာ စိတ်ကူးယဉ် ဒဏ္ဍာရီ တွေ ထဲမှာ ဇာတ်ကောင်တွေ ဖြစ်လာကြသလို အပြင်ဘက်က ပကတိလောကမှာ လည်း အသက်ရှင် ရပ်တည်ရေးအတွက် အရေးပါတဲ့ မောင်းနှင်အားတွေဖြစ်လို့ လာခဲ့ပါတယ်။ များစွာသော နတ်ဘုရားတွေ၊ သူရဲကောင်းတွေ၊ မြင်ဖူး တွေ့ဖူး နေကျ သတ္တဝါတွေနဲ့ လက်နက်ကိရိယာပုံလေးတွေ အစရှိသဖြင့် ဖန်တီး နာမည် ပေးခဲ့ကြပြီး လူ့အဖွဲ့ အစည်းတခုနဲ့ တခုတော့ အဓိပ္ပာယ်ဖွင့်ဆိုပုံချင်း အနည်းငယ် ကွဲပြားခဲ့ကြပါတယ်။

ကောင်းကင်ယံမှာ အတောက်ပဆုံးသော ကြယ်တာရာစုတွေထဲက တခုဖြစ် ပြီး ရှေးဟောင်း ခေါမလူမျိုးတွေ အဆိုအရ ပလေဒီးစ် ဆိုတဲ့ကြယ်တာရာကတော့ ထင်ရှားလှပါတယ်။ တကယ်တမ်း အဲဒီ ဂလက်ဆီဟာ လွန်ခဲ့တဲ့နှစ်သန်းပေါင်း ရာဂဏန်းတုန်းက စတင် ဖြစ်တည်လာခဲ့ပြီး ကျွန်တော်တို့ နေအဖွဲ့အစည်းထဲက နေမင်းထက် အဆပေါင်း ၄၀ ကျော် ပိုမိုထွန်းလင်း တောက်ပပါတယ်။ အယ်လ်ဆို င်ယွန်နီ[158] ဆိုတဲ့ ကြယ်တာရာ ဆိုရင်လည်း ကျွန်တော်တို့ မြင်ရတဲ့နေမင်းထက်

အဆပေါင်း ထောင်နဲ့ချီ ပိုမို တောက်ပပါတယ်။ ရှေးခေတ်တွေတုန်းကဆို အဲဒီ ပလေဒီးစ်လို၊ အယ်လ်ဆိုင်ယွန်နီလို ကြယ်တာရာတွေကို မျက်လုံး ကောင်း၊ မကောင်း စမ်းသပ်တဲ့အနေနဲ့ ကမ္ဘာတဝှမ်းကလူတွေ အသုံးပြုခဲ့ ကြတယ် ဆိုပါတယ်။ အဲဒီ နက္ခတ်တာရာစုထဲကမှ အနည်းဆုံး ကြယ်တာရာ ၆ လုံးလောက် မြင်ရတယ်ဆိုရင် မျက်လုံးကောင်းသေးတယ်လို့ သတ်မှတ်ပါသတဲ့။ ကြယ်တာရာ ၇လုံးနဲ့အထက် မြင်ရတယ်ဆိုရင်တော့ စစ်သူရဲလို၊ ကင်းထောက်လို အလုပ်တွေအတွက် အထူးသင့်လျော်သူ ဖြစ်တယ်လို့ သတ်မှတ်ကြပါတယ်။

ဗြိတိသျှကျွန်းမှာ နေထိုင်ကြတဲ့ ရှေးဟောင်း ဆဲလ်တစ်နဲ့ ဒရူးယစ် လူမျိုးတွေကတော့ ပလေဒီးစ် နက္ခတ်တာရာတွေဟာ လူတွေကို ထိတ်လန့်တုန်လှုပ် စေတယ်လို့ မှတ်ယူကြပါတယ်။ တနှစ်တာ ကာလအတွင်း ညဥ့်နက်သန်းခေါင် ယံမှာ အမြင့်ဆုံး အထွဋ်အထိပ် ရောက်ရှိချိန်ဆိုရင် သေခြင်းတရားရဲ့ ဝိညာဉ်တွေဟာ ကမ္ဘာမြေဆီ ဆင်းသက် လှုပ်ရှားကြတယ်လို့ ယုံကြည်ထားကြပါတယ်။ အဲဒီလို အခါသမယအတွက် အထိမ်းအမှတ် ပွဲလမ်းသဘင်တွေ ကျင်းပခဲ့ကြပြီး ရှေးခေတ်တုန်းက ဆာဝင်ပွဲတော်[159] လို့ ခေါ်ဆိုခဲ့ပေမယ့် ဒီကနေ့မှာတော့ ဟယ်လိုဝီးန်ပွဲတော်[160] ရယ်လို့ လူသိများပါတယ်။ ကမ္ဘာအနှံ့က လူ့အဖွဲ့အစည်းတွေမှာ အဲဒီ အတောက်ပဆုံး နက္ခတ်တာရာ တခုဖြစ်တဲ့ ပလေဒီးစ်နက္ခတ်ဟာ ကောင်းကင်ယံမှာ ဘယ်လို ပေါ်ထွက်လာခဲ့တယ် ဆိုတာအကြောင်း ဒဏ္ဍာရီမျိုးစုံနဲ့ ပြောဆိုခဲ့ကြပါတယ်။

မြောက်အမေရိကဒေသခံ ကိုင်ရိုဝါလူမျိုးစု[161] တွေရဲ့ ဒဏ္ဍာရီကတော့ ဒီလိုပါ။ သူတို့ ညဘက် စတည်းချရာ တဲအိမ်စုတွေမှာ မိန်းမငယ်တို့ဟာ လူသူ ကင်းဝေးရာဆီ တိတ်တဆိတ်ထွက်ခွာပြီး ကြယ်ရောင်တွေအောက်မှာ စိတ်လွတ် ကိုယ်လွတ် ကခုန်ကြပါသတဲ့။ အဲဒီလို ကခုန်နေချိန်မှာ ဝက်ဝံညိုကြီးတွေရဲ့ တိုက်ခိုက်မှုကိုခံရတဲ့အတွက် လွတ်မြောက်ရာ ထွက်ပြေးကြရင်း “အို ကျောက် ဆောင်ကြီးတို့ အကျွန်တို့အား ကယ်မတော်မူပါ” လို့ တိုးလျှိုးတောင်းပန်တဲ့ အခါ ကျောက်ဆောင်ကြီးတွေက မိန်းကလေးငယ်တို့ရဲ့ ငိုယိုတောင်းပန်သံကို နားညောင်းပြီးဟိုးအမြင့်ဆီ ထိုးတက်ပေးလိုက်သတဲ့။ အဲဒီလို မြင့်တက်သွားတဲ့ ကျောက်ဆောင်ကြီးကို မိစ္ဆာမျှော်စင်ရယ်[162] လို့ခေါ်ဆိုကြပြီး ဒီကနေ့ အမေရိကန်

နိုင်ငံ၊ ဝိုင်ယိုမင်[163] ပြည်နယ်မှာ တည်ရှိပါတယ်။ အဲဒီ ကျောက်ဆောင်ကြီးပေါ် ပါသွားကြသူ မိန်းမငယ်တွေကတော့ ပလေဒီးစ်နက္ခတ်တာရာရဲ့ ကြယ်စင်တွေ ဖြစ်သွား ကြပါသတဲ့။ ဆောင်းလလယ်ပိုင်းမှာဆို အဲဒီ ကြယ်စင်တွေကို မိစ္ဆာ မျှော်စင်ထိပ်မှာ တွေ့ မြင်ရတယ်လို့ ဒေသခံတွေ ဆိုပါတယ်။



အမေရိကန် ပြည်ထောင်စု ဝိုင်ယိုမင်ပြည်နယ်ရှိ မိစ္ဆာ မျှော်စင်

ရှေးဟောင်းခေါမလူမျိုးတွေ ကလည်း အဲဒီ ကြယ်တာရာ ၇လုံးကို မိန်းမ ငယ် ၇ ဦးအဖြစ် ရှုမြင်ခဲ့ကြတာပါပဲ။ ကောင်းကင်နတ်ဘုရား အတ္တလတ်စ်[164] ရဲ့ သမီး တော် ၇ ပါးဖြစ်ပြီး သူတို့ကို လိုက်လံ ဖမ်းဆီးသူကတော့ ဝက်ဝံညိုကြီးတွေ မဟုတ်ဘဲ အော်ရိုင်ယွန် နတ်ဘုရား[165] ဖြစ်ပါသတဲ့။ တနေ့သား လမ်းလျှောက် ထွက် လာရင်း ချောမောလှပလွန်းတဲ့ မိန်းမငယ်တသိုက်ကို မြင်တွေ့ သွားရာမှာ ရမ္မက် စိတ်ကြောင့် ရူးသွပ်သွားပြီး အမိဖမ်းဖို့ ကြိုးစားခဲ့တယ် ဆိုပါတယ်။ အော်ရို င်ယွန် တယောက် မိန်းမငယ် ၇ ဦးရဲ့ နောက်ကို ၇ နှစ်တိုင်တိုင် မမောနိုင်၊ မပန်း နိုင် အမီလိုက်ဖို့ အားထုတ်ခဲ့ရာမှာ မိန်းမငယ်တို့က နတ်ဘုရား ဇူးစ်[166] ကို တိုင်တည် တောင်းပန်ပြီး ဇူးစ်နတ်ဘုရားကလည်း ကရုဏာသက်မိ တာကြောင့် ခို လေးတွေ အဖြစ် ကောင်းကင်ပေါ် ပျံတက်စေရင်း ပလေဒီးစ် နက္ခတ်အဖြစ် ပေါ်ထွန်းလာခဲ့ ပါသတဲ့။ အော်ရိုင်ယွန်တယောက် ကင်းမြီးကောက် အဆိပ်

ကြောင့် ကံကုန်တဲ့ အခါမှာတော့ သူ့ရဲ့ ဖွဲလုံ့လကိုးစ်နတ်ဘုရားက အသိအမှတ်ပြု တဲ့ အနေနဲ့ ကောင်း ကင်ယံမှာ နက္ခတ်အဖြစ် ပေါ်ထွန်းခွင့်ပေးပြီး သမီးတော် ၇ ပါးကို ဆက်လက် ပိုးပန်းစေခဲ့ပါသတဲ့။

ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေဟာ ကောင်းမွန်လှတဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ ဒဏ္ဍာရီပုံပြင်တွေ ဖန်တီးယူခဲ့ကြပေမယ့် ကြယ်တာရာတွေရဲ့ ပကတိ အရှိတရားနဲ့ ပတ်သက်လို့တော့ စိတ်ကူးယဉ် အိပ်မက်ဆိုတဲ့ အဆင့်ထက် မပိုနိုင်ခဲ့ကြပါဘူး။ ကြယ်တာရာတွေရဲ့ ပကတိဖြစ်ရပ်မှန်အကြောင်းကို ကျွန်တော်တို့ လူသားတွေ သိမြင်နိုင်ဖို့အတွက် နှစ်ပေါင်းထောင်ဂဏန်း အတွင်း လောကဓာတ်သိပ္ပံဆိုင်ရာ ပါရမီရှင် ၃ ဦးတို့က စွမ်းဆောင်ပေးခဲ့ကြရပါတယ်။

၁၉၀၁ ခုနှစ်မှာဆိုရင် ဟားဗတ်တက္ကသိုလ်ဆိုတာ ယောကျ်ားသားတို့ ကြီးစိုး ရာ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် နက္ခတ်ဗေဒ ပညာရှင် အက်ဒ်ဝါ့ ချားလ်စ် ပစ်ကား ရင်း[167] ကတော့ အဲဒီ အစဉ်အလာကို ရိုက်ချိုးလိုက်ပါတယ်။ ပစ်ကားရင်း ကြယ်တာရာတွေရဲ့ မြေပုံရေးဆွဲဖို့နဲ့ အမျိုးအစား ခွဲခြားသတ်မှတ်နိုင်ဖို့ ရည်မှန်း ပြီး အမျိုးသမီးတွေကို သူ့ဌာနမှာ ခန့်အပ်ခဲ့ပါတယ်။ အဲဒီထဲက အမျိုးသမီး ဝန်ထမ်းတဦးဟာ ကြယ်တာရာတွေကို ဘာတွေနဲ့ ဖွဲ့စည်း ထားတယ်ဆိုတာ ကို ဖော်ထုတ် နိုင်ခဲ့ပြီး နက္ခတ္တဗေဒ ပညာရပ်ကို တခေတ်ဆန်းစေခဲ့ပါတယ်။ နောက် တဦး ကတော့ စကြဝဠာရဲ့ အရွယ်အစားကို တွက်ချက်နိုင်မယ့်နည်းလမ်း ကို တွေ့ ရှိခဲ့ပါတယ်။ သူတို့ရဲ့ အမည်တွေကို စာဖတ်သူ ကြားဖူးချင်မှ ကြားဖူးပါ လိမ့် မယ်။

အဲဒီ အမျိုးသမီးဝန်ထမ်းအဖွဲ့ရဲ့ ခေါင်းဆောင်ကတော့ အန်နီဂျပ်ကန်နွန်[168] ဖြစ်ပါတယ်။ သူမဟာ ကြယ်တာရာပေါင်း ၂ သိန်းခွဲကျော်ကို စာရင်းပြုစုနိုင်ခဲ့သူ ပါ။ ကန်နွန်ဟာ ငယ်စဉ်တုန်းက အပြင်းဖျားခဲ့တဲ့ ဒဏ်ကြောင့် အကြားအာရုံချို့တဲ့ ခဲ့ရပါတယ်။ နောက်တဦးကတော့ ဟန်ရစ်တာ စွမ်းလဲဗစ်[169] ဖြစ်ပြီး သူမဟာ လည်း နားမကြားသူ ဖြစ်ပါတယ်။ သူတို့အဖွဲ့ထဲမှာ နောက်ထပ် နာမည်ကျော် ပါရမီရှင်တဦး ဆိုပါတော့။ ကြယ်တာရာတွေရဲ့ အကြား အကွာအဝေးကိုတိုင်းတာ နိုင်ဖို့နဲ့ စကြဝဠာရဲ့ အရွယ်အစားကို တွက်ချက်နိုင်ဖို့ အတွက် လဲဗစ် ရှာဖွေတွေ့ရှိ

ခဲ့တဲ့နိယာမကို နက္ခတ္တဗေဒပညာရှင်တွေအနေနဲ့ နောက်ထပ် ရာစုနှစ်တစုကျော် ဆက်လက် အသုံးပြုခဲ့ရပါတယ်။

ဟားဗတ်ကွန်ပျူတာများဟု ခေါ်ဆိုခဲ့ကြသည့် အမျိုးသမီးပညာရှင်များ

အန်နီဂျမ့်ကန်နွန် ပေးပို့တဲ့ ခရစ္စမတ်ကဒ်တကဒ်မှာ သူနဲ့လုပ်ဖော်ကိုင်ဖက်တွေ ဘာတွေ လုပ်ဆောင် နေကြတယ် ဆိုတဲ့အကြောင်းကို ရေးသားထားပါတယ်။ ကြယ်တာရာတွေကနေ ထုတ်လွှတ်လိုက်တဲ့ အလင်းတန်းဟာ တယ်လီစကုပ် တပ်ဆင်ထားတဲ့ သုံးမြှောင်ဖန်တုံးကို ဖြတ်သန်းသွားပြီးတဲ့နောက် ရောင်စဉ်တန်းအဖြစ် ဖြာထွက်သွားပါတယ်။ အစွန်းတဖက်မှာ အနီရောင်တွေ စုဝေးနေပြီး တခြားအစွန်း တဖက်မှာတော့ ခရမ်းရောင်တို့ ရှိပါလိမ့်မယ်။ ဒါဟာ ကြယ်တာရာတစင်းရဲ့ ရောင်စဉ်တန်းပါပဲ။ အဲဒီ ရောင်စဉ်တန်းတွေရဲ့ အကြားမှာ အနက်ရောင်မျဉ်းတွေနဲ့ ပိုင်းခြားထားကို တွေ့ရမှာဖြစ်ပြီး အဲဒီ ရောင်စဉ်တန်းတွေကို ဓာတ်ခွဲခန်းအတွင်း ပြန်လည် နှိုင်းယှဉ်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ ကမ္ဘာဂြိုဟ်ပေါ်မှာ တွေ့ရှိရတဲ့ သတ္တုအမျိုးအစားတွေက နေထုတ်လွှတ်လိုက်တဲ့ အလင်းရောင်စဉ် တန်းတွေရဲ့ အပိုင်းအခြားနဲ့ ကိုက်ညီနေပါသတဲ့။ အဲဒီတော့

ကျွန်တော်တို့ ကမ္ဘာဂြိုဟ်ပေါ်က သတ္တုတွေဟာ ဟိုးအာကာသ စကြဝဠာရဲ့ ကြယ်တာရာတွေ ဆီမှာလည်း ပါဝင်နေမှန်း သိရှိနိုင်တာပေါ့။ အဲဒီလို အရေအတွက် သိန်းနဲ့ချီတဲ့ ကြယ်တာရာတွေကို အမျိုးအစား ခွဲခြားနိုင်ဖို့ ကန်နွန် အနေနဲ့ ဆယ်စုနှစ်ချီပြီး အချိန်ယူခဲ့ရပါတယ်။

ကန်နွန်ရဲ့ တွေ့ရှိချက်အရဆိုရင် ကြယ်တာရာတွေဟာ အစီအစဉ်အတိုင်း ပြောင်းလဲနေကြပြီး သူတို့ ရေးဆွဲထားတဲ့ ရောင်စဉ်တန်းမျဉ်း အပိုင်းအခြား အမှတ်အသားတွေအရ ယေဘုယျ ၇မျိုး ခွဲခြားနိုင်တယ်လို့ ဆိုပါတယ်။ အမျိုးအစား တခုချင်းစီတိုင်းကို O၊ B၊ A၊ F၊ G၊ K၊ M အစရှိတဲ့ အက္ခရာတွေအဖြစ် ပိုင်းခြားထားပါတယ်။ ဒါပေမယ့် ယေဘုယျ ဖွဲ့စည်းပုံချင်း ဆင်တူပေမယ့် အသေးစိတ် ကွဲလွဲချက်တွေကို ကန်နွန်က သေချာ မှတ်သား ထားပါသတဲ့။ အဲဒီလို အသေးစိတ် ခွဲခြားနိုင်ဖို့အတွက် ကန်နွန်က နောက်ထပ် ကိန်းဂဏန်း ၁၀ ခုနဲ့ ထပ်မံ ပိုင်းခြားလိုက်ပြီး စာရင်းသွင်းထားလိုက်ပါတယ်။ အန်နီ ဂျမ့် ကန်နွန်တယောက် ကြယ်တာရာတွေကို အဲဒီလို အမျိုးအစား ခွဲခြားပြနိုင်ခဲ့တာ မှန်ပေမယ့် အဲဒီလိုကွဲပြားနေတဲ့ကြယ်တာရာ အမျိုးအစားတွေရဲ့ နောက်ကွယ်က အကြောင်းရင်းကို ဖော်ထုတ်နိုင်ခဲ့တာကတော့ နောက်ထပ် လောကဓာတ် သိပ္ပံပညာရှင်တဦး ဖြစ်ပါတယ်။



ကြယ်တာရာ ညီအစ်မတို့ ၏ ကြယ်တာရာ မှတ်တမ်းများ

၁၉၂၃ ခုနှစ်၊ အင်္ဂလန်နိုင်ငံမှာ အမျိုးသမီးတွေကိုလောကဓာတ်သိပ္ပံပညာဆိုင်ရာ အဆင့်မြင့်ဘွဲ့တွေ တက်ရောက်ခွင့် ပိတ်ပင်ထားခဲ့ပါတယ်။ ဒါပေမယ့် ဆစ်ဆီလီယာပိန်း[170] ဟာ အိုင်းစတိုင်းရဲ့ နှိုင်းရသီအိုရီ မှန်ကန်ကြောင်း လက်တွေ့ပြသနိုင်ခဲ့သူ နက္ခတ်ဗေဒပညာရှင် ဆာအာသာ အက်ဒင်တန်[171] ရဲ့ ပို့ချချက်ကို လန်ဒန်မြို့မှာ တက်ရောက် နားထောင်ခွင့်ရခဲ့ပါတယ်။ အဲဒီအချိန်က စတင်ပြီး သူမရဲ့ ခမ်းနားတဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ရာမှာ ဘယ်သူကမှ ဟန့်တားနိုင်စွမ်း မရှိစေရရယ်လို့ သန္နိဋ္ဌာန် ချမှတ်လိုက်ပါသတဲ့။ အဲဒီနောက် ကြယ်တာရာတွေအကြောင်း လေ့လာရာမှာ လွတ်လပ်ခွင့်တွေ ပိုင်ဆိုင်ရရှိထားပြီးဖြစ်တဲ့ အမေရိကဆီ ပြောင်းရွှေ့လာခဲ့ပါတော့တယ်။ သူမရဲ့ ကျောင်းဝင်ခွင့် လျှောက်လွှာကိုလည်း ဟားဗတ်တက္ကသိုလ်က လက်ခံ လိုက်ပါတယ်။

အဲဒီနောက် မှာတော့ နက္ခတ္တဗေဒပညာရပ်မှာ လူအများလက်ခံထားကြတဲ့ အယူအဆတရပ် ကို စိန်ခေါ်မယ့်သူ ဖြစ်မှန်း မသိ ဖြစ်သွားခဲ့ပါတော့တယ်။ အဲဒီ

ကနေ ကြီးမားတဲ့ သက်ရောက်မှုအဖြစ် နက္ခတ္တရူပဗေဒရယ်လို့ ပညာရပ်ခွဲတခု မွေးဖွားပေးနိုင်ခဲ့ ပါတယ်။

ဆယ်စုနှစ်တခု ကုန်လွန်သွားခဲ့တဲ့နောက်မှာ အန်နီ ဂျင့် ကန်နွန်နဲ့ အမျိုးသမီးပညာရှင်တစုဟာ ကြယ်တာရာတွေကို အမျိုးအစား ဆက်လက် ခွဲခြားနေခဲ့ကြတုန်းပါပဲ။ သူတို့ မှတ်သားထားခဲ့တဲ့အတိုင်း ယေဘုယျအဖြစ် အမျိုးအစား ၇မျိုး ခွဲခြား၊ ပြီးတော့ အသေးစိတ်ထပ်မံ ပိုင်းခြား စသဖြင့် ဆိုပါတော့။ ဒါပေမယ့် ကြယ်တာရာတွေအကြောင်း ခြုံငုံရှုမြင်နိုင်ဖို့အတွက်တော့ ထောင်နဲ့ချီတဲ့ အချက်အလက်တွေကို ပေါင်းစည်း သုံးသပ်ရမှာ ဖြစ်ပြီး ဘယ်သူမှလည်း အဲဒီလို မစွမ်းဆောင်ခဲ့သေးပါဘူး။ အဲဒီနောက်မှာတော့ သူတို့အမျိုးသမီး ပညာရှင်အုပ်စုထဲကို နောက်တဦး ထပ်မံ ဝင်ရောက်လာခဲ့ပါတော့တယ်။ ဆစ်ဆီလီယာပိန်း အနေနဲ့ လောကဓာတ် သိပ္ပံပညာရပ် လောကမှာ အခုလောက် ဖော်ရွေပျူငှာတဲ့ ဆက်ဆံမှုမျိုး ဘယ်တုန်းကမှ မကြုံတွေ့ ခဲ့ဖူးပါဘူး။ ပညာရှင် ညီအစ်မတွေဟာ သူမကို အရေးတယူ လမ်းပြကူညီပေးရုံတင်မက အစားအသောက် တွေလည်း အတူတကွ စားသုံးရင်း ကျွမ်းဝင်စေခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကြယ်တာရာတွေအကြောင်း နားလည် သိရှိမှုဆိုင်ရာ အရင်းအမြစ်ကနေ ပြောင်းလဲမှုကြီး စတင်ခဲ့ပါတော့တယ်။

ကန်နွန်နဲ့ ပိန်းတို့ နှစ်ဦးသား တကယ့် မိတ်ဆွေရင်းခြာတွေဖြစ်သွားခဲ့ကြပြီး ကန်နွန်ကလည်း မိမိ လေ့လာ သိရှိထားသမျှ မချွင်းမချန် ပိန်းကို သင်ကြားပြသပေးခဲ့ပါတယ်။ ကန်နွန်ပြုစုထားတဲ့ အချက်အလက် တွေကို ပိန်းက ပိုင်းခြားဆန်းစစ်ရင်း ကြယ်တာရာတွေရဲ့ ဓါတုဖွဲ့စည်းမှုနဲ့ ရုပ်ပိုင်းဆိုင်ရာ ဖြစ်တည်မှုအကြောင်း တစုံတရာ ခန့်မှန်းနိုင်ဖို့ အားထုတ်ကြည့်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့ အတွက် အဏုမြူဆိုင်ရာ ရူပဗေဒရဲ့ သီအိုရီတွေကို ပေါင်းစပ်သုံးသပ်ရမှာ ဖြစ်ပါတယ်။ တချို့သော ကြယ်တာရာတွေ ကနေ ထုတ်လွှတ်လိုက်တဲ့ အလင်း ရောင်စဉ်တန်းကို ဖြာထွက်စေရာမှာ သံသတ္တုလို၊ ကယ်လ်စီယမ်လို လေးလံပြီး ကမ္ဘာမြေမှာလည်း ပေါပေါများများ တွေ့ရှိရတဲ့ သတ္တုတွေ ပါဝင်နေပါတယ်။ အဲဒီတော့ နက္ခတ္တဗေဒပညာရှင်တွေအနေနဲ့လည်း ကမ္ဘာမြေကို ဖွဲ့စည်းထားတဲ့ ဓာတ်သတ္တုတွေနဲ့ ကြယ်တာရာတွေကို ဖွဲ့စည်းထားတာ ဖြစ်တယ်၊ ပါဝင်

မှ အချိုးအစားလည်း အနည်းအကျဉ်း ကွာခြားတာ လောက်ပဲ ရှိတယ်ရယ်လို့ ကောက်ချက်ချခဲ့ကြပါတယ်။

၁၉၂၄ ခုနှစ်မှာ ဟန်နရီနောရစ်ရပ်ဆယ်လ်[172] ဟာ အမေရိကန်နက္ခတ္တဗေဒ ဆိုင်ရာဌာနမှူး ဖြစ်ပြီး ကြယ်တာရာတွေအကြောင်း ကျွန်တော်တို့ နားလည်နိုင်စေဖို့ အားထုတ်ရာမှာ အများကြီး ကြိုးပမ်းခဲ့သူပါ။ သူ့ရဲ့ ပို့ချမှုတွေမှာဆိုရင် "ကမ္ဘာမြေပေါ်က ဒြပ်စင်တွေရဲ့ အမှတ် ၄၀ ကနေ ၄၅ လောက်ထိကို နေက ထုတ်လွှတ်လိုက်တဲ့ ရောင်စဉ်တန်းမှာလည်း တွေ့ ရတယ်။ အဲဒီတော့ နေကို ဖွဲ့စည်းထားတာနဲ့ ကမ္ဘာမြေကို ဖွဲ့စည်းထားတဲ့ဓာတ်သတ္တု အချိုးအစားတွေဟာ သိပ်မကွာလှပဲ အတူတူနီးပါးလောက် ဖြစ်လိမ့်မယ်။ ကမ္ဘာမြေ မျက်နှာပြင်ကို အပူပေးလိုက်ရင်လည်း ထွက်ပေါ်လာတဲ့ အလင်းရောင်စဉ်တန်းဟာ နေနဲ့ အတော်ကြီး ဆင်တူနေမယ်လို့ ယူဆရတယ်" စသဖြင့် ပါဝင်ပါလိမ့်မယ်။

အဲဒီနောက်မှာတော့ ပိန်း တယောက် ကန်နွန်ဆီကို သွားရောက်ပြီး သူမ စုဆောင်းထားတဲ့ ကြယ်တာရာ အချက်အလက်တွေရဲ့ ကွဲပြားမှုကို ဆွေးနွေးခဲ့ပါတယ်။ "အဲဒီ ကြယ်တာရာတွေကနေ ထုတ်လွှတ်လိုက်တဲ့ ရောင်စဉ်တန်းတွေကို တွက်ချက်ကြည့်တော့ အဓိကအားဖြင့် အပူချိန် ကွာခြားမှုကို ဆိုလိုဟန်ရှိပြီး ကျွန်မတို့ ကောက်ယူထားတဲ့ အချက်အလက်တွေနဲ့လည်း ကိုက်ညီနေတာကို တွေ့ ရတယ်။ အဲဒီတော့ အလင်းရောင်စဉ်တန်း ကနေ တွက်ချက်လို့ ရရှိလာတာက အဲဒီ ကြယ်တာရာတွေရဲ့ အပူစွမ်းအင် ထုတ်လုပ်မှုဖြစ်ဖို့ ပိုများတယ်။ ကျွန်မတို့ တချိန်လုံး သုံးစွဲနေတဲ့ O၊ B၊ A၊ F၊ G၊ K၊ M ဆိုတာ တကယ်တော့ အပူချိန် အနိမ့်အမြင့်ကို ညွှန်းဆိုနေတာပဲ။ အပူချိန် အမြင့်ဆုံးကနေ အနိမ့်ဆုံးကို မှတ်သားထားတာ။ အဲဒီတော့ အခု ပြောတဲ့ အဆိုကြမ်း၊ အနုမာနကို အခြေခံ တွက်ချက်ကြည့်တဲ့အခါကြယ်တာရာတွေမှာ အဓိကအားဖြင့်ဟိုက်ဒရိုဂျင်နဲ့ ဟီလီယမ်တွေ ပါဝင်တယ် ဆိုတာပဲ။ ကြယ်တာရာတွေထဲက သတ္တုတွေ ဆိုတာထက် ဟိုက်ဒရိုဂျင်နဲ့ ဟီလီယမ်တွေက အဆပေါင်း သန်းနဲ့ချီပြီး ပါဝင်လိမ့်မယ်" စသဖြင့် ပြောဆိုဖြစ်ကြမယ် ထင်ပါရဲ့။ အဲဒီနောက်မှာတော့ သူမ ပြုစုထားတဲ့ စာတမ်းကို ပါမောက္ခ ရပ်ဆယ်လ်ဆီ ပေးပို့လိုက်ပါတယ်။

အဲဒီစာတမ်းကို ရပ်ဆယ်လ်တယောက် ဖတ်ရှုပြီးတဲ့နောက်မှာ သူ့အနေနဲ့ ဘယ်လိုမှ သဘော မတူနိုင်ပဲ အဓိက သီအိုရီပိုင်းမှာ တက်တက်စင်အောင် လွဲနေတယ်လို့ မှတ်ယူထားခဲ့ပါသတဲ့။ အဲဒါကြောင့် သူ့ရဲ့ အကြောင်းပြန်လိုက်တဲ့ ပေးစာမှာလည်း 'နေတွေ၊ ကြယ်တာရာတွေထဲမှာ ဟိုက်ဒရိုဂျင် ချည်းပဲ အဆ ပေါင်း သန်းနဲ့ချီ ပါဝင်ဖို့ မဖြစ်နိုင်ကြောင်း' ပါဝင်မှာပေါ့လေ။ ပိန်းရဲ့ သေချာစိစစ်သုံးသပ်ထားတဲ့ သက်သေ၊ အထောက်အထားနဲ့ အချက်အလက်တွေဟာ သမားရိုးကျ လောကဓာတ် သိပ္ပံဆိုင်ရာ အသိအမြင်တွေကို မကျော်လွန်နိုင်ပဲ ဖြစ်ခဲ့ရပါတယ်။ သူမအနေနဲ့လည်း "ငါ့ အယူအဆ တကယ်လို့များ မှန်သွားခဲ့ရင် နာမည်ကျော် ပညာရှင်ကြီးတွေရဲ့ အယူအဆမှားတယ်လို့ ပြောသလို ဖြစ်နေတော့မှာပဲ" လို့ ယူဆခဲ့ဟန် တူပါတယ်။

ပိန်းရဲ့ စာတမ်းပါရေးသားချက်တွေ မှန်ကန်ကြောင်း သိမြင်လာဖို့ ရပ်ဆယ်လ် အနေနဲ့ ၄ နှစ်လောက် အချိန်ယူခဲ့ရပါတယ်။ ဒါပေမယ့် ပိန်းရဲ့ ယူဆချက်တွေ မှန်ကန်ကြောင်း သိမြင်လာတဲ့အခါမှာတော့ ချက်ချင်း အသိအမှတ်ပြုခဲ့ပါတယ်။ ကြယ်တာရာတွေရဲ့ ရောင်စဉ်တန်းကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ခဲ့တဲ့ ပိန်းရဲ့ သုတေသနစာတမ်းဟာ နက္ခတ္တဗေဒပညာရပ်အကြောင်း ရေးသားသမျှ ပါရဂူစာတမ်းတွေထဲ အထင်ရှားဆုံးလို့ ဆိုနိုင်ပါတယ်။ ပညာရပ်နဲ့ ပတ်သက်ပြီး ပြဋ္ဌာန်းချက်အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ပိန်းရဲ့ မှတ်သားဖွယ်ရာ ပြောဆိုချက်ကတော့ "ကျွန်မရဲ့ ကောက်ချက်ကို အခိုင်အမာ ရပ်တည်ငြင်းခုန်တာမျိုး မလုပ်ခဲ့တာတော့ ကိုယ့်ဘာသာ အပြစ်တင်ရမှာပဲ။ ကိုယ် မှန်ကြောင်း သိနေပါရက်နဲ့ အာဏာပိုင် အဖွဲ့အစည်းကို အလျှော့ပေးမိခဲ့တာကိုး။ တကယ်တော့ ကိုယ်တင်ပြတဲ့အကြောင်းအရာတွေနဲ့ ပတ်သက်လို့ အချက်အလက်ပိုင်း မှန်ကန်တယ်ဆိုရင် ကိုယ့်ရပ်တည်ချက်ကို အခိုင်အမာ ခုခံကာကွယ်ရမှာ မဟုတ်လား"လို့ပဲ ဖြစ်ပါတယ်။

အောင်မြင်ကျော်ကြားသူတွေရဲ့ အဆိုအမိန့်တွေဟာ အင်မတန်မှ အစွမ်းထက်လှပြီး လူသားတို့ရဲ့ အခြားနယ်ပယ်တွေမှာပါ သက်ရောက်မှု အားကြီးလှ ပါတယ်။ ဒါပေမယ့် လောကဓာတ်သိပ္ပံပညာရပ်မှာတော့ သက်သေ၊ အထောက် အထား ခိုင်လုံခြင်းရယ်၊ ယုတ္တိဗေဒ ဆီလျော်ခြင်းရယ်တို့ကပဲ အရေးပါလို့ နေပါ

တယ်။ အန်နီဂျမ့်ကန်နွန် ပြုစုထားခဲ့တဲ့ ကြယ်တာရာတွေရဲ့ ရောင်စဉ်တန်းတွေ အကြောင်း ဆစ်ဆီလီယာ ပိန်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်မှုကြောင့် ကျွန်တော်တို့ဟာ ကြယ်တာရာတွေရဲ့ ပကတိအဖြစ်မှန်တွေနဲ့ မီးလျှံကြားကနေ စတင်ခဲ့တဲ့ သက်ရှိ ဇီဝတို့ရဲ့ ဇာစ်မြစ်အကြောင်း ပိုမို နားလည်လာခဲ့ကြပါတယ်။

ကောင်းကင်ပြင်မှာ ကြယ်တာရာ အမျိုးအစားတွေ အများအပြား ရှိကြပါတယ်။ တချို့ကတော့ နေလို ပူပြင်းတောက်ပကြပြီး တချို့ ကတော့ ခပ်မှိန်မှိန်ပဲ ဖြစ်ပါတယ်။ တချို့ ကြယ်တာရာကြီးတွေဆိုရင် အရွယ်အစား ခပ်သေးသေးတွေနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါမှာ အဆပေါင်း သန်းဆယ်ဂဏန်းလောက် ပိုမိုကြီးမားလို့ နေတတ်ပါတယ်။ တချို့ ကြယ်တာရာတွေကတော့ စိတ်ကူးကြည့်လို့မရလောက်အောင်ကို သက်တမ်း ရင့်ရော်နေပြီး နှစ်ပေါင်း ဆယ်ဘီလျံကျော်လို့ ခန့်မှန်းရပါတယ်။တချို့ ကြယ်တာရာတွေကတော့ စာဖတ်သူ အခုဒီစာအုပ်ကိုဖတ်ရှုနေချိန်မှာတင် စတင် မွေးဖွားလာခဲ့ကြပြီ ဖြစ်ပါတယ်။

အဲဒီ ကြယ်တာရာတွေရဲ့ ဗဟိုချက်မှာ အက်တမ် အဏုမြူတွေ ပေါင်းစည်းသွားကြတဲ့အခါ ကြယ်တာရာ အလင်းတန်းတွေကို ထွက်ပေါ်စေပါတယ်။ ကြယ်တာရာတွေအကြား တိမ်တိုက် သဖွယ် ဖြစ်ပေါ်နေကြတဲ့ ဒြပ်မှုန်တွေနဲ့ ဓာတ်ငွေ့တွေ ပြန့်ကျဲတည်ရှိမှုကနေ ပေါင်းစည်းသွားကြတဲ့အခါမှာ ကြယ်တာရာ အသစ်တွေ ပေါ်ထွန်းလာကြပါတယ်။ အဲဒီလို စုဖွဲ့ဖြစ်တည်မှုကြောင့် ထွက်ပေါ်လာတဲ့ ကြယ်တာရာတွေရဲ့ အရွယ်အစားဟာ ဂြိုဟ်ကြီးတလုံးလောက်ပဲ ရှိတတ်သလို ကျွန်တော်တို့ နေအဖွဲ့အစည်း က နေနဲ့ နှိုင်းယှဉ်ကြည့်ရင် ဘာမှ မဆိုင်လောက်အောင် ကြီးမားလှတဲ့ ဧရာမ ကြယ် တာရာကြီးမျိုးတွေအထိ ရှိတတ်ပါတယ်။

အော်ရိုင်ယွန် နက္ခတ်

အော်ရိုင်ယွန်နက္ခတ် (မောင်ရင်ဆိုင်းထမ်း) ရဲ့ အောက်ပိုင်းမှာ တွေ့မြင်ရတဲ့ ကြယ်တာရာ အပျက်အစီး နက်ဗျူလာတွေထဲမှာ နောက်ထပ် ကြယ်တာရာအသစ်တွေ ထပ်မံ ဖြစ်တည်နေကြပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၅ သန်း ဝန်းကျင် ရှိကြပါတယ်။ အဲဒီလို ဖြစ်တည်လာဖို့အတွက် စုဖွဲ့ထားကြတဲ့ ဓာတ်ငွေ့နဲ့ ဒြပ်မှုန်တွေဟာ အဲဒီ ကြယ်တာရာတွေအနီး ဝန်းရံနေကြတုန်းပါပဲ။ ပလေဒီးစ်နက္ခတ်ထဲက ကြယ်တာရာတွေကတော့ လမ်းလျှောက်တတ်ခါစ အရွယ်လို့ ဆိုနိုင်ပြီး သက်တမ်းအားဖြင့် နှစ်သန်း ၁၀၀ လောက်ရှိပြီ ဖြစ်ပါတယ်။ ဖြစ်တည်လာဖို့အတွက် စုဖွဲ့ထားကြတဲ့ ဓာတ်ငွေ့ နဲ့ ဒြပ်မှုန်တွေကနေ ကင်းလွတ်လာခဲ့ပြီ ဖြစ်ပေမယ့် ကြယ်တာရာတွေအကြား ဆွဲငင်အားတွေမှာ နှောင်ဖွဲ့ ခံနေရဆဲ ဖြစ်ပါတယ်။ နောက်ထပ် နှစ်သန်းပေါင်း ရာဂဏန်း အနည်းငယ် ကျော်လွန်သွားပြီးတဲ့ နောက်မှာတော့ အဲဒီ ဆွဲငင်အားတွေကို လွန်ဆန်ပြီး ကိုယ့်လမ်းကိုယ် ခရီး ဆက်ကြဖို့ ရှိပါတယ်။ အဲဒီနောက် တဖန် ပြန်လည် ဆုံတွေ့ဖို့ မဖြစ်နိုင်ကြတော့ ပါဘူး။ ဘစ်ဒစ်ပါ[173] ခေါ်တဲ့ ခုနှစ်စဉ်ကြယ်ရဲ့ ကြယ်တာရာတွေကတော့ လူသား တွေလို ဆိုကြီးကောင်ဝင်စအရွယ်လို့ ဆိုနိုင်ပါတယ်။ သက်တမ်းအားဖြင့် နှစ်သန်း ၅၀၀ လောက်ရှိပါပြီ။ သူတို့ကို မွေးဖွားပေးလိုက်တဲ့ ဒြပ်မှုန်တွေနဲ့ ဓာတ်ငွေ့တွေ ကနေ ခွဲထွက်လာခဲ့ပြီး ဖြစ်ပါတယ်။ သူတို့ကို ဖြစ်တည်စေလိုက်တဲ့ အရာတွေကို

ကျွန်တော်တို့ခြေရာခံကြည့်လို့တော့ ရပါတယ်။ စကြဝဠာအနှံ့ ပြန့်ကျဲထွက်နေတဲ့ အရာတွေ ဆိုပါတော့။

ခုနစ်စဥ်ကြယ်

ကျွန်တော်တို့ သိရှိရင်းနှီးထားပြီးဖြစ်တဲ့ နက္ခတ်တာရာတွေဟာ အချင်းချင်း ဘယ်လိုမှ မပတ်သက်တဲ့ ကြယ်တာရာတွေကို ချိတ်ဆက် ပုံဖော်ထားကြခြင်း ဖြစ်ပါတယ်။ အနီးအနားက အရောင်မှိန်ဖျော့ဖျော့ ကြယ်တာရာတွေနဲ့ ခပ်ဝေးဝေးက တောက်ပတဲ့ ကြယ်တာရာတွေကို ချိတ်ဆက်ကြည့်ထားတာဆိုပါတော့။ ကျွန်တော်တို့နေအဖွဲ့အစည်းက နေမင်းကြီးကရော ဘယ်လိုများပါလိမ့်။ အလင်းနှစ် အနည်းငယ်ဝန်းကျင် ကနေ ကြည့်မယ်ဆိုရင် ကြယ်တာရာတွေရဲ့ အကြားရှာဖွေရ အတော် ခဲယဥ်းပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ ကြယ်တာရာ နေမင်းကြီးကတော့ လူလတ်ပိုင်းအရွယ်ရောက်နေပြီလို့ဆိုရမှာဖြစ်ပြီး မွေးဖွား ဖြစ်တည်ခဲ့တာ အချိန်အတော်ကြာခဲ့ပြီး ဖြစ်ပါတယ်။ ဒြပ်မှုန်တွေ၊ ဓာတ်ငွေ့ တွေကနေ အတူတကွ ပေါက်ဖွားလာခဲ့ကြတဲ့ မောင်နှမသားချင်း ကြယ်တာရာတွေဟာလည်း စကြဝဠာအနှံ့ဆီကို လွင့်စင်ထွက်ခွာခဲ့ကြပြီးပါပြီ။ အဲဒီ ကြယ်တာရာတွေ အများစုမှာ သူတို့ကို လှည့်ပတ်နေကြတဲ့ ဂြိုဟ်တွေ ကိုယ်စီ ပိုင်ဆိုင်ထားကြပါတယ်။ သူတို့ထဲက တချို့သော ဂြိုဟ်တွေမှာ အဆင့်မြင့် ဇီဝသက်ရှိတွေနဲ့ ဆင့်ကဲဖြစ်စဥ်

တွေလည်း အစပျိုးနေတာမျိုး ဖြစ်ကောင်းဖြစ်မှာပေါ့။ ညဘက်ကောင်းကင်ပြင်ကို မော့ကြည့်လို့ တွေ့မြင်ရတဲ့ ကြယ်တာရာတွေ အများစုဟာ သူတို့ရဲ့ အပေါင်းအဖော် ကြယ်တာရာတွေကို အချင်းချင်း ပြန်လည် လှည့်ပတ်နေကြပါတယ်။

သာမန်မျက်လုံးနဲ့ ကြည့်ရှုမယ်ဆိုရင် နှစ်လုံးတွဲ၊ သုံးလုံးတွဲတည်ရှိနေကြတဲ့ ကြယ်တာရာတွေကို တွေ့မြင်နိုင်ခြင်းမရှိပါဘူး။ ကြယ်တာရာ ၃ လုံးရှိတဲ့ အရပ်တွေမှာဆို နေ့ခင်းဆိုတာ အတော့်ကို ရှားတောင့်ရှားပါး ဖြစ်ပါလိမ့်မယ်။ဘယ်လိုပဲ ဖြစ်ပါစေ၊ ကြယ်တာရာတွေဟာ အဆုံးတနေ့မှာ ပေါက်ကွဲ ပျက်စီးသွားကြရတာပါပဲ။ ညဘက်ကောင်းကင်ယံမှာ မြင်တွေ့ရတဲ့ကြယ်တာရာ တွေထဲက ထောင်ပေါင်းများစွာတို့ဟာ ပေါက်ကွဲခြင်းနှစ်မျိုးအကြား တည်ရှိနေကြတာဖြစ်ပါတယ်။ စကြဝဠာထဲက ဒြပ်မှုန်တွေနဲ့ ဓာတ်ငွေ့တွေ စုဝေးပြီး ကြယ်တာရာတွေအဖြစ် ပေါက်ကွဲဖြစ်တည်လာခြင်းရယ်၊ အန္တိမ ကံကြမ္မာရဲ့ အဆုံးသတ် အဖြစ် လောင်စာတွေ ကုန်ခမ်း ပေါက်ကွဲသွားခြင်းရယ်တို့အကြားကို ဆိုလိုပါ တယ်။ တခြားသော သက်ရောက်အားတွေရဲ့ ကြားဝင်စွက်ဖက်မှုမပါဝင်ဘူးဆိုရင် ဆွဲငင်အားဟာ ကြယ်တာရာတွေကို ကျုံ့ဝင် သွားစေပါတယ်။

ကြယ်တာရာတလုံးဖြစ်တဲ့ ကျွန်တော်တို့ရဲ့ နေမင်းကြီးဟာလည်း တဟုန်းဟုန်း တောက်လောင် နေတဲ့ ဓာတ်ငွေ့လုံးကြီးပါပဲ။ အင်မတန် ပူပြင်းလှတဲ့ဓာတ်ငွေ့ တွေဟာ နေရဲ့ အလယ် ဗဟိုကနေ အပြင်ကို တွန်းထုတ် ပြန့်ကားစေပါတယ်။ တချိန်တည်းမှာပဲ နေရဲ့ ဆွဲငင်အားက သူ့ရဲ့ ပြန့်ကားမှုကို ပြန်လည် ဆွဲယူလိုက်ပြန်ပါတယ်။ ကျွန်တော် တို့ရဲ့ နေမင်းကြီးဟာ အဲဒီ ဆွဲငင်အားနဲ့ အဏုမြူမီးပြင်းတိုက်မှု နှစ်မျိုးရဲ့အကြား မျှခြေအနေအထားမှာ တည်ရှိလို့နေတာပါ။ အဲဒီ မျှခြေအတိုင်း နောက်ထပ် နှစ်သန်းပေါင်း ၄ ထောင်လောက် ဆက်လက် တည်တံ့နေဦးမှာ ဖြစ်ပါတယ်။

နေမင်းရဲ့ အတွင်းပိုင်းမှာ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ တွေကိုလောင်မြိုက်ပေးနေတဲ့နောက် သူ့ရဲ့ ဗဟိုချက်ဟာလည်း တဖြည်းဖြည်း သေးငယ်လို့ လာပါတယ်။ ဒါကိုတုန့်ပြန်ဖို့ နေမင်းရဲ့ မျက်နှာပြင်က ပြန့်ကားပေးရပါတယ်။ အဲဒီဖြစ်စဉ်ဟာ အင်မတန် နှေးကွေးပြီး သိသာထင်ရှားခြင်းလည်း မရှိပဲ နှစ်ပေါင်း သန်းနဲ့ချီ

ဖြစ်ပွားနေခဲ့ပါတယ်။ နောက်ထပ် နှစ်ပေါင်းသန်းတထောင်ဝန်းကျင်မှာတော့ ကျွန်တော်တို့ရဲ့ နေမင်းကြီးဟာ အခုလက်ရှိထက် ၁၀ ရာခိုင်နှုန်းဝန်းကျင် ပိုမို ထွန်းလင်းတောက်ပလာပါလိမ့်မယ်။ ၁၀ ရာခိုင်နှုန်း ဆိုတော့ အချိုးအစား သိပ်မ များဘူးလို့ ထင်ကောင်း ထင်ကြမှာပေါ့။ ဒါပေမယ့် အဲဒီကနေ ထွက်ပေါ် လာတဲ့ အပူဓာတ်တွေဟာ ကမ္ဘာမြေအပေါ်သက်ရောက်မှု များစွာ ရှိလို့နေပါလိမ့် မယ်။ နောက်ထပ် နှစ်ပေါင်း ၄ ဘီလျံ၊ ၅ ဘီလျံ ကျော်လွန်သွားပြီးတဲ့နောက် လောင်ကျွမ်းစရာလောင်စာတွေလည်း ကုန်ဆုံးသွားပြီဆိုရင် ဓာတ်ငွေ့ တွေလည်း အေးစက်လာပြီး ဖိအားတွေလည်း ကျဆင်းသွားပါလိမ့်မယ်။ အဲဒီအခါမှာ နေရဲ့ အတွင်းပိုင်းဟာ အပြင်ပိုင်းလွှာရဲ့ အလေးချိန်ကို ဆက်လက် ထောက်ပံ့နိုင်စွမ်း မ ရှိတော့ပါဘူး။ အဲဒီကနေပဲ ကနဦး ပေါက်ကွဲ ပျက်စီးမှုတွေ စတင်မှာ ဖြစ်ပါ တယ်။ ဘယ်အရာမှတော့ ထာဝရတည်တံ့တယ်လို့မရှိပါဘူး။

ကြယ်တာရာတွေ တောင် သေဆုံး ပျက်စီးကြရပါတယ်။ ဟိုက်ဒရိုဂျင်တွေ ကို လောင်ကျွမ်းပြီး ဓာတ်ပြုအဖြစ် နေရဲ့ ဗဟိုမှာ ဟီလီယမ်ဓာတ်ငွေ့ တွေကို သိုလှောင်ထားပါတယ်။ လောင်စာကုန်ဆုံးသွားလို့ ပေါက်ကွဲ ပျက်စီးသွားတဲ့ အပူချိန်နဲ့ အဲဒီ ဟီလီယမ် တွေကိုထပ်မံ မီးပြင်းတိုက်ရာမှာတော့ ပိုမိုလေးလံတဲ့ ဒြပ်စင်တွေအဖြစ် ကာဗွန်တို့၊ အောက်ဆီဂျင်တို့ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာဆိုရင် နေရဲ့ ဗဟိုချက်ဟာ ဘယ်တုန်းကနဲ့မှ မတူအောင် ပူပြင်းလို့လာ မှာပါ။ သူ့အနီးဝန်းကျင် ဟာ လေထုဟာလည်း အရှိန်အဟုန်နဲ့ ပြန့်ကားထွက်သွား မှာ ဖြစ်ပါတယ်။

နောင် နှစ်ပေါင်းသန်းထောင်ဂဏန်းမှာ လက်ရှိ အရွယ်အစားထက် အဆ ပေါင်းများစွာ ဖောင်းပွလာပြီး ရောမ အနီရောင် ကြယ်တာရာ အမျိုးအစားအဖြစ် ကိုပြောင်းလဲ သွားပါလိမ့်မယ်။ အဲဒီအခါမှာတော့ သူနဲ့ အနီးကပ်ဆုံးမှာ တည်ရှိတဲ့ မာကျူရီ၊ ဗီးနပ်စ်တို့ကို ဝါးမြိုသွားမှာဖြစ်ပြီး ကမ္ဘာဂြိုဟ်လည်း အလားတူ ကံကြမ္မာမျိုးနဲ့ ရင်ဆိုင်ရဖွယ် ရှိပါတယ်။ အဲဒီ ဖြစ်ရပ်တွေ မတိုင်ခင် နှစ်သန်းပေါင်း ရာဂဏန်း ဝန်းကျင်အတွင်း ကမ္ဘာဂြိုဟ်ပေါ်မှာ သက်ရှိတွေရယ်လို့များ ကျန်ရှိ သေးတယ် ဆိုရင် တခြားသော ကြယ်တာရာတွေရဲ့ အကြားမှာ နောက်ထပ် အိမ်ရာသစ်တွေ ရှာဖွေ၊ အခြေချပြီး ဖြစ်မယ် ထင်ပါတယ်။

နေမင်းဟာ ဟီလီယမ်တွေကိုလောင်ကျွမ်းချိန်မှာ တည်ငြိမ်မှုကျဆင်းလာပြီး အပြင်ပိုင်းလွှာကို အာကာသ စကြဝဠာထဲဆီ ထုတ်လွှတ်လိုက်ပါလိမ့်မယ်။ အဲဒီ လိုထုတ်လွှတ်လိုက်တဲ့အခါ အနီးဝန်းကျင်ကို စွမ်းအင် ပါဝင်မှုနှုန်း အင်မတန်မြင့်မားတဲ့ ခရမ်းလွန်ရောင်ခြည်တွေ ဖြာထွက်သွားမှာ ဖြစ်ပါတယ်။ အက်တမ်အဏုမြူတွေဟာလည်း လင်းလက်တဲ့ ဖြာထွက်ခြင်းကကြိုးတွေ ကိုအရိုင်းဆန်စွာကပြကြပါလိမ့်မယ်။

နေမင်းဟာ သီးစုံရောနှောပြီး ဖုတ်လုပ်ထားတဲ့ မုန့်ပွတမျိုး အဖြစ်ကနေ သေးငယ်ကျုံ့ဝင်သွားပြီး ကမ္ဘာမြေအရွယ်အစားလောက်ပဲကျန်ရစ် ပါလိမ့်မယ်။ အဲဒီအခါမှာတော့ သူ့ရဲ့ သိပ်သည်းဆဟာလည်း အင်မတန် မြင့်မား သွားပြီး အီလက်ထရွန် အချင်းချင်း နီးကပ်စွာ တည်ရှိရလောက်တဲ့အထိ ထပ်မံ ကျုံ့ဝင်စရာမရှိတော့တဲ့အနေအထားကိုရောက်ရှိသွားမှာ ဖြစ်ပါတယ်။ အလယ် ဗဟိုကအလင်းတန်းလေးကပဲ အဖြူရောင် ကြယ်ပု အမျိုးအစားအဖြစ် နောက်ထပ် နှစ်ပေါင်း ဘီလျံ ၁၀၀ ဝန်းကျင် ဆက်လက် တည်ရှိသွားပါလိမ့်မယ်။

တကယ်လို့များ အနာဂတ်ရဲ့ သက်ရှိတမျိုးမျိုးဟာ အဲဒီ ကြယ်တာရာ အပျက်အစီးရဲ့ အနီးဝန်းကျင် ကနေများ ဖြတ်သန်းသွားခဲ့တဲ့အခါ သူ့ပတ်ဝန်းကျင်မှာ တချိန်က နွေးထွေးခဲ့ခြင်းမျိုးတွေကို သတိပြုမိတာမျိုး ရှိနေနိုင်မလားပဲ။ ကြယ်တာရာတွေ လောင်စာကုန်ခမ်းပြီး ပေါက်ကွဲပျက်စီးသွားတဲ့နောက် ကြွင်းကျန်ရစ်တဲ့ စူးရှတောက်ပတဲ့ ဒြပ်မှုန်အလွှာတွေဟာ နောင်ထပ် နှစ်ပေါင်း သောင်းဂဏန်းဝန်းကျင်လောက် အနီးအပါးမှာ ရစ်ဝိုင်းနေကြပါတယ်။ အဲဒီ နောက်မှာတော့ ကြယ်တာရာဓာတ်ငွေ့တွေ ၊ဒြပ်မှုန်တွေအဖြစ် လွင့်ပါးသွားကြပြီး အဲဒီကနေ သူတို့ချင်း အခါအခွင့်သင့်လို့ထပ်မံ ပေါင်းစုမိကြတဲ့အခါ နောက်ထပ် ကြယ်တာရာအသစ်တွေ ထပ်မံ ပေါ်ထွန်းလာကြပြန်ပါတယ်။

ကြယ်တာရာ နှစ်လုံးတွဲဖက် တည်ရှိတဲ့ အနေအထားမှာဆိုရင်တော့ အဲဒီ ကြယ်တာရာတွေရဲ့ ကံကြမ္မာက တမျိုးတဖုံ ဖြစ်လို့ နေပါလိမ့်မယ်။ ညဥ့်နှက်ကောင်းကင်ယံရဲ့ အတောက်ပဆုံး ကြယ်တာရာ ဖြစ်တဲ့ ဆီးရီးယပ်စ်[174] မှာ ခပ်မှိန်မှိန် အလင်းရောင် ပိုင်ဆိုင်ထားတဲ့ အပေါင်းအဖော် ကြယ်တာရာတလုံး ရှိပါ

တယ်။ အဖြူရောင် ကြယ်ပုအမျိုးအစားဖြစ်ပြီး တချိန်တုန်းကတော့ ကျွန်တော်တို့ရဲ့ နေမင်းလို ကြယ်တာရာမျိုး ဖြစ်ခဲ့ပါလိမ့်မယ်။ တနေ့နေ့မှာတော့ ဆီးရီးယပ်စ်ဟာ လည်း လောင်စာတွေ ကုန်ခမ်းသွားပြီး အနီရောင် ရောမ ကြယ်တာရာ အမျိုးအစားအဖြစ် ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာတော့ အနီးဝန်းကျင်ကသူ့ရဲ့ အပေါင်းအဖော် ကြယ်ဖြူပုအတွင်းကို ဖြာထွက် တိုးဝင်သွားပါလိမ့်မယ်။ ကြယ်ဖြူပုရဲ့ ပြင်းထန်လှတဲ့ ဆွဲငင်အားဟာ ဓာတ်ငွေ့ တွေကို စက်ဝိုင်းသဏ္ဍာန်စုပ်ယူဝါးမျိုသွားမှာ ဖြစ်ပါတယ်။ အနီရောင်ရောမ ကြယ်တာရာရဲ့ ဓာတ်ငွေ့ တွေက ကြယ်ဖြူပုရဲ့ မျက်နှာပြင်ဆီ ရောက်ရှိသွားတဲ့အခါမှာ အဏုမြူပေါက်ကွဲမှုတွေအများအပြား ပေါ်ထွက်လာပါလိမ့်မယ်။ အဲဒီကနေ ပေါက်ကွဲထွက်ပေါ်လာမယ့်စွမ်းအင်တွေဟာ နေမင်းရဲ့ စွမ်းအင် စုစုပေါင်းထက် အဆတသိန်းလောက် ပိုမိုများပြားမှာ ဖြစ်ပါတယ်။ အဲဒီလို ပေါက်ကွဲမှု တခုချင်းစီကို “နိုဗာ” ရယ်လို့ ခေါ်ဆိုကြပါတယ်။ လက်တင်ဘာသာစကားအရတော့ “အသစ်”လို့အဓိပ္ပာယ်ရပါတယ်။

ရိုင်ဂျယ် ကြယ်တာရာ

နေမင်းထက် ၁၅ ဆလောက် ပိုမို ကြီးမားသလို အော်ရိုင်ယွန်နက္ခတ်ရဲ့ အောက်ခြေနားမှာ တည်ရှိပြီး အပြာရောင် ဧရာမ ကြယ်တာရာဖြစ်တဲ့ ရိုင်ဂျယ်[175] လို ကြယ်တာရာမျိုးမှာ ဆိုရင်တော့ နောက်ထပ် ကံကြမ္မာတမျိုးနဲ့ ရင်ဆိုင်ရပါ လိမ့် မယ်။ အီလက်ထရွန်တွေရဲ့ ဖိအားနဲ့ သူ့ရဲ့ ပေါက်ကွဲမှုကို တားဆီးနိုင်စွမ်း မရှိ ပါ ဘူး။ ကျုံ့ဝင်သွားတဲ့အခါမှာ အတားအဆီး မရှိ ကျုံ့ဝင်သွားမှာဖြစ်ပြီး နယူး ကလိယပ်စ်တွေ အချင်းချင်း တို့ထိလုမတတ်ရှိတော့မှပဲ ပြန်လည်တွန်းကန်လာပါ လိမ့်မယ်။ နယူးကလိယပ်စ်ချင်း တို့ထိလုမတတ် နီးကပ်တဲ့အထိ ကျုံ့ဝင်သွားပြီး ရှိရင်းစွဲထက် အဆပေါင်း တသိန်းနီးပါး သေးငယ်သွားမှာပါ။ အဲဒီအခါမှာတော့ ပိုမို ပြင်းထန်လှတဲ့ အဏုမြူခေတ်ပြုမှုကို ဖြစ်ပေါ်စေပြီး "စူပါနိုဗာ" အဖြစ်ပေါက် ကွဲ သွားပါတော့တယ်။ ကြယ်တာရာတွေရဲ့ ဆင့်ကဲဖြစ်စဉ်ဟာ အချိန်ကာလအားဖြင့် နှစ်ပေါင်းသန်းဂဏန်း၊ သန်းထောင်ဂဏန်းထိ အောင် ကြာမြင့်လေ့ရှိပါတယ်။ ဒါ ပေမယ့်စူပါနိုဗာရဲ့ အတွင်းပိုင်းက အဏုမြူ ပေါက်ကွဲမှု ဖြစ်ပွားဖို့ကတော့ စက္ကန့် ပိုင်းပဲ အချိန်ယူရပါတယ်။ အဲဒီနောက် မြို့ငယ်တမြို့စာလောက် အရွယ် အစားရှိ တဲ့ အဏုမြူ နယူကလိယပ်စ်ပဲ ကြွင်းကျန်မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ "ပါလ် ဆာ" လို့ခေါ်တဲ့လည်ပတ်နှုန်းမြင့် နယူထရွန်ကြယ်တာရာအဖြစ် ဆက်လက် တည်ရှိသွားပါတော့တယ်။

ဒါပေမယ့် အော်ရိုင်ယွန်နက္ခတ်ထဲက အယ်လ်နေလမ်[176] လိုမျိုး နေမင်း ထက် အဆပေါင်း ၃၀ ကျော်ပိုမိုကြီးမားတဲ့ကြယ်တာရာ အမျိုးအစားဆိုရင်တော့ သူ့ရဲ့ ပေါက်ကွဲမှုကို ဘယ်အရာကမှ တားဆီးနိုင်မှာ မဟုတ်ပါဘူး။ နောက်ထပ် နှစ်သန်းပေါင်း အနည်းငယ်အတွင်းမှာ အယ်လ်နေလမ်ဟာ လောင်စာ ကုန်ခမ်း ပြီး စူပါနိုဗာအဖြစ် ပေါက်ကွဲပျက်စီးသွားပါလိမ့်မယ်။ အယ်လ်နေလမ်ရဲ့ ဗဟို အူတိုင်ကနေ ပေါက်ကွဲထွက်မှုဟာ အင်မတန် အင်အားပြင်းထန်လှတာကြောင့် အဏုမြူ စွမ်းအင်တောင်မှ သူ့ကိုရပ်တန့်နိုင်စွမ်း ရှိမှာ မဟုတ်ပါဘူး။ အဲဒီလောက် ကြီးမားတဲ့ ဆွဲငင်အားကို အံတုနိုင်ဖို့ ဘယ်အရာကမှလည်း မတတ်နိုင်ပါဘူး။ အဲဒီ လို ကြယ်တာရာမျိုးဆိုရင်တော့ သူ့ရဲ့ ကံကြမ္မာက တမျိုးတဖုံ ဖြစ်ပါတယ်။ သူ့ရဲ့ ပေါက်ကွဲမှုဟာ ရပ်တန့်သွားခြင်း မရှိပဲ အာကာသနဲ့ အချိန်တို့ရဲ့ အတား အဆီး တွေကို ကျော်လွန်ပြီး 'စကြဝဠာ မိုးကုပ်စက်ဝိုင်း'လို့ ခေါ်ဆိုတဲ့ Event Horizon

အဖြစ် တည်ရှိပါလိမ့်မယ်။ အဲဒီကိုကျော်လွန်ပြီး သိရှိနိုင်စွမ်း ကျွန်တော် တို့ မရှိသေးပါဘူး။ အဲဒီ နယ်နိမိတ်ကို ဖြတ်သန်းသွားတဲ့နောက်မှာ အဲဒီ ကြယ် တာရာကို ကျွန်တော်တို့ တွေ့မြင်နိုင်ခြင်း မရှိပါတော့ပါဘူး။ ကြယ်တာရာဟာ စကြဝဠာ တွင်းနက်ကြီးရဲ့ အတွင်းပိုင်းကို ကျရောက်သွားပြီး ဆွဲငင်အားဟာလည်း အင်မတန်မှကို ပြင်းထန်လွန်းလှပါတယ်။ အလင်းတောင်မှ သူ့ရဲ့ ဆွဲငင်အားကနေ ရုန်းထွက်နိုင်စွမ်း မရှိပါဘူး။

နောက်ထပ် ရှားရှားပါးပါး ကြယ်တာရာ အမျိုးအစား တခုမှာဆိုရင်တော့ သူ့ရဲ့ ကံကြမ္မာက နောက်တမျိုး ဖြစ်လို့ နေပါတယ်။ အဲဒီ အမျိုးအစားကို ကျွန်တော်တို့ ဂလက်ဆီထဲမှာတောင် တွေ့ နိုင်ပါတယ်။ အဲဒီ အမျိုးအစားကတော့ တည်ငြိမ်မှု ကင်းမဲ့နေတာကြောင့် "နိုဗာ" တို့၊ "စူပါနိုဗာ" တို့အဖြစ် ပေါက်ကွဲ ပျက်စီးသွားတာမျိုး မရှိပါဘူး။ အဲဒါတွေထက် ပိုမို ပြင်းထန်လှတဲ့ "ဟိုက်ပါနိုဗာ" အဖြစ် ပေါက်ကွဲထွက်ပါလိမ့်မယ်။ အဲဒီပေါက်ကွဲမှုမျိုးကို ကျွန်တော်တို့သက်တမ်း အတွင်းမှာတောင် တွေ့ မြင်ရဖွယ် ရှိပါတယ်။

ညဉ့်ကောင်းကင်ယံက ကြယ်တာရာတွေကို ကြည့်ရှုလိုတယ် ဆိုရင်တော့ ဩစတြေးလျ လွင်တီးခေါင်ထက် ပိုမိုကောင်းမွန်တဲ့ အရပ်ရယ်လို့ မရှိသလောက် ဖြစ်ပါလိမ့်မယ်။ အဆောက်အအုံတွေ၊ မော်တော်ကားတွေ၊ လမ်းမီးရောင်တွေ ဘာဆို ဘာမှ မရှိသလို ကြယ်တာရာ အလင်းရောင်တွေကိုပဲ သီးသန့် ခံစားနိုင်ပါတယ်။ တခါတရံတော့ သားပိုက်ကောင် တချို့တလေ တွေ့ ရတာမျိုး ရှိတာပေါ့လေ။ နဂါးငွေ့တန်း ဂလက်ဆီကို တွေ့မြင်ရဖို့ အင်မတန် ကောင်းမွန်တဲ့ အနေ အထားလို့လည်း ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ ကြယ်တာရာ အစုအဝေး၊ ဂလက်ဆီရဲ့ ဗဟိုကိုကောင်းကင်ယံမှာ တွေ့မြင်နိုင်ပြီး ကောင်းကင်ဘုံရဲ့ မုခ်ဦးဟာဆိုရင် ညသန်းခေါင်ယံရဲ့ နောက်ခံကျောရိုးသဖွယ်ဖြစ်လို့နေပါလိမ့်မယ်။ ကျွန်တော်တို့ ဖြစ်တည်ရာ အရပ်ဟာ စက်ဝန်းသဏ္ဍာန်ရှိတဲ့ ကြယ်တာရာ အစုအဝေးမှာဖြစ်ပြီး နဂါးငွေ့တန်း ဂလက်ဆီကို ကြည့်လိုက်တဲ့အခါမှာ စက်ဝိုင်းသဏ္ဍာန် လည်ပတ်နေတဲ့ အလင်းတန်းတွေကို နှစ်သန်းပေါင်းထောင်ဂဏန်း သက်တမ်းအဖြစ် မြင်တွေ့ ရမှာ ဖြစ်ပါတယ်။

အဲဒီလို အင်မတန်လှပတဲ့ ကောင်းကင်ယံအောက်မှာ နဂါးငွေ့တန်း ဂ လက်ဆီကနေ ထုတ်လွှတ် လိုက်တဲ့ အလင်းတန်းတွေဟာ တသမတ်တည်း မဟုတ်မှန်း တွေ့ မြင်ရပါလိမ့်မယ်။ အဲဒီ အလင်းတန်းတွေကို ပိတ်ဆို့ထားတဲ့ အ မည်းကွက်တွေကို တွေ့ မြင်နိုင်ပါတယ်။ အဲဒီ အမည်းကွက်တွေဟာ ကြယ်တာရာ ဒြပ်မှုန်တွေပါပဲ။ သူတို့ကနေ အလင်းတန်းတွေကို ဖုံးကွယ်နေတာဖြစ်ပြီး အရေအတွက်အားဖြင့်လည်း အင်မတန်မှ များပြားလှပါတယ်။ ကမ္ဘာပေါ်က ယဉ်ကျေးမှု လူ့အဖွဲ့အစည်းတိုင်းလိုလိုမှာ အဲဒီ မြင်တွေ့ နေရတဲ့ ကြယ်တာရာ တွေကို မျဉ်းဆက်ဆွဲကြည့်လိုက်ပြီး သူတို့မြင်ဖူး၊ တွေ့ဖူးနေကျ အရာတွေအဖြစ် ပုံဖော်လိုက်ကြပါတယ်။ အဲဒီကနေပဲန က္ခတ်ဗေဒရယ်လို့ ပေါ်ထွက်လာခဲ့ပါတယ်။

ဒါပေမယ့် ဩစတြေးလျ ဒေသခံတွေကတော့ နဂါးငွေ့တန်း ဂလက်ဆီ အတွင်းက အဲဒီ အမည်းကွက် တွေနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်ကို သိမြင်ခဲ့ကြဟန် တူ ပါတယ်။ သူတို့ဟာ ကြယ်တာရာတွေကို မျဉ်းဆက်ပြီး ငှက်ကုလားအုတ်လို့ တွေ့ မြင်ကြပါတယ်။ ငှက်ကုလားအုတ် ဆိုတာက ဩစတြေးလျ ဒေသခံမပျံသန်း နိုင် တဲ့ ငှက်ကြီးတမျိုးပါ။ တကယ်က ကြယ်တာရာတွေကို မျဉ်းဆက်တယ် ဆိုတာ ထက် ကြယ်တာရာတွေ မရှိတဲ့ ကြားကွက်လပ်တွေကို မျဉ်းဆက်ကြည့် လိုက်တာ ပါ။ ကောင်းကင်က ကြယ်တာရာတွေကိုကြည့်ရှုတဲ့နေရာမှာ နည်းလမ်း အမျိုးမျိုး ချဉ်းကပ်တယ် ဆိုရမှာပါပဲ။ အဲဒီလို ကောင်းကင်ပြင်ကြီးကို ကျွန်တော် တို့တွေ ကြည့်ရှုခဲ့ကြတာဟာ နှစ်ပေါင်းသန်းဂဏန်းလောက်တောင် ရှိကောင်း ရှိနေနိုင်ပါ တယ်။

အဲဒီ အချိန်ကာလတွေအတွင်းမှာ စူပါနိုဗာလို ဆန်းကြယ်လှတဲ့ ဖြစ်ရပ်တွေ လည်း အများအပြား ဖြစ်ပွားခဲ့ပါတယ်။ စူပါနိုဗာ ပေါက်ကွဲမှုမျိုးဆိုရင် ကျွန်တော် တို့ရဲ့ ဂလက်ဆီထဲမှာ ရာစုနှစ်တခုအတွင်း တကြိမ်လောက်ပဲ ဖြစ်ပွားလေ့ရှိတာ ပါ။ တကယ်လို့များ အဲဒီလို ကြယ်တာရာတွေကို စောင့်ကြည့်ခဲ့တဲ့ အချိန်တွေ အားလုံး ကိုတမိနစ်အတွင်း စုစည်းပေးလိုက်မယ်ဆိုရင် တရစပ်ပေါက်ကွဲနေတဲ့စူ ပါနိုဗာ ဖြစ်စဉ်တွေကို မြင်တွေ့ ရပါလိမ့်မယ်။ တကယ်လို့များ ကျွန်တော်တို့ရဲ့ မျက်လုံး တွေသာ တယ်လီစကုပ်တွေ ဖြစ်ခဲ့ပြီး အလင်းတွေကို အများကြီး ဖမ်းယူ နိုင်တဲ့ လှည်းဘီးအရွယ်လောက်ရှိခဲ့မယ်၊ နောက်ပြီးကျွန်တော်တို့ရဲ့ မျက်လုံးဟာ

အလင်း အမျိုးအစားတခုတည်းကို တွေ့မြင်ရတာမျိုး မဟုတ်ဘဲ အလင်းရဲ့ ရောင်စဉ်တန်း တွေ အများအပြားကိုမြင်တွေ့ နိုင်ခဲ့မယ်ဆိုရင် အနီအောက်ရောင်ခြည်တန်းနီးပါး ရောင်စဉ်တန်း နောက်ခံနဲ့ စူပါနိုဗာ ပေါက်ကွဲမှု ကနေ လွင့်စင်ထွက်လာတဲ့ ဒြပ်မှုန်တွေ အတိဖြစ်နေတဲ့ ဂလက်ဆီကို မြင်တွေ့ ရမှာပဲ ဖြစ်ပါတယ်။ အဲဒီ ဒြပ်မှုန်တွေကတော့ မရေမတွက်နိုင်အောင် များပြားလှတဲ့ ကြယ်တာရာတွေကို နောက်ခံထားပြီး အရိပ်သဏ္ဍာန် ခပ်မည်းမည်းအဖြစ်နဲ့ ရှေ့ကနေ ကာဆီးထား ပါလိမ့်မယ်။

နဂါးငွေ့တန်းထဲက ငှက်ကုလားအုတ်

အလင်းနှစ် ၇,၅၀၀ ဝန်းကျင်လောက်မှာဆိုရင်တော့ ကျွန်တော်တို့ ဂလက်ဆီရဲ့ နောက်ထပ် အစိတ်အပိုင်းတရပ်ကို တွေ့ မြင်ရနိုင်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ မယုံကြည်နိုင်လောက်အောင် ဆန်းပြားလှတဲ့ကသောင်းကနင်း ဖြစ်ရပ်တွေလည်း ဖြစ်ပွားနေပါလိမ့်မယ်။ အဲဒီနားကို ကာရီနာ နက်ဗျူလာ[177] လို့ ခေါ်ကြပါတယ်။ ကြယ်တာရာတွေ ဖန်တီးပေးတဲ့စက်ယန္တရားလို့လည်း ဆိုနိုင်ပါတယ်။ အလင်းတန်း တခုဟာ ကာရီနာ နက်ဗျူလာကို ဖြတ်သန်းသွားဖို့ နှစ် ၅၀ လောက် အချိန်ယူရပါလိမ့်မယ်။ အဲဒီအနီးဝန်းကျင်က ကြယ်တာရာ ဒြပ်မှုန်တွေနဲ့ ခရမ်းလွန်ရောင်ခြည်တွေ မီးပြင်းတိုက်မှု နဲ့အတူ ရောမ ကြယ်တာရာကြီးတွေ

ပေါ်ထွန်းလာကြပါတယ်။ အဲဒီလိုရောမ ကြယ်တာရာကြီးတွေ ပေါက်ကွဲ ပျက်စီးသွားတဲ့အခါမှာလည်း တစစီ ဖြစ်သွားတဲ့အထိ လွင့်စင်ထွက်သွားကြပြန်ပါတယ်။ အဲဒီကနေ လွင့်စင်လာတဲ့ ဒြပ်မှုတွေဟာလည်း ကြယ်တာရာ အလင်းတန်းတွေ၊ ဆွဲငင်အားတွေရဲ့ သက်ရောက်မှုကို ပြန်လည် ကြုံတွေ့ရ ပြန်ပါတယ်။ အဲဒီလိုနဲ့ ဒြပ်မှုန်တွေကနေ ကြယ်တာရာတွေ ပေါ်ထွန်းလာလိုက်၊ ကြယ်တာရာတွေကနေ ဒြပ်မှုန်တွေ ဖြစ်သွားလိုက်နဲ့ သံသရာလည်နေပါတော့တယ်။ စကြဝဠာထဲမှာ အသုံးမလိုတဲ့၊ အသုံးမတည့်တဲ့ အရာဝတ္ထုရယ်လို့ မရှိပါဘူး။ ဒါပေမယ့် ကြယ်တာရာတလုံးအနေနဲ့ ဘယ်လောက် အတိုင်းအတာအထိ ကြီးမားနိုင်စွမ်း ရှိတယ်ဆိုတာတော့ အကန့်အသတ် ရှိပါလိမ့်မယ်။



ကာလာဟာရီ သဲကန္တာရ[178] အတွင်းမှ ရိုက်ကူးခဲ့သော ကာရီနာ နက်ဗျူလာနဂါးငွေ့တန်းထဲက ငှက်ကုလားအုတ်

၁၇ ရာစုအတွင်း အက်ဒ်မန် ဟောလီတယောက် အီကွေတာကိုကျော်ဖြတ်ပြီး ကမ္ဘာ့တောင်ပိုင်းဒေသရဲ့ နက္ခတ်တာရာမြေပုံ ရေးဆွဲခဲ့တုန်းက အီတာကာရင်နေး[179] ဟာ အရောင်ခပ်မှိန်မှိန် ကြယ်တာရာတလုံးလို့ပဲ ထင်ခဲ့ရပါတယ်။ ဒါပေမယ့် ၁၈၄၃ ခုနှစ်မှာတော့ အီတာ ကာရင်နေးဟာ ကောင်းကင်ယံမှာ ဒုတိယ အ

တောက်ပဆုံး ကြယ်တာရာ ဖြစ်လာခဲ့ပြီး သူ့ထက် ပိုမို ထွန်းလင်း တောက်ပတာ ဆိုလို့ ဆီးရီးယပ်စ်ပဲ ရှိပါတော့တယ်။ အနီးဝန်းကျင်က ပြန့်ကား ထွက်နေတဲ့ ပေတုံးသဏ္ဍာန် ကြယ်တာရာဒြပ်မှုတွေဟာ အဲဒီဖြစ်စဉ်ရဲ့ ရလဒ်ပဲ ဖြစ်ပါတယ်။ သူ့ရဲ့ အလယ်ဗဟိုမှာဆိုရင် တည်ငြိမ်မှု အင်မတန် ကင်းမဲ့နေတဲ့ ကြယ်တာရာတလုံး ရှိပါတယ်။ အီတာ ကာရင်နေးဟာ ကျွန်တော်တို့ နေ (ကြယ်တာရာ) ထက် အဆပေါင်းတရာကျော် ပိုမိုကြီးမားပြီး အလင်းထုတ်လွှတ်မှုဟာလည်း အဆပေါင်း ၅ သန်းကျော် ပိုမို များပြားပါတယ်။ ကြယ်တာရာတလုံးအတွက် ဘယ်လောက် အတိုင်းအတာအထိ ကြီးမားခမ်းနား နိုင်တယ်ဆိုတဲ့ အကန့် အသတ်တွေကို ရိုက် ချိုးနေသယောင်ရှိလို့ နေပါတယ်။ အဲဒီထက် ပိုပြီးပြောရရင် အီတာ ကာရင်နေးရဲ့ ဆွဲငင်အားဟာ အင်မတန်မှကို ပြင်းထန်လှပြီး သူနဲ့အတူ အမြွှာပူးလို့တောင် ယူဆ ရတဲ့ နောက်ထပ် ဧရာမ ကြယ်တာရာတလုံး ထပ်မံပါရှိ နေတာပဲ ဖြစ်ပါတယ်။

အရွယ်အစားအားဖြင့်လည်း အင်မတန် ကြီးမားပြီး အကွာအဝေးအားဖြင့် ဆိုရင်လည်း နေမင်းကနေ စေတန်ဂြိုဟ်ဝန်းကျင်လောက်မှာ ရှိပါလိမ့်မယ်။ အဲဒီ ဧရာမ ကြယ်တာရာကြီးကနေ အလင်းတွေ ထုတ်လွှတ်မှုဟာ ဘယ်လောက် တောင် များပြားသလဲဆိုရင် အတွင်းကနေ တွန်းကန်ထွက်တဲ့ ပြင်းအားက ဆွဲငင်အားကိုတောင် ကျော်လွန်လို့နေပါတယ်။ ကြယ်တာရာဟာ အရွယ်အစား ကြီးမားလွန်းပြီး သူ့ရဲ့ ရောင်ခြည်ထုတ်လွှတ်မှုက ဆွဲငင်အားကိုကျော်လွန်နေတဲ့ အခါမှာ အဲဒီ ကြယ်တာရာကိုတောင် ပေါက်ကွဲ ပျက်စီးသွားစေနိုင်ပါတယ်။ အီတာ ကာရင်နေးရဲ့ ကံကြမ္မာကို စတင် ပေါ်ထွန်းလာခဲ့ချိန် လွန်ခဲ့တဲ့ နှစ်ပေါင်းသန်း ဂဏန်းမှာတည်းက အဆုံးအဖြတ်ပေးထားခဲ့ပြီး ဖြစ်တယ်လို့ ဆိုရပါလိမ့် မယ်။ တကယ်လို့များ ပေါက်ကွဲပျက်စီးသွားတဲ့ အခါမှာ (တကယ်တော့ ပေါက်ကွဲ ပျက်စီးသွားခဲ့ပြီးလည်း ဖြစ်နိုင်တာပါပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ မြင်တွေ့ နေရတဲ့ အလင်းဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇,၅၀၀ တုန်းက ထုတ် လွှတ်လိုက်ခဲ့ တာလေ) ကျွန်တော်တို့လုံးဝ မမြင်ဖူး၊ မတွေ့ဖူးတဲ့ ဘေးအန္တရာယ် ကပ်ဘေးဆိုး မျိုးတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိပါတယ်။ "ဟိုက်ပါနိုဗာ" ဆိုတဲ့ဖြစ်ရပ်ပါပဲ။

အဲဒီ ပေါက်ကွဲမှုဟာ အဆမတန် ခမ်းနားလွန်းလှတာမလို့ သူနဲ့ နှိုင်းယှဉ်တဲ့ အခါ စူပါနိုဗာတောင်မှ မီးပန်းဖောက်တဲ့ ပမာဏလောက် ဖြစ်သွားပါလိမ့်မယ်။

တကယ်လို့များ အနီးဝန်းကျင်က ကြယ်တာရာတွေကို လှည့်ပတ်နေတဲ့ဂြိုဟ်တွေမှာ သက်ရှိတွေများ တည်ရှိခဲ့မယ်ဆိုရင် သူတို့ရဲ့ ရှင်သန်ချိန်တွေဟာ လက်ချိုးရေလို့ ရနေပြီ ဖြစ်ပါတယ်။ ဟိုက်ပါနိုဗာဟာ စကြဝဠာအတွင်းက အလင်းတင်မဟုတ်ဘဲ အိပ်ဇ်ရေးတွေ၊ ဂမ်မာရေးတွေပါ ထုတ်လွှတ်မှာဖြစ်ပြီး အလင်းနှစ်ပေါင်း ရာနဲ့ချီတဲ့ အကွာအဝေးက ဂြိုဟ်တွေကိုတောင် သူတို့ရဲ့ လေထုကို ဖျက်ဆီးပစ်နိုင်တာကြောင့် အင်မတန် ပြင်းထန်လှတဲ့ ခရမ်းလွန်ရောင်ခြည်တွေနဲ့ မီးပြင်းတိုက်မှုခံရမှုမျိုးနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ အရေအတွက် ထောင်နဲ့ချီတဲ့ ပတ်ဝန်းကျင်က နေအဖွဲ့ အစည်းတွေဟာ အဲဒီပေါက်ကွဲမှုရဲ့ နောက်ဆက်တွဲ တွေကို အပြင်းအထန် ခံစားရဖွယ် ရှိပါတယ်။

ခရမ်းလွန်ရောင်ခြည်ဖြင့် ရိုက်ကူးထားသည့် အီတာ ကာရင်နေး

အဲဒါဆိုရင် အခုစာဖတ်နေသူကိုယ်တိုင်တောင် “ငါတို့ရောဘေးကင်းလုံခြုံရဲ့လား”လို့ မေးမြန်းမိကြ ရော့မယ်။ တကယ်လို့များ အီတာကာရင်နေး ကြယ်တာရာကြီး ပေါက်ကွဲသွားခဲ့မယ်ဆိုရင် ကမ္ဘာဂြိုဟ်ရော ဘယ်လိုများ ရှိမှာပါလိမ့်။ စိတ်တော့ သိပ်မပူပါနဲ့။ ကမ္ဘာဂြိုဟ်ကတော့ ဘေးကင်းပါလိမ့်မယ်။ ကျွန်တော်တို့နဲ့ အီတာ ကာရင်နေး ကြယ်တာရာကြီးဟာ အလင်းနှစ် ၇,၅၀၀ ကွာဝေးတာမလို့

ပေါက်ကွဲပျက်စီးသွားတဲ့ ကြယ်တာရာကနေ ထွက်ပေါ်လာမယ့် ဓာတ်ရောင်ခြည်တွေဟာ အဲဒီ အကွာအဝေးအတွင်း လမ်းတဝက် မှာတင် ပြယ်လျော့သွားမှာ ဖြစ်ပါတယ်။ အဲဒါတောင်မှ သူ့ရဲ့ ပေါက်ကွဲပျက်စီးမှုဟာ တကယ့်ကို ခမ်းနားတဲ့ မီးရှူးမီးပန်းပြပွဲမျိုးလို တင်ဆက်သွားဦးမှာပါ။ ကျွန်တော်တို့ ကမ္ဘာမြေရဲ့ ဂြိုဟ်ရံလနီးပါး ထွန်းလင်း တောက်ပမှုကို တွေ့မြင်ရမှာဖြစ်ပြီး ကြယ်တာရာတလုံး သီဆိုနိုင်သမျှထဲမှာ အခမ်းနားဆုံးသော တေးချင်းတပုဒ်လို ရှိလို့နေပါလိမ့်မယ်။

ကျွန်တော်တို့ လူသားတွေရဲ့ ဘိုးဘေးမျိုးဆက်တွေဟာ နေမင်းကြီးကို ကိုးကွယ်ခဲ့ကြပါတယ်။ တကယ်တော့ သူတို့ ရူးသွပ်မိုက်မဲခဲ့တာတော့ မဟုတ်ပါဘူး။ တကယ်ဆိုကျွန်တော်တို့ သက်ရှိတွေဟာ အဲဒီ နေမင်းကြီးနဲ့ ကြယ်တာရာတွေရဲ့ ရင်သွေးငယ်တွေ ဖြစ်တယ်လို့များ တွေးတောကြည့်မယ်ဆိုရင် အတော့်ကို အဓိပ္ပာယ်ရှိတဲ့ ဆက်စပ်တွေးခေါ်မှုလို့ ဆိုနိုင်ပါတယ်။ ကျောက်တုံးတွေက ဆီလီကွန်တွေ၊ လေထုထဲက အောက်ဆီဂျင်တွေ၊ ကျွန်တော်တို့ ဒီအန်အေထဲက ကာဗွန်တွေ၊ မိုးမျှော်အဆောက်အအုံတွေရဲ့ သံကိုယ်ထည် တွေ၊ လက်ဝတ် ရတနာတွေက ငွေထည်တွေ စတာတွေ အားလုံးကို လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ထောင်ဂဏန်းမှာတည်းက ကြယ်တာရာတွေမှာ မီးပြင်းတိုက် သွန်းလုပ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကမ္ဘာဂြိုဟ်၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းနဲ့ ကျွန်တော်တို့ လူသားတွေ ကိုယ်တိုင် ကြယ်တာရာဒြပ်မှုန်တွေ ဖြစ်ကြပါတယ်။

အဲဒီလိုဆိုရင် အက်တမ် အဏုမြူတွေကို ကကြိုးဆင်နိုင်စေတာ ဘယ်လို အရာမျိုးတွေ ဖြစ်မှာပါလိမ့်။ ကြယ်တာရာတွေက ထုတ်လွှတ်လိုက်တဲ့ စွမ်းအင်တွေဟာကမ္ဘာမြေပေါ်မှာ ပေါ်ထွန်းခဲ့သမျှ အရာတွေအဖြစ် ဘယ်လို ပြောင်းလဲသွားကြတာပါလိမ့်။ စွမ်းအင် ဆိုတာကရော ဘာများပါလိမ့်။ နေမင်းကြီးရဲ့ ဟိုက်ဒရိုဂျင် အက်တမ်တွေ လောင်ကျွမ်းသွားတဲ့အခါ ဟီလီယမ် အက်တမ်တွေ အဖြစ် ပြောင်းလဲသွားကြပါတယ်။ အဲဒီကနေ ထွက်ပေါ်လာတဲ့စွမ်းအင်တွေဟာ “နေ” ဆိုတဲ့ကြယ်တာရာကြီး ထဲကနေ အပြင်ကိုတိုးထွက်မလာခင် နှစ်သန်းပေါင်း ဆယ်ဂဏန်းနဲ့ချီပြီး တည်ရှိခဲ့ပါတယ်။ အပြင်ကို တိုးထွက်လာခဲ့ပြီးတဲ့နောက် မှာတော့ ကမ္ဘာမြေကနေ တွေ့ မြင်ရတဲ့ အလင်းတန်းအဖြစ် တန်းတန်းမတ်မတ် ဆိုက်ရောက်လို့လာပါတော့တယ်။

အဲဒီ အလင်းတန်းဟာ သစ်ရွက် ခပ်စိမ်းစိမ်းပေါ်ကို ထိရောက်တဲ့အခါ အပင်ထဲမှာ ဓာတုစွမ်းအင်အဖြစ် သိုလှောင်လိုက်ပါတယ်။ အဲဒီကနေပဲနေရောင်ခြည်ကို သိုလှောင်ပြီး ဖြစ်ပေါ်လာတဲ့ စွမ်းအင်ကို အပင်တွေက အသီးအနှံတွေ အဖြစ် သိမ်းဆည်းလိုက်ပါတယ်။ အဲဒီ အသီးအနှံတွေကို ကစော်ဖောက်လိုက် တဲ့အခါ နေရောင်ခြည် (Sunshine) ကနေ အရက်ပုန်း (Moonshine) အဖြစ် ပြောင်းလဲသွားဦးမှာပါပဲ။ အဲဒီ အရက်ပုန်းဖြစ်စေ၊ ဝိုင်အရက်ချိုဖြစ်စေ သောက် သုံးလိုက်တဲ့အခါ ဓါတုစွမ်းအင်ကနေ ဦးနှောက်ရဲ့ အတွေးမျှင်တွေအဖြစ်လျှပ်စစ် စွမ်းအင်ကို ပေါ်ထွက်စေဦးမှာ ဖြစ်ပါတယ်။ အဲဒီနောက် ခပ်ထွေထွေဖြစ်လာလို့ သီချင်းလေး ညည်းမိတဲ့အခါမှာတော့ အသံအိုးကနေတဆင့် အသံစွမ်းအင်အဖြစ် ပေါ်ထွက်လာပါလိမ့်မယ်။ အဲဒီလို စွမ်းအင်အသွင်ကူးပြောင်းမှုတွေဟာ နေရာတိုင်းမှာ အချိန်တိုင်း ဖြစ်ပေါ်လို့နေပါတယ်။ နေကရရှိတဲ့စွမ်းအင်ကို အခြားသော လေစွမ်းအင်၊ လှိုင်းတွေနဲ့ အသက်ဇီဝတွေအဖြစ် ပြောင်းလဲနေတာကိုလည်း နေရာအနှံ့ တွေ့ ရှိနိုင်ပါတယ်။ အဲဒီလို သန့်စင်ပြီး စွမ်းအင်တွေကို ကျွန်တော်တို့ သုံးစွဲခွင့်ရတာ ဘယ်လောက်များ ကံကောင်းထောက်မလိုက်ပါသလဲ။ ကောင်း ကင်ဘုံကနေ ကျရောက်လာတဲ့ မန္နမုန့်ကို စားသုံးရသလိုမျိုး နေပါလိမ့်မယ်။ ခေတ်သစ် ရူပဗေဒကို တခေတ်ဆန်းစေခဲ့တဲ့ အန်နီ ဂျမ့် ကန်နွန်၊ ဟန်ရစ်တာ စွမ်း လဲဗစ်၊ ဆစ်စလီယာ ပိန်းတို့နဲ့တကွ ကြယ်တာရာတွေကို လေ့လာခဲ့သူ ကြယ်တာရာညီအစ်တွေအားလုံးကို ဝိုင်အရက်ချိုတခွက်နဲ့တောင် ဂုဏ်ပြုချင်မိ ပါတော့တယ်။

အန်နီ ဂျမ့် ကန်နွန်၊ ဟန်ရစ်တာ စွမ်း လဲဗစ်၊ ဆစ်စလီယာ ပိန်း

တကယ်တော့ စကြဝဠာ ကမ္ဘာလောကမှာ ပြောင်းလဲခြင်း နိယာမကနေ ကင်းလွတ်တာရယ်လို့ ဘာမှ မရှိပါဘူး။ ဒီကနေ့ကနေ နောက်ထပ် နှစ်ပေါင်း ၁၀ သန်း၊ သန်း ၂၀ လောက်ရှိတဲ့အခါမှာ အော်ရိုင်ယွန်ဟာ နတ်သမီး ၇ ပါး နက္ခတ်ကို လိုက်လို့ မှီသွားတဲ့ အနေအထားကို ရောက်ရှိသွားပါလိမ့်မယ်။ ဒါပေမယ့် အဲဒီလို လက်မတင် အနေအထားလေးမှာပဲ အော်ရိုင်ယွန်နက္ခတ်ရဲ့ အရွယ် အကြီးမားဆုံး သော ကြယ်တာရာဟာ စူပါနိုဗာအဖြစ် ပေါက်ကွဲ ပျက်စီး သွားမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ အချစ်စိတ်ရဲ့ စေစားရာ နာခံအားထုတ်နေရ ရှာတဲ့အော်ရိုင်ယွန်ရဲ့ အားထုတ်မှုတွေလည်း နိဂုံးချုပ်သွားပါလိမ့်မယ်။ အဲဒီအခါ နတ်သမီး ၇ ဖော်ဖြစ် ကြတဲ့ ကြယ်တာရာတွေဟာလည်း လက်ကမ်းကြိုနေတဲ့ နဂါးငွေ့ တန်း ဂ လက်ဆီရဲ့ ရင်ခွင်ဆီ ခိုလှုံသွားပါလိမ့်မယ်။

ကျွန်တော်တို့ရဲ့ ခမ်းနားလှတဲ့ ကမ္ဘာမြေပေါ်မှာတော့ နေမင်းရဲ့ အလင်းရောင်နဲ့အတူ နွေးထွေးလို့ နေဦးမှာပါ။ ဒါပေမယ့် ဂလက်ဆီအတွင်းက ကြယ် တာရာတလုံးကို လှည့်ပတ်နေတဲ့ဂြိုဟ်ငယ်ပေါ်က ကျွန်တော်တို့အတွက် တော့ နောက်ထပ် စကြဝဠာ အရုဏ်ဦးတွေက စောင့်ကြိုလို့ နေပါလိမ့်မယ်။ နေထွက် လာတဲ့ အရုဏ်ဦးကို ဆိုလိုတာ မဟုတ်ပဲ ဂလက်ဆီ ခေါ်တဲ့ ကြယ်တာရာ အစု အဝေးကြီးတွေ ထွက်ပေါ်လာမယ့် အရုဏ်ဦးလို့ ဆိုရမှာ ဖြစ်ပါ တယ်။ အဲဒီ အရုဏ်ဦးမှာဆိုရင် ကြယ်တာရာပေါင်း ဘီလျံ ၂၀၀ နဲ့ ပြည့်နှက်လို့ နေပါလိမ့်မယ်။ နဂါးငွေ့တန်း ဂလက်ဆီရဲ့ အရုဏ်ဦး ဆိုပါတော့လေ။ ပေါက်ကွဲ ပျက်စီးသွားပြီး သား ကြယ်တာရာတွေရဲ့ ဒြပ်မှုန်တွေဟာ စက်ဝိုင်းသဏ္ဍာန် လည်ပတ်နေကြပြီး နောက်ထပ် အသစ် အသစ်သော ဂြိုဟ်တွေ၊ သက်တမ်း အလယ်အလတ်ရှိတဲ့ နေမင်းလို ကြယ်တာရာတွေ၊ ရောမ အနီရောင် ကြယ်တာရာ အမျိုးအစားတွေ၊ ကြယ်ဖြူပုတွေ၊ နက်ဗျူလာတွေ၊ စူပါနိုဗာတွေ၊ န ယူထရွန်ကြယ်တွေ၊ပါလ်ဆာ တွေ၊ ဘလက်ခ်ဟိုး တွင်းနက်ကြီးတွေအဖြစ် ထပ်မံ ပေါ်ထွက်နေဦးမှာ ဖြစ်ပါ တယ်။ အဲဒါတွေအပြင် ကျွန်တော်တို့ရှာဖွေတွေ့ရှိထား ခြင်း မရှိသေးတဲ့တခြား ဆန်းဆန်းပြားပြား အရာတွေလည်း ဖြစ်ပေါ်နိုင် သေးတာ ပါပဲ။

နဂါးငွေ့တန်း ဂလက်ဆီကနေ အဲဒီလိုရှုမျှော်ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ အားလုံးဟာ အက်တမ် အဏုမြူတွေ၊ ဟိုးပဝေသဏီ စကြဝဠာ အတွင်း မီးပြင်းတိုက် သန့်စင် ထားပြီးဖြစ်တဲ့ ကြယ်တာရာဒြပ်မှုန်တွေနဲ့ ဖန်တီး တည်ဆောက်ထားတဲ့အရာတွေ သာဖြစ်ကြောင်း ထင်ရှားစွာပဲ သိမြင်လာပါလိမ့် မယ်။

လျှပ်စစ်ဝိဇ္ဇာ

ကျွန်တော်တို့ နေ့စဉ် မြင်တွေ့ နေကျဖြစ်တဲ့ ရုပ်မြင်သံကြားတွေ၊ စမတ်ဖုန်းတွေ၊ ကွန်ပျူတာတွေကို ဖွင့်လိုက်တဲ့အခါမှာ လက်ခံရရှိတဲ့ပုံရိပ်တွေ၊ အသံတွေဟာ အလင်းရဲ့ အလျင်နဲ့ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့များ အဲဒီလို ဖြစ်ရတာပါလိမ့်။ ကျွန်တော်တို့ ဘိုးဘေးတွေ လက်ထက်တုန်းကဆိုရင် မှော်အတတ်လို့တောင် ထင်မြင်ယူဆသွားနိုင်စရာရှိပါတယ်။ သူတို့တုန်းက ဆက်သွယ်ရေးနဲ့ ပတ်သက်လို့ အမြန်ဆုံးက အပြေးသန်ဆုံး ဆိုတဲ့ မြင်းတို့၊ ခရီးပြင်း ရွက်လွှင့်နိုင်တဲ့ လှေသင်္ဘောတို့လောက်ပဲ ရှိခဲ့ကြတာလေ။ ကျွန်တော်တို့ လက်ခံရရှိနေတဲ့ သတင်းအချက်အလက်တွေကျတော့ မျက်စိနဲ့ မမြင်လိုက်ရဘဲ အလင်းရဲ့ အလျင်နဲ့ ရောက်ရှိလာတာကိုး။ အဲဒီလိုဒဏ္ဍာရီဆန်လှတဲ့ တန်ခိုးစွမ်းအားမျိုးကို ကျွန်တော်တို့ လူသားတွေ ဘယ်လိုများ ရယူပိုင်ဆိုင်ခဲ့ကြတာပါလိမ့်။ လူပုဂ္ဂိုလ် တဦးတယောက်ရဲ့ စိတ်ကူးဆန်းသစ်မှုတွေနဲ့ စတင်ခဲ့တာလို့ ဆိုရပါလိမ့်မယ်။ ဆင်းရဲတွင်း ခပ်နက်နက်ထဲက လူငယ်တဦး၊ အထူးသဖြင့် ဘယ်သူကမှ ဘာမှ မျှော်လင့်ချက်မထားခဲ့တဲ့ လူငယ်တဦးဆီကလို့ ဆိုရမှာပါပဲ။

တကယ်လို့များ အဲဒီပုဂ္ဂိုလ်သာ မွေးဖွားမလာခဲ့ဘူးဆိုရင် ဒီကနေ့ ကျွန်တော် တို့ သိရှိထားတဲ့ ကမ္ဘာလောက ဆိုတာတောင် ရှိနေနိုင်မယ် မဟုတ်ပါဘူး။ သူ ရှာဖွေတွေ့ရှိခဲ့တာတွေကို နောက်ထပ် တစုံတဦးက အနှေးနဲ့အမြန် တွေ့ရှိမှာပါ လို့တော့ ဆိုနိုင်ကောင်းပါရဲ့။ ဒါပေမယ့် မိုက်ကယ် ဖာရာဒေးဆိုသူသာ တကယ် တမ်း မွေးဖွားလာခဲ့ခြင်း မရှိဘူးဆိုရင် ကျွန်တော်တို့ အားလုံးဟာ ဘိုးဘွားတွေ နေထိုင်ခဲ့ကြတဲ့ ၁၇ ရာစုခေတ်မှာပဲ ပိတ်မိနေဖို့ များပါတယ်။ မျက်စိနဲ့ တွေ့မြင်နိုင်ခြင်း မရှိပေမယ့် ကျွန်တော်တို့ စေစားရာ ဆောင်ရွက်ပေးနိုင်တဲ့ အမှုတော်ဆောင်တွေဟာ ထုနဲ့ထည်နဲ့ စောင့်ကြိုနေခဲ့ ကြတာပါ။ အခု ပြောမှာ

ကတော့ ကျွန်တော်တို့ လူသားတွေရဲ့ အမိန့်တော်ကို ထမ်းရွက်ဖို့ အီလက်ထရွန်တွေကို ဘယ်လိုထိန်းကျောင်းခဲ့သလဲ ဆိုတာပါပဲ။ အဲဒီအကြောင်းတွေကိုတော့ ကမ္ဘာပေါ်မှာ ရှင်သန်နေထိုင် ခဲ့သမျှသော ပါရမီရှင်တဦးနဲ့ စတင်ရပါလိမ့်မယ်။ သူ့နာမည်က အိုင်းဇက် နယူတန်ပါ။

နယူတန်ဟာ သူ့ရဲ့ ဘိုးဘွားတွေ အစဉ်အဆက်နေထိုင်ခဲ့တဲ့ ရဲတိုက်အိမ်ကြီးမှာ ကြီးပြင်းခဲ့ရင်း လောကရဲ့ ဆန်းကြယ်ခမ်းနားမှုတွေ အကြောင်း တွေးတောနေခဲ့သူတဦး ဖြစ်ပါတယ်။ ကမ္ဘာမြေနဲ့ ဂြိုဟ်တွေဟာ နေကို ဘယ်လိုလှည့်ပတ်နေကြတယ် ဆိုတဲ့အကြောင်း ပုံသေနည်းနဲ့တကွ ဖော်ထုတ်နိုင်ခဲ့တဲ့ နယူတန်ဟာ အဲဒီနေက ဂြိုဟ်တွေကို ထိစပ်နေခြင်းမရှိဘဲ ဘာလို့များ အခုလိုမျိုး တည်ရှိနေစေ ရတာလဲလို့ သိရှိလိုစိတ် ပြင်းပြလာပြန်ပါတယ်။ ပန်းသီးတွေအနေနဲ့ မြေပြင်ပေါ်ကို ကျဆင်းရမယ်လို့များ ဘယ်လို သိရှိမှာပါလိမ့်။ အဲဒီလို တူညီတဲ့ လျို့ဝှက်ဆန်းကြယ်မှုကိုရှုထောင့် နောက်တမျိုးကနေ ဖော်ထုတ်နိုင်ခဲ့ သူကတော့ နောက်ထပ် ပါရမီရှင်တဦးပဲ ဖြစ်ပါတယ်။

ကလေးငယ်တဦးကို သူ့ရဲ့ ဖခင်ဖြစ်သူက သံလိုက်အိမ်မြှောင်ကိုထုတ်ပြပြီး "လူကလေး မြင်ရဲ့လား။ ဟောဒီ သံလိုက်အိမ်မြှောင်လေးဟာ ဘယ်ကိုပဲ ဦးတည်ရာ လှည့်ပေးပါစေ၊ မြောက်အရပ်ကိုပဲ ညွှန်ပြနေတယ် ကွဲ့။ တခုတော့ရှိတာပေါ့လေ။ ဟောဒီလိုသံလိုက်တုံးရဲ့ အနီးဝန်းကျင်ကို ရောက်ရှိသွားရင်တော့ သံလိုက်ရှိရာကိုပဲ ညွှန်ပြလို့နေတာပေါ့"လို့ ဆိုလိုက်ပါတယ်။ အဲဒီအခါမှာ ကလေးငယ်က "ဟင် အဲဒီ နှစ်ခုက မထိပဲနဲ့ကို အဲဒီလို ဆွဲငင်နေတာလား" လို့ ပြန်မေးရင်း ကစားစရာ တခုသဖွယ် ယူငင် ဆော့ကစား နေပါတော့တယ်။ အဲဒီကလေးငယ်ကတော့ နောင်တချိန်မှာ နာမည်ကျော် ရူပဗေဒ ပညာရှင်ကြီး ဖြစ်လာမယ့် အဲလ်ဘတ် အိုင်းစတိုင်းပါပဲ။ အဲဒီဖြစ်ရပ်ဟာ သူ့အတွက်တော့ နက်ရှိုင်းတဲ့ နားလည်မှုတမျိုးကို ဆောင်ကြဉ်းပေးခဲ့တယ်လို့ ဆိုပါတယ်။ အမြင် အရ ရိုးရှင်းလှတဲ့တချို့သော အရာတွေရဲ့ နောက်ကွယ်မှာ အင်မတန် ဆန်းကြယ် ခမ်းနားတဲ့ အခြင်းအရာတွေ ရှိနိုင်ကြောင်း သတိပေးနေသလို ရှိတယ်လို့ သူက ပြန်ပြောင်းပြောဆိုခဲ့ဖူးပါတယ်။

အိုင်းစတိုင်းနဲ့ နယူတန်တို့ရဲ့ သက်တမ်းနှစ်ခုအကြားမှာ သူတို့နည်းတူ ပါရမီထက်သန်လှသူတဦး ရှိခဲ့ဖူးပါတယ်။ နယူတန်ကို အကြံအိုက်၊ အကြပ်ရိုက် စေခဲ့တဲ့ ပြဿနာကို ပြေလည်အောင်ဖြေရှင်းပေးနိုင်ခဲ့သူ အဲဒီပုဂ္ဂိုလ်ဟာ အိုင်း စ တိုင်းရဲ့ ဆန်းသစ်လှတဲ့ အတွေးအမြင် သီအိုရီတွေအတွက်လည်း အခြေခံ အုတ်မြစ် ချပေးနိုင်ခဲ့သလို ဒီကနေ့ ကျွန်တော်တို့ရဲ့ ဘဝနေထိုင်ပုံတွေအတွက် လည်း လမ်းဖွင့်ပေးခဲ့သူပါပဲ။

၁၇၉၁ ခုနှစ်၊ လန်ဒန်မြို့ ရဲ့ စုတ်ပြတ်နုံချာလှတဲ့ ဆင်းရဲသားရပ်ကွက်တခု အတွင်းမှာ မိုက်ကယ် ဖာရာဒေး ကိုမွေးဖွားခဲ့ပါတယ်။ သူဟာ ကျောင်းပညာရေးနဲ့ ပတ်သက်ပြီးတော့လည်း ထွန်းပေါက်မယ့်ပုံ မပေါ်ခဲ့ပါဘူး။ မှတ်တမ်းတွေအရ ကျောင်းတက်ခဲ့တယ် ဆိုနိုင်ရုံလောက်ပဲရှိပေမယ့် ဆက်လက်ပညာသင်ယူ ခဲ့တဲ့ အထောက်အထားတွေကို ထပ်မတွေ့ ရတော့ပါဘူး။ ဖာရာဒေးဟာ သူ့ရဲ့ မိသားစု လိုပဲ ခရစ်ယာန် ဘာသာတရားအပေါ် အထူးယုံကြည်သက်ဝင်ခဲ့သူ ဖြစ်ပါတယ်။ ဘာသာတရားဟာ သူ့ရဲ့ ခွန်အားတွေ၊ စိတ်သက်သာရာရမှုတွေနဲ့ နှိမ့်ချခြင်းတွေရဲ့ မြစ်ဖျားခံရာလည်း ဖြစ်ခဲ့ပါတယ်။ အသက် ၁၃ နှစ်အရွယ်မှာတော့ စာအုပ်ချုပ်တဲ့ အလုပ်ကိုဝင်ရောက်ခဲ့ပါတယ်။ နေ့ခင်းဘက်မှာ အလုပ်လာအပ်တဲ့ စာအုပ်တွေကို ချုပ်လုပ်ပေးရပြီး ညဘက်မှာတော့ အဲဒီစာအုပ်တွေကို တအုပ်ပြီး တအုပ် ထိုင် ဖတ်ခဲ့ပါတယ်။ အဲဒီကနေပဲ ဘဝတလျှောက်လုံး စိတ်ပါဝင်စားခဲ့တဲ့ လျှပ်စစ် ပညာရပ်ကြောင်း စတင် ထိတွေ့ ခွင့်ရခဲ့ပါတယ်။



၁၇ ရာစု လန်ဒန်တော်ဝင်အသင်း

စာအုပ်ချုပ်လုပ်ငန်းမှာ နှစ်ပေါင်းများစွာ ဝင်ရောက် လုပ်ကိုင်ခဲ့ပြီးတဲ့နောက် အသက် ၂၁ နှစ်အရွယ် ဖာရာဒေးဟာ လောကထဲခရီးဆန့်ဖို့ စိတ်အားပြင်းပြလာခဲ့ပါတယ်။ အကြောင်းတိုက်ဆိုင်စွာပဲ ဆိုပါစို့၊ အများပြည်သူအတွက် ဖျော်ဖြေမှု ဆိုင်ရာ လောကဓာတ်သိပ္ပံပညာ ဆိုတဲ့ တင်ဆက်ပြသမှု ဝင်ခွင့်လက်မှတ် တစောင် ကို အကြောင်းသိ စာအုပ်အပ် ဖောက်သည်တဦးက မေတ္တာလက်ဆောင် ပေးသွားခဲ့ ပါတယ်။ အရာအားလုံး စတင်ခဲ့တဲ့နေရာ ကတော့ နာမည်ကျော် လန်ဒန်တော်ဝင် အသင်းမှာပဲ ဖြစ်ပါတယ်။ ဟမ်ဖရီဒေဗီ[180] ဟာ အဲဒီခေတ်ကာလ ရဲ့ ထိပ်တန်း လောကဓာတ်သိပ္ပံပညာရှင် ဖြစ်ရုံတင်မက ကယ်လ်ဆီယမ်နဲ့ ဆိုဒီယမ် ဒြပ်စင် တွေ အပါအဝင် ဓာတုဒြပ်စင် အများအပြားကို ရှာဖွေတွေ့ ရှိခဲ့သူလည်း ဖြစ်ပါတယ်။ ဒါတင်မက ပြောင်မြောက်လှတဲ့ ဖျော်ဖြေတင်ဆက်သူလည်း ဖြစ်ပြန်ပါ တယ်။ အဲဒီခေတ်တုန်းက လျှပ်စစ်နဲ့ ပတ်သက်တဲ့ အပျော်တမ်း တင်ဆက်မှုတွေ ဟာ အများပြည်သူကို အကြီးအကျယ် ဆွဲဆောင်နိုင်ခဲ့တာပါ။

သူ့ရဲ့ တင်ဆက်မှုတွေမှာ ဖာရာဒေးတယောက် မှတ်စုတွေလိုက်လံရေးသားနေခဲ့ပြီး လက်ခုပ်တီးဖို့တောင် သတိမရဖြစ်ခဲ့ရပါတယ်။ ဖာရာဒေးဟာ ဒေဗီရဲ့ ပို့ချမှုတွေကို တတ်စွမ်းသမျှ မှတ်တမ်းတင်ထားခဲ့ပါတယ်။ သူ့ရဲ့ စာအုပ်ချုပ် လုပ်ငန်းတုန်းက တတ်မြောက်ထားတဲ့အတတ်ပညာနဲ့ အဲဒီစာအုပ်ကိုပြုစုခဲ့တယ် လို့လည်း ဆိုနိုင်ပါတယ်။ အဲဒီကနေ ဒေဗီထံကို စာအုပ်အဖြစ်လက်ဆောင်ပေး လိုက်တဲ့နောက် နာမည်ကျော်ပညာရှင်ကြီးတဦးရဲ့ သတိပြုမိခြင်း ကိုရရှိခဲ့ပါတော့တယ်။ အဲဒီ အပြုအမူလေးကပဲ ပိုမိုခမ်းနားလှတဲ့စကြဝဠာဆီ ကိုခြေဆန့်ခွင့်ရနိုင် အောင် လမ်းဖွင့်ပေးခဲ့ဟန် တူပါရဲ့။ နည်းနည်းတော့ အလှမ်းကျယ်တယ်လို့ ထင်ရမှာပေါ့လေ။ ဒါပေမယ့် အဲဒီကနေတစုံတရာ ပြန်လည် ကြားသိခွင့်ရဖို့တော့ ဖာရာဒေးက မျှော်လင့်ထားခဲ့ပါတယ်။ အမှန်တကယ်လည်း အဲဒီလို အကြောင်း ပြန်လာခဲ့ပါတယ်။

ကမ္ဘာကျော် လောကဓာတ်သိပ္ပံပညာရှင် ဟမ်ဖရီ ဒေဗီ တယောက် ဓာတု စမ်းသပ်ချက်တရပ်မှာ ပေါက်ကွဲမှု ဖြစ်ပွားပြီး မျက်လုံးဒဏ်ရာရခဲ့တဲ့နောက် သူ ပထမဦးဆုံး သတိရတဲ့သူက မိုက်ကယ် ဖာရာဒေးပါပဲ။ သူ့ရဲ့ ပို့ချမှုတွေကို လိုက်လံရေးသားမှတ်တမ်းတင်ပြီး စာအုပ်စာတမ်းအဖြစ် တကူးတက အချိန်ယူ၊ ဖန်တီးပေးခဲ့သူပေါ့။ အဲဒီနောက်မှာတော့ ဒေဗီက ဖာရာဒေးကို သူ့ရဲ့ လက် ထောက်အဖြစ် ယာယီခန့်ထားလိုက်ပါတယ်။ ဖာရာဒေးကလည်း လောကဓာတ် သိပ္ပံပညာရပ်နဲ့ ပတ်သက်ပြီး အရူးအမူးဖြစ်နေသူ ဆိုတော့ အချိုရှာ၊ သကာတွေ့ ဆိုသလိုပေါ့။ ကနဦးမှာ ဒေဗီကဖာရာဒေးကိုပို့ချမှုတွေ မှတ်တမ်းတင်ဖို့လောက်ပဲ စဉ်းစားခဲ့ပေမယ့် လောကဓာတ်သိပ္ပံပညာရပ်မှာ အထူး စိတ်ဝင်စားသူ ဖာရာဒေး ရဲ့ အလိုကို ဖြည့်ဆည်းပေးခဲ့ရဟန် တူပါတယ်။ အကျိုးအမြတ်အတွက် တစုံတရာ ဆောင်ရွက်တာဟာ တကိုယ်ကောင်းဆန်ပြီး အများအကျိုးအတွက် လောကဓာတ်သိပ္ပံပညာရပ်တွေကို လေ့လာတာက မွန်မြတ်တယ်လို့ ဖာရာဒေး ကိုယ်တိုင်က လည်း ခံယူထားခဲ့တာကိုး။

အဲဒီနောက်မှာတော့ ဖာရာဒေးဟာ ဒေဗီအတွက် မရှိမဖြစ် အရေးပါသူတဦး ဖြစ်လာပါတော့တယ်။ အစပိုင်းတုန်းက ယာယီသဘောမျိုး ခန့်အပ်ထားခဲ့တဲ့ ဖာ ရာဒေးရဲ့ အတွင်းရေးမှူးအလုပ်မှာလည်း အမြဲတမ်း ခန့်ထားသူ ဖြစ်လာခဲ့ပါ တယ်။ အဲဒါတင်မက လန်ဒန်တော်ဝင်အသင်းဟာလည်း သူ့ရဲ့ စားအိမ်သောက် အိမ်လိုတောင် ဖြစ်လာပါတော့တယ်။ နေ့ခင်းဘက်မှာ ဒေဗီရဲ့ ဓာတ်ခွဲခန်းထဲ လိုအပ်တာ အကူအညီပေးပြီး ညပိုင်းမှာတော့ သူနေထိုင်တဲ့ အပေါ်ထပ် ထပ်ခိုး လေးဆီ တက်ရောက် အနားယူပါတယ်။ အဲဒီ ထပ်ခိုးလေးမှာ သူနဲ့အတူ ချစ်ဇနီး ဆာရာလည်းနေထိုင်ပြီး ဘေးနားမှာလည်း သူ့ကိုယ်ပိုင် ဓာတ်ခွဲခန်းလေးနဲ့ပေါ့။

အဲဒီတုန်းက ဟမ်ဖရီ ဒေဗီနဲ့ တခြား ဓာတုဗေဒ ပညာရှင် ဝီလျံ ဝေါလက်စ် တန်[181] တို့နှစ်ယောက် အတော့်ကို ခေါင်းခြောက်ရတဲ့ပြဿနာတရပ်ကို အဖြေ ထုတ်နိုင်ဖို့ ကြိုးစားနေခဲ့ကြတဲ့ အချိန်လည်း ဖြစ်ပါတယ်။ လျှပ်စစ်ဟာ သံလိုက်နဲ့ ဘယ်လိုများ ဆက်စပ်မှုရှိတာပါလိမ့်လို့ သူတို့ အပြင်းအထန် ခေါင်းချင်းဆိုင်နေခဲ့ ကြတာပေါ့။ လျှပ်စစ် စီးဆင်းလိုက်စေတဲ့အခါ ဘာလို့များ အိမ်မြှောင်လက်တံက အဲဒီ လားရာဘက်ကို ညွှန်ပြနေခဲ့တာပါလိမ့်။ ဝေါလက်စ်တန်ကတော့ လျှပ်စစ် စီး

ဆင်းသွားတဲ့အခါ စီးဆင်းခံ ဝါယာကြိုးခွေဟာ သံလိုက်အဖြစ် တနည်းတဖုံ ပြောင်းလဲသွားတာကြောင့်လို့ ယူဆပါတယ်။ ဒါပေမယ့် လျှပ်စစ်နဲ့ သံလိုက် ဘယ်နည်းဘယ်ပုံ ဆက်စပ်မှုရှိတယ်ဆိုတာကိုတော့ သူတို့ အဖြေထုတ်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဒေဗီကလည်း လျှပ်စစ်စီးဆင်းပြီး သံလိုက်ဓာတ်ကြောင့် လည်ထွက် သွားတဲ့ အိမ်မြှောင် လက်တံလေးကို သုံးသပ်ရင်းလုပ်ငန်းခွင်သုံးကိရိယာ တခုခု အဖြစ် တီထွင်နိုင်လိုက်ရင် ဘယ်လောက်များ အသုံးတည့်လိုက်မလဲလို့ အနာဂတ်ကို မျှော်တွေးမိဟန် တူပါတယ်။ ဒါပေမယ့် အဲဒီကနေ ရှေ့ဆက်မတိုးအောင် ဖြစ်နေခဲ့ရတာတော့ ဘယ်လိုမှ မတတ်နိုင်ပါဘူး။ မတတ်သာလို့ လက်လျှော့လိုက်ရတဲ့ အဆုံး ဒေဗီက “ဖာရာဒေးရေ၊ မင်းလုပ်စရာတွေ ပြီးသွားတဲ့အခါ ဟောဒီ လျှပ်စစ်သံလိုက်ဓာတ်ကနေ တစုံတရာ အသုံးတည့်မယ့်ဟာများ ရှာတွေ့လို့ တွေ့ငြားစမ်းသပ်ကြည့်စမ်းပါကွယ်” လို့ အပြောင်အပြက် သဘောနဲ့ ကျီစယ်သွား ခဲ့ပါသတဲ့။

တကယ်တော့ ဒေဗီက အပြောင်အပြက်သဘော ကျီစယ်ခဲ့တာ မှန်ပေမယ့် ဖာရာဒေးအဖို့တော့ တကယ့်ကို မဟာအခွင့်အရေးကြီးပဲလေ။ အဲဒီအချိန်အထိ လျှပ်စစ်ဓာတ်ဆိုတာဟာ အင်္ဂလိပ် အထက်တန်းလွှာ လူတန်းစားတွေအတွက် ဖျော်ဖြေရေးသက်သက် ကစားစရာအဆင့်ထက် မပိုခဲ့ပါဘူး။ လျှပ်စစ်ဓာတ်နဲ့ မီးတွေဖြတ်ခနဲလုပ်ပြတာ၊ အိမ်မြှောင်လက်တံကို ဟိုသည်လှည့်ပြတာ အဲဒါတွေလောက်ပဲလုပ်ပြနိုင်ခဲ့ပြီး လက်တွေ့ အသုံးတဲ့မယ့် အရာမျိုး ဘာမှ မစွမ်းဆောင်ပြနိုင်သေးဘူးကိုး။ အဲဒီလို အခြေအနေမှာ လျှပ်စစ်သံလိုက်အကြောင်းကို နဂိုတည်းက စိတ်ပါဝင်စားနေခဲ့သူလည်းဖြစ်၊ လောကဓာတ် သိပ္ပံပညာရပ်အပေါ် အရူးအမူး စွဲလမ်းသူလည်း ဖြစ်တဲ့ဖာရာဒေးဟာ သူ့ရဲ့ အားလပ်ချိန် မှန်သမျှကို လျှပ်စစ်သံလိုက်ဆိုင်ရာ သုတေသန ဓာတ်ခွဲခန်းထဲ နှစ်မြှုပ်ထားလိုက်ပါတော့တယ်။ တကယ်လို့ ဖာရာဒေးသာ အောင်မြင်ထွန်းပေါက်အောင် စွမ်းဆောင်နိုင် ခဲ့ပြီဆိုရင် မျက်စိနဲ့ မမြင်ရတဲ့ အီလက်ထရွန် တပ်မဟာကြီးကို လူသားတွေရဲ့ အလိုရှိရာ စေခိုင်းနိုင်ဖို့ ဖန်တီးယူနိုင်ခဲ့ပြီလို့ ဆိုရပါလိမ့်မယ်။ အဲဒီလို အသိပညာ ဆိုင်ရာ တော်လှန်ပြောင်းလဲမှုကြီး ဘယ်လိုများ စတင်ခဲ့တာပါလိမ့်။

တကယ်တမ်းဆိုရရင် ဘာမှထူးဆန်းထွေလာကိရိယာ၊ အသုံးအဆောင်တွေ မပါဝင်ပဲနဲ့တောင် ခမ်းနားတဲ့ တီထွင်ဖန်တီးမှုမျိုးတွေ ဆောင်ရွက်နိုင်ခဲ့တယ်လို့ ဆိုရမှာပါပဲ။ ဖာရာဒေးလိုအပ်ခဲ့တာက သတ္တုချောင်းတချောင်း၊ ပြဒါးရည်တခွက်၊ ဖော့ဆိုတခုပဲ ဖြစ်ပါတယ်။ ပြဒါးရည်ခွက်ထဲကို အလယ်ခေါင်မှာ သတ္တုချောင်းလေး စိုက်ထားပြီး လျှပ်စစ်စီးဆင်းလိုက်စေတဲ့အခါ သတ္တုချောင်းဟာ ပြဒါးရည်ခွက်ထဲမှာ စက်ဝိုင်းသဏ္ဍာန်လှည့်ပတ်လို့နေပါတော့တယ်။ ဖာရာဒေးတယောက် အကြီးအကျယ် ပျော်မြူးသွားခဲ့တာပေါ့။ အဲဒီ ပြဒါးရည်၊ သတ္တုချောင်းနဲ့ ဖော့ဆို့တို့ဟာ ကမ္ဘာပေါ်မှာ ပထမဦးဆုံးသော မော်တာစက်ပါပဲ။ လျှပ်စစ်စီးဆင်းမှုကို စက်မှုဆိုင်ရာ ရွေ့လျားမှုအဖြစ် အရင်ဦးဆုံး ပြောင်းလဲနိုင်ခဲ့ခြင်း ဆိုပါတော့။ ရုတ်တရက် ကြည့်လိုက်ရင်တော့ ဘာမှ မဟုတ်သလိုပါပဲ။ ပြဒါးရည်ခွက်ထဲမှာ သတ္တုလက်တံလေး လည်နေတာပဲကိုး။ ဒါပေမယ့် အဲဒီလို လည်ပတ်နေတဲ့ သတ္တုလက်တံလေးကပဲ စက်မှုတော်လှန်ရေးကြီးကို စတင်စေခဲ့ပြီး လူ့အဖွဲ့ အစည်းကြီးတရပ်လုံးကို ပြောင်းလဲသွားစေခဲ့ပါတော့တယ်။ အဲဒီ တော်လှန် ပြောင်းလဲမှုရဲ့ ရိုက်ခတ်သံဟာ ရှိရှိသမျှ မီးပေါက်သေနတ်တွေနဲ့ အမြောက်ဆံ၊ ဗုံးဆံတွေထက်တောင် ပွဲတင်သံတွေ ပြင်းထန်စေခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

လန်ဒန်တော်ဝင် အသင်းရှိ ဖာရာဒေး ပြတိုက်တွင် ပြသထားသော ပထမဦးဆုံး လျှပ်စစ်မော်တာ

ကမ္ဘာပေါ်က စက်ရုံအလုပ်ရုံတွေ၊ လုပ်ငန်းကြီးငယ်တွေ၊ စက်မှုနည်းပညာတွေ အားလုံးတို့ရဲ့ မူလအစဟာ မိုက်ကယ် ဖာရာဒေးရဲ့ သုတေသန ဓာတ်ခွဲ ခန်းလေးထဲက ပြဒါးရည်ခွက်လေးအတွင်း လည်ပတ်နေတဲ့ သတ္တုလက်တံလေး ပါပဲ။ ဖာရာဒေးရဲ့ တီထွင်ဆန်းသစ်မှုဟာ တောမီးလိုမျိုး တမဟုတ်ချင်း ပျံ့နှံ့သွားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နာမည်ကျော် သိပ္ပံပညာရှင်ကြီး ဒေဗီ ရဲ့ လက်ထောက်ဟာ လန်ဒန် တမြို့လုံးရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေပါတော့တယ်။ ဒေဗီကတော့ အဲဒီဖြစ်ရပ်အပေါ်ဘယ်လိုမှ လက်မခံနိုင်အောင်ပါပဲ။ ဒေဗီဟာ ဓာတုဒြပ်စင်တွေ အများအပြားကို ရှာဖွေ၊ ဖော်ထုတ်နိုင်ခဲ့သူအဖြစ် နာမည်ရခဲ့ တာတော့ မှန်ပါရဲ့။ အခုအခါမှာတော့ သူ့ရဲ့ အခမ်းနားဆုံး ရှာဖွေ၊ ဖော်ထုတ်မှုဟာ မိုက်ကယ် ဖာရာဒေးဖြစ်ကြောင်း လူတွေက ပြောနေကြပြီလေ။

အဲဒီတော့နောက်ထပ်မကြာခင် အချိန်အတောအတွင်း ဖာရာဒေးတယောက် သတင်းခေါင်းကြီး ပိုင်းကနေ ထပ်မံ ဖော်ပြခြင်း မခံရစေဖို့ ဒေဗီ က စီမံပါတော့ တယ်။ အဲဒါကတော့ မျက်မှန်ပြုလုပ်တဲ့ ဖန်ရဲ့ အရည်အသွေးနဲ့ ပတ်သက်ပြီး တိုးတက်မှု ရှိစေဖို့ မိုက်ကယ် ဖာရာဒေးကို တာဝန်ပေးလိုက်တာပါပဲ။ တကယ်တော့ ဖန်ချက်လုပ်ငန်းနဲ့ ပတ်သက်ပြီး ဖာရာဒေးက နားကန်းတလုံးမှ မသိထားပါဘူး။ "သင်လွယ်တတ်လွယ်သူ ပဲကွယ်။ ဖန်ချက်တဲ့ ဓာတုဓာတ်ပေါင်းတွေကို လေ့လာဆန်းစစ်ပြီး ကမ္ဘာ့ထိပ်တန်း နေရာယူထားတဲ့ ဘာဗေးရီးယန်းတွေရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်ကြည့်စမ်း"လို့ ညွှန်ကြားလိုက်မယ်နဲ့ တူပါရဲ့။

ဖာရာဒေးအဖို့တော့ ၄ နှစ်ဝန်းကျင်လောက် အချိန်ယူ လေ့လာခဲ့ရပေမယ့် ဘယ်လို တိုးတက်မှု မှလည်း မပေါ်ထွက်ခဲ့ပါဘူး။ သူ့အနေနဲ့ ဘယ်လိုပဲ ကြိုးစားအားထုတ်ခဲ့ပါစေ၊ ဖန်ချက်လုပ်ငန်းနဲ့ ပတ်သက်လို့ ဖာရာဒေး တယောက် ဘယ်လိုမှ ရှေ့မဆက်နိုင်အောင် ရှိခဲ့ရပြီး ဂျိုးဆက် ဖရောင်းဟော်ဖာ ရဲ့ လျှို့ဝှက်ချက်တွေအကြောင်း ခေါင်းစားနေခဲ့ရပါတယ်။ ဖာရာဒေးတယောက် စဉ်းစားမရအောင် ဖြစ်ခဲ့ရတာက တယ်လီစကုပ်မှာ အသုံးပြုတဲ့ မှန်အမျိုးအစားကို ရရှိဖို့ ဆိုတာ လောကဓာတ် သိပ္ပံပညာရပ်ဆိုင်ရာ တီထွင်ဖန်တီးမှုလိုပဲ စနစ်တကျ လေ့လာ ရတယ် ဆိုတာပါပဲ။ ဘာဗေးရီးယားက နာမည်ကျော် ဖန်ချက်ပညာရှင် တွေက

လည်း သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို လုံခြုံစွာပဲ သိမ်းဆည်းထားနိုင်ခဲ့ကြ ပါတယ်။ ဖာရေးဒေးအနေနဲ့လည်း အဲဒီ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်စွမ်း မရှိခဲ့ပါဘူး။ သူ့ရဲ့ ကျဆုံးမှုအဖြစ် ဖန်တုံးတတုံးကိုပဲ အမှတ်တရ သိမ်းဆည်းထားခဲ့ပါတယ်။ နောင်နှစ်ပေါင်း အနည်းငယ် ကုန်လွန်သွားပြီး နောက်မှာတော့ သူ့ ဘဝကို အကြီးအကျယ် ပြောင်းလဲစေမယ့် အခြင်းအရာတွေ စတင်လာပါတော့ တယ်။ သူ့ ဘဝတင် မဟုတ်ပါဘူး၊ ကျွန်တော်တို့၊ ခင်ဗျားတို့ရဲ့ ဘဝတွေ အားလုံး ဆိုပါတော့။

သူ့ရဲ့ ဆရာဖြစ်သူ ဒေဗီ ဆုံးပါးသွားတဲ့နောက် ဖာရာဒေးရဲ့ အကျိုးကျေးဇူး မဖြစ်ထွန်းလှတဲ့ ဖန်ချက် စီမံကိန်းလည်း အဆုံးသတ်သွားခဲ့ပါတယ်။ အဲဒီနောက် မှာတော့ လန်ဒန်ဆင်းရဲသား ရပ်ကွက်မှာ မွေးဖွားလာခဲ့သူ ဖာရာဒေးဟာ ဒေဗီရဲ့ အရိုက်အရာကို ဆက်ခံပြီး သုတေသန ဓာတ်ခွဲခန်းရဲ့ အကြီးအမှူး အဖြစ် ဆက်လက် တာဝန်ယူလိုက်ပါတယ်။ ဖာရာဒေးဟာ သူ့ရဲ့ ရာထူးအာဏာကို အသုံးပြုပြီး ဘယ်တုန်းကမှ မရှိဖူးခဲ့တဲ့ အစီအစဉ် တရပ်ကိုလည်း စတင်ပေးခဲ့ပါ တယ်။ အဲဒါကတော့ ခရစ္စမတ် အားလပ်ရက်တွေအတွင်း ကလေးငယ်တွေကို လောကဓာတ်သိပ္ပံဆိုင်ရာ ပညာရပ်တွေအကြောင်း အရိုးရှင်းဆုံး သင်ကြားပို့ချ ပေးတဲ့ အစီအစဉ်ဖြစ်ပြီး ၁၈၂၅ ခုနှစ်ကနေ ဒီကနေ့ထိတိုင် ဆက်လက် ပို့ချနေဆဲ ဖြစ်ပါတယ်။ ပထမဦးဆုံး ပို့ချမှုကိုတော့ သူကိုယ်တိုင်ပဲ တင်ဆက် ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်ကို အသုံးပြုပြီး အမျိုးမျိုးသော လုပ်ငန်းဆောင်တာတွေကို လုပ်ကိုင် နိုင်တဲ့အကြောင်း သရုပ်ပြခဲ့တာလို့ ဆိုပါတယ်။



၁၈၅၆ ခုနှစ်တွင် မိုက်ကယ် ဖာရာဒေး ခရစ်စမတ် သင်ခန်းစာ ပို့ချနေဟန်

လျှပ်စစ်မော်တာကို တီထွင်နိုင်ခဲ့ခြင်းဟာ လူသားတွေတနေကုန်၊တနေခမ်း လုပ်ကိုင်ရမယ့် လုပ်ငန်းဆောင်တာတွေကို ခဏချင်းပဲ ပြီးမြောက်စေခဲ့သလို စည်းစိမ်ချမ်းသာတွေကိုလည်း ပေါများကြွယ်ဝ လာစေခဲ့ပါတယ်။ အဲဒီထက်ပိုပြီး ပြောရရင် သမိုင်းပြဋ္ဌာန်းစာတွေမှာပါ မိမိရဲ့ နာမည်ကို ထည့်သွင်း စေတဲ့အထိ လို့ ဆိုရမှာပါပဲ။ မိုက်ကယ် ဖာရာဒေးကတော့ အဲဒီလို ယူဆဟန် မတူပါဘူး။ သူဟာ သူ့ရဲ့ တီထွင်ဖန်တီးမှုတွေကိုလည်း မူပိုင်လျှောက်ထားတာမျိုး စိတ်မကူးခဲ့သလို အဲဒီကနေ အကျိုးအမြတ် တခုခု ရရှိပါစေလို့လည်း သဘောထားခြင်း မရှိခဲ့ပါဘူး။ သမိုင်းစာမျက်နှာတွေနဲ့ ပတ်သက်ရင်တော့ အင်မတန် ထူထည်းလှတဲ့ သမိုင်း မှတ်တမ်းတွေကို စတင် ရေးသားနိုင်ဖို့အတွက် ပထမဦးဆုံး စာမျက်နှာကို ရေးခြစ် ပေးခဲ့တယ်လို့ပဲ ဆိုရပါလိမ့်မယ်။

သူ့ရဲ့ နောက်ထပ်တီထွင်ဆန်းသစ်မှုကတော့ သံလိုက်ကို ဝိုင်ယာကြိုးခွေထဲ ဖြတ်သန်းစေခြင်းနည်းနဲ့ လျှပ်စစ်ဓာတ် ထုတ်လုပ်ပြတာပါပဲ။ ဒါဟာ ကမ္ဘာ့ပထမ ဦးဆုံးသော လျှပ်စစ်ဓာတ်အားပေးစက်လည်း ဖြစ်ပြန်ပါတယ်။ အဲဒီအချိန်က စတင်ပြီး လျှပ်စစ်မီးကို အလိုရှိရာ သုံးစွဲနိုင်စေဖို့ အခွင့်ရလာစေခဲ့ပါတယ်။ ဖာရာ ဒေး ဟာလူသားတွေရဲ့ လူနေမှုဘဝကို တိုးတက်ပြောင်းလဲစေဖို့ မနားမနေ ကြိုးစား အားထုတ် ခဲ့ရှာပါတယ်။ ဒါပေမယ့် ကံအကြောင်းမလှစွာပဲ ဆိုပါစို့၊ သူ့ရဲ့ တုနှိုင်း စံမမီလောက်တဲ့ တီထွင်ဆန်းသစ်စိတ်နဲ့ ဉာဏ်ပညာတို့ကို ရောဂါဖိစီးလာ ခဲ့ပါ တော့တယ်။ မှတ်ဉာဏ်တွေ ယိုယွင်းပျက်စီးလာတာ ဖြစ်ပါတယ်။ ဖာရာဒေး ဟာ အသက် ၄၉ နှစ်အရွယ်မှာ မှတ်ဉာဏ် ပျက်စီးမှု ရောဂါနဲ့ စိတ်ကျဝေဒနာတို့ ကို အကြီးအကျယ် ခံစားရပါတယ်။ အဲဒီနောက်တော့ သူ့ရဲ့ လောကဓာတ်သိပ္ပံ ပညာရပ်ဆိုင်ရာ တီထွင်ဆန်းသစ်မှုတွေလည်း ခဏတာရပ်တန့်သွားခဲ့ရပါတယ်။ အဲဒီ ရောဂါဒဏ်တွေကနေ နာလံပြန်မထူနိုင်တော့ဘူး ဆိုပေမယ့် သူ့ရဲ့ အခမ်းနား ဆုံး တီထွင်ဆန်းသစ်မှုတွေက ဆုံးခန်းမတိုင်သေးပါဘူး။



တိုကျို အမျိုးသားသဘာဝသိပ္ပံ ပြတိုက် တွင် ပြသထားသော ဖာရာဒေး လျှပ်စစ်ဂျင်နေရတာ

ဖာရာဒေးဟာ လျှပ်စစ်နဲ့ သံလိုက်အကြောင်း အရှုးအမူး စွဲလမ်းခဲ့သူ ဖြစ်တဲ့ အတိုင်း သုတေသနတွေကို ဆက်လက် ဆောင်ရွက်ရာမှာ သံလိုက်တုံးရဲ့ အနီး ဝန်းကျင်က စက်ကွင်းကို သတိပြုမိ လာခဲ့ပါတယ်။ မျက်စိနဲ့မမြင်ရနိုင်တဲ့ တွန်းကန် အား၊ ဆွဲငင်အားတွေနဲ့ တည်ဆောက်ထားတဲ့ စက်ကွင်း ဆိုပါတော့။ သံလိုက် ဆိုတာက ကျွန်တော်တို့ မြင်တွေ့နေရတဲ့ သံတုံးကို လျှပ်စစ်စီးဆင်းစေ ပြီး သံလိုက်ဓာတ် အဖြစ် ပြောင်းလဲပေးလိုက်တာထက် အများကြီး ပိုပါတယ်။ အဲဒီ သံလိုက်ရဲ့ ဝင်ရိုးစွန်းတွေအကြား ဆွဲငင်တာ၊ တွန်းကန်တာတွေက အင်မတန် အခရာကျလှပါတယ်။ အဲဒါကိုပဲ စက်ကွင်းလို့ခေါ်တာ ဖြစ်ပါတယ်။ သံလိုက်စက် ကွင်း ဆိုပါတော့။

သဘာဝတရားရဲ့ ဟန်ချက်ညီမှုဆိုတာကို ဖာရာဒေးက အင်မတန်ယုံကြည် သက်ဝင်ခဲ့ဟန် တူပါတယ်။ လျှပ်စစ်ဓာတ်နဲ့ သံလိုက်တို့အကြား ဆက်စပ်မှုကို ရှာဖွေတွေ့ ရှိခဲ့ပြီး နောက်ထပ် ဘယ်လို အရာနဲ့များ ဆက်စပ်နေသေးသလဲလို့ သူ ကတွေးတောကြည့်ပါတယ်။ သူစဉ်းစားမိတာက အလင်းနဲ့များ ဆက်နွယ်နေ သလားလို့ပါ။ တကယ်လို့သာ သာမန်မျက်စိနဲ့ တွေ့မြင်နိုင်ခြင်း မရှိတဲ့ သဘာဝရဲ့ အင်အားစုကြီး ၃ ခုကို ဆက်နွယ်ပတ်သက်ကြောင်း ထုတ်ဖော်နိုင်ခဲ့ပြီဆိုရင် တက

ယ့်ကို ခမ်းနားလှတဲ့ ရှာဖွေတွေ့ ရှိမှုကြီး ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ သူ့ရဲ့ အဆိုကြမ်း၊ အနုမာနကို သက်သေထူဖို့အတွက် သုတေသန ဆက်လက်ဆောင် ရွက်ပြန်ပါတယ်။

အလင်းဟာ လှိုင်းအဖြစ်နဲ့ ရွေ့လျားမှန်း ဖာရာဒေးက သိထားခဲ့ပြီးသားပါ။ အလင်းလှိုင်းတွေဟာ လားရာအနံ့ကို တုန်ခါဖြတ်သန်းသွားကြပါတယ်။ ဒါပေမယ့် အလင်းလှိုင်း တခုတည်းကို သီးသန့်ခွဲထုတ်နိုင်တဲ့ နည်းလမ်းတမျိုး ရှိပါတယ်။ အဲ ဒါကို ပိုလာရိုင်ဇေးရှင်း [182] လို့ခေါ်ပါတယ်။ ကြေးမုံပြင်လို အလင်းပြန် တဲ့ မျက်နှာပြင်ကို အလင်းရိုက်ခတ်တဲ့အခါ အလင်းရဲ့ ဖြာထွက်နိုင်မှုကို ထိန်း ချုပ်ပြီး ဖြစ်သွားပါတယ်။ အဲဒီလို အလင်းတန်းတခုတည်းကို လိုရာထိန်းကျောင်းပြီး မမြင် ရတဲ့ သံလိုက်စက်ကွင်းထဲဆီ ဖြတ်သန်းစေလိုက်ရင် ဘာများ ဖြစ်မှာပါ လိမ့်လို့ ဖာ ရာဒေးက စူးစမ်းကြည့်ခဲ့ပါတယ်။ အဲဒီအလင်းကို ခြစ်ညည်းရိုးခတ် သလိုမျိုး သလင်း ကျောက်ပြားနဲ့ ဖမ်းယူကြည့်ရှုလိုက်ပါတယ်။ သံလိုက်စက်ကွင်း ထဲကနေ ဖြတ်သန်းလာတဲ့ အလင်းတွေကိုပဲ မြင်ရမှာ ဖြစ်ပါတယ်။ ကြေးမုံပြင်ရဲ့ ရှေ့မှာ ဖန်မီးအိမ်ကိုချထားလိုက်ပါတယ်။ သူ့ရဲ့ မြင်ကွင်းက သလင်းကျောက်ပြား ပေါ်ကို လာရောက်ထင်ဟပ်မှာက သံလိုက်စက်ကွင်းကိုဖြတ်သန်းလာတဲ့ အလင်းကနေ သယ်ဆောင်လာမယ့် ပုံရိပ်တွေ ဖြစ်ပါတယ်။ နည်းနည်း နားရှုပ်သွားလား မသိ ဘူး။ မစိုးရိမ်ပါနဲ့။ အဲဒီ ဖြစ်စဉ်ကို လူတွေနားလည် သဘောပေါက်အောင် ဖွင့်ဆို ရှင်းပြနိုင်ဖို့ သိပ္ပံပညာရှင်တွေတောင် နောက်ထပ် နှစ်ပေါင်း ၁၀၀ လောက် အချိန် ယူခဲ့ရတာပါ။ လေထုကို ဖြတ်သန်းလာတဲ့ အလင်းတန်းအပေါ်မှာ သံလိုက် စက်ကွင်းအနေနဲ့ ဘယ်လို သက်ရောက်မှုမှ မရှိမှန်း ဖာရာဒေးက သိပါတယ်။ ဒါ ပေမယ့် တခြား အရာဝတ္ထုတွေကို ဖြတ်သန်းလာတဲ့ အလင်းတန်း ဆိုရင်ရော ဘယ်လိုများနေမှာပါလိမ့်။ သံလိုက်စက်ကွင်းကို ဖြတ်သန်းပြီး အလင်းတန်းကို ရွေ့လျားနိုင်စေဖို့အတွက် ဘယ်လို အရာဝတ္ထုနဲ့များ စမ်းသပ်ရမှာပါလိမ့်။

အဲဒီလို အလင်းတန်းကို ဖြတ်သန်းကြည့်စေဖို့အတွက် အလင်းပိတ် မဟုတ် တဲ့ဓာတုပစ္စည်းတွေ၊ အရာဝတ္ထုတွေရာနဲ့ချီပြီး သူက စမ်းသပ်ကြည့်ပြန်ပါ တယ်။ ဒါပေမယ့် သလင်းကျောက်ပြားပေါ်မှာ ဘာမှ ထင်ဟပ်မလာခဲ့ပါဘူး။ အလင်းတန်းဟာ သံလိုက်စက်ကွင်းရဲ့ သက်ရောက်မှုကို ဘာမှ ခံစားရပုံမပေါ်ပါ

ဘူး။ အဲဒီနောက် ကယ်လ်ဆိုဒ်တို့၊ ဆိုဒီယမ် ကာဗွန်နိုတ်တို့၊ ကယ်လ်ဆီယမ် ဆာလ်ဖိတ်တို့နဲ့ စမ်းသပ် ကြည့်ပါသေးတယ်။ ဒါပေမယ့် ရလဒ်ကတော့ ထိုနည်းလည်းကောင်းပါပဲ။ ဘာမှ မမြင်ရပါဘူး။ အဲဒီနောက် ဆာလ်ဖြူရစ်အက်ဆစ်၊ မြူရီရက်တစ်အက်ဆစ်၊ ကာဗွန်နစ်အက်ဆစ်တွေနဲ့လည်း ထပ်မံ စမ်းသပ်ကြည့် ပြန်ပါတယ်။ ဘာမှ ထူးခြားမလာတဲ့အခါ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ ဟိုက်ဒရိုဂျင်စတဲ့ဓာတ်ငွေ့ တွေနဲ့လည်း စမ်းသပ်ကြည့်ပါသေးတယ်။ အောင်မြင်မှုတော့ မရရှိခဲ့ပါဘူး။ သံလိုက်စက်ကွင်းဟာ အဲဒီ အရာဝတ္ထုတွေကို ဖြတ်သန်းပြီး အလင်းတန်းအပေါ်ဘာမှ သက်ရောက်မှုမရှိခဲ့ပါဘူး။ နောက်ဆုံးမှာ စိတ်ပင်ပန်း ဆင်းရဲစွာနဲ့ပဲ သူ အမှတ်တရ သိမ်းဆည်းထားခဲ့တဲ့ ဖန်တုံးလေးကို ဖြတ်သန်း ကြည့်စေ လိုက်ပါတယ်။ ဒေဗီဆီမှာ အလုပ်ဝင်တုန်းက အမှတ်တရ သိမ်းဆည်း ထားခဲ့တဲ့ဖန်တုံးလေးပါ။ အဲဒီအခါမှာတော့ သံလိုက်ဓာတ်အားဟာ အလင်းတန်းကို ဖန်တုံးထဲ ဖြတ်သန်းစေနိုင်ခဲ့မှန်း သူ တွေ့ရှိသွားခဲ့ ပါတယ်။ အဲဒါ ဘာများ ထူးဆန်းနေလို့ပါလိမ့်။ ထူးဆန်းလွန်းလှတယ်လို့တော့ မဟုတ်ပါဘူး။ ကျွန်တော် တို့ပတ်ဝန်းကျင်မှာ နဂိုတည်ရှိပြီးသား သဘာဝတရားရဲ့ လျှို့ဝှက်ချက်တခုကို ဖာရာဒေးက အရင်ဦးဆုံး ထုတ်ဖော်ပြလိုက်တာပါ။ အဲဒီဖြစ်ရပ်ဟာ တယ်လီစကုပ် ကနေတဆင့် အာကာသ စကြဝဠာထဲကို ပထမဦးဆုံး ကြည့်ရှုနိုင်ခဲ့တဲ့ ဖြစ်ရပ်နည်းတူ ဆန်းကြယ်ခဲ့တယ်လို့ ဆိုရမှာပါပဲ။ လျှပ်စစ်သံလိုက် ဓာတ်အားဟာ အလင်းကို ထိန်းချုပ်ပဲ့ကိုင်နိုင်စွမ်း ရှိတယ်ဆိုတဲ့တွေ့ ရှိချက်ကပဲ သဘာဝတရား ရဲ့ နက်ရှိုင်းစွာ ဟန်ချက်ညီမှုအကြောင်း ထုတ်ဖော်နိုင်လိုက်ခြင်းလို့ ဆိုနိုင်ပါ တယ်။

အဲဒီ တွေ့ရှိချက်ကနေပဲ အိုင်းစတိုင်းနဲ့ တကွ အနာဂတ် ရူပဗေဒ ပညာရှင်တွေရဲ့ သီအိုရီတွေအတွက် တံခါးဖွင့်ပေးခဲ့သလို စကြဝဠာရဲ့ မူလဘူတ စွမ်းအင်နဲ့ သက်ရောက်အားတွေ အကြောင်း ဖျတ်ခနဲတွေ့မြင်ခွင့် ရစေခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့ အောင်မြင်မှု အထွဋ်အထိပ်ကို ရောက်ရှိနေတယ်လို့ ဘယ်လိုပဲ ဆိုစေဦးတော့၊ ဖာရာဒေးရဲ့ စိတ်ကျဝေဒနာကတော့ သက်သာမသွားခဲ့ပါဘူး။ နေ့စဉ် ရိုးရှင်းလှတဲ့ အတွေးလေးတွေ ကိုတောင် ဖမ်းဆုပ်မိဖို့ သူ့မှာ အခက်အခဲဖြစ်နေခဲ့ရပါတယ်။

ဖာရာဒေးဟာ ဆင်းရဲနွမ်းပါးလွန်းလှတဲ့ လူတန်းစားကနေ ပေါက်ဖွားကြီး ပြင်းလာခဲ့ပြီး ကမ္ဘာ့ထိပ်တန်း သိပ္ပံပညာရှင်ကြီး ဖြစ်လာခဲ့တာပါ။ ဒါပေမယ့် အသက် ၄၀ အရွယ်မှာ လူ့အဖွဲ့ အစည်းကို ပြောင်းလဲသွားစေမယ့် လျှပ်စစ် မော်တာ၊ မီးအားမြှင့်စက်၊ မီးအားပေးစက်တွေ ကိုတီထွင်ပေးနိုင်ခဲ့ပါတယ်။ နေအိမ်တွေ၊ စက်ရုံတွေ၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်တွေကို အကြီးအကျယ် ပြောင်းလဲပေးနိုင်ခဲ့တဲ့ စက်ယန္တရားတွေ ဆိုပါတော့။ အသက် ၆၀ အရွယ်မှာတော့ မှတ်ဉာဏ်ယိုယွင်းမှုရောဂါ၊ စိတ်ကျရောဂါတို့ရဲ့ ဖိစီးခြင်းကို ခံနေခဲ့ရပါတယ်။ အဲ ဒါတောင်မှ သဘာ၀တရားရဲ့ ဆန်းကြယ်လှတဲ့အင်အားစုကြီးတွေအကြောင်း အကြောင်းအရွဲ့ မရှိ စူးစမ်းလေ့လာနေဆဲ ဖြစ်ပါတယ်။

အဲဒီလို ဝေဒနာ ဆိုးဆိုးရွားရွား ခံစားလာရတဲ့ နောက်မှာတော့ မိုက်ကယ် ဖာရာဒေးရဲ့ ဆန်းသစ်တီထွင်နိုင်စွမ်း တွေလည်း တခန်းရပ်သွားပြီလို့လူတွေက မှတ်ယူခဲ့ကြပါတယ်။ ဒါပေမယ့် ဖာရာဒေးကတော့ လုပ်ဆောင်စရာရှိတာတွေကို ဆက်လက်ဆောင်ရွက်ဆဲပါပဲ။ လျှပ်စစ်၊ သံလိုက်နဲ့ အလင်းတို့အကြား ဆက်နွယ် မှု တွေကို ထုတ်ဖော်ပြီးတဲ့နောက် အဲဒီ သဘာ၀အင်အားစုကြီးတွေ ဘယ်လိုများ ဟန်ချက်ညီ အတူတကွ အလုပ်လုပ်ကြလဲ ဆိုတာကိုဖာရာဒေးက သိချင်နေခဲ့ပါ တယ်။

သူ့ရဲ့ စမ်းသပ်မှုက အထူးအဆန်းတော့ မဟုတ်ပါဘူး။ ကလေးငယ်တွေ ဆော့ကစားနေကျ ကစားနည်းမျိုးပါပဲ။ သံလိုက်ပေါ်ကို စက္ကူဖြူဖြူ ခင်းလိုက်ပြီး အပေါ်ကနေ သံမှုန့်တွေ သွန်ချလိုက်တဲ့အခါ စက်ကွင်းသဏ္ဌာန် ပုံရိပ်တွေ ပေါ်ထွက်လာပါတယ်။ အဲဒီ စက်ကွင်းသဏ္ဌာန်ဟာ သံသတ္တုရဲ့ ဂုဏ်သတ္တိ တမျိုး မျိုးကြောင့် ဖြစ်ပေါ်လာတာလို့ပဲ အားလုံးက မှတ်ယူထားခဲ့ကြပါတယ်။ ဖာရာဒေး ကတော့ ဝါယာကြိုးကို လျှပ်စစ်ဓာတ် ဖြတ်သန်းစေလိုက်တဲ့အခါ သံလိုက်ဖြစ် သွား မှန်း သိထားပြီးသူပါ။ အဲဒီတော့ ဝါယာကြိုးတွေကို လျှပ်စစ်ဓာတ် ဖြတ်သန်း စေ လိုက်တဲ့အခါ အနီးဝန်းကျင်က သံလိုက်စက်ကွင်း ကိုဖာရာဒေးက စူးစမ်း ကြည့်ပါ တယ်။ တခြားသူတွေအဖို့ စိတ်လှုပ်ရှားစရာ ကစားနည်းဖြစ်ချင် ဖြစ်ပေ မယ့် ဖာရာဒေးအဖို့တော့ အင်မတန်နက်ရှိုင်းတဲ့သဘာဝတရားအကြောင်း နားလည်ဖို့ အားထုတ်ခြင်း ဖြစ်လို့ နေပါတယ်။ စက်ကွင်းသဏ္ဌာန်ဟာ သံသတ္တု

ကြောင့် ဖြစ်တာ မဟုတ်ဘဲ ဝါယာကြိုးတွေကို လျှပ်စစ်ဖြတ်သန်းစေတဲ့အခါမှာလည်း ဖြစ်ပွားတာကြောင့် သံလိုက်ကြောင့် ဖြစ်ရတာပါ။ သံတုံး ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ သံလိုက်ဓာတ်ရှိရင် သံလိုက်စက်ကွင်း ရှိတယ်လို့ဖာရာဒေးက သိမြင်လာခဲ့ပါတယ်။ အဲဒီ စက်ကွင်းကပဲ မျက်စိနဲ့ မမြင်နိုင်တဲ့ သက်ရောက်အားတရပ်ကို ဖြစ်တည် နေစေတာပါ။ သံလိုက်ဓာတ်ဖြစ်ပေါ်ရာ သတ္တုတမျိုးမျိုးရဲ့ အနီးဝန်းကျင် မှာ စက်ကွင်းအဖြစ် ပေါ်ထွက်လို့ နေပါတယ်။

နှစ်ပေါင်းထောင်နဲ့ချီပြီး လူသားတွေ တအံ့တသြ ဖြစ်နေခဲ့ရတဲ့ သံလိုက်အိမ်မြှောင်ဆိုတာ မြောက်ဝင်ရိုးစွန်းကိုညွှန်ပြနေတာ မဟုတ်ပါဘူး။ ကမ္ဘာမြေကို လွှမ်းခြုံထားတဲ့ သံလိုက်စက်ကွင်းရှိရာ အရပ်ကို ညွှန်ပြနေတာ ဖြစ်ပါတယ်။ ကမ္ဘာမြေတခုလုံးကိုကရောမ သံလိုက်တုံးကြီး ဖြစ်နေတာပါ။ အဲဒီ သံလိုက်စက်ကွင်းရဲ့ ကာကွယ်ပေးမှုကြောင့်ပဲ နေက ထုတ်လွှတ်လိုက်တဲ့ အပြင်းစားဓာတ်ရောင်ခြည်တွေရဲ့ ဒဏ်ကနေ ကမ္ဘာသူကမ္ဘာသားတို့ကင်းလွတ်ခွင့် ရရှိနေခဲ့တာဖြစ်ပါတယ်။ တခြားသော သံလိုက်စက်ကွင်း တွေနည်းတူ ကမ္ဘာမြေရဲ့ သံလိုက်စက်ကွင်း ဟာလည်း အာကာသထဲအထိ ကျယ်ပြန့်လို့နေပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်ရဲ့ နေရာတိုင်းမှာကို တည်ရှိလို့ နေတာပါ။ အမြဲတမ်းလည်း ရှိနေ တာပါပဲ။ အဲဒါကို ဘယ်သူကမှ သတိမပြုခဲ့မိကြပါဘူး။ ဘယ်လူသားတွေမှ သတိ မပြုမိခဲ့ကြဘူးလို့ဆိုရင် ပိုမှန်ပါလိမ့်မယ်။



သံလိုက်စက်ကွင်း၊ ကမ္ဘာမြေနှင့် နေ၏ အပြင်းစား ဓာတ်ရောင်ခြည်များ (Getty Images)

ငှက်တွေကဟာ ဒိုင်နိုဆောတွေရဲ့ နောက်ဆုံး ကျန်ရစ်တဲ့ မျိုးဆက်တွေ ဖြစ်ပါတယ်။ ခိုနဲ့ တခြား ငှက်မျိုးစိတ်တွေဟာ သူတို့ သွားရောက်လိုတဲ့နေရာဌာနတွေကို ရှာဖွေနိုင်စွမ်း ရှိကြပါတယ်။ လမ်းပျောက်တယ်ရယ်လို့လည်း မရှိပဲ မိုင်ပေါင်းထောင်နဲ့ချီပြီး ရွှေ့ပြောင်း ပျံသန်းနိုင်ကြပါတယ်။ ဘယ်လိုများပါလိမ့်။ -သူတို့ မြင်တွေ့ နေကျ မြစ်ချောင်းတွေ၊ တောတောင်တွေ၊ ကြယ်တာရာတွေကို တစိတ်တပိုင်း မှတ်မိနိုင်စွမ်းရှိတာလည်းပါမှာပေါ့ ။တခါတလေဆို အနံ့အသက် တမျိုးမျိုးကတောင် ရွှေ့ပြောင်းချိန်တန်ပြီလို့ သူတို့ကိုဆော်ဩသလိုဖြစ်စေနိုင်ပါသေးတယ်။ ဒါပေမယ့် ငှက်တွေရဲ့ ခန္ဓာကိုယ်တွင်းမှာလည်း သံလိုက်အိမ်မြှောင်ပါရှိတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ကမ္ဘာမြေရဲ့ သံလိုက်စက်ကွင်း ကို သူတို့ ခံစားသိရှိနိုင်ကြပါတယ်။ ကျွန်တော်တို့ အမြင်အာရုံနဲ့ သိရှိခံစားနိုင်စွမ်းရှိကြသလိုမျိုးပဲ ငှက်တွေရဲ့ ဦးနှောက်ဟာလည်း သံလိုက်စက်ကွင်းကို ခံစားသိရှိနိုင်ကြပါတယ်။ အဲဒီ သံလိုက်စက်ကွင်းကို ခံစားသိရှိပြီးတော့ ဘယ်ဟာ တောင်အရပ်၊ ဘယ်ဟာ မြောက်အရပ်ရယ်လို့ ငှက်တွေ သိရှိကြပါတယ်။ အဲဒါကြောင့်ပဲ အမေရိကဒေသခံ ငှက်မျိုးစိတ်တွေအနေနဲ့ ဆောင်းဝင်လာတဲ့အခါ တောင်ဘက်ကို ပျံသန်းရမယ်မှန်း အလိုလို သိရှိနေကြပါတယ်။ သံလိုက်စက်ကွင်းဟာ အီကွေတာအရပ်နဲ့ နှိုင်းစာရင် ဝင်ရိုးစွန်းဒေသတွေမှာ သက်ရောက်အား ပိုမို မြင့်မားလို့ နေပါတယ်။ အဲဒီအချက်နဲ့ပဲ သူတို့ရဲ့ လတ္တီကျူတည်နေရာကို ငှက်တွေ သိမြင်နိုင်ကြပါတယ်။ အဲဒီ သံလိုက်စက်ကွင်းမှာ မူမှန် မဟုတ်တဲ့ တချို့ အချက်လေးတွေလည်း ရှိတာ ပေါ့လေ။ တချို့ အရပ်ဒေသတွေမှာဆို ပုံမှန် ရှိသင့် ရှိထိုက်တာထက် ပိုပြီး အားပြင်းတာ၊ အားလျော့တာတွေလည်း ရှိနိုင်ပါတယ်။ အဲဒီလို ပုံမှန်ထက် အားပျော့၊ အားပြင်းတဲ့ သံလိုက်စက်ကွင်းဒေသတွေဆိုရင်လည်း မြင်ဖူး၊ တွေ့ဖူး နေကျ မြစ်ချောင်း၊ တောတောင်တွေလိုပဲ ငှက်တွေအတွက် မှတ်သားမိစေဖို့ အကြောင်းဖြစ်စေပြန်ပါတယ်။

လူသားတွေဟာ မိုင်ပေါင်းများစွာ ဝေးကွာတဲ့ အရပ်တွေဆီ ကြေးနန်းစာပေးပို့ဖို့အတွက် ခိုတွေကို နှစ်ပေါင်းထောင်နဲ့ချီပြီး အသုံးပြုခဲ့ကြပါတယ်။ များမကြာသေးမီက ဖြစ်ပွားခဲ့တဲ့ ကမ္ဘာစစ်တွေ အတွင်း မှာတောင် ခိုကြေးနန်းဆက်သွယ်ရေးကို အသုံးပြုခဲ့ကြတုန်းပါ။ တကယ်ဆို လျှပ်စစ်သံလိုက်စက်ကွင်းကို အသုံးပြုပြီး ကြေးနန်းဆက်သွယ်ခဲ့ကြတာဟာ နှစ်ပရိစ္ဆေများစွာ ကြာညောင်း ခဲ့ပြီ

လို့ ဆိုနိုင်ပါတယ်။ အဲဒီလို အသုံးပြုနေခဲ့မှန်း ကျွန်တော်တို့ မသိတာပဲရှိပါလိမ့်မယ်။

စမစ်ဆိုနီယမ် အင်စတီကျူးရှင်း[183] တွင် ပြသထားသော ရုပ်လုံးသွင်း စာပို့ခို ရှားအမီ[184]

(ပထမကမ္ဘာစစ်အတွင်း ဂျာမန်တပ်များ ပိတ်ဆို့ထားစဉ် မိမိတပ်ဖွဲ့များအပေါ် အမြောက်နှင့် ပစ်မိနေသည့် အဖြစ်ကို ရပ်တန့်ရန် ညွှန်ကြားစာအား ခိုဖြင့် ပေးပို့ရာ ဂျာမန်လက်ဖြောင့်တပ်သား၏ လက်ချက်ဖြင့် ခြေတဖက် ဆုံးရှုံးခဲ့သော်လည်း ကြေးနန်းစာအား မပျက်မကွက် သယ်ဆောင်လာပေးခဲ့သောကြောင့် စစ်သည်တော် ၂၀၀ ကျော်တို့ အသက်ချမ်းသာရာရခဲ့သည်)

အဲဒါဆို ကျွန်တော်တို့ ကမ္ဘာမြေမှာ ဘာလို့များ သံလိုက်စက်ကွင်းရှိနေရတာပါလိမ့်။ ဘယ်အရာကများ အဲဒီလို ဖြစ်စေတာပါလဲ။ အဖြေကိုတော့ ကမ္ဘာမြေရဲ့ အလယ်ဗဟိုမှာ ရှာဖွေ တွေ့ ရှိနိုင်ပါတယ်။ ကမ္ဘာ့အလယ်ဗဟိုကို လွှမ်းခြုံထားတဲ့သံသတ္တုရည်တွေဟာ ကမ္ဘာမြေလည်ပတ်တဲ့အခါ လျှပ်စစ်ဓာတ်ဖြတ်သန်းစီးဆင်းလိုက်တဲ့ ဝါယာကြိုးလိုဖြစ်သွားပါတယ်။ ဖာရာဒေး ပြောပြသွားခဲ့သလိုပဲ လျှပ်စစ်ပတ်လမ်းဟာ လျှပ်စစ်သံလိုက်စက်ကွင်းကို ဖြစ်ပေါ်စေပါတယ်။ ဒါဟာ အင်မတန် ကောင်းမွန်တဲ့ အချက်လည်းဖြစ်ပြန်ပါတယ်။ အဲဒီ သံလိုက်စက်ကွင်းကြောင့်ပဲ စကြဝဠာထဲကနေ ကမ္ဘာမြေပြင်ကို ရောက်ရှိလာတဲ့ အားပြင်း ရောင်ခြည် အမျိုးအစားတွေရဲ့ အန္တရာယ်ကနေ သက်ရှိဇီဝရုပ်ဝန်းကို ကာကွယ်ပြီး ဖြစ်သွားပါတယ်။ အဲဒီ ဓာတ်ရောင်ခြည်တွေဟာ သက်ရှိတွေရဲ့ ဒီ

အန်အေတွေကို ဖောက်ပြန်သွားစေ နိုင်ပါတယ်။ အဲဒီ သံလိုက်စက်ကွင်းသာ မရှိခဲ့ဘူးဆိုရင် သက်ရှိတွေရဲ့ မျိုးရိုးဗီဇ ပြောင်းလဲမှုနှုန်းဟာ အခုထက် အများကြီး ပိုမိုမြင့်မားနေ ပါလိမ့်မယ်။ ကံကောင်းထောက်မစွာပဲ ဆိုပါစို့၊ သံလိုက်စက်ကွင်းရဲ့ အကာ အကွယ်ကြောင့် စကြဝဠာထဲက အားပြင်းဓာတ်ရောင်ခြည် အများစုဟာ ဗန် အလန် ခါးပတ်ကွင်း[185] ထဲမှာပဲကျန်ရစ်ခဲ့ကြပါတယ်။ ဗန်အလန် ခါးပတ်ကွင်းဇုန် ဆိုတာက ဒိုးနပ်ပုံသဏ္ဍာန်ရှိပြီး လျှပ်ကူးအမှုန်တွေနဲ့ ပြည့်နှက်နေတဲ့ကမ္ဘာမြေ သံလိုက်စက်ကွင်း အကာအကွယ်ကို ဆိုလိုတာပါ။



ဗန် အလန် ခါးပတ်ကွင်း (Credit to NASA)

ကမ္ဘာမြေတခုလုံးဟာ သံလိုက်တုံးကြီးလို ဖြစ်နေတယ်ဆိုတာ နောက်ထပ်ထင်ရှားစေတဲ့ အချက်ကတော့ ကောင်းကင်ယံထက်က အလှပဆုံးလို့ ဆိုနိုင်တဲ့ အော်ရိုရာ[186] ခေါ် ဝင်ရိုးစွန်း ရောင်စဉ်တန်းတွေပဲ ဖြစ်ပါတယ်။ နေရောင်ခြည် က နေထုတ်လွှတ်လိုက်တဲ့ လျှပ်စစ်ဓာတ်ပါ အမှုန်တွေဟာ ကမ္ဘာမြေဆီကိုတရစပ်ဝင်ရောက်လာနေပါတယ်။ နေက ထုတ်လွှတ်လိုက်တဲ့ အဲဒီ လျှပ်စစ်ဓာတ်ပါ အမှုန်တွေကို လျှပ်စီးပတ်လမ်းလိုမျိုး ရှုမြင်နိုင်ပါတယ်။ အဲဒီအခါကျွန်တော်တို့ရဲ့ ကမ္ဘာမြေက သံလိုက်စက်ကွင်းဟာ အဲဒီ လျှပ်စစ်ပတ်လမ်းကိုတောင်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းဆီ လွှဲပြောင်းပေးလိုက် ပါတယ်။ ကမ္ဘာမြေရဲ့ လေထုနဲ့ အဲဒီ

လျှပ်စစ်သံလိုက်ဓာတ်တို့ တွေ့ဆုံမိကြတဲ့အခါမှာတော့ လေထုထဲက အောက်ဆီဂျင်နဲ့ နိုက်ထရိုဂျင် မော်လီကျူးတွေဟာ မီးချောင်း၊ မီးသီးလိုမျိုး ထွန်းလင်းတောက်ပလာပါတယ်။

အိုက်စ်လန်နိုင်ငံ မှ တွေ့မြင်ရသော အော်ရိုရာ ဝင်ရိုးစွန်းရောင်စဥ်တန်းများ

ဖာရာဒေးဟာ သူ့ရဲ့ နောက်ဆုံးနဲ့ ဆန်းပြားနက်နဲဆုံးသော ရှာဖွေတွေ့ရှိမှုကို စွမ်းဆောင်နိုင်ခဲ့ပေမယ့် ငယ်စဥ်ဘဝတုန်းက ဆင်းရဲခဲ့ခြင်းရဲ့ အကျိုးဆက်တွေကို အခုချိန်မှာ ခါးသီးစွာ ခံစားနေခဲ့ရပါပြီ။ သူ့အနေနဲ့ ကူကယ်ရာမဲ့ ဖြစ်နေခဲ့ပြီး သူ အလိုရှိတဲ့ ကူညီစောင်မမှုကိုတော့ လုံးဝ ထင်မှတ်မထားခဲ့တဲ့ဆီကနေ ရရှိခဲ့ပါတယ်။

အိုင်းဇက် နယူတန် မဖြေရှင်းနိုင်ခဲ့တဲ့ ပြဿနာကို မိုက်ကယ် ဖာရာဒေးက ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ နေအဖွဲ့အစည်းထဲက ဂြိုဟ်တွေဟာ နေရဲ့ ဆွဲငင်အားကို ဇဟိုပြုလှည့်ပတ် နေကြပါတယ်။ နေဟာ သူ့ကိုလှည့်ပတ်နေတဲ့ ဂြိုဟ်တွေကို ဆွဲငင်အားနဲ့ ထိတွေ့ ထားပါတယ်။ ကမ္ဘာမြေရဲ့ ဆွဲငင်အားကတော့ ပန်းသီးတွေကို မြေကြီးပေါ်ကြွေကျစေပါတယ်။ ကမ္ဘာလောကတခုလုံးဟာ အိပ်မက်တခု အလားပဲလို့တောင် လောကဓာတ်သိပ္ပံပညာရှင်တွေ ကမှတ်ယူခဲ့ကြ ရပါတယ်။ ဖာရာဒေး မက်ခဲ့တဲ့ အိပ်မက်တွေလည်း ဖြစ်နိုင်ပါတယ်။ သူ့ရဲ့

သုတေ သနပြုမှုတွေ၊ တွေ့ ရှိမှုတွေကို နောင်လာနောက်သား ပညာရှင်တွေက တစား လေ့လာခဲ့ကြပါတယ်။ ဒါပေမယ့် ဖာရာဒေး ပြောဆိုသွားခဲ့တဲ့ သံလိုက်စက်ကွင်းတို့၊ ဆွဲငင်အားတို့ ဆိုတာတွေကို စကားလုံးတွေအဖြစ်ပဲမှတ်ယူခဲ့ကြပြီး သက်သေထူနိုင်မယ့် အထောက်အထား ရယ်လို့ ဘာမှ မယ်မယ်ရရမရှိခဲ့ပါဘူး။ တချို့ဆိုရင် သူ့ရဲ့ သီအိုရီတွေကို ပေါ်ပေါ်ထင်ထင် လှောင်ပြောင် ခဲ့ကြပါတယ်။ သူတို့ အလိုရှိတာက ပါးစပ်ထဲက စကားလုံးတွေ မဟုတ်ပဲ ခေတ်သစ်ရူပဗေဒကို တခေတ်ဆန်းစေမယ့် ပုံသေနည်းတွေ၊ တိကျတဲ့ တွက်ချက်နိုင်စွမ်းတွေပါ။ အဲဒီနေရာမှာတော့ ငယ်စဉ်ဘဝ တုန်းက ဆင်းရဲပင်ပန်းစွာ ကြီးပြင်းခဲ့ရတာတွေ၊ ကျောင်းပညာရေးကို စနစ်တကျ သင်ယူခွင့် မရခဲ့တာတွေဟာ ဖာရာဒေးကို အခက် တွေ့စေခဲ့ပါတော့တယ်။ သင်္ချာဗေဒအရတွက်ချက် သက်သေထူနိုင်စွမ်းကို ဖာရာဒေး မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ ဖာရာဒေးအတွက်တော့ သူ မကျော်လွှားနိုင်တဲ့ နံရံတံတိုင်းကြီးနဲ့ နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ရတာပါပဲ။



ဖာရာဒေးနှင့် မက်စ်ဝဲလ်

အဲဒီနောက်မှာတော့ ၁၉ ရာစုရဲ့ အထင်ရှားဆုံး သီအိုရီ ရူပဗေဒပညာရှင်တဦး ပေါ်ထွက် လာခဲ့ပါတယ်။ ဂျိမ်းစ် ကလာ့ခ် မက်စ်ဝဲလ် ဟာ ချမ်းသာကြွယ်ဝတဲ့ လူကုံထံအသိုင်းအဝိုင်းကနေ မွေးဖွားခဲ့ပြီး လူလတ်ပိုင်း အရွယ်ကျမှ အိမ်ထောင်ကျတဲ့ မိဘနှစ်ဦးရဲ့ တဦးတည်းသော သားအဖြစ် တုန်နေအောင် အချစ်ခံရသူလည်း ဖြစ်ပါတယ်။ အသက် ၂၀ ကျော်အရွယ်တည်းက သင်္ချာပညာရှင်တဦး

အဖြစ် နာမည်ရခဲ့သူပါ။ အဲဒီအချိန်တုန်းက လောကဓာတ်သိပ္ပံပညာရပ် လေ့လာသူ အသိုင်းအဝိုင်းမှာ ဖာရာဒေး ကို ခေတ်မမီတော့တဲ့ ရှေးခေတ် ပညာရှင် တဦး ဆိုတာလောက်ပဲ အသိအမှတ်ပြုကြပြီး ရူပဗေဒရဲ့ အနာဂတ် ပညာရပ်ပိုင်း ဆိုင်ရာ အခန်းကဏ္ဍမှာ သိပ်အရေးမပါတော့သူလို့ မှတ်ယူထားခဲ့ကြပါတယ်။ ဂျိမ်းစ် ကလာ့ခ်မက်စ်ဝဲလ် ကတော့ အဲဒီလိုမခံယူခဲ့ပါဘူး။ သူက လျှပ်စစ်နဲ့ ပတ်သက်ပြီး ဖာရာဒေး ရေးသားခဲ့သမျှကို တလုံးမကျန် ဖတ်ရှုလေ့လာခဲ့ပါတယ်။ အဲဒီနောက် ဖာရာဒေး ပြောဆိုသွားခဲ့တဲ့ လျှပ်စစ်သံလိုက်စက်ကွင်း ဆိုတာတွေဟာ အမှန်တကယ်တည်ရှိပြီး အထောက်အထား မပြနိုင်သေးတာကြောင့် သင်္ချာဗေဒ အရ ပုံသေနည်းနဲ့ သက်သေထူနိုင်ဖို့ အားထုတ်ခဲ့ပါတယ်။

Name	Differential form	Integral form
Gauss's law	$\nabla \cdot \mathbf{E} = \frac{\rho}{\varepsilon_0}$	$\oiint_{\partial V} \mathbf{E} \cdot \mathrm{d}\mathbf{A} = \frac{Q(V)}{\varepsilon_0}$
Gauss's law for magnetism	$\nabla \cdot \mathbf{B} = 0$	$\oiint_{\partial V} \mathbf{B} \cdot \mathrm{d}\mathbf{A} = 0$
Maxwell–Faraday equation (Faraday's law of induction)	$\nabla \times \mathbf{E} = -\frac{\partial \mathbf{B}}{\partial t}$	$\oint_{\partial S} \mathbf{E} \cdot \mathrm{d}\mathbf{l} = -\frac{\partial \Phi_{B,S}}{\partial t}$
Ampère's circuital law (with Maxwell's correction)	$\nabla \times \mathbf{B} = \mu_0 \mathbf{J} + \mu_0 \varepsilon_0 \frac{\partial \mathbf{E}}{\partial t}$	$\oint_{\partial S} \mathbf{B} \cdot \mathrm{d}\mathbf{l} = \mu_0 I_S + \mu_0 \varepsilon_0 \frac{\partial \Phi_{E,S}}{\partial t}$

ကမ္ဘာကျော် မက်စ်ဝဲလ် ညီမျှခြင်းများ

ရူပဗေဒပညာရပ်မှာ ပုံသေနည်း၊ ညီမျှခြင်းဆိုတာ အချိန်နဲ့ အာကာသတို့ကို ကိုယ်စားပြုတဲ့ တစုံတရာအတွက် လက်ရေးတို အမှတ်အသားလို့ ယူဆကြပါတယ်။ ဥပမာ ချိန်သီးရဲ့ လွဲလမ်းကြောင်း စက်ဝန်းပိုင်းအရ ပြန်လည်ရောက်ရှိလာမယ့် အမှတ်ဟာ နဂိုမူလ တာထွက်မှတ်ကနေ ပိုမို မြင့်မားခြင်း မရှိဘူး ဆိုပါစို့။ သင်္ချာဗေဒအရလည်း ပြန်လည် ရောက်ရှိလာမယ့် သက်ရောက်အားဟာ နဂို စတင် လွှတ်လိုက်တဲ့ ချိန်သီးအားထက် များပြားမှာ မဟုတ်ပါဘူး။ ဖာရာဒေးရဲ့ လျှပ်စစ်သံလိုက်စက်ကွင်း သီအိုရီတွေကို မက်စ်ဝဲလ်က သင်္ချာဗေဒအရ ကိန်းဂဏန်းတွေနဲ့ တွက်ချက်လို့ရအောင် ပုံသေနည်းတွေ ထုတ်ပေးခဲ့ပါတယ်။ အဲဒီ

နောက်မှာတော့ ဖာရာဒေးရဲ့ လျှပ်စစ်သံလိုက်စက်ကွင်းဟာ အလင်းအလျင်နဲ့ ပြန့်ကားထွက်နေတဲ့ လှိုင်းတွေအဖြစ် တွက်ချက် နိုင်သွားခဲ့ပါပြီ။ အဲဒီ အလင်း အလျင်နဲ့ ပေးပို့နိုင်တဲ့ သတင်း စကားတွေကို လက်ခံဖမ်းယူတဲ့ ကြားခံ ကိရိယာ သုံးစွဲပြီး ဆက်သွယ်နိုင်ခဲ့ကြတာ သိပ်မကြာသေးပါဘူး။ ကျွန်တော်တို့ နေ့စဉ် ကြည့်ရှုနေကြတဲ့ ရုပ်မြင်သံကြား၊ စမတ်ဖုန်း၊ ကွန်ပျူတာတွေရဲ့ ဖန်သားပြင်ကနေ တွေ့မြင်ရတဲ့ သတင်းအချက်အလက်တွေဟာ အဲဒီနည်းနဲ့ ဆက်သွယ်ထားကြ တာ ဖြစ်ပါတယ်။

အဲဒီနည်းပညာဟာ ကျေးလက်မြို့ပြတွေ အဖြစ် သီးခြားစီ တည်ရှိခဲ့ကြတဲ့ ကမ္ဘာတလွှားက ယဉ်ကျေးမှု လူ့အဖွဲ့အစည်းတရပ်လုံးကို အပြန်အလှန် ဆက်သွယ်ချိတ်ဆက်ထားတဲ့ သက်ရှိသတ္တဝါ တကောင်လို ပြောင်းလဲသွားစေခဲ့ပါတယ်။ ကျွန်တော်တို့ အားလုံးကို အလင်းအလျင်နဲ့ ချိတ်ဆက်ပေးထားပြီး ကမ္ဘာကို ရွာကြီးတရွာ ဖြစ်စေခဲ့သလို စကြဝဠာနဲ့ပါ တသားတည်း ဖြစ်သွားစေခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

“သဘာဝတရားရဲ့ နိယာမတွေနဲ့

ကိုက်ညီနေသရွေ့ တော့

လောကမှာ

ထူးခြားဆန်းကြယ်လွန်းလှတယ် ဆိုတာမျိုး မရှိနိုင်ပါဘူး”

မိုက်ကယ် ဖာရာဒေး

SAVOY
PLACE WC2
CITY OF WESTMINSTER
FARADAY
MICHAEL FARADAY
SEPTEMBER 22ND 1791
AUGUST 25TH 1867
alamy
Image ID: BD584N
www.alamy.com

လန်ဒန် လျှပ်စစ် အင်ဂျင်နီယာ တက္ကသိုလ်ရှိ မိုက်ကယ် ဖာရာဒေး အထိမ်းအမှတ် ရုပ်တု

ပျောက်ဆုံးနေသော ကမ္ဘာများ

ကမ္ဘာမြေဟာ ကျွန်တော်တို့ မှီတင်းနေထိုင်တဲ့ ခိုလှုံရာပါပဲ။ ဟိုးတချိန် အတိတ်ကာလတုန်းက ကမ္ဘာမြေကို စာဖတ်သူ မြင်တွေ့မယ်ဆိုရင် တွေ့ဖူးနေကျ တိုက်ကြီးတွေ၊ သမုဒ္ဒရာကြီးတွေကို မြင်ရမှာ မဟုတ်သလို ကမ္ဘာမြေဟာလည်း တခြားဂြိုဟ်တလုံးလိုမျိုး ဖြစ်လို့နေပါလိမ့်မယ်။ မဟာပေါက်ကွဲမှုကြီး ရယ်လို့ စတင်ခဲ့ပါပြီဆိုတည်းက မယုံနိုင်လောက်အောင် ရှည်လျားလှတဲ့ အချိန်ကာလကြီး ကို ကျော်ဖြတ်ခဲ့ကြ ရတာပါ။ စကြဝဠာဖြစ်စဉ်ကြီး တရပ်လုံးကို ပြက္ခဒိန်ထဲ ထည့် ပြခဲ့တဲ့ဥပမာ ကိုမှတ်မိကြမယ်ထင်ပါတယ်။ စကြဝဠာ ပြက္ခဒိန်ရဲ့ ဒီဇင်ဘာ ၂၃ နေ့၊ မနက်ခင်းအချိန်ကို ခဏလောက် ပြန်သွားကြည့်ရအောင်ပါ။ အချိန် ကာလ အားဖြင့်ဆိုရင်တော့ လွန်ခဲ့တဲ့နှစ်ပေါင်း သန်း ၃၅၀ ဝန်းကျင် ဆိုပါတော့။

ကျွန်တော်တို့ နေထိုင်တဲ့ ကမ္ဘာမြေကြီးဟာ နှစ်ပေါင်း သန်း ၄,၀၀၀ နီးပါး သက်တမ်းရှိခဲ့ပြီးပြီလေ။ အဲဒီတုန်းကဆိုရင်က မ္ဘာမြေဟာ အခုလက်ရှိနဲ့ အင်မတန် မှကို ကွာခြားလို့နေပါလိမ့်မယ်။ စာဖတ်သူလည်း မှတ်မိနိုင်မယ် မဟုတ်ပါဘူး။

ကောင်းကင်က ကြယ်တာရာတွေကလည်း အမှတ်အသားပြုဖို့အတွက် အထောက်အကူ မဖြစ်ပါဘူး။ အဲဒီတုန်းက နက္ခတ်တာရာတွေက အခုလက်ရှိနဲ့ လုံးဝ ကွဲပြားခြားနားလို့ နေခဲ့ပါတယ်။ ဒိုင်နိုဆောသတ္တဝါ တွေတောင် နောက်ထပ် နှစ်ပေါင်း သန်း ၁၀၀ ဝန်းကျင်မှ ပေါ်ထွက်လာမှာပါ။ ကျေးငှက်တွေ လို့လည်း မရှိသေးသလို ပန်းပွင့်လေးတွေလည်း မပွင့်သေးပါဘူး။ ကမ္ဘာမြေရဲ့ လေထုက လည်း အခုခေတ်နဲ့ အများကြီး ကွာခြားလို့ နေပါလိမ့်မယ်။

ကမ္ဘာ့လေထုထဲမှာ အောက်ဆီဂျင် ပါဝင်မှုနှုန်းကတော့ သမိုင်းတလျှောက် ဘယ်ခေတ်၊ ဘယ်ကာလနဲ့မှ မတူအောင်ကို မြင့်မားနေမှာ ဖြစ်ပါတယ်။ အဲဒီလို မြင့်မားတဲ့ အောက်ဆီဂျင် ပါဝင်မှုကြောင့်ပဲ အင်းဆက်တွေဟာ ဒီကနေ့ထက် အဆပေါင်း များစွာ ပိုမို ကြီးထွားခွင့် ရရှိခဲ့ကြပါတယ်။ ဘာလို့လဲဆိုတော့ အင်းဆက်တွေမှာ အဆုတ်မှ မရှိပဲကိုး။ အသက်ဇီဝအတွက် မရှိမဖြစ် အရေးပါတဲ့ အောက်ဆီဂျင်ကို ခန္ဓာကိုယ်အပြင်က ပွန်တွေဆီကတဆင့် ရယူကြတယ်။ ပြီးတော့မှ အတွင်းပိုင်းကို ပွန်အဆင့်ဆင့်နဲ့ သွယ်တန်းယူကြပါတယ်။ အင်းဆက်ရဲ့ အရွယ်အစား ကြီးမားလာတဲ့အခါ အနီးဝန်းကျင်က အောက်ဆီဂျင် တွေကို အကုန် စုပ်ယူပစ်လိုက်ကြပြီး အပြင်ဘက်ပိုင်းက ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ အတွက်ပဲ အများစု သုံးစွဲလိုက်ကြတယ်။ ခန္ဓာကိုယ်အတွင်းပိုင်းက အစိတ်အပိုင်းတွေ ထိ တောင် မရောက်လိုက်ကြပါဘူး။

ကာဗွန်နီဖေရပ်စ်ကာလ[187] အတွင်းမှာတုန်းကဆိုရင် လေထုထဲက အောက်ဆီဂျင် ပမာဏဟာ ဒီကနေ့ခေတ်ထက် နှစ်ဆနီးပါး ပိုမိုပါဝင်လို့ နေခဲ့ပါတယ်။ အင်းဆက်တွေဟာလည်း အဆမတန် ကြီးထွားနေပြီးတော့ ကိုယ်ခန္ဓာ အတွက် သုံးစွဲရမယ့် အောက်ဆီဂျင်တွေကို သူ့ထက်ငါ အလုအယက် စုပ်ယူနေခဲ့ ကြပါတယ်။ အဲဒါကြောင့်ပဲ ပုစဉ်းရင်ကွဲတကောင်ဟာ လင်းယုန်လောက် အရွယ်အစားရှိခဲ့သလို ပိုးနားသန်ကောင်ဟာလည်း မိကျောင်းတကောင် လောက်ထိ ကြီးမားခဲ့ကြပါတယ်။ အဲဒီကာလတုန်းက လေထုထဲမှာ ဘာဖြစ်လို့ အောက်ဆီဂျင်တွေဒီ လောက်များပြားနေခဲ့ရတာပါလိမ့်။ သက်ရှိအမျိုးအစားသစ် တခု ကြောင့် ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ အင်္ဂလန်မြောက်ပိုင်းတွင် တွေ့ရှိခဲ့သည့် အာသရိုပလူရာ[188] ကျောက်ဖြစ်ရုပ်ကြွင်း

(လွန်ခဲ့သော နှစ်ပေါင်း ၃၂၆ သန်း၊ ကာဗွန်နီဖောရပ်စ်ကာလအတွင်းက ပိုးနက်သန်ကောင်မျိုးဖြစ်ပြီး ၉ ပေ ခန့် ရှည်လျားသည်)

ကမ္ဘာမြေရဲ့ လေထုကို အကြီးအကျယ် ပြောင်းလဲသွားအောင် ဘယ်အရာက များ လုပ်ဆောင်ခဲ့တာ ပါလိမ့်။ လက်သည် တရားခံကတော့ မိုးထိုးတဲ့အထိ မြင့်မားခဲ့ကြတဲ့ သစ်ပင်တွေပဲ ဖြစ်ပါတယ်။ နေရောင်ခြည်ကို ရရှိဖို့အတွက် အပြိုင်အဆိုင် ကြီးထွားကြရင်း ကမ္ဘာမြေရဲ့ ဆွဲငင်အားကို လွန်ဆန်ခဲ့ကြတာ လို့လည်း ဆိုနိုင်ပါတယ်။ အဲဒီလို သစ်ပင်တွေ မပေါ်ထွန်းခင်တုန်းကဆိုရင် မြေနှုယ်ပိတ်ပေါင်းတွေဟာ ခါးလယ်ဝန်းကျင် လောက်ထိပဲ ရှိခဲ့ကြတာပါ။ အဲဒီ နောက်မှာတော့ ထူးခြားဆန်းကြယ်တဲ့ တစုံတရာ ဖြစ်ပွားခဲ့ပါတယ်။ သစ်ပင်တွေထဲက မော်လီကျူးတွေဟာ ခိုင်မာတောင့်တင်းမှုရော၊ ပျော့ပြောင်းနွဲ့ နှောင်းမှု ရောပါ ပေါင်းစပ်ပြီး များစွာသော အလေးချိန်ဒဏ်တွေကို ခံနိုင်ရည်ရှိလာခဲ့သလို လေတိုက်အားကိုလည်း ကျိုးပဲ့ထွက်မသွားစေပဲယိမ်းနွဲ့ နိုင်စွမ်း ရှိလာခဲ့ပါတယ်။ လစ်ဂ်နင်[189] လို့ခေါ်တဲ့ အပင်နံ့ရံတွေက မော်လီကျူးဆဲလ်တွေဟာ အဲဒီလို ဂုဏ်သတ္တိနှစ်မျိုးကို ပေါင်းစပ် ရရှိစေခဲ့ပါတယ်။ အဲဒီအခါမှာတော့ သစ်ပင်တွေဟာ အမြင့် ကို တိုးထွက်နိုင်စွမ်းရှိလာခဲ့ကြပြီး ကမ္ဘာမြေရဲ့ ဟိုးအထက် အမြင့်ဆီကို သုံးဖက်မြင် အနေအထားအတိုင်း မြင်ကွင်းသစ်တွေ ထွက်ပေါ်လာစေခဲ့ပါ

တယ်။ အဲဒီ အခါမှာတော့ ကမ္ဘာမြေဟာ သစ်ပင်တို့ ကြီးစိုးရာ ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့် လစ်ဂ်နင်ဟာလည်း ဘေးထွက်ဆိုးကျိုးတွေ ရှိခဲ့တာပါပဲ။ စားသုံးရ ခဲယဉ်းတာပါ။

မှိုနဲ့ ဘက်တီးရီးယားလို သဘာဝရဲ့ ဖျက်ဆီးစားသုံးခြင်း တာဝန်ထမ်း ဆောင်ရသူ သက်ရှိတွေဟာ လစ်ဂ်နင် ပါဝင်တဲ့ အရာတွေကိုစားသုံးရာမှာ အစာချေဖျက် ခြင်းနဲ့ ပတ်သက်ပြီး ပြဿနာတွေရှိလာခဲ့ပါတယ်။ တကယ်တော့ ခြသတ္တဝါတွေ ဟာလည်း နောက်ထပ် နှစ်ပေါင်း သန်း ၁၀၀ ဝန်းကျင်လောက်မှ ပေါ်ထွန်းလာခဲ့ တာပါ။ ဒီတော့ လဲကျ သေဆုံးနေတဲ့ သစ်ပင်တွေကို ဘယ်လိုလုပ် ရမှာပါလိမ့်။ ဓါတုဇီဝနည်းလမ်းတွေ အသုံးပြုပြီး သစ်ပင်ကိုယ်ထည်တွေကို အစာ ချက်နိုင်ဖို့အတွက် ဘက်တီးရီးယားတွေအဖို့ နှစ်ပေါင်းသန်းနဲ့ချီပြီး အချိန်ယူခဲ့ရပါ တယ်။ အဲဒီအချိန်အတောအတွင်းမှာ သစ်ပင်တွေဟာ ရှင်သန်ကြီးထွား၊ လဲကျ သေဆုံး၊ သူ့ရဲ့ ပင်စည်တွေပေါ်မှာ ရွှံ့နွံတွေ ဖုံးလွှမ်းပြီး နှစ်ပေါင်းများစွာ ဒီအတိုင်း ပဲ ရှိနေ ခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ အရေအတွက် သန်းထောင်ပေါင်း ရာဂ ဏန်း များစွာရှိတဲ့ သစ်ပင်တွေဟာ ကမ္ဘာမြေရဲ့ အပေါ်ယံလွှာမှာ နစ်မြုပ်သင်္ဂြိုဟ် ခံ လိုက်ရပါတော့တယ်။ အဲဒီဖြစ်ရပ်ကနေ ဘယ်လိုဘေးဥပါဒ်၊ အန္တရာယ်တွေများ ထွက်ပေါ်လာနိုင်မှာပါလိမ့်။

နိုဗာစကိုးရှားဒေသ[190] ရဲ့ ကျောက်တောင်စောင်းဟာဆိုရင် နောက်ထပ် ပြက္ခဒိန်တမျိုးလို့လည်း ဆိုကောင်း ဆိုနိုင်ပါလိမ့်မယ်။ အဲဒီကျောက်သားလွှာတွေ ဟာ ဟိုအရင် အတိတ်တုန်းက ဘယ်လို အခြေအနေတွေ ရှိခဲ့တယ်၊ ဘယ်လို သက်ရှိတွေ ရှင်သန်ပေါက်ဖွားခဲ့ကြတယ် ဆိုတာတွေကို ပြန်ပြောပြနေ သယောင် ရှိပါတယ်။ တချို့ နေရာတွေမှာဆိုရင် နှစ်ပေါင်း သန်း ၃၀၀ သက်တမ်းရှိတဲ့ သစ်ပင်ရုပ်ကြွင်း တွေကိုတောင် တွေ့မြင်ရပါတယ်။ သစ်ပင်ရဲ့ ဆဲလ်ကလာပ်စည်း တွေကို နုန်းမြေတွေမှာ ပါဝင်တဲ့ သတ္တုဓာတ်တွေက ဆဲလ်တခုချင်းစီ ဝင်ရောက် နေရာယူသွားခဲ့တာပါ။ နောက်တနည်းဆိုရရင် ကျောက်ဖြစ်ရုပ်ကြွင်း ဆိုပါတော့။ အဲဒီ သစ်ပင်ဟာ ကာဗွန်နဲ့ ရေဓာတ်တို့ကနေ သက်ရှိဓာတ်ပေါင်းအဖြစ် နှစ်ပေါင်း များစွာ ရှင်သန်ခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ သူ့ရဲ့ အပြင်ပန်း ပုံသဏ္ဍာန်လောက်ပဲ ကျန်ရစ်ပါတော့တယ်။ အဲဒီ သစ်ပင် အသက်ရှိတုန်းကဆိုရင်

ကာဗွန်ဒိုင်အောက်ဆိုဒ်နဲ့ ရေဓာတ်ကို စုပ်ယူပြီး နေရောင်ခြည်ကနေ အစာချက် လုပ်ပါတယ်။ ပြီးတော့ စွမ်းအင် ကြွယ်ဝတဲ့ သက်ရှိအဖြစ် ရပ်တည်ခဲ့ပါတယ်။ အဲဒီကနေ အောက်ဆီဂျင်ကိုဘေးထွက်ပစ္စည်းအဖြစ် ထုတ်လုပ်လိုက်ပါတယ်။ အပင်တွေ အားလုံးလိုလိုဟာ ဒီကနေ့ထိထက်အောင် အဲဒီလိုပါပဲ။ သူတို့သေဆုံး သွားတဲ့အခါ ပုပ်ဆွေးသွားကြပါတယ်။ အဲဒီအခါမှာတော့ အသက်ရှင်တုန်းက ဓာတုဖြစ်စဉ်နဲ့ ပြောင်းပြန် ဖြစ်သွားပါတော့တယ်။ ပုပ်ဆွေးတဲ့အခါ သူတို့ရဲ့ အစိတ်အပိုင်းတွေဟာ အောက်ဆီဂျင်နဲ့ ဓာတ်ပြုပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ပြန်လည် ထုတ်လွှတ်လိုက် ပါတယ်။ အဲဒီလိုနဲ့ပဲ ကမ္ဘာမြေရဲ့ လေထုအတွင်းမှာ အားမျှခြေကို ထိန်းသိမ်းထားခဲ့ကြပါတယ်။

ဒါပေမယ့် မပုပ်ဆွေးခင် ရွှံ့နွံတွေ ဖုံးလွှမ်းသွားတဲ့အခါမှာတော့ ဖြစ်ရပ် ၂ ခု ဖြစ်ပွားပါတယ်။ သူတို့ရဲ့ ကာဗွန်နဲ့ နေရောင်ခြည် သိုလှောင်စွမ်းအင်ကို အတူယူဆောင်သွားပြီး အောက်ဆီဂျင်ကို ထားရစ်ခဲ့ပါတယ်။ အဲဒါကြောင့်ပဲ လွန်ခဲ့တဲ့ နှစ်ပေါင်း သန်း ၃၀၀ ဝန်းကျင်တုန်းက ကမ္ဘာ့လေထုထဲမှာ အောက်ဆီဂျင်တွေ ပေါကြွယ်ဝနေခဲ့တာပါ။ အဲဒါကြောင့်ပဲ အင်းဆက်ပိုးမွှားတွေလည်း အဆမတန် ကြီးထွားခွင့် ရရှိခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီနောက် ကမ္ဘာ့မြေလွှာတွေထဲမှာ နစ်မြုပ်သွားခဲ့တဲ့ ကာဗွန်ဓာတ်တွေရော ဘာဖြစ်သွားခဲ့ ကြပါသလဲ။ သိုလှောင် စွမ်းအင်တွေကို ဒီအတိုင်းပဲ ဆက်လက် ထိန်းသိမ်းလိုက်ခဲ့ကြပါတယ်။ ကမ္ဘာ တလွှားမှာ သတ္တဝါတွေ အများအပြား သေဆုံးကုန်ကြတဲ့ ကပ်ဘေးဆိုးကြီးတွေ ဖြစ်ပွားခဲ့တဲ့ အချိန်ကာလတွေ မတိုင်ခင် ခေတ်တုန်းက ဆိုပါတော့။ ကမ္ဘာမြေရဲ့ တချို့သော အရပ်ဒေသတွေမှာဆိုရင် အချိန်ကာလတွေကို နောက်ပြန်သွား ကြည့်လို့ရနိုင်တာမျိုးတွေလည်း ရှိကြပါတယ်။ ကျောက်စိုင်ကျောက်သားတွေမှာ ရေးထွင်းထားခဲ့တဲ့ သမိုင်းဖြစ်ရပ်တွေ ဆိုပါစို့။ နိုဗာ စကိုးရှားဒေသရဲ့ ပင်လယ် ကမ်းစပ်ဟာလည်း အလားတူ နေရာမျိုး ဖြစ်ပါတယ်။ ကျောက်သားလွှာ တချပ်ချင်းစီတိုင်းဟာ ခေတ်ကာလ အချိန်အပိုင်းအခြား တခုချင်းစီကို ဖော်ပြလို့နေပါ တယ်။ သက်တမ်းအနုဆုံး အလွှာတွေဟာ သက်တမ်းရင့်အလွှာတွေရဲ့ အပေါ်မှာ တထပ်ချင်းစီ နေရာယူလို့ ထားပါတယ်။ နှစ်ပေါင်းသန်းနဲ့ချီတဲ့ ကာလအပိုင်း အခြားတွေကို ဖော်ညွှန်းနေတယ် ပြောရမှာပေါ့။

တိုက်စားလာတဲ့ ကျောက်သားမြေသား အနည်တွေပါဝင်တဲ့ ရေဖုံးလွှမ်းသွားတော့ အောက်ဘက်ပိုင်း မှာ နုန်းလွှာတွေအဖြစ် တဖြည်းဖြည်း နဲ့နှစ်မြုပ်ကုန်ကြပါတယ်။ အဲဒီနောက်မှာတော့ ဖိအားနဲ့ အပူတို့ကြောင့် ကျောက်သားအဖြစ်ကို ပြောင်းလဲသွားခဲ့ကြပါတယ်။ အဲဒီကျောက်သားလွှာတွေကို အပူနဲ့ ဖိအားတွေက ကုန်းပြင် မြင့်တွေ၊ တောင်တွေအဖြစ် ဖန်တီး ပေးလိုက်ကြပြန်ပါတယ်။ အဲဒီနောက် ကျောက်သားကျောက်စိုင် လွှာတွေဟာ ဘေးတစောင်း ဖြစ်သွားလိုက်၊ ပြောင်းပြန် လှန်သွားလိုက်နဲ့ သူ့အထဲမှာ ပါဝင်တဲ့ ကျောက်ဖြစ် ရုပ်ကြွင်း သစ်တောကြီးတွေဟာလည်း အလားတူပါပဲ။ သက်တမ်းနုတဲ့ကျောက်သားလွှာတွေဟာလည်း အပေါ်ကနေ တထပ်ပြီး တထပ်ဖုံးလွှမ်းကုန်ကြပြန်ပါတယ်။ အများအားဖြင့်တော့ သက်တမ်းအနုအရင့် ကျောက်စိုင်လွှာတွေဟာ အစီအစဉ်အတိုင်းပဲ ရှိခဲ့ကြပါတယ်။ နှစ်ပေါင်းသန်းနဲ့ချီတဲ့ အချိန်ကာလတွေအတွင်း အဲဒီအရပ်ဒေသမှာ ဘာတွေ ဖြစ်ပွားခဲ့တယ်ဆိုတာကို မျက်မြင်သက်သေ ထွက်ဆိုမယ့်သူတွေလို့ တင်စားနိုင်ပါတယ်။ အဲဒီလို အစီအစဉ်အတိုင်း နောက်ပြန် သွားကြည့်မယ်ဆိုရင် အချိန်ကာလအားဖြင့် ဟိုးအတိတ်တွေဆီထိ သွားရောက်နိုင်ပါတယ်။ ကျောက်သား ကျောက်ချပ်လွှာတွေအတိုင်း ခြေတလှမ်း လှမ်းကြည့်တဲ့အခါ နှစ်ပေါင်း ထောင်နဲ့ချီတဲ့ အပိုင်းအခြား အတိုင်း လျှောက်လှမ်းနေတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီအတိုင်း လွန်ခဲ့တဲ့ နှစ်ပေါင်း သန်း ၃၀၀ ထိ လျှောက်သွား ကြည့်ရအောင်ပါ။

လွန်ခဲ့တဲ့နှစ်ပေါင်း သန်း၅၀ ဝန်းကျင်ကိုရောက်ရှိမယ်ဆိုရင်တော့ ပါမီယန်ယုဂ်ရဲ့ ကနဦးကာလ တွေကို တွေ့မြင်ရပါလိမ့်မယ်။ အဲဒီအချိန်ကာလတွေဟာ ဆိုရင် သက်ရှိသတ္တဝါတွေကို အစုလိုက်၊ အပြုံလိုက် သေစေခဲ့တဲ့ နေရာမှာ ပြိုင်စံရှားလို့ ဆိုနိုင်လောက်တဲ့ နေ့ရက်တွေ ဆိုပါတော့။ အရင်တခါ ပြောခဲ့ဖူးတဲ့ မျိုးတုံးပျောက်ကွယ်ခြင်း ဟောခန်းမထဲက သက်ရှိတို့ရဲ့ သစ်ပင်မှာ ကျိုးပဲ့နေတဲ့ အကိုင်းအခက်တွေ အကြောင်း ပြောဆိုကြတဲ့အခါ ပါမီယန်ယုဂ်ဟာ အမှောင်မိုက်ဆုံးသော နေ့ရက်တွေ ဖြစ်ပါလိမ့်မယ်။ နှစ်ပေါင်း သန်း ၂၅၀ ဆိုတဲ့ အချိန်ကာလအတွင်း ကမ္ဘာမြေပေါ်က သက်ရှိတွေအတွက် ကပ်ဘေးဆိုးတွေ ကြောင့် သေကျေပျက်စီးရခြင်းမှာ ပါမီယန်ယုဂ်ဟာ စံချိန်အတင်နိုင်ခဲ့ဆုံးပါပဲ။ အခုလက်ရှိ ဆိုက်ဘေးရီးယား ဒေသမှာ နှစ်ပေါင်းထောင်နဲ့ချီအောင် ကြာညောင်းတဲ့ မီးတောင်

ပေါက်ကွဲမှုတွေ ဖြစ်ပွားခဲ့တာကြောင့် မီးတောင်ချော်ရည်ပူတွေဟာ ကမ္ဘာမြေပေါ်မှာ စတုရန်းမိုင် သန်းနဲ့ချီပြီး ဖုံးလွှမ်းသွားခဲ့ပါတယ်။ သမိုင်း တလျှောက် ဖြစ်ပွားခဲ့တဲ့ မီးတောင်ပေါက်ကွဲမှုတွေ အကုန်လုံးဟာ အဲဒီဖြစ်ရပ်နဲ့ နှိုင်းစာရင် တကယ့်ကို အသေးအမွှား လို့ ဆိုနိုင်ပါလိမ့်မယ်။ မီးတောင်ပေါက်ကွဲမှုရဲ့ မြေလွှာပက်ကြားအက်တွေကနေ ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့ တွေဟာလည်း အလုံးအရင်းနဲ့ ထွက်လာခဲ့ပါတယ်။ အဲဒီ ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ တွေဟာကမ္ဘာမြေရဲ့ ရာသီဥတုကိုပူနွေးစေပြီး ကျောက်ချပ်လွှာတွေ အောက်မှာ နှစ်ပေါင်းများစွာ နစ်မြုပ်နေခဲ့တဲ့ ကာဗွန်တောအုပ်တွေရဲ့ အခန်းကဏ္ဍဟာလည်း တဖန် နိုးထလာခဲ့ပါတော့တယ်။

နှစ်ပေါင်း သန်း ၅၀ လောက် ကျောက်သားလွှာတွေအောက်မှာ နစ်မြုပ်နေခဲ့တဲ့ ကာဗွန်တောအုပ် တွေဟာ မြင့်မားလှတဲ့ ဖိအားဒဏ်တွေကြောင့် ကျောက်မီးသွေးအဖြစ် ပြောင်းလဲသွားခဲ့ကြပြီးပါပြီ။ အဲဒါကြောင့်ပဲ ဆိုက်ဘေးရီးယား တောအုပ်တွေရဲ့ ဟိုးအောက်ပိုင်းမှာ ကမ္ဘာ့အကြီးမားဆုံးသော ကျောက်မီးသွေး သိုက်တွေ တည်ရှိနေတာပဲ ဖြစ်ပါတယ်။ ချော်ရည်ပူတွေဟာ အဲဒီ ကျောက်မီးသွေးတွေကို လောင်ကျွမ်းပြီး မီသိန်းနဲ့ ဆာလ်ဖာဓာတ် ပါဝင်မှုမြင့်မားတဲ့ ဓာတ်ငွေ့တွေကို မြေလွှာတွေထဲနေ ထုတ်လွှတ် လိုက်ပြန်ပါတယ်။ အဲဒီဓာတ်ငွေ့တွေမှာ အဆိပ်အတောက်တွေ၊ ရေဒီယိုသတ္တိကြွ အမှုန်တွေနဲ့လည်း အတိပြီးလို့ နေပါတယ်။ ကျောက်မီးသွေးကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့ တွေကို ဆိုလိုပါ တယ်။ အဲဒီလို အဖျက်စွမ်းအား မြင့်မားလှတဲ့ အဆိပ်ငွေ့တွေဟာ ကမ္ဘာ့လေထုထဲကိုရောက်ရှိသွားပြီး ရာသီဥတုတွေကိုလည်း အကြီးအကျယ် ပြောင်းလဲသွား စေခဲ့ပါတယ်။ ဆာလ်ဖြူရစ်အက်ဆစ် အခိုးအငွေ့ တွေဟာ နေရောင်ခြည်ကို ကမ္ဘာမြေပြင်ဆီ မရောက်ရှိအောင် ဖုံးကွယ်လိုက်ပြီး တလောကလုံးကို အမှောင်အတိ လွှမ်းမိုးသွားစေ ခဲ့ပါတယ်။ တကမ္ဘာလုံးရဲ့ အပူချိန်ဟာလည်း ရေခဲမှတ်အောက်အထိ ကျဆင်းသွားခဲ့ပါတော့တယ်။ မီးတောင်ပေါက်ကွဲမှုနေ ငြိမ်သက်သွားတဲ့အခါမှာတောင် အက်ဆစ်ခိုးတွေက ကမ္ဘာမြေကို အချိန်အတန်ကြာ ဖုံးလွှမ်းထားခဲ့ပါတယ်။ ဒါပေမယ့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့တွေဟာ လေထုထဲမှာ ဆက်လက် တိုးပွားနေပြီး ကမ္ဘာကြီးကို ပူနွေးလာစေခဲ့ပါတယ်။ အဲဒီနောက် ကမ္ဘာမြေဟာ အအေးလွန်ကဲရာကနေ အပူလွန်ကဲလာပြန်ပြီး အပင်နဲ့

သတ္တဝါမျိုးစိတ်တွေလည်း အကြီးအကျယ် သေဆုံး လျော့ပါးကုန်ကြပါ တော့တယ်။ အပြောင်းအလဲ မြန်ဆန်လွန်းလှတဲ့ ရာသီဥတု အခြေအနေတွေနဲ့ လိုက်လျောညီထွေဖြစ်အောင် ညှိယူပြောင်းလဲနိုင်ဖို့ သူတို့ မတတ်စွမ်းနိုင်ခဲ့ကြ ပါဘူး။

ကမ္ဘာကြီး ပူနွေးလာခြင်း ဆက်လက် ဖြစ်ပွားခဲ့ရာမှာ ပင်လယ်ရေမျက်နှာပြင်ရဲ့ အပေါ်လွှာနဲ့ အောက်ပိုင်းလွှာတို့ဟာ တဖြည်းဖြည်း ရောနှောသွားခဲ့ကြပြီးတချိန်က အအေးပိုခဲ့တဲ့ ပင်လယ်ကြမ်းပြင်မှာ အပူချိန် မြင့်မားလာစေခဲ့ပါတယ်။ ပင်လယ်ကြမ်းပြင်အောက်က မီသိန်းဓာတ် ပါဝင်မှုနှုန်း မြင့်မားတဲ့ ရေခဲစိုင်တွေ ဟာလည်း တဖြည်းဖြည်း အရည်ပျော်ကုန်ပါတော့တယ်။ အဲဒီကနေ ထွက်ပေါ်လာတဲ့ မီသိန်းဓာတ်ငွေ့ တွေဟာ ရေမျက်နှာပြင်ထက်ဆီ တိုးထွက်လာပြီး လေထု ထဲကိုရောက်ရှိသွားခဲ့ပါတယ်။ မီသိန်းဓာတ်ငွေ့ဟာ အပူကို ထိန်းသိမ်းနိုင်စွမ်းရှိတဲ့ နေရာမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ထက် အများကြီး ပိုမို ဆိုးရွားပါတယ်။ အဲဒါကြောင့် ကမ္ဘာကြီး ပူနွေးလာမှုဟာ တစထက်တစ မြင့်မားလာပါတော့တယ်။ နောက်ပြီး မီသိန်းဓာတ်ငွေ့ဟာ ကမ္ဘာ့ လေထုရဲ့ အိုဇုန်းလွှာကိုလည်း ဖျက်ဆီးပစ် ပြန်ပါတယ်။ သက်ရှိတွေကို ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကနေ သဘာဝ အလျောက်ကာကွယ်ပေးထားတဲ့ အိုဇုန်းလွှာဟာလည်း တဖြည်းဖြည်း ပါးလျလို့ လာပါတော့တယ်။ ကမ္ဘာ့သမုဒ္ဒရာတွေရဲ့ လည်ပတ်စီးဆင်းတဲ့ ရေစီးကြောင်း တွေလည်း ကမောက်ကမ ဖြစ်ကုန်ခဲ့ပါတယ်။ အောက်ဆီဂျင် မရှိတော့တဲ့ သမုဒ္ဒရာ ရေသေအိုင်ဟာ ရေသတ္တဝါတွေ အားလုံးနီးပါးကို သေကျေပျက်စီး စေခဲ့ပါတယ်။ အဲဒီလို ကြမ်းတမ်းလှတဲ့ သဘာဝတရားရဲ့ လောကဒဏ်လှိုင်းလုံး တွေအကြားမှာ ရှင်သန် ပွားများနိုင်ခဲ့တဲ့ သတ္တဝါမျိုးစိတ်ရယ်လို့ တမျိုးပဲ ရှိခဲ့ပါ တယ်။ ဘက်တီးရီးယားတွေပါပဲ။

ဘက်တီးရီးယားတွေဟာ ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ် လိုအဆိပ်ဓာတ်ငွေ့ တွေကို ဘေးထွက်ပစ္စည်းအဖြစ် ထုတ်လွှတ်ပါတယ်။ ကမ္ဘာ့ဂေဟစနစ်အတွက်တော့ ဒါဟာ ခါးကျိုးသွားတဲ့ ကုလားအုတ်တကောင်အဖို့ နောက်ဆုံး ကောက်ရိုးတမျှင် ဖြစ်သွားပါတော့တယ်။ အဲဒီလို ထုတ်လွှတ်လိုက်တဲ့ အဆိပ်ဓာတ်ငွေ့ တွေကြောင့် ကမ္ဘာဖျက်ကပ်ဘေး အတွင်း ကြွင်းကျန်ရစ်ခဲ့တဲ့ ကုန်းနေသတ္တဝါတွေနဲ့ အပင်တွေ

အကုန်လုံး နီးပါး ထပ်မံ သေဆုံးကုန်ကြပြန်ပါတယ်။ အဲဒီဖြစ်စဉ်ကို ဂရိတ်ဒိုင်းယင်း Great Dying လို့ ခေါ်ဆိုကြပါတယ်။ ကမ္ဘာပေါ်က ရှိရှိသမျှသော သက်ရှိအားလုံးနီးပါး ပျက်စီးသေဆုံးလု အခြေအနေပါပဲ။ မျိုးစိတ် ဆယ်ခုလောက်မှာ ကိုးခုလောက် မျိုးတုံး ပျောက်ကွယ်သွားခဲ့ကြတာပါ။ ကမ္ဘာမြေပေါ်မှာ သက်ရှိတွေနဲ့ ပြန်လည် သက်ဝင်လှုပ်ရှားလာဖို့အတွက် အချိန်တွေ အများကြီး ပြန်ယူခဲ့ရပါတယ်။ အဲဒီနောက်ပိုင်း ကမ္ဘာမြေဟာ နှစ်သန်းပေါင်း အတန်ကြာတဲ့အထိ တိတ်ဆိတ်ခြောက်ကပ်သွားတဲ့ ဂြိုဟ်တလုံး ဖြစ်နေခဲ့ ပါတော့တယ်။ ကျွန်တော်တို့ လူသားတွေတောင် အဲဒီလို ကမ္ဘာဖျက်ကပ်ဘေးဆိုးကြီးထဲမှာ မသေကောင်း၊ မပျောက်ကောင်း ကြွင်းကျန်ရစ်ခဲ့တဲ့ သတ္တဝါမျိုးစိတ်တွေကနေ ဆင့်ကဲပြောင်းလဲလာခဲ့ကြ ရတာပါ။ အဲဒီလို အသက်မသေဘဲကျန်ရစ်ခဲ့တဲ့ သတ္တဝါမျိုးစိတ်တွေက သူတို့ရဲ့ ဒီအန်အေတွေကို အင်မတန် ဆိုးရွားလှတဲ့ သမိုင်းရဲ့ အနိဋ္ဌာရုံခေတ်ကာလတွေအတွင်း မျိုးဆက်မပြတ်စေပဲ ဆက်လက် ပြန့်ပွားအောင် အားထုတ်နိုင်ခဲ့တာကြောင့် ကျွန်တော်တို့ အခုလို ရှင်သန်ခွင့်ရနေခြင်း ဖြစ်ပါတယ်။

တချို့သော တောင်တန်းတွေဟာဆိုရင် သက်ရှိသတ္တဝါတွေနဲ့ ဖန်တီးတည်ဆောက်ထားတယ် လို့တောင် ဆိုနိုင်ပါတယ်။ ကမ္ဘာဖျက်ကပ်ဘေးဆိုးကြီးတွေ မပေါ်ပေါက်သေးခင် ပါမီယန်ယုဂ်အတွင်းမှာ သက်ရှိတွေ ပေါက်ဖွား ရှင်သန်ခဲ့ကြပါတယ်။ မိုင် ၄၀၀ နီးပါးရှိတဲ့ ဂွာတာလု(ပ်)တောင်ကြော[191] ဟာ တက္ကဆက်နဲ့ နယူးမက္ကဆီကို ပြည်နယ်တို့အတွင်း ဖြတ်သန်းတည်ရှိပါတယ်။ ကမ္ဘာ့အရှည်လျားဆုံး ကျောက်ဖြစ်ရုပ်ကြွင်းတို့ တည်ရှိရာ သန္တာကျောက်တန်းလည်း ဖြစ်ပါတယ်။ ဟိုတချိန်တုန်းကဆိုရင် အဲဒီဒေသဟာ ကုန်းတွင်းပင်လယ် ဖြစ်ခဲ့ပြီး အမျိုးမျိုးသောရေသတ္တဝါတွေလည်း နှစ်ပေါင်းသန်းနဲ့ချီ ရှင်သန်ပေါက်ပွားခဲ့ကြပါတယ်။ အဲဒါတင်မက ရေညှိစိမ်းတွေ၊ ပင်လယ်ရေမြှုပ်ကောင်တွေ၊ သာမန် မျက်စိနဲ့ မမြင်ရတဲ့ ပိုးကောင်မွှားကောင် မြောက်မြားစွာတို့ရဲ့ မှီတင်း နေထိုင်ရာလည်း ဖြစ်ပါတယ်။ အဲဒီသတ္တဝါတွေ သေဆုံးတဲ့အခါမှာ အောက်ခြေက နုန်းလွှာတွေ ထဲကို နစ်မြုပ်ဝင်ရောက်သွားခဲ့ပါတယ်။ နှစ်ပေါင်းသန်းနဲ့ချီပြီး ကုန်လွန်သွားတဲ့ နောက်မှာတော့ အဲဒီရုပ်ကြွင်းတွေဟာ ရေနံတွေ၊ သဘာဝဓာတ်ငွေ့တွေ အဖြစ် ပြောင်းလဲလို့ သွားပါတော့တယ်။ နောက်ဆုံးမှာ အဲဒီကုန်းတွင်း ပင်လယ်တွေ၊ သန္တာကျောက်တန်း တွေလည်း နစ်မြုပ် ပျောက်ကွယ်သွားကြပါတယ်။

ကမ္ဘာမြေအောက် အနက်တမိုင်ဝန်းကျင်လောက်မှာ တိမ်မြုပ်နေခဲ့တာပါ။ အဲဒီနောက် မှာတော့ ကမ္ဘာမြေရဲ့ အပေါ်ပိုင်းက တိုက်တိုးနစ် ကျောက်ချပ်လွှာကြီးတွေ ရွေ့လျားမှုနဲ့အတူ ပင်လယ်ရေမျက်နှာပြင် အပေါ်ပိုင်းဆီ ပြန်လည်တိုးထွက်လာခဲ့ ပါတယ်။ အဲဒီနောက် ပေါ်ထွက်လာတဲ့ ကုန်းမြေပြင်တွေ၊ တောင်တန်းတွေကို ရေတွေ၊ လေတွေက နှစ်ပေါင်းများစွာ တိုက်စားကြပြန်ပါတယ်။ အဲဒီဒေသမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၇၅ သန်း ဆိုတဲ့ ကာလတုန်းက အနေအထားကို ပြန်စဉ်းစား ကြည့်ပါ။ သက်ရှိတွေနဲ့ ပြည့်နှက်နေတဲ့ အပူပိုင်းကုန်းတွင်းပင်လယ်ထဲမှာ ကျွန်းတွေ ဟိုသည် တည်ရှိပြီး သတ္တဝါတွေလည်း ကျင်လည် ကျက်စားခဲ့ကြပါလိမ့်မယ်။

ဂွာတာလု(ပ်) တောင်ကြော

လွန်ခဲ့တဲ့ နှစ်ပေါင်း သန်း ၂၂၀ ဝန်းကျင်အထိ နယူးအင်္ဂလန်နဲ့ အာဖရိကမြောက်ပိုင်းတို့ဟာ ဘေးချင်းကပ်ရက် တည်ရှိခဲ့ကြပါတယ်။ အဲဒီတုန်းကဆိုရင် အတ္တလန္တိတ် သမုဒ္ဒရာရယ်လို့ကို မရှိခဲ့ပါဘူး။ သူတို့အကြား တည်ရှိခဲ့တဲ့ ခပ်ပြာပြာ ဆက်ကြောင်းရာအဖြစ် ရေကန်တွေပဲ တည်ရှိခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကမ္ဘာ့ကုန်းမြေ တိုက်ကြီးတွေအဖြစ်ကို ရွေ့လျားသွားခဲ့ကြပြီး ကမ္ဘာပေါ်က သက်ရှိတွေ အတွက်လည်း နောက်ထပ် ကြီးမားတဲ့ အပြောင်းအလဲတွေနဲ့ ထပ်မံ

ရင်ဆိုင်ခဲ့ရပြန်ပါတယ်။ နောက်ထပ် နှစ်တသန်းလောက်မှာတော့ ခုနပြောတဲ့ ရေကန်တွေဟာ တဖြည်းဖြည်း ကျယ်ဝန်းလာခဲ့ပြီး ပင်လယ်အော် အဖြစ်ကနေ အတ္တလန္တိတ် သမုဒ္ဒရာရယ်လို့ ပေါ်ထွက်လာခဲ့ပါတယ်။

ကမ္ဘာမြေရဲ့ အပေါ်ယံ ကျောက်စိုင်လွှာတွေ ပြောင်းလဲမှုဟာ ဟိုးအောက်ပိုင်းမှာ ကြီးမားတဲ့ အပြောင်းအလဲတွေရဲ့ နိမိတ်လက္ခဏာတွေအဖြစ် မှတ်ယူကောင်း မှတ်ယူနိုင်ပါတယ်။ ကျွန်တော်တို့ လူသားတွေ ကမ္ဘာမြေပေါ် ရောက်ရှိလာချိန်မှာတော့ အဲဒီလိုရောမ အပြောင်းအလဲကြီးတွေ အကြောင်း ဖော်ကောင်လုပ်မယ့် သဲလွန်စတွေဟာ အပြောကျယ်လှတဲ့ သမုဒ္ဒရာအောက်ဆီ နစ်မြုပ်သွားခဲ့ကြပါပြီ။ ကမ္ဘာမြေရဲ့ အတိတ်က ခက်ထန်ကြမ်းတမ်းမှုတွေ အကြောင်း ကျွန်တော်တို့ မသိရှိအောင် အဆက်ဖြတ် လိုက်သလို ဖြစ်သွားခဲ့ရပါတယ်။ အဲဒီတော့ အင်မတန် မေ့လွယ် ပျောက်လွယ်ရှိလှတဲ့ ကျွန်တော်တို့ လူသားမျိုးစိတ်တွေကပဲ ကျွန်တော်တို့ မပေါ်ပေါက်မီ ခေတ်ကာလတွေမှာ ဘာတွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာကို ရှာဖွေ လေ့လာခဲ့ရပြန်ပါတယ်။

၁၅၇၀ ခုနှစ်မှာ အေဗရာဟမ် အော်တီးလီးယပ်စ်[192] ဆိုသူဟာ နှစ်ပေါင်း ၈၀ ကျော်လူသားတို့ စွန့်ဦးသွားလာခဲ့တဲ့ မှတ်တမ်းတွေ ကနေတဆင့် ပထမဦးဆုံး ကမ္ဘာမြေပုံကို ရေးဆွဲခဲ့ပါတယ်။ အဲဒီခေတ်ကာလကို စွန့်ဦးသွားလာခြင်းတို့ရဲ့ ရွှေရောင်နေ့ရက်တွေလို့လည်း ဆိုနိုင်ပါတယ်။ သူ ရေးဆွဲခဲ့တဲ့ မြေပုံတောင် မင်မခြောက်သေးခင်မှာ အော်တီးလီးယပ်စ်ဟာ နောက်ကို နည်းနည်းဆုတ်ပြီး အရုပ်ဆက်သလို တည်ရှိနေတဲ့ ကမ္ဘာ့ကုန်းမြေတိုက်ကြီးတွေ ကိုသေချာကြည့်ရှု ခဲ့ပါတယ်။ အထူးသဖြင့်တော့ အတ္တလန္တိတ် သမုဒ္ဒရာရဲ့ အရှေ့ဘက်ကမ်းနဲ့ အနောက်ဘက်ကမ်း ဆိုပါတော့။ အဲဒီနောက်တော့ အမေရိက ဆိုတာ ဥရောပနဲ့ အာဖရိကတို့ကနေ မြေငလျင်လှုပ်တာ၊ ရေလွှမ်းမိုးတာတွေကြောင့် ခွဲထွက်သွား ခဲ့တဲ့ အစိတ်အပိုင်းလို့ သူက ရေးသားခဲ့ပါတယ်။ ဒါပေမယ့် အော်တီးလီးယပ်စ်ရဲ့ သုံးသပ်မှုဟာ နောက်ထပ် ရာစုနှစ် အတန်ကြာအထိ ထင်ကြေးသက်သက်အဖြစ်ပဲ ရှိခဲ့ပါတယ်။

အေဗရာဟမ် အော်တီးလီးယပ်စ် ရေးဆွဲခဲ့သည့် ပထမဦးဆုံး ကမ္ဘာမြေပုံ

၂၀ ရာစု အစောပိုင်းမှာ ဂျာမန် နက္ခတ္တဗေဒနဲ့ မိုးလေဝသ ပညာရှင်တဦး ဖြစ်သူ အဲလ်ဖရက် ဝက်ဂ်နာ[193] က အဲဒီ သီအိုရီနဲ့ ပတ်သက်ပြီး သိပ္ပံနည်းကျ အထောက် အထားတွေ ရှာဖွေပြုစုခဲ့ပါတယ်။ သူဟာ ပထမကမ္ဘာစစ် အတွင်းမှာ ပါဝင် တိုက်ခိုက်ခဲ့ပေမယ့် မကြာခင်မှာပဲ ဒဏ်ရာရရှိသွားလို့ အနားပေးခဲ့ရသူပါ။ စစ်ဆေးရုံမှာ တက်ရောက်ရင်း ဒဏ်ရာသက်သာလာတော့ ကမ္ဘာမြေရဲ့ အတိတ် သမိုင်းအကြောင်း သဲလွန်စ တွေနဲ့ ပတ်သက်တဲ့ လောကဓာတ်သိပ္ပံပညာရပ် ဆိုင်ရာ စာပေတွေကို အထူးပဲ စိတ်ဝင်စားလာခဲ့ပါတယ်။ အဲဒီမတိုင်ခင် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတည်းက တက္ကသိုလ်စာကြည့်တိုက်ကနေ စိတ်ဝင်စားဖွယ်ရာ စာတမ်းတစောင်ကြောင့် အဲဒီအခြင်းအရာနဲ့ ပတ်သက်ပြီး လေ့လာလိုစိတ် ပြင်းပြ ခဲ့တာလည်း ပါပါတယ်။

နူးညံ့တဲ့ ငှက်မွေးတောင်သဏ္ဍာန် သစ်ရွက်ရှိပြီး အပွင့် မပွင့်တဲ့ အပင်တမျိုး ဖြစ်တဲ့ ဖန်းပင်ဟာ အတ္တလန္တိတ် သမုဒ္ဒရာရဲ့ အရှေ့ဘက်ကမ်းရော၊ အနောက် ဘက်ကမ်းမှာပါ တွေ့ ရှိရတယ်ဆိုတဲ့အကြောင်း ရေးသားထားတဲ့ စာတမ်းပါ။ အဲဒီ ထက် ပိုပြီး စိတ်ဝင်စားစရာကောင်းတာက ဒိုင်နိုဆောမျိုးစိတ် တမျိုးတည်းရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေကိုလည်း အဲဒီ ကုန်းမြေတိုက်ကြီး နှစ်တိုက်စလုံးမှာ တွေ့ ရှိရတယ် ဆိုတာပါပဲ။

တောင်အမေရိက၊ အာဖရိကနှင့် အန္တာတိကတို့တွင် တွေ့ရသော အပူပိုင်း ဖန်းပင် အမျိုးအစားဖြစ်သည့် ဂလော့ဆိုတားရစ်[194] (ဟူစတန်သဘာဝသိပ္ပံသမိုင်းပြတိုက်[195])

(ကွန်ဂရက်စာကြည့်တိုက်)

တောင်အာဖရိကနှင့် တောင်အမေရိကတို့တွင် တွေ့ရှိသော ဆစ်နိုဂ်နေးသပ်စ်[196] ကျောက်ဖြစ်ရုပ်ကြွင်း (လန်ဒန်သဘာဝသိပ္ပံသမိုင်းပြတိုက်) နှင့် အန္တာတိက၊ အိန္ဒိယနှင့် တောင်အာဖရိကတို့တွင် တွေ့ရှိသော လစ်ဆိုဆောရပ်စ်[197] ကျောက်ဖြစ်ရုပ်ကြွင်း (ဖူးရစ်ချ် သဘာဝသိပ္ပံသမိုင်းပြတိုက်)

၂၀ ရာစု အစောပိုင်းကာလရဲ့ ဘူမိဗေဒပညာရှင်တွေကတော့ သတ္တဝါမျိုးစိတ်တွေ ကမ္ဘာ့ကုန်းမြေ အနှံ့ ပြန့်ပွားနေထိုင်ခဲ့ကြတယ်၊ အဲဒီကုန်းမြေတိုက်ကြီးတွေအကြား ဆက်သွယ်တံတားထိုး ထားသလို ဖြစ်နေတာတွေလည်း ရှိခဲ့တယ်လို့ ဖွင့်ဆိုရှင်းပြခဲ့ကြပါတယ်။ နှစ်ပေါင်းများစွာ ကုန်လွန်သွားတော့မှ လှိုင်းပုတ်တာတွေ၊ ရေတိုက်စားတာတွေကြောင့် အဲဒီလို ဆက်သွယ်ထားတဲ့ကုန်းမြေတွေလည်း ပျောက်ကွယ်သွား ခဲ့တယ်လို့ သူတို့က ဆိုပါတယ်။ ဒါပေမယ့် အဲဒီခေတ်က ပညာရှင်အများစုရဲ့ ယူဆချက်ဟာ မှားယွင်းနေ တယ်လို့ညွှန်ပြထားတဲ့ အထောက်အထားတရပ်ကို ဝက်ဂ်နာက ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အဲဒီ သက်သေ၊ အထောက်အထားကတော့ ကမ္ဘာမြေလို့ပဲ ဆိုရပါလိမ့်မယ်။ သူ ထောက်ပြပြောဆိုတာက အမေရိကမှာ တည်ရှိတဲ့ ကုန်းမြင့်တောင်တန်းတွေက သမုဒ္ဒရာကို ဖြတ်ကျော်ပြီး ဘာဖြစ်လို့ဥရောပအထိ သွယ်တန်း နေရတာလဲ။ နောက်ပြီး ဘရာဇီး နိုင်ငံနဲ့ တောင်အာဖရိကနိုင်ငံတို့ရဲ့ မြေပြင်ကျောက်သားလွှာ တွေက ဘာလို့ ထပ်တူထပ်မျှ ဖြစ်နေရသလဲ။ ရွှေ့နိုင်ပြောင်းနိုင်တဲ့ သတ္တဝါမျိုးစိတ်တွေ တင်မကပဲ အပူပိုင်းအပင်မျိုးစိတ် တွေကရော ဘာဖြစ်လို့ ရေခဲနေတဲ့ အာတိတ်စက်ဝိုင်းမှာ ပေါက်ရောက်နေရတာလဲလို့ပါ။ အဲဒီလို ခေါင်းခြောက်စရာ အမေးပုစ္ဆာတွေအတွက် ယုတ္တိအရှိဆုံး အဖြေကတော့ တချိန်တုန်းက ကမ္ဘာမြေဟာ ရောမကုန်းမြေတိုက်ကြီး အဖြစ် တဆက်တည်း တည်ရှိခဲ့တယ်လို့မှတ်ယူရုံပဲရှိပါတယ်။ အဲဒီ တခုတည်းသော ရောမကုန်းမြေတိုက်ကြီးကို ဝက်ဂ်နာက “ပန်ဂျီယာ” [198]လို့ နာမည်ပေးလိုက်ပါတယ်။ အဲဒီလိုဆိုတော့ ဝက်ဂ်နာတယောက် လောကဓာတ်သိပ္ပံပညာရှင် အသိုင်းအဝိုင်းမှာ ရေပန်းစားသူ ဖြစ်သွားလိမ့်မယ်လို့ ထင်မိတယ် မဟုတ်လား။ အဲဒီလို မဟုတ်ခဲ့ပါဘူး။



ပေလီယိုဇိုးဝစ်ယုဂ်နှောင်းပိုင်းနှင့် မီဆိုဇိုးဝစ်ယုဂ် အစောပိုင်းကာလ ပန်ဂျီယာကုန်းမြေ

ကမ္ဘာ့ကုန်းမြေတိုက်ကြီးတွေ ရွေ့လျားသွားခဲ့ကြတယ်ဆိုတဲ့ ဝက်ဂ်နာရဲ့ အနုမာန အဆိုကြမ်းကို အဲဒီခေတ်ရဲ့ ဘူမိဗေဒပညာရှင် အများစုက သရော်လှောင်ပြောင်ခဲ့ကြပါတယ်။ သူတို့က စိတ်ကူးယဉ် ကုန်းမြေတံတားကြီးတွေ ဆိုတဲ့ အယူအဆကိုပဲ စွဲကိုင်ထားခဲ့ကြပြီး ဝက်ဂ်နာရဲ့ အထောက်အထားတွေကို လစ်လျူရှုခဲ့ကြပါတယ်။ သမုဒ္ဒရာကြမ်းပြင်အောက်က ကျောက်စိုင်ကျောက်သားတွေကို ဖြတ်ကျော်ပြီး ကုန်းမြေတိုက်ကြီးတွေက ဘယ်လိုများ ရွေ့လျားကြမှာပါလိမ့်လို့ သူတို့က တန်ပြန် မေးခွန်းထုတ်ခဲ့ ကြပါတယ်။ အဲဒီ မေးခွန်းကို ဝက်ဂ်နာ တယောက် ပြေလည်အောင် ပြန်မဖြေရှင်းနိုင်ခဲ့ပါဘူး။ ဝက်ဂ်နာဟာ ပညာရပ်နယ်ပယ်မှာ အလှောင်ခံတယောက် ဖြစ်လာခဲ့သလို ပညာရှင်တွေနှီးနှောဖလှယ်ပွဲတွေကနေလည်း ဝိုင်းပယ်ခံထားခဲ့ရပါတယ်။ ဒါပေမယ့် ဝက်ဂ်နာဟာ သူ့ရဲ့ ရပ်တည်ချက်အတွက် လက်မြှောက်အားလျှော့ခြင်း မရှိခဲ့ဘဲ ဆက်လက် တိုက်ပွဲဝင်ခဲ့ပါတယ်။ သူ့ရဲ့ အနုမာနကို ခိုင်မာစေဖို့အတွက် နောက်ထပ် သိပ္ပံနည်းကျ အထောက်အထားတွေ ဆက်လက် ရှာဖွေခဲ့ပါတယ်။ တနေ့တော့ ဂရင်းလန်းလေ့လာရေးခရီးစဉ်အတွင်း သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ ရေခဲအိမ်ထဲမှာ အစာရေစာ ပြတ်လပ်ပြီး ပိတ်မိနေခဲ့တဲ့နောက် စားရေရိက္ခာ ရှာဖွေပြီး ပြန်လည်သွားရောက် ကယ်တင်ဖို့ အားထုတ်ရာမှာ သူလည်း နှင်းမုန်တိုင်းထဲမှာ လမ်းပျောက် သွားခဲ့ပါတော့တယ်။ သူ့ရဲ့ အသက်၅၀ ပြည့်နှစ် မွေးနေ့အလွန် တရက်၊ နှစ်ရက် အကြာမှာပဲ ပျောက်ဆုံးသွားခဲ့တာ ဖြစ်ပါတယ်။ သမိုင်းတလျှောက်

အထင်ရှားဆုံး ဘူမိဗေဒပညာရှင်တဦးအဖြစ် သူ့အမည်ကိုနောင်လာနောက်သား တွေ မှတ်မိနေ ကြလိမ့်မယ်လို့ သိမသွားခဲ့ရရှာပါဘူး။

၁၉၃၀ ခုနှစ်၊ နိုဝင်ဘာလ၊ ဂရင်းလန် လေ့လာရေးခရီးမှ ဝက်ဂ်နာ (ဝဲဘက်) [နောက်ဆုံး ရိုက်ကူးခဲ့သော ဓာတ်ပုံလည်း ဖြစ်သည်]

တကယ်တော့ လောကဓာတ်သိပ္ပံပညာရှင်တွေဟာလည်း လူသားတွေပါပဲ။ သူတို့မှာလည်း မသိစိတ်ထဲ ကိန်းအောင်းနေတဲ့ ဘက်လိုက်မှုတွေ၊ အဂတိတရားတွေရှိနေနိုင်ပါတယ်။ ဒါပေမယ့် လောကဓာတ်သိပ္ပံ ပညာရပ်နယ်ပယ်ကတော့ အဲဒီ ဘက်လိုက်မှုတွေ၊ အဂတိတရားတွေကို မွှေနှောက်ရှာဖွေပြီး အမှန်ပြင်ဆင်နိုင်တဲ့ ယန္တရားအဖြစ် တည်ဆောက်ထားပါတယ်။ ပြဿနာက ကျွန်တော်တို့ လူသားတွေကပဲ လောကဓာတ်သိပ္ပံပညာရဲ့ အဓိက စံတန်ဖိုးတွေအပေါ်အစဉ်ထာဝရ သစ္စာစောင့်သိမှုမပြုကြခြင်းပါ။ အဲဒီအကြောင်းအရာ နဲ့ ပတ်သက်လို့တော့ မယ်ရီ သာ့ပ်[199] ထက် သိနားလည်သူ ရှိနိုင်မယ် မထင်ပါဘူး။ အချိန်က ၁၉၅၂ ခုနှစ်ဖြစ်ပြီး မယ်ရီဟာ ဘူမိဗေဒဌာနမှာ အတူတကွ တာဝန်ထမ်းဆောင်သူ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ပေါ့ပေါ့တန်တန် ဆက်ဆံမှုတွေအပေါ် သည်းခံနေခဲ့ ရပါတယ်။ သူမ အထူးပြု လေ့လာခဲ့တဲ့ ဘူမိဗေဒနဲ့ သင်္ချာဗေဒတို့ဟာ အဲဒီသူတွေ အတွက်ဘာမှ အရေးပါဟန်မတူပါဘူး။ အိုင်ယိုဝါပြည်နယ်က မဟာတန်းကျောင်းသားတဦးဖြစ်သူ ဘရုစ် ဟီဇန်[200] ဟာ အသံလှိုင်းကို အသုံးပြုပြီး ပင်လယ် ရေအောက် မျက်နှာပြင် မြေပုံရေးဆွဲရေး သုတေသနကနေ စာရွက်စာတမ်း တပွေ့တပိုက်ကြီးနဲ့ ပြန်လည် ရောက်ရှိလာခဲ့ပါတယ်။ အဲဒီနောက် မြေပုံရေးဆွဲ ရေးနဲ့ ပတ်သက်ပြီး ဆက်လက်ကိုင်တွယ်ဖို့ မယ်ရီကို တာဝန်ပေးလိုက်ပါတော့ တယ်။

မယ်ရီ သော့ပ်နှင့် ဘရုစ် ဟီဇန်တို့ မြေပုံရေးဆွဲနေစဉ်။ ဓာတ်ပုံ - Joe Covello (National Geographic)

အဲဒီနောက် အတ္တလန္တိတ်သမုဒ္ဒရာ အလယ်ဝန်းကျင်လောက်မှာ မြေလွှာ ကွဲချိုင့်ဝှမ်းကြီး တည်ရှိကြောင်း မယ်ရီက ထောက်ပြခဲ့ပေမယ့် ပညာရှင်ဆိုသူ တွေက လက်ခံဖို့ငြင်းဆန်ကြဆဲပါပဲ။ အဲဒီလိုဆိုရင် ကမ္ဘာ့ကုန်းမြေ တိုက်ကြီးတွေ ရွေ့လျားတဲ့ သီအိုရီကို ထောက်ခံသလို ဖြစ်နေမယ်၊ ဝက်ဂ်နာလိုမျိုး ပညာရပ်ဆိုင်ရာ အပယ်ခံဘဝနဲ့ လှောင်ပြောင်ခံရတဲ့ကံကြမ္မာမျိုး ရင်ဆိုင်ချင်လို့လားဆိုပြီး သူမကို သတိပေးကြပါသေးတယ်။ ဒါပေမယ့် မယ်ရီကတော့ အလွယ်တကူ လက်လျှော့ခြင်း မပြုခဲ့ပါဘူး။ နောင်နှစ်ပေါင်း အနည်းငယ်အတွင်းမှာ မယ်ရီနဲ့ ဘရုစ်တို့ ပင်လယ်ရေပြင်အောက်က မြေလျှင်ဗဟိုချက်တွေ အကြောင်း မြေပုံ

ရေးဆွဲကြတော့ အတ္တလန္တိတ် သမုဒ္ဒရာကြမ်းပြင်ရဲ့ မြေလျှင်ဗဟိုချက်တွေ အားလုံးဟာ မြေလွှာကျွံချိုင့်ဝှမ်း အနီးဝန်းကျင်မှာ ပေါ်ပေါက်ကြောင်း တွေ့ရှိ လာရပါတယ်။ အဲဒီအချက်ကပဲဝက်ဂ်နာရဲ့ ကမ္ဘာ့ကုန်းမြေတိုက်ကြီးတွေ ရွေ့လျားခြင်း သီအိုရီကို အခိုင်အမာ ထောက်ခံလို့ နေပါတော့တယ်။ မယ်ရီရဲ့ အဆိုမှန်ကန်နေခဲ့ကြောင်းကို အဲဒီတော့မှပဲ ဘရုစ်တယောက် လက်ခံလာခဲ့ရပါတယ်။ အဲဒီနောက် သူတို့နှစ်ယောက် အတူ ပူးပေါင်းပြီး သမုဒ္ဒရာ ကြမ်းပြင်တွေ အပါအဝင် ကမ္ဘာမြေပုံ အပြည့်အစုံကို ရေးဆွဲနိုင်ခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ကမ္ဘာမြေရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ကိုဖတ်ရှုနိုင်ဖို့ ကျွန်တော်တို့ အဆင်သင့်ဖြစ်လာခဲ့ပါပြီ။

အတ္တလန္တိတ် မြေလွှာကျွံချိုင့်ဝှမ်း

တကယ်တော့ ကမ္ဘာမြေရဲ့ သုံးပုံနှစ်ပုံဟာ ပင်လယ်ရေပြင်အောက် ၁,၀၀၀ အနက်မှာ တည်ရှိလို့နေပါတယ်။ ကမ္ဘာမြေရဲ့ ပင်လယ်သမုဒ္ဒရာအောက်ပိုင်း ဒေသတွေကို ကျွန်တော်တို့လူသားတွေ ရင်းနှီးခြင်း မရှိပါဘူး။ အယ်ပလေချီယန်တွေ၊ ရော့ကီးတောင်တန်းတွေ ကိုတော့ ကျွန်တော်တို့ တရင်းတနှီး သိရှိထားကြပပေပါတယ်။ တကယ်တော့ကမ္ဘာမြေရဲ့ အခမ်းနားဆုံး ဆိုတဲ့တောင်စဉ် တောင်တန်း တွေဟာ အဲဒီ ရေအောက် သမုဒ္ဒရာကြမ်းပြင်တွေမှာ တည်ရှိတာပါ။

ပင်လယ် ရေပြင်အောက်ဆီ မီတာ ၁၀၀ ဝန်းကျင် ရောက်ရှိတဲ့ အခါမှာတော့ ကျွန်တော်တို့နဲ့ တချိန်လုံးထိတွေ့ နေကျဖြစ်တဲ့ နေရောင်ခြည်ကို မြင်ရတော့မှာ မဟုတ်ပါဘူး။ အမှောင်အတိ ဖုံးလွှမ်းနေတဲ့ အဲဒီ ရေအောက်ကမ္ဘာမှာ ထူးဆန်းအံ့သြဖွယ်ရာတွေ ပြည့်နှက်လို့နေပါတယ်။ အတ္တလန္တိတ် မြေလွှာကျုံ့ချိုင့်ဝှမ်း[201] ဆိုတာ ကမ္ဘာပေါ်မှာ အရှည်လျားဆုံးသော တောင်စဉ်တောင်တန်းမျိုး ဖြစ်ပါတယ်။ အဲဒီ မြေလွှာကျုံ့ ချိုင့်ဝှမ်းဟာ ဘေ့စ်ဘော ဘောလုံးရဲ့ ချုပ်ရိုးကြောင်းလိုပဲ ကျွန်တော်တို့ ကမ္ဘာမြေကို ရစ်ပတ်လို့ နေပါတယ်။

အတိတ်ကာလတုန်းကဆိုရင် ကျွန်တော်တို့ ကမ္ဘာမြေဟာ တကယ့် တခြားဂြိုဟ်တလုံးလို နေပါလိမ့်မယ်။ ဒါပေမယ့် အဲဒီ မြေလွှာကျုံ့ချိုင့်ဝှမ်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ အများစု ကြားတောင် မကြားဖူးခဲ့ကြပါဘူး။ ပင်လယ်ရေမျက်နှာပြင်အောက်က တောင်စဉ်တောင်တန်းတွေကိုလည်း ကျွန်တော်တို့ မသိရှိခဲ့ကြပါဘူး။ အဲဒီလို ရင်းနှီးကျွမ်းဝင်ခြင်း မရှိတဲ့ ကမ္ဘာလောကအကြောင်းကို စိတ်ကူးခန့်မှန်းကြည့်နိုင်ခဲ့သူတွေထဲမှာ မယ်ရီသော့ပ် တို့က ထိပ်ဆုံးစာရင်းထဲ ပါဝင်ပါလိမ့်မယ်။

အဲဒီ တောင်စဉ်တန်းတွေထဲမှာ အမြင့်ဆုံးသော တောင်ထိပ်တွေဟာ ပင်လယ် သမုဒ္ဒရာရေပြင် အောက် ၄ ကီလိုမီတာ အနက်မှာ တည်ရှိပါတယ်။ တောင်တန်းတွေ တင်မကဘဲ ချောက်ကမ်းပါးတွေလည်း ရှိပါတယ်။ ၁၀ ကီလိုမီတာ ဝန်းကျင် နက်ရှိုင်းတဲ့ မာရီယာနာထရန့်ချ်[202]ဆိုတဲ့ ချောက်ကမ်းပါးကြီးဆိုရင် ကမ္ဘာပေါ်မှာ အနက်ရှိုင်းဆုံးလို့ ဆိုရမှာ ဖြစ်ပါတယ်။

ဘေးချင်းကပ် တိုက်တိုးနစ် ကျောက်ချပ်လွှာတွေ ဝင်တိုက်မိကြပြီး ပင်လယ်ကြမ်းပြင်ကို အောက်ဘက်ဆီ တွန်းပို့လိုက်သလို ဖြစ်သွားရာကနေ ပေါ်ထွက်လာခဲ့တာပါ။ အဲဒီလို ထူးဆန်း အံ့သြဖွယ်ရာတွေ အပြည့်ရှိတဲ့ သမုဒ္ဒရာကြမ်းပြင်တွေဆီ ရောက်ရှိဖူးသူ အရေအတွက်ဟာ လကမ္ဘာ ပေါ်ရောက်ရှိဖူးသူ အရေအတွက်ထက် ပိုပြီး နည်းပါးပါတယ်။ အဲဒီ ပင်လယ် သမုဒ္ဒရာ ကြမ်းပြင်မှာဆို ၁ စတုရန်းလက်မ အရွယ်အစားအတွက် ဖိအား ၈ တန် လောက်အထိ များပြားလို့ နေပါတယ်။ အဲဒီလိုပင်လယ်ကြမ်းပြင်ကို သွားရောက်ဖို့ ဆိုတာ ရောမဂျက် လေယာဉ်ကြီးတွေ အစင်း၅၀ လောက်ကျွန်တော်တို့ကိုယ်ပေါ် ဖိထားသလို ရှိပါ

လိမ့်မယ်။ အဲဒီလို အနေအထားမျိုးမှာတောင်မှ သက်ရှိတွေ ရှင်သန်ပေါက်ဖွားနေနိုင်တာဟာ အင်မတန် ခမ်းနား ဆန်းကြယ်တယ်လို့ ဆိုရမှာပါပဲ။

ဖိလစ်ပိုင်အရှေ့ပိုင်း ပစိဖိတ်သမုဒ္ဒရာထဲက မာရီယာနာ ထရန့်ချ်

နက်ရှိုင်းလှတဲ့ ပင်လယ်ရေပြင်ထုကို ဖြတ်ကျော်ပြီး အလင်းဝင်ရောက် နိုင်စွမ်း မရှိဘူးဆိုတာနဲ့ပဲ သမုဒ္ဒရာ ကြမ်းပြင်မှာ အလင်းရယ်လို့ မရှိနိုင်ဘူး မဟုတ်ရပါဘူး။ ပင်လယ်ကြမ်းပြင်ပိုင်းမှာ နေထိုင်ကြတဲ့ သတ္တဝါမျိုးစိတ် အများစု ဟာ Bioluminescence ခေါ်တဲ့ ဇီဝအလင်းထုတ်လုပ်မှုဖြစ်စဉ်နဲ့ အမှောင်ထုထဲမှာ အလင်း ထုတ်လုပ်နိုင်စွမ်း ရှိကြပါတယ်။ နေရောင်ခြည်အောက်က ကုန်းမြေပေါ်မှာ နေထိုင်ကြတဲ့ ကျွန်တော်တို့ နို့တိုက်သတ္တဝါတွေ အဖို့တော့ ဟိုးပင်လယ်သမုဒ္ဒရာ ကြမ်းပြင်ဆီက ဆင့်ကဲ ဖြစ်စဉ်တွေရဲ့ ရလဒ်နဲ့ ပေါ်ထွက် လာခဲ့တဲ့ အမျိုးမျိုးသော သတ္တဝါမျိုးစိတ်တွေ အကြောင်းကို နားလည်နိုင်ဖို့ အတော့်ကို ခဲယဉ်းပါလိမ့်မယ်။ အဲဒီအရပ်ဒေသမှာ နေရောင်ခြည်ရယ်လို့ မရှိတာကြောင့် နေရောင်ခြည်ကို အသုံးပြုပြီး အစာချက်လုပ်တဲ့ ဖိုတိုဆင်းသက်ဆစ် ဖြစ်စဉ်ရယ်လို့လည်း မရှိပါ ဘူး။ အဲဒါနဲ့ပဲ သတ္တဝါတွေ စားသုံးနိုင်ဖို့ အပင်တွေ မရှိဘူးလို့ မဟုတ်ရပါဘူး။

အမြဲတမ်း အမှောင်အတိပြီးနေတဲ့ ပင်လယ် ကြမ်းပြင်မှာတောင် အစာကွင်းဆက်တွေ တည်ရှိလို့ နေပါတယ်။ အဲဒီ အစာကွင်းဆက်ဟာ ဆိုရင် ကီမိုဆင်းသက်ဆစ် [203]ဆိုတဲ့ ဖြစ်စဉ်နဲ့ အစပြုပါတယ်။ အဏုဇီဝ ပိုးမွှားလေးတွေဟာ ပင်လယ် ကြမ်းပြင် ကျောက်ဆောင် ပက်ကြားအက်တွေဆီက ထွက်ရှိတဲ့ ဟိုက်ဒရိုဂျင် ဆာလ်ဖိုဒ် ဓာတ်ပေါင်း အဆိပ်ငွေ့ တွေထဲကနေ အစာရှာဖွေနိုင်ခဲ့ကြပါတယ်။ အဲဒီ အနက်ရောင် မီးခိုးငွေ့လုံးတွေဟာ ဓါတုအပူဓာတ်ကို ပေးစွမ်းနိုင်တာကြောင့် သက်ရှိတွေ ဖြစ်တည်ဖို့ အခွင့်ရစေပါတယ်။ အဲဒီ အဏုဇီဝ ပိုးမွှားတွေကို အခွံမာ ရေနေသတ္တဝါတွေက စားသုံးကြပါတယ်။ သူတို့ထက် အရွယ်အစားပိုမို ကြီးမား တဲ့ သတ္တဝါတွေက အဲဒီအခွံမာကောင်တွေကို ထပ်မံ စားသုံးကြပါတယ်။

မာရီယာနာ ထရန့်ချ်အတွင်းမှ ထူးထူးဆန်းဆန်း သတ္တဝါမျိုးစိတ်များ

ဘာရယ်အိုင်းငါး[204] နှင့် ရေယက်ကား မိစ္ဆာငါး[205]

ရေအောက်နဂါးငါး[206] နှင့် ဂေါ်ဘလင် ငါးမန်း[207]



ပါးဟက်တွန့် ရှေးဟောင်း ငါးမန်းမျိုး[208] နှင့် ရေအောက် ပုဆိန်ငါး[209]

အဲဒီ ပင်လယ်သမုဒ္ဒရာကြမ်းပြင်ဆီက တောင်စဉ်တောင်တန်းတွေဟာ တနေ့တချိန်မှာတော့ ကမ္ဘာ မြေပြင်ပေါ်ကို တဖန်ပြန်လည်တိုးထွက်လာဦးမှာပါပဲ။ တိုက်တိုးနစ်ကျောက်ချပ်လွှာတွေဟာ ကျွန်တော်တို့ ကမ္ဘာမြေကို စဉ်ဆက်မပြတ် အသွင်ပြောင်းပေးနေပါတယ်။ အနာဂတ်ဟာလည်း အခုလက်ရှိနဲ့ လုံးဝ ကွဲပြားခြားနားတဲ့ ကျောက်သားဂြိုဟ်တလုံး ဖြစ်နေပါလိမ့်မယ်။ အဲဒီ ပင်လယ်ရေအောက် ကြမ်းပြင်တွေရဲ့ မီးတောင် တွေကြောင့်ပဲ လွန်ခဲ့တဲ့နှစ်သန်းပေါင်း အနည်းငယ်မှာ ဟာဝိုင်ယီလိုကျွန်းငယ်တွေ ပေါ်ထွက်လာခဲ့ရတာပါ။ ကျွန်တော်တို့ဟာ ချော်ရည်ချော်မြှုပ်တွေ ပြည့်နှက်နေတဲ့ ဒယ်အိုးထဲက အပေါ်ယံ မျက်နှာပြင်တင်းနေတဲ့ အလွှာပေါ် နေထိုင်နေကြရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာမြေရဲ့ အလယ် ဗဟိုမှာ သံသတ္တုတွေနဲ့ ဖွဲ့စည်းထားတဲ့ အူတိုင်ရှိပြီး အဲဒီ အူတိုင်ကို သံရည်ပူတွေနဲ့ ကာရံလို့ထားပါတယ်။ အဲဒီအပိုင်းကို ကာရံ ထားတာ

ကတော့ မန်တယ်လ်(ခေါ်) ကမ္ဘာ့ကြားလွှာ[210] ဖြစ်ပါတယ်။ အဲဒီအစိတ်အပိုင်းကတော့ ကျောက်သား အများစုပါ၊ ဒါပေမယ့် အလွန် ပူပြင်းပြီး စေးပြစ်တဲ့ အရည်တပိုင်းမျိုး ဖြစ်ပါတယ်။ နွားနို့ကနေ ထောပတ် ကျိုနေသလိုမျိုး မီးဖိုပေါ်က စွပ်ပြုတ်အိုးတလုံးနဲ့တောင် တူနေပါသေး တယ်။ အဲဒါဆို အဲဒီ ကျောက်သားရည်တွေ၊ သံရည်ပူတွေကို ဘယ်အရာကများ ဆက်လက် လည်ပတ်နေစေတာပါလိမ့်။ ကမ္ဘာမြေရယ်လို့ ဖြစ်တည်ခဲ့တုန်းက ကြွင်းကျန်ရစ်ခဲ့တဲ့ အပူစွမ်းအင်နဲ့ အလယ်ဗဟိုအူတိုင်က ရေဒီယိုသတ္တိကြွ ဒြပ်စင်တွေရဲ့ ပုပ်ဆွေးမှုကြောင့် ထွက်ပေါ်လာတဲ့ စွမ်းအင်တွေကြောင့်ပဲ ဖြစ်ပါ တယ်။ အဲဒီရဲ့ အပေါ်ယံ မာတင်းနေတဲ့ အလွှာချပ်ပေါ်မှာတော့ ကျွန်တော်တို့ လူသားတွေ အပါအဝင် အမျိုးမျိုးသော သက်ရှိသတ္တဝါတွေ နေထိုင်ရှင်သန်ကြ ပါတယ်။

တခြား အလွှာတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ နေထိုင်ကြတဲ့ အပေါ်ယံ မြေသားလွှာဆိုတာ ပန်းသီးတလုံးရဲ့ အခွံဆိုတာလောက်ပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီ စေးပြစ်နေတဲ့ကျောက်ရည်ပူ မန်တယ်လ်လွှာဟာ အပေါ်ယံမြေသားလွှာ အမာကို သူနဲ့အတူ ရွေ့လျားစေပါတယ်။ မြေသားလွှာက အပေါ်ယံမှာ မာကျောနေတာ အေးခဲသွားလို့ဖြစ်ပြီး အချိန်ကာလ အတိုင်းအတာတခု အရောက်မှာ ကျိုးပျက် တာတွေလည်း ဖြစ်လေ့ရှိပါတယ်။ အဲဒီလိုကျိုးပျက်တာကို မြေငလျင်လှုပ်တယ်လို့ ခေါ်ဆိုကြပါတယ်။

တစုံတယောက်က မကောင်းမှု၊ အကုသိုလ်တွေ ကျူးလွန်တာကြောင့်တို့၊ တဦးတယောက်ကို ဒဏ်ခတ်၊ အပြစ် ပေးတဲ့အနေနဲ့တို့ကြောင့် မြေငလျင်တွေ ဖြစ်ပေါ်တာ မဟုတ်ရပါဘူး။ သဘာဝ တရားရဲ့ ကြီးမားလှတဲ့ ပကတိ နိယာမ သဘောတရားတွေကြောင့်ပဲ ဖြစ်ပေါ်ရတာပါ။ ကျွန်တော်တို့ရဲ့ သက်တမ်း တိုတိုလေး အတွင်း ကမ္ဘာမြေကြီးဟာ ခိုင်မာတဲ့ သဘော ရှိတယ်ရယ်လို့ မှတ်ယူထားခြင်းဟာ တကယ့်ကို ထင်ယောင်မြင်မှား အတွေးအခေါ်ပဲ ဖြစ်ပါလိမ့်မယ်။ တကယ်လို့သာ ကမ္ဘာမြေကို သူ့ရဲ့ ဘူမိဗေဒ သက်တမ်းဇယားအတိုင်း ကြည့်ရှုလို့ရမယ်ဆိုရင် နှစ်ပေါင်း ၁၀ သန်းဆိုတဲ့ ကာလအတွင်း ပြောင်းလဲမှုတွေ အများကြီး ဖြစ်ပွားခဲ့တယ်လို့ တွေ့ ရမှာပါပဲ။ လှုပ်ရှားသက်ဝင်နေတဲ့ သက်ရှိသတ္တဝါတကောင်လိုတောင် ရှုမြင်ကောင်း ရှုမြင် နိုင်ပါလိမ့်မယ်။ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း

၂၀၀ ဝန်းကျင်၊ ထရိုင်ယာဆစ်ယုဂ် ကာလတုန်းကဆို ကမ္ဘာမြေပြင်ဟာ အခုလို အနေအထားမျိုး ဟုတ်ချင်မှဟုတ်ပါ လိမ့်မယ်။ အဲဒီခေတ်တုန်းကဆိုရင် ကျွန်တော်တို့ရဲ့ ဘိုးဘွားမျိုးစိတ်တွေဖြစ်ကြတဲ့ နို့တိုက် သတ္တဝါငယ်လေးတွေဟာ ကမ္ဘာမြေကို စိုးမိုးခဲ့တဲ့ ရောမသတ္တဝါကြီးတွေရဲ့ ခြေရင်းနားမှာ ထိတ်လန့်တကြား ရှင်သန်ခဲ့ကြရတာမျိုး ဖြစ်ပါတယ်။

ကမ္ဘာမြေရဲ့ ကြိုက်တဲ့ နေရာဒေသကို လက်ညှိုးထိုးကြည့်ပါ။ အဲဒီ မြေသားပြင်တွေ အောက်မှာ အတိတ်ကာလရဲ့ ပျောက်ဆုံးသွားခဲ့ပြီး ဖြစ်တဲ့ ကမ္ဘာလောကတွေကို တွေ့ရမှာပဲ ဖြစ်ပါတယ်။ နှစ်ပေါင်း သန်း ၅၀၊ သန်း ၁၀၀ ဆိုတဲ့ အချိန်ကာလတွေအတွင်းမှာ အထင်ကရဆိုတာ မျိုးတွေတောင် ကြီးမားတဲ့ အပြောင်းအလဲတွေ အောက်မှာ ပျောက်ကွယ် သွားပါလိမ့်မယ်။ ပယ်လီဆိတ်တောင်တန်းတွေ[211] ဟာဆိုရင် ပန်ဂျီယာဆိုတဲ့ ကမ္ဘာ့ရောမ ကုန်းမြေတိုက်ကြီး ပြိုကွဲသွားခဲ့တုန်းက ကြွင်းကျန်ရစ်တဲ့ ခြေရာလက်ရာတွေပါပဲ။ အဲဒီမတ်စောက်တဲ့ တောင်စောင်းတွေကို ဖြစ်ပေါ်စေခဲ့တဲ့မီး တောင်ပေါက်ကွဲမှုတွေကြောင့် ကမ္ဘာမြေပေါ်က သက်ရှိသတ္တဝါတွေကို အစုလိုက်၊ အပြုံလိုက် မျိုးတုံးပျောက်ကွယ်စေမယ့် ကပ်ဘေးဆိုးတွေဆီ ဦးတည်ခဲ့စေပြန်ပါတယ်။ အဲဒီ ကပ်ဘေးဆိုးတွေကြောင့်ပဲ ထရိုင်ယာ ဆစ်ယုဂ်ကို အဆုံးသတ် သွားစေခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ဒါပေမယ့် သတ္တဝါမျိုးစိတ်တခုကို မျိုးတုံးပျောက်ကွယ်သွားစေမယ့် ကပ်ဘေးဆိုး တခုဆိုတာဟာ နောက်သတ္တဝါ မျိုးစိတ်တခုအတွက် ရှင်သန်ပွားများစေဖို့ အခွင့်ကောင်း၊ အခါကောင်းလည်း ဖြစ်စေနိုင် ပြန်ပါတယ်။ ထရိုင်ယာဆစ် ယုဂ်ရဲ့ မျိုးတုံးကပ်ဘေးဆိုးတွေဟာ သတ္တဝါအုပ်စုတစုကို အဆုံးသတ်သွား စေခဲ့ပြီး နောက်ထပ် သတ္တဝါအုပ်စု တစုအတွက် ကမ္ဘာမြေကို စိုးမိုးနိုင်ဖို့ အခွင့် အလမ်း ဖြစ်စေခဲ့ပါတယ်။ ဒိုင်နိုဆော သတ္တဝါတွေဟာ ကမ္ဘာမြေပေါ်မှာ နှစ်ပေါင်း သန်း ၁၇၀ တိုင်တိုင် စိုးမိုးခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီခေတ် ကာလတုန်းက ဆိုရင် အိန္ဒိယဆိုတာ ကျွန်းငယ်တခုပါပဲ။ အဲဒီ ကျွန်းငယ်ဟာ မြောက်စူးစူးဆီကို တနှစ်မှာ လက်မ အနည်းငယ် နှုန်းထားနဲ့ ရွေ့လျားလို့နေပါတယ်။ အင်မတန်နှေးကွေးတဲ့ နှုန်းထားတဲ့ သွားရောက်နေတယ် ဆိုပေမယ့် အာရှတိုက်မကြီးနဲ့ ပေါင်းဆုံဖို့ ကံကြမ္မာကနေတော့ သေချာပြီး ဖြစ်နေခဲ့ပါတယ်။ အဲဒီနောက် အောက်ခြေက

တိုက်တိုးနစ်ကျောက်လွှာတွေ ရွေ့လျားသွားတဲ့အခါမှာ အိန္ဒိယတိုက်ငယ်ရဲ့ အနောက်ပိုင်း တော်တော်များများ ရေလွှမ်းသွားခဲ့ရပါတယ်။ ဒါပေမယ့် အပြီး သတ်ပွဲသိမ်း အပြောင်းအလဲကတော့ မထင်မှတ်တဲ့ နေရာကနေ ပေါ်ထွက်လာခဲ့ တယ်လို့ ဆိုရမှာပါပဲ။

ခရီတေးရှပ်ယုဂ် နှောင်းပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ ဥက္ကာစိုင် ဝင်တိုက်မှု ကပ်ဘေး ဆိုးကနေ လွတ်မြောက်ခဲ့တဲ့ သတ္တဝါတွေထဲမှာ ပေါင် ၁၀၀ အလေးချိန် ကျော် လွန်တဲ့မျိုးစိတ်ရယ်လို့ မရှိသလောက် ဖြစ်ပါတယ်။ အဲဒီလို ဥက္ကာစိုင် ဝင်ရောက် ထိမှန်ခဲ့တာကနေ ထွက်ပေါ်လာတဲ့ ဖုန်မှုန့်တွေဟာ ကမ္ဘာမြေကို လပေါင်း အတန်ကြာ ဖုံးလွှမ်းထားခဲ့ပါတယ်။ နေရောင်ခြည်ကို မရရှိတော့သလို အေးစက် ခြင်း အတိပြီးတဲ့ နေ့ရက်တွေ ဆိုပါတော့။ အဲဒီနောက်မှာတော့ ဒိုင်နိုဆော သတ္တဝါ တွေလည်း အအေးလွန်ကဲခြင်းနဲ့ အစာရေစာ ငတ်ပြတ်ခြင်းတို့ကြောင့် သေဆုံး ကုန်ပါတော့တယ်။ ဒါပေမယ့် အရွယ်အစား ခပ်ငယ်ငယ် သတ္တဝါ တချို့တော့ ကပ်ဘေးဆိုးကနေ လွတ်မြောက် ခဲ့ကြသလို သူတို့တချိန်လုံး ထိတ်လန့် ကြောက်ရွံ့နေခဲ့ရတဲ့ ရောမ သတ္တဝါကြီးတွေလည်း ပျောက်ကွယ်သွားပြီ ဖြစ်ကြောင်း တဖြည်းဖြည်း ရိပ်စားမိလာခဲ့ကြပါတယ်။ အဲဒီအခါမှာတော့ ကမ္ဘာ မြေ ဟာ နို့တိုက် သတ္တဝါတို့ ကြီးစိုးရာ ဌာနေ ဖြစ်လာခဲ့ပါတယ်။ တချိန်တည်းမှာပဲ ကမ္ဘာမြေပြင်ဟာလည်း တိုက်တိုးနစ် ကျောက်ချပ်လွှာကြီးတွေ ရွေ့လျားမှုနဲ့အတူ စဉ်ဆက်မပြတ် ပြောင်းလဲနေဆဲပါပဲ။

တချိန်တုန်းကဆို တချို့ အရပ်ဒေသတွေဟာ ဘယ်လို အပင်၊ သီးနှံမျိုးမှ ပေါက်ရောက်ခြင်း မရှိသလို စိုက်ပျိုး လို့လည်း မရနိုင်တဲ့ သဲကန္တာရလွင်တီးခေါင် တွေ ဖြစ်ပါတယ်။ သဲမှုန်တွေနဲ့ ဆားပြင်တွေ အတိ ပြီးနေခဲ့တာကြောင့် ဒီကနေ့ ကမ္ဘာပေါ်မှာ သက်ရှိတွေ ရှင်သန်ရပ်တည်ဖို့ အခက်ခဲဆုံး အရပ်ဒေသတွေ ထက် တောင် ပိုမို ဆိုးဝါးခဲ့ပါလိမ့်မယ်။ နေ့ခင်းဘက် အပူချိန်ဟာဆိုရင် ပေါင်မုန့်ဖုတ်လို့ ရနိုင်လောက်တဲ့အထိ ပူပြင်းပါတယ်။ ပင်လယ်ရေမျက်နှာပြင်ထက် တမိုင် လောက် နိမ့်ကျနေတာကြောင့်လက်ရှိခေတ်ထက် ၅၀ ရာခိုင်နှုန်းလောက် ပိုမို ပြင်းထန်မှာ ဖြစ်ပါတယ်။ ကမ္ဘာမြေပေါ်မှာ သက်ရှိတွေ နေထိုင်နိုင်ဖို့ အတော့်ကို ခက်ခဲကြမ်း တမ်းလှတဲ့ အခြေအနေလို့ ဆိုရမှာပါပဲ။ ဒါပေမယ့် အဲဒီလို အရပ်

ဒေသဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅ သန်းခွဲ လောက်တုန်းက မြေထဲပင်လယ်ရယ်လို့ မပေါ်ပေါက်မီ မြစ်ဝှမ်းဒေသ ဖြစ်ခဲ့ပါတယ်။ ကမ္ဘာမြေပြင်ဟာ အချိန်အကြာကြီး တသမတ် တည်း ငြိမ်သက်နေတာမျိုး မရှိခဲ့ပါဘူး။ နက်စောက်လှတဲ့ မြစ်ဝှမ်းဒေသရဲ့ အနောက်ဘက်စွန်းမှာ မြေငလျင်တွေကြောင့် ရေကာတာသဖွယ် ဖြစ်တည်လို့ နေပါတယ်။ အဲဒီကနေပဲ ရေလွှမ်းမိုးမှုတွေ စတင်ခဲ့တာဖြစ်ပြီး အရှိန်အဟုန်နဲ့ စီးဆင်းလာတဲ့ ရေတွေဟာ ဘယ်လောက် များပြား ခဲ့သလဲဆိုရင် နိုင်ယာဂါရာ ရေတံခွန်ထက် ၄ ဆလောက်ထိအောင်ပါပဲ။ အဲဒီနောက် တနှစ် ဆိုတဲ့ အချိန်အတောအတွင်းမှာ သဲကန္တာရ လွင်တီးခေါင် ဒေသဟာ မြေထဲပင်လယ် အဖြစ် ပြောင်းလဲ သွားပါတော့ တယ်။ အဲဒီ ရေဘမ ရေလွှမ်းမိုးမှုကြီးကို မျက်မြင်သက်သေ တွေ့ရှိဖို့ လူသားရယ်လို့ ဘယ်သူမှ မရှိခဲ့သလို အပြောကျယ်လှတဲ့ ပင်လယ် ပြင်ကြီးကို ဖန်တီးခဲ့တဲ့ ခမ်းနားတဲ့ သဘာဝတရားရဲ့ အင်အားတွေကိုလည်း ရင်သပ်ရှုမော ဖြစ်မယ့်သူရယ်လို့ မရှိခဲ့ပါဘူး ။

အဲဒီအချိန်အတောအတွင်း ကမ္ဘာတဘက်ခြမ်းမှာ တောင်အမေရိကနဲ့ မြောက်အမေရိကကို ပိုင်းခြားမယ့် ရေလက်ကြား ရှိခဲ့ပြီး အတ္တလန္တိတ် သမုဒ္ဒရာကနေ ပစိတ်ဖိတ်သမုဒ္ဒရာဆီကို ရေစီးကြောင်းတွေ ရှိခဲ့ပါတယ်။ တိုက်တိုးနှစ်ကျောက်ချပ်လွှာကြီးတွေ ရွေ့လျားမှုကြောင့် အဲဒီကုန်းမြေတိုက်ကြီး နှစ်ခုဟာ ပေါင်းဆုံသွားခဲ့ပြီး ရေလက်ကြားကိုလည်း ပနားမားကုန်းဆက်အနီး ပိတ်လိုက်သလို ဖြစ်သွားခဲ့ရပါတယ်။ အဲဒီဖြစ်ရပ်ကြောင့် ကမ္ဘာတလွှားက ပင်လယ်ရေစီးကြောင်းတွေ ကမောက်ကမဖြစ်ကုန်ပါတော့တယ်။ အဲဒီကနေတဆင့် ကမ္ဘာ့ရာသီဥတုအပေါ် သက်ရောက်မှုတွေ ရှိလာခဲ့ပါတယ်။



လွန်ခဲ့သော နှစ်ပေါင်း သန်း ၅၀ ခန့်က ကုန်းမြေတိုက်ကြီးများ

အာဖရိကတိုက်မှာ အရင်က စိမ်းလန်းစိုပြေပြီး သစ်တောတွေ ဖုံးလွှမ်းနေခဲ့ပေမယ့်ကမ္ဘာကြီး ပူနွေးလာပြီးနောက်ပိုင်းမှာတော့ ပူပြင်းခြောက်သွေ့တဲ့ရာသီဥတုဆီ ပြောင်းလဲသွားခဲ့ပါတယ်။ ရှင်သန် ရပ်တည်ဖို့အတွက် သစ်တောသစ်ပင်တွေကို မှီခိုနေရတဲ့ သတ္တဝါမျိုးစိတ်တွေလည်း အတော်များများ မျိုးတုံးပျောက်ကွယ်သွားခဲ့ရပါတယ်။ ပတ်ဝန်းကျင် အနေအထား ဘယ်လိုပဲ ကြမ်းတမ်းခက်ခဲ ပါစေ၊ ရုန်းကန်အားထုတ်ပြီး ရှင်သန်နိုင်စွမ်းရှိတဲ့မျိုးစိတ် အနည်းငယ်လောက်ပဲ ကျန်ရစ်ခဲ့တဲ့နောက် အဲဒီမျိုးစိတ်တွေပဲ ဆင့်ကဲပြောင်းလဲ လာခဲ့ကြပါတယ်။ တချိန်တုန်းကဆို မြေတွင်း ခပ်နက်နက်တူးပြီး သားရဲတွေ ရန်ကနေ ပုန်းလျှိုး ကွယ်လျှိုးနေထိုင်ခဲ့ရတဲ့ ကျွန်တော်တို့လူသားတွေရဲ့ ဘိုးဘေးမျိုးစိတ်တွေဟာ ဒိုင်နိုဆောလို သတ္တဝါကြီးတွေ ပျောက်ကွယ်သွားခဲ့တဲ့နောက် နေ့ခင်းဘက်မှာ လှည့်လည်ကျက်စား လာနိုင်ခဲ့သလို နှစ်သန်းပေါင်းများစွာ အတွင်း သတ္တဝါမျိုးစိတ် အများအပြားအဖြစ် ဆင့်ကဲပြောင်းလဲ လာခဲ့ကြပြန်ပါတယ်။

လူသားတွေရဲ့ ဘိုးဘေးမျိုးစိတ်တွေဖြစ်တဲ့ ဝံမျိုးနွယ်တွေနဲ့ လူတူနွယ်ဝင်တွေမှာ အလိုရှိတိုင်း လှုပ်ရှားဆွဲကိုင်နိုင်စွမ်းရှိပြီး ကျန်လက်ချောင်းတွေနဲ့ လားရာကွဲပြားတဲ့လက်မမျိုး ပိုင်ဆိုင်လာခဲ့တာကြောင့် သစ်ပင်တွေနဲ့ သစ်ကိုင်း တွေပေါ်မှာ ဟိုသည် ခုန်ပျံကူးလွှားနိုင်စွမ်း ရှိလာကြပါတယ်။ အဲဒါကြောင့်ပဲ အစာရင်းမြစ်

တွေ ပေါကြွယ်ဝရာ အာဖရိကတိုက်ရဲ့ သစ်ပင်မြင့် ခေါင်မိုးတွေပေါ်မှာ ကျင်လည် ကျက်စား နိုင်ခဲ့ကြပါတယ်။ သူတို့တွေဟာ ခြေထောက်နှစ်ချောင်းနဲ့ မတ်တပ်ရပ်ပြီး လမ်းလျှောက်နိုင်စွမ်းရှိခဲ့ပေမယ့် အဲဒီပုံစံနဲ့ ခပ်ဝေးဝေးထိ သွား လာနိုင်ခြင်း မရှိခဲ့ပါဘူး။ နောက်ပြီး အဲဒီခေတ်ကာလအတွင်း သစ်ပင်တွေလည်း အများအပြား ပေါက်ရောက်နေခဲ့တာကြောင့် ခပ်ဝေးဝေးလည်း လမ်းလျှောက် သွားဖို့ မလိုခဲ့ဘူးလေ။ ဒါပေမယ့် ရာသီဥတု အခြေအနေ ပြောင်းလဲသွားပြီး အအေးပိုလာတဲ့နောက်မှာတော့ သစ်ပင်တွေလည်း နည်းပါးလာခဲ့ပါတယ်။ သစ်ပင်တွေ နည်းပါးသွားတဲ့နောက် အာဖရိကတဝှမ်းမှာ မြက်ပင်တွေ အလျှိုလျှို ပေါ်ထွက်လာခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော်တို့ရဲ့ ဘိုးဘွားမျိုးစိတ် တွေဟာ အစာရှာဖို့အတွက် ခရီးဝေးလှည့်လည် သွားလာရတာတွေ မဖြစ်မနေ လုပ်ဆောင်ခဲ့ရပါတယ်။ အာဖရိက မြက်ခင်းပြင်ဒေသမှာ ရှင်သန်နိုင်ဖို့အတွက် မဖြစ်မနေ သိရှိ၊ တတ်မြောက်ရမယ့် အရေးကိစ္စတွေလည်း အကြီးအကျယ် ပြောင်းလဲလို့သွားပါတော့တယ်။

ဟိုအရင် သစ်ပင်သစ်တောတွေ အများအပြား ပေါက်ရောက်ခဲ့တုန်းကဆိုခြင်္သေ့၊ ကျားသစ် အစရှိတဲ့ ကြောင်ကြီးမျိုးနွယ်တွေကို မိမိတို့နေထိုင်ကျက်စားရာ သစ်ပင်ကိုင်းတွေပေါ်ကနေ ဘေးကင်းစိတ်ချ ထိုင်ကြည့်နေခဲ့ကြတာပါ။ သစ်ပင်ကြီးတွေ မရှိတော့ဘဲ မြက်ခင်းပြင်သက်သက် ဖြစ်သွားတဲ့နောက်မှာတော့ အဲဒီ ကြောင်ကြီးမျိုးနွယ်တွေ ကျင်လည်ကျက်စားရာ မြက်ခင်းပြင်ထဲဆီ ကိုယ်တိုင်ရောက်ရှိလို့ သွားပါတော့တယ်။ အဲဒါကြောင့်မလို့ နောက်ခြေထောက်နှစ်ချောင်းကို အသုံးပြုပြီး ခရီးအကွာအဝေး ခပ်များများ သွားရောက်နိုင်စွမ်းရှိသူ၊ လိုအပ်ရင် ခြေသုတ်တင် ပြေးနိုင်စွမ်းရှိသူတွေပဲ ရှင်သန်ကျန်ရစ် ခဲ့ကြပါတယ်။ အဲဒီအခါမှာ သူတို့ရဲ့ ဘဝတွေလည်း ပြောင်းလဲဖို့ အကြောင်းဖန်လာခဲ့ပါတယ်။ လေးဘက်တွား လမ်းလျှောက်စရာမလိုတော့တာကြော လက်အစုံလည်း အားလပ်သွားပါတယ်။ အစာရှာဖို့၊ အရိုးရှည်တွေ၊ တုတ်လက်နက်တွေ ကိုင်စွဲဖို့ လက်တွေကို အသုံးချနိုင်လာပါတယ်။ ကမ္ဘာတဘက်ခြမ်းဆီက ပင်လယ်ရေစီးကြောင်းတွေ အပြောင်းအလဲဖြစ်ပေါ်ခဲ့လို့ သူတို့ ကျင်လည် ကျက်စားရာ နယ်မြေဒေသရဲ့ မြေမျက်နှာသွင်ပြင် အနေအထား ပြောင်းလဲသွားခဲ့ရပါတယ်။ အာဖရိတိုက်ဟာ လည်း အအေးပိုပြီး ခြောက်သွေ့လာခဲ့ပါတယ်။ သစ်ပင် အများစုဟာ ပြောင်းလဲ လာတဲ့ အအေးဒဏ်ကို ကြာရှည် တောင့်ခံနိုင်စွမ်း မရှိခဲ့ကြပါဘူး။ အဲဒီ သစ်ပင် တွေပေါ်

မှာ နေထိုင်ကျက်စားခဲ့ကြတဲ့ ပရိုင်းမိတ်နွယ်ဝင်တွေအဖို့ အိမ်ရာအသစ် ရှာဖွေရပါတော့တယ်။ မကြာခင် အချိန်အတောအတွင်းမှာ အဲဒီ ပရိုင်းမိတ်နွယ် ဝင်တွေဟာ လက်နက်ကိရိယာတွေ ဘယ်လိုအသုံးပြုရမယ် ဆိုတာ နားလည်လာ ခဲ့ကြပြီး ကမ္ဘာလောကကို အသစ်တဖန် ပုံဖော်ပြောင်းလဲဖို့ အကြောင်းဖန်လာခဲ့ပါ တော့တယ်။ တကယ်တော့ကျွန်တော်တို့လူသားတွေရဲ့ အနာဂတ်ကံကြမ္မာကို ကမ္ဘာမြေကပဲ ဆောင်ကြဉ်းပေးခဲ့တာဖြစ်ပါတယ်။



လူသားမျိုးနွယ် တို့၏ ဆင့်ကဲ ဖြစ်စဉ်

ကောင်းကင်က ဂြိုဟ်တွေဟာ ကျွန်တော်တို့လူသားတွေရဲ့ ဘဝကံကြမ္မာတွေကို ပြောင်းလဲနိုင်စွမ်း ရှိကြပါတယ်။ စာဖတ်သူ တွေးထင်ထားသလို နက္ခတ်ဗေဒင်တွေအရ ဆိုတာမျိုးတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့လေ။ ဗီးနပ်စ်ဂြိုဟ်ဟာ အကွာအဝေးအားဖြင့် နီးကပ်ပါတယ် ဆိုပေမယ့် ဆွဲငင်အားက အားပျော့ပါတယ်။ ဂျူပီတာဂြိုဟ်ကတော့ အကွာအဝေးအားဖြင့် အတော့်ကို အလှမ်းဝေးတယ် ဆိုပေမယ့် ဆွဲငင်အားက ပြင်းထန်လှပါတယ်။ ကမ္ဘာမြေဆိုတဲ့ ကျွန်တော်တို့ရဲ့ ဂြိုဟ်ဟာ ၂၃.၅ ဒီဂရီ တိမ်းစောင်းနေပြီး နေကို လှည့်ပတ်နေတဲ့ ပတ်လမ်းဟာ လည်း

မဆိုစလောက် အပြောင်းအလဲ ရှိပါတယ်။ အဲဒီလို အပြောင်းအလဲ အနည်းအကျဉ်း ကြောင့်ပဲ နေရောင်ခြည်ဟာ မြောက်ဝင်ရိုးစွန်းက ရေခဲပြင်တွေ ကို တဖြည်းဖြည်း လျော့ပါးလာစေခဲ့ပါတယ်။ တချို့ နှစ်တွေမှာတော့ အအေးပိုတတ်တာကြောင့် ရေခဲမြစ်တွေဟာ တောင်ဘက်ဆီ ဆက်လက်တိုးပွားလာပြန်ပါ တယ်။ အဲဒီလို ရှေ့တိုးလာတဲ့ ရေခဲမြစ်တွေဟာ လမ်းတလျှောက်မှာ ရှိရှိသမျှ အရာအားလုံးကို တိုက်စားပစ်ပါတယ်။ အဲဒါကြောင့်ပဲ ရေခဲခေတ်ရယ်လို့ ခေါ်ဆို ခဲ့ကြတာပါ။ တချို့နှစ်တွေမှာတော့ ကမ္ဘာမြေရဲ့ ဝင်ရိုး အပြောင်းအလဲနဲ့ ပတ်လမ်း မတူညီမှု တွေကြောင့် အာတိတ်ဒေသရဲ့ နွေရာသီတွေဟာ ပိုမိုပူနွေးနေတတ်ပြန် ပါတယ်။ အဲဒီအခါမှာတော့ တောင်ပိုင်းဘက်ဆီ ချဲ့ထွင်လာတဲ့ ရေခဲမြစ်တွေ နောက်ပြန် ဆုတ်သွားပါတယ်။ အဲဒီလို အပြောင်းအလဲ မြန်ဆန်လွန်းလှတဲ့ ရာသီဥတု အခြေအနေအောက်မှာ ရှင်သန်ရပ်တည်နိုင်ဖို့ကျွန်တော်တို့ ဘိုးဘွား တွေ ဘယ်လောက်တောင် ရုန်းကန်ခဲ့ရသလဲဆိုတာ စာဖတ်သူပဲ ခန့်မှန်းကြည့်ပါ တော့။

ရေခဲမြစ်တွေ ရှေ့တိုးလာတဲ့ နှစ်တွေမှာ အာတိတ်ရေခဲပြင်ဟာ ကျယ်ပြန့်သ ထက် ကျယ်ပြန့်လာပြီး ပင်လယ်ရေပြင်တွေကိုပါ ရေခဲပြင်အဖြစ် ပြောင်းလဲ ပစ်လိုက်ပါတယ်။ အဲဒီအခါမှာဆိုရင် ပင်လယ်ရေ မျက်နှာပြင်ဟာ ပေ ၄၀၀ ဝန်းကျင်ထိ ကျဆင်းသွားတတ်ပြီး ကမ္ဘာ့တိုက်ကြီးတွေအကြား ကုန်းမြေ အများ အပြား ပေါ်ထွန်းလာစေပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅,၀၀၀ ကနေ ၂၅,၀၀၀ အကြားမှာ ရေခဲမြစ်တွေ နောက်ပြန်ဆုတ်သွားတော့လည်း ကမ္ဘာ့တိုက်ကြီး တွေ အကြား ကူးသန်းသွားလာနိုင်စေမယ့် ကုန်းမြေတံတားတွေ ချန်ရစ်ထားခဲ့ပြန် ပါ တယ်။ အဲဒီအခါမှာ အမဲလိုက်ရင်း၊ သစ်သီးသစ်ဥ ခူးဆွတ်ရင်း လှည့်လည်သွား လာသူ လူသားအုပ်စုတချို့ဟာ ဆိုက်ဘေးရီးယားကနေတဆင့် အလက်စကာ ဒေသကို ဖြတ်ကျော်ပြီး အမေရိကတိုက်တခွင် ခြေဆန့်ခဲ့ကြပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀,၀၀၀ ဝန်းကျင်မှာတော့ ရာသီဥတုတွေ ပြန်လည် တည်ငြိမ်သွား ခဲ့ ပြီး ပင်လယ်ရေမျက်နှာပြင်ဟာလည်း အနိမ့်အမြင့်၊ အပြောင်းအလဲ သိပ်မရှိ တော့ ပါဘူး။ သိမ်မွေ့ငြင်သာတဲ့ ရာသီဥတုအဖြစ် တခေတ်ဆန်းခဲ့တယ်လို့လည်း ဆိုနိုင် ပါတယ်။ အဲဒါ အခုလက်ရှိ ကျွန်တော်တို့ နေထိုင်တဲ့ ခေတ်ကာလပါပဲ။

ရေခဲပြင်တွေ အရည်ပျော်သွားတဲ့အခါမှာ ပင်လယ်ရေမျက်နှာပြင်ဟာ လက်ရှိ အနေအထားအထိ မြင့်တက်လာခဲ့ပြီး ကုန်းမြင့်ဒေသတွေကနေ နုန်းတွေ သယ်ဆောင်လာတဲ့ မြစ်ချောင်းတွေဟာလည်း ပင်လယ်ပြင်နဲ့ ထိတွေ့ရာ အရပ်တွေမှာ မြစ်ဝကျွန်းပေါ်ဒေသတွေကို ဖန်တီးပေးခဲ့ပါတယ်။ အဲဒီ မြစ်ဝကျွန်းပေါ် ဒေသတွေရဲ့ မြေဩဇာကောင်းမွန်လှတဲ့ နုန်းမြေတွေကြောင့်ပဲ ကျွန်တော်တို့ လူသားတွေအတွက် နေထိုင်မှုဘဝ အသွင်တမျိုးဆီ ဦးတည်သွားစေခဲ့ပြန်ပါတယ်။ သီးပင်စားပင်တွေကို ဘယ်လို စိုက်ပျိုးရတယ်၊ ပုံမှန် ရရှိနိုင်မယ့် အစာ၊ အာဟာရကို ဘယ်လိုဖန်တီးယူရတယ် စသဖြင့်ပေါ့။ အဲဒီလိုလယ်ယာစိုက်ပျိုးရေး ပေါ်ထွန်းလာမှုကြောင့်ပဲ ကျွန်တော်တို့ အများစုအတွက် နှစ်ပေါင်းသန်းနဲ့ချီ အသားကျခဲ့တဲ့ အစားအစာ ရှာဖွေဖို့ လှည့်လည် သွားလာရခြင်းတွေ အဆုံးသတ်သွားစေခဲ့ပါတယ်။ ဂြိုဟ်တွေရဲ့ အပြောင်းအလဲ၊ မြေမျက်နှာသွင်ပြင်နဲ့ ကျောက်လွှာချပ်တွေ ရွေ့လျားမှု၊ ရာသီဥတု ပြောင်းလဲမှုတွေ ဖြစ်ပေါ်စေခဲ့တဲ့ အကြောင်းရင်းတွေ၊ သက်ရှိသတ္တဝါတွေရဲ့ ဆင့်ကဲဖြစ်စဉ်တွေ၊ မိမိတို့စားသုံးနေတဲ့ အာဟာရတွေကို ဘယ်လို စိုက်ပျိုးရရှိနိုင်တယ်ဆိုပြီး သိမှုမြင့်မားလာခြင်းတွေကပဲ ရှုံ့နွံထူထပ်လှတဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေကို ပထမဦးဆုံးသော လူ့အဖွဲ့အစည်းတွေအဖြစ် ပြောင်းလဲ ပေးလိုက်ပါတော့တယ်။

ရေခဲခေတ်တွေအကြား သိမ်မွေ့တဲ့ရာသီဥတု အခြေအနေတွေဟာ ကမ္ဘာမြေကို များစွာ ပြောင်းလဲသွားစေခဲ့ပါတယ်။ စိတ်သက်သာစရာ ပြောရမယ် ဆိုရင်တော့ အခုလက်ရှိ ကျွန်တော်တို့ နေထိုင်ကြတဲ့ ရေခဲခေတ် ကြားကာလဟာ နောက်ထပ် နှစ်ပေါင်း ၅၀,၀၀၀ ဝန်းကျင် ဆက်လက် တည်တံ့နေဦးမယ်လို့ ခန့်မှန်းရပါတယ်။ ကျွန်တော်တို့မျိုးစိတ်တွေအတွက် မျက်နှာသာပေးလိုက်တဲ့ အခြေအနေလို့လည်း ဆိုနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လက်ရှိ ရင်ဆိုင် နေရတဲ့ပြဿနာကကမ္ဘာမြေရဲ့ ဟိုးအောက်ဘက်ပိုင်း ကျောက်ချပ်လွှာတွေထဲမှာ ကာဗွန်နီဖောရပ်စ်ယုဂ်တည်းက နှစ်ပရိစ္ဆေဒများစွာ နစ်မြုပ်နေခဲ့ကြတဲ့ ကျောက်မီးသွေးတွေ၊ သက်ရှိရုပ်ကြွင်းတွေကနေ အသွင်ကူးပြောင်းသွားတဲ့ ရေနံလောင်စာတွေ၊ သဘာဝဓာတ်ငွေ့ တွေကိုပမာဏ အများအပြား လောင်ကျွမ်းနေစေခြင်းလို့ ဆိုရမှာပါပဲ။ အဲဒီလိုလောင်ကျွမ်းစေလိုက်တဲ့အခါ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့တွေကို လေထုထဲဆီ ပြန်လည် ထုတ်လွှတ် လိုက်ပါတယ်။

ကြုံတွေ့နေရတဲ့ ပြဿနာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ဆိုတာ ထက် ထုတ်လွှတ်မှု နှုန်းထားလို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။ ဟိုအရင် ကမ္ဘာဖျက် ကပ်ဘေးဆိုးကြီးတွေ ဖြစ်ပွားပြီးတည်းက လက်ရှိနှုန်းထားနဲ့ ကာဗွန်ဒိုင်အောက် ဆိုဒ် ထုတ်လွှတ်မှုမျိုး ကမ္ဘာမြေပေါ်မှာ မရှိခဲ့ဖူးပါဘူး။ အဲဒီလို ကာဗွန်ဒိုင်အောက် ဆိုဒ် အများအပြား ထုတ်လွှတ်နေမှုကြောင့်ပဲ လက်ရှိကမ္ဘာပေါ်မှာ မျိုးတုံးပျောက် ကွယ်မှုတွေ စတင် ဖြစ်ပွားလို့နေပါပြီ။ ဒိုင်နိုဆောတွေ နောက်ဆုံးရင်ဆိုင် ကြုံတွေ့သွားခဲ့ရတဲ့ ရာသီဥတု အခြေအနေမျိုးဆီ ပြန်လည် ဦးတည်သွားစေမယ့် လက်ရှိလုပ်ရပ်တွေကို ကျွန်တော်တို့ လူသားတွေ ဟန့်တားနိုင်စွမ်း မရှိသေးပါဘူး။

ပင်လယ်ကမ်းခြေဒေသက မြို့ပြတွေကို ရေလွှမ်းမိုးစေပြီး သဘာဝ ပတ်ဝန်းကျင် ဂေဟစနစ် တခုလုံးကို ကမောက်ကမ ဖြစ်သွားစေမယ့် အခြေအနေ တွေ၊ လူသားမျိုးနွယ်ကို အစာရေစာ ငတ်ပြတ် သွားစေမယ့် အနေအထားတွေကို ကျွန်တော်တို့ ရင်ဆိုင်နေကြရတာပါ။

အဲဒီအချိန်အတွင်းမှာ ကျွန်တော်တို့ကမ္ဘာဂြိုဟ် လှည့်ပတ်နေတဲ့ ကြယ်တာရာ နေမင်းကြီး ဟာ ကျွန်တော်တို့ လိုအပ်သမျှထက် များစွာ ပိုလျှံနေတဲ့ စွမ်းအင်တွေကို ထုတ်လွှတ်ပေးနေပါတယ်။ ကျွန်တော်တို့ရဲ့ နောင်အနာဂါတ် မျိုးဆက်တွေ အကျိုးကို ရည်မျှော်ပြီး တီထွင်ဆန်းသစ်ဉာဏ်နဲ့ စွန့်စားဖန်တီးလို စိတ် အနည်း အကျဉ်းလောက် စိုက်ထုတ်ကြဖို့ ကျွန်တော်တို့ ဘာ့ကြောင့်များ တွန့်တိုနေရ တာပါလဲ။ ဒိုင်နိုဆောတွေအနေနဲ့ ကမ္ဘာမြေကို ဝင်ရောက်ထိမှန်မယ့် ဥက္ကာခဲကြီး အကြောင်း ကြိုတင်သိမြင်နိုင်စွမ်း မရှိခဲ့ကြပါဘူး။ ကျွန်တော်တို့ လူသားတွေ အနေနဲ့ ရှေ့အနာဂတ်မှာ ရင်ဆိုင်ရမယ့် ကမ္ဘာဖျက် ကပ်ဘေးဆိုးတွေ ရန်ကနေ ကြိုတင်ကာကွယ်ဖို့ ဘာတွေများ ဆင်ခြေပေးကြဦးမှာပါလိမ့်။ မျိုးတုံး ပျောက်ကွယ်ခြင်း ခန်းမဆောင်ထဲမှာ အမှတ်အသား တစုံတရာ မရှိပါပဲ ကွက်လပ် ဖြစ်နေတဲ့ စကြိန်လမ်းတွေ ရှိပါလိမ့်မယ်။ ကမ္ဘာမြေရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ဟာဆက်လက် ရေးသားနေတုန်းပါပဲ။ လက်ရှိအတိုင်း သတိမမူပဲ ဆက်လက် နေထိုင်သွားကြမယ်ဆိုရင်ဖြင့် မျိုးတုံးပျောက်ကွယ်ခြင်း ဟောခန်းမဆောင်ထဲမှာ ကျွန်တော်တို့လူသားတွေ အတွက်လည်း နေရာသတ်မှတ် ပေးလိုက်တာမျိုး ဖြစ် ကောင်း ဖြစ်လာနိုင်ပါတယ်။

ကမ္ဘာမြေပေါ်မှာ သက်ရှိရယ်လို့ စတင်ဖြစ်ပေါ်လာခဲ့တဲ့ နှစ်ပေါင်း သန်း ၃,၀၀၀ ကျော်အတွင်း ကျွန်တော်တို့ရဲ့ ဘိုးဘေးမျိုးဆက်တွေ အားလုံး ရှင်သန် ရပ်နိုင်နိုင်ခဲ့ကြလို့သာ ကျွန်တော်တို့ရယ်လို့ တည်ရှိနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ လူသားတွေရယ်လို့ မပေါ်ပေါက်သေးခင် နှစ်ပရိစ္ဆေဒပေါင်း များစွာအတွင်း အသက်ဇီဝကို မိမိကိုယ်တိုင်လည်း ရှင်သန်အောင် မွေးမြူ နောင်မျိုးဆက်တွေ ဆီလည်း လက်ဆင့်ကမ်းနိုင်ခဲ့တဲ့ မြောက်မြားစွာသော သတ္တဝါမျိုးဆက်တွေရဲ့ အားထုတ်ရုန်းကန်ရခြင်းတွေ အကြောင်း တွေးတောကြည့်မယ်ဆိုရင် ဘယ်လောက်ခမ်းနားလိုက်သလဲ ဆိုတာ မှန်းဆနိုင်မယ် ထင်ပါတယ်။ ကျော်ဖြတ်ခဲ့ရတဲ့ မြစ်ချောင်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အန္တရာယ်ရန်စွယ်တွေ၊ မိမိကို စားသုံးချင်လို့ အစွယ်ဖွေးဖွေးနဲ့ သွားရည်ကျနေတဲ့ သားရဲကြီးတွေ၊ အစာရေစာ ငတ်ပြတ်ခဲ့တဲ့ နေ့ရက်တွေ၊ ရောဂါဘယတွေ၊ လွဲချော်သွားခဲ့တဲ့ မှန်းဆချက်တွေ၊ ရှည်လျားလွန်းလှတဲ့ အအေးလွန် ဆောင်းညတွေ၊ မိုးခေါင်ရေရှားခြင်းတွေ၊ ရေလွှမ်းမိုးမှုတွေ၊ အဆုံးမဲ့ရက်စက်တိုက်ခိုက်ရခြင်းတွေ ဘယ်လောက်တောင်များပြားခဲ့လိုက်မလဲ။ ဒါတောင် ကမ္ဘာမြေရဲ့ ဟိုးအတွင်း အလယ်ဗဟိုဆီက ပွင့်အန်ထွက်လာတဲ့ သဘာဝဘေးရန်တွေမပါဝင်သေးပါဘူး။ ကမ္ဘာမြေရဲ့ ဘယ်ဒေသမှာ မွေးဖွားလာ ခဲ့ပါစေ၊ ဘယ်လူမျိုးတွေကနေပေါက်ဖွားလာခဲ့ပါစေ၊ကျွန်တော်တို့ အားလုံးဟာ မယုံနိုင်လောက်အောင် ခက်ခဲကြမ်းတမ်းလှတဲ့ ဘေးအန္တရာယ်ပေါင်း မြောက် မြားစွာကို အောင်အောင်မြင်မြင် ကျော်လွှားနိုင်ခဲ့သူ ဘိုးဘွားမျိုးဆက်တွေကနေ တူညီစွာပဲ ဆင်းသက်လာခဲ့ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တဦးချင်းစီဟာ ကမ္ဘာလောကရဲ့ အရှည်လျားဆုံးနဲ့ ဘေးအန္တရာယ် အများဆုံး ဆိုတဲ့ ဇီဝမာရသွန် အပြေးပြိုင်ပွဲမှာ ဝင်ရောက် ဆင်နွှဲနေကြသူတွေပါပဲ။ လက်ရှိ အနေအထားမှာ တော့ ကျွန်တော်တို့လူသားတွေဆီမှာ ဟိုတချိန်ကလိုလက်ဗလာ မဟုတ်တော့ဘဲ ပြန်လည် တိုက်ခိုက်စရာ လက်နက်ကိရိယာတွေ အများအပြား ကိုင်စွဲထားနိုင်နေပြီ ဖြစ်ပါတယ်။

ဒီအခန်း အစပိုင်းမှာ ပြောခဲ့သလိုပဲ အတိတ်ကာလ ဆိုတာ တကယ်တော့ လုံးဝ ကွဲပြားခြားနားတဲ့ ဂြိုဟ်တလုံး ဖြစ်ပါလိမ့်မယ်။ အလားတူပဲ အနာဂတ်ဟာလည်းကျွန်တော်တို့နဲ့ လုံးဝ ရင်းနှီးကျွမ်းဝင်ခြင်း မရှိတဲ့နောက်ထပ် ဂြိုဟ်တလုံး ဖြစ်မှာပါပဲ။ အဲဒီတော့ လက်ရှိအချိန်ကနေ နောက်ထပ် နှစ်ပေါင်း သန်း ၂၅၀

လောက် ကုန်လွန်သွားတဲ့အခါမှာ ကမ္ဘာမြေရဲ့ ကုန်းမြေတိုက်ကြီးတွေဟာ တဖန်ပြန်လည် ဆုံဆည်းသွားကြလိမ့်မယ်လို့ များစွာသော ဘူမိဗေဒ ပညာရှင် တွေက မှတ်ယူထားကြပါတယ်။ ကျွန်တော်တို့ လက်ရှိရှင်သတ်ရှုမော ခံစားနေကြတဲ့ သဘာဝ အလှတရားတွေဟာလည်း ပြန်လည် ပျောက်ကွယ်သွားကြမှာ ဖြစ်ပါတယ်။ ပျောက်ဆုံးနေတဲ့ကမ္ဘာလောက ခေါင်းစဉ်အောက်ကို သူတို့လည်း ရောက်ရှိသွားကြမှာပါပဲ။ ကမ္ဘာမြေရဲ့ အလယ်ဗဟိုကနေ အင်ဂျင်စက်တလုံးလို မောင်းနှင်နေတဲ့ တိုက်တိုးနစ် ကျောက်ချပ်လွှာကြီးတွေဟာ သက်ရှိသတ္တဝါတွေအကြောင်း ဂရုပြုနေမှာ မဟုတ်ပါဘူး။ အလားတူပဲ နေကို လှည့်ပတ်နေတဲ့ လမ်းကြောင်းတွေ၊ ကမ္ဘာပတ်လမ်းနဲ့ အမှတ်မထင် ဆုံဆည်းသွားနိုင်တဲ့ ဥက္ကာခဲကြီးတွေဟာလည်း သက်ရှိသတ္တဝါတွေရဲ့ ရှင်သန်မှုအကြောင်း အလေးထားမှာ မဟုတ်ပါဘူး။ ကမ္ဘာမြေပေါ်မှာ နှစ်ပေါင်းသန်းထောင်နဲ့ချီပြီး ရှင်သန်တည်ရှိခဲ့တဲ့ သက်ရှိတွေအကြောင်းကို အဲဒီဖြစ်စဉ်တွေ က သိရှိမှာ မဟုတ်သလို အရေးစိုက်မှာလည်း မဟုတ်ပါဘူး။

ကျွန်တော်တို့ သက်ရှိသတ္တဝါတွေဟာ အရွယ်အစား သိပ်မကြီးမားတဲ့ ကြယ်တာရာကို လှည့်ပတ်နေကြတဲ့ အသေးငယ်ဆုံးဆိုတဲ့ ဂြိုဟ်သိမ်ဂြိုဟ်မွှားပေါ်က အပါးလွှာဆုံးဆိုတဲ့ အပြင်ပန်း အပေါ်ယံဘက်မှာ နေထိုင်ကြရသူ မွှားကောင်အဆင့်ပဲ ရှိပါလိမ့်မယ်။ ကမ္ဘာပေါ်မှာ သက်တမ်းအရှည်ဆုံး ဆိုနိုင်တဲ့ သက်ရှိတွေတောင်မှ နှစ်သန်းပေါင်း အနည်းငယ်ပဲ ရှိဦးမှာပါ။ အဲဒီတော့ စကြဝဠာရဲ့ ဖြစ်စဉ် အလုံးစုံကို ဘယ်လို သက်ရှိသတ္တဝါမျိုးမှ အပြည့်အစုံ သိမြင်၊ နားလည်နိုင်စွမ်း မရှိနိုင်ကြသေးပါဘူး။ အစဉ်မပြတ် ပြောင်းလဲနေတဲ့ကုန်းမြေ တိုက်ကြီးတွေ၊ မိုးလေဝသတွေ၊ သက်ရှိတို့ရဲ့ ဆင့်ကဲဖြစ်စဉ်တွေ စတဲ့ ခမ်းနား လှတဲ့ အခြင်းအရာတွေအကြောင်း ဆိုပါတော့။ ကျွန်တော်တို့ လူသားတွေ ကိုယ်တိုင်တောင် မိမိတို့ ဘယ်ကနေ ဆင်းသက်လာကြတယ်ဆိုပြီး အနည်း အကျဉ်း နားလည်ထားကြတာတောင် လူသားတွေရဲ့ အခမ်းနားဆုံး ဉာဏ်ပညာ နဲ့ အစွမ်းသတ္တိရယ်လို့ အောင်ပွဲခံနေကြရပါတယ်။ ကျွန်တော်တို့ဘယ်သူဘယ်ဝါ၊ ဘာဖြစ်လို့ ဒီလောကဆီကို ရောက်ရှိလာခဲ့ကြတယ် ဆိုတာတွေအကြောင်းကို သိနားလည်ဖို့အတွက် နှစ်သန်းပေါင်းမြောက်မြားစွာက ကမ္ဘာလောက အမျိုးမျိုး ကို

ဖြတ်သန်းခဲ့ကြတဲ့ သက်ရှိမျိုးစိတ် အသင်္ချေတို့ရဲ့ သဲလွန်စ အချက်အလက် ပေါင်း ကဋေကဋာကို ဆက်စပ်ယူခဲ့ကြရပါတယ်။

အဲဒီလို သုံးသပ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့လူသားတွေအကြောင်းကို မိမိတို့ကိုယ်တိုင် တအံ့တသြ ဖြစ်ယူရတယ်ဆိုတာ သိပ်တော့မထူးဆန်းလှပါဘူး။ ကျွန်တော်တို့ရဲ့ သိနားလည်မှုအကြောင်း မိမိကိုယ်ကို စိတ်ကြီးဝင်ဖို့ဆိုတာထက် ကမ္ဘာလောကကိုစိုးမိုးသူတွေ အဖြစ်တောင် သတ်မှတ်ဖို့ ခဲယဉ်းနေပါ သေးတယ်။ မျိုးတုံးပျောက်ကွယ်ခြင်း ဟောခန်းမဆီမှာ အမှတ်အသားတစုံတရာ မရှိသေးတဲ့ နေရာလွတ်တွေ အများအပြား ရှိလို့နေဆဲပါပဲ။ ရှန်းကန်ရှင်သန်ရင်း ကျဆုံးခဲ့တဲ့ ဘယ်လို သတ္တဝါမျိုးစိတ်တွေ အဲဒီ နေရာဆီ ရောက်ရှိမယ်ဆိုတာကို ဘယ်သူမှ တပ်အပ်မပြောနိုင်သေးပါဘူး။ အဲဒီခန်းမဆောင်ထဲကို ရောက်ရှိ သွားခဲ့ကြတဲ့ တချို့သော သတ္တဝါကြီးငယ်တွေဟာ ကျွန်တော်တို့ လူသားတွေ လက်ချက် ကြောင့်လို့တော့ ဆိုနိုင်ပါလိမ့်မယ်။

လူလုပ်ထောင်ချောက်များအတွင်း တွေ့ရှိရသော အမွေးရှည်ဆင်အရိုးများ

(မက္ကဆီကိုနိုင်ငံ)

[Whisper Of Words](#)

အပိုင်း (၅)

သေခြင်းတရားကို အာခံကြသူများ

ကျွန်တော်တို့တွေ သေခြင်းတရားကို မဖြစ်မနေ ရင်ဆိုင်ကြရမှာလား။ စကြဝဠာကမ္ဘာ လောကမှာ ရှင်သန် တည်ရှိကြတဲ့ အခြားသော သက်ရှိတွေရော အချိန် ကာလဆိုတဲ့ မြစ်ပြင်ကျယ်အတွင်း အဆုံးမရှိတဲ့ အနန္တခရီးမှာ ထာဝရ နေထိုင် သွားနိုင်ကြသတဲ့လား။

ကျွန်တော်တို့ရဲ့ ဘိုးဘေးလူသားတွေဟာ ကြယ်တွေ၊ လတွေကို အမှတ် အသားပြုပြီး ခရီးနှင်ခဲ့ကြပါတယ်။ အဲဒီလို လှည့်လည်သွားလာရင်း လွန်ခဲ့တဲ့ နှစ်ပေါင်း ၅,၀၀၀ ဝန်းကျင် ဒေသခံ ဘာသာစကားအရ အူရွတ်ခ်[212] (ကျွန်တော် တို့ကတော့ အခုအခါ အီရတ်လို့ခေါ်ဆိုကြပါတယ်) ဆိုတဲ့ အရပ်မှာ စတည်းချမိကြ ပါတယ်။ မက်ဆိုပိုတေးမီးယားဒေသ[213] ရဲ့ အစိတ်အပိုင်းလည်း ဖြစ်ပါတယ်။

တိုင်းဂရစ်စ်[214] နဲ့ ယူဖရေးတီး[215] မြစ်တို့အကြား မြစ်ဝှမ်းလွင်ပြင်ဒေသ ဆို ပါတော့။

အဲဒီဒေသမှာပဲ မြို့ပြတွေကိုကျွန်တော်တို့လူသားတွေ စတင် တည်ထောင်ခဲ့ ကြ ပါတယ်။ အတိုင်းမသိ ကျယ်ပြောလှတဲ့ အချိန်ဆိုတဲ့ယန္တရားကြီးကို လူသား တွေ အောင်နိုင်ခဲ့ခြင်းဟာ အဲဒီနေရာမှာ စတင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဘယ်လို အောင်နိုင်ခဲ့တာလဲလို့မေးလာခဲ့ရင်တော့ စာရေးသားခြင်း ဆိုတဲ့ အတတ်ပညာကို တီထွင်နိုင်ခဲ့တာကြောင့်လို့ပဲဖြေဆိုရပါလိမ့်မယ်။ အဲဒီအခါမှာ သေခြင်းတရားဟာ ကျွန်တော်တို့ကို နှုတ်ဆိတ် စေနိုင်စွမ်း မရှိတော့ပါဘူး။

စာရေးသားတတ်ခြင်း ကြောင့်ပဲ သေလွန်ပြီးသူတွေရဲ့ သတင်းစကားတွေကို နှစ်ပေါင်းထောင်နဲ့ချီ သယ်ဆောင်ပြီး ရှင်သန်နေသူတွေရဲ့ အတွေးမျှင်တွေထဲ ဆောင်ကြဉ်းလာနိုင်စေခဲ့ပါတယ်။ သမိုင်းတလျှောက် လူသားတွေရဲ့ အတွေးမျှင်တွေဆီ သတင်းစကား ဆောင်ကြဉ်းပေးခဲ့သူတွေထဲမှာ ရှေးအကျဆုံးကတော့ ပထမဦးဆုံး အာကေးဒီးယန်း ဧကရာဇ်ရဲ့ သမီးတော်၊ လကိုးကွယ်သူတို့ရဲ့ နတ်ဆရာမ အက်ဒွာနာ[216]လို့ပဲ ဆိုရပါလိမ့်မယ်။ ကဗျာရေးစပ်ခြင်းကို အထူး ခုံမင်ခဲ့သူဖြစ်ရုံတင်မက ရှေးယခင် စာရေးသားခဲ့သူတွေ မလုပ်ဖူးခဲ့တဲ့ လုပ်ရပ် တခုကိုလည်း အက်ဒွာနာက စတင်ခဲ့ပါတယ်။ သူမ ရေးသားသမျှကိုအောက်နား မှာ လက်မှတ် ရေးထိုးခြင်းပါ။ သူမ ဘယ်သူဘယ်ဝါ ဖြစ်တယ်၊ သူမရဲ့ စိတ်ကူးအိပ်မက်တွေက ဘာတွေဆိုတာ ကျွန်တော်တို့ကို ပထမဦးဆုံး သိရှိနားလည်စေခဲ့သူလို့ပဲ ဆိုရပါလိမ့်မယ်။ ဆန်းကြယ်ခမ်းနားခြင်း မုခ်ဦးဝဆီ လျှောက်လှမ်းဖို့အတွက် ကနဦး စိတ်ကူးအိပ်မက်ခဲ့သူပါပဲ။ နှလုံးလှဒေဝီ[217] ဆိုတဲ့ကဗျာလင်္ကာတွေကတဆင့် သူမရဲ့ လက်ရာတွေကို နမူနာ ပြရမယ်ဆိုရင် အင်နာနာ[218] (ကောင်းကင်ဘုံသခင်မ) ၊ အို အထွန်းလင်းဆုံးသော ဗီးနပ်စ်ကြယ်၊ ချစ်ခြင်းမေတ္တာရဲ့နတ်သမီး၊ စကြဝဠာတခွင် ကံကြမ္မာတို့ကို ခမ်းနားစေသူ စတဲ့ အဖွဲ့ အနွဲ့တွေဖြစ် ပြီး အက်ဒွာနာရဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄,၀၀၀ ဝန်းကျင်လောက်က အိပ်မက် စိတ်ကူးတွေဟာ ကျွန်တော်တို့ ရင်အစုံကို နွေးထွေးနိုင်ဆဲပဲ ဖြစ်ပါတယ်။

ဗြိတိသျှရှေးဟောင်းသုတေသန ပညာရှင် လန်နက် ဝူလီ[219] မက်ဆိုပိုတေးမီးယားတွင် တူးဖော်တွေ့ရှိခဲ့သော အက်ဒ္ဒာနာ ကျောက်ထွင်းရုပ်လုံး

အူရွတ်ခ်ဆိုတဲ့ ဒေသဟာ သူရဲကောင်းတို့ရဲ့ ခမ်းနားလှတဲ့ စွန့်စားခန်းတွေအကြောင်း ပထမဦးဆုံး ရေးသား မှတ်တမ်းတင်ခဲ့ရာလို့လည်း ဆိုနိုင်ပြန်ပါတယ်။ လင်းနို့လူသားတို့၊ ကြယ်တာရာစစ်ပွဲထဲက လုခ်တို့ မပေါ်ပေါက်ခင် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတည်းက ဂီလ်ဂါမက်ရှ်[220] ဆိုသူဟာ မဟာစွန့်စားခန်းပေါင်းမြောက်မြားစွာအတွက် ကမ္ဘာအနှံ့ ခြေဆန့်ခဲ့တယ်လို့ ဆိုပါတယ်။ ဂီလ်ဂါမက်ရှ် ရှာဖွေနေတာက သေခြင်းတရားကို လွန်ဆန်နိုင်မယ့် အမတခာတ်ဆိုပဲ။ သဘာဝလောကရဲ့ လျှို့ဝှက်ဆန်းကြယ်ခြင်းတွေကို သိမြင်နိုင်ဖို့အတွက် မိုးကုပ်စက်ဝိုင်းအထိလိုက်လံ ရှာဖွေခဲ့ပါသတဲ့။ အဲဒီနောက်မှာတော့ သူ့ရဲ့ မဟာစွန့်စားခန်းတွေအကြောင်း ပြန်လည် ဆောင်ကြဉ်းလာခဲ့ပါတယ်။ ကမ္ဘာလောကကို ရေကြီးခြင်း မတိုင်မီခေတ်တုန်းက အကြောင်းအရာတွေလို့ ဆိုပါတယ်။ ဂီလ်ဂါမက်ရှ် တည်ဆောက်ခဲ့တဲ့ အူရွတ်ခ်ရဲ့ မဟာတံတိုင်းတွေကို နောင်လာနောက်သား ဘယ်လို ဧကရာဇ်ဘုရင်မှ မီအောင် တုပနိုင်ခြင်း မရှိခဲ့ပါဘူး။ အူရွတ်ခ်တိုင်းရဲ့

အရှင်သခင် ဂီလ်ဂါမက်ရှိတယောက် တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ သမုဒ္ဒရာ အစင်းစင်းကို ဆင်းရဲဒုက္ခကြီးစွာ ရင်ဆိုင်ဖြတ်သန်းပြီး ထာဝရအသက်ကို ရှာဖွေဖို့ ကမ္ဘာကုန်ကျယ်သရွေ့ ခြေဆန့်ခဲ့ရာမှာ ဥတနပုရှ်တင်မ်[221] ဆိုတဲ့မဟာ ပညာရှိ ကြီး တဦးနဲ့ တွေ့ဆုံခဲ့ပါသတဲ့။

ဗြိတိသျှပြတိုက်တွင် ပြသထားသော ဂီလ်ဂါမက်ရှ် စွန့်စားခန်း

ဥတနပုရှ်တင်မ် ပြောပြခဲ့တဲ့ အကြောင်းအရာတွေ များစွာထဲမှာ ကမ္ဘာမြေကို ရေအကြီးအကျယ် လွှမ်းမိုးတုန်းက ဇာတ်လမ်းလည်း ပါဝင်ပါသတဲ့။ သူတို့လူမျိုးစုတွေ ကိုးကွယ်တဲ့ နတ်ဘုရားတပါးက ဥတနပုရှ်တင်မ်ကို ရောမ လှေသင်္ဘောကြီးတစီး ဆောက်လုပ်စေပြီး သူ့ရဲ့ မိသားစုဝင်တွေရယ်၊ သတ္တဝါ တွေရယ်ကို ကယ်တင်ဖို့ ညွှန်ကြားတယ်လို့ ဆိုပါတယ်။ အဲဒီနောက် ဥတနပုရှ် တင်မကလည်း ရောမ လှေသင်္ဘောကြီးကို အချိန်ယူ ဆောက်လုပ်ပါသတဲ့။ ပြီးတော့ ကမ္ဘာမြေပေါ်က သတ္တဝါတွေကို သူ့ရဲ့ လှေသင်္ဘောဆီ ဝင်ရောက်စေ တယ်လို့ ဆို

ပါတယ်။ အဲဒီနောက် ကမ္ဘာကြီးကို ရေလွှမ်းမိုးသွားခဲ့ပြီး ဥတနပုရှတင်မ်ရဲ့ မိသားစုနဲ့ ကမ္ဘာပေါ်က ရှိရှိသမျှ သတ္တဝါမျိုးစိတ် အထီးအမ တစုံစီတို့ဟာ လှေသင်္ဘောကြီးနဲ့ အဆုံးမရှိရေပြင်ကျယ်မှာ မျောလွင့်နေခဲ့ရသတဲ့။ အဲဒီနောက် ဥတနပုရှတင်မ်က ခိုငှက်ကိုကုန်းမြေရှာဖွေဖို့စေလွှတ်လိုက်ရာမှာ သံလွင်ခက်ကို ကိုက်ချီပြီး ပြန်လည် ရောက်ရှိလာတဲ့အတွက် ငြိမ်းချမ်းမှုကို ရရှိခဲ့ပြီ၊ နားခိုစရာကုန်းမြေကို မကြာမီ တွေ့ ရှိတော့မယ် အစရှိတဲ့ ဇာတ်လမ်းပဲ ဖြစ်ပါတယ်။

ကမ္ဘာမြေကို ရေလွှမ်းမိုးခဲ့ပြီးနောက် လူသားတွေနဲ့ သတ္တဝါမျိုးစိတ်တွေ ဘယ်လို ပြန်လည် ရှင်သန်ပွားများလာခဲ့သလဲဆိုတဲ့ ပုံပြင်ဇာတ်လမ်းကို မက်ဆို ပိုတေးမီးယားဒေသမှာ စတင် ရေးသားခဲ့တာဖြစ်ပြီး သမ္မာကျမ်းစာရဲ့ ဓမ္မဟောင်းကျမ်းထဲက နောဧ[222] ဇာတ်လမ်းထက် နှစ်ပေါင်းထောင်ချီပြီး ရှေးကျပါတယ်။ အဲဒီနောက် ဂီလ်ဂါမက်ရှ်အနေနဲ့ သူ့ရဲ့ သေခြင်းတရားအပေါ်လွန်ဆန်နိုင်ဖို့ အားထုတ်မှုဟာ အောင်မြင် သွားခဲ့တယ်လို့ ဆိုရမှာပေါ့။ သူ့ရဲ့ မဟာစွန့်စားခန်းတွေအကြောင်း စာအုပ်စာပေတွေကနေတဆင့် ဖတ်ရှုမိတိုင်း ဂီလ်ဂါမက်ရှ် တယောက် ပြန်လည် ရှင်သန်ထမြောက်လာခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူ့ရဲ့ ခြေရာကို နင်းကြတဲ့ သူရဲကောင်းတွေဟာ သေခြင်းတရားကို ပုံစံတမျိုးနဲ့ လွန်ဆန်လာနိုင်ခဲ့ကြပါတယ်။ နှစ်ပေါင်းထောင်နဲ့ချီပြီး တည်တံ့တဲ့ ယဉ်ကျေးမှု လူ့အဖွဲ့အစည်းတွေတခုကနေ နောက်တခုဆီကို လက်ဆင့်ကမ်းခဲ့ကြတဲ့ ပုံပြင်ဇာတ်လမ်းတွေကတဆင့် ဆိုပါတော့။

ဒါပေမယ့် ကျွန်တော်တို့ လူသားတွေ အပါအဝင် သက်ရှိမျိုးစိတ်တွေကတော့ ကျွန်တော်တို့ရဲ့ ပုံပြင်ဇာတ်လမ်းကို နှစ်သန်းပေါင်းထောင်နဲ့ချီပြီး လက်ဆင့် ကမ်းခဲ့ကြပါတယ်။ ကျွန်တော်တို့ သက်ရှိမျိုးစိတ်တွေတိုင်းရဲ့ ကိုယ်ခန္ဓာတွင်းက ဆဲလ်ကလာပ်စည်းရဲ့ အနက်ရှိုင်းဆုံး တနေရာမှာ ရေးသားထားတဲ့ သတင်းစကားတွေဟာဆိုရင် ကမ္ဘာမြေပေါ်က သက်ရှိတိုင်း ဖတ်ရှုနားလည်နိုင်တဲ့ ဘာသာစကားနဲ့ မှတ်တမ်းတင်ထားတယ်လို့ ဆိုနိုင်ပါတယ်။ မျိုးရိုးဗီဇကုဒ်နံပါတ်တွေဟာဆိုရင် သင်္ကေတ ၄ မျိုးပဲ ပါဝင်ပြီး သင်္ကေတ တလုံးချင်းစီတိုင်းဟာ အက်တမ် အဏုမြူတွေနဲ့ဖွဲ့စည်းထားတဲ့ မော်လီကျူးတွေ ဖြစ်ကြသလို ဝေါဟာရ တခုချင်းစီတိုင်းမှာလည်း သင်္ကေတ ၃လုံးစီ ပါဝင်ကြပါတယ်။

အဲဒီတော့ သက်ရှိ မျိုးစိတ်တွေတိုင်းဟာ သဘာဝတရားက ရေးသားထားပြီး ဆင့်ကဲဖြစ်စဉ်ကနေ တည်းဖြတ်ထားတဲ့ ဂန္ထဝင်ဇာတ်လမ်းတွေ ဖြစ်လို့နေပါတယ်။ ဆန်းပြားရှုပ်ထွေး လှတဲ့ ဇီဝယန္တရားကို ဘယ်လို မောင်းနှင်ရမယ်၊ ဘယ်လို မျိုးဆက် ပြန့်ပွားစေ ရမယ်ဆိုတဲ့ လမ်းညွှန်ချက်တွေ ထည့်သွင်းရေးသား ထားတာပါ။ ကနဦး သက်ရှိ တို့ရဲ့ ဇီဝမက်ဆေ့ကို နှစ်ပေါင်းသန်း ၃,၀၀၀ ကျော် အကြိမ်ကြိမ် ပြန်လည် ပွားယူထားခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ မေးစရာရှိလာ တာက ပထမဦးဆုံးသော သက်ရှိမှာ ပါဝင်တဲ့ဇီဝညွှန်ကြားချက် ဆိုတာကရော ဘယ်ကနေများရောက်ရှိလာ တာပါလိမ့်။ ဘယ်သူမှ မသိရှိကြပါဘူး။

နေရောင်ခြည်အောက်က လှိုင်းခေါင်းဖြူ တဖွေးဖွေးရှိတဲ့ ပင်လယ်ကမ်းစပ် တနေရာကလည်း ဖြစ်နိုင်ပါတယ်။ ကာဗွန်ဓာတ်ပါဝင်မှုနှုန်း မြင့်မားတဲ့ မော်လီကျူး အစုအဝေးတွေ စွမ်းအင်ကို အသုံးပြုပြီး မိမိရဲ့ ပုံတူကြမ်းတွေ ထုတ်လုပ်မှု ကနေ သက်ရှိတွေ စတင်ခဲ့ကြဟန် တူပါတယ်။ တချို့ သော မော်လီကျူး အစုအဝေးတွေကတော့ ကျန်မော်လီကျူးတွေထက် မိတ္တူပွားရာမှာ ပိုမို ကောင်းမွန်ခဲ့တာကြောင့် မျိုးရိုးဗီဇ အများအပြားကို လက်ဆင့်ကမ်းနိုင် ခဲ့ကြပါတယ်။ အဲဒီလိုမျိုးဆက် ပြန့်ပွားဖို့ အပြိုင်အဆိုင် အားထုတ်ခဲ့ကြတဲ့မော်လီကျူး အစုအဝေးတွေဟာ တစထက်တစပိုမို ဆန်းပြားရှုပ်ထွေးလာခဲ့ပြီး ဆင့်ကဲဖြစ်စဉ်နဲ့ သက်ရှိ သတ္တဝါတွေ ပေါ်ထွက်လာခြင်းဆီ ဦးတည်စေခဲ့ပါတယ်။

ဒါမှမဟုတ် ဇီဝသက်ရှိတို့ အစပြုရာ အရပ်ဟာ အပူဓာတ်တွေ ထွက်ပေါ်ရာ ပင်လယ်ကြမ်းပြင်ရဲ့ ရေအောက်မီးတောင် ပက်ကြားအက်တွေ အနီးဝန်းကျင်လည်း ဖြစ်နိုင်တာပါပဲ။ ဒါမှမဟုတ် သက်ရှိဇီဝတို့ရဲ့ အစဟာ စကြဝဠာ တနေရာကနေ ကျွန်တော်တို့ ကမ္ဘာမြေဆီ လှေကြုံစီးလာ ခဲ့တာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ တခြားသော ကမ္ဘာလောကတနေရာကနေ ကျွန်တော်တို့ဆီကို အလည် ရောက်ရှိလာခဲ့တဲ့ ခရီးသွားတဦး အကြောင်း နည်းနည်းလောက် ပြောပြချင်ပါတယ်။



အမေရိကန် သဘာဝသမိုင်းပြတိုက်မှ နာခ်လာ ဥက္ကာခဲ

အီဂျစ်နိုင်ငံ၊ အလက်ဇန္ဒရီးယားမြို့ ရဲ့အနီး နာခ်လာကျေးရွာ[223]ရဲ့ အေးချမ်းသာယာမှုဟာ ၁၉၁၁ ခုနှစ်၊ ဇွန်လရဲ့ မနက်ခင်းတခုမှာ တစစီပျောက်ကွယ်သွားခဲ့ရ ပါတယ်။ ကောင်းကင်ကနေ ဥက္ကာခဲတွေ အများအပြား ကျဆင်းလာခဲ့တာကြောင့်ပါ။ တခြားသော ကမ္ဘာဂြိုဟ်တခုခုမှာ ရေးသားထားတဲ့ အဲဒီ ဥက္ကာခဲတွေထဲက သတင်းစကားတွေကို နားလည်နိုင်ဖို့အတွက် ကျွန်တော်တို့ လူသားတွေ နှစ်ပေါင်း ၇၀ လောက် အချိန်ယူခဲ့ရပါတယ်။



ကားလ်ဆေဂင် နှင့် ဗိုက်ကင်း အာကာသယာဉ် (ပုံစံတူ)

၁၉၇၆ ခုနှစ်မှာ နာဆာဟာ သူ့ရဲ့ ဗိုက်ကင်း[224]အာကာသစူးစမ်းလေ့လာရေးယာဉ်၂ စင်းကို မားစ်ဂြိုဟ်ဆီ စေလွှတ်ခဲ့တဲ့နောက် တခြားသော ဂြိုဟ်ကမ္ဘာဆီက သတင်းစကားတွေကို ဖတ်ရှုနားလည်နိုင်ဖို့လမ်းစတွေ စတင်ပေါ်ပေါက်လာခဲ့ပါတော့တယ်။ စကြဝဠာ ကမ္ဘာလောကရဲ့ မူလအစကို ရှာဖွေဖို့ ခရီးစဉ်အကြောင်း စွန့်ဦးစွမ်းဆောင်ခဲ့သူကတော့ ကားလ် ဆေဂင်ပဲဖြစ်ပါတယ်။ အာကာသ စူးစမ်းလေ့လာရေးယာဉ်တွေကနေ ရရှိတဲ့ အချက်အလက်တွေအရ “မားစ်ဂြိုဟ်ရဲ့ လေထုဟာဆိုရင် ကျွန်တော်တို့ ကမ္ဘာမြေရဲ့ လေထုထက် သိပ်သည်းဆ ၁ ရာခိုင်နှုန်းနီးပါးပဲ ရှိပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် အများစုနဲ့ ဖွဲ့စည်းထားပါတယ်။ ပြီးတော့ နိုက်ထရိုဂျင်၊ အာဂွန်၊ ရေငွေ့ နဲ့ အောက်ဆီဂျင် အချိုးအစား အနည်းငယ် စီလည်း ပါဝင်ကြပါတယ်”လို့ ကားလ် ဆေဂင်က ဆိုပါတယ်။ နှစ်အနည်းငယ် ကုန်လွန်ပြီးတဲ့နောက် နာခ်လာကျေးရွာဆီကို ကျရောက်လာတဲ့ ဥက္ကာခဲတွေထဲမှာ ပိတ်မိနေတဲ့ ဓာတ်ငွေ့ တွေကို သိပ္ပံပညာရှင်တွေ ဓာတ်ခွဲကြည့်ရာမှာတော့ မားစ် ဂြိုဟ်ပေါ်က လေထုရဲ့ ဓာတ်ငွေ့ အချိုးအစားနဲ့ထပ်တူနီးပါး တူညီနေတာကို တွေ့ခဲ့ရပါတယ်။ ကမ္ဘာမြေဆီ ကျရောက်လာတဲ့ ဥက္ကာခဲတွေ၊ ဥက္ကာစိုင်တွေဟာ စကြဝဠာရဲ့ နေရာအနှံ့ကနေ ရောက်ရှိလာခဲ့တာ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် နာခ်လာကျေးရွာအနီး ကျရောက်ခဲ့တဲ့ ဥက္ကာခဲတွေရဲ့ မူလဇာတိကတော့ မားစ် ဂြိုဟ်ပါပဲ။



လွန်ခဲ့တဲ့ နှစ်ပေါင်းသန်း ၁,၀၀၀ ဝန်းကျင်တုန်းက မားစ်ဂြိုဟ်ပေါ်မှာ မီးတောင်ပေါက်ကွဲမှုတွေ အကြီးအကျယ် ဖြစ်ပွားခဲ့ပါတယ်။ အဲဒီ မီးတောင်ပေါက်ကွဲမှုတွေကနေ ထွက်ရှိလာတဲ့ ချော်ရည်ပူတွေ အေးခဲသွားတဲ့အခါ ကျောက်သားတွေအဖြစ်ပြောင်းလဲသွားကြပါတယ်။ အဲဒီနောက် နှစ်သန်းပေါင်းရာဂဏန်း ဝန်းကျင်မှာ ရေလွှမ်းမိုးမှုတွေ ဖြစ်ပြန်ပါတယ်။ အဲဒီနောက်မှာတော့ ဂျီဘရော်လ်တာ[225] အရွယ်အစားလောက် ရှိတဲ့ ဥက္ကာခဲကြီးဟာ မားစ်ဂြိုဟ်ကို ထိမှန်ခဲ့ပါတယ်။ အဲဒီလို ထိမှန်တဲ့နေရာကို အခုထက်တောင် တွေ့မြင်နိုင်ပါသေးတယ်။ ဥက္ကာခဲ ထိမှန်မှုကြောင့် လွင့်စင်ထွက်သွားတဲ့ ကျောက်သား ကျောက်စိုင်တွေဟာ အာကာသထဲတိုင်ပါပဲ။ အဲဒီလို လွင့်စင်ထွက်လာတဲ့ ကျောက်သားကျောက်စိုင်တွေဟာ အရွယ်အစားလည်း အတော်အတန် ကြီးမားပြီး ကျွန်တော်တို့ကမ္ဘာဂြိုဟ်ရဲ့ ဂြိုဟ်ပတ်လမ်းထဲကို ဝင်ရောက်လာကြောင့် ကမ္ဘာမြေကို လာရောက် ထိမှန်ပါတော့တယ်။ အဲဒီ ထိမှန်မှုကြောင့်ပဲ နာခ်လာကျေးရွာအနီး ဝန်းကျင်မှာ အော်ဟာစ်သံတွေနဲ့ ဆုံသွားခဲ့ရပါတယ်

မိုက်ကင်း အမှတ် ၂ အနီး ရေခဲများ

နာခ်လာကျေးရွာဆီကိုထိမှန်ခဲ့တဲ့ အဲဒီဥက္ကာခဲတွေဟာ ဂြိုဟ်တလုံးဆီက နေ နောက်ထပ် ဂြိုဟ်တလုံးဆီကို ဆက်သွယ်ခဲ့တဲ့သဘာဝ သယ်ယူပို့ဆောင်ရေး ယာဉ်တွေပါပဲ။ အဲဒီလိုဥက္ကာခဲတွေထဲမှာ မိုက်ခရိုစကုပ်နဲ့ကြည့်ရှုမှ တွေ့မြင်နိုင်တဲ့ သက်ရှိတွေ သယ်ဆောင်လာကြပြီး ဇီဝကမ္ဘာကို အစပြုစေခဲ့တဲ့ နောရေ့ လှေ သင်္ဘောလို့လည်း ဆိုနိုင်ပါတယ်။ အဲဒီဥက္ကာခဲ အများစုမှာ ပက်ကြားအက်တွေ၊ အချိုင့် အခွက်တွေ ပါဝင်ပြီး အဏုဇီဝ ပိုးမွှားပေါင်း များစွာကို ခိုအောင်းခွင့်ပြုထား ပါတယ်။ တချို့သော အဏုဇီဝ ပိုးမွှားတွေဟာဆိုရင် အင်မတန် ကြမ်းတမ်း ခက်ခဲလှတဲ့ အာကာသထဲမှာတောင် ရှင်သန်နိုင်စွမ်းရှိကြပါတယ်။ နိုင်ငံတကာ အာကာသစခန်းရဲ့ အပြင်ဘက် အပူလွန်ကဲ၊ အအေးလွန်ကဲရာ၊ အန္တရာယ်များပြားလှတဲ့ ဓာတ်ရောင်ခြည်တွေအပြည့်နဲ့ လေဟာနယ်အတွင်း တနှစ်ခွဲကျော် ရှင်သန်နိုင်စွမ်းရှိတဲ့ အဏုဇီဝ ပိုးမွှားတွေကို နာဆာကတောင် စုဆောင်းသိမ်းဆည်းထားပါသေးတယ်။ ကမ္ဘာမြေဆီကို ပြန်လည် သယ်ဆောင်လာတော့ တချို့သော အဏုဇီဝ ပိုးမွှားတွေဟာ လှုပ်ရှားသက်ဝင် နေကြတုန်းပါပဲ။ အဲဒီထက် ပိုပြီး

ထူးဆန်းတာက အဲဒီပိုးမွှားတွေဟာ အအေးလွန်ကဲလှတဲ့ အခြေအနေ အောက်မှာ နှစ်ပေါင်း ၈ သန်းကျော် အိပ်စက်နေခဲ့ကြပြီး အခုမှ နိုးထလာခဲ့ကြတာ ဖြစ်ပါတယ်။ အလားတူ အဏုဇီဝ ပိုးမွှားတွေဟာ ကျွန်တော်တို့ လူသားတွေရယ်လို့ မပေါ်ပေါက်မီ နှစ်သန်းပေါင်းများစွာတည်းက ကမ္ဘာမြေရဲ့ အန္တာတိက ရေခဲပြင်တွေထဲမှာ လဲလျောင်း အိပ်စက်နေခဲ့ကြပြီး အခုအချိန်ထိ အသက်ရှင်နေကြဆဲ ဖြစ်ပါတယ်။ အာကာသရဲ့ ပြင်းထန်လှတဲ့ အခြေအနေတွေအောက်မှာ ရှင်သန်ရပ်တည်နိုင်ပြီး နှစ်ပေါင်းထောင်နဲ့ချီ အိပ်စက်နေနိုင်စွမ်းရှိတယ်ဆိုရင် ဂြိုဟ် တလုံးကနေ တလုံးဆီ ကူးသန်းသွားလာမယ့် အနေအထားအတွက် အင်မတန်ကောင်းမွန်သင့်တော်လှတယ် လို့ဆိုရမှာပါပဲ။ ကျွန်တော်တို့ သက်ရှိသတ္တဝါတွေရဲ့ မူလအစ ဖြစ်နိုင်တဲ့ အဏုဇီဝ ပိုးမွှားတွေဟာ အာကာသဟင်းလင်းပြင်ထဲမှာ အချိန်အတော်ကြာ ဖြတ်သန်း နေထိုင်ခဲ့ကြတယ်ဆိုတာ ဖြစ်နိုင်ချေ အတော်များပြားပါတယ်။ ဘာလို့များ အဲဒီလို ပြောနိုင်ရတာပါလိမ့်။



နိုင်ငံတကာ အာကာသစခန်းမှ အဏုဇီဝ ပိုးမွှားများ (နာဆာ ၂၀၁၅၊ ၂၀၁၆)

ကျွန်တော်တို့ကမ္ဘာမြေရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၄.၅ ဘီလျံ ဖြစ်ပါတယ်။ ကမ္ဘာဂြိုဟ်ရယ်လို့ ဖြစ်ပေါ်ကာစ နှစ်ပေါင်းသန်းရာဂဏန်းဝန်းကျင်အတွင်း အရွယ်အစား အတော်အတန် ကြီးမားလှတဲ့ ဥက္ကာခဲစိုင်တွေ တရစပ် ထိမှန်ခဲ့ပါတယ်။ အဲဒီလို ပြင်းထန်တဲ့ဥက္ကာခဲစိုင် ထိမှန်မှုတွေကြောင့် ပင်လယ်သမုဒ္ဒရာတွေ

တောင် အငွေ့ပျံသွားပြီး အပေါ်ယံမျက်နှာပြင် ကျောက်လွှာတွေလည်း အရည် ပျော်ကုန်ပါတယ်။ အဲဒီလို ဥက္ကာခဲစိုင် ထိမှန်မှုတွေဟာ ကမ္ဘာမြေကို နှစ်ပေါင်း ထောင်နဲ့ချီပြီး သက်ရှိသတ္တဝါတွေ ရှင်သန်ဖို့ မဖြစ်နိုင်အောင် အကြောင်းဖန် ခဲ့ပါ တယ်။ ဒါပေမယ့် ကျောက်ဖြစ်ရုပ်ကြွင်းတွေကနေ တူးဖော်ရရှိတဲ့ အထောက် အ ထားတွေအရ ဘက်တီးရီးယားတွေ ကမ္ဘာမြေပေါ် ရှင်သန်ပေါက်ဖွားလာခဲ့ တာ ဟာ ကမ္ဘာမြေ ဖြစ်တည်စ အချိန်တည်းကလို့ ကောက်ချက် ဆွဲနိုင်ပါတယ်။ အဲဒီ တော့ အင်မတန် ခက်ခဲကြမ်းတမ်းလှတဲ့ အခြေအနေမျိုးအောက်မှာ သူတို့ ဘယ်လိုများ နေထိုင်ရှင်သန်ခဲ့ကြတာပါလိမ့်။

အဲဒီလို ရောမ ဥက္ကာခဲစိုင်ကြီးတွေ ကမ္ဘာမြေပြင်ကို ထိမှန်တုန်းကလည်း သန်းနဲ့ချီတဲ့ ကျောက်စိုင် ကျောက်သား တွေဟာ အာကာသဆီထိ လွင့်စင်သွားခဲ့ ကြ ပါလိမ့်မယ်။ အဲဒီ ကျောက်စိုင်ကျောက်သား တွေမှာလည်း သက်ရှိဓာတ်အဖြစ် ဘက်တီးရီးယားတွေ သယ်ဆောင်သွားခဲ့ကြဖို့ သေချာသလောက် ရှိပါတယ်။ ကမ္ဘာမြေပြင်မှာ ကျန်ရစ်ခဲ့တဲ့ သက်ရှိမျိုးစိတ်တွေ အားလုံးနီးပါး မီးလောင်တိုက် သွင်းခံရချိန်မှာ အာကာသထဲဆီ လွင့်စင်သွားခဲ့ကြတဲ့ ကျောက်သားကျောက် စိုင် တွေထဲက ဘက်တီးရီးယားတွေ၊ အဏုဇီဝ ပိုးမွှားတွေကတော့ အသက်ရှင်ခွင့် ရခဲ့ ကြဟန် တူပါတယ်။ ဥက္ကာခဲစိုင်တွေ ထိမှန်လို့ ကမ္ဘာဖျက်ကပ် ဘေးဆိုးတွေ နှစ် ပေါင်းထောင်နဲ့ချီ ရင်ဆိုင်ခဲ့ရပြီးနောက် ပြန်လည် အသားကျလာတဲ့ ကမ္ဘာမြေမှာ အပူချိန်တွေလည်း ပြန်လည် ကျဆင်းလာပြီး သမုဒ္ဒရာတွေ၊ ရေပြင်တွေနဲ့ သက်ရှိ တို့ နေထိုင်ရှင်သန်နိုင်တဲ့ အနေအထား ပြန်ဖြစ်လာပါတယ်။ ဟိုအရင် အာကာသ ထဲ လွင့်စင်သွားခဲ့တဲ့ ကျောက်စိုင်ကျောက်သား တွေဟာ ကမ္ဘာဂြိုဟ် နည်းတူ နေ ကို လှည့်ပတ်နေကြပါလိမ့်မယ်။ ဒါပေမယ့် တချို့တလေကတော့ ကမ္ဘာမြေပြင်ဆီ ကို ပြန်လည် ကျဆင်းလာပြီး သက်ရှိတို့ရဲ့ မူလအစအဖြစ် ဘက်တီးရီးယားတွေ၊ အဏုဇီဝ ပိုးမွှားတွေကို တပါတည်း ယူဆောင်လာခဲ့ကြ ပါလိမ့်မယ်။ နောရေ့ လှေ သင်္ဘောလိုမျိုး အလားသဏ္ဌာန်တူ ဖြစ်ရပ် ဆိုပါတော့။ သက်ရှိဇီဝဖြစ်စဉ်ဆိုတာ ကမ္ဘာဖျက်ကပ်ဘေးဆိုးကြီးတွေ ဖြစ်ပွားပြီးနောက် ဘာမှမရှိတဲ့ အနေအထားက နေ အစပျိုးရတာမျိုး မဟုတ်ဘဲ ဟိုအရင် ဖြစ်တည် ပြီးသား အခြေအနေကပဲ ဆက်လက် လည်ပတ်သွားတာဖြစ်ဖို့ များပါတယ်။

အဖွဲ့အစည်း ဖြစ်တည်ကာစ အချိန်ကာလတွေတုန်းကဆိုရင် ဗီးနပ်စ် ဂြိုဟ်ဟာလည်း ကမ္ဘာမြေနည်းတူ သမုဒ္ဒရာရေပြင်တွေနဲ့ သက်ရှိတွေ နေထိုင်နိုင်တဲ့ အနေအထားမျိုး ဖြစ်ခဲ့ပါလိမ့်မယ်။ ဗီးနပ်စ်၊ ကမ္ဘာဂြိုဟ်နဲ့ မားစ်ဂြိုဟ်တို့ဟာ ခုန ပြောသွားခဲ့တဲ့ နည်းလမ်းအတိုင်း အချင်းချင်း ဥက္ကာခဲတွေ၊ ကျောက်စိုင် ကျောက်သားတွေ အပြန်အလှန်ဖလှယ်ခဲ့ကြပါတယ်။ အဲဒီတော့ အတိတ်ကာလ တုန်းက ဇီဝသက်ရှိတွေဟာ နေအဖွဲ့ အစည်းအတွင်းက ဂြိုဟ်တွေအကြား အပြန်အလှန် ရောက်ရှိပွားများခဲ့ကြတာမျိုး ဖြစ်နိုင်တာပါပဲ။ အဏုဇီဝ ပိုးမွှားတွေ ဟာ ဘာလို့များ ကြယ်တာရာနေမင်းရဲ့ ပြင်းထန်လှတဲ့ လှိုင်းမြင့် ဓာတ်ရောင်ခြည် တွေကိုလည်း ရှင်သန်ကျော်ဖြတ်နိုင်စွမ်းရှိ၊ အာကာသဟင်းလင်းပြင် လေဟာ နယ်ထဲမှာလည်း အသက်ရှင်နိုင်စွမ်း ရှိနေကြတာပါလဲ။ အဲဒီလို အနေအထားမျိုး ကမ္ဘာမြေပေါ်မှာ သဘာဝ အလျောက် ဖြစ်ရိုးဖြစ်စဉ် ဟုတ်ဟန် မတူပါဘူး။ အဲဒီ တော့ လွန်ခဲ့တဲ့ နှစ်သန်းပေါင်းထောင်ဂဏန်းတုန်းက သူတို့ရဲ့ ဘိုးဘေး ပိုးမွှား တွေဟာလည်း အာကာသရဲ့ အလားတူ ကြမ်းတမ်းခက်ခဲလှတဲ့ အနေအထား အောက်မှာ ရှင်သန်နေထိုင်ခဲ့ကြတယ်လို့ ပြောပြနေသယောင် ရှိတယ်လို့ ယူဆရ ပါတယ်။ အဲဒီတော့ အဏုဇီဝ ပိုးမွှားတွေအနေနဲ့ ဥက္ကာခဲတွေထဲမှာ ခိုအောင်းပြီး ရှင်သန်နေနိုင်ခဲ့ကြတယ်၊ ဂြိုဟ်တလုံးကနေ နောက်တလုံးဆီ သွားလာခဲ့ကြတယ် ဆိုတာတွေ ကျွန်တော်တို့ သိရှိရပါပြီ။ အဲဒါဆို ကြယ်တာရာ တလုံးဆီကနေ နောက်တလုံးဆီကို အလင်းနှစ်ပေါင်းမြောက်မြားစွာ သွားလာနိုင် စွမ်းရော ရှိပါ လား။ ဒါဟာ အင်မတန် ဖြေဆိုရ ခက်ခဲလှပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း သန်း ၃၀ ဝန်းကျင်တုန်းက ဆင့်ကဲပေါ်ပေါက်လာခဲ့တဲ့ ဒုဓလီပန်းလေးတွေဟာ အချိန်ကာလနဲ့ ဒေသကိုဖြတ်ကျော်ပြီး အသက်ဇီဝတွေ ပွားများစေဖို့ နည်းလမ်းရှာတွေ့ ခဲ့ကြပါတယ်။ ဒုဓလီပန်းပွင့်ကနေ ထုတ်လွှတ် လိုက်တဲ့ ဝတ်မှုန်တစေ့ချင်းစီတိုင်းဟာ လေထီးတပ်ဖွဲ့ဝင်လိုမျိုး လေဟုန်စီးပြီး ဘေးကင်းရာဆီ မိုင်ပေါင်းများစွာ သွားလာနိုင်ပါတယ်။ လေအဟုန်မှာ မြင့်တက် သွားပြီး တောတောင်တွေဆီကို ဖြတ်ကျော်နိုင်စွမ်းလည်းရှိပါတယ်။ တကယ်ဆို မိုင်ပေါင်းများစွာဆိုတာထက် ကီလိုမီတာ ရာနဲ့ချီပြီးတောင် သွားရောက်နိုင် တယ် လို့ ဆိုရမှာပါ။ ဆင့်ကဲဖြစ်စဉ်ဟာ သေသပ်လှပလွန်းတဲ့ ယာဉ်ပျံတစီးကို ထုတ်လုပ်ပြခဲ့ပါတယ်။ အဲဒီ ဒုဓလီမျိုးစေ့လေးဟာလည်း နောရေဲ့ လှေသင်္ဘောနဲ့

အလားသဏ္ဍာန် တူညီလို့ နေပြန်ပါတယ်။ ဘေးကင်းရာ အရပ်ဆီ လေဟုန်စီး ပျံသန်းရင်း မိမိရဲ့ မျိုးစိတ် ရှင်သန်ပွားများဖို့ စွန့်စားရခြင်းပဲ မဟုတ်လား။ အဲဒီ မျိုးစေ့လေးတွေထဲကမျိုးရိုးဗီဇ ဒီအန်အေတွေမှာလည်း နောက်ထပ် ဒုဝလီပန်း လေးတွေရဲ့ စရိုက်လက္ခဏာနဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်မယ့် အချက် အလက်တွေကို သိမ်းထားကြပါတယ်။ ဇီဝအသက်ဟာ သူ့ရဲ့ သမိုင်းကြောင်းကို ကိုယ်တိုင် ပြန်လည် ဖွင့်ဆိုရင်း ဝါဒဖြန့်ခဲ့ဟန် တူပါတယ်။

လေစုန်စီးကြမည့် ဒုဝလီ မျိုးစေ့များ

အဲဒီတော့ ခုနပြောခဲ့တဲ့ စကားကို ပြန်ဆက်ရရင် ဇီဝအသက်ဟာ ကြယ်တာရာတွေ အကြား အင်မတန် ဝေးကွာလှတဲ့ အလင်းနှစ်ပေါင်းမြောက်မြား စွာကို ဖြတ်ကျော်ပွားများနိုင်စွမ်း အမှန်တကယ် ရှိပါသလား ဆိုတဲ့မေးခွန်းကို ဘယ်လို ဖြေဆိုရမှာပါလိမ့်။ ကြယ်တာရာတွေ ဆိုတာက ဂြိုဟ်တွေ အကြား အကွာအဝေး ထက် အဆပေါင်း သန်းနဲ့ချီပြီး ဝေးကွာလွန်းလှတယ်လေ။ စကြဝဠာ အာကာသ ဆိုတာ ဘယ်လောက်များ ကျယ်ပြောလိုက်သလဲဆိုရင် ကမ္ဘာမြေက ထုတ်လွှတ် လိုက်မယ့် ကျောက်စိုင်ကျောက်သား၊ သို့မဟုတ် ဥက္ကာ စိုင်တခုဟာ နောက်ထပ် ကြယ်တာရာတလုံးကို လှည့်ပတ်နေတဲ့ ဂြိုဟ်တလုံးဆီ သွားရောက် ထိမှန်ဖို့ နှစ်ပေါင်းသန်းထောင်နဲ့ချီပြီး အချိန်ယူရနိုင်ပါတယ်။ ဥက္ကာ စိုင်တွေအတွင်း ပုန်းခိုနေကြတဲ့ အဏုဇီဝပိုးမွှားတွေအဖို့ ပြင်းထန်လှတဲ့ခ‌ောတ်

ရောင်ခြည်ဒဏ်တွေ အကြား အဲဒီလောက် အချိန်ကြာကြာ ရှင်သန်ဖို့ လုံးဝ မဖြစ်နိုင်ပါဘူး။

ဒါပေမယ့် နေအဖွဲ့အစည်းတခုကနေ နောက်တခုအကြား ဇီဝအသက်တွေ ဘယ်လို ပြန့်ပွားနိုင်တယ် ဆိုတာ ဖြစ်တန်စွမ်း အတော်အတန် မြင့်မားတဲ့ သီအိုရီကရပ်တော့ ရှိပါတယ်။ နဂါးငွေ့တန်း ဂလက်ဆီအတွင်းက ကြယ်တာရာတွေဟာ ဗဟိုဆွဲငင်အားနဲ့ လည်ပတ်နေကြတာ ဖြစ်ပါတယ်။ ဥပမာကျွန်တော်တို့ နေအဖွဲ့အစည်းသည်ပင်လျှင် နဂါးငွေ့တန်းကို တပတ်ပတ်နိုင်ဖို့ နှစ်ပေါင်း ၂၂၅ သန်း အချိန်ယူရပါတယ်။ ဂလက်ဆီကို လှည့်ပတ်နေစဉ်မှာ ကျွန်တော်တို့ နေအဖွဲ့အစည်းဟာ အင်မတန် အရွယ်အစားကြီးမားလှတဲ့ ကြယ်တာရာဒြပ်မှုန်တိမ်တိုက်တွေ ၂ ခု၊ ၃ ခုလောက်နဲ့ ကြုံကြိုက်လေ့ရှိပါတယ်။ သူတို့အကြားမှာလည်း အလင်းနှစ်ပေါင်း များစွာ ကွာဝေးတာပါ။ ဂလက်ဆီဆိုတဲ့ ကြယ်တာရာ အစုအဝေးတွေ ဟာ ဂြိုဟ်ကမ္ဘာတွေ ထုတ်လုပ်နိုင်စွမ်းရှိတဲ့ ယန္တရားတွေပါပဲ။ ကျွန်တော် တို့ နဂါးငွေ့ တန်း ဂလက်ဆီအတွင်းမှာလည်း ကြယ်တာရာသစ်တွေနဲ့ ဂြိုဟ် ကမ္ဘာသစ်တွေ ဖန်တီး ထုတ်လုပ်နိုင်စွမ်းရှိတဲ့ ဒြပ်မှုန်တိမ်တိုက် အစုအဝေး ပေါင်း ရာဂဏန်းဝန်းကျင် ရှိပါတယ်။ နဂါးငွေ့တန်း ဂလက်ဆီအတွင်း လှည့်ပတ်နေစဉ် အတွင်းမှာ ကျွန်တော်တို့ နေအဖွဲ့အစည်းဟာ သန်းပေါင်းများစွာသော ကြယ်တံခွန်တွေ နဲ့လည်း အခါအားလျော်စွာ ကြုံကြိုက်လေ့ရှိပါတယ်။ ခုနပြောသွားတဲ့ ဒြပ်မှုန်တိမ်တိုက်ကြီးတွေကို နေအဖွဲ့အစည်းက ဖြတ်သန်းသွားတဲ့အခါ အပြင်ဘက်ပိုင်းက ပတ်လမ်းအရှည်လျားဆုံးဆိုတဲ့ ကြယ်တံခွန် တွေရဲ့ ဆွဲငင်အားကို သက်ရောက်မှု ဖြစ်ပေါ်စေပါတယ်။

အဲဒီအခါ တချို့သော ကြယ်တံခွန်တွေဟာ ကြယ်တာရာတွေအကြား ပြန်လည် ဝင်ရောက် လာကြပါတယ်။ တချို့ ကြယ်တံခွန်ကတော့ ဆွဲငင်အား ပြင်းထန်လှတဲ့ ကြယ်တာရာတွေဆီ တိုးဝင် သွားကြပါတယ်။ တချို့သော ကြယ်တံခွန်ကတော့ အဲဒီ ကြယ်တာရာကို လှည့်ပတ်နေတဲ့ ဂြိုဟ်တလုံးလုံးကို ဝင်ရောက် ထိမှန်ကြပါတယ်။ ကျောက်စိုင်ကျောက်သား အတိပြီးတဲ့ ဂြိုဟ်တလုံးကို အရှိန် ပြင်းထန်လှတဲ့ ကြယ်တံခွန်က ဝင်ရောက် ထိမှန်တဲ့အခါ အဲဒီဂြိုဟ်ရဲ့ ကျောက်စိုင် ကျောက်သားတွေဟာ အာကာသထဲဆီ လွင့်စင်သွားကြပါတယ်။

အဲဒီဂြိုဟ်မှာ သက်ရှိဇီဝတွေ ဖြစ်တည်ပြီးပြီဆိုရင် အာကာသထဲဆီ လွင့်စင်သွား မယ့် ကျောက် စိုင်ကျောက်သားတွေမှာ အဏုဇီဝ ခရီးသည်တွေ တင်ဆောင်သွား နိုင်ဖို့ အလား အလာ အတော်များ ပါတယ်။ နှစ်ပေါင်းထောင်နဲ့ချီပြီး ကုန်လွန်သွား တဲ့နောက်မှာအဲဒီလို လွင့်စင်သွားတဲ့ ကျောက်စိုင်ကျောက်သား ဥက္ကာခဲတွေဟာ ဒြပ်မှုန်တိမ် တိုက်တွေကနေ နောက်ထပ်ဖြစ်ပေါ်လာမယ့် ဂြိုဟ်အသစ်တွေဆီ ရောက်ရှိသွား နိုင်ပါတယ်။ တကယ်လို့များ အဲဒီလိုဥက္ကာစိုင်တွေထဲမှာ ပုန်းခိုနေ ကြတဲ့ အဏုဇီဝ ပိုးမွှားတွေအနေနဲ့ ရေကို အရည်အဖြစ် ထိန်းသိမ်းထားနိုင်တဲ့ ပတ်ဝန်းကျင်နဲ့ ကြုံကြိုက်မိပြီဆိုရင် ပြန်လည် နိုးထလာပြီး တဖန် ရှင်သန် ပွားများနိုင်ကြပြန်ပါ တယ်။

အဲဒီ နည်းလမ်းနဲ့ အသက်ဇီဝ ကင်းမဲ့ဇုန်တွေမှာ အသက်ဇီဝခေတ်တွေ အတိ ပြီးသွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အဲဒီနောက် ဒြပ်မှုန်တိမ်တိုက်တွေ ကနေပဲ နောက်ထပ်ကြယ်တာရာတွေ ထပ်မံပေါ်ထွန်း လာပြန်ပြီး အသစ်ဖြစ် တည် လာတဲ့ဂြိုဟ်တွေဆီမှာ အသက်ဇီဝခေတ်တွေ ဆက်လက်ဖြန့်ဖြူးကြပြန်ပါ တယ်။ အသစ်ဖြစ်ပေါ်လာပြီးတဲ့နောက် တခြားဂြိုဟ်တွေဆီကနေ ရောက်ရှိလာ တဲ့ ဥက္ကာစိုင်တွေနဲ့ ထိမှန်ပြီး သက်ရှိ ဇီဝခေတ်တွေ ပွားများလာတဲ့ ဂြိုဟ်တွေဟာ လည်း နောက်တဖန် သက်ရှိဇီဝခေတ်တွေ ထပ်မံ ပြန့်ပွား စေပြန်ပါတယ်။ နောက်ဆုံးမှာ သူတို့လှည့်ပတ်နေတဲ့ ကြယ်တာရာတွေဟာ အခြားသော ကြယ်တာရာအကြား ဒြပ်မှုန်တိမ်တိုက်တွေဆီ ဆောင်ကြဉ်းသွားကြပြန်ပြီး နောက်ထပ် အသစ်သော ဂြိုဟ်ကမ္ဘာတွေနဲ့ သက်ရှိတွေ ထပ်မံ ပြန့်ပွားစေပြန်ပါ တယ်။

အဲဒီလို ဖြစ်စဉ်တွေဟာ အကြိမ်ကြိမ်၊ အဖန်ဖန် ပေါ်ပေါက်ခဲ့ပြီး ဖြစ်စဉ် တ ခုချင်းစီတိုင်းမှာ သက်ရှိဇီဝခေတ်တွေ ပွားများဖို့ အကြောင်းဖြစ်စေခဲ့မယ်ဆိုရင် သက်ရှိဖြစ်စဉ်ဟာ အင်မတန် နေးကွေးတဲ့ နှုန်းထားနဲ့ ဂလက်ဆီအနှံ့ကို ပျံ့နှံ့နေ တယ်လို့ ဆိုနိုင်ပါတယ်။ အလားတူပဲ အဲဒီနည်းလမ်းနဲ့ ကျွန်တော်တို့ ကမ္ဘာမြေဆီ ကို သက်ရှိဇီဝတွေ ရောက်ရှိခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ ကျိန်းသေပေါက်လို့ တော့ မဆိုနိုင် ဘူးပေါ့လေ။ ကျွန်တော်တို့လို သက်ရှိတွေရော စကြဝဠာရဲ့ အခြား တနေရာမှာ ဖြစ်တည်နေနိုင်ပါသလား။ သူတို့ကရော ကျွန်တော်တို့နည်းတူ အခု

လိုမေးခွန်းထုတ်နေကြမလား။ ကျွန်တော်တို့နည်းတူ ထိတ်လန့် ကြောက်ရွံ့ နေကြမလား။ သူတို့မှာလည်း သူရဲကောင်းတွေ၊ စွန့်စားခန်းတွေ ရှိနေကြမလား။ တကယ်လို့များ သူတို့တွေ အမှန်တကယ်တည်ရှိနေကြတယ်ဆိုရင် ဘယ်နေရာများမှာပါလိမ့်။ သူတို့ရဲ့ ဖြစ်တည်မှုအကြောင်း သိရှိစေနိုင်မယ့်နည်းလမ်းရယ်လို့ရော ရှိနိုင်သလား။

နဂါးငွေ့တန်း ဂလက်ဆီထဲမှာရော ကျွန်တော်တို့ လူသားတွေအနေနဲ့ မိမိတို့ရဲ့ ဖြစ်တည်မှုအကြောင်း ဘယ်လို ထုတ်ဖော်၊ ကြေငြာခဲ့တာပါလိမ့်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးလို့ နောက်တနှစ်အကြာ၊ ၁၉၄၆ ခုနှစ်တုန်းတည်းက ဆိုပါတော့။ နယူးဂျာစီပြည်နယ်၊ ဘဲလ်မာ[226] မြို့က အမေရိကန်တပ်မတော် အင်ဂျင်နီယာတွေဟာ စိတ်ကူးယဉ်သိပ္ပံဝတ္ထုတွေ ရေးသားခဲ့တဲ့ အိတ်ချ်ဂျီဝဲလ်တို့၊ ဘတ်ခ်ရော်ဂျာ တို့ထက် ဆန်းသစ်တဲ့တီထွင်မှုတွေ ဖန်တီးနိုင်ခဲ့ကြပါတယ်။ အမေရိကန်ပညာရှင်တွေဟာ ရေဒီယိုလှိုင်းကို လကမ္ဘာဆီ ထုတ်လွှတ်လိုက်ပြီး ပြန်လည်ရောက်ရှိလာတဲ့ ပဲ့တင်သံကို ဖမ်းယူပြခဲ့ကြပါတယ်။ အဲဒီကနေပဲ စကြဝဠာတခွင်ကို ဆက်သွယ်နိုင်စေမယ့် နည်းပညာတွေ စတင်ခဲ့တယ် ဆိုပါတော့။ အဲဒီ စမ်းသပ်ချက်ကို ပရောဂျက် ဒိုင်ယာနာ[227] ရယ်လို့ ခေါ်ဆိုခဲ့ကြပါတယ်။ အဲဒီ မက်ဆေ့ဟာ ကျွန်တော်တို့လူသားမျိုးစိတ်ကနေ စကြဝဠာဆီ ပထမဦးဆုံး ပေးပို့ခဲ့တဲ့ သတင်းစကားပါပဲ။ အသံကလည်း အထူးအဆန်းတော့ မဟုတ်ပါဘူး။ စိတ်ချောက်ချားစရာလို့ ယူဆနိုင်တဲ့ ခေါင်းလောင်းထိုးသံပါ။ အဲဒီနောက်မှာတော့ ကမ္ဘာမြေရဲ့ လေထုကိုထိုးဖောက် ဆက်သွယ်နိုင်စွမ်းရှိတဲ့နည်းပညာတွေအတွက် လမ်းပွင့်သွားခဲ့ပါ တယ်။



ပရောဂျက် ဒိုင်ယာနာ ရေဒါ မျှော်စင်

အလင်းရဲ့ အလျင်နဲ့ သွားရောက်နိုင်တဲ့ ရေဒီယိုလှိုင်းဟာ တစက္ကန့် ဆိုတဲ့ အချိန်သာသာမှာပဲ လကမ္ဘာရဲ့ မျက်နှာပြင်ကို ရိုက်ခတ်ပြီး ကမ္ဘာမြေဆီကို ပြန်လည်ရောက်ရှိလာပါတယ်။ အမှန်တကယ် ထုတ်လွှတ်လိုက်တဲ့ ရေဒီယိုလှိုင်းတွေကတော့ လကမ္ဘာကို ကျော်လွန်ဖြတ်သန်းသွားတာ အများစုပေါ့လေ။ ရေဒီယိုလှိုင်းရဲ့ ဗဟိုအစိတ်အပိုင်းလောက်ပဲ ပဲ့တင်ရိုက်ပြီး ပြန်လာတာ ဖြစ်ပါ တယ်။ ၂ စက္ကန့်ခွဲဆိုတဲ့ အချိန်အတွင်း ကမ္ဘာမြေဆီကို အဲဒီ ပဲ့တင်သံ ပြန်လည် ရောက်ရှိလာပါတယ်။ ပရောဂျက် ဒိုင်ယာနာ မှာ အင်အားပြင်းထန်လှတဲ့ ရေဒီယို လှိုင်းတွေကို လကမ္ဘာဆီ ၄ စက္ကန့်တခါ ထုတ်လွှတ်ပေးပါတယ်။ လကမ္ဘာကို ကျော်လွန်

ဖြတ်သန်းသွားတဲ့ ရေဒီယိုလှိုင်းတွေဟာ စာဖတ်သူ အခုဒီစာအုပ်ကိုဖတ်ရှုနေစဥ်မှာတောင် စကြဝဠာတခွင် စက်ဝိုင်းလှိုင်းတွေအဖြစ် ဆက်လက် ရွေ့လျားနေကြဆဲပါပဲ။ ဒါဟာ တကယ့်ကို ကနဦး အစလို့ ဆိုနိုင်ပါတယ်။ ဒုတိယ ကမ္ဘာစစ်ပြီးဆုံးသွားတဲ့နောက် ရုပ်မြင်သံကြား အသံလွှင့်ရုံတွေဟာ အမေရိကန် ပြည်ထောင်စုတခွင်နဲ့ ကမ္ဘာအနှံ့မှာ အလျှိုအလျှို ပေါ်ထွက်လို့ လာခဲ့ပါတယ်။ ၂၀ ရာစုအတွင်း ပရောဂျက် ဒိုင်ယာနာ ကနေ ထုတ်လွှင့်လိုက်တဲ့ခေါင်းလောင်း ထိုးသံ၊ အက်ဖ်အမ် ရေဒီယိုတွေရဲ့ အသံလွှင့်ချက်တွေ၊ ရုပ်မြင်သံကြား အစီအစဥ် တွေ၊ ရေဒါအချက်ပြမှုတွေဟာ အလင်းရဲ့ အလျင်နှုန်းနဲ့ ကမ္ဘာမြေအပြင်ဘက်ဆီ ကို လားရာအနှံ့ ပျံ့နှံ့သွားကြပါတယ်။ စက်ဝိုင်းသဏ္ဍာန် လှိုင်းအဖြစ် ရွေ့လျား သွားကြတဲ့ ရေဒီယိုလှိုင်းတွေကပဲ ကျွန်တော်တို့ ကမ္ဘာဂြိုဟ်က ထုတ်လွှတ်လိုက် တာတွေအကြောင်း ပြောပြလို့ နေပါတယ်။

ကျွန်တော်တို့ရဲ့ ဘိုးဘွားလူသားတွေဟာ နောင်မျိုးဆက်တွေဆီလက်ဆင့်ကမ်းဖို့အတွက် သူရဲကောင်း ဂီလ်ဂါမက်ရှ် ရဲ့ ဇာတ်လမ်းအကြောင်းကို ရွံ့ပြားငယ်တွေပေါ်မှာ ရေးသားကောင်း ရေးသားခဲ့ပါ လိမ့်မယ်။ ကျွန်တော်တို့လက်ထက်မှာတော့ ရေဒီယိုလှိုင်းတွေထဲမှာ မက်ဆေ့တွေ၊ ဇာတ်လမ်းတွေကို ထည့်သွင်းပြီး အာကာသစကြဝဠာရဲ့ လားအရာအနှံ့ဆီ ကိုလှိုင်းအဖြစ် ထုတ်လွှတ်လိုက်နိုင်ခဲ့ကြပါတယ်။ အဲဒီလို ထုတ်လွှင့်လိုက်တဲ့ ရေဒီယိုလှိုင်းတွေဟာ အလင်းနှစ်တနှစ်စာပျံ့နှံ့သွားခဲ့ပြီးဖြစ်တာကြောင့် စတင် ထုတ်လွှင့်လိုက်ချိန်တည်းက တနှစ်ကို ၆ ထရီလျံမိုင်နှုန်းထားနဲ့ အာကာစကြဝဠာဆီ တိုးဝင်သွားနေခဲ့ပါတယ်။ အဲဒီတော့ ရေဒီယိုလှိုင်းတွေကို ကျွန်တော်တို့ လူသားတွေ အာကာသ စကြဝဠာဆီ ထုတ်လွှင့်နေခဲ့တာ နှစ်ပေါင်း ၇၀ ကျော် ရှိခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ အဲဒီ ကနဦး ထုတ်လွှင့်လိုက်တဲ့ ရေဒီယို အချက်ပြလှိုင်းတွေဟာ အခုလောက်ဆိုရင် ထောင်နဲ့ချီတဲ့ ကြယ်တာရာတွေနဲ့ ဂြိုဟ်တွေဆီကို ရောက်ရှိ ဖြတ်သန်းခဲ့ကြပြီးပါပြီ။

တကယ်လို့များ အဲဒီဂြိုဟ်ကမ္ဘာတွေဆီမှာ ရေဒီယိုတယ်လီစကုပ် နည်းပညာ ပေါ်ပေါက်ပြီးသား သက်ရှိအဖွဲ့အစည်းတွေ တည်ရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့ လူသားတွေ ဟောဒီ ကမ္ဘာဂြိုဟ်ပေါ်မှာ နေထိုင်ကြမှန်း သူတို့ သိရှိပြီး ဖြစ်ပါလိမ့်မယ်။ တကယ်လို့များ သူတို့ဆီကနေ အာကာသထဲကို အလားတူ ထုတ်လွှင့်

လိုက်တဲ့ သတင်းအချက်အလက်တွေ ရှိခဲ့ရင်ရော ဘယ်လိုများနေမှာပါလိမ့်။ကမ္ဘာမြေရဲ့ ပြင်ပကနေ ထုတ်လွှင့်လိုက်တဲ့ ရေဒီယိုအချက်ပေးမှုတွေကို ကျွန်တော်တို့ စောင့်ဆိုင်း နားထောင် လာခဲ့ကြတာ ၁၉၆၀ ခုနှစ်တည်းကပါပဲ။ အခုထက် ထိတော့ ခေါင်းလောင်းထိုးသံလို စက္ကန့်ပိုင်းလောက်ပဲ ရှိတဲ့ အချက်ပေးမှုမျိုး တောင် မကြားခဲ့ရဖူးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ဖမ်းယူနားဆင်မှုဟာ အချိန်ပြည့် ဆောင်ရွက်ခဲ့တာမျိုး မဟုတ်ခဲ့သလို ကောင်းကင်ယံ အစိတ်အပိုင်း တချို့လောက် ဆီပဲ လေ့လာနိုင် ပါသေးတယ်။ အဲဒီတော့ လေ့လာဆန်းစစ်တဲ့ နေရာ၊ အာကာသနဲ့ ဖမ်းယူနားဆင်တဲ့ အချိန်၊ ခေတ်ကာလတွေ အံချော်နေတာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း နဂါးငွေ့တန်း ဂလက်ဆီအတွင်းက ကြယ်တာရာတွေထဲမှာတောင် မပြောပလောက်တဲ့ အရေအတွက်၊ အချိုးအစားပဲ လေ့လာနိုင်သေးတာ မဟုတ်လား။

နောက်ထပ်ပြဿနာ တရပ်လည်းရှိပါသေးတယ်။ မိမိတို့ရှင်သန်၊ ဖြတ်သန်းရာ ခေတ်ကာလနဲ့ နည်းပညာ အကန့်အသတ်ဘောင်တွေအတွင်း ပိတ်မိနေတာမျိုး ကျွန်တော်တို့ ရင်ဆိုင်နေရတာလည်း ဖြစ်နိုင်ပါတယ်။ ရေဒီယိုနဲ့ ရုပ်မြင်သံကြား ထုတ်လွှင့်မှုတွေဆိုတာ တကယ်တော့ နည်းပညာဖွံ့ဖြိုးတိုးတက်မှု ပိုင်းမှာ တကယ့်ကိုမကြာလှသေးတဲ့ အချိန်တိုကာလလေး အတွင်းတုန်းကမှ ပေါ်ထွန်းခဲ့တာပါ။ ကမ္ဘာ့ပြင်ပ သက်ရှိအဖွဲ့ အစည်းတွေကနေ ထုတ်လွှင့်မယ့် ရေဒီယို တယ်လီစကုပ် နည်းပညာတွေအကြောင်း ကျွန်တော်တို့ စဉ်းစားကြည့်တဲ့ အခါ ကျွန်တော်တို့ကိုယ်တိုင် အရင်မျိုးဆက်တွေတုန်းကလို အမြောက်ဆံကြီးပေါ် တက်စီးပြီး လကမ္ဘာဆီ သွားချင်တယ် ဆိုတဲ့ အတွေးအခေါ်မျိုး ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ထက် အနည်းငယ် ပိုမိုတိုးတက်တဲ့ သက်ရှိအဖွဲ့အစည်းတွေ ဆိုရင်ကို အခုပြောတဲ့ရေဒီယို၊ ရုပ်မြင်သံကြား နည်းပညာတွေကနေ ကျွန်တော်တို့ လူသားတွေ မတွေ့ရှိသေးတဲ့ နောက်တဆင့် ထပ်မံ အဆင့်တိုးမြှင့်ပြီးသား နည်းပညာ တမျိုးမျိုးဆီ ပြောင်းလဲ၊ အသုံးပြုနေကြတာမျိုး ရှိနှင့်ပြီးလောက်ပါပြီ။ သူတို့ဆီကနေ ပေးပို့လိုက်တဲ့ မက်ဆေ့တွေ၊ အချက်ပြမှုတွေဟာ လက်ရှိအချိန်အတောအတွင်းမှာတောင် ကျွန်တော်တို့ အနီးဝန်းကျင်တဝိုက် အများအပြားရောက်ရှိ နေတာမျိုး ဖြစ်နိုင်ပါတယ်။ အဲဒါတွေကို ဘယ်လိုဖမ်းယူ၊ အဓိပ္ပာယ်ဖွင့်ဆိုရမှန်း ကျွန်တော်တို့ မသိသေးဘူးလေ။ တခြား ခပ်ဝေးဝေး မကြည့်ပါနဲ့။ လွန်ခဲ့တဲ့

ရာစုနှစ်တခုလောက်က ကျွန်တော်တို့ အရင်မျိုးဆက်တောင်မှ ဂြိုဟ်ကမ္ဘာ အချင်းချင်းအကြား ဆက်သွယ်မယ့် ရေဒီယိုလှိုင်းအကြောင်း ဘာများ သိရှိခဲ့ကြ လို့လဲ။

အဲဒီထက် ပိုမို ဆိုးရွားတဲ့ဖြစ်နိုင်ချေမျိုးလည်းရှိပါသေးတယ်။ ကမ္ဘာဂြိုဟ်ရဲ့ အပြင်ဘက်က သက်ရှိ အဖွဲ့အစည်းတွေ နှစ်ပေါင်းမြောက်မြားစွာ ရှင်သန် နေထိုင် ခဲ့ကြပြီးတဲ့နောက် သဘာဝဘေးအန္တရာယ်တွေ၊ စစ်ပွဲတွေ ၊ ကိုယ့်သေတွင်း ကိုယ် တူးမိသလို လုပ်ရပ်တွေ၊ ကမ္ဘာဖျက် ကပ်ဘေးဆိုးဖြစ်ရပ်တွေကြောင့် ပျက်စီး၊ ပျောက်ကွယ်သွားခဲ့ကြတာမျိုးလည်း ဖြစ်နိုင်တာပါပဲ။ ကမ္ဘာ့အပြင်ဘက်က သက်ရှိတမျိုးမျိုးနဲ့ ဆက်သွယ် နိုင်ခဲ့သည်ဖြစ်စေ၊ မဆက်သွယ်နိုင်သေး ဘူးဖြစ်စေ အဓိက မေးမြန်းရမှာက သက်ရှိ အဖွဲ့အစည်းတရပ်ရဲ့ သက်တမ်းဟာ ဘယ်လောက်များ တာရှည်ခံပါသလဲလို့ပါပဲ။

မိမိရေးသားခဲ့တဲ့ စာပေလက်ရာတွေမှာ လက်မှတ်ရေးထိုးခဲ့သူ အက်ဒ္ဒါနာ တို့ ခေတ်ကာလ တုန်းကဆိုရင် ယဉ်ကျေးမှု လူ့အဖွဲ့အစည်းရဲ့ သက်တမ်းဟာ နှစ် ပေါင်း ၁,၀၀၀ ဝန်းကျင် ရှိခဲ့ပါလိမ့်မယ်။ ဒါပေမယ့် ဒီကနေ့မှာတော့ တချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တဲ့ မက်ဆိုပိုတေးမီးယား ယဉ်ကျေးမှု လူ့အဖွဲ့အစည်း ဖြစ်တည်ရာ ဒေသဟာ တကယ့်ကို လူသူကင်းမဲ့ပြီး လွင်တီးခေါင် ဖြစ်လို့ နေပါပြီ။ ဘာလို့များ အဲဒီလို ဖြစ်ခဲ့ရတာပါလိမ့်။ မက်ဆိုပိုတေးမီးယား ဒေသရဲ့ မြို့ပြနိုင်ငံတွေအကြား အဆုံးမရှိတဲ့စစ်ပွဲတွေ ကြောင့်လို့ ဆိုရမှာပါပဲ။ စစ် ရေးအရ တိုက်ခိုက်သိမ်းသွင်း တည်ထောင်ထားခဲ့တဲ့ ယဉ်ကျေးမှု လူ့အဖွဲ့အစည်း တွေဟာ စစ်ပွဲတွေကြောင့်ပဲ ဆိတ်သုဉ်း၊ ပျောက်ကွယ်သွားခဲ့ရပါတယ်။

ယဉ်ကျေးမှု လူ့အဖွဲ့အစည်းတွေ ဆိတ်သုဉ်း၊ ပျောက်ကွယ်သွားရခြင်း နောက်ထပ် အကြောင်းရင်း ကတော့ သဘာဝတရားကို နားလည်ခြင်းမှာ အားနည်းချက်တွေ ရှိခဲ့လို့ပါပဲ။ တူးမြောင်းစနစ်နဲ့ ရေသွယ်ယူပြီး လယ်ယာ စိုက်ပျိုးရေး အခြေပြု လူ့အဖွဲ့အစည်း တည်ထောင်ခဲ့တာဟာ အတော့်ကို စိတ်ကူး တီထွင်ဉာဏ်ကောင်းမွန်တယ်လို့ ဆိုရမှာ အမှန်ပါ။ ဒါပေမယ့် ထင်မှတ်မထားခဲ့တဲ့ အကျိုးဆက်တရပ်ဆီ ဦးတည်သွားစေခဲ့ပါတယ်။ နှစ်စဉ်နှစ်တိုင်း လယ်မြေတွေဆီ

တူးမြောင်းစနစ်နဲ့ ရေသွယ်တဲ့အခါ ရေတွေ ခမ်းခြောက်သွားတော့ ရေထဲမှာ ပျော်ဝင်နေတဲ့ဆားဓာတ်တွေ လယ်မြေထဲတင်ကျန်ရစ်ခဲ့ပါတယ်။ မျိုးဆက်ပေါင်း များစွာ ဖြတ်သန်းပြီးတဲ့နောက် တင်ကျန်ရစ်ခဲ့တဲ့ ဆားဓာတ်တွေ တဖြည်းဖြည်း များပြားလာပြီး သီးနှံပင်တွေ မဖြစ်ထွန်းတော့ပါဘူး။ အဲဒီနောက် အက်ဒွာနာနတ်ရွာစံပြီး သိပ်မကြာခင် ဘီစီ ၂၂၀၀ ဝန်းကျင်မှာ သဘာဝကပ်ဘေးဆိုးတွေ စတင် ဖြစ်ပေါ်လာခဲ့ပါတယ်။ မိုးခေါင်ရေရှားမှုတွေ အကြီးအကျယ်ပေါ်ပေါက်ခဲ့ပြီး အချိန်အားဖြင့်လည်း ဆယ်စုနှစ်များစွာ ကြာညောင်းခဲ့ပါတယ်။ မိုးရေလည်း မရတော့ သီးနှံတွေလည်း ပျက်စီးပြီးလူတွေလည်း အစာရေစာ ငတ်မွတ်ကုန်ပါတယ်။ မင်းမဲ့စရိုက်တွေလည်း ထူပြောလာခဲ့ပါတယ်။ အဲဒီလို တိုင်းပြည်အင်အားလျော့ပါးသွားချိန်မှာပဲ တောတွင်းနေ လူမျိုးစုတွေက ဝင်ရောက်ကျူးကျော်ကြပြန်ပါတယ်။ အဲဒီနောက်မှာတော့ မက်ဆိုပိုတေးမီးယားဒေသရဲ့ မြို့ပြလမ်းမတလျှောက် သေခြင်းတရားနဲ့ အတိပြီးလို့ နေပါတော့တယ်

အဲဒီလို အတိဒုက္ခ ရောက်ရှိရခြင်းရဲ့ အကြောင်းရင်းကို ဆန်းစစ်တဲ့အခါ အန်လေ[228] ဆိုတဲ့ နတ်ဘုရား က ဝတ်ကျောင်းတော် မီးလောင်သွားလို့ သူတို့ လူမျိုးစု အပေါ် အမျက်ထွက်တာကြောင့်ဆိုပြီး မက်ဆိုပိုတေးမီးယန်း တို့က မှတ်ယူကြပါသတဲ့။ သူတို့ ရင်ဆိုင်ခဲ့ရတဲ့ မိုးခေါင်ရေရှားမှုလို အခြေအနေကပဲ အီဂျစ်၊ အိန္ဒိယ၊ ပါကစ္စတန်နဲ့ တရုတ်ပြည်တို့ရဲ့ ကနဦး ယဉ်ကျေးမှုလူ့အဖွဲ့အစည်းတွေကို ပျောက်ကွယ် သွားစေခဲ့တာဖြစ်ကြောင်း ရှေးခေတ် မက်ဆိုပိုတေးမီးယန်းတို့ မသိရှိခဲ့ရှာပါဘူး။ ကမ္ဘာမြေအနှံ့က နတ်ဘုရား တွေဟာ ဘာလို့များ အဲဒီလောက်တောင် အမျက်ဒေါသ ကြီးမားနေခဲ့ရတာပါလိမ့်။ အဲဒီခေတ်ကာလရဲ့ မက်ဆိုပို တေးမီးယန်းတွေအနေနဲ့ သူတို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်တွေဟာ နတ်ဘုရားတွေရဲ့ လက်ချက်ဆိုတာထက် ကမ္ဘာမြေရဲ့ ရာသီဥတုအပြောင်းအလဲတွေကြောင့်ဆိုတာ စောင်းပါးရိပ်ခြေတောင် သဘောမပေါက်ခဲ့ကြတဲ့ အဖြစ်မျိုး ဆိုပါတော့။

ရာသီဥတု ဖောက်ပြန်မှုကြောင့် ပျက်သုန်းခဲ့ရသော မာယာ ယဉ်ကျေးမှု လူ့အဖွဲ့အစည်း

မက်ဆိုပိုတေးမီးယား ယဉ်ကျေးမှုလူ့အဖွဲ့အစည်း ဆိတ်သုဉ်း၊ ပျောက်ကွယ်သွားပြီးတဲ့နောက် နှစ်ပေါင်း ၃,၀၀၀ ခန့်မှာ ရာသီဥတုပြောင်းလဲမှုဟာ အမေရိကတိုက် အလယ်ပိုင်းက မာယာယဉ်ကျေးမှု လူ့အဖွဲ့အစည်း[229] တရပ်ကို ထပ်မံထိုးနှက်ခဲ့ပြန်ပါတယ်။ အဲဒီအချိန်မှာ အထွဋ်အထိပ်ရောက်ရှိနေခဲ့တဲ့ မာယာယဉ်ကျေးမှုလူ့အဖွဲ့အစည်း ဟာ မိုးခေါင်ရေရှားမှုကြောင့်ပဲ ရာစုနှစ်တခုအတွင်း ပျက်စီး၊ ပျောက်ကွယ်သွားခဲ့ရပါတယ်။ အဲဒီလိုယဉ်ကျေးမှုလူ့အဖွဲ့အစည်းတွေ ပျောက်ကွယ်သွားခဲ့ပေမယ့် သူတို့ရဲ့ ဘာသာစကားနဲ့ ဒဏ္ဍာရီတွေကို ကျွန်တော်တို့ရဲ့ ဘာသာစကားတွေ၊ ဒဏ္ဍာရီတွေထဲမှာ ဆက်လက် ထိန်းသိမ်းပေးခဲ့ကြပါတယ်။ ဒီကနေ့မှာတော့ ကျွန်တော်တို့ ကမ္ဘာမြေဟာ တခုတည်းသော ယဉ်ကျေးမှုလူ့အဖွဲ့အစည်း အဖြစ် ပေါ်ထွက်လာခဲ့ပါပြီ။ ကမ္ဘာ့ဒေသ အများစုမှာ လူသားဝါဒဆိုတာကို လက်ခံကျင့်သုံးနေကြပြီး လောကဓာတ်သိပ္ပံ ဆိုတဲ့ ဘာသာစကားကို ပြောဆိုနေကြပြီ ဖြစ်ပါတယ်။ ဒါနဲ့ ကမ္ဘာမြေပေါ်က အဲဒီ ယဉ်ကျေးမှုလူ့အဖွဲ့အစည်းကရော ကာလသက်တမ်း ဘယ်လောက်များ တာရှည်ခံမှာပါလိမ့်။ လူ့အဖွဲ့အစည်းတွေ ပျက်စီး၊ ပျောက်ကွယ်သွားနိုင်တဲ့ နည်းလမ်းတွေကတော့ မရေမတွက်နိုင်အောင်ပဲ မြောက်မြားစွာ ရှိပါလိမ့်မယ်။

ဖြစ်လာမှ ဖြစ်ရော၊ ကျွန်တော်တို့ ဘာမှ မတတ်နိုင်တဲ့ နည်းလမ်းတခုနဲ့ စတင်ကြည့်ရအောင်ပါ။ အလင်းနှစ်ထောင်နဲ့ချီတဲ့ အကွာအဝေးမှာ စူပါနိုဗာ ပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့တယ် ဆိုပါစို့။ အဲဒီ အကွာအဝေးထက် ပိုမို နီးကပ်ပြီး ကမ္ဘာမြေကနေ အလင်းနှစ် ၃၀ လောက်မှာဆိုရင် ကမ္ဘာ့လေထုကို ကာကွယ်ပေး ထားတဲ့ အိုဇုန်းလွှာဟာ စူပါနိုဗာပေါက်ကွဲမှု ဓာတ်ရောင်ခြည်တွေကြောင့် ပျက်စီး သွားမှာမလို့ ကျွန်တော်တို့ သက်ရှိအားလုံးရဲ့ နိဂုံးလည်း ဖြစ်ပါလိမ့်မယ်။ တခု ကံကောင်းတာက ကျွန်တော်တို့ကို ဘေးအန္တရာယ် ဖြစ်စေနိုင်လောက်တဲ့ ကြယ်တာရာမျိုး အနီးဝန်းကျင်မှာ မရှိပဲ နှစ်ပေါင်းသန်းရာနဲ့ချီတဲ့ အချိန်ကျတော့မှ ကြုံတွေ့ နိုင်လောက်တာမျိုးပဲ ရှိပါတယ်။

နောက်ထပ် ဘေးအန္တရာယ်တမျိုးကတော့ နှစ်သန်းပေါင်းရာဂဏန်း အနည်းငယ်တိုင်းလိုလို ကမ္ဘာမြေပေါ်မှာ ရောမ မီးတောင်ပေါက်ကွဲမှုတွေ ဖြစ်ပေါ် လေ့ရှိပါတယ်။ နောက်ဆုံးအကြိမ် ပေါက်ကွဲခဲ့တာ ကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၄,၀၀၀ ဝန်းကျင်ကဖြစ်ပြီး ဆူမားတြားကျွန်း[230] (အခု အင်ဒိုနီးရှားနိုင်ငံ) နေရာ မှာ ဖြစ်ပါတယ်။ အဲဒီ မီးတောင်ပေါက်ကွဲမှုကနေ ထွက်ပေါ်လာတဲ့ ချော်ရည်ပူ တွေ၊ မီးတောင်ပြာတွေ၊ အဆိပ်ဓာတ်ငွေ့ တွေဟာ သမိုင်းတလျှောက် မှတ်တမ်း တင် ထားခဲ့သမျှ မီးတောင်ပေါက်ကွဲမှုတွေထက် အဆပေါင်း ရာနဲ့ချီပြီး ပိုမိုခဲ့ပါ တယ်။

ကမ္ဘာမြေရဲ့ အလယ်ဗဟိုကနေ တွန်းကန်ပေါက်ကွဲခဲ့တဲ့ ချော်ရည်ပူတွေ ထွက်ပေါ်ရာ လမ်းကြောင်း ကြောင့် ကီလိုမီတာ ၁၀၀ အကျယ်ရှိတဲ့ ချိုင့်ခွက်ကြီး ပေါ်ပေါက်ခဲ့ပြီး အခုအချိန်မှာတော့ ရေကန်ကြီးအဖြစ် တွေ့မြင်နိုင်ပါတယ်။ တိုဘာ[231] မီးတောင်ကြောင့် ထွက်ပေါ်လာတဲ့ မီးတောင်ပြာတွေဟာ ကောင်းကင် ထက်မှာ ကုဗမီတာ ၆၀၀ ကျော် လွင့်မျောနေပြီး အနောက်ယွန်းယွန်းဆီ တိုက်ခတ်တဲ့ လေစီးကြောင်းကြောင့် အိန္ဒိယတိုက်ငယ်တခွင်မှာ မီးခိုးတွေ ခြုံ လွှမ်းလို့နေခဲ့ပါ တယ်။

မီးတောင်ပေါက်ကွဲမှုကြောင့် ဆာလ်ဖာ (ကန့်ဓာတ်) ပါဝင်တဲ့မီးခိုးတွေဟာ ကမ္ဘာမြေလေထု အပေါ်လွှာဆီထိ ရောက်ရှိခဲ့ပါတယ်။ အဲဒီလို မီးခိုးမြူတွေ

အုံ့ဆိုင်းနေခဲ့တာကြောင့် နေရောင်ခြည်ကို ကာကွယ်ထားသလို ဖြစ်သွားခဲ့ပါတယ်။ ၅ နှစ်နီးပါး နေရောင်ခြည်ကို မရရှိခဲ့တဲ့ မီးတောင်ပေါက်ကွဲမှုဟာ အဏုမြူပေါက်ကွဲမှုကြောင့် တကမ္ဘာလုံး အတိုင်းအတာနဲ့ ဖြစ်ပေါ်တဲ့ ဆောင်းရာသီလိုမျိုးပါပဲ။ ခေတ်ရောင်ခြည်သင့်မှု မပါဝင်တာပဲ ရှိပါတယ်။ ကမ္ဘာအနှံ့မှာ အပူချိန် ကျဆင်းသွားခဲ့ပြီး အပူပိုင်းဒေသက အပင်တွေနဲ့ သတ္တဝါတွေတောင် အစုလိုက်၊ အပြုံလိုက် အေးခဲ၊ သေဆုံးကုန်ပါတယ်။ ဒါပေမယ့် ကမ္ဘာမြေရဲ့ ဇီဝသက်ရှိတွေကတော့ အတော် အသက်ပြင်းတယ်လို့ ဆိုရမှာပါပဲ။ အချိုးအစား အားဖြင့် မျိုးစိတ် အနည်းငယ်ပဲ မျိုးတုံး၊ ပျောက်ကွယ်သွားခဲ့ကြပါတယ်။

ယခုအခါ ရေအိုင်ကြီး အဖြစ် ကျန်ရစ်ခဲ့သည့် ဧရာမ တိုဘာ မီးတောင်ဟောင်း

အိန္ဒိယတိုက်ငယ် အလယ်ပိုင်းမှာ နေထိုင်ခဲ့တဲ့ကျွန်တော်တို့ရဲ့ ဘိုးဘေးလူသားတွေဟာ တိုဘာမီးတောင်ပေါက်ကွဲမှု မဖြစ်ပွားမီ နှစ်ပေါင်း အနည်းငယ် အတွင်းမှာ ကျောက်လက်နက်ငယ်တွေကို သွန်းလုပ်၊ အသုံးပြုခဲ့ကြပါတယ်။ အဲဒီလိုကျောက်ခေးသွား လိုသွန်းလုပ်ထားတဲ့ လက်နက်ကိရိယာတွေကို မီးတောင်ပြာတွေ အနည်ထိုင်သွားတဲ့ အလွှာထဲမှာ တူးဖော်၊ တွေ့ရှိခဲ့တာကြောင့် အဲဒီလို တပ်အပ်ပြောနိုင်ခြင်း ဖြစ်ပါတယ်။ ဒါဟာ ဘာကိုပြသနေသလဲဆိုရင် ကမ္ဘာနဲ့ချီပြီး ဘေးအန္တရာယ်တွေ ကျရောက်နေတဲ့ မီးတောင်ပေါက်ကွဲမှုမျိုးမှာတောင် တချို့သော မျိုးစိတ်တွေ ရှင်သန်၊ ဖြတ်သန်းနိုင်ခဲ့ကြတယ် လို့ပါပဲ။ ဒါပေမယ့် ကမ္ဘာတ

ဝှမ်း လူဦးရေကတော့ အများအပြား တိုးပွားမလာခင် အကြီးအကျယ် ကျဆင်းသွားခဲ့ပုံ ရပါတယ်။ တကယ်လို့များ အဲဒီလို မီးတောင်ပေါက်ကွဲမှုတွေ မနက်ဖြန်၊ သန်ဘက်ခါ ဖြစ်ပွားခဲ့မယ် ဆိုရင်တော့ ကျွန်တော်တို့ လူသားမျိုးစိတ်တွေ မျိုးတုံး၊ ပျောက်ကွယ်မသွားဘူး ဆိုစေဦး၊ ယဉ်ကျေးမှုလူ့အဖွဲ့အစည်းအနေနဲ့တော့ ဒူးထောက်၊ ပြိုလဲသွားစရာ ရှိပါတယ်။ နောင်နှစ်ပေါင်း ရာဂဏန်း အနည်းငယ်အတွင်း ပေါ်ထွန်းလာမယ့် နည်းပညာတွေဟာ အဲဒီလို မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာမယ့် ဘေးအန္တရာယ်တွေကို မဖြစ်ပွားခင် တားဆီးနိုင်အောင်၊ ထိန်းချုပ်ကန့်သတ်နိုင်အောင် အထောက်အကူဖြစ်စေနိုင်ကောင်းရဲ့ လို့တော့ မျှော်လင့်ရပါတယ်။ အဲဒီစွမ်းအင်တွေကိုတောင် ကျွန်တော်တို့ အလိုရှိရာ အသုံးချလို့ရအောင် စီမံနိုင်စွမ်းတွေလည်း ရှိလာနိုင်ပါတယ်။

နှစ်ပေါင်းသန်းဂဏန်းအတွင်း ဥက္ကာခဲ ဝင်ရောက်ထိမှန်မှုတွေ တကြိမ်တခါ ဖြစ်လေ့ရှိတာမလို့ အရင်ကလို ရှေးမဥက္ကာခဲကြီးတွေ ဝင်ရောက် ထိမှန်တဲ့ ကမ္ဘာ့ဖျက် ကပ်ဘေးဆိုးတွေနဲ့လည်း ကြုံကြိုက် နိုင်တာပါပဲ။ ဒါပေမယ့် လက်ရှိလောကဓာတ်သိပ္ပံ နည်းပညာတွေအရ အဲဒီလို ဥက္ကာခဲတွေ ဝင်ရောက် ထိမှန်ခြင်းကို အတော်အတန် ကာကွယ်နိုင်ခဲ့ပြီလို့တော့ ဆိုနိုင်ပါတယ်။ ကမ္ဘာပတ်လမ်းဆီ ဝင်ရောက်လာမယ့် ရှေးမ ဥက္ကာခဲကြီးတွေကို လမ်းကြောင်း ပြောင်းသွားအောင် အာကာသယာဉ်တွေ စေလွှတ်ပြီး ဖောက်ခွဲ တာမျိုးတွေ ကျွန်တော်တို့ တတ်စွမ်းနိုင်ကြပါပြီ။ အဲဒီတော့ အခုကနေ နောင်နှစ်ပေါင်းတထောင်လောက် မှာဆို အနီးဝန်းကျင်က စူပါနိုဗာ ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာမယ့် ကမ္ဘာ့ဖျက်ကပ်ဘေးဆိုးမျိုးကိုတောင် ကမ္ဘာ့လေထုအတွက် အပျက်အစီး နည်းနိုင်သမျှ နည်းအောင် စီမံနိုင်ဖို့ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ယဉ်ကျေးမှု လူ့အဖွဲ့ အစည်းအတွက် မမြင်နိုင်တဲ့ ဘေးအန္တရာယ်တွေ ဖြစ်ပွားခဲ့ရင်ရော ဘယ်လိုများ လုပ်ကြမှာပါလိမ့်။ အဲဒီလို ဖြစ်ရပ်တွေပေါ်ပေါက်လာလိမ့်မယ်ရယ်လို့ ဘယ်သူမှ မတွေးဆထားမိတာမျိုးပေါ့။

အမေရိကတိုက်ဆီ ဥရောပနယ်ချဲ့တွေ ဝင်ရောက်လာခဲ့ကြတဲ့ ကိုလံဘတ်စ်တို့ ခေတ်ကာလ တုန်းကဆိုရင် အဲဒီ ဥရောပသားတွေတောင် သတိမမူခဲ့မိတဲ့ လက်နက်တမျိုးကို လျှို့ဝှက်၊ သယ်ဆောင် လာခဲ့ကြတယ်လို့ ဆိုနိုင်ပါတယ်။ အ

မေရိကန်ဒေသခံတွေ တကြိမ်တခါမှ ထိတွေ့ဖူးခြင်း မရှိသေးတဲ့ ကျောက်ရောဂါလို သေနှုန်းမြင့်မားတဲ့ ဘတ်တီးရီးယားပိုးတွေ၊ ဗိုင်းရပ်စ်ပိုးတွေဟာ ဥရောပသားတွေနဲ့အတူ တပါတည်း ရောက်ရှိလာခဲ့ကြပါတယ်။ ဥရောပသားတွေကတော့ သူတို့ရဲ့ ရဲစွမ်းသတ္တိ၊ အဆင့်မြင့် လက်နက်တွေ၊ ယဉ်ကျေးမှုတွေကြောင့် ကမ္ဘာသစ်ခေါ်တဲ့ အမေရိကကို အောင်နိုင်ခဲ့တယ်လို့ ယုံကြည်ချင် ခဲ့ကြဟန် တူပါရဲ့။ ဒါပေမယ့် တကယ်တမ်း အောင်နိုင်ခဲ့သူ တွေကတော့ တောင်အမေရိကနဲ့ အလယ်အမေရိကရဲ့ ဒေသခံ ၁၀ ယောက်မှာ ၉ ယောက်ကို သေကျေ၊ ပျက်စီးစေခဲ့တဲ့ ဘက်တီးရီးယားနဲ့ ဗိုင်းရပ်စ် ရောဂါပိုးမွှားတွေပါပဲ။ အဲဒီလို အဏုဇီဝပိုးမွှားတွေရဲ့ ကျူးကျော်၊ တိုက်ခိုက်မှု ကြောင့် အထွဋ်အထိပ် ရောက်ရှိခဲ့တဲ့ ယဉ်ကျေးမှု လူ့အဖွဲ့ အစည်းတွေ ပြိုလဲ၊ ပျက်သုဉ်းသွားခဲ့ရပါတယ်။ အဲဒီ ရောဂါပိုးမွှားတွေကြောင့်သာ မဟုတ်ခဲ့ရင် အမေရိကန်ဒေသခံတွေအပေါ် ကော်တက်ဇ်[232] နဲ့နောက်လိုက်နောက်ပါ ကျူးကျော်သူတွေ အလွယ်တကူ အောင်ပွဲခံနိုင်စရာ ဘာအကြောင်း မှ မရှိပါဘူး။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွေအနေနဲ့ မိမိကိုယ်ကို ပျက်စီးရာ၊ ပျက်စီးကြောင်း လုပ်ဆောင် နေကြရင်ရော ဘယ်လိုလုပ်ပါ့မလဲ။ ကမ္ဘာမြေရဲ့ ရေပေါ်ရေအောက်၊ မြေပေါ်မြေအောက် သယံဇာတတွေကို မှီခိုပြီး ကျွန်တော်တို့ရဲ့ စီးပွားရေးစနစ်ကို တည်ဆောက်ထားတာ ဖြစ်သလို အဲဒီ သဘာဝရင်းမြစ် တွေဟာလည်း ဘယ်တော့မှ မကုန်နိုင်၊ မခမ်းနိုင်ဘူးရယ်လို့မှတ်ယူချင်စရာ ကောင်းလှပါတယ်။ အဲဒီ သဘာဝသယံဇာတတွေဟာ ကမ္ဘာမြေပေါ်ကို ကျွန်တော်တို့ လူသားတွေ မရောက်ရှိခင် ဟိုးအတိတ်ကာလရဲ့ သေးငယ်လွန်းလှတဲ့ သက်ရှိဇီဝတို့ စတင် ဖြစ်ပေါ်လာတည်းက ဆင့်ကဲပေါ်ပေါက်ခဲ့ကြတာပါ။ ကျွန်တော်တို့ ယဉ်ကျေးမှုလူ့အဖွဲ့အစည်းတွေမှာ ဘယ်ခေတ်၊ ဘယ်ကာလမဆို တူညီတဲ့ စရိုက်လက္ခဏာကတော့ အကျိုးအမြတ် ဆိုတာကိုပဲ အဓိကထားလေ့ရှိပြီး ရေရှည်ထက်ရေတိုကိုပဲ အာရုံစိုက်တတ်ကြပါတယ်။ ဘယ်လို နိုင်ငံရေး အိုင်ဒီယောလော်ဂျီတွေကို ကိုင်စွဲထားကြသည်ဖြစ်စေ၊ စီးပွားရေးအရ ရေပန်းစားတဲ့ မူဝါဒတွေမှာတော့ အနာဂတ်မျိုးဆက်တွေကို အကာအကွယ်ပေးမယ့် ယန္တရားမျိုး လုံးဝ မပါဝင်ပါဘူး။ နောင်လာမယ့် နှစ်ပေါင်း ၁၀၀,၀၀၀ အသာထားလို့ နောင်နှစ်ပေါင်း ၁၀၀

ဝန်းကျင်အတွက်တောင် အနာဂတ်မျိုးဆက်အတွက် ကျွန်တော်တို့ အာမ မခံနိုင်ကြပါဘူး။

ရှေးခေတ် မက်ဆိုပိုတေးမီးယား ယဉ်ကျေးမှုထက်တော့ ကျွန်တော်တို့က တပန်းသာတယ် ဆိုနိုင်ပါတယ်။ မိမိတို့နေထိုင်ရာ ကမ္ဘာမြေမှာ ဘာတွေဖြစ်ပွား နေတယ်ဆိုတာကို ကျွန်တော်တို့ နားလည်ထားကြပြီးသားပါ။ ဥပမာ ကမ္ဘာ့ လေထု ထဲကို ဘယ်ခေတ်၊ ဘယ်ကာလတုန်းကမှ မရှိဖူးခဲ့တဲ့ နှုန်းထားနဲ့ ဖန်လုံ အိမ် အာနိသင်ဓာတ်ငွေ့ တွေ ကျွန်တော်တို့ ထုတ်လွှတ်နေမှုန်း မသိ မဟုတ်၊ သိ ထား ကြပါတယ်။ အကျိုးဆက်အနေနဲ့ ကမ္ဘာမြေရဲ့ ရာသီဥတုကို အကြီးအကျယ် ပြောင်းလဲနေစေကြောင်း ကမ္ဘာအရပ်ရပ်က လောကဓာတ်သိပ္ပံပညာရှင်တွေက လည်း တညီတညွတ်တည်း သုံးသပ်၊ ထောက်ပြနေကြပါပြီ။ ဒါပေမယ့်ကျွန်တော် တို့ လူ့အဖွဲ့ အစည်းတွေကတော့ သွက်ချာပါဒဖြစ်နေသူတဦးလို ပကတိအရှိ တရားအပေါ်ငြင်းဆန်မှုကို ဆက်လက် ကိုင်စွဲထားကြပါတယ်။ ကျွန်တော်တို့ရဲ့ သိမှုနဲ့ အမှန်တကယ် လက်တွေ့ ဆောင်ရွက်မှုအကြား ချိတ်ဆက်မပေးနိုင်ခြင်း ကို လည်း ညွှန်ပြနေသယောင် ရှိတယ်လို့လည်း ဆိုနိုင်ပါတယ်။

ပတ်ဝန်းကျင်ရဲ့ စိန်ခေါ်မှုနဲ့ ရင်ဆိုင်၊ ကြုံတွေ့လာတဲ့အခါ ကျွန်တော်တို့ရဲ့ အပြုအမူတွေကို ညှိယူ၊ ပြောင်းလဲနိုင်စွမ်းရှိခြင်းကိုပဲ အသိဉာဏ်ပညာလို့ အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ တကယ်လို့များ ကျွန်တော်တို့ လူသားမျိုးစိတ်ရဲ့ အမှတ်လက္ခဏာဟာ တကယ်ပဲ အသိဉာဏ်ပညာဆိုခဲ့ရင် အခြား၊ အခြားသော မျိုးစိတ်တွေနည်းတူ ကျွန်တော်တို့ လူသားမျိုးစိတ်တွေရဲ့ အကျိုးစီးပွားအဖြစ် နောင်မျိုးဆက်တွေ ကြီးပွား တိုးတက်ဖို့၊ မျိုးရိုးဗီဇတွေ ထပ်မံလက်ဆင့်ကမ်းနိုင်ဖို့၊ မိမိတို့ မျိုးစိတ်အပေါ် ကာကွယ်စောင့်ရှောက်ပေးနေတဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းထားဖို့ အဲဒီ အသိဉာဏ်ပညာကို လက်တွေ့ အသုံးချသင့်တယ်မဟုတ် ပါလား။ တကယ်ဆို လူသားတို့ရဲ့ အသိဉာဏ်ပညာ ဆိုတာ ပြီးပြည့်စုံမှု မရှိသလို ပေါ်ထွန်းခဲ့တာလည်း သိပ်မကြာသေးပါဘူး။ တခါတရံမှာ အကျိုးသင့်၊ အကြောင်း သင့်ရှိသယောင် ဥပမာ၊ ဥပမေယျတွေနဲ့ အဟောအပြောကောင်းရင် ကျွန်တော်တို့ လူသားတွေကို သိမ်းသွင်းရ မခဲယဉ်းဘူးဆိုတဲ့ အချက်ဟာ နောင်ရေးအတွက် အတော်လေး စိုးရိမ်စရာ ကောင်းလှပါတယ်။

တကယ်လို့သာ အသိဉာဏ်ပညာဟာ ကျွန်တော်တို့ လူသားမျိုးစိတ်ရဲ့ တခုတည်းသော အားသာချက်ဆိုရင် လက်ရှိထက် ပိုမို ကောင်းမွန်အောင် အသုံးချနိုင်ဖို့ မဖြစ်မနေ အားထုတ်ရပါလိမ့်မယ်။ အားနည်းချက်တွေနဲ့ အကန့်အသတ်တွေကို သိနားလည်ပြီး ပိုမိုထက်မြက်အောင် စွမ်းဆောင်နိုင်စွမ်း ရှိဖို့လည်း လိုအပ်ပါတယ်။ သားကောင်ကို ခုန်မအုပ်မီ တိတ်တဆိတ် ချဉ်းကပ်နိုင်စွမ်းရှိတဲ့ ကြောင်ကြီးမျိုးနွယ် တွေလို၊ တုတ်ချောင်းအဖြစ် ရုပ်ဖျက်ထားနိုင်စွမ်းရှိတဲ့ ပိုးကောင်ငယ်လိုမျိုး ဆိုပါတော့။ တကယ်လို့သာ အဲဒီလို အစွမ်းထက်အောင် စီမံအားထုတ်နိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့လူသားတွေအနေနဲ့ နောင်နှစ်ပေါင်း ၁၀၀,၀၀၀ အတွင်း ရင်ဆိုင်ကြုံတွေ့လာမယ့် ပြဿနာအရပ်ရပ်ကို အောင်မြင် ကျော်လွှားနိုင်စွမ်းရှိတယ် ဆိုတာ သိပ်ကို သေချာလှပါတယ်။

အခုအခါမှာဆိုရင် ခေတ်သစ် နက္ခတ္တရူပဗေဒရဲ့ ကျေးဇူးကြောင့် ရှေးခေတ်လူသားတွေ စိတ်ကူးယဉ်ခဲ့ကြတဲ့ သေခြင်းတရားအပေါ် လွန်ဆန်နိုင်ခြင်းကိုတောင် ကျွန်တော်တို့ လက်လှမ်းမီလာ ကြပါပြီ။ စကြဝဠာထဲက သက်တမ်းအရင့်ဆုံးဆိုတဲ့ ကြယ်တာရာတွေကိုလည်း ကျွန်တော်တို့ တွေ့ရှိလာခဲ့ကြပါတယ်။

အဲဒီထဲကမှ ကြယ်နီပု အမျိုးအစားဟာဆိုရင် ကျွန်တော်တို့ရဲ့ နေမင်းထက်ပိုပြီး အရွယ်အစား သေးငယ်သလို အရောင်လည်းနည်းနည်း မှိန်ပါတယ်။ တကယ် ဆို စကြဝဠာအတွင်းမှာ အဲဒီလို ကြယ်နီပု အမျိုးအစားကို အတွေ့ မြင်ရဆုံး ဖြစ်ပါတယ်။ ကျွန်တော်တို့နေမင်းလို နှစ်ပေါင်း ၁၀ ဘီလျံဝန်းကျင်မှာ သက်တမ်း ထက်ဝက်ကျိုး အနေအထား မဟုတ်ဘဲ ကြယ်နီပု အမျိုးအစားကတော့ သူ့ကို လှည့်ပတ်နေတဲ့ ဂြိုဟ်တွေကို နှစ်ပေါင်းထရီလျံနဲ့ချီပြီး အပူနဲ့ အလင်းဓာတ်တွေ ပေးထားနိုင်စွမ်း ရှိပါတယ်။ ဒါဟာ လက်ရှိ စကြဝဠာသက်တမ်း ထက်တောင် အဆပေါင်း ရာနဲ့ချီပြီး ရှည်ကြာလို့နေပါလိမ့်မယ်။ တကယ်လို့သာ စကြဝဠာ အကြောင်း အလုံးစုံ နားလည်နိုင်စွမ်းရှိတဲ့အထိ အသက်ဇီဝကို ဆွဲဆန့်ထားနိုင်တဲ့ သက်ရှိတွေရယ်လို့များ ပေါ်ပေါက်ခဲ့မယ်ဆိုရင် သူတို့ ဘာတွေများ စွမ်းဆောင် နိုင်ကြမှာပါလိမ့်။ အလင်းထက် မြန်ဆန်တဲ့ နှုန်းထားနဲ့ ဂလက်ဆီတွေ အကြား အချိန်ကာလနဲ့ အာကာသကို ဖောက်ထွက်သွားရောက်နိုင်မယ့် ဖြတ်လမ်းတွေများ တီထွင်ဖန်တီးနိုင်စွမ်း ရှိနေကြမလား။ ဒါမှမဟုတ် နောက်ထပ် စကြဝဠာ

တခုလုံး ကို အနုပညာလက်ရာအဖြစ် နဲ့တို့၊ လောကဓာတ်သိပ္ပံ စမ်းသပ်ချက် အဖြစ် နဲ့တို့ ဖန်တီးထားတာမျိုးရော ရှိနိုင်မလား။ တိုတောင်းလှတဲ့ သက်တမ်း လောက်ပဲ ပိုင်ဆိုင်ထားတဲ့ ကမ္ဘာမြေက ကျွန်တော်တို့အဖို့တော့ အဲဒီအကြောင်း တွေကို သိရှိနားလည်နိုင်စွမ်း ရှိကြမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ လူသားတွေရဲ့ အနာဂတ်ကရော ဘယ်လိုများ ရှိမှာပါလိမ့်။ နောင်လာမယ့် နှစ်ပေါင်း ၁၄ ဘီလျံ ဆိုတဲ့ ကာလအတွင်း စကြဝဠာ ပြက္ခဒိန်ကရော ဘယ်လိုများရှိပါ့မလဲ။

မဟာပေါက်ကွဲမှုကြီးကနေ လက်ရှိအချိန်ထိကာလကို တနှစ်တာ ပြက္ခဒိန် ထဲ ထည့်သွင်းလိုက်တဲ့ စကြဝဠာပြက္ခဒိန်အကြောင်း ကျွန်တော်တို့ ဆွေးနွေးခဲ့ကြ ပြီးပါပြီ။ နောင်နှစ်ပေါင်း ၁၄ ဘီလျံကာလရဲ့ နှစ်သစ်စကြဝဠာပြက္ခဒိန်မှာ ဘယ်လို ဖြစ်ရပ်တွေများ ပါဝင်မှာပါလိမ့်။ အရင်နှစ်က ပြက္ခဒိန်နည်းတူ တလချင်းစီဟာ နှစ်ပေါင်း ၁ ဘီလျံသာသာ နဲ့ညီမျှမှာဖြစ်ပြီး တနေ့ချင်းစီကတော့ နှစ်သန်းပေါင်း ၄၀ ဝန်းကျင်နဲ့ ညီမျှပါလိမ့်မယ်။ လောကဓာတ်သိပ္ပံပညာရပ်တွေရဲ့ ကျေးဇူး ကြောင့် ဟိုးအနာဂတ်ဆီမှာ သေချာပေါက်ဖြစ်ပွားမယ့် စကြဝဠာဆိုင်ရာ ဖြစ်စဉ် တွေကို အခုတည်းက ကျွန်တော်တို့ သိရှိနေကြပါပြီ။ ဥပမာကျွန်တော်တို့ တွေ့မြင် နေရတဲ့ နေမင်းကြီးဆိုရင် နောင်လာမယ့် နှစ်ပေါင်း ၅ ဘီလျံဝန်းကျင်မှာ ဟိုက် ဒ ရိုဂျင် အဏုမြူ လောင်စာတွေ ကုန်ဆုံးပြီး အနီရောင် ရောမ ကြယ်တာရာ အမျိုး အစားအဖြစ် ပြောင်းလဲသွား ပါလိမ့်မယ်။ အဲဒီလိုကြားသိရတာ အတော့်ကို စိတ်မ ချမ်းသာစရာလို့ ကျွန်တော်နားလည်ပေမယ့် လူသားတွေရဲ့ အသိဉာဏ်ပညာတွေ ကို အကျိုးရှိအောင် လက်တွေ့ အသုံးချနိုင်မယ်ဆိုရင်ကျွန်တော်တို့ရဲ့ နောင် မျိုးဆက်တွေဟာ လက်ရှိ နေအဖွဲ့အစည်းကနေ ဟိုးအဝေးတနေရာဆီ ပြောင်းရွှေ့ အခြေချပြီး ဖြစ်ပါလိမ့်မယ်။

လူသားတို့ ရင်ဆိုင်၊ ဖြတ်သန်းရတဲ့ ဖြစ်ရပ်တွေဟာ မြောက်မြားစွာသော အကြောင်းတရားတွေ၊ အခြင်းအရာတွေ အပေါ်မှီခိုနေရတာမလို့ မသေချာခြင်း တွေ အပြည့်နဲ့ပါပဲ။ အဲဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး လောကဓာတ်သိပ္ပံပညာ အနေနဲ့ သေချာပေါက် ဟောကိန်းထုတ်တာမျိုးတော့ မတတ်နိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့တွေ စိတ်ကူးအိပ်မက်နိုင်တာတော့ သေချာပါတယ်။ အဲဒီတော့

လူသားမျိုးနွယ်ရဲ့ နောင်လာမယ့် ရွှေရောင်အနာဂတ် အောင်မြင်မှုတွေအတွက် အခုပဲ စတင်လိုက်နိုင်ပါတယ်။

စကြဝဠာ ပြက္ခဒိန်ရဲ့ နှစ်ဆန်းတရက်နေ့၊ ပထမဦးဆုံး ၁၀ စက္ကန့် ဆိုတဲ့ အချိန်အတွင်းမှာ ကျွန်တော်တို့ မှီတင်းနေထိုင်ရာ ကမ္ဘာမြေဆိုတဲ့ ဂြိုဟ်ပြာကြီးကို အားလုံး အတူ မျှဝေခံစားနိုင်စွမ်းရှိအောင် ဘယ်လို စီမံကြမယ်ရယ်လို့ သင်ယူ အားထုတ်နိုင်ကြပါတယ်။ အတွင်းပေါက်ကွဲစွမ်းအားနဲ့ စွမ်းအင် ထုတ်လုပ်တဲ့ အင်ဂျင်စက်ကို ပြတိုက်မှာပဲ ထားရှိလိုက်ကြပါလိမ့်မယ်။ အဲဒီနောက် တဖြည်းဖြည်း အပူချိန် မြင့်မားလာနေတဲ့ ရာသီဥတုနဲ့ သဘာဝပတ်ဝန်းကျင်ကို နဂို အနေအထားအတိုင်း ပြန်လည် ထိန်းညှိနိုင် သွားပါလိမ့်မယ်။ နှစ်သစ်ရဲ့ ၅ စက္ကန့်ဆိုတဲ့ အချိန်အတွင်း ဆင်းရဲမွဲတေမှုကြောင့် သေဆုံးရခြင်းတွေ ပပျောက် သွားပါလိမ့်မယ်။ အဲဒီအခါမှာ ကမ္ဘာဂြိုဟ်ကိုယ်တိုင် မိမိကိုယ်ကိုထိန်းကျောင်းနိုင် စွမ်းရှိတဲ့၊ အချင်းချင်း အပြန်အလှန် ဆက်သွယ်ထိန်းညှိထားတဲ့ သက်ရှိသတ္တဝါ တကောင်လိုဖြစ်လာပြီး ရှေ့လာမယ့် စက္ကန့်ဝက်အတွင်း ဝင်ရိုးစွန်း ရေခဲပြင်တွေ ဟာ ၁၉ ရာစုတုန်းကအတိုင်း ပြန်လည် တိုးပွားသွားပါလိမ့်မယ်။ အဲဒီနောက်မှာ တော့ စကြဝဠာပြက္ခဒိန်ရဲ့ နောင် ၁ မိနစ်ခွဲ အချိန်အထိ တည်ငြိမ်သာယာတဲ့ ရာသီဥတု မျိုးကို ပိုင်ဆိုင်ရရှိဖို့ ကျွန်တော်တို့ ခန့်မှန်း၊ ဟောကိန်းထုတ်သွားနိုင်ပြီ ဖြစ်ပါ တယ်။ အမှန်တကယ် သက်တမ်းအားဖြင့် ဆိုရင်တော့ နောင်နှစ်ပေါင်း ၄၀,၀၀၀ ဆိုတဲ့ အချိန်ကာလပါပဲ။ ကမ္ဘာဂြိုဟ်ကနေ တခြားဂြိုဟ်တလုံးဆီကို ရွှေ့ပြောင်း၊ အခြေချဖို့ အဆင်သင့်ဖြစ်ပြီဆိုတဲ့ အချိန်ကျရင် ကျွန်တော်တို့လည်း မဖြစ်မနေ ပြောင်းလဲယူရမှာ ပါပဲ။ မြောက်မြားစွာသော မျိုးဆက်တွေရဲ့ ရိုးရှင်းတဲ့ ညှိယူ ပြောင်းလဲမှုတွေကပဲ ကျွန်တော်တို့ကို ပြောင်းလဲသွားစေမှာပါ။ မဖြစ်မနေ ညှိယူ ပြောင်းလဲရမယ့် အနေအထားတွေကြောင့် သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ် စေ ကျွန်တော် တို့ပြောင်းလဲပစ်ရပါလိမ့်မယ်။ ကျွန်တော်တို့ဟာ ပတ်ဝန်းကျင်နဲ့ ကိုက်ညီအောင် မိမိကိုယ်ကို ညှိယူပြောင်းလဲနိုင်စွမ်းရှိတဲ့ သတ္တဝါတွေ ဖြစ်ကြပါ တယ်။ ကြယ် တာရာတွေအကြား ဆက်သွယ်သွားလာမယ့် သက်ရှိမျိုးစေ့တွေ ပါဝင်တဲ့ အာကာသယာဉ်တွေ စီးနင်းပြီး ပရော့ဆီမာဆန်တိုရီကြယ်တာရာတွေ၊ သူ့ကိုလှည့်ပတ်နေ တဲ့ ဂြိုဟ်တွေဆီ ရောက်ရှိကြမှာ ကျွန်တော်တို့တွေ မဟုတ်နိုင်

တော့ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့နဲ့ အင်မတန် ဆင်တူတဲ့ မျိုးစိတ်တွေ ဖြစ်ပါလိမ့်မယ်။

ကျွန်တော်တို့ရဲ့ ခွန်အားအစွမ်းသတ္တိတွေ၊ အားသာချက်တွေ အများအပြား ပိုင်ဆိုင်ပြီး ကျွန်တော်တို့ရဲ့ အားနည်းချက်တွေ၊ ပျော့ကွက်တွေ သိပ်မရှိတော့တဲ့ မျိုးစိတ်တွေ ဆိုပါတော့။ မိမိကိုယ်ကိုယုံကြည်မှု အပြည့်အဝရှိသူတွေ၊ အနာဂတ်အတွက် ကြိုတင်၊ မျှော်မှန်းပြီး အမြော်အမြင် ပြည့်ဝသူတွေ၊ အသိဉာဏ်ပညာ ရင့်သန်ပြီး အမှန်တကယ် လက်တွေ့ အကောင်အထည်ဖော်နိုင်သူတွေလို့ ဆိုရင် ပိုမှန်ပါလိမ့်မယ်။ ကျွန်တော်တို့မှာ ဘယ်လို အားနည်းချက်တွေ၊ အကန့်အသတ်တွေ ပိုင်ဆိုင်ထားတယ်ဆိုစေဦးတော့။ ညှိယူပြောင်းလဲနိုင်စွမ်းရဲ့ အကျိုးကျေးဇူးနဲ့ ခမ်းနားတဲ့ အနာဂတ်တွေကို ရယူ၊ အောင်မြင်နိုင်စွမ်းရှိတယ် ဆိုတာ သိပ်ကို သေချာပါတယ်။

ကျွန်တော်တို့ခေတ်တုန်းက အိပ်မက်တောင် မမက်ဖူးခဲ့တဲ့ ခမ်းနားဆန်းကြယ်မှုတွေ နောင်မျိုးဆက်တွေ လက်ထက်မှာ လက်လှမ်းမီသွားမယ် ဆိုတာကလည်း လက်တွေ့ ကျပါတယ်။ သမိုင်းတလျှောက် အချိန်ကာလအများစုမှာ နေရာအတည်တကျ နေထိုင်ခြင်း မရှိဘဲခြေသလုံးအိမ်တိုင် လှည့်လည်သွားလာခဲ့ကြသူ ကျွန်တော်တို့လူသားတွေဟာ နောင်လာမယ့် ရာစုနှစ်၊ ထောင်စုနှစ်တွေ အတွင်း စကြဝဠာရဲ့ ဘယ်နေရာ၊ ဘယ်ဒေသတွေဆီများ ခြေဆန့်လို့နေမှာပါလိမ့်။ ကျွန်တော်တို့ရဲ့ နောင်အနာဂတ် မျိုးဆက်တွေဟာ ဟောဒီ နေအဖွဲ့အစည်းကနေ ဝေးကွာလွန်းလှပါတယ်ဆိုတဲ့ ကြယ်တာရာတွေ၊ ဂြိုဟ်ကမ္ဘာတွေဆီကို ဘေးမသီ၊ ရန်မခ ရောက်ရှိ၊ အခြေချပြီးတဲ့နောက် အမိကမ္ဘာမြေရဲ့ အမွေအနှစ် တွေကိုလည်း ဆက်လက်ထိန်းသိမ်း ထားကြဦးမှာပါပဲ။ စကြဝဠာရဲ့ တနေရာရာမှာ တခြားသော သက်ရှိသတ္တဝါတွေ နေထိုင်ရှင်သန်ခဲ့ကြတယ် ဆိုစေဦး။

ကျွန်တော်တို့လူသားမျိုးစိတ် တွေကတော့ ဟောဒီ ကမ္ဘာမြေကနေ လာရောက်ခဲ့ကြတာလို့ ကျူးရင့်ကြ ပါလိမ့်မယ်။ သူတို့မြင်တွေ့ ရတဲ့ကောင်းကင်ပြင်ကိုမော့ကြည့်ပြီး မိမိတို့ရဲ့ ဇာတိ၊ အပြာရောင် ကမ္ဘာဂြိုဟ်ဆီ မှန်းဆငေးမောနေကြမယ်ဆိုတာလည်း သေချာပါ တယ်။ တချိန်တုန်းက သဘာဝလောကရဲ့ ပြဿမျှ

နုနေခဲ့ရတဲ့ မျိုးစိတ်တွေအဖြစ် ကျွန်တော်တို့တတွေ ဘယ်လောက်တောင် အကြောက်တရား ကြီးမားခဲ့ရသလဲ၊ ကျွန်တော်တို့ရဲ့ စကြဝဠာခရီးဟာ ဘယ်လောက်ရိုးစင်းခဲ့သလဲ၊ ကျွန်တော်တို့ရဲ့ ခရီးလမ်းအစဟာ ဘယ်လောက် အန္တရာယ်များပြားခဲ့သလဲ ဆိုတာတွေအကြောင်း ပြန်လည်ပြောဆို နေကြဦးမှာပါ ပဲ။ အဲဒီ အနေအထားဆီ ရောက်ရှိဖို့ အခက်အခဲ တွေ ဘယ်လောက်တောင် ကျွန်တော်တို့ ကျော်ဖြတ်ကြရမလဲ ဆိုတာကိုတော့ ဘယ်သူမှ မသိနိုင်ပါဘူး။

ကမ္ဘာမြေ၏ လွတ်မြောက်ခြင်း

ဟိုအတိတ်အချိန်ကာလတုန်းက ကမ္ဘာမြေဟာ ကျွန်တော်တို့ အခုလက်ရှိ နေထိုင်ရာ ခေတ်ကာလလိုပဲ ရောမ မီးတောင်ပေါက်ကွဲမှုတွေ အခါအားလျော်စွာ ဖြစ်ပွားခဲ့သလို ဘယ်ကနေ ဘယ်လို ရောက်ရှိလာခဲ့မှန်းမသိတဲ့ ဥက္ကာစိုင်တွေ ထိမှန်မှုကြောင့်လည်း သဘာဝကပ်ဘေးဆိုးတွေ ရံဖန်ရံခါ ပေါ်ပေါက်တတ်ပါ တယ်။ ကမ္ဘာမြေနဲ့ ဂြိုဟ်တွေရယ်လို့ ပေါ်ပေါက်လာခဲ့တဲ့ ပထမဦးဆုံး နှစ်သန်း ပေါင်း ထောင်ဂဏန်းဝန်းကျင်တုန်းကတော့ ကောင်းကင်ဘုံလို အခြေအနေမျိုး ဖြစ်ခဲ့နိုင်ပါတယ်။

နေအဖွဲ့အစည်း စတင် ဖြစ်ပေါ်စဉ်က ဗီးနပ်စ်ဂြိုဟ်ဆိုရင် ရေထုတွေ၊ ကုန်းမြေတွေ ရှိခဲ့ပါလိမ့်မယ်။ အဲဒီနောက် အခြေအနေတွေ ပြောင်းလဲ၊ ဆိုးရွား သွားခဲ့ပါတယ်။ တချိန်က ကောင်းကင်ဘုံအလား သာယာ စိမ်းလန်းခဲ့ပြီး နောက်ပိုင်းမှာတော့ ငရဲဘုံလို ဖြစ်သွားခဲ့ရတဲ့ ဥပမာအဖြစ် ဗီးနပ်စ်ဂြိုဟ်ကိုပဲ ပြသရပါလိမ့်မယ်။ အဲဒီလို အခြေအနေနှစ်ရပ် အဖြစ် ကွဲပြားခြားနားသွားစေခဲ့တာက တကယ့်ကို မပြောပလောက်တဲ့ အကြောင်းအရာလေးပဲ ဖြစ်ပါတယ်။ အဲဒီလို ကောင်းမွန် တဲ့အနေအထားတရပ် ပျက်ပြားသွားပြီးတဲ့ နောက်မှာတော့ နဂိုအတိုင်း ပြန်လည် ထိန်းသိမ်းနိုင်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ဒီကနေ့မှာတော့ ဗီးနပ်စ်ဂြိုဟ်ဟာ ငရဲဘုံ အလား ပူပြင်းခြောက်သွေ့ပြီး မီးလျှံ အတိနဲ့ပါ။

ဗီးနပ်စ်ဂြိုဟ်ပေါ်က ပင်လယ်သမုဒ္ဒရာတွေ ခန်းခြောက်၊ အငွေ့ပျံသွားခဲ့တာ အတော့်ကို ကြာညောင်းခဲ့ပါပြီ။ ဗီးနပ်စ်ဂြိုဟ်မျက်နှာပြင်ဟာ မီးဖိုထက် ပိုမို ပူပြင်းပြီး ခဲသတ္တုတွေကိုတောင် အရည်ပျော်စေနိုင်ပါတယ်။ ဘာလို့များပါလိမ့်။ ဗီးနပ်စ်ဂြိုဟ်ဟာ ကမ္ဘာမြေထက်စာရင် နေနဲ့ ၃၀ ရာခိုင်နှုန်း ပိုမို နီးကပ်တာ ကြောင့်လို့

စာဖတ်သူ ထင်ကောင်းထင်ပါလိမ့်မယ်။ တကယ်တော့ အဲဒါကြောင့် မဟုတ်ပါဘူး။ ဆာလ်ဖြူရစ်အက်ဆစ် တိမ်တိုက်တွေက ဗီးနပ်စ်ဂြိုဟ်ကို လွှမ်းခြုံထားတာကြောင့် နေရောင်ခြည်ဟာ ဂြိုဟ် မျက်နှာပြင်ထိတောင် ထိုးဖောက်၊ ဝင်ရောက်နိုင်စွမ်း မရှိပါဘူး။ အဲဒီလိုဆိုရင် ဗီးနပ်စ်ဂြိုဟ်ဟာ ကမ္ဘာမြေထက် တောင် အေးစက်နေသင့်တယ်လေ။ ဘာဖြစ်လို့များ ခဲသတ္တုတွေ အရည်ပျော်ရ လောက်တဲ့အထိ ပူပြင်း နေရတာပါလိမ့်။

ဘာလို့လဲဆိုတော့ အနည်းငယ်ဝင်ရောက်လာတဲ့ နေရောင်ခြည်ဟာ ဆာလ်ဖြူရစ်အက်ဆစ် တိမ်တိုက် တွေကို ကျော်ဖြတ်ပြီး အာကာသထဲဆီပြန်လည် မတိုးထွက်နိုင်တော့တဲ့အခါ အဲဒီလို အပူစွမ်းအင် စီးဆင်းမှုကို အင်မတန် သိပ်သည်းလှတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် လေထုကြီးက ပိတ်ဆို့ထားလိုက်ပါတယ်။ အဲဒီ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့တွေဟာ ဗီးနပ်စ်ဂြိုဟ်ကို စောင်နဲ့ လွှမ်းခြုံလိုက်သလိုမျိုး ဝင်ရောက်လာသမျှ အပူတွေကို အတွင်းထဲမှာ ပိတ်လှောင်ထားလိုက်ပါတယ်။ ကျောက်မီးသွေးကို လောင်စာအဖြစ် သုံးစွဲတာ၊ သဘာဝဓာတ်ငွေ့တွေ လောင်ကျွမ်းစေတာကြောင့် အဲဒီလို ကာဗွန်ဒိုင်အောက်ဆိုဒ်တွေ အများအပြား ပေါ်ထွက် လာတာတော့ မဟုတ်ဘူးပေါ့။ အဲဒီလို သုံးစွဲမယ့်သူရယ်လို့လည်း ရှိမှ မရှိတာ။ သက်ရှိသတ္တဝါတွေရဲ့ ပယောဂ မပါဝင်ဘဲ သဘာဝပတ်ဝန်းကျင်ဟာလည်း သူ့ဘာသာ အလိုအလျောက် ပျက်စီးသွားနိုင်တယ်လေ။ အဲဒီနောက် ဗီးနပ်စ်ဂြိုဟ်ဟာ ဖန်လုံအိမ်အာနိသင် သက်ရောက်မှုရဲ့ ချုပ်ကိုင်ခြင်းအောက် အလုံးစုံ ရောက်ရှိ သွားခဲ့ရပါတယ်။ ဗီးနပ်စ်ဂြိုဟ်ရဲ့ မျက်နှာ ပြင်ကရော ဘာလို့များ ဒယ်အိုးထဲရောက်နေသလိုမျိုး ချိုင့်ဝင် နေရတာပါလိမ့်။ ပြောရမယ် ဆိုရင်တော့ အင်အားပြင်းထန်လှတဲ့ လေထုဖိအားကြောင့်လို့ ဆိုရမှာ ပါပဲ။

၁၉၈၂ ခုနှစ်မှာ ဆိုဗီယက်ယူနီယမ် လောကဓာတ်သိပ္ပံပညာရှင်တွေနဲ့ အင်ဂျင်နီယာတွေရဲ့ အားထုတ်မှု ကြောင့် ဗီးနပ်စ်ဂြိုဟ်ပေါ်ကို အာကာသ စူးစမ်းလေ့လာရေးယာဉ် ဆင်းသက်နိုင်ခဲ့ပါတယ်။ လေ့လာရေးယာဉ်ကို ၂ နာရီကြာ အအေးဓာတ် ထိန်းသိမ်း ထားနိုင်ခဲ့တာကြောင့် အနီးဝန်းကျင်ကို ဓာတ်ပုံရိုက်၊ မှတ်တမ်းတင်နိုင်ခဲ့ပြီး ဆက်သွယ်ရေး ကိရိယာတွေ လောင်ကျွမ်းမသွားခင် ကမ္ဘာမြေဆီ ပြန်လည်ပေးပို့ဖို့ အချိန် အလုံအလောက် ရရှိခဲ့ပါတယ်။ ဗီးနပ်စ်နဲ့ ကမ္ဘာ

မြေဟာ စတင် ဖြစ်တည်စမှာ ပါဝင်တဲ့ ကာဗွန်အချိုးအစား အတူတူ နီးပါး လောက်ပါပဲ။ ဒါပေမယ့် သူတို့ဟာ ဆန့်ကျင်ဘက် လားရာတွေဆီ ကိုယ်စီ လျှောက်လှမ်းခဲ့ကြပါတယ်။ အဲဒီ ခရီးလမ်းမှာ အဓိက အဆုံးအဖြတ် ပေးသွားခဲ့ တာကလည်း ကာဗွန်ပဲ ဖြစ်ပါတယ်။ ဗီးနပ်စ်ရဲ့ လေထုဟာဆိုရင် ကာဗွန်ဒိုင် အောက်ဆိုဒ် အတိ ပြီးလုနီးပါး ဖြစ်နေပါတော့တယ်။

ဆိုဗီယက် အာကာသယာဥ် ဗီနယ်ရာ ၁၃[233]မှ ရိုက်ကူးပေးပို့ခဲ့သော ဗီးနပ်စ်ဂြိုဟ် မျက်နှာပြင်ပုံရိပ်ပြင်ပုံရိပ်

ကမ္ဘာမြေပေါ်က ကာဗွန်တွေဟာလည်း တည်ရှိခဲ့တာ နှစ်သန်းပေါင်း မြောက် မြားစွာ ကြာညောင်းခဲ့ပြီး အများစုက အစိုင်အခဲတွေ၊ ကာဗွန်နိတ် ကျောက်ဆောင် ကျောက်ခဲတွေ ဖြစ်ပါတယ်။ အင်္ဂလိပ်ရေလက်ကြားရဲ့ ဒိုဗာ အရပ်[234] မှာ အဖြူရောင်ကျောက်ဆောင်ကြီး ဖြစ်ပေါ်လာဖို့ သေးငယ်လှတဲ့ ဖြစ်စဉ်ပေါင်းများစွာ ကိုလည်း ဖြတ်သန်း ခဲ့ရပါတယ်။ အဲဒီလို ကမ္ဘာမြေပေါ်က ထူးဆန်းခမ်းနားလှတဲ့ ဖြစ်စဉ်တွေကို ဖန်တီးပေးခဲ့တဲ့ အကြောင်းအရာက ဘာများ ပါလိမ့်။ အပ်ဖျား အရွယ်အစားဆိုတာထက် အဆပေါင်းထောင်နဲ့ချီ သေးငယ်လှတဲ့ ဆဲလ်ကလာပ်စည်း တမျိုးတည်းနဲ့ ဖွဲ့စည်းထားတဲ့ အယ်လ်ဂျေး[235] ရေညှိကြောင့် ပါပဲ။

အင်္ဂလိပ် ရေလက်ကြားရှိ ဒိုဗာကျောက်ဆောင်

မီးတောင် ပေါက်ကွဲမှုတွေကြောင့် ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့ တွေကို လေထုထဲဆီ ထုတ်လွှတ် လိုက်တဲ့အခါမှာ အဲဒီဓာတ်ငွေ့တွေဟာ ပင်လယ်သမုဒ္ဒရာ ရေပြင်ထဲဆီ တဖြည်းဖြည်းချင်း ပျော်ဝင်သွားခဲ့ပါတယ်။ နှစ်သန်းပေါင်းမြောက်မြားစွာ ကုန်လွန်သွားတဲ့နောက် အယ်လ်ဂျေး ရေညှိလေးတွေဟာ ပင်လယ်သမုဒ္ဒရာထဲက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို စုပ်ယူပြီး အဲဒီလို ရောမ ကျောက်ဆောင်ကြီးတွေ တည်ဆောက်ပြခဲ့ကြပါတယ်။ ပင်လယ် သမုဒ္ဒရာကြမ်းပြင်က မြေဖြူနဲ့ ထုံးကျောက်တွေထဲမှာ သူတို့ရဲ့ ပါဝင်မှုက အများဆုံး ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ရပ်တန့်ခြင်း အလျဉ်းမရှိတဲ့ ကမ္ဘာမြေဟာ ပင်လယ်ကြမ်းပြင်တွေကို ထပ်မံ တွန်းထိုးပြီး ပြန့်ကား စေပြန်တာကြောင့် အဲဒီကျောက်သားစိုင်တွေဟာ ကွေးညွတ်ပြီး ကျောက်တောင်တွေ၊ ချောက်ကမ်းပါးတွေအဖြစ် ပေါ်ထွက်လာခဲ့ရပါတယ်။

နောက်ထပ်ပင်လယ်ရေနေ သတ္တဝါတမျိုးဖြစ်တဲ့ သန္တာ ကောင်လေး တွေဟာလည်း ကာဗွန်ဒိုင် အောက်ဆိုဒ်ကိုပဲ အသုံးချပြီး ရောမ သန္တာကျောက်တန်းကြီး တွေကို တည်ဆောက် ကြပြန်ပါတယ်။ ပင်လယ် သမုဒ္ဒရာတွေ ကိုယ်တိုင်က

လည်း ဘယ်လို သက်ရှိသတ္တဝါရဲ့ အကူအညီမှ မလိုပါပဲ ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ် ပျော်ဝင်နေတဲ့ ရေငန်တွေကို ထုံးကျောက်တွေ အဖြစ် ပြောင်းလဲပေးပါ တယ်။ အဲဒါကြောင့် ကမ္ဘာ့လေထုရဲ့ ၃၀၀ ပုံတပုံတောင်မရှိတဲ့ ကာဗွန်ဒိုင် အောက် ဆိုဒ် ပမာဏပဲ လေထုထဲမှာ ကျန်ရစ်ခဲ့တာ ဖြစ်ပါတယ်။ မော်လီကျူး ၁၀,၀၀၀ တိုင်း မှာ ၃ လုံးထက် ပိုမို နည်းပါးတဲ့ အရေအတွက် ဆိုပါတော့။ ကာဗွန်ဒိုင် အောက်ဆိုဒ် ဟာ သက်ရှိတွေ ကင်းမဲ့ ခြောက်သွေ့သွားတဲ့ ဂြိုဟ်တလုံးနဲ့ သက်ရှိ တို့ ရှင်သန်ပွားများရာ ကမ္ဘာမြေတို့အကြား ကွဲပြားစေမယ့် အဓိက အကြောင်းရင်း တရပ်ပါပဲ။

တကယ်လို့သာ ကာဗွန်ဒိုင် အောက်ဆိုဒ် မရှိခဲ့ဘူးဆိုရင် ကမ္ဘာမြေဟာ လည်း အေးခဲခြောက်ကပ် နေပါလိမ့်မယ်။ ဒါပေမယ့် မော်လီကျူး ၁၀,၀၀၀ မှာ ကာဗွန်ဒိုင်အောက်ဆိုဒ် မော်လီကျူး ၆ လုံးဝန်းကျင် အထိ များပြားလာခဲ့ရင်လည်း အင်မတန် စိုးရိမ်စရာ ကောင်းလှတဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဗီး နပ်စ်ဂြိုဟ်လောက် အထိ ပူပြင်းသွားမယ် လို့တော့ မဟုတ်ဘူးပေါ့လေ။ ဗီးနပ်စ် ဂြိုဟ်ပေါ်က ပင်လယ် သမုဒ္ဒရာတွေ ခန်းခြောက်အငွေ့ပျံသွားခဲ့တာ လွန်ခဲ့တဲ့ နှစ် သန်းပေါင်း ထောင်ဂဏန်းများစွာ ရှိခဲ့ပြီးပါပြီ။ ပင်လယ် သမုဒ္ဒရာရယ်လို့ မရှိတော့ လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး တွင်းထွက်သတ္တုတွေ ဖြစ်လာ စရာလည်း မရှိတော့ဘူးပေါ့။ အဲဒီအခါမှာ မြေအောက်မီးတောင်တွေကနေ ထွက်ရှိ လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ တွေ အချိုးအစားဟာ လေထု အတွင်း တဖြည်းဖြည်း များပြားလာပါတော့တယ်။ ဒီကနေ့မှာတော့ ဗီးနပ်စ်ဂြိုဟ်ရဲ့ လေထုဟာ ကျွန်တော်တို့ ကမ္ဘာဂြိုဟ်ထက် အဆပေါင်း ၉၀ ပိုမို လေးလံ သိပ်သည်းလို့ နေပါတယ်။ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ် အများစု ပါဝင်ပြီး အပူဓာတ် အားလုံးကို သိမ်းဆည်းထားပါတယ်။ အဲဒါကြောင့်ပဲ ဗီးနပ်စ်ဟာ မီးတောက်မီးလျှံတွေ အပြည့်နဲ့ ငရဲပြည်လို ဖြစ်နေပြီး သက်ရှိတွေ ရှင်သန်နိုင်ခြင်း မရှိတာပါ။

ကမ္ဘာမြေကတော့ ဗီးနပ်စ်နဲ့ မတူပဲ အံ့ဩစရာ ကောင်းလှအောင်ကို သက်ရှိ တို့နဲ့ အတိပြီးလို့ နေပါတယ်။ ကမ္ဘာမြေအတွက် ဝင်သက် ထွက်သက်တိုင်းဟာ အချိန်တနစ် ကြာညောင်းပါတယ်။ ကမ္ဘာမြေပေါ်က သက်ရှိ အများစုဟာ

သစ်တောတွေထဲမှာ တည်ရှိပြီး သစ်တော အများစုကလည်း ကမ္ဘာ့မြောက်ဘက် ခြမ်းမှာပဲ တည်ရှိ ကြပါတယ်။ ကမ္ဘာ့မြောက်ဘက်ခြမ်းဆီ နွေဦးပေါက်တဲ့အခါ သစ်တောတွေဟာ လေထုထဲက ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့ကို ရှူသွင်း လိုက်ကြပြီး မြေပြင်ကို အစိမ်းရောင် လွှမ်းသွားစေခဲ့ပါတယ်။ အဲဒီအခါမှာ လေထု ထဲက ကာဗွန်ဒိုင်အောက်ဆိုဒ် ပါဝင်မှုလည်း လျော့ကျသွားပါတယ်။ ဆောင်းဦး ပေါက်ချိန်မှာတော့ သစ်ရွက်တွေ ကြွေကျ၊ ဆွေးမြေ့တာကြောင့် ကာဗွန်ဒိုင် အောက်ဆိုဒ်ကို လေထုထဲဆီ ပြန်လည် ထုတ်လွှတ် လိုက်ပြန်ပါတယ်။ ကမ္ဘာ့ တောင်ဘက်ခြမ်းမှာလည်း အလားတူဖြစ်သလို နွေနဲ့ဆောင်း ရာသီဥတုချင်းတော့ ပြောင်းပြန်ပေါ့လေ။ ကမ္ဘာ့ တောင်ဘက်ခြမ်းမှာတော့ အများစုဟာ ပင်လယ် ရေပြင် ဖြစ်ပါတယ်။ အဲဒီတော့ ကမ္ဘာ့ မြောက်ဘက်ခြမ်းက သစ်တော တွေအနေ နဲ့ ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့ ကို နှစ်စဉ် ထိန်းချုပ်နေတယ် ဆိုနိုင်တာပေါ့။ ကမ္ဘာမြေဟာ အဲဒီနည်းလမ်းနဲ့ အသက်ရှူထုတ် ပြုလုပ်နေခဲ့တာ နှစ်သန်းပေါင်း များစွာ ရှိခဲ့ပြီးပါပြီ။ ဒါကို ၁၉၅၈ ခုနှစ် ရောက်မှပဲ သတိပြုမိခဲ့ကြ ပါတယ်။ စတင် ထုတ်ဖော်ခဲ့သူကတော့ အဏ္ဏဝါဗေဒပညာရှင် ချားလ်စ် ဒေးဗစ် ကီးလင်း[236] ဆို သူဖြစ်ပြီး လေထုအတွင်း ကာဗွန်ဒိုင် အောက်ဆိုဒ် ပါဝင်မှု အချိုးအစားကို အတိအကျ တွက်ချက်ပြခဲ့တာပါ။ ကမ္ဘာမြေရဲ့ အသက်ရှူလမ်းကြောင်း စနစ်ကို လည်း ကီးလင်းကပဲ ထုတ်ဖော် ခဲ့ပါတယ်။

ကီးလင်းရဲ့ လောကဓာတ်သိပ္ပံဆိုင်ရာ ရှာဖွေတွေ့ရှိချက်တွေထဲမှာ နောက်ထပ် အရေးကြီးတဲ့ အချက် ကတော့ လူ့သမိုင်းတလျှောက် ဘယ်တုန်းကနဲ့မှ မတူအောင် မြင့်မားတဲ့ နှုန်းထားနဲ့ ထုတ်လွှတ်နေတဲ့ ကာဗွန်ဒိုင် အောက်ဆိုဒ် အချိုးအစား အကြောင်းပဲ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေး ပေါ်ထွန်းလာပြီး ယဉ်ကျေးမှု လူ့အဖွဲ့အစည်းတွေ ထွန်းကားလာခဲ့တဲ့နောက်မှာ ကာဗွန်ဒိုင်အောက် ဆိုဒ် ထုတ်လွှတ်မှုဟာလည်း တပါတည်း မြင့်တက် လာခဲ့ပါတယ်။ တကယ်တမ်း ဆို ကမ္ဘာမြေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃ သန်းဝန်းကျင် ကာလတုန်း အတွင်း အဲဒီ လို အပြောင်းအလဲမျိုးနဲ့ လုံးဝ မကြုံတွေ့ ခဲ့ဖူးပါဘူး။ အဲဒီအကြောင်းတွေကို ကျွန်တော်တို့ ဘယ်လိုများ သိရှိခဲ့ကြတာပါလဲ။ ခိုင်မာတဲ့ သက်သေ၊ အထောက်အထားတွေကို ပြသနေတာကတော့ ရေပါပဲ။

ကမ္ဘာမြေဟာ ပြီးခဲ့တဲ့ ခုနှစ်တုန်းက အဖြစ်အပျက်တွေကို နှင်းထုအတွင်း ဒိုင်ယာရီအဖြစ် ရေးသား၊ မှတ်တမ်း တင်ထားပါတယ်။ မိုးလေဝသနဲ့ ဇလဗေဒ ပညာရှင်တွေဟာ မြောက်ဘက် ဂရင်းလန်ကနေ၊ တောင်ဘက် အန္တာတိက အထိ ရေခဲလွှာတွေကို တူးဖော်ကြည့်ခဲ့ကြပါတယ်။ အဲဒီ ရေခဲလွှာတွေထဲမှာ ရှေးခေတ် ကာလတုန်းက ပိတ်မိနေခဲ့တဲ့ လေပူဖောင်းလေးတွေ ကိုလည်း တွေ့ရပါတယ်။ အဲဒီ ရေခဲပြင်လွှာတွေကို လေ့လာကြည့်ရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀၀,၀၀၀ ဆိုတဲ့ အချိန်ကာလ တလျှောက် မှတ်တမ်းတင်ထားတာတွေကို အသေးစိတ် ကြည့်ရှုနိုင်ခဲ့ကြပါတယ်။ အဲဒီအချိန်ကာလ တလျှောက်မှာ ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ပါဝင်မှု ပမာဏဟာ အပုံ ၃၀၀ ပုံ တပုံ မကျော်ခဲ့ဖူးပါဘူး။



အန္တာတိက အနောက်ပိုင်းမှ ရေခဲလွှာ Credit to National Science Foundation Ice Core Facility (အမည်းရောင်အလွှာမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၁,၀၀၀ ခန့်က မီးတောင်ပေါက်ကွဲမှု၏ ပြာများ ဖြစ်သည်)

ဒါပေမယ့် ၂၀ ရာစုကို ရောက်ရှိလာရာမှာတော့ လေထုအတွင်းက ကာဗွန်ဒိုင်အောက်ဆိုဒ် အချိုးအစားဟာ တရိပ်ရိပ် တိုးတက်လာခဲ့ပြီး ဟိုအရင်ကထက် လည်းတိုးပွားနှုန်း အဆမတန် မြင့်တက်လာခဲ့ပါတယ်။ အခုလက်ရှိ အချိန်မှာဆိုရင် စက်မှုတော်လှန်ရေး မပေါ်ပေါက်မီ ခေတ်ကာလတုန်းကထက် ၄၀ ရာခိုင်နှုန်း ပိုမို မြင့်မားနေပြီ ဖြစ်ပါတယ်။ ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့ စတဲ့

လောင်စာအမျိုးမျိုးကနေ အပူစွမ်းအင်တွေ ပြန်လည် ထုတ်ယူရာမှာ ကမ္ဘာမြေက စုပ်ယူနိုင်သလောက် ပမာဏထက် ပိုမိုတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေကို လေထုထဲ ထုတ်လွှတ် ပေးနေသလိုရှိပါတယ်။ အဲဒါကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ တွေဟာ ကမ္ဘာ့လေထုထဲမှာ တဖြည်းဖြည်း များပြားလို့ လာခဲ့ပါ တယ်။ ကမ္ဘာမြေရဲ့ အပူချိန်ဟာ မကြုံစဖူး မြင့်တက်လာနေပါပြီ။



ကမ္ဘာ့နိုင်ငံများအလိုက် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု အချိုးအစား

အပူစွမ်းအင် ထုတ်လွှတ်တဲ့ အရာဝတ္ထုတိုင်းဟာ သာမန်မျက်စိနဲ့မမြင်နိုင်တဲ့ အလင်းလှိုင်းတမျိုးကိုပါ ထုတ်လွှတ် နေတာဖြစ်ပြီး အနီအောက်ရောင်ခြည် အပူလှိုင်းလို့ ခေါ်ပါတယ်။ အမှောင်ထဲမှာတောင် အပူ စွမ်းအင်ကြောင့် ထွက်ရှိတဲ့ ဓာတ်ရောင်ခြည်ကိုမြင်နိုင်ပါတယ်။ ကမ္ဘာမြေကို အနီအောက်ရောင်ခြည်လှိုင်း အရ ကြည့်မှုမယ်ဆိုရင် ကိုယ်ခန္ဓာ အပူချိန်ကို မြင်ရသလို တွေ့ မြင်နိုင်ပါလိမ့်မယ်။ နေရောင်ခြည်ဟာ ကမ္ဘာမြေ မျက်နှာပြင်ကို ထိတွေ့ တဲ့နောက် အပူစွမ်းအင်ကို ကမ္ဘာမြေက စုပ်ယူလိုက်ပါတယ်။ အဲဒီအခါမှာ မျက်နှာပြင်ဟာ အနီအောက် ရောင်ခြည်နဲ့ တောက်ပလို့ လာပါတယ် ။ဒါပေမယ့် လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ဟာ အပြင်ကို တောက်ပထွက်လာတဲ့ အပူလှိုင်းတွေကို ပိတ်ဆို့ထား လိုက်ပြီး အပူစွမ်းအင် အများစုကို ကမ္ဘာမြေ မျက်နှာပြင်ဆီ ပြန်လည် ရောက်ရှိလာစေပါတယ်။ အဲဒါကြောင့်ပဲ ကမ္ဘာမြေရဲ့ အပူချိန်ဟာ ပိုလို့ တိုးလာခဲ့ရ

ပါတယ်။ အဲဒါကိုပဲ ဖန်လုံအိမ် အာနိသင် သက်ရောက်မှု[237] လို့ ခေါ်ဆိုကြတာ ဖြစ်ပါတယ်။ ဒါဟာ အခြေခံ ရူပဗေဒ သဘောတရား ဖြစ်ပြီး စွမ်းအင်စီးဆင်းမှုကို လည်း အတိအကျ တွက်ချက်ရရှိနိုင်ပါတယ်။ အငြင်းပွားစရာ ဘာအကြောင်းမှကို မရှိတာပါ။

တကယ်လို့သာ ကျွန်တော်တို့ကမ္ဘာမြေရဲ့ လေထုထဲမှာ ကာဗွန်ဒိုင်အောက် ဆိုဒ်ဓာတ်ငွေ့ မရှိခဲ့ဘူးဆိုရင် ကမ္ဘာမြေဟာ ရေခဲလုံးကြီးလိုပဲ ဖြစ်နေပြီး ကျွန်တော်တို့ရယ်လို့လည်း မရှိနိုင်ပါဘူး။ အဲဒီတော့ ဖန်လုံအိမ် အာနိသင် သက်ရောက်မှုဟာ အနည်းအကျဉ်းပဲ ဆိုရင်တော့ ကောင်းမွန်ပါတယ်။ ဒါပေမယ့် လွန်ကဲလာမယ် ဆိုရင်တော့ ရာသီဥတုပြောင်းလဲမှုတွေ ဖြစ်ပေါ်စေပြီး ကျွန်တော် တို့ သက်ရှိတွေရဲ့ ဖြစ်တည်မှုအပေါ်ကို အကြီးအကျယ် ဆိုးကျိုးသက်ရောက် စေ ပါလိမ့်မယ်။ အဲဒီလို ဆိုးကျိုးတွေကို ဆောင်ကြဉ်းလာစေမယ့် လက်သည် တရားခံ ဟာလည်း ကျွန်တော်တို့ ကိုယ်တိုင်ပဲ ဆိုတာ ဘာ့ကြောင့်များ အတပ်ပြောနိုင်ရ တာပါလိမ့်။ ကမ္ဘာမြေကနေ ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့ တွေကို အရင်က ထက် ပိုမို ထုတ်လွှတ်နေတာရော မဖြစ်နိုင်ဘူးလား။ ကျောက်မီးသွေးတွေ၊ ရေနံ တွေ၊ သဘာဝဓာတ်ငွေ့ တွေ လောင်ကျွမ်းစေမှုနဲ့ တကယ်ရော သက်ဆိုင်လို့လား။ ဒါမှမဟုတ် မီးတောင်တွေကြောင့်များလား။

စစ္စလီကျွန်းပေါ်က အတ္တနာမီးတောင်[238] ဟာ နှစ်အနည်းငယ်မှာ တကြိမ် သက်ဝင်လှုပ်ရှားလာလေ့ရှိပြီး တန်ပေါင်း သန်းနဲ့ချီတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ တွေကို လေထုထဲဆီ ထုတ်လွှတ်လိုက်ပါတယ်။ အဲဒါဆိုရင်ကမ္ဘာပေါ်က တခြားမီးတောင်တွေကနေ ထုတ်လွှတ်လိုက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ တွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါ လေထုထဲကို ဘယ်လောက်များ ရောက်ရှိသွားမယ် ထင်ပါသလဲ။ သိပ္ပံပညာရှင်တွေရဲ့ အသေးစိတ် တွက်ချက်မှုတွေအရ မီးတောင် ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏ ဟာ တနှစ် ကို တန်ပေါင်း သန်း ၅၀၀ ရှိတယ်လို့ ဆိုပါတယ်။ အင်မတန်များပြားတဲ့ ပမာဏ လို့စာဖတ်သူ ထင်ကောင်းထင်မှာပေါ့လေ။ တကယ်တော့ အဲဒီ ပမာဏ ဟာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွေကနေ လောင်စာတွေ သုံးစွဲလို့နှစ်စဉ်ထုတ်

လွှတ်လိုက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် စုစုပေါင်း ပမာဏ ဘီလျံ ၃၀ ရဲ့ ၂ ရာခိုင်နှုန်းတောင် မပြည့်ပါဘူး။

ကမ္ဘာ့လေထုထဲမှာ တိုးပွားလာတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် ပမာဏဟာလည်း ကျောက်မီးသွေး၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ တွေကို လောင်ကျွမ်းစေရာက ထွက်ပေါ်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေဖြစ်ကြောင်း ထပ်မံ တွေ့ ရှိရပြန် ပါတယ်။ အဲဒီလို ဘာ့ကြောင့် ပြောနိုင်ရတာလဲဆိုတော့ မီးတောင်တွေကနေ ထုတ်လွှတ်လိုက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ ဟာ ကျောက်မီးသွေး၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကို လောင်ကျွမ်းစေရာက ထွက်ပေါ်လာတဲ့ ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့ ထက် ပိုမို သိပ်သည်း၊ လေးလံပါတယ်။ အက်တမ်၊ အဏုမြူ အဆင့် အတိအကျ တွက်ချက်ကြည့်မယ်ဆိုရင် အဲဒီကာဗွန်ဒိုင်အောက် ဆိုဒ် အမျိုးအစား ၂ ခုကို ခွဲခြားနိုင်ပြီး လေထုအတွင်း တိုးပွားလာတဲ့ ကာဗွန်ဒိုင် အောက်ဆိုဒ် ပမာဏဟာ မီးတောင်တွေကနေ ထုတ်လွှတ်လိုက်တာ လုံးဝ မဟုတ်ပါဘူး။ အဲဒါ တင်မက ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွေရဲ့ ကာဗွန်ဒိုင် အောက်ဆိုဒ် ထုတ်လွှတ်မှု တိုးတက်နှုန်းကနေ တဆင့် ရှေ့လာမယ့် အနာဂတ်ရဲ့ အပူချိန်မြင့်မားမှုတွေကိုပါ ကြိုတင်၊ ဟောကိန်းထုတ်လို့ ရနေပါတယ်။ ဒါဟာ အတော့်ကို ခိုင်လုံတဲ့ သက်သေပါ။ မှုခင်းဘာသာစကားနဲ့ ပြောရရင် အခင်းဖြစ်ပွားရာမှာ ကျွန်တော်တို့ လူသားတွေရဲ့ လက်ဗွေရာတွေကို နေရာအနှံ့ တွေ့ရှိရ တယ်လို့ပါပဲ။

အဲဒီတော့ ကျွန်တော်တို့ လူ့အဖွဲ့ အစည်းတွေက သုံးစွဲလိုက်တဲ့ လောင်စာတွေကြောင့် နှစ်စဉ် ထွက်ရှိ လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် တန်ချိန် ၃၀ ဘီလျံ ဆိုတာ ဘယ်လောက် များပြားမှာပါလိမ့်။ အဲဒီ ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့ တွေကို အခဲပြုလုပ်ပြီး အဆင့်ဆင့် ထပ်ကြည့်လိုက်မယ်ဆိုရင် ဒိုဗာအရပ်က အဖြူရောင် ကျောက်ဆောင်ကြီးရဲ့ ထုထည်နဲ့ အတူတူလောက် ဖြစ်ပါလိမ့်မယ်။ အဲဒီလို ကာဗွန်ဒိုင်အောက်ဆိုဒ် ကျောက်ဆောင်ကြီးတွေ တနှစ်ကိုတကြိမ် ထုတ်လုပ်နေတာပါ။ ကျွန်တော်တို့လူ့ အဖွဲ့အစည်းတွေရဲ့ ဖွံ့ဖြိုး တိုးတက်မှုတွေကို ဆောင်ကြဉ်းလာစေတယ် ဆိုတဲ့ ကုန်ထုတ်လုပ်မှုတွေကြောင့် ဘေးထွက်ပစ္စည်းအဖြစ် ရရှိလာတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဟာ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာမြေရဲ့ ရာသီဥတုကို အကြီးအကျယ် ပြောင်းလဲ စေမယ့် လက်သည်၊ တရားခံဖြစ်လို့

နေပါတော့တယ်။ တကယ်လို့သာ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ကျွန်တော်တို့ မျက်စိနဲ့တွေ့ မြင်နိုင်မယ်ဆိုရင်တော့ ကမ္ဘာ့လေထုထဲဆီ ကျွန်တော်တို့ ထုတ်လွှတ်နေတဲ့ ကာဗွန်ဒိုင် အောက်ဆိုဒ်တွေ အကြောင်း သက်သေ ထွက်ဆို နိုင်ကြမှာပေါ့လေ။ အဲဒီရဲ့ ဆိုးကျိုးတွေ ကိုလည်း အခုထက်ပိုပြီး ထင်ရှားမြင်သာ ဖြစ် စေမှာပေါ့။

ဒါပေမယ့် မျက်ဝါးထင်ထင် မတွေ့မြင်ရဘူး ဆိုစေဦး၊ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အပူချိန်တွေ တဖြည်းဖြည်း မြင့်မားလာတာကတော့ ငြင်းလို့မရနိုင်တဲ့သက်သေပါပဲ။ ဒီပြဿနာကို အခုမှ ကြားဖူးနားဝ ရှိတာဆိုရင် သာမိုမီတာကိုပဲ ပြေးကြည့်လိုက်ပါလို့ ပြောပါရစေ။ ကမ္ဘာတလွှားက မိုးလေဝသ စောင့်ကြည့် လေ့လာရေးဌာနတွေမှာ ၁၈၈၀ ပြည့်နှစ်တွေတည်းက မှတ်တမ်းတင်ထားတဲ့ အပူချိန်စာရင်းဇယားတွေ အခုထိ သိမ်းဆည်းထားကြပါတယ်။ အာကာသ စူးစမ်း လေ့လာရေးဌာန နာဆာဟာလည်း အဲဒီ မှတ်တမ်းတွေကနေတဆင့် ကမ္ဘာတ လွှားက အပူချိန်ပျမ်းမျှ တိုးတက်နှုန်းကိုစောင့်ကြည့်၊ လေ့လာနေပါတယ်။ ၁၈၈၀ ပြည့်နှစ်တွေတုန်းက ဆိုရင် အဝါရောင်ပြဒေသတွေဟာ ကမ္ဘာ့ကျန်ဒေသ တွေ ထက် အပူချိန် ပိုမိုမြင့်မားလို့ နေပါတယ်။ လိမ္မော်ရောင်ကတော့ ပူပြင်းလာပြီ လို့ ဆိုလိုပါတယ်။ အနီရောင်ဆိုရင် ပိုမို ပူပြင်းလာပြီ စသဖြင့်ပေါ့။ ကမ္ဘာမြေဟာ ၁၉ ရာစုတုန်းကထက် အပူချိန် ပိုမို မြင့်မားလို့ နေပါတယ်။ ဟိုအရင် အတိတ် ကာလ တုန်းကတော့ အဲဒီပြဿနာကို ဖြေရှင်းနိုင်ဖို့ အင်မတန် သင့်တော်တဲ့ နည်းလမ်း တွေ ရှိခဲ့ပါတယ်။



ဝဲဘက်ပုံမှာ ၁၈၈၀ ခုနှစ်များအတွင်း ကမ္ဘာ့အပူချိန်ဖြစ်ပြီး ယာဘက်ပုံမှာ ၁၉၈၀ ခုနှစ်များအတွင်း အပူချိန် ဖြစ်သည်။ (Data: NASA Archives)

တချိန်တုန်းက ကမ္ဘာမြေဟာ သိပ်လည်း မပူလွန်း၊ သိပ်လည်း မအေးလွန်းတဲ့ အနေအထား ဖြစ်ခဲ့ပါတယ်။ အဲဒီအခါမှာ သက်ရှိတွေလည်း ရှင်သန်ပေါက် ဖွားနိုင်ခဲ့တာပေါ့။ အဲဒီနောက်တော့ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေဟာ တဖြည်းဖြည်း ပြောင်းလဲ လာခဲ့ပါတယ်။ အဲဒီလို ရာသီဥတုတွေ ပြောင်းလဲသွားတော့မယ်ဆိုတာကို ကျွန်တော်တို့ လုံးဝ သတိမမူခဲ့မိတာတော့ မဟုတ်ခဲ့ပါဘူး။ ကာဗွန်ဒိုင် အောက်ဆိုဒ် ထုတ်လွှတ်မှု ပမာဏကို ၂ ဆတိုး လိုက်မယ်ဆိုရင် အာတိတ် ဒေသက ရေခဲပြင်တွေ အရည်ပျော်သွားမှာ ဖြစ်ကြောင်း ဆွီဒင်သိပ္ပံပညာရှင် ဆဗန်းတေး အာဟီးနီးယပ်စ်[239] က ၁၈၉၆ ခုနှစ်မှာ တွက်ချက်ပြခဲ့ပါတယ်။ ၁၉၃၀ ပြည့်နှစ်တွေမှာလည်း ရေတပ်သုတေသနဌာန ရဲ့ အမေရိကန် ရူပဗေဒပညာရှင် အက်ဒွပ် အိုလ်ဆင် ဟဲလ်ဘတ်[240] ကလည်း အဲဒီတွက်ချက်မှုကို ထပ်မံ အတည်ပြုပေးခဲ့ပါတယ်။ အဲဒီအချိန်အထိတော့ ကာဗွန်ဒိုင် အောက်ဆိုဒ် ထုတ်လွှတ်မှုနဲ့ ကမ္ဘာ့ကြီး ပူနွေးလာမှုတို့ရဲ့ အကြား ဆက်နွယ်မှုဟာ သီအိုရီသဘောပဲ ရှိခဲ့ပါတယ်။ အဲဒီနောက် အင်္ဂလိပ် အင်ဂျင်နီယာ တဦး ဖြစ်တဲ့ ဂိုင်း ကန်လန်ဒါ[241] က မြင့်တက်လာတဲ့ ကမ္ဘာ့အပူချိန်နဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုတို့ အကြား စာရင်းဇယားနဲ့တကွ တင်ပြလာခဲ့ပါတော့တယ်။



ဆယ်စုနှစ်များအလိုက် အပူချိန် မြင့်တက်မှု မှတ်တမ်း

(National Centers for Environmental Information)

၁၉၆၀ ခုနှစ်၊ အမေရိကန် ရူပဗေဒပညာရှင် ကားလ်ဆေဂင်ရဲ့ ပါရဂူစာတမ်းမှာလည်း ဗီးနပ်စ်ဂြိုဟ်ရဲ့ ဖန်လုံအိမ် အာနိသင် သက်ရောက်မှု အကြောင်းကို ပထမဦးဆုံးအဖြစ် အသေးစိတ် တွက်ချက်ပြထားပါတယ်။ ဒါဟာ နေအဖွဲ့အစည်းရဲ့ ဂြိုဟ်တွေက လေထုဖွဲ့စည်းပုံအကြောင်း လေ့လာခြင်းဖြစ်သလို ကျွန်တော်တို့ ကမ္ဘာမြေရဲ့ လေထုကိုလည်း ပြန်လည် ဆန်းစစ်မိစေပါတယ်။ ကားလ်ဆေဂင်ရဲ့ ၁၉၈၀ ခုနှစ်တုန်းက ရိုက်ကူးတဲ့ Cosmos စကြဝဠာရုပ်သံစီးရီးမှာလည်း ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုနှုန်း အဆမတန် မြင့်မား လာတာကြောင့် ဖန်လုံအိမ် အာနိသင် သက်ရောက်မှုကို ဖြစ်ပေါ်စေပြီး ကောင်းကင်ဘုံလို သာယာချမ်းမြေ့တဲ့ ကမ္ဘာမြေကနေ ငရဲဘုံလို မီးလျှံအတိပြီးတဲ့ အဖြစ်မျိုး ရောက်ရှိသွားစေဖို့ အပြောင်းအလဲများစွာ မလိုကြောင်း သတိပေးခဲ့ပါတယ်။ ကားလ်ဆေဂင်ရဲ့ ဉာဏ်အမြော်အမြင် ပြည့်ဝတဲ့ သတိပေးစကားတွေ ထွက်ပေါ်လာပြီးတဲ့ နောက်မှာပဲ ကျွန်တော်တို့ လူ့အဖွဲ့အစည်းဟာ လေထုထဲကို နောက်ထပ် ကာဗွန်ဒိုင်အောက်ဆိုဒ် ဘီလျံ ၄၀၀ ထပ်မံ ထုတ်လွှတ်ခဲ့ပါတယ်။ တကယ်လို့သာ ကျွန်တော်တို့ရဲ့ လက်ရှိ အပြုအမူတွေကို ညှိယူ ပြောင်းလဲနိုင်စွမ်း မရှိခဲ့ဘူးဆိုရင် အနာဂတ်မျိုးဆက်တွေရဲ့ လက်ထက်မှာ ကမ္ဘာမြေဟာ ဘယ်လိုများရှိမှာပါလိမ့်။



ကမ္ဘာနှင့်တဝှမ်း အပူချိန်မြင့်တက်မှု ခန့်မှန်းချက်

Data: Climate Change 2007: The Physical Science Basic, Summary for Policymakers Intergovernmental Panel on Climate Change

တကယ်လို့သာ လက်ရှိ အနေအထားအတိုင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုတွေ ဆက်လက် ပြုလုပ်သွားမယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ သားသမီး မြေးမြစ်တွေလက်ထက်မှာ အခြေအနေတွေ ပိုမို ဆိုးရွားသွားမှာသေချာပါတယ်။ လူကိုသေစေနိုင်လောက်တဲ့ အပူလှိုင်းတွေ၊ စံချိန်တင် မိုးခေါင် ရေရှားအဖြစ်တွေ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုတွေ၊ သတ္တဝါမျိုးစိတ် ပေါင်းများစွာ အစုလိုက်၊ အပြုံလိုက် မျိုးတုံး၊ ပျောက်ကွယ်မှုတွေပေါ်ပေါက်လာပါ လိမ့်မယ်။ ကျွန်တော်တို့ဟာ တည်ငြိမ်သာယာတဲ့ ရာသီဥတုနဲ့ သဘာဝရင်းမြစ် တွေ ပေါများကြွယ်ဝတဲ့ ကမ္ဘာမြေကို အမွေဆက်ခံရရှိခဲ့ကြတာပါ။ လူ့အဖွဲ့အစည်း နဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေလည်း နှစ်ပေါင်းထောင်နဲ့ချီပြီး ဖွံ့ဖြိုးတိုးတက်ခဲ့ပါ တယ်။ ဒါပေမယ့် အခုအချိန်မှာတော့ ကျွန်တော်တို့ရဲ့ လောဘဇောတိုက်မှုနဲ့ အရေးတယူ မပြုမှုတွေကြောင့် ဘေးအန္တရာယ်တွေ ကျရောက်ဖို့နီးကပ်လာပါပြီ။

အဲဒါဆိုရင် သိပ္ပံပညာရှင်တွေက ရာသီဥတု ပြောင်းလဲမှုအကြောင်း တွက်ချက်တာကျ အင်မတန် တိကျပြီး မိုးလေဝသ ခန့်မှန်းချက်တွေကျ ဘာဖြစ်

လို့ မကြာခဏလွဲနေကြတာပါလိမ့်လို့ စာဖတ်သူ စောဒက တက်ချင် ပါလိမ့်မယ်၊ ဒါမှမဟုတ် ကျွန်တော်တို့မြို့မှာတော့ ဒီနှစ်ဆောင်းတွင်း အတော့်ကို အေးနေတာပဲလေ၊ ဘာဖြစ် လို့တုန်း စသဖြင့် မေးခွန်းထုတ်ချင်ပါလိမ့်မယ်။ သိပ္ပံပညာရှင်တွေ အဖို့ ကမ္ဘာလုံးအတိုင်းအတာနဲ့ အပူချိန် ကျဆင်းမှု တွေကိုလည်း မသိမဟုတ်၊ သိရှိကြပါတယ်။ တကယ်တော့ ဒါဟာ ရာသီဥတုနဲ့ မိုးလေဝသအကြား ကွာခြားမှုပါ။ မိုးလေဝသ ဆိုတာက ကမ္ဘာမြေရဲ့ လေထုအခြေအနေအရ နာရီပိုင်း၊ နေ့ရက်ပိုင်း အချိန်ကာလတွေ အတွင်း ဖြစ်ပွားတာကို ဆိုလိုတာပါ။ မိုးလေဝသကို ခန့်မှန်းရာမှာ မထင်မှတ်တဲ့ အသေးအမွှား ကိစ္စလေးကနေ အပြောင်းအလဲတွေ အများကြီး ဖြစ်သွားနိုင်ပါတယ်။ အဲဒါကြောင့်ပဲ ရှေ့လာမယ့် သီတင်းပတ် အတွင်း မိုးလေဝသ အခြေအနေများကတော့ ဆိုပြီး ခန့်မှန်းချက်တွေ လွဲမှားလေ့ရှိတာပါ။

လိပ်ပြာ တောင်ပံ သက်ရောက်မှု သဘောအရ ဘာလီကျွန်းရဲ့ လိပ်ပြာ တကောင် တောင်ပံခတ်လိုက်လို့ သီတင်းပတ် ၆ ပတ်အကြာမှာ မိန်းပြည်နယ်ရဲ့ မြက်ခင်းပြင် လက်ထပ်ပွဲ အတွင်း မိုးရွာချတာမျိုးတွေ ဖြစ်နိုင် ပါတယ်။ ရာသီဥတု ဆိုတာကျတော့ ရှေ့လာမယ့် နှစ်တွေ အတွင်း မိုးလေဝသ ပြောင်းလဲမှု ပျမ်းမျှ အခြေအနေကို ဆိုလိုတာပါ။ တကမ္ဘာလုံး အတိုင်းအတာနဲ့ စွမ်းအင်ပြောင်းလဲမှု တွေကြောင့် ဖြစ်ပေါ်လာတဲ့ သက်ရောက်မှုတွေ၊ နေရဲ့ မျက်နှာပြင်ပေါ်က ဖြစ်ရပ်တွေ၊ ကမ္ဘာ့ဝင်ရိုး တိမ်းစောင်းမှုကြောင့် အာကာသထဲဆီ အလင်းပြန်သွားမယ့် အပူလှိုင်းတွေ၊ ဖန်လုံအိမ် အာနိသင်သက်ရောက်မှုတွေ စတဲ့ အကြောင်းအရာတွေအပေါ် မူတည်ထားတာပါ။ အဲဒီလို အကြောင်းတရားပေါင်း များစွာထဲက တခုတလေ ဖောက်ပြန်သွားရင်ကို မခန့်မှန်းနိုင်တာတွေ အများကြီး ဖြစ်သွားနိုင်ပါတယ်။ ခွေးလေး တကောင်ကို ကြိုးနဲ့ချည်ပြီး လမ်းလျှောက်ထွက်တဲ့အခါ အဲဒီခွေးလေးရဲ့ အာရုံဟာ ခဏနေရင် ဘယ်ရောက်သွားမယ် ဆိုတာ မသိရသလိုပဲ မိုးလေဝသကို ခန့်မှန်းရ ခက်ပါတယ်။ ဒါပေမယ့် အဲဒီ ခွေးလေးကို ချည်ထားတဲ့ ကြိုးရဲ့ အတိုင်းအတာကြောင့် သူဟာ ဘယ်နားလောက်မှာပဲ ပြေးလွှားနေမယ် ဆိုတာ ကိုတော့ ခန့်မှန်းလို့ ရနိုင်ပါတယ်။ ရာသီဥတုအကြောင်း တိုက်ရိုက် လေ့လာ ခန့်မှန်းတာတော့ မဟုတ်ဘူးပေါ့လေ။ ခုနပြောသွားတဲ့ မိုးလေဝသကိုပဲ နှစ်အလိုက် ပျမ်းမျှပြောင်းလဲမှုတွေကို ဆန်းစစ်ကြည့်တဲ့အခါမှာ ခုနှစ်အလိုက်၊ ဆယ်စုနှစ်အလိုက် အပူချိန် အနိမ့်အမြင့် ဘယ်လိုရှိမယ်ဆိုပြီး ပုံသေနည်းဆန် ဆန်ဖြစ်

နေခြင်းက ရာသီဥတုပဲ ဖြစ်ပါတယ်။ အဲဒီတော့ စာဖတ်သူအနေနဲ့ သတိထား စောင့်ကြည့်ရမှာက ခွေးကျောင်းနေသူကိုပါ၊ ခွေးလေးကို မဟုတ်ပါ ဘူး။ မိုးလေဝသက ခန့်မှန်းရခက်တာ မှန်ပါတယ်။ ရာသီဥတုကတော့ ခန့်မှန်းရ မခက်ခဲပါဘူး။

ကမ္ဘာမြေရဲ့ သက်တမ်းတလျှောက်မှာ ရာသီဥတုပြောင်းလဲမှုတွေ အများကြီး ရှိခဲ့ပါတယ်။ ဒါပေမယ့် ဒါဟာ တကမ္ဘာလုံး အတိုင်းအတာနဲ့ သက်ရောက်အား တွေကို တုန့်ပြန်တာပါ။ ဒီကနေ့ လက်ရှိခေတ်မှာတော့ ကမ္ဘာ့ရာသီဥတုကို အကြီးမားဆုံး ပြောင်းလဲနေစေတာက လောင်စာသုံးစွဲခြင်းကနေ ထွက်ပေါ်လာတဲ့ ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့ ထုတ်လွှတ်မှုပဲ ဖြစ်ပါတယ်။ အဲဒီကနေ ထွက်ရှိလာတဲ့ အပူဟာ နေရောင်ခြည်က ရရှိတဲ့ အပူထက် အများကြီး ကျော်လွန်နေပါတယ်။ အဲဒီတော့ ပိုလျှံနေတဲ့ အပူဓာတ်ဟာ တနေရာရာကို ရောက်ရှိရမှာ အမှန်ပါပဲ။ တချို့ အပူဓာတ်တွေက လေထုကို ပူနွေးစေပါတယ်။ အပူဓာတ် အများစုကိုတော့ ပင်လယ်သမုဒ္ဒရာက စုပ်ယူလိုက်ပါတယ်။ အဲဒါကြောင့်ပဲ တကမ္ဘာလုံးက ပင်လယ်သမုဒ္ဒရာတွေဟာ တဖြည်းဖြည်း ပူနွေး လာပါတော့တယ်။

ကုန်းမြေတွေဝန်းရံထားတဲ့ အာတိတ်ပင်လယ်မှာဆိုရင် သိသာထင်ရှားဆုံး ဖြစ်ပါလိမ့်မယ်။ အဲဒီလို လူသူကင်းမဲ့တဲ့ဒေသက ရေခဲပြင်တွေ အရည်ပျော်နေတာ ဘာများ အရေးကြီးနေပါလိမ့်လို့ စာဖတ်သူ မေးမြန်း ချင်မိတယ် ထင်ပါရဲ့။ မြောက်ဝင်ရိုးစွန်းမှာ ရေခဲပြင်တွေလုံးဝမရှိတော့ရော ဘာအရေးလဲလို့ စောဒက တက်ချင်လည်း တက်ပါလိမ့်မယ်။ ရေခဲပြင်ဆိုတာကမ္ဘာပေါ်မှာ သဘာဝအတိုင်း အလင်းပြန်ဆုံး အရာဝတ္ထုဖြစ်ပြီး နေရောင်ခြည် အများစုကို အာကာသထဲဆီ ပြန်လည် ပို့ဆောင်ပေးပါတယ်။ ပင်လယ်ရေပြင်ကတော့ နေရောင်ခြည်မှာ ပါဝင်တဲ့ အပူဓာတ်ကို စုပ်ယူပြီး တဖြည်းဖြည်း ပူနွေးလာစေပါတယ်။ အဲဒီအခါ အနီးဝန်းကျင်က ရေခဲပြင်တွေကို ပိုမို အရည်ပျော်စေပါတယ်။ အဲဒီအခါ အရည်ပျော်သွားတဲ့ ရေခဲပြင်တွေဟာ ပင်လယ်ရေပြင် ဖြစ်သွားပြီး နေရောင်ခြည်က အပူဓာတ်ကို ပိုမိုစုပ်ယူပါတော့တယ်။ ဒါကိုပဲ ထပ်တိုးတုန့်ပြန်မှုသံသရာ (Positive Feedback Loop) လို့ ခေါ်ဆိုကြပါတယ်။ ဒါဟာ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်

လွှတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ကမ္ဘာကြီး ပူနွေးလာခြင်းကနေ နောက်ဆက်တွဲ အလိုအလျောက် ဖြစ်ပွားမှုတွေထဲက ဖြစ်စဉ်တခုပါပဲ။

ဟိုအရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ လောက်တုန်းက ဆိုရင် အလက်စကားပြည်နယ်[242] ရဲ့ ဒရူးပွိုင့်ဒေသ[243] ဟာ ပင်လယ်ကမ်းစပ်နဲ့ တမိုင်လောက်ကွာဝေးပါတယ်။ အဲဒီနောက် ဒီရေစပ်ဟာ တနှစ်ကိုပေ၂၀နှုန်းနဲ့ ရှေ့ကိုတိုးလာနေပါပြီ။ အခုဆိုရင် တနှစ်ကို ပေ ၅၀ နှုန်းနဲ့ ကုန်းတွင်းပိုင်းဆီကို တိုက်စားနေပါတယ်။ အာတိတ်ပင်လယ်ဟာ အပူချိန် မြင့်တက်နေသလိုနှုန်းထားလည်း ဆက်လက် တိုးလို့နေပါတယ်။ အဲဒီတော့ တနှစ်ပတ်လုံး ရေခဲပြင် မရှိတော့တဲ့နေရာတွေကို အနှံ့အပြား တွေ့လာရပါတယ်။

အဲဒီအခါမှာ ကမ်းစပ်ကုန်းမြေဟာ မုန်တိုင်းတိုက်ခတ်မှုနဲ့ တိုက်စားမှုတို့ဒဏ်ကို တိုက်ရိုက် ခံစားလာရပြီး ရာသီဥတု ပြောင်းလဲမှု ဟာလည်း အရှိန်ရလာပါတော့တယ်။ အလက်စကားပြည်နယ် မြောက်ပိုင်း၊ ဆိုက်ဘေးရီးယားနဲ့ ကနေဒါတို့ဟာ အမြဲတမ်း အေးခဲနေတဲ့မြေလွှာထုအပေါ်မှာ တည်ရှိပြီး သူတို့ရဲ့ အေးခဲမှုသက်တမ်းဟာလည်း နှစ်ပေါင်းထောင်ပေါင်းများစွာ ရှိတာပါ။ အဲဒီမြေလွှာထုတွေရဲ့ အောက်ပိုင်းမှာ ဟိုးအတိတ်ကာလတွေအတွင်း နစ်မြုပ်နေခဲ့တဲ့ သက်ရှိရုပ်ကြွင်းဓာတ်တွေ အများအပြား ပါဝင်နေပါတယ်။ သစ်ရွက်တွေ၊ အမြစ်တွေ၊ ပင်စည်တွေ စသဖြင့် နှစ်ပေါင်းထောင်ပေါင်းများစွာတုန်းက သက်ရှိတွေကို ဆိုလိုပါတယ်။ အခုအခါမှာ ကမ္ဘာ့တခြားဒေသတွေနဲ့ နှိုင်းစာရင် အာတိတ်ဒေသရဲ့ အပူချိန် မြင့်တက်မှုက ပိုမိုနေတာကြောင့် အရင် အေးခဲနေခဲ့တဲ့မြေလွှာထုတွေ စတင် ပူနွေးပြီး အရည်ပျော်စပြုလာပါပြီ။ သူတို့ အတွင်း နစ်မြုပ်နေခဲ့ကြတဲ့ အရာတွေဟာလည်း တဖြည်းဖြည်း ပုပ်ဆွေးလို့ လာပါတယ်။ ရေခဲသေတ္တာကို ပါဝါကြိုးဖြုတ်လိုက်သလိုမျိုး ဆိုပါတော့။ အဲဒီလို ရှေးဟောင်း အပင်၊ အရွက်နဲ့ အမြစ်တွေ ပုပ်ဆွေးမှုကနေ နောက်ထပ် မီသိန်း ဓာတ်ငွေ့တွေ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တွေ လေထုထဲဆီ ထွက်ရှိလာ ပြန်ပါတယ်။ အဲဒီအခါ ကမ္ဘာ့လေထုထဲမှာ ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ တွေ များပြားသည့်ထက် များပြားလာပါတော့တယ်။ အဲဒါကြောင့်ပဲ ကမ္ဘာကြီးပူနွေးလာမှု က ပိုမိုဆိုးရွားလာခဲ့ရပါတယ်။ ထပ်တိုးတုန့်ပြန်မှု သံသရာအဖြစ် ဥပမာပြနိုင်တဲ့ နောက်ထပ်ဖြစ်ရပ်တခု ဆိုပါတော့။

အဲဒီလိုအေးခဲမြေလွှာထုထဲမှာ သိမ်းဆည်းထားတဲ့ ကာဗွန် ပမာဏဟာ ကမ္ဘာ့လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုဒ်ကို နှစ်ဆတိုးသွားစေနိုင်လောက်တဲ့ အထိ များပြားပါတယ်။

အဲဒီတော့ အခု လက်ရှိနှုန်းထားအတိုင်းသာဆိုရင် ရှေ့လာမယ့် ရာစုနှစ်အကုန်မှာ ကမ္ဘာကြီး ပူနွေးခြင်းရဲ့ ထင်သာမြင်သာ နောက်ဆက်တွဲတွေနဲ့ ကျွန်တော်တို့စတင်ကြုံတွေ့ ရပါတော့မယ်။ ကျွန်တော်တို့ရင်ဆိုင်ကြုံတွေ့ နေရတာက ဒီတကြိမ် ရာသီဥတု အပြောင်းအလဲကြီး ဖြစ်ပွားသွားတဲ့အခါ နောက်ပြန်လှည့်လို့ မရတော့တဲ့ အခြေအနေမျိုးပါ။ မြေထု၊ ရေထု၊ လေထုတွေ အားလုံးအရင်ထက် အများကြီး ပိုနွေးလို့လာနေပါပြီ။ ကမ္ဘာကြီး ပူနွေးလာမှုဟာ အခု လက်တွေ့ ဖြစ်ပွားနေပါတယ်။ ဒါဆို ကမ္ဘာကြီးပူနွေးလာမှုတရားခံက ကျွန်တော်တို့လူသားတွေမဟုတ်ပဲ (ခုနပြောသွားသလိုမီးတောင်ပေါက်ကွဲမှုကြောင့်လည်း မဟုတ်ဘူးဆိုရင်) နေရောင်ခြည်ဒဏ်ကြောင့်ရော မဖြစ်နိုင်ဘူးလား။ မဟုတ်ရပါဘူး။ နေရဲ့ မျက်နှာပြင်တွေ၊ အပူချိန်တွေကို ကျွန်တော်တို့ဆယ်စုနှစ်ပေါင်းများစွာစောင့်ကြည့်လေ့လာခဲ့ကြပါတယ်။ နေရဲ့ စွမ်းအင်ထုတ်လွှတ်မှုဟာ အရင်ကအတိုင်းပဲ ပြောင်းလဲခြင်း မရှိပါဘူး။ နောက်ပြီး ကမ္ဘာမြေဟာ နေ့ခင်းဘက်ထက် ညဘက်မှာ ပိုမို ပူနွေးနေသလို နွေရာသီထက် ဆောင်းရာသီမှာ အပူချိန် ပိုမို မြင့်မားနေပါတယ်။ ဒါဟာ ဖန်လုံအိမ် အာနိသင် သက်ရောက်မှုကြောင့်ဖြစ်ပြီး နေရောင်ခြည်ရဲ့ အပူဒဏ် မြင့်တက်မှုဆိုတာနဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်။ အဲဒါဆိုရင်ကမ္ဘာကြီး ပူနွေးလာမှုရဲ့ လက်သည်တရားခံဟာ ကျွန်တော်တို့လူသား တွေဖြစ်ကြောင်း ယုံမှားသံသယရှိစရာ မလိုတော့ပါဘူး။

တကယ်ဆို နေဟာ ကမ္ဘာကြီး ပူနွေးမှုရဲ့ တရားခံ မဟုတ်ပဲ ပြဿနာပြေလည်စေမယ့် အရာ ဖြစ်ပါ တယ်။ အဲဒီအကြောင်းကိုလည်း ကျွန်တော်တို့ သိထားခဲ့ပြီးတာ ကြာပါပြီ။ ဘယ် လောက်ကြာပြီလဲဆိုရင် စာဖတ်သူတွေးထင်ထားတာထက် အများကြီး စောတယ် လို့ ဆိုရပါလိမ့်မယ်။

၁၈၇၈ ခုနှစ်၊ စက်တင်ဘာလရဲ့ ပဲရစ်မြို့မှာ နာမည်ကျော် အိုင်ဖယ်လ်မျှော်စင် တောင် မဆောက်လုပ်ရသေးပါဘူး။ လေဘာတီရုပ်ထုရဲ့ ဦးခေါင်းပိုင်း

တောင် အပြီးသတ်ခါစပဲ ရှိပါသေးတယ်။ ကမ္ဘာလှည့်ခရီးသည်တွေဟာ ဖဖ ကေ ကျယ်ဝန်းတဲ့ ပဲရစ်မြို့ရဲ့ တွေ့ဆုံပွဲတွေ၊ ကုန်စည်စီးဆင်းရာတွေဆီ လိုက်လံ ကြည့်ရှုလို့ နေပါတယ်။ ပထမဦးဆုံးသော လျှပ်စစ်မီးလုံးကိုတီထွင်၊ဖန်တီးခဲ့တဲ့ အက်ဒီဆင်[244] ရဲ့ ပြပွဲတောင်မှ နောက်တနှစ်လောက်မှ ရောက်ရှိလာခဲ့တာပါ။ လျှပ်စစ်ပစ္စည်း အရောင်းဆိုင် ဆိုတာမျိုးလည်းမရှိခဲ့ပါဘူး။ လူတွေအနေနဲ့ မီးခ လုပ်တွေ အဖွင့်အပိတ်လုပ်စရာ ဘာအကြောင်းမှ မရှိဘူးလေ။ အဲဒီတုန်းက ကမ္ဘာ လောကဟာ လူတွေရဲ့ ကာယအားနဲ့ ဆောက်လုပ်ထားတာဖြစ်ပြီး မြင်းရထားတွေ နဲ့ ခရီးသွား တဲ့ခေတ်ကာလကိုး။ အဲဒီလို လူထူထူပြပွဲတခုမှာ နှုတ်ခမ်းမွေးစစနဲ့ ပုဂ္ဂိုလ်တဦး လည်း ပါဝင်ပြီး သင်္ချာဆရာ ဩဂတ်စ်တင် မူရှီး[245] ဖြစ်ပါတယ်။ အဲဒီ တုန်းက အလင်းရောင်ရရှိဖို့ကို ရေနံဆီပဲ အဓိက အားထားခဲ့ရတာပါ။ မော်တော်ကား ဆိုတာ နောက်ထပ် နှစ်ပေါင်းများစွာကြာမှ တီထွင်နိုင်ခဲ့တာ ဖြစ် ပါတယ်။ အဲဒီခေတ်ကာလမှာပဲမူရှီး ပြသခဲ့တာက နေရောင်ခြည်ကနေ စွမ်းအင် သိုလှောင် ပြီး လျှပ်စစ်မီး ထုတ်လုပ်ပြတာ၊ စက်ယန္တရားတွေ လည်ပတ်ပြတာ၊ ရေ ကိုအေးခဲ ပြတာတွေ အများပြည်သူကို လက်တွေ့ ပြခဲ့ပါတယ်။ အဲဒီ သိပ္ပံပြပွဲမှာ မူရှီး တယောက် ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီခေတ်တုန်းက ကျောက်မီးသွေးဈေးနှုန်းဟာ အင်မတန်မှကို အဖိုးနှုန်း ချိုသာခဲ့တာကြောင့် နေရောင်ခြည်သုံး စွမ်းအင်ဆိုတာကို ဘယ်သူကမှ စိတ်မဝင်စားခဲ့ကြပါဘူး။ အဲဒီ တုန်းက ရုပ်ကြွင်းလောင်စာတွေ သုံးစွဲလို့ထွက်ပေါ်လာမယ့် ဘေးထွက်ဆိုးကျိုး တွေအကြောင်းကိုလည်း ဘယ်သူမှ နားမလည်ခဲ့ကြဘူးလေ။ အဲဒီနောက် မူရှီး ရဲ့ သုတေသန ထောက်ပံ့ ငွေတွေလည်း မကြာခင်ပဲလျော့ပါးသွားခဲ့ပါတော့တယ်။

နောင် ၃၅ နှစ်အကြာ၊ ၂၀ ရာစု အစောပိုင်းကာလတွေမှာ အလားတူ အခွင့်ကောင်းတရပ် ထပ်မံ ပေါ်ပေါက် ခဲ့ပြန်ပါတယ်။ နေရာကတော့ အီဂျစ်ပြည် ရဲ့ နိုင်းလ်မြစ်ဝှမ်းဒေသမှာပါ။ အနာဂတ်ရဲ့ အချိန်ခရီးသွားတွေကို စကားလက်ဆောင် အမှာပါးလို့ရခဲ့မယ်ဆိုရင်တော့ ကမ္ဘာကြီးရဲ့ ရာသီဥတုကို ပြောင်းလဲစေရာမှာ အရေးပါတဲ့ အချက်အချာ နေရာအဖြစ် အီဂျစ်ပြည်ကို အရင် ဆုံး မှတ်သား ထားပေးပါလို့ပဲ ဖြစ်ပါလိမ့်မယ်။ ၁၉၁၃ ခုနှစ်မှာ ဖယ်လာဒဲလ်ဖီး ယားဇာတိ ဖရန့်ခ် ရှူမန်[246] တယောက် အီဂျစ်ပြည်ကို ၃ နှစ်ကြာ ရောက်ရှိခဲ့ပြီး

တီထွင် ဖန်တီးမှု တစုံတရာအတွက် ပြင်ဆင်နေခဲ့ပါတယ်။ အသက်၃၀ မပြည့်ခင် တည်းက ရှူမန်ဟာ ကွဲရှရင် လူကို မထိခိုက်စေတဲ့ မှန်အမျိုးအစားကို တီထွင်ခဲ့ပြီး မော်တော်ကားမှန်တွေနဲ့ လသာပေါက်တွေမှာ အသုံးပြုနိုင်ခဲ့တာကြောင့် လူ့ အသက်ပေါင်းများစွာ ကိုကယ်တင်နိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေ ကနေရရှိတဲ့ အကျိုးအမြတ်တွေကြောင့် ချမ်းသာကြွယ်ဝခဲ့ပါတယ်။ အဲဒီလို ချမ်းသာကြွယ်ဝလာတာကြောင့် သူ အမှန်တကယ် စိတ်အားထက်သန်တဲ့ ပညာရပ်နယ်ပယ်ကို လည်း လေ့လာဖို့ အခွင့်ရစေခဲ့ပါတယ်။ အဲဒါကတော့ နေရောင်ခြည်သုံး စွမ်းအင် ပါပဲ။ နေရောင်ခြည်ကိုဖမ်းယူပြီး စွမ်းအင်သိုမှီးနိုင်မယ့် နည်းလမ်းတွေကိုရှူမန်က ရှာဖွေခဲ့ပါတယ်။ အဲဒီကနေ ရေနွေးငွေ့ သုံးအင်ဂျင် စက်ကို လည်ပတ်စေနိုင်တယ်လို့ ဆိုပါတယ်။ နေရောင်ခြည်သုံး စွမ်းအင်နဲ့ သဲကန္တာရလွင်တီးခေါင်ကို စိမ်းလန်းစိုပြေစေဖို့ရှူမန်က မျှော်လင့်ထားခဲ့တာပါ။ ၁၉၁၃ ခုနှစ်မှာ တရားဝင် တည်ထောင်ခဲ့တဲ့ ရှူမန်ရဲ့ ပထမဦးဆုံး နေရောင်ခြည် စွမ်းအင်ပေးဝေရေး စက်ရုံဟာ အောင်မြင်မှု များစွာ ရရှိခဲ့ပါတယ်။ နေရောင်ခြည် သုံး စွမ်းအင်ကို ကုန်ထုတ်လုပ်မှုအဆင့် အသုံးချနိုင်အောင် အဆင့်မြှင့်ထားခဲ့သလို ကျောက်မီးသွေးထက် အဖိုးနှုန်း သက်သာအောင်လည်း စီမံထားပါတယ်။ သူ့ရဲ့ တီထွင်မှုကို ဆက်လက် ဆောင်ရွက်ဖို့ ဗြိတိန်နဲ့ ဂျာမနီ အစိုးရတွေကလည်း ထောက်ပံ့ကြေးတွေကမ်းလှမ်းခဲ့ကြပါတယ်။ နိုင်ငံရပ်ခြားကနေ ကျောက်မီးသွေး တင်သွင်းယူရတဲ့ အပူပိုင်းဒေသကုန်ထုတ်လုပ်မှုလုပ်ငန်းတွေအတွက် အင်မတန် ကောင်းမွန်တဲ့ အစားထိုး စွမ်းအင်ရင်းမြစ်အဖြစ် ရှူမန်က ဖန်တီးပေးခဲ့တာပါ။



၁၉၁၃ ခုနှစ်၊ ကိုင်ရိုမှ နေရောင်ခြည်စွမ်းအင် ပေးဝေရေး စက်ရုံ

ရှူမန်ရဲ့ အိပ်မက်က အဲဒီလောက်နဲ့ ရပ်တန့်မသွားခဲ့ပါဘူး။ အမေရိကန် သိပ္ပံပညာရှင် အသိုင်းအဝိုင်းဆီ ရေးသားတဲ့ ပေးစာမှာ နေရောင်ခြည်သုံးစွမ်းအင်ကို အတိအကျ တွက်ချက်ပြထားပါတယ်။ သဲကန္တာရအတွင်း မိုင် ၁၅၀ ဝန်းကျင် နေရာယူပြီး စွမ်းအင်သိုလှောင်မယ်ဆိုရင် တကမ္ဘာလုံးက ကုန်ထုတ်လုပ်မှု အားလုံးအတွက် လုံလောက်တဲ့စွမ်းအင် ပမာဏကို ရရှိမယ်လို့ သူက ဆိုပါတယ်။ အားလုံးအတွက် လုံလောက်တဲ့စွမ်းအင်ပမာဏကိုရရှိမယ်လို့ သူက ဆိုပါတယ်။ ဒါပေမယ့် လက်တွေ့ မှာတော့ သူ့ရဲ့ ရည်မှန်းချက်ကို ဖျက်ဆီးမယ့်သူတွေ ပြည့်နှက်လို့နေခဲ့ပါတယ်။ စွမ်းအင်ကို လောင်စာရည်အဖြစ် ထုတ်လုပ်ရောင်းချတဲ့ ရေနံဈေးကွက်ဟာ အဲဒီတုန်းက အလျင်အမြန် ကြီးထွားနေပြီး ဆက်သွယ်ရေး၊ နေအိမ်အပူပေးစနစ်၊ မော်တော်ကား၊ ကုန်တင်ကားတွေအတွက် မရှိမဖြစ် လိုအပ်လို့ နေပါတယ်။ နောက်ပြီး ရေနံဟာ ကျောက်မီးသွေးထက် အဖိုးနှုန်း ပိုမို သက်သာသလို မြေကြီးထဲကနေ တူးဖော်၊ ထုတ်လုပ်ပြီး ချက်လုပ်သန့်စင်ဖို့ လည်း မခဲယဉ်းပါဘူး။ ကျောက်မီးသွေးသုံး သဘော်ာတစီးကို လောင်စာဖြည့်ဆည်း ပေးဖို့ သတ္တုတူးဖော်ရေး လုပ်ငန်းခွင်မှာ သီတင်းတပတ်ကို လုပ်သား ၁၀၀ ဝန်းကျင် လိုအပ်ပါတယ်။ ရေနံကတော့ လုပ်သားတဦးတည်းနဲ့ တရက်ထုတ်လုပ် လိုက်ရင် ဖူလုံနိုင်ပါပြီ။

ကံအကြောင်းမလှစွာပဲ ဆိုပါစို့၊ ရှူမန်ရဲ့ သုတေသနလေ့လာရေးအောင်မြင်လို့ တနှစ်အကြာမှာပဲ ပထမကမ္ဘာစစ် စတင် ဖြစ်ပွားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နေရောင်ခြည် သိုလှောင်တဲ့စက်ပစ္စည်းတွေကို လက်နက်အဖြစ် သွန်းလုပ်ယူခဲ့ကြပါတယ်။ ကမ္ဘာလောကကို နေရောင်ခြည် စွမ်းအင်သုံးလူ့အဖွဲ့အစည်း အဖြစ် ပြောင်းလဲပေးဖို့ ဖရန့်ခ် ရှူမန်ရဲ့ အိပ်မက်ဟာလည်း အကောင်အထည် မဖော်နိုင်ဖြစ်သွားခဲ့ရပြီး နောက်ထပ် ရာစုနှစ်တခုကြာ စောင့်ဆိုင်းခဲ့ရပြန်ပါတယ်။

အကန့်အသတ်မဲ့ ရရှိနိုင်ပြီး ဘေးထွက်ဆိုးကျိုး ကင်းစင်တဲ့စွမ်းအင်ရင်းမြစ်နောက်တမျိုးလည်း ရှိပါသေးတယ်။ လေအားသုံး စွမ်းအင်ဟာ နေရောင်ခြည်စွမ်းအင်လိုပါပဲ။ နေဟာ လှိုင်းအမျိုးမျိုးကို ထုတ်လွှတ် ပေးနေပါတယ်။ နေရောင်ခြည်စွမ်းအင် သိုလှောင်ရေးလိုတောင် နေရာအများကြီး မလိုပါဘူး။ ရေပြင်ဘက်မှာ ဆိုရင် လေတိုက်အားဟာ အင်မတန် ကောင်းမွန်တာကြောင့် မြေနေရာတောင် မ

ကုန်ပါဘူး။ အဲဒီ လေအား စွမ်းအင်ကို ရရှိနိုင်တာရဲ့ ၁ ရာခိုင်နှုန်းလောက် အသုံးချနိုင်ရင်တောင် ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် လုံလောက်တဲ့ စွမ်းအင်တွေ ရရှိနိုင်ပါတယ်။

နေရောင်ခြည်စွမ်းအင် အကြောင်းပဲ ဆက်ရမယ်ဆိုရင် တကမ္ဘာလုံးက လူ့အဖွဲ့ အစည်းတွေ တနှစ်တာ သုံးစွဲမယ့် စွမ်းအင်ပမာဏဟာ ကမ္ဘာမြေကို ရောက်ရှိလာတဲ့နေရောင်ခြည် တနာရီစာပဲရှိပါတယ်။ တကယ်လို့သာ နေရောင် ခြည်နဲ့ လေအားစွမ်းအင်တွေကို ကျွန်တော်တို့ အသုံးချနိုင်ပြီဆိုရင် လေထုထဲကို ကာဗွန်ဓာတ်တွေ မထုတ်လွှတ်တော့ပဲ အတိုင်းအဆမဲ့ စွမ်းအင်တွေကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ အခုလည်း အချိန်မနှောင်းသေးပါဘူး။ ပိုမို တောက်ပတဲ့ အနာဂတ်အတွက် ကျွန်တော်တို့ လုံ့လစိုက်ဖို့ အခွင့်အလမ်း ရှိပါသေးတယ်။ ကျွန်တော် ဘာကြောင့်များ အဲဒီလို ပြောနိုင်ရတာပါလိမ့်။ ကျွန်တော်တို့ အားလုံးဟာ ရှင်သန်ရပ်တည်ဖို့ ကြိုးစား ရုန်းကန် ရာမှာ အောင်မြင်ခဲ့ကြတဲ့ မျိုးဆက်တွေကနေ ပေါက်ဖွားလာခဲ့တာပါ။ တကယ်လို့သာ ပတ်ဝန်းကျင်နဲ့ လိုက်လျော ညီထွေအောင် မိမိကိုယ်ကို ညှိယူပြောင်းလဲနိုင်ခြင်း မရှိခဲ့ဘူးဆိုရင် ကျွန်တော်တို့ လူသားမျိုးစိတ် ဆိုတာကို ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ ကျွန်တော်တို့ ဘိုးဘွားမျိုးဆက် တွေ အနေနဲ့ နောင်အနာဂတ်ကို ရည်မျှော်ပြီး အရှည်တွေး၊ စီမံဆောင်ရွက် နိုင်ခဲ့ကြလို့ပဲ အခုလက်ရှိမှာ ကျွန်တော်တို့ရယ်လို့ ဖြစ်တည် နေနိုင်ကြတာပါ။ အဲဒါကြောင့်ပဲ ကြမ်းတမ်းခက်ခဲလှတဲ့ သမိုင်းခေတ်ကာလတွေကို ဖြတ်သန်းနိုင်ခဲ့ပြီး လူသား မျိုးနွယ်ရဲ့ အောင်မြင်မှုတွေအဖြစ် ရယူစွမ်းဆောင်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ တကယ်တမ်းဆိုရရင် ကျွန်တော်တို့ လူသား မျိုးနွယ်ရဲ့ အခမ်းနားဆုံးသော အောင်မြင်မှုတွေ ဆိုတာ အမှောင်မိုက်ဆုံးသော ဘေးကြပ်နံကြပ် အခြေအနေတွေမှာပဲ ပေါ်ထွက်လာလေ့ရှိပါတယ်။

ဟိုအရင် မကြာသေးတဲ့ အတိတ်ကာလ တခုမှာ စစ်သည်ပေါင်း ၆၀,၀၀၀ ကျော် အသင့် အနေအထားနဲ့ အဏုမြူ လက်နက်တွေ ပြင်ဆင်ခဲ့တဲ့စစ်ပွဲကြီးတွေ ရှိခဲ့ပါတယ်။ အပြိုင်ကြဲ တိုက်ခိုက်မယ့် သူတွေကတော့ ကမ္ဘာပေါ်မှာ အင်အားအကြီးမားဆုံး ဖြစ်ကြတဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ဆိုဗီယက်ယူနီယမ်တို့ပါပဲ။ နှစ်နိုင်ငံ စလုံးဟာ သူသေကိုယ်သေ အနိုင်တိုက်ဖို့ စိတ်အားထက်သန်နေကြပြီး

ရန်သူကို အရှုံးပေးရမယ်ဆိုရင် မိမိတို့ ချစ်မြတ်နိုးသမျှ အရာအားလုံးကို မီးလောင်တိုက်သွင်းလိုက်ရတာ ပိုကောင်းတယ်ရယ်လို့ စိတ်ပိုင်းဖြတ်ထားခဲ့ ကြပါတယ်။ စာရေးသူ ၃ နှစ်သားအရွယ်မှာ သမိုင်းတလျှောက် လူသားတို့ ဖန်တီးခဲ့သမျှထဲ ဖျက်အား အပြင်းထန်ဆုံး လက်နက်တမျိုးကို ဆိုဗီယက်ယူနီယမ် က စမ်းသပ်ပြခဲ့ပါတယ်။ အဲဒီလက်နက်ဆန်းဟာ ကမ္ဘာလောကရဲ့ အကြောက် တရားတွေ အားလုံးကို လွှမ်းမိုးသွားစေခဲ့ပြီး ကမ္ဘာပေါ်က မြို့ကြီးပြကြီး ၂,၀၀၀ ခန့်ဟာ အာကာသဆီ ဘယ်တော့များ အငွေ့ပျံသွားတော့မှာပါလိမ့်ဆိုပြီး ရင်တမမ နေထိုင်ခဲ့ကြရပါတယ်။

ကမ္ဘာတဘက်ခြမ်းသို့ ပစ်လွှတ်နိုင်သည် ဆိုသော စစ်အေးခေတ် ဆိုဗီယက်တို့၏

အဏုမြူ ထိပ်ဖူးတပ်ဒုံးပျံအား မော်စကို၊ ရင်ပြင်နီ၌ ပြသစဉ်

အမေရိကန်ပြည်ထောင်စုနဲ့ ဆိုဗီယက်ယူနီယမ်တို့ရဲ့ အဏုမြူလက်နက် အပြိုင်အဆိုင် တပ်ဆင် ကြရာကနေ အားပြိုင်မှုအသွင်တမျိုး ထပ်မံပေါ်ထွက်လာခဲ့ပါတယ်။ အာကာသ လေ့လာရေးစီမံကိန်းတွေကို ဆိုလိုတာပါ။ အပိုလိုစီမံကိန်း [247]တွေဟာဆိုရင် နှစ်နိုင်ငံအကြား အားပြိုင်မှုကို အထွဋ်အထိပ် ရောက်စေခဲ့တယ် ဆိုရမှာပါပဲ။ ကမ္ဘာပတ်လမ်းကြောင်းထဲဆီ လူသားတွေ စေလွှတ်တာ၊ လကမ္ဘာဆီ

သွားရောက်ဖို့ အားထုတ် ခဲ့တာတွေမှာ လိုအပ်တဲ့ ဧရာမ ဒုံးပျံတွေ ဆိုတာ ကမ္ဘာ တဘက်ခြမ်းက ရန်သူနိုင်ငံရဲ့ မြို့ကြီးပြကြီးတွေဆီ အဏုမြူထိပ်ဖူး တွေ သယ်ဆောင်သွားစေမယ့် တာဝေးပစ်ဒုံးကျည် နည်းပညာနဲ့ အတူတူပဲဖြစ်ပါတယ်။ "ကျွန်တော်တို့ရဲ့ ဦးတည်ချက်ကတော့ လကမ္ဘာဆီကို လူသားတွေ စေလွှတ်ပြီး ဘေးမသီ၊ ရန်မခပဲ ကမ္ဘာမြေ ဆီပြန်လည် ရောက်ရှိလာဖို့ပါပဲ" ရယ်လို့ ၁၉၆၁ ခု နှစ်တုန်းက ပြောကြားသွားတဲ့ အမေရိကန်သမ္မတ ကနေဒီ[248] ရဲ့ မိန့်ခွန်း ဟာ တ နိုင်ငံလုံးကို မင်သက် တုန်လှုပ် သွားစေခဲ့ပါတယ်။

၁၉၆၂ ခုနှစ်၊ စက်တင်ဘာ၊ တက္ကဆက်ပြည်နယ်၊ ဟူစတန်မြို့၊ ရိုက်စ်တက္ကသိုလ် အားကစားကွင်းတွင် လ ကမ္ဘာ သွားရောက်မည်ဟု ကြွေးကြော်ခဲ့သော အမေရိကန်သမ္မတ ဂျွန် အက်ဖ် ကနေဒီ

အမေရိကန်တို့ရဲ့ ရည်မှန်းချက်နဲ့ ပတ်သက်လို့ ဟောကိန်းထုတ်ရာမှာ အင်မတန် ပြောင်မြောက်ခဲ့တယ် ဆိုပေမယ့် လကမ္ဘာဆီကို သွားရောက်ခြင်းရဲ့ လောကဓာတ်သိပ္ပံဆိုင်ရာ ဓမ္မဓိဋ္ဌာန်ကျမှုတွေ ကိုတော့ တခွန်းမှပြောဆိုသွားခြင်း မရှိခဲ့ပါဘူး။ လကမ္ဘာရဲ့ မူလအစ ဆိုတာ ဘာများပါလိမ့်၊ လကမ္ဘာပေါ်က မြေသား၊ ကျောက်သား နမူနာတွေကို ပြန်လည် ယူဆောင်လာပြီး စစ်ဆေးစမ်းသပ်ကြည့် မယ့် သုတေသန ခန့်မှန်းချက်တွေက ဘယ်လိုပါလိမ့် ဆိုတာတွေ ဘာမှ မပြော သွားခဲ့ပါဘူး။ အပိုလိုစီမံကိန်းတွေဟာ အမေရိကန်တို့ရဲ့ တာဝေးပစ်ဒုံးကျည် နည်း

ပညာပိုင်း တိကျမှုတွေ၊ သာလွန်အင်အားကို ထုတ်ဖော်ပြသခြင်း လို့ပဲမှတ်ယူ ခဲ့ကြပါတယ်။

အပိုလို ၁၁ ခရီးစဉ်အတွင်း လကမ္ဘာပေါ်မှ ရိုက်ကူးခဲ့သော ကမ္ဘာမြေ

ဒါပေမယ့် လကမ္ဘာဆီ သွားရောက်မယ့် ခရီးစဉ်မှာပဲ ထူးခြားတဲ့ဖြစ်ရပ်တခု ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေကို ပြန်လည် တွေ့ရှိ၊ တွေ့ မြင်ရခြင်းပါပဲ။ ကမ္ဘာမြေပေါ်မှာ နေထိုင်ကြသူ ကျွန်တော်တို့ အားလုံးအနေနဲ့ မိမိတို့ရဲ့ ကမ္ဘာမြေဆိုတာ ဘယ်လိုမျိုးလဲရယ်လို့ ပထမဦးဆုံးအကြိမ် ခြုံငုံတွေ့မြင်သွားခြင်းပါ။ အပြောကျယ်လှတဲ့ စကြဝဠာထဲမှာ အင်မတန်သေးငယ်တဲ့ အရွယ်အစားနဲ့ ဖြစ်တည်နေပြီး ဘယ်လို နယ်နိမိတ်မျဉ်းတွေနဲ့မှ ခွဲခြားထားခြင်းမရှိတဲ့ ပကတိ ကမ္ဘာမြေကို ကျွန်တော်တို့ မြင်တွေ့ ခဲ့ကြရတာ ဖြစ်ပါတယ်။ နည်းပညာအား၊ ငွေအား၊ လူအားတွေ အများအပြား အသုံးပြုထားတဲ့ အပိုလို စီမံကိန်းတွေဟာ အဏုမြူလက်နက်တွေ အသင့်ပြင်ထားပြီးတဲ့ စစ်အေးခေတ် အမျိုးသားရေးဝါဒကနေ ထွက်ပေါ် လာခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် ထိခိုက်ပျက်စီးလွယ်တဲ့၊ အကွဲကွဲ၊ အပြားပြား မရှိတဲ့ကမ္ဘာမြေရဲ့ ပကတိသဘော

ကို မြင်တွေ့ခွင့်ရခဲ့ခြင်းကပဲ အပိုလိုစီမံကိန်းကနေ အမှတ်မထင် ပေးအပ်ခဲ့တဲ့ လက်ဆောင်ဖြစ်မယ် ထင်ပါရဲ့။ သေခြင်းတရားနဲ့ ထုံလွှမ်းနေတဲ့ စစ်ရေးမဟာဗျူဟာတွေကနေတဆင့် ကမ္ဘာမြေရဲ့ လူ့အဖွဲ့ အစည်းကို တွေ့မြင်ခဲ့ခြင်း ဆိုပါတော့။

အီဖူဂို မျိုးနွယ်စုတို့၏ အံ့ဘနန်း လှေကားထစ် စိုက်ပျိုးရေး

ကမ္ဘာလောကရဲ့ ထူးဆန်းအံ့သြဖွယ်ရာတွေထဲက တခုဖြစ်တဲ့ ဘန်နာယူ စိုက်ခင်း[249] တွေကို ဘယ်လို တန်ခိုးရှင်ကများ ဖန်ဆင်းခဲ့တာပါလိမ့်လို့ အကြောင်း မသိသူများ တွေးထင်ကောင်း တွေးထင် ကြပါလိမ့်မယ်။ ဘယ်လို တန်ခိုးရှင်မှ မဟုတ်ပါဘူး။ ဖိလစ်ပိုင်နိုင်ငံရဲ့ အီဖူဂိုမျိုးနွယ်စုတွေက ကျောက်ထွင်း လက်နက် ကိရိယာတွေနဲ့ တည်ဆောက်ယူခဲ့ကြတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀,၀၀၀ ဝန်းကျင်မှာ ကျွန်တော်တို့ရဲ့ ဘိုးဘေးလူသားတွေရဲ့ လုပ်ရပ်တွေကနေ ရေခဲခေတ်လွန် သိမ်မွေ့တည်ငြိမ်တဲ့ရာသီဥတုဆီ ပြောင်းလဲသွားဖို့ ဦးတည်စေခဲ့ ပါတယ်။ အဲဒါကတော့ လယ်ယာစိုက်ပျိုးရေးပဲ ဖြစ်ပါတယ်။ နှစ်သန်းပေါင်းများစွာ ကျင့်သုံးလာခဲ့ကြတဲ့ လှည့်လည်သွားလာပြီး အမဲလိုက်၊ သစ်သီးခူးစုဆောင်းတဲ့ လူနေမှုပုံစံကနေ အတည်တကျ နေထိုင်ပြီး စားသောက်ကုန်ထုတ်လုပ်တဲ့ လူနေမှုကို ပြောင်းလဲခဲ့ကြပါတယ်။ သူတို့ရဲ့ ဘိုးဘေးတွေကို သဘာဝအရ ပေးအပ်ခဲ့တဲ့ နေရောင်ခြည်စွမ်းအင်ရဲ့ ဆယ်ဆ၊ အဆတရာလောက်

ရိုတ်သိမ်း၊ ခူးဆွတ်နိုင်မယ့် နည်းလမ်းလို့လည်း ဆိုနိုင်ပါတယ်။ ကမ္ဘာတလွှားက လူ့အဖွဲ့ အစည်းတွေဟာ နေသားတကျဖြစ်ခဲ့တဲ့ လှည့်လည်သွားလာခြင်းကနေ ကျေးလက် တောရွာတွေအဖြစ် နေထိုင်မှုဆီ ကူးပြောင်းဖို့ အခက်အခဲများစွာနဲ့ ရင်ဆိုင်ခဲ့ရပြီး နေရောင်ခြည်ကို ထိရောက်အောင် သုံးစွဲနိုင်ဖို့ အားထုတ်ခဲ့ကြပါတယ်။ အဲဒီက နေပဲ ဧရာမ လူ့အဖွဲ့အစည်းကြီးတွေ တည်ထောင်နိုင်ခဲ့ကြပါတယ်။ လိုအပ်တဲ့ အခြေခံပြောင်းလဲမှုတွေကို မဖြစ်မနေ အားထုတ်ယူခဲ့ကြတဲ့ ဘိုးဘေးလူသား တွေရဲ့ ပုခုံးပေါ်မှာ ကျွန်တော်တို့ တက်ရပ်ခွင့်ရရှိခဲ့ကြတာပါ။ အခုအခါမှာတော့ အဲဒီလို အပြောင်းအလဲတွေကို ဖွဲ့သန်အားထုတ်ပြီး နောင်မျိုးဆက်တွေအတွက် လမ်းဖွင့်ပေးဖို့ ကျွန်တော်တို့ ရုန်းကန်ရမယ့် အလှည့် ဖြစ်ပါတယ်။

ဟိုတချိန်တုန်းက ဗီးနပ်စ်ဂြိုဟ်ပေါ်မှာ သက်ရှိတွေရယ်လို့များ တည်ရှိခဲ့ရင် ငရဲဘုံလို ပြောင်းလဲသွားမယ့် အနာဂတ်ကို သူတို့ ရှောင်လွှဲနိုင်ခဲ့ကြမှာ မဟုတ်ပါဘူး။ တစနဲ့ တစ မြင့်မားလာခဲ့တဲ့ ဖန်လုံအိမ် အာနိသင် သက်ရောက်မှုဟာ မလွဲမရှောင်သာ ဖြစ်ပါတယ်။ ဟိုတချိန် ဗီးနပ်စ်ဂြိုဟ်မှာ သက်ရှိတွေ ဖြစ်တည်ခဲ့မယ် ဆိုရင် သက်ရှိတို့ ဖြစ်တည်နေတဲ့အ ခုလက်ရှိကမ္ဘာမြေဟာ တချိန်က ဗီးနပ်စ်လို့ ဆိုရပါလိမ့်မယ်။ ကမ္ဘာမြေကို ဗီးနပ်စ်လိုမျိုး ငရဲဘုံအဖြစ် ပြောင်းလဲသွားတာ ကျွန်တော်တို့ အဖြစ်ခံနိုင်ပါသလား။ တကယ်တော့ ကျွန်တော်တို့ရဲ့ ကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ သက်ရှိတို့ရဲ့ ဖြစ်တည်မှုကို အထောက်အပံ့ဖြစ်စေမယ့် အခြေအနေတွေကို ထိန်းသိမ်းဖို့လိုအပ်တဲ့နည်းပညာတွေ အဆင်သင့်ရှိထားပြီး ဖြစ်ပါတယ်။

အမှန်တကယ်ကာကွယ်စောင့်ရှောက်နိုင်ဖို့၊ ထိန်းသိမ်းနိုင်ဖို့ဆိုတာ ကတော့ ကျွန်တော်တို့ ဘယ်အရာကို တန်ဖိုးထားတယ်၊ လက်တွေ့ လုပ်ဆောင်ဖို့ ဘယ်လောက် ဆန္ဒပြင်းပြမှုတယ်၊ အောင်မြင်မှု ရရှိအောင် ဘယ်လို ဆောင်ကြဉ်းမယ်ဆိုတာတွေအပေါ်မူတည်နေလိမ့်မယ်လို့ပဲ ဆိုချင်ပါတယ်။

Whisper Of Words

အမှောင်ကို မစိုးရှုံ့ခြင်း

လွန်ခဲ့တဲ့နှစ်ပေါင်း ၂,၀၀၀ ကျော်လောက်တုန်းက အလက်ဇန္ဒရီးယားမြို့မှာ စကြဝဠာ ကမ္ဘာလောက နိုင်ငံသားတဦး ဖြစ်ဖို့ အိပ်မက် စိတ်ကူးခဲ့သူ တဦးကို မွေးဖွားခဲ့ပါတယ်။ အလက်ဇန္ဒရီးယားမြို့ဆိုတာ နာမည်ကျော် စစ်ဘုရင် မဟာ အလက်ဇန္ဒားရဲ့ အမည်အတိုင်း ခေါ်တွင်ခဲ့တာပါ။ အလက်ဇန္ဒားရဲ့ အင်ပါယာ ကို အီဂျစ်ဒေသ တဝိုက် အပိုင်စားရခဲ့တဲ့ ဂရိဘုရင်တွေကတော့ တိုလမီမျိုးနွယ်[250] ဖြစ်ပြီး အဲဒီ အလက်ဇန္ဒရီးယား မြို့မှာပဲ သုတေသန လေ့လာရေးအဖြစ် ဧရာမ စာကြည့်တိုက်ကြီးကို တည်ထောင်ခဲ့ကြပါတယ်။ သမိုင်းတလျှောက် အသိဉာဏ် ပညာအတွက် အစိုးရတရပ်က ကြီးမှူးပြီး ငွေကုန်ကြေးကျခံတဲ့ နေရာမှာတော့ တို လမီမျိုးနွယ်ကို အမှီလိုက်နိုင်သူ မရှိသေးပါဘူး။ အဲဒီ အားထုတ်မှုကနေလည်း လူသားမျိုးနွယ်အတွက် အကျိုးအမြတ်များစွာ ဖြစ်ထွန်းခဲ့ပါတယ်။ အလက် ဇန္ဒရီး ယားဆိပ်ကမ်းကို ဝင်ရောက်တဲ့ ကုန်သင်္ဘောတွေမှာ စစ်ဆေး ရှာဖွေမှုတွေ ဆောင်ရွက်တယ်ဆိုတာ မှောင်ခိုကူးလာတဲ့ ကုန်စည်တွေအတွက် မဟုတ်ပါဘူး။ စာအုပ်စာပေတွေ သယ်ဆောင် လာခဲ့သလားလို့ စစ်ဆေးတာပါ။ သယ်ဆောင်လာ ခဲ့တဲ့ စာအုပ်စာပေတွေကို မိတ္တူကူးယူပြီး အဲဒီစာကြည့်တိုက်မှာ သိမ်းဆည်း ထားခဲ့ပါတယ်။ အဲဒီခေတ်ကာလအတွင်း ကမ္ဘာပေါ်မှာ စာအုပ်စာပေ အစုံလင်ဆုံး စာကြည့်တိုက် လို့လည်း ဆိုနိုင်ပါတယ်။

စာကြည့်တိုက်မှူးတဦး ဖြစ်သူ အဲရစ်တိုသန်းနိစ်[251] ဟာ အဲဒီ အလက်ဇန္ဒရီး ယား စာကြည့်တိုက်မှာပဲ ကမ္ဘာမြေရဲ့ ပကတိအရွယ်အစားကို တွက်ချက်ပြခဲ့ပြီး ပထဝီဝင်ပညာရပ်ကို တီထွင်နိုင်ခဲ့ပါတယ်။ ပိုက်သာဂိုရပ်စ်[252] ဟိုက်ပေးရှား[253] ယူကလစ်[254] တို့လည်း အလားတူပါပဲ။ ယူကလစ်ဆိုရင် ဂျီဩမေတြီ စည်းမျဉ်း တွေ ကို အဲဒီစာကြည့်တိုက်မှာပဲ ချမှတ်ပေးခဲ့ပြီး နောင်နှစ်ပေါင်း ၂၃၀၀ တိုင်

ကျောင်းသုံးပြဌာန်းစာအဖြစ် အသုံးပြုနေရဆဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာရဲ့ ဓမ္မ ဟောင်း ကျမ်းဆိုရင် ဂရိ ဘာသာ ပြန်ဆိုထားမှုကနေ အများစု ရရှိခဲ့တာပါ။ ဂရိ ကဗျာ၊ ပြဇာတ်၊ အင်ဂျင်နီယာ၊ လောကဓာတ်သိပ္ပံ၊ ဆေးပညာနဲ့ သမိုင်း စတဲ့ ပညာရပ် တွေရဲ့ မူရင်း လက်ရေးမူတွေ၊ ရှေးခေတ်လူ့အဖွဲ့အစည်းရဲ့ နိုးထလာခဲ့ တဲ့ အသိပညာပိုင်းဆိုင်ရာ လုပ်အားတွေကို အဲဒီ အလက်ဇန္ဒရီးယား စာကြည့်တိုက် မှာ သိုမှီးထားခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီလို သိမ်းဆည်းထားခဲ့ တဲ့ ပေစာလိပ် တွေ စုစုပေါင်းဟာဆိုရင် ၅ သိန်းနဲ့ တသန်းအကြား ရှိခဲ့ပါတယ်။

ဒီကနေ့မှာတော့ အဲဒီ ပညာရပ်တွေ အကုန်လုံးတောင်မှ ကျွန်တော်တို့ လက်ဖျားထိပ်နဲ့ ရှာဖွေနိုင်တဲ့ အချက်အလက် မြောက်မြားစွာတို့ရဲ့ အနည်းငယ် သော အချိုးအစား ဆိုတာလောက်ပဲ ဖြစ်သွားခဲ့ပါပြီ။ ကျွန်တော်တို့ လူသား မျိုးစိတ်တွေ လက်ဆင့်ကမ်း သင်ယူလာခဲ့ကြတဲ့ အဲဒီ အသိဉာဏ်ပညာတွေဟာ အခု အချိန်မှာ အင်တာနက် စာမျက်နှာတွေပေါ် ရောက်ရှိသွားခဲ့ပြီဖြစ်ပြီး ကွန်ပျူတာ၊ စမတ်ဖုန်း၊ သတင်း လွတ်လပ်ခွင့်တို့ ရရှိရင် လေ့လာလိုသူ အားလုံး အတွက် ရေကန်အသင့်၊ ကြာအသင့် ဖြစ်နေခဲ့ပါပြီ။ အလက်ဇန္ဒရီးယား ခေတ်ကာလတုန်း ကတော့ အဲဒီလိုမဟုတ်ခဲ့ပါဘူး။ အသိဉာဏ်ပညာ ဆိုတာ အထက်တန်း လွှာတွေ အတွက် သီးသန့် ဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့်ပဲအေဒီ ၄ ရာစုနှစ်မှာ စာကြည့်တိုက် ကို လူစုလူဝေးနဲ့ ဖျက်ဆီး၊ ရှေးခေတ် ပညာရှင်တွေကို သတ်လား ဖြတ်လား ပြုကြတော့ ခုခံ၊ ကာကွယ်ပေးမယ့်သူ အနည်း အကျဉ်းပဲ ရှိ ခဲ့ရပါတယ်။ နောက်တကြိမ် အဲဒီ ဒေါသထွက်နေတဲ့ လူအုပ်ကြီး ထပ်မံပေါ်ပေါက် လာခဲ့ရင် ကျွန်တော် တို့ ဘယ်လိုများ ရင်ဆိုင်ကြမှာပါလိမ့်။

မီးလျှံတို့အကြားမှ အလက်ဇန္ဒရီးယား စာကြည့်တိုက် (၁၉ ရာစု လက်ရာပန်းချီကား)

ကျွန်တော်တို့ရဲ့ ဖြစ်တည်မှုဟာ ဟိုးအတိတ်ကာလရဲ့ အက်တမ်၊ အဏုမြူတွေထဲကနေ စတင်ခဲ့တာလို့ ဆိုနိုင်ပါတယ်။ အပြောကျယ်လှတဲ့ စကြဝဠာအတွင်း အချိန်ရယ်လို့ စတင် ဖြစ်ပေါ်ခဲ့စဉ်တည်းက ဟိုး အနာဂတ်တွေဆီ အထိ ဆိုပါ တော့။ အဲဒီတော့ စိတ်ကူးအတွေးနဲ့ စမ်းသပ်ချက်လေး တရပ် ဖန်တီးကြည့်ရအောင်။ ဓာတ်ခွဲခန်းထဲမှာ စမ်းသပ်တာမျိုးတော့ မဟုတ်ဘူးပေါ့။

နဂါးငွေ့တန်း ဂလက်ဆီအတွင်း သန်းထောင်ပေါင်း ရာနဲ့ချီတဲ့ ကြယ်တာရာတွေထဲက ကြယ်တာရာ တလုံးကို ရွေးချယ်လိုက်ပါ။ တကယ်တော့ အဲဒီ နဂါးငွေ့တန်း ဂလက်ဆီ ဆိုတာတောင် ကျွန်တော်တို့ လေ့လာ သိရှိထားတဲ့ စကြဝဠာအတွင်း သန်းထောင်ပေါင်း ရာဂဏန်းရှိတဲ့ ဂလက်ဆီတွေထဲက တခုပဲ ဖြစ်ပါလိမ့်မယ်။ ဟုတ်ပြီ၊ အဲဒီ ထဲက ကြယ်တာရာ တလုံးကို စာဖတ်သူ ရွေးချယ်လိုက်တယ် ဆိုပါစို့။ အဲဒီ ကြယ်တာရာကို ဒါဇင်နဲ့ချီတဲ့ ဂြိုဟ်တွေနဲ့ ဂြိုဟ်ရံလတွေက လှည့်ပတ်နေပါ လိမ့်မယ်။ အဲဒီထဲက ဂြိုဟ်တလုံးမှာ သက်ရှိသတ္တဝါတွေ ဖြစ်တည်နေကြပြီး အမျိုးအစားပေါင်း ဆယ်သန်းဝန်းကျင် ထဲက တမျိုးကိုတွေးတော ကြည့်လိုက်ပါ။ အဲဒီ သက်ရှိတမျိုးရဲ့ အုပ်စုတစုဟာဆိုရင် အဲဒီလို သန်းထောင်ပေါင်း ရာဂဏန်း ရှိတဲ့ ကြယ်တာရာစုတွေ၊ အဲဒီ ကြယ်တာရာစုတွေထဲကမှ သန်းထောင်ပေါင်း ရာဂဏန်းရှိတဲ့ ကြယ်တာရာတွေ၊ အဲဒီထဲကမှ ကြယ်တာရာတ

လုံးနဲ့ ဂြိုဟ်တွေ၊ သက်ရှိသန်းပေါင်းများစွာထဲကမှ တမျိုး၊ အဲဒီ အမျိုးအစားထဲက မှ အုပ်စုတစု အဖြစ် အရာအားလုံးကို သိမြင်သွားခဲ့တယ်လို့ မှတ်ယူလိုက်ပြီး သူတို့ နေထိုင်ရာ ဂြိုဟ်ကမ္ဘာဟာ စကြဝဠာရဲ့ အလယ်ဗဟို ဖြစ်တယ်။ စကြဝဠာကြီးဟာ လည်း သူတို့အတွက် ဖြစ်တည်နေတယ်။ သူတို့ သိရှိသင့်၊ သိရှိထိုက်တာ မှန်သမျှ ကို လည်း အလုံးစုံ သိနားလည်ထားပြီး ဖြစ်တယ်လို့ မှတ်ယူကြတယ် ဆိုပါစို့။ သူ တို့ ပြောသမျှ စကားတွေကိုစာဖတ်သူ ဘယ်လိုများ အလေးအနက်ထား နားထောင်ပေးနိုင်မယ် ထင်ပါသလဲ။



ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်က လူသား အာဒံကို ဖန်ဆင်းနေဟန်

မိုက်ကယ် အိန်ဂျလို၏ ကမ္ဘာကျော် ပန်းချီကား

စကြဝဠာ ကမ္ဘာလောကဟာ လူသားတွေအတွက် ဖြစ်တည်ခဲ့တာလို့ ကျွန်တော်တို့ရဲ့ ဘိုးဘေး လူသားတွေက မှတ်ယူခဲ့ကြပါတယ်။ စကြဝဠာရဲ့ အလယ်ဗဟိုဟာလည်း ကျွန်တော်တို့သာလျှင် ဖြစ်တယ် ဆိုတဲ့ အယူအဆဟာ အဲဒီခေတ်၊ အဲဒီကာလတုန်းကတော့ သဘာဝကျခဲ့မှာပါပဲ။ အဲဒါတင်မက နေနဲ့ ကြယ်တာရာ တွေကလည်း ကျွန်တော်တို့ကို လှည့်ပတ်နေခဲ့တယ်လို့ ထင်ချင်စရာ ရှိခဲ့တာကိုး။ အခုအချိန်ထိတောင် နေထွက်တယ်၊ နေဝင်တယ်လို့ ကျွန်တော်တို့ သုံးစွဲနေကြဆဲပဲလေ။ ကျွန်တော်တို့ လူသားတွေရဲ့ ဘာသာ စကားတွေ၊ ဒဏ္ဍာရီ

တွေနဲ့ စိတ်ကူးအိပ်မက်တွေဟာ လောကဓာတ် သိပ္ပံပညာရပ်တွေ မတိုင်မီခေတ်ကာလတွေ အတွင်း ပေါ်ထွန်းခဲ့ကြတာ မဟုတ်လား။



အမေရိကတိုက် မတွေ့ရှိသေးခင်က ကမ္ဘာမြေပုံ

အခုမြင်နေရတာကတော့ ကိုလံဘတ်စ်တို့ခေတ်ကာလတုန်းက ကမ္ဘာမြေပုံ ပါပဲ။ ၁၄၉၂ ခုနှစ်မှာ မာတင် ဘေဟိုင်[255] ဆိုသူ ရေးဆွဲပြခဲ့တဲ့ ပထမဦးဆုံးသော ကမ္ဘာလုံးပုံလည်း ဖြစ်ပါတယ်။ တခြားသူတွေနည်းတူ အရုပ်ဆက် ကစားနည်းလို ပထဝီဝင် တည်နေရာ၊ တိုက်ကြီးတွေအကြောင်း သူလည်း ယုံကြည်ခဲ့ဟန် တူပါတယ်။ သူ့ရဲ့ ကမ္ဘာမြေပုံမှာတော့ အာဖရိက၊ ဥရောပနဲ့ အာရှတိုက်တို့ပဲ ပါဝင်ခဲ့ ပါတယ်။ အဲဒီ ကုန်းမြေတိုက်ကြီးတွေရဲ့ အကြားမှာ ပင်လယ် သမုဒ္ဒရာတွေ ထည့်သွင်းပေးထားပါတယ်။ တောင်အမေရိကနဲ့ မြောက်အမေရိကတိုက်တို့ တည်ရှိမှန်းတောင် ဘေဟိုင်က မသိရှိခဲ့ရှာပါဘူး။ သူများ မသိထားတာတွေကို ကျွန်တော်တို့ သိရှိတယ်ဆိုပြီး စိတ်ကြီးဝင်စရာတော့ အတော်ကောင်းတယ် မဟုတ်လား။ ဒါပေမယ့် ကျွန်တော်တို့ အခု သိရှိထားတဲ့ ကမ္ဘာလောကနဲ့ စကြဝဠာအကြောင်းထက် မာတင် ဘေဟိုင်က အများကြီး ပိုပြီး သိရှိထားခဲ့ဟန် တူပါတယ်။

၁၉၁၂ ခုနှစ်မှာ ဗစ်တာ ဟက်စ်[256] ဆိုသူဟာ ဩစတြီးယား ကောင်းကင်ယံထက် မီးပုံးပျံနဲ့ လေ့လာရေး ခရီးစဉ်တွေ စတင်ခဲ့ပါတယ်။ ထုံးတမ်းစဉ်လာလောကဓာတ် အသိပညာတွေအကြောင်း နားလည်ရင်းစွဲ ရှိထားတွေနဲ့ သွေဖယ်နေတဲ့ ထူးခြားဆန်းကြယ် ဖြစ်ရပ်တွေ အကြောင်း အဲဒီလို စွန့်စားခန်းတွေကနေ တဆင့်ဖော်ထုတ်တာကို ပညာရှင်တွေကလည်း အင်မတန် နှစ်ခြိုက်ခဲ့ကြပါတယ်။ နောင်နှစ်ပေါင်း ၁၀၀ ဝန်းကျင် ကုန်လွန်ပြီးတဲ့နောက်မှာတောင် ဟက်စ်တယောက် လေ့လာထားခဲ့တာတွေရဲ့ ကျန်ရှိတဲ့ အစိတ်အပိုင်းတွေကို သိရှိနားလည်ဖို့ ကျွန်တော်တို့ အားထုတ်နေကြဆဲ ဖြစ်ပါတယ်။ စွမ်းအင်အသစ်တမျိုးကို ရှာဖွေတွေ့ရှိခဲ့ကြပြီး ရေဒီယိုသတ္တိကြွခြင်းလို့ ခေါ်ဆိုကြပါတယ်။ အဲဒီဖြစ်ရပ်ဟာ ရေဒီယမ်[257] ခေါ်တဲ့ ဒြပ်စင်ရဲ့ ဂုဏ်သတ္တိတမျိုးပါပဲ ။

အဲဒီဓာတ်ကို ရေဒီယိုသတ္တိကြွနေတယ်ဆိုတဲ့ ကျောက်သားတွေကနေ အဝေးကြီးမှာ တည်ရှိတဲ့ လေထုထဲမှာလည်း တွေ့ရှိရပါတယ်။ တကယ်တော့ နေရာအနှံ့မှာ တွေ့ ရှိရတာပါ။ အဲဒီလို ထူးဆန်းတဲ့စွမ်းအင်သစ် တမျိုးဟာ ဘယ်ကနေများ ရောက်ရှိလာခဲ့တာပါလိမ့်။ ဘယ်သူမှ မသိခဲ့ကြပါဘူး။ ကမ္ဘာမြေရဲ့ အပေါ်ပိုင်း ကောင်းကင်ထက်ကနေ ရောက်ရှိလာခဲ့တာလို့ ဟက်စ်က ယူဆပါတယ်။ အဲဒီ အဆိုကြမ်းကို စမ်းသပ်ဖို့အတွက် ရေဒီယိုသတ္တိကြွမှု ထောက်လှမ်းတဲ့ ကိရိယာကို ဟိုးအမြင့်ထက်ဆီ သယ်ယူသွားခဲ့ပါတယ်။ ဟိုက်ဒရိုဂျင်သုံး မီးပုံးပျံနဲ့ ကောင်းကင်ထက် သုံးမိုင်အမြင့်ထိ တက်ရောက်ခဲ့ပါတယ်။ အေးမြ၊ ပါးလွှာတဲ့ လေထုရဲ့ အပေါ်ပိုင်းကို ရောက်ရှိတော့ ရေဒီယိုသတ္တိကြွမှုဟာ မြေပြင်ပေါ်မှာထက် ၂ ဆကျော် များပြားနေတာကို တွေ့ရှိခဲ့ရပါတယ်။ အဲဒီတော့ ရေဒီယိုသတ္တိကြွမှု ဟာ ကောင်းကင်ထက်ဆီက လာခဲ့တာပဲ ဖြစ်ရပါလိမ့်မယ်။ ဒါပေမယ့် မြေပြင် ပေါ်ကိုရောက်ရှိတော့ ဘာလို့များ ပြင်းအား လျော့ကျသွားခဲ့ရတာပါလိမ့်။ လေထု ကနေ စုပ်ယူလိုက်တာကြောင့် လို့ပဲ ဖြေဆိုရပါလိမ့်မယ်။

ဗစ်တာ ဟက်စ်၏ မီးပုံးပျံ ခရီးစဉ်

(၁၉၃၆ ခုနှစ်တွင် ရူပဗေဒ နိုဘယ်လ်ဆု ရရှိခဲ့သည်)

တချို့ ကတော့ အဲဒီ ရေဒီယိုသတ္တိကြွမှုဟာ နေရောင်ခြည်မှာ ပါဝင်တာလို့ ယူဆကြပါတယ်။ အဲဒီ သီအိုရီကို ဆန်းစစ်ဖို့အတွက် ဟက်စ်က နေကြပ်မယ့် အချိန်ကိုမှန်းဆပြီး နောက်တဖန် စမ်းသပ်ကြည့်ပြန်ပါတယ်။ ဒါပေမယ့်နေကြပ်တာကြောင့် ရေဒီယိုသတ္တိကြွနှုန်း ပြောင်းလဲမှု မရှိခဲ့ပါဘူး။ အဲဒါကို ပိုပြီး သေချာစေတာက ရေဒီယိုသတ္တိကြွမှုဟာ နေ့လယ်ဘက်နဲ့ ညဘက်မှာ အတူတူ ဖြစ်နေခြင်းပါပဲ။ အဲဒီတော့ ရေဒီယိုသတ္တိကြွမှုဟာ ကောင်းကင်ထက်ကနေ ရောက်ရှိလာခဲ့တာ မှန်ပေမယ့် နေရောင်ခြည်ကြောင့်တော့ မဟုတ်တန်ရာလို့ ကောက်ယူနိုင်ပါတယ်။ နေရဲ့ တိုက်လေသဖွယ် လှိုင်းတွေဟာ အဲဒီလောက် မြန်မြန်ဆန်ဆန် သွားရောက်နိုင်ခြင်း မရှိဘူးဆိုတာကို အဲဒီခေတ်တုန်းက မသိရှိခဲ့ကြပါဘူး။

အဲဒီတော့ အကျိုးအကြောင်း ဆက်စပ်ပုံ လွဲမှားတယ်ဆိုပေမယ့် ကောက်ချက်တော့ မှန်ကန်သွားတယ်လို့ ဆိုရမှာပါပဲ။ ဟက်စ် တယောက် ရှာဖွေတွေ့ ရှိခဲ့တာက စကြဝဠာတခွင် ပျံ့နှံ့နေတဲ့ ကော့စ်မစ် ဓာတ်ရောင်ခြည်တွေ ဖြစ်

ပါတယ်။ အဏုမြူ အက်တမ်ထက် သေးငယ်တဲ့အမှုန်တွေနဲ့ ဖွဲ့စည်းထားပြီး အလင်းနဲ့ အလျှင်နှုန်းနီးပါး မြန်ဆန်ပါတယ်။ ကမ္ဘာမြေကို လေထုကသာ အကာအကွယ်ပေးမထားခဲ့ဘူးဆိုရင် အဲဒီဓာတ်ရောင်ခြည်တွေနဲ့ ထိတွေ့ပြီး သက်ရှိတွေအားလုံး သေဆုံးကုန်မှာဖြစ်ပါတယ်။ တချို့သောကော့စ်မစ် ဓာတ်ရောင်ခြည်တွေမှာ သယ်ဆောင်လာတဲ့ စွမ်းအင်တွေဟာ ရိုင်ဖယ်သေနတ် ကနေ ပစ်လွှတ်လိုက်တဲ့ ကျည်ဆန်လိုပါပဲ။ အဲဒီ ကော့စ်မစ်ဓာတ်ရောင်ခြည်တွေရဲ့ မူလ အစကိုလေ့လာနိုင်ဖို့အတွက် ဆယ်စုနှစ်ချီပြီး အချိန်ယူရနိုင်သလို အင်မတန် လည်း အန္တရာယ်များလှပါတယ်။

သြစတြီးယားကောင်းကင်ယံမှာ ဟက်စ် ရှာဖွေတွေ့ ရှိခဲ့တဲ့ ကော့စ်မစ် ဓာတ်ရောင်ခြည်တွေကို သိပ္ပံပညာရှင်တွေ အင်မတန် စိတ်ဝင်စားခဲ့ကြပါတယ်။ ကမ္ဘာမြေပေါ်မှာ တွေ့ရှိရတဲ့ ရေဒီယိုသတ္တိကြွ ယူရေနီယမ်သတ္တုဟာ အက်တမ် အဏုမြူတွေ ပြိုကွဲခြင်းကနေ ဖြစ်ပေါ်လာခဲ့တာပါ။ ဒါပေမယ့် ရေဒီယိုသတ္တိကြွ ကော့စ်မစ်ဓာတ်ရောင်ခြည်တွေရဲ့ သဘော သဘာဝကတော့ ယူရေနီယမ်သတ္တု တွေနဲ့ လုံးဝ ကွဲပြားခြားနားလို့ နေပါတယ်။ ဟက်စ်တို့ သိရှိထားသမျှ စွမ်းအင် အမျိုးအစားတွေနဲ့ နှိုင်းယှဉ်ရင်လည်း အများကြီး ပိုမို အစွမ်းထက်လှပါတယ်။ အဲဒီ ကော့စ်မစ် ဓာတ်ရောင်ခြည်တွေ ဘယ်ကနေများ ထွက်ပေါ်လာပါလိမ့် ဆိုတာ သိပ္ပံပညာရှင်တွေကို ဆယ်စုနှစ် ၂ ခုကြာ ခေါင်းစားစေခဲ့ပါတယ်။ အဲဒီ အကြောင်း ကို ရှာဖွေတွေ့ရှိခဲ့သူကတော့ ဖရစ်ဇ် ဇဝစ်စကီ[258] ဆိုသူဖြစ်ပြီး စာဖတ်သူ လုံးဝ မ ကြားဖူးလောက်တဲ့ ပါရမီရှင်တဦး ဆိုပါတော့။



ပယ်လိုမာ နက္ခတ္တဗေဒ လေ့လာရေးစခန်း [259]ရှိ

ရှမစ်တယ်လီစကုပ်[260] နှင့် ဖရစ်ဇ် ဇဝစ်စကီ

၁၉၃၃ ခုနှစ်မှာ ဖရစ်ဇ်နဲ့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တို့ဟာ ကြယ်တာရာကနေ ရုတ်တရက် ထွက်ပေါ်လာတဲ့ အလင်းတန်းတွေကို တွေ့ မြင်ခဲ့ကြပြီး ဂလက်ဆီ တခွင် ပျံ့နှံ့ခဲ့သလို သီတင်းပတ် အတန်ကြာ ဆက်လက် ထွန်းလင်း တောက်ပနေကြောင်း လေ့လာတွေ့ ရှိခဲ့ကြပါတယ်။ ဘာဖြစ်သွားခဲ့တယ် ဆိုတဲ့အကြောင်းကို ပထမဦးဆုံး နားလည် သဘောပေါက်ခဲ့သူကတော့ ဖရစ်ဇ် ဇဝစ်စကီပဲ ဖြစ်ပါတယ်။ အင်မတန် ခမ်းနားလှတဲ့ ကြယ်တာရာတွေ အခုလိုနည်းနဲ့ သေဆုံး၊ ပျက်စီးသွားတာဖြစ်ကြောင်း သူက ကောက်ချက်ချခဲ့ပါတယ်။ အဲဒီနောက် အာကာသတခွင်ဆီ ပြင်းထန်လှတဲ့ကော့စ်မစ် ဓာတ်ရောင်ခြည်တွေ ပေါက်ကွဲ၊ ထုတ်လွှတ်လိုက်ပါတယ်။ အဲဒီလို ကြယ်တာရာတွေ ပေါက်ကွဲ၊ ပျက်စီးသွားပြီး ဓာတ်ရောင်ခြည်ပေါင်းများစွာ ထုတ်လွှတ်လိုက်တဲ့ ဖြစ်စဉ်ကို သူက ‘စူပါနိုဗာ’ လို့ အမည်ပေးခဲ့ပါတယ်။ သူ ကြိုတင်ခန့်မှန်းထားခဲ့သလိုပဲ ပေါက်ကွဲ၊ ပျက်စီး သွားတဲ့ ကြယ်တာရာဟာ မိုင်ပေါင်းသန်းနဲ့ချီတဲ့ အရွယ်အစားကနေ ဆယ်မိုင် ဝန်းကျင်ပဲ ကျန်ရစ်ခဲ့ပြီး သူ့ရဲ့ သိပ်သည်းဆဟာ အင်မတန် မြင့်မားတဲ့အတွက် သဲမှုန်တမှုန်စာလောက် ဆိုရင်ကို အီဂျစ်ပြည်က ဂရိတ်ပိရမစ်လောက်နီးနီး လေးလံနေမှာ ဖြစ်

ပါတယ်။ အက်တမ်အဏုမြူရဲ့ အတွင်းပိုင်းဟာ နယူထရွန် ဆိုတဲ့ အမှုန်တွေ အများစုနဲ့ ဖွဲ့စည်းထားတာပါ။ အဲဒါကြောင့်ပဲ အသစ်တွေ့ ရှိခဲ့တဲ့ အရာကို "နယူထရွန် ကြယ်တာရာ"လို့ သူက ကင်ပွန်းတပ်လိုက်ပါတယ်။ ဇဝစ်စကီ ခန့်မှန်းဟောကိန်းထုတ်ခဲ့ပြီးနောက် ၃၅ နှစ် ကုန်လွန်ပြီးတဲ့အခါမှာတော့ သူ ပြောသွားခဲ့တဲ့ နယူထရွန် ကြယ်တာရာတွေကို နက္ခတ္တဗေဒပညာရှင်တွေ စတင် တွေ့ရှိလာခဲ့ပါတော့တယ်။ အလွန် လျင်မြန်တဲ့နှုန်းထားနဲ့ လှည့်ပတ်နေပြီး ရေဒီယို စွမ်းအင်တွေ စည်းချက်မှန်မှန် ထွက်ပေါ်တဲ့ အဲဒီအရာကို "ပါလ်ဆာ" လို့လည်း ခေါ်ကြပါတယ်။ စူပါနိုဗာ ပေါက်ကွဲမှုတွေနဲ့ နယူထရွန် ကြယ်တာရာတွေဟာ ကော့စ်မစ်ခာတ်ရောင်ခြည်မျိုးစုံကို ထုတ်လွှတ်ပေးနေပါတယ်။ ဒါပေမယ့် စွမ်းအင် ပါဝင်မှု အမြင့်မားဆုံး အမျိုးအစားတော့ မပါရှိပါဘူး။

လူသားတို့ရဲ့ မသိ၊ နားမလည်ခဲ့တဲ့ အကြောင်းအရာပေါင်းများစွာကို လောက ဓာတ်သိပ္ပံပညာနဲ့ ပြေလည် စေခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် လောကဓာတ်သိပ္ပံ ပညာရပ်တွေအရ ဖွင့်ဆိုရှင်းပြနိုင်ခြင်း မရှိသေးတဲ့ အရာတွေ များစွာ ရှိပါသေးတယ်။ အဲဒီအတွက်လည်း ပညာရှင်တွေက စိုးရိမ်ပူပန်ခြင်း မရှိပါဘူး။ တကယ် တော့ မသိခြင်း ဆိုတာကြောင့်ပဲ သိရှိဖို့ စနစ်တကျ လေ့လာရင်း လောကဓာတ် သိပ္ပံပညာရယ်လို့ ပေါ်ထွန်းလာခဲ့တာ မဟုတ်လား။ သိပ္ပံပညာရှင်တွေအဖို့ အလုံးစုံ သိရှိပြီး ဖြစ်တယ်တို့၊ မိမိတို့မသိတာ ဘာမှမရှိဘူးတို့ စသဖြင့် ဟန်ဆောင်နေစရာ ဘာအကြောင်းမှလည်းမရှိပါဘူး။ မိမိ အမှန်တကယ် နားလည်၊ သိရှိမထားတာကို သိရှိနေသယောင်၊ စကြဝဠာ ကမ္ဘာလောကဆိုင်ရာ အဖြေတွေ အားလုံး ပိုင်ဆိုင် ထားသယောင် ဟန်ဆောင်၊ လိမ်ညာနေတာကပဲ တကယ်တမ်း ရှက်စရာ ဖြစ်ပါလိမ့်မယ်။

အဲဒီနောက် ဇဝစ်စကီ သိမြင်လာခဲ့တာက ဂလက်ဆီဝန်းကျင်မှာ အာကာသ တခွင်ကို လွှမ်းခြုံထားပြီး မှန်ဘီလူးသဘောမျိုး ပြုမူနေတယ် ဆိုတာပါပဲ။ အဲဒါကြောင့်ပဲ တခြား ဂလက်ဆီတွေကနေ ရောက်ရှိလာခဲ့တဲ့ အလင်းတွေ အလင်းယိုင်တာ၊ ပြန့်ကားတွေ ဖြစ်ပေါ်လေ့ရှိပြီး ကမ္ဘာမြေပေါ်က နက္ခတ္တဗေဒ ပညာရှင်တွေဟာ ဂလက်ဆီ တခုတည်းကို ပုံရိပ် အများအပြားအဖြစ် တွေ့ မြင်ရတာ ဖြစ်ပါတယ်။ အဲဒီသီအိုရီ ထွက်ပေါ်ခဲ့ပြီး နှစ်ပေါင်း ၄၀ အကြာမှာ ဂလက်ဆီတခု

တည်းရဲ့ ပုံရိပ် အများအပြားကို ကျွန်တော်တို့ စတင် တွေ့ရှိလာရပါတယ်။ အဲဒီနောက် ဇဝစ်စကီဟာ ၁၉၃၀ ပြည့်နှစ်နှောင်းပိုင်းတွေမှာ နောက်ထပ် လေ့လာတွေ့ရှိချက်တွေ ထပ်မံဖော်ထုတ်နိုင်ခဲ့ပြန်ပါတယ်။ ကိုမာဂလက်ဆီတွေအကြောင်း လေ့လာရင်း သူတို့ရဲ့ လှုပ်ရှားသွားလာပုံ ထူးဆန်းနေတာကို သူက သတိပြုမိခဲ့ပါ တယ်။ ဂလက်ဆီတွေဟာ လျင်မြန်တဲ့ နှုန်းထားနဲ့ အချင်းချင်း ဝေးရာဆီ လွင့်မျောထွက်နေတာ ဖြစ်ပါတယ်။ ဂလက်ဆီတွေကို အချင်းချင်း နှောင်တည်း ပေးမယ့် ဆွဲငင်အားရယ်လို့လည်း မရှိသလောက်ပါပဲ။ ဂလက်ဆီတွေကို ဆွဲငင် ထားစေမယ့် တစုံတရာ ရှိတော့ရှိရမယ်လို့ သူက ယူဆပါတယ်။ အဲဒီလို ဆွဲငင်နှောင်တည်းပေးမယ့် အရာဟာလည်း ကြယ်တာရာတွေထက် အဆပေါင်းများစွာ လေးလံသိပ်သည်းလိမ့်မယ်လို့ သူက ဆိုပါတယ်။ ဒါပေမယ့်သူ့ရဲ့ ခန့်မှန်းချက်ကို အဲဒီခေတ်မှာ ဘယ်သူကမှ အရေးတယူ မပြုခဲ့ကြပါဘူး။ စိတ်ကူးပေါက်ရာ ပြောနေတဲ့ ဇဝစ်စကီရဲ့ ဟောကိန်းတွေလို့ပဲ မှတ်ယူခဲ့ကြဟန် တူပါတယ်။

ကျွန်တော်တို့ နေအဖွဲ့ အစည်းမှာဆိုရင် အတွင်းပိုင်းအကျဆုံးဖြစ်တဲ့ မာကျူရီဂြိုဟ်ဟာ ဟိုးအပြင်ဘက်ဆုံးက နက်ပ်ကျွန်းဂြိုဟ်ထက် လည်ပတ်နှုန်း အများကြီး ပိုပြီး မြန်ဆန်ပါတယ်။ တွန်းကန်အားတွေ၊ ဆွဲငင်အားတွေ မြင့်မားရင် လည်ပတ်နှုန်း မြင့်မားတာ သဘာဝကျပါတယ်။ နေနဲ့ ပိုပြီး ဝေးကွာလာတဲ့ဂြိုဟ်တွေမှာ ဆွဲငင်အားလည်း လျော့နည်းလာတာကြောင့် လည်ပတ်နှုန်း နိမ့်ကျသွားတယ်ဆိုပါတော့။ အဲဒီတော့ ဂလက်ဆီ အတွင်း အပြင်ဘက် အကျဆုံး ကြယ်တာရာတွေလည်း အလားတူပြုမူကြလိမ့်မယ်ဆိုပြီး အားလုံးက ထင်မှတ်ထားကြပါတယ်။ ကြယ်တာရာ အများစုဟာ ဂလက်ဆီရဲ့ အလယ်ဗဟိုဝန်းကျင်မှာ တည်ရှိကြပြီး ဧရာမ ကြယ်တာရာကြီးတွေရဲ့ ဆွဲငင်အားဟာ နေကတခြားဂြိုဟ်တွေကို ဆွဲငင် သလိုမျိုး ရှိလိမ့်မယ်လို့ ယူဆသလိုမျိုးပေါ့။

ဒါပေမယ့် ၁၉၇၀ ပြည့်နှစ်တွေအတွင်း အန်ဒရိုမက်ဒါ ဂလက်ဆီကို နက္ခတ္တဗေဒ ပညာရှင် ဗီရာ ရူဘင်[261] လေ့လာ ကြည့်ရာမှာ ဂလက်ဆီရဲ့ အပြင်ဘက်အကျဆုံး ကြယ်တာရာတွေဟာ အဲဒီလိုနိယာမတွေကို မလိုက်နာကြဘူး ဆိုတာပါပဲ။ နေအဖွဲ့အစည်းအတွင်း အပြင်ဘက်အကျဆုံး ဂြိုဟ်တွေလိုမဟုတ်ပဲ ဂလက်ဆီအတွင်း အပြင်ဘက် အကျဆုံး ကြယ်တာရာတွေဟာ အတွင်းပိုင်းက

ကြယ်တာရာ တွေလိုပဲ တူညီတဲ့ အမြန်နှုန်းနဲ့ လည်ပတ် နေကြပါတယ်။ ကျွန်တော်တို့တွေးထင် ထားခဲ့သလို ခပ်နှေးနှေး လည်ပတ်ကြလိမ့်မယ်ဆိုတာ ထက် အများကြီး ပိုမို မြင့်မားတဲ့ အမြန်နှုန်းနဲ့ လှည့်ပတ်နေကြတာပါ။ အစပိုင်း တော့ဗီရာက "မဟုတ် သေးပါဘူး။ အန်ဒရိုမက်ဒါ ဂလက်ဆီက တခြား ဂလက်ဆီ တွေနဲ့မတူပဲထူးခြား နေတာ ဖြစ်ပါလိမ့်မယ်" လို့ တွေးထင် ခဲ့ပါသေးတယ်။ အဲဒီ တော့ နောက်ထပ် ဂလက်ဆီတခုကို ထပ်မံ လေ့လာ ကြည့်ပြန်ပါတယ်။ အလားတူ ရလဒ်ကိုပဲ တွေ့ရှိ ရပြန်ပါတယ်။ နောက်ထပ် ဂလက်ဆီတွေကို ထပ်မံ လေ့လာတော့လည်း ထိုနည်းလည်းကောင်းပါပဲ။ ဗီရာ လေ့လာကြည့်တဲ့ ဂ လက်ဆီပေါင်း ၆၀ မှာ အားလုံးဟာ ရူပဗေဒ ပညာရပ်ရဲ့ အခြေခံ ဆွဲငင်အား နိယာမကို ပြောင်ပြောင် တင်းတင်း ချိုးဖောက် နေကြပါတယ်။ သူမရဲ့ လုပ်ဖော်ကိုင်ဖက် ပညာရှင်တွေ ကလည်း အစပိုင်းမှာ ဗီရာရဲ့ တွေ့ရှိမှုကို သံသယ နဲ့ ချဉ်းကပ်ခဲ့ကြပေမယ့်နောက် ပိုင်းမှာတော့ သူမရဲ့ ကောက်ချက် မှန်ကန် ကြောင်း အတည်ပြုပေးခဲ့ကြပါတယ်။

နက္ခတ္တဗေဒ ပညာရှင် ဗီရာ ရူဘင်

(Archives and Special Collections, Vassar College Library)

ဒြပ်ထုတွေရဲ့ ဆွဲငင်အားအကြောင်း အိုင်းဇက်နယူတန်ရဲ့ ရှာဖွေတွေ့ရှိမှုက မှားယွင်းတာ မဟုတ်ပါဘူး။ ဗီရာရဲ့ ခန့်မှန်းချက်အရ မျက်စိနဲ့ မြင်တွေ့နိုင်ခြင်း မရှိတဲ့ တစုံတရာရဲ့ ပယောဂကြောင့် ဒြပ်ထုတို့ရဲ့ ဆွဲငင်အားကို လွန်ဆန်ပြီး အမြန်နှုန်းတွေ မြင့်တက်နေကြတာ ဖြစ်ပါတယ်။ ရှိသင့် ရှိထိုက်တဲ့ ဆွဲငင်အား နိယာမတွေကို လွန်ဆန်ပြီး ပိုမို မြန်ဆန်တဲ့ နှုန်းထားတွေနဲ့ လှည့်ပတ်နေကြ တယ်လို့ပါ။ အဲဒီနောက်မှာတော့ ဟိုတချိန်က ဖရစ်ဇ်ဇဝစ်စကီ ခန့်မှန်း ဟောကိန်း ထုတ်သွားခဲ့တဲ့ သီအိုရီကို တစုံတယောက်က သတိပြုမိသွားခဲ့ပါတယ်။ ဂလက်ဆီ တွေအတွင်း ကြယ်တာရာတွေရဲ့ လှည့်ပတ်နှုန်းကို သက်ရောက်မှု ဖြစ်စေတဲ့ အရာနဲ့ ပတ်သက်ပြီး ဇဝစ်စကီက အမှောင်ဒြပ် (Dark Matter) လို့ ခေါ်ဆိုခဲ့ပါ တယ်။

ကျွန်တော်တို့ ရှာဖွေ သိရှိထားတာထက် ပိုမို ခမ်းနားတဲ့ စကြဝဠာကို ဗီရာရူဘင်က ထပ်မံ အတည်ပြုပေးခဲ့ပါတယ်။ ကျွန်တော်တို့သိရှိထားပြီး ဖြစ်တယ်လို့ ယူဆထားတဲ့ အကြောင်းအရာတွေမှာတောင် ဆန်းကြယ်မှုတွေ အတိနဲ့ပါပဲ။ အဲဒီ အမှောင်ဒြပ်ဟာ ကြယ်တာရာတွေအပေါ် ဆွဲငင်အားအရ သက်ရောက်မှု ရှိတယ်ဆိုတာကလွဲပြီး တခြားနည်းလမ်းတွေနဲ့ ရှာဖွေနိုင်ခြင်း မရှိပါဘူး။ အဲဒီ အမှောင်ဒြပ်ကြောင့်ပဲ မမြင်နိုင်တဲ့ ကြယ်တာရာတွေ ပေါ်ထွက်လာသလို ဂလက်ဆီတွေကိုလည်း လျှင်မြန်တဲ့နှုန်းထားနဲ့ လည်ပတ်နေစေပါတယ်။ သဘာဝတရားရဲ့ ခမ်းနားဆန်းကြယ်မှု နောက်တမျိုး ဆိုပါတော့။ ရူဘင်ရဲ့ အားထုတ်မှုကြောင့် ကျွန်တော်တို့ သိရှိပြီး ဖြစ်တယ်လို့ မှတ်ယူခဲ့တဲ့ စကြဝဠာထက် ၁၀ ဆနီးပါး ပိုမို ကြီးမားတဲ့ စကြဝဠာကို ကျွန်တော်တို့ ထပ်မံ လေ့လာနိုင်ခဲ့ကြပါတယ်။ ကျွန်တော် တို့အဖြစ်ဟာ ညဥ့်အချိန်မှာ ပင်လယ်ကမ်းစပ် အနီး ရပ်ကြည့်နေရာက မြင်ရတဲ့ လှိုင်းခေါင်းဖြူလေးတွေကို ပင်လယ်ပြင်ပဲရယ်လို့ ကောက်ချက်ချသူနဲ့တောင် ဆင်တူနေပါသေးတယ်။ ဗီရာကတော့ အဲဒါတွေကို ရေစပ်ကလှိုင်းခေါင်းဖြူတွေ မှန်း သတိပြုမိခဲ့ပြီး လူသားတွေ မသိ၊ နားမလည်နိုင်သေးတဲ့ လျှို့ဝှက်ဆန်းကြယ်ခြင်းတွေ ပင်လယ်သမုဒ္ဒရာအတွင်း တည်ရှိ နေသေးကြောင်း နားလည်ထားသူ ဖြစ်ပါတယ်။

အနာဂတ်မှာ ကြယ်တာရာတွေ၊ ဂြိုဟ်တွေအဖြစ် ပေါ်ထွက်လာမယ့် ဒြပ်မှုန် တွေ၊ ဓာတ်ငွေ့ တွေရယ် ပေါင်းစပ်ထားပြီး ကြယ်တာရာ အရေအတွက် ဘီလျံ

ပေါင်းရာဂဏန်းရှိတဲ့ ကျွန်တော်တို့ရဲ့ နဂါးငွေ့တန်း ဂလက်ဆီရယ်၊ တခြားသော ဂလက်ဆီပေါင်း ဘီလျံ ရာဂဏန်းရယ်၊ မရေမတွက်နိုင်အောင် များပြားလှတဲ့ ဂြိုဟ်တွေ၊ ဂြိုဟ်ရံလတွေ၊ ကြယ်တံခွန်တွေ ထရီလျံပေါင်း များစွာရယ် အားလုံး ပေါင်းစပ်လိုက်ရင်တောင် အမှန်တကယ် တည်ရှိနေတဲ့ ပကတိ စကြဝဠာရဲ့ ၅ ရာခိုင်နှုန်းလောက်ပဲ နေရာယူပါလိမ့်မယ်။ နောက်ထပ် လေ့လာနေဆဲဖြစ်တဲ့ အ မှောင်ဒြပ်နဲ့ အမှောင်စွမ်းအင်တွေကြောင့် စကြဝဠာဟာ သူ့ရဲ့ ပြန့်ကားမှုကို ဆက်လက် မောင်းနှင်နေပြီး ဆန်းကြယ်ခမ်းနားမှု အတိပြီးလို့ နေပါတယ်။ အဲဒီလို အမှောင်အတိပြီးတဲ့ စကြဝဠာမှာ ဖရစ်ဇ်ဇဝစ်စကီရဲ့ စူပါနိုဗာ ပေါက်ကွဲမှုတွေ ဖြစ် တည်မှုကို လှစ်ဟပြသနေသယောင် အလင်းတန်းတို့နဲ့ ကွန့်မြူးလို့ နေပါတော့ တယ်။

တကယ်လို့ ကြယ်တာရာတစင်းဟာ အဏုမြူ လောင်စာတွေ အားလုံးကို စုပ်ယူလိုက်ပြီး သူ့ရဲ့ ဆွဲငင်အားနဲ့ ပြန်လည် ပျက်စီးသွားခဲ့မယ်ဆိုရင် အင်မတန် ကြီးမားတဲ့ ပေါက်ကွဲမှုကြီးနဲ့အတူ နယူထရွန် ကြယ်တာရာ သို့မဟုတ် တွင်းနက် ကြီးအဖြစ် ကျန်ရစ်ခဲ့မှာ ဖြစ်ပါတယ်။ ကြယ်တာရာ အရွယ်အစားအလိုက် စူပါ ပေါက်ကွဲမှုတွေ ကွဲပြားမှာ ဖြစ်သလို ထွန်းလင်းတောက်ပမှုလည်း ကွာခြားပါလိမ့် မယ်။ နောက်ပြီး ကြယ်တာရာရဲ့ အရောင်တွေ၊ အလင်းတန်းတွေကို ကြည့်ရှုပြီး တော့လည်း အကွာအဝေး ဘယ်လောက်မှာ တည်ရှိလိမ့်မယ်လို့ ပြောဆိုမရနိုင်ပါ ဘူး။ အနီးဝန်းကျင်မှာ ပေါက်ကွဲတဲ့ စူပါနိုဗာဆိုရင် ဟိုးအဝေးကြီးက ပိုမို ပြင်းထန် တဲ့ ပေါက်ကွဲမှုထက် ပိုပြီး လင်းလက်တောက်ပနေမှာပါပဲ။

ပေါက်ကွဲမှု အမျိုးအစား တခုနဲ့ ပျက်စီးသွားတဲ့ စူပါနိုဗာတမျိုးလည်း ရှိပါ သေးတယ်။ အင်မတန် ကြီးမားတဲ့ ကြယ်တာရာနဲ့ အရွယ်အစား ခပ်သေးသေး ရှိ တဲ့ အပေါင်းအဖော် ကြယ်တာရာတို့ရဲ့ အတူယှဉ်တွဲ ကခုန်ခြင်း တမျိုးပဲ ဆိုပါ တော့။ အဲဒီ ကြယ်တာရာ နှစ်လုံးဟာ အချင်းချင်း လှည့်ပတ်နေတာကြောင့် ကြယ်တာရာအကြီးရဲ့ အပြင်ဘက်ပိုင်းက ဓာတ်ငွေ့ တွေဟာ ကြယ်တာရာ အငယ်ဆီကို စီးဆင်းသွားပါတယ်။ ကြယ်တာရာ အငယ်အနေနဲ့ လက်ခံနိုင်တဲ့ ဒြပ် ထက် ပိုမို များပြားတဲ့ ပမာဏကို ရောက်ရှိချိန်မှာတော့ ရောမ အဏုမြူ ဗုံးတလုံး လို ပေါက်ကွဲထွက်သွားပါတော့တယ်။ အဲဒီလို ကြယ်တာရာ နှစ်လုံးရဲ့ ပယောဂ

ကြောင့် စူပါနိုဗာအဖြစ် ပေါက်ကွဲထွက်သွားခဲ့တယ်ဆိုရင် ထွက်ပေါ် လာတဲ့ အလင်းတန်းတွေဟာ ဂလက်ဆီတခွင်က ကြယ်တာရာတွေ စုစုပေါင်းရဲ့ အလင်းတွေထက် ပိုမို ထွန်းလင်းတောက်ပနေပါလိမ့်မယ်။ အဲဒီ ကြယ်တာရာ နှစ်လုံးရဲ့ ပေါက်ကွဲမှုဟာ ဘယ်လောက်တောင် ပြင်းထန်သလဲဆိုရင် ကျွန်တော် တို့ တွေ့မြင်နေရတဲ့ နေမင်းရဲ့ တောက်ပမှုထက် အဆပေါင်း ၅ ဘီလျံ ပိုမိုတဲ့ အထိပါပဲ။ အင်မတန် ကြီးမားတဲ့ တယ်လီစကုပ်တွေနဲ့ ဆိုရင် စကြဝဠာအတွင်း အင်မတန် ဝေးကွာတဲ့ ဂလက်ဆီတွေထဲက စူပါနိုဗာတွေကို တွေ့ မြင်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ပေါက်ကွဲထွက်တဲ့ စူပါနိုဗာတွေရဲ့ အလင်းတန်းကြောင့်ပဲ စကြဝဠာအတွင်း ဘယ်လောက်ဝေးကွာတယ် ဆိုတာကို တိုင်းတာနိုင်ခဲ့ပါတယ်။ အဲဒီလိုတိုင်းတာနိုင်လို့ပဲ သူတို့ကိုစံပြုအလင်းတိုင်[262] တွေလို့ ကျွန်တော်တို့ခေါ်ဆို ကြပါတယ်။

၁၉၂၉ ခုနှစ်မှာ အက်ဒွင် ဟက်ဘယ်လ်[263] က စကြဝဠာရဲ့ ပြန့်ကားမှုကို စတင်တွေ့ရှိခဲ့ပါတယ်။ ဂလက်ဆီတွေဟာ အချင်းချင်း ဝေးရာကိုလွင့်မျောထွက်နေကြတာ ဖြစ်ပါတယ်။ အဲဒီလို ပြန့်ကားထွက်နေခဲ့တာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၄ ဘီလျံတည်းကဆိုတာ နောက်ပိုင်း ကျွန်တော်တို့ သိရှိလာခဲ့ရပါတယ်။ လက်ရှိ စကြဝဠာကြီးကို ဖြစ်တည်စေခဲ့တဲ့ ကနဦး ဖြစ်ရပ် မဟာပေါက်ကွဲမှုကြီး ဆိုပါတော့။ စကြဝဠာရဲ့ ပြန့်ကားမှုဟာ ပါဝင်ဖွဲ့စည်းထားတဲ့ ဒြပ်တွေရဲ့ အပြန်အလှန် ဆွဲငင်မှုကြောင့် အချိန်ကြာလာတာနဲ့အမျှ အရှိန်လျော့သွားလိမ့်မယ်လို့ အားလုံး ကယူဆထားကြပါတယ်။ တကယ်လို့သာ အမှောင်ဒြပ်တွေ အများအပြားတည်ရှိခဲ့မယ်ဆိုရင် ပြန့်ကားမှုတွေကို အဆုံးတိုင် ရပ်တန့်နိုင်လိမ့်မယ်လို့တောင် တွေးထင်ကြတာပါ။ အဲဒီအခါမှာဆိုရင်တော့ အင်မတန် သိပ်သည်းတဲ့ ဖိအားမျိုးနဲ့ ကျုံ့ဝင်သွားပါလိမ့်မယ်။ ဒါပေမယ့် စကြဝဠာထဲမှာ အမှောင်ဒြပ် အလုံအလောက် မရှိခဲ့ဘူးဆိုရင်တော့ ပြန့်ကားမှုဟာ အဆုံးမရှိ ဆက်လက် ဖြစ်ပွားနေပြီး အချိန် ကြာလာခဲ့ရင်တော့ အရှိန်လျော့သွားနိုင်စရာ ရှိပါတယ်။

ဟိုးအဝေးက ဂလက်ဆီတွေရဲ့ စူပါနိုဗာ ပေါက်ကွဲမှုတွေကို နက္ခတ္တဗေဒ သုတေသနအဖွဲ့ နှစ်ဖွဲ့တို့လေ့လာခဲ့ကြပါတယ်။ အဲဒီမှာ အဖွဲ့နှစ်ဖွဲ့လုံးရဲ့ သီးခြားဆောင်ရွက်ခဲ့တဲ့ လေ့လာမှုတွေကနေ တူညီတဲ့ကောက်ချက်ဆွဲမှုတွေ ချနိုင်ခဲ့ပြီး စကြဝဠာရဲ့ ပြန့်ကားမှုဟာ အရှိန်လျော့သွားတယ်လို့ မရှိခဲ့ပဲ တိုးပြီး အရှိန်မြင့်

တက်နေတာကို တွေ့ရှိခဲ့ကြပါတယ်။ အဲဒီအတိုင်းဆိုရင်တော့ စကြဝဠာဟာအဆုံးမရှိ ဆက်လက်ပြန့်ကားနေမယ့် သဘောပါပဲ။ တကယ်လို့ စကြဝဠာအတွင်း ကလျှို့ဝှက်ဆန်းကြယ်လှတဲ့ ဆွဲငင်အား တစုံတရာကြောင့် ပြန့်ကားမှုကို ဆက်လက်ဖြစ်ပေါ်စေမယ်ဆိုရင် စကြဝဠာရဲ့ ပြန့်ကားမှုဟာ အဲဒီအရာအပေါ် မူတည်လို့ နေပါလိမ့်မယ်။ အဲဒါကိုပဲ အမှောင်စွမ်းအင် [264]လို့ ကျွန်တော်တို့ ခေါ်ဆိုကြပါတယ်။ အမှောင်ဒြပ် ဆိုတာလိုပဲ ကျွန်တော်တို့မသိရှိသေးတဲ့ အကြောင်းအရာဖြစ်တာကြောင့် အမှောင်စွမ်းအင်လို့ခေါ်ဆိုကြတာပါ။ လောကဓာတ်သိပ္ပံပညာရပ်တွေမှာ ဖြစ်ကြောင်းကုန်စဉ်ကို မသိရှိသေးလို့ ဘာမှ မဖြစ်ပါဘူး။ မှားသွားနိုင်တဲ့ ဖွင့်ဆိုရှင်းပြချက်တွေကို လက်ခံတာထက် ကျွန်တော်တို့ မသိသေးကြောင်း ရိုးရိုးသားသား ဝန်ခံလိုက်တာ ပိုမို သင့်တော်ပါတယ်။ အရာ အားလုံးကို သိရှိသွားပြီ၊ မသိတာ မရှိတော့ဘူးလို့ ဟန်ဆောင်လိုက်ရင် ထပ်မံလေ့လာနိုင်မှုတွေကို တံခါးပိတ်လိုက်သလို ဖြစ်သွားပါလိမ့်မယ်။

ဒီကနေ့မှာဆိုရင် ကျွန်တော်တို့ရဲ့ လေ့သဘော်ာတွေဟာ ပိုမို ဆန်းပြားတဲ့ ရေပြင်ကျယ်ဆီ ခုတ်မောင်းလို့ နေပါတယ်။ အပြောကျယ်လှတဲ့ ကြယ်တာရာတွေအကြား အကွာအဝေးကို ဖြတ်သန်းပြီး ခုတ်မောင်းသွားလာနေတဲ့ လေ့သဘော်ာ နှစ်စင်း ရှိပါတယ်။ လူသားတို့ရဲ့ သမိုင်းတလျှောက် အဝေးကွာဆုံးခရီးကို ဖြတ်သန်းနေကြပြီး သူတို့ကို ၁၉၇၇ ခုနှစ်မှာ လွှတ်တင်ခဲ့တာပါ။ နာဆာအဖွဲ့ရဲ့ ဗွိုင်ယေဂျာ အမှတ် ၁ နဲ့ အမှတ် ၂ တို့ပါပဲ။ ဗွိုင်ယေဂျာ အာကာသ စူးစမ်းလေ့လာရေးယာဉ်တွေဟာ တနာရီကို မိုင်ပေါင်း ၄၀,၀၀၀ ဝန်းကျင် ခရီးနှင်နိုင်စွမ်း ရှိပါတယ်။ အဲဒီ လေ့လာရေးယာဉ်တွေကနေ ရိုက်ကူးပေးပို့ခဲ့တဲ့ အချက်အလက်တွေကြောင့်ပဲ ဂျူပီတာဂြိုဟ်ရဲ့ အလယ်ဗဟိုက အနီရောင်စက်ဝိုင်းကြီးအကြောင်း အဖြစ်မှန်ကို ကျွန်တော်တို့ သိမြင်ခွင့်ရခဲ့ပါတယ်။ ကမ္ဘာမြေထက် ၃ ဆဝန်းကျင် အရွယ်အစားရှိတဲ့ မုန်တိုင်းကြီး တိုက်ခတ်နေတာဖြစ်ပြီး ပထမဦးဆုံး စတင် တွေ့မြင်ခဲ့တဲ့ ၁၆၄၄ ခုနှစ်တည်းက တိုက်ခတ်နေတာလို့ မှတ်ယူရပါတယ်။ နောက်ထပ်လည်း နှစ်ပေါင်းထောင်နဲ့ချီပြီး တိုက်ခတ်နေနိုင်ပါတယ်။

ဗွိုင်ယေဂျာ အာကာသယာဉ်တွေကြောင့် ဂျူပီတာရဲ့ ဂြိုဟ်ရံလ အိုင်ယို[265] ပေါ်မှာ သက်ဝင်လှုပ်ရှားနေတဲ့ မီးတောင်တည်ရှိကြောင်းလည်း ကျွန်တော်တို့

သိရှိခဲ့ရ ပါတယ်။ နောက်ထပ် ဂြိုဟ်ရံလတစင်းဖြစ်တဲ့ ယူရိုပါ[266] ပေါ်မှာလည်း အပေါ်ယံမျက်နှာပြင်မှာ ရေခဲတွေ ဖုံးလွှမ်းနေပေမယ့် အတွင်းပိုင်းမှာတော့ ကမ္ဘာမြေပေါ်က ရေထု ပမာဏထက် နှစ်ဆလောက် များပြားတဲ့ ရေပြင်တွေ ရှိနေကြောင်း ကျွန်တော်တို့ သိရှိခွင့်ရခဲ့ပြန်ပါတယ်။ စေတန်ဂြိုဟ်အနီးကို ဖြတ်သန်းသွားတဲ့နောက် ဝန်းရံနေတဲ့ အဝိုင်းတွေဟာ ရေခဲစိုင်တွေ လှည့်ပတ် နေတာဖြစ်ကြောင်း သိလာရပါတယ်။ စေတန်ရဲ့ ဂြိုဟ်ရံလ တိုင်တန်[267] ပေါ်မှာတော့ ကမ္ဘာမြေထက် ၄ ဆလောက် သိပ်သည်းတဲ့လေထု ဖြစ်တည်ကြောင်း သိရှိခွင့်ရခဲ့သလို တိုက်တန်ပေါ်မှာ ဟိုက်ဒရိုကာဗွန်ဓာတ်နဲ့ ဖွဲ့စည်းထားတဲ့ သဘာဝဓာတ်ငွေ့ရေကန်ကြီးတွေ ဖြစ်တည်နိုင်ကြောင်းလည်း သဲလွန်စ ရရှိခဲ့ပါတယ်။

ဗွိုင်ယေဂျာ အမှတ် ၂ ကတော့ နက်ပ်ကျွန်းဂြိုဟ်ရဲ့ အပြင်ဘက်ပုံရိပ်တွေကို ထင်ရှားပြတ်သားစွာ ရိုက်ကူး ပေးပို့နိုင်ခဲ့ပါတယ်။ နက်ပ်ကျွန်းဂြိုဟ်ပေါ်မှာ လေတိုက်နှုန်းဟာ တနာရီကို မိုင်ပေါင်းထောင်နဲ့ချီတဲ့အထိ ပြင်းထန်လှပြီး သူ့ရဲ့ ဂြိုဟ်ရံလ ထရိုင်တန်[268] ပေါ်မှာတော့ အမြင့် ၅ မိုင်အထိ ပြင်းထန်တဲ့ နိုက်ထရိုဂျင် အရည်တွေ အရှိန်နဲ့ ပန်းထွက်နေတာကို တွေ့ မြင်ခွင့်ရခဲ့ပါတယ်။ ဗွိုင်ယေဂျာ အာကာသယာဉ်တွေဟာ အနီးဝန်းကျင်က ဂြိုဟ်တွေအကြောင်း လေ့လာမှုကို အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့ပြီး ဖြစ်ပေမယ့် မဆုံးနိုင်လှတဲ့ အာကာသ ခရီးရှည်ကိုတော့ အခုမှပဲ စတင် ထွက်ခွာရတာပါ။

လွှတ်တင်ခဲ့အပြီး ၃၅ နှစ်အကြာမှာ ဗွိုင်ယေဂျာ အမှတ် ၁ ဟာ ဘယ်တုန်းကမှ မရောက်ရှိဖူးသေးတဲ့ အာကာသနယ်ပယ်အတွင်း ချဉ်းနင်းဝင်ရောက်လာနိုင်ခဲ့ပါပြီ။ နေအဖွဲ့အစည်းက နေမင်း ဟာ လျှပ်စစ်ဓာတ် အတိပြီးတဲ့ အမှုန်တွေကို တနာရီ မိုင်ပေါင်းသန်းဂဏန်းအရှိန်နဲ့ လားရာအနှံ့ဆီ တရစပ် ထုတ်လွှတ်ပေးနေပါတယ်။ အဲဒါကို နေရဲ့ တိုက်လေတွေလို့ ခေါ်ဆိုကြပြီး လျှပ်စစ်သံလိုက်စက်ကွင်း တွေကို တွန်းတိုက်မိပြီး နေအဖွဲ့အစည်းရဲ့ အဝန်းအဝိုင်းအစွန်းအဖျားက ဂြိုဟ်တွေအထိ သက်ရောက်မှု ရှိစေပါတယ်။ ကြယ်တာရာတွေအကြား အာကာသတခွင်ရဲ့ ပါးလွှာတဲ့ဓာတ်ငွေ့တွေကိုပါ တွန်းထုတ်ပစ်ပါတယ်။ အဲဒီနောက်မှာတော့ ကြယ်တာရာတလုံးရဲ့ ပိုင်နက်နယ်ပယ် ကျော်လွန်သွားပြီး နောက်တလုံးရဲ့ ပိုင်နက်နယ်ပယ် စတင်ပါ တော့တယ်။

မကြာသေးခင်တုန်းကပဲ ဗွိုင်ယေဂျာ အမှတ် ၁ ဟာ ကော့စ်မစ် ဓာတ်ရောင်ခြည်တွေရဲ့ စနက်ကြောင့် သူ့ရဲ့ ထောက်လှမ်းရေး ကိရိယာတွေ နှောင့်ယှက် ခံနေရကြောင်း သတင်းပေးပို့ခဲ့ပါတယ်။ ကြယ်တာရာတွေအကြား အာကာသ ဟင်းလင်းပြင် သမုဒ္ဒရာဟာ ဘယ်နေရာမှာ စတင်ကြောင်း အရင်က ကျွန်တော်တို့ မသိရှိရခဲ့ပါဘူး။ ဗွိုင်ယေဂျာ အမှတ် ၁ ရဲ့ ခရီးစဉ်ကြောင့်ပဲ ဟိုအရင် ဘယ်တုန်းကမှ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိသေးတဲ့ နယ်ပယ်ထဲဆီ ကျွန်တော်တို့ တိုးဝင်နိုင်ခဲ့ကြပါတယ်။ နေရဲ့ တိုက်လေတွေဝန်းရံထားတဲ့ နေအဖွဲ့ အစည်း တည်ရှိရာ အရပ်မှာ ကော့စ်မစ် ဓာတ်ရောင်ခြည် အများစုကို အဲဒီ အဝန်းအဝိုင်းက ကာရံပေးထားတာ ဖြစ်ပါတယ်။ နေရဲ့ တိုက်လေတွေ တိုက်ခတ်တဲ့အခါ အဲဒီ အကာအကွယ်ပေးနိုင်တဲ့ နယ်ပယ်လည်း ကျယ်ဝန်းလာပါတယ်။ တည်ငြိမ်သွားတဲ့ နေရာမှာတော့ အကာအကွယ်ပေးနိုင်စွမ်း လျော့ပါးသွားပါတယ်။

တကယ်လို့သာ အနီးပတ်ဝန်းကျင်က ကြယ်တာရာတလုံးလုံး စူပါနိုဗာ ပေါက်ကွဲမှု ဖြစ်ပေါ်ပြီး နေရဲ့ တိုက်လေတွေနဲ့ လွှမ်းခြုံထားတဲ့ နယ်ပယ်ကို နေဘက်ဆီ ပြန်လည် တွန်းပို့လိုက်မယ်ဆိုရင် (အထူးသဖြင့် ကမ္ဘာနဲ့ ဂြိုဟ်ပတ် လမ်းတွေကို ကျော်လွန်းပြီး တွန်းပို့နိုင်အောင် အင်အားပြင်းထန်ခဲ့မယ်ဆိုရင်) စူပါနိုဗာ ပေါက်ကွဲမှုကနေ ထွက်ပေါ်လာတဲ့ဓာတ်ရောင်ခြည်တွေနဲ့ ဒြပ်မှုန်တွေ ကြောင့် ကျွန်တော်တို့ ကမ္ဘာမြေဟာ မီးကင်ခံလိုက်ရသလို နေပါလိမ့်မယ်။ ကံကောင်းထောက်မစွာပဲ ဆိုပါစို့၊ အဲဒီလို ဖြစ်ရပ်တွေ မကြာခဏ ဖြစ်ပွားလေ့တော့ မရှိပါဘူး။ နောက်ဆုံး ဖြစ်ပွားခဲ့တဲ့ စူပါနိုဗာ ပေါက်ကွဲမှုဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂ သန်း ဝန်းကျင်တုန်းကပါ။ အနီးဝန်းကျင်မှာ ပေါက်ကွဲခဲ့တဲ့ကြယ်တာရာတောင် လွန်ခဲ့တဲ့ နှစ် ၁ သန်းလောက်က ဖြစ်တာကြောင့် လူသားတွေရယ်လို့ မပေါ် ပေါက်သေးပါဘူး။ အခု ပြောဆိုနေတဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ ဘယ်လိုများ သိရှိခဲ့ကြတာပါလိမ့်။

လောင်စာကုန်ခမ်းပြီး ပေါက်ကွဲခါနီးကြယ်တာရာဟာ သူ့ရဲ့ သဲလွန်စတွေကို သမုဒ္ဒရာ မျက်နှာပြင်အောက် မိုင်ပေါင်းများစွာအနက်မှာ သိမ်းဆည်း၊ လျှို့ဝှက်ထားခဲ့ကြပါတယ်။ မန်းဂနိစ်ဓာတ်ပါဝင်တဲ့ ကျောက်တုံးလေးတွေဟာ ပင်လယ်ကြမ်းပြင်မှာ ပြန့်ကျဲနေပြီး အင်မတန် နှေးကွေးတဲ့နှုန်းထားနဲ့ ကြီးထွားနေပါ

တယ်။ ဘယ်လောက်တောင် နှေးကွေးသလဲဆိုရင် နှစ်ပေါင်းသန်းနဲ့ချီမှ ၁ မီလီမီတာ လောက်ပါ။ အဲဒီလို မန်းဂနိစ်ကျောက်တုံးလေးတွေကို ပင်လယ်ကြမ်းပြင် တွေဆီမှာ အလွှာလိုက် တွေ့ ရတတ်ပါတယ်။ အဲဒီ မန်းဂနိစ် ကျောက်တုံးငယ် တွေနဲ့အတူ ပင်လယ်ရေငန်မှာ ပျော်ဝင်နေတဲ့ ဓာတ်သတ္တုတွေ ရောနှောပြီး ဘက်တီးရီးယားတွေလည်း ပွားများလာပါတယ်။ စူပါနိုဗာ ပေါက်ကွဲမှု ကနေ သံဓာတ်ကို ရေဒီယိုသတ္တိကြွ အသွင်တမျိုးနဲ့ ထုတ်လုပ်ပေးတာကြောင့် ကမ္ဘာမြေပေါ်မှာ သဘာဝအလျောက် ဖြစ်ပွားတာမျိုးနဲ့ လုံးဝ ကွဲပြားလို့ နေပါ တယ်။ အဲဒီလိုသံသတ္တုတွေကို ခုနပြောတဲ့ မန်းဂနိစ်ကျောက်တုံးလွှာတွေရဲ့ အောက်မှာ တွေ့ရှိရတယ်လို့ ပညာရှင်တွေက ဆိုပါတယ်။ အဲဒီတော့ မန်းဂနိစ် ကျောက်တုံးငယ်တွေရဲ့ ကြီးထွားမှုနှုန်းထားနဲ့ ပြန်လည် တွက်ချက် ကြည့်တဲ့အခါ မှာ လွန်ခဲ့တဲ့ နှစ်သန်းပေါင်းများစွာက ပေါက်ကွဲပျက်စီးသွားခဲ့တဲ့ ကြယ်တာရာ တွေရဲ့ ကံကြမ္မာ ကို ဆက်စပ်ကြည့်နိုင်ပြီ ဖြစ်ပါတယ်။ ဘယ်လိုမှ ထူးခြားမှုမရှိတဲ့ ကျောက်စရစ်ခဲ လို အရာကို လေ့လာ ဆန်းစစ်ရင်း အတွင်းပိုင်းမှာ နစ်မြုပ်နေတဲ့ စကြဝဠာရဲ့ သမိုင်းကို ဖတ်ရှုနိုင်ခြင်းဟာ လောကဓာတ်သိပ္ပံပညာပဲ ဖြစ်ပါတယ်။

ကြယ်တာရာတွေအကြား ပိုင်းခြားထားတဲ့ အာကာသ သမုဒ္ဒရာဟာ အင်မတန် နက်ရှိုင်းသလို အမှောင် အတိပြီးလို့ နေပါတယ်။ အခု အနီးဝန်းကျင်မှာ တော့ နေမင်းဟာ အတောက်ပဆုံး ကြယ်တာရာလို့ ဆိုနိုင်ပါတယ်။ ဗွိုင်ယေဂျာ အာကာသယာဉ်ဟာ နာဆာ ဆက်သွယ်ရေးစခန်းနဲ့ အမြဲတမ်း သတင်းပေးပို့ နေ ပြီး ကမ္ဘာနဲ့ အကွာအဝေးဟာ အလင်းရဲ့ နာရီပိုင်း ခရီး ဖြစ်ပါတယ်။ လူသား တွေ ရဲ့ ကာယအား၊ ဉာဏအား နဲ့ ဖန်တီးထားတဲ့ ဘယ်လိုအရာဝတ္ထုမျိုးမှ ဒီလောက် ဝေးကွာတဲ့ အရပ်ဆီ မရောက် ခဲ့ဖူးပါဘူး။ နာဆာကနေ ပေးပို့စေခိုင်းတဲ့ အမိန့်ပေး မှုတွေကို လက်ခံနိုင်စွမ်း မရှိတော့တဲ့ အခြေအနေမျိုး ရောက်ရှိသွားခဲ့ရင်တောင် ဗွိုင်ယေဂျာ အာကာသ ယာဉ်တွေဟာ သူတို့ရဲ့ အဆုံးမရှိတဲ့ ခရီးကြမ်းကို အပြင်း နှင်နေဦးမှာပါပဲ။

၁၉၇၉ ခုနှစ်မှာ ဂျူပီတာဂြိုဟ်ကို ဗွိုင်ယေဂျာ အာကာသယာဉ်တွေ တပတ် ပတ်လေ့လာတော့ အင်မတန် ပြင်းထန်လှတဲ့ ဆွဲငင်အားကို အသုံးပြုပြီး ကျွန်တော်တို့ ဂလက်ဆီအတွင်းက ကြယ်တာရာတွေကို လေ့လာနိုင်ဖို့ နေအဖွဲ့

အစည်းရဲ့ အပြင်ဘက်ထိ ရောက်ရှိအောင် လောက်လွှဲပစ်သလို အရှိန်ယူသွားနိုင်ခဲ့ပါတယ်။ အဲဒီ ဗွိုင်ယေဂျာ အာကာသယာဉ်နှစ်စင်းဟာ အဆုံးမရှိတဲ့ တစုံတရာဆီကို လေ့လာခွင့်ရဖို့ ဝင်ခွင့်လက်မှတ် ၂ စောင် ဖြစ်တယ်လို့ ကားလ် ဆေဂင် က မှတ် ချက်ပြုခဲ့ဖူးပါတယ်။ တကယ်လို့များ သက်ရှိအဖွဲ့ အစည်း တစုံတရာက အဲဒီ အာကာသယာဉ်ငယ်ကို တနေ့နေ့မှာ ရှာဖွေ တွေ့ ရှိခဲ့မယ်ဆိုရင် သူတို့ရဲ့ မူလ အစနဲ့ ဘယ်သူတွေက လွှတ်တင်ခဲ့တယ် ဆိုတဲ့အကြောင်းတွေကို ပြောပြဖို့ မက်ဆေ့တိုလေး တစောင်ကို ကားလ် ဆေဂင်က ဒီဇိုင်းရေးဆွဲခဲ့ပါတယ်။



နေအဖွဲ့အစည်းအား လွန်မြောက် ဖြတ်သန်းနေသည့် ဗွိုင်ယေဂျာ

လွန်ခဲ့တဲ့ ရာစုနှစ် ၂၆ ခုတုန်းက အာဆီးရီးယန်း ဘုရင် အာဆာဟာန်ဒို[269] ရေးသား မှတ်တမ်းတင်ခဲ့တာက “ကြေးသတ္တုနဲ့ သွန်းလုပ်ထားတဲ့ ရုပ်တုတွေ၊ အဆောက်အအုံတွေရယ်၊ မီးဖုတ်ထားတဲ့ ရွှံ့စေးနဲ့ရေးခြစ်ထားတဲ့ သမိုင်းမော်ကွန်းတွေရယ် ထားရစ်ခဲ့တယ်။ အနာဂတ်ခေတ်ကာလအတွက် အခြေခံအုတ်မြစ်တွေ ဖြစ်ကြစေကုန်” လို့ပါပဲ။ အရုပ်စာ ခပ်တွန့်တွန့်တွေနဲ့ ရေးထိုးခဲ့တဲ့ မှတ်တမ်းတွေဟာ ရှေးခေတ်ရဲ့ ဓလေ့ထုံးတမ်းတွေကို ဆက်လက် သယ်ဆောင်စေခဲ့ပါတယ်။ အဲဒီ ရေးစာတွေကြောင့်ပဲ သူတို့နဲ့ ခေတ်ကာလ အပိုင်းအခြား ဝေးကွာလှ

သူတွေက သူတို့ အကြောင်းကိုဖတ်ရှုနိုင်ခဲ့ကြပါတယ်။ တကယ်လို့များ အသိဉာဏ် မြင့်မားတဲ့ သက်ရှိ အဖွဲ့အစည်း တစုံတရာနဲ့ ကျွန်တော်တို့ ဆုံတွေ့ ခွင့်ရခဲ့ရင် ဘယ်လို စရိုက် လက္ခဏာတွေများ ဆင်တူကြမှာပါလိမ့်။ မူကွဲ ဆင့်ကဲ ဖြစ်စဉ်အတိုင်း တိုးတက် ပြောင်းလဲခဲ့ပြီး ကျွန်တော်တို့ လူသားတွေထက် နည်း ပညာ မြင့်မားတာကြောင့် အာကာသတခွင် ပတ္တရောင်လှည့်နိုင်တဲ့ ကမ္ဘာပြင်ပ ဂြိုဟ်သားတွေ ဆိုပါတော့။ ဆင်တူတာ တခုတော့ ရှိပါလိမ့်မယ်။ သက်ရှိတိုင်း နားလည် နိုင်တဲ့ ဘာသာစကားပါပဲ။ အဲဒါကတော့ လောကဓာတ်သိပ္ပံပဲ ဖြစ်ပါ တယ်။

ဒြပ်ထုတွေရဲ့ ဆွဲငင်အားကို ဆန့်ကျင်ခွဲထွက်နိုင်ဖို့ အားထုတ်ရတာ ခဲယဉ်း လှပါတယ်။ ဒါပေမယ့် ကော့စ်မစ် ပင်လယ်ပြင်ကို ကျော်ဖြတ်ရတာက ပိုပြီး ခဲယဉ်းမှာပါ။ တကယ်လို့သာ သင်္ချာဗေဒနဲ့ ရူပဗေဒ ဘာသာစကားတွေကိုပြောဆို တတ်ခဲ့မယ်ဆိုရင်တော့ တမျိုးတဖုံ ဖြစ်ပါလိမ့်မယ်။ ဟိုက်ဒရိုဂျင်ဟာ စကြဝဠာ အတွင်း အများဆုံး တွေ့ရှိရတဲ့ဒြပ်စင်ပါပဲ။ ဟိုက်ဒရိုဂျင်အက်တမ် ထဲက အီလက်ထရွန်ဟာ တူညီတဲ့ နှုန်းထားတဲ့ လားရာနှစ်ဘက်ကို ရွေ့လျားလို့ နေပါ တယ်။ ဟိုက်ဒရိုဂျင် အက်တမ် ဆိုတာ အင်မတန် သေးငယ်လှတဲ့ နာရီလက်တံ လေးနဲ့ တူပါတယ်။ အဲဒါဆိုရင် ကမ္ဘာပြင်ပ သက်ရှိတစုံတရာနဲ့ အတူတကွ နားလည်နိုင် တဲ့ အချိန် သတ်မှတ်ချက်မျိုး ကျွန်တော်တို့ ဖန်တီးယူနိုင်ပါပြီ။ အဲဒါ ဆိုရင် သတင်း အချက်အလက် ပေးပို့မှု နောက်တဆင့်အတွက် အသုံးဝင်သွားပါ လိမ့်မယ်။ ကျွန်တော်တို့ ကမ္ဘာမြေရဲ့ နေရပ်လိပ်စာကို ဖွင့်ဆိုပြဖို့ပါပဲ။ ပါလ်ဆာ တွေဟာ ရေဒီယိုလှိုင်းတွေက အချိန်မှန်မှန် ထုတ်လွှတ်ပေးနေပြီး ကြိမ်နှုန်းမြင့် လည်ပတ်နေတဲ့ နယူထရွန် ကြယ်တာရာတွေ ဖြစ်ပါတယ်။ အဲဒီ ကြယ်တာရာ တွေနဲ့လည်း အချိန်နာရီကို သတ်မှတ်လို့ ရပါတယ်။ ကျွန်တော်တို့ နေအဖွဲ့အစည်း က နေမင်းကို အလယ်ဗဟိုထားပြီး ပါလ်ဆာ ၁၄ ခုကို ဘေးကနေ ဝန်းရံ ပေးလိုက် မယ်ဆိုရင် စည်းချက်မှန်မှန်နဲ့ ရေဒီယိုလှိုင်းတွေ ထုတ်လွှတ်ပေးနေတဲ့ ပါလ်ဆာ တွေဟာ အင်မတန် ရိုးရှင်းတဲ့ သတင်းပေးပို့ချက် ဖြစ်သွားမှာပါပဲ။ အဲဒီအခါ အသိဉာဏ် မြင့်မားတဲ့ သက်ရှိအဖွဲ့အစည်းရဲ့ ပညာရှင်ဟာ အဲဒီ သရုပ် ပြပုံကို အသုံးပြုပြီး ဗွိုင်ယေဂျာ အာကာသယာဉ်ရဲ့ မြစ်ဖျားခံရာ ဂလက်ဆီတွေ၊ ကြယ်တာရာတွေကို ခြေရာခံလို့ရသွားပါပြီ။ အချိန်နာရီလည်း ပါဝင်တာကြောင့်

ဘယ်ခေတ်ကာလတုန်းက လွှတ်တင်ခဲ့တယ် ဆိုတာကိုလည်း သိရှိနိုင်ပါပြီ။ ကာလသက်တမ်းဟာလည်း အရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ ဗွိုင်ယေဂျာရဲ့ သက်တမ်းကို နှစ်သန်းထောင်ဂဏန်း အနည်းငယ်လို့ပဲ ကျွန်တော်တို့ ခန့်မှန်းထားကြလို့ပါ။ ကမ္ဘာပြင်ပ သက်ရှိအဖွဲ့အစည်းရဲ့ ရှေးဟောင်းသုတေသနပညာရှင် ဖြစ်ခဲ့မယ်ဆိုရင်လည်း ဗွိုင်ယေဂျာ အာကာသယာဉ်ကို ကြယ်တာရာတွေ အကြား အပြောကျယ်လှတဲ့ အာကာသ သမုဒ္ဒရာပြင်ကနေ တကူးတကဖမ်းယူရမှာ ဖြစ်ပါတယ်။ အဲဒီအခါ လွန်ခဲ့တဲ့ နှစ်ပေါင်းသန်းထောင်ဂဏန်း တုန်းက နေထိုင် သွားခဲ့ကြတဲ့ သက်ရှိတွေ ဖန်တီးထားခဲ့တာ ဖြစ်ကြောင်း သိရှိလာပါလိမ့်မယ်။

ကားလ် ဆေဂင်၏ စကြဝဠာမြေပုံနှင့် ကမ္ဘာမြေခဓာတ်ပြား

"သူတို့ရဲ့ ဂြိုဟ်ကမ္ဘာတွေနဲ့ သူတို့ရဲ့ ကိုယ်ခန္ဓာတွေကရော ဘယ်လိုအရာတွေနဲ့များ ဖန်တီးထားမှာပါလိမ့်။ ငါတို့ဆီကို ဘာသာစကား ၅၉ မျိုးနဲ့လည်း နှုတ်ခွန်း ဆက်ထားတယ်။ ဝေလငါးသံလည်း ပါတယ်။ စေတန် အမှတ် ၅ ဒုံးပျံ လွှတ်တင်တုန်းက အသံဖိုင်တွေလည်း ပါတယ်။ မွေးကင်းစ ကလေးငယ်ကို တီတီတာတာ နှုတ်ဆက်နေတဲ့ မိခင်ရဲ့ အသံလည်း ပါတယ်။ အချစ်ကို ရှာဖွေတွေ့ရှိခဲ့တဲ့ မိန်းကလေးငယ်တဦးရဲ့ ဦးနှောက်လှိုင်းတွေလည်း ထည့်သွင်းထားတယ်။ နယူထရွန် ကြယ်တာရာ ပါလ်ဆာရဲ့ အသံလည်းပါတယ်" လို့ တွေးထင် မိ

ကြမှာပါပဲ။ အဲဒီ အရာတွေ အားလုံးဟာ နောက်ထပ် နှစ်ပေါင်းသန်းတထောင် ဝန်းကျင်အထိ တာရှည်ခံနေဦးမှာ ဖြစ်ပါတယ်။

နှစ်ပေါင်းသန်းတထောင် ဆိုတာ ဘယ်လောက်များ ကြာညောင်းပါလိမ့်။ စကြဝဠာရယ်လို့ စတင် ပေါ်ပေါက် စေခဲ့တဲ့ မဟာပေါက်ကွဲမှု ဖြစ်စဉ်ကနေ ဒီကနေ့ အထိကို တနှစ်ဆိုတဲ့ ပြက္ခဒိန်အတွင်း ထည့်သွင်း လိုက်မယ်ဆိုရင် နှစ်ပေါင်း သန်းတထောင်ဆိုတာ တလဝန်းကျင် အချိန်ပါပဲ။ လွန်ခဲ့တဲ့ နှစ်သန်းတထောင် တုန်းက ကမ္ဘာမြေပေါ်မှာ ဘာတွေများ ဖြစ်ပွားခဲ့ပါလိမ့်။ ကမ္ဘာ့ကုန်းမြေတိုက်ကြီး အများစုဟာ တစုတစည်းတည်း တည်ရှိခဲ့ပြီး ရိုဒီနီးယား[270] လို့ ခေါ်ဆိုကြပါတယ် (ရိုဒီနီးယား ကုန်းမြေ ပြိုကွဲမှုက လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၇၆၀ ဝန်းကျင်ဖြစ်ပြီး ပန်ဂျီယာကုန်းမြေ ပြိုကွဲမှုကတော့ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၅၀ ခန့်က ဖြစ်ပါ တယ်)။ အပင်တွေ၊ သက်ရှိ သတ္တဝါတွေရယ်လို့လည်း မရှိခဲ့ပါဘူး။ လွန်ခဲ့တဲ့ နှစ်သန်းတထောင်တုန်းက လေထု ထဲမှာ အောက်ဆီဂျင်ရယ် လို့လည်း အလုံအလောက် မရှိခဲ့တာကြောင့် အိုဇုန်းလွှာလည်း မရှိခဲ့ပါဘူး။ အဲဒီတော့ ခရမ်းလွန်ရောင်ခြည် တွေကြောင့် ကုန်းမြေပေါ်မှာ ဘယ်လို သက်ရှိမှလည်း မပေါ်ထွန်းနိုင်ခဲ့ ပါဘူး။ ရိုဒီနီးယား ကုန်းမြေတိုက်ကြီးဟာ အခုလက်ရှိ မားစ်ဂြိုဟ်နဲ့ ခပ်ဆင်ဆင် တူပါလိမ့်မယ်။ အပြောကျယ်လှတဲ့ တခုတည်းသော ပင်လယ်ပြင်ကြီးဟာ ရောမ မုန်တိုင်းတွေကို ဖြစ်ပေါ်စေပြီး ရေလွှမ်းမိုးမှုတွေနဲ့ ကုန်းမြေတိုက်စားမှုတွေကို ပေါ်ပေါက်စေပါတယ်။ အဲဒီနောက် ရေခဲမြစ်တွေ ပေါ်ထွန်းလာခဲ့ပြီး ကုန်းမြေ တိုက်ကြီးတွေကို အသွင်သစ်အဖြစ် ပြောင်းလဲယူခဲ့ပါတယ်။ ပင်လယ် ထဲမှာတော့ ဆဲလ်ကလာပ်စည်း တခုတည်းနဲ့ ဖွဲ့စည်းထားတဲ့ သက်ရှိအမျိုးအစားတွေက မင်းမူထားပြီး တချို့နေရာတွေမှာတော့ အဏုဇီဝပိုးမွှားတွေ အချပ်လိုက်တည်ရှိ နိုင်ပါတယ်။ အဲဒီနောက်ပိုင်းမှပဲ ဆဲလ်ကလာပ်စည်း အများအပြားနဲ့ ဖွဲ့စည်းထား တဲ့ သက်ရှိတွေ ပေါ်ထွက်ဖို့ အခွင့်အလမ်း ရရှိခဲ့ဟန် တူပါတယ်။

နောင်လာမယ့် နှစ်သန်းပေါင်း တထောင်မှာဆိုရင် ကျွန်တော်တို့ကမ္ဘာမြေက ဘယ်လိုမျိုး ရှိမှာပါလိမ့်။ အီဂျစ်ပြည်ရဲ့ ပိရမစ်တွေ၊ ရှေးကီးတောင်တန်းတွေ၊ ကျွန်တော်တို့ လူသားတွေနေထိုင်ရာ မြို့ပြတွေ အားလုံး ဖုန်မှုန့်၊ သဲမှုန့်တွေအဖြစ်

တိုက်စားခံရမှာလား။ အဲဒီလောက် အလှမ်းကွာလှတဲ့ နောင်လာမယ့် အနာဂတ် အတွက် ယုံကြည်စိတ်ချမှု အပြည့်နဲ့ ခန့်မှန်း ဟောကိန်းထုတ်နိုင်ဖို့ ခက်ခဲလွန်းလှ ပါတယ်။

သေချာပေါက် အတပ်ပြောနိုင်တာ တခုကတော့ ကျွန်တော်တို့ ကမ္ဘာမြေ ဟာလည်း ပြောင်းလဲမှုတွေ များစွာနဲ့ ကြုံတွေ့ ရမှာဖြစ်လို့ကျွန်တော်တို့ မွေးဖွား ကြီးပြင်းခဲ့တဲ့ နေရာဆိုပြီး မှတ်မိဖို့တောင် မဖြစ်နိုင် သလောက်ပါပဲ။ ဒါပေမယ့် နောင်လာမယ့် နှစ်သန်းပေါင်းတထောင် မှာတောင် ကျွန်တော်တို့ ဘယ်သူတွေ၊ ကျွန်တော်တို့ ဖန်တီးခဲ့တဲ့ တေးဂီတတွေ၊ ကျွန်တော်တို့ လူသားတွေရဲ့ အမှတ် သင်္ကေတတွေ အများစုကတော့ ဆက်လက် ရှင်သန်နေခဲ့ဖို့ ရှိပါတယ်။

အဲဒီအချိန် ရောက်ရင်တော့ ကျွန်တော်တို့ရဲ့ နေမင်းကြီးဟာ နဂါးငွေ့တန်း ဂလက်ဆီကို နောက်ထပ် ၄ ကြိမ်လောက် လှည့်ပတ်ပြီး ဖြစ်ပါလိမ့်မယ်။ ဗွိုင်ယေ ဂျာ အာကာသယာဉ်တွေဟာလည်း နေနဲ့ ဟိုးအဝေးကြီးဆီ ရောက်ရှိပြီး ဖြစ်ပါ လိမ့်မယ်။ ဗွိုင်ယေဂျာကို ဖန်တီးခဲ့သူတွေထဲမှာ ပါဝင်ခဲ့ပြီး ကမ္ဘာမြေကို အဝေးက နေ ဓာတ်ပုံရိုက်၊ မှတ်တမ်းတင်ဖို့ စိတ်ကူး ရရှိခဲ့သူကတော့ ကားလ် ဆေဂင်ပဲ ဖြစ် ပါတယ်။ ပြီးခဲ့တဲ့ မျိုးဆက်တခုမှာ လကမ္ဘာပေါ် ခြေချနိုင်ခဲ့တဲ့ အပိုလိုစီမံကိန်း တွေရဲ့ အာကာသယာဉ်မှူး တဦးဖြစ်သူက ကမ္ဘာမြေကို ဓာတ်ပုံ ရိုက်ပြခဲ့ရာမှာ နယ်နိမိတ်စည်းမျဉ်းတွေနဲ့ ခွဲခြား ထားခြင်း မရှိတဲ့ ကမ္ဘာမြေကို ကျွန်တော်တို့ လူသားတွေ ပြန်လည် ရှာဖွေ တွေ့ရှိ ခဲ့ကြတယ် ဆိုပါတော့။ ကျွန်တော် တို့ လူသားတွေရဲ့ ရင်အစုံကို ဆွဲလှုပ်နိုင်ခဲ့တဲ့ ပုံရိပ်ပါပဲ။ အဲဒီဖြစ်စဉ်ကိုပဲ နောက်တ ဆင့် တိုးမြှင့်ကြည့်ဖို့ ကားလ်က စိတ်ကူးခဲ့ဟန် တူပါတယ်။ အဲဒါကြောင့်ပဲ ဗွိုင် ယေဂျာ အမှတ် ၁ ရဲ့ ကင်မရာကို ကမ္ဘာမြေဘက်ဆီ ပြန်လှည့်ပြီး ဓာတ်ပုံရိုက် ကူး ဖို့ ကားလ်က နာဆာကို အကြံပြုခဲ့ပါတယ်။ အဲဒီအချိန်မှာ ဗွိုင်ယေဂျာဟာ နက်ပ် ကျွန်းဂြိုဟ်အနီးကို ရောက်ရှိနေပါပြီ။ အဲဒီနေရာကနေ ကမ္ဘာမြေဆီ နောက်ဆုံး တကြိမ် ပြန်လည် ကြည့်ရှုခြင်းပါ။ အဲဒီမြင်ကွင်းကိုကားလ် ဆေဂင်က ‘အပြာ ရောင် ဖျော့တော့တော့ အစက်လေး’ လို့ နာမည်ပေးခဲ့ပါတယ်။

"အဲဒီမြင်နေရတဲ့ အပြာရောင် အစက်ကလေးကို ကြည့်လိုက်ပါ။ အဲဒါ ကျွန်တော်တို့ အိမ်ပါပဲ။ ကျွန်တော်တို့ တည်ရှိနေတဲ့ နေရာလေးပါ။ အဲဒီအစက် ကလေးအပေါ်မှာ ခင်ဗျား ချစ်တဲ့သူတွေ၊ ခင်ဗျား သိတဲ့သူတွေ၊ ခင်ဗျား ကြားဖူးတဲ့ သူတွေ၊ မွေးဖွား ဖြစ်တည် လာသမျှ သူတွေ အားလုံး နေထိုင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့ သုခတွေ၊ ဒုက္ခတွေ ရောပြွန်းတည်ရှိတဲ့ ဒီနေရာကလေးမှာ ဘာသာ တရားပေါင်း များစွာ၊ အတွေးအခေါ်အယူအဆပေါင်းများစွာ၊ စီးပွားရေး အယူအဆတွေ၊ အမဲလိုက်သူတွေ၊ ရှာဖွေစုဆောင်းသူတွေ၊ သူရဲကောင်းတွေ၊ သူရဲဘောကြောင်သူတွေ၊ လူ့အဖွဲ့အစည်း ယဉ်ကျေးမှုကိုတည်ထောင်သူတွေ၊ ဖျက်ဆီးသူတွေ၊ မင်းဧကရာဇ်တွေ၊ လယ်သမားတွေ၊ မေတ္တာသက်ဝင်နေကြတဲ့ ယယ်ရွယ်သူ စုံတွဲတွေ၊ အမိအဖတွေ ၊ စာရိတ္တကို သင်ကြားပေးတဲ့ ဆရာ ဆရာမ တွေ၊ ငံ့လင့်နေတဲ့ကလေးငယ်တွေ၊ တီထွင်သူတွေနဲ့ စွန့်စား ရှာဖွေ လေ့လာသူ တွေ၊ အကျင့်ပျက် ခြစားနေတဲ့ နိုင်ငံရေး သမားတွေ၊ နာမည်ကျော် အနုပညာရှင် တွေ၊ ခေါင်းဆောင်ကြီးတွေ၊ သူတော်စင်တွေ၊ အပြစ်သားတွေ၊ ရှင်သန်ဖူးသမျှ ကျွန်တော်တို့ လူသားမျိုးစိတ်ရဲ့ သမိုင်းမှာ ရှိခဲ့ဖူးကြတဲ့ လူသားအားလုံး နေရောင်ခြည်မှာ မျောလွင့်နေတဲ့ ဒီအမှုန်အစုအဝေးပေါ်မှာ နေထိုင် ခဲ့ကြတာပါ။ ကမ္ဘာမြေဆိုတာ ကျယ်ပြောလှတဲ့ စကြဝဠာကြီးနဲ့ နှိုင်းစာရင် အလွန့်အလွန်ကို သေးငယ်တဲ့ အဆင့်မှာပဲ ရှိပါတယ်။ ဒီအစက် သေးသေးလေးကို တခဏတာ အချိန်ပိုင်း အုပ်စိုးနိုင်တဲ့ အရှင်သခင်တွေ ဖြစ်ခွင့်ရဖို့ အတွက်လောက်နဲ့ သွေး ချောင်းစီးစေခဲ့တဲ့ စစ်ဗိုလ်ချုပ်တွေနဲ့ အင်ပါယာ အရှင်သခင်တွေကို ပြေးမြင် ကြည့်လိုက်ပါ။ ဒီအစက်ကလေးရဲ့ တထောင့်တနေရာကနေ အခြားနေရာမှာ ရှိ နေတဲ့ သာမန် နေထိုင် ရှင်သန်သူတွေ အပေါ် အဆုံးမဲ့ ရက်စက်ခဲ့ကြတဲ့ အဖြစ်ဆိုး တွေကို တွေးကြည့်ကြပါ။ နားလည်မှု လွဲမှားခြင်းတွေ ဘယ်လောက်တောင်များ အကြိမ်ကြိမ်၊ အဖန်ဖန် ရှိနေခဲ့ပါသလဲ။ တယောက်နဲ့ တယောက် သတ်ဖြတ်ကြဖို့ ဘယ်လောက် တောင် စိတ်အားထက်သန်နေခဲ့ကြသလဲ၊ အာဃာတ၊ အမုန်းတရား တွေ ဘယ်လောက် တောင် ကြီးမား ပြင်းထန်နေကြသလဲ စသဖြင့် တွေးကြည့် လိုက်ပါ။ စကြဝဠာထဲမှာ ကျွန်တော်တို့သာလျှင် အရေးအကြီးဆုံး၊ ကျွန်တော် တို့သည် သာလျှင် အဆင့်အမြင့်ဆုံး နေရာမှာ ရောက်ရှိနေကြတယ်လို့ ထင် ယောင်မြင်မှား ဖြစ်နေတဲ့ အတွေးတွေကို အဲဒီဖျော့တော့တော့ အပြာရောင်

အစက်ကလေးက စိန်ခေါ်နေပါတယ်။ တဖြည်းဖြည်း ပြန့်ကားထွက်နေတဲ့ ဟောဒီ စကြဝဠာ အမှောင်ထုကြီးထဲမှာ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေဆိုတာဟာ အစက်အပြောက် ငယ်လေး တခုသာသာရယ်ပါ။ အဲဒီလို ကျယ်ပြောလှတဲ့ အမှောင်ထုထဲက ကျွန်တော်တို့ရဲ့ မည်ကာမတ္တ ဖြစ်တည်မှုမှာ ကျွန်တော်တို့ကို မိမိတို့ ကိုယ်တိုင်ဆီက ကယ်တင်ပေးနိုင်မယ့် အကူအညီဆိုတာ တခြား တနေရာရာမှာ ရှိနေနိုင်တယ်ဆိုတဲ့ သဲလွန်စ လက်ရှိအချိန်အထိ မရှိသေးပါဘူး။ ကျွန်တော်တို့ ကမ္ဘာမြေကြီးဟာ သက်ရှိတွေ ရှင်သန် ပေါက်ဖွားရာဖြစ်တဲ့ တခု တည်းသော နေရာပါဘဲ။ သိပ်မဝေးသေးတဲ့ အနာဂတ်အထိတော့ ကျွန်တော်တို့ မျိုးစိတ် တွေ ရွှေ့ပြောင်းနိုင်တဲ့ နေရာဆိုလို့ တခြားဘယ်မှာမှ မရှိပါဘူး။ ခဏလောက် သွားရောက်လည် ပတ်ကြည့်ဖို့တော့ ဖြစ်နိုင်ပေမယ့် အခြေချဖို့တော့ မဖြစ်နိုင်ပါဘူး။ အဲဒီတော့ သဘောကျသည် ဖြစ်စေ သဘောမကျသည် ဖြစ်စေ လက်ရှိအချိန်အထိ တော့ကမ္ဘာမြေဟာ ကျွန်တော်တို့အတွက် ခြေကုပ်ချစရာ တခုတည်းသော နေရာ ဖြစ်ပါတယ်။ ကြယ်တာရာတွေကို လေ့လာတဲ့ နက္ခတ္တသိပ္ပံပညာဆိုတာ လူသားတွေ အတွက် အတွေးအခေါ်၊ အမူအကျင့်ကောင်းတွေကို တည်ဆောက်ပေးနိုင်တဲ့ အတွေ့ အကြုံမျိုးကို မွေးဖွား ပေးရာလို့ ဆိုကြပါတယ်။ စကြဝဠာထဲမှာ အဝေးကြီး ကနေ လှမ်းမြင်ရတဲ့ ကျွန်တော်တို့ ဂြိုဟ်ပုံရိပ် သေးသေးလေးလောက် လူသားတွေရဲ့ အတ္တနဲ့ မိုက်မဲမှုကို ဖော်ပြနိုင်တဲ့သရုပ်ပြမှုမျိုး ရှိမယ်မထင်ပါဘူး။ ကျွန်တော့် အဖို့ ဒီသဘော တရားဟာ ကျွန်တော်တို့ တယောက်နဲ့တယောက် ပိုမို ကြင်နာကြဖို့၊ ကျွန်တော်တို့ အတွက် တခုတည်းသော ခိုနားရာဖြစ်တဲ့ ဟောဒီ ဖျော့တော့တော့ အပြာရောင် အစက် ကလေးကို ပိုပြီး ထိန်းသိမ်း၊ ကာကွယ် စောင့်ရှောက်ကြဖို့နဲ့ တန်ဖိုးထားကြဖို့ ကျွန်တော်တို့ တာဝန် ဖြစ်တယ်လို့ ပိုပြီး သဘောပေါက်လာစေ ပါတယ်”

အဲဒီလို သေးငယ်လှတဲ့ အစက်အပြောက်၊ အမှုန်လေးပေါ်မှာ နေထိုင်ကြသူ သက်ရှိ သတ္တဝါလေးတွေ အနေနဲ့ နဂါးငွေ့တန်းဂလက်ဆီအတွင်းက ကြယ်တာရာတွေအကြား ခရီးနှင်စေမယ့် အာကာသ လေ့လာရေးယာဉ်တွေကို ဘယ်လိုများ တည်ဆောက်နိုင်ခဲ့ကြတာပါလိမ့်။ လွန်ခဲ့တဲ့ ရာစုနှစ် အနည်းငယ်၊ စကြဝဠာ ပြက္ခဒိန်အရ စက္ကန့်ပိုင်းတုန်းကဆိုရင် ကျွန်တော်တို့ရဲ့ တည်နေရာနဲ့ ကျွန်တော်တို့ဘယ်သူတွေဆိုတာ ဘာမှမသိခဲ့ကြပါဘူး။ စကြဝဠာကမ္ဘာလောက အကြောင်း

ဘာဆို၊ ဘာမှ မသိရှိခဲ့ကြတဲ့ ကျွန်တော်တို့ဟာ မသိခြင်း အကျဉ်းထောင်ထဲမှာ ကျရောက်နေခဲ့ကြသလိုပါပဲ။ ကိုယ့်ကမ္ဘာနဲ့ ကိုယ် သာယာနေခဲ့ကြသူတွေ ဆိုပါတော့။ အဲဒီ အကျဉ်းထောင်ထဲကနေ ကျွန်တော်တို့ ဘယ်လိုများ လွတ်မြောက်လာခဲ့ကြတာပါလိမ့်။

ဘာ့ကြောင့်လဲ ဆိုတော့ အင်မတန် ရိုးရှင်းလှတဲ့ နိယာမ ၅ ခုကို လိုက်နာ၊ ဆောင်ရွက်ခဲ့ကြသူ လူသား မျိုးဆက်တွေရဲ့ အားထုတ်မှုကြောင့်ပါပဲ။ အဲဒီနိယာမတွေကတော့ အာဏာပိုင်အဖွဲ့ အစည်းကို ပြန်လည် မေးခွန်းထုတ်ပါ။ တစုံတယောက်ရဲ့ ပြောဆိုမှုကြောင့် ဆိုတာနဲ့ပဲ အမှန်တရား ဖြစ်မသွားပါဘူး။ ကိုယ့်အတွက် ကိုယ် စဉ်းစားပါ။ ကိုယ့်ကိုယ်ကို ပြန်လည် မေးခွန်းထုတ်ပါ။ ကိုယ်ယုံကြည်၊ လက်ခံချင်တယ်ဆိုတာနဲ့ပဲ အမှန်တရားလို့မမှတ်ယူလိုက်ပါနဲ့။ ယုံကြည်ခြင်းကြောင့် အမှန်တရား ဖြစ်မသွားပါဘူး။ စိတ်ကူးအတွေးတွေ၊ သီအိုရီတွေကို လေ့လာဆန်းစစ်၊ လက်တွေ့ စမ်းသပ်ကြည့်ပြီး သက်သေ၊ အထောက်အထား ရှာဖွေပါ။ အင်မတန် ကောင်းမွန်လှပါတယ် ဆိုတဲ့ စိတ်ကူးအတွေးအမြင်တွေကို လက်တွေ့ စမ်းသပ်ကြည့်တော့ မှားယွင်း သွားတယ်ဆိုရင် ထားရစ်လိုက်ပြီး ရှေ့ဆက်လျှောက်ပါ။ အထောက်အထားတွေ၊ သက်သေတွေ ခိုင်လုံအောင်ပဲ ပြင်ဆင်ပါ။ သက်သေ၊ အထောက်အထား မခိုင်လုံသေးဘူးဆိုရင် အလျင်စလို ကောက်ချက်မဆွဲပါနဲ့ဦး။ ကိုယ်တိုင်လည်း မှားယွင်းနိုင်တယ်လို့ အမြဲတမ်း သတိပေးနေပါ။

သမိုင်းတလျှောက် အထူးချွန်ဆုံး ဆိုတဲ့ လောကဓာတ်သိပ္ပံ ပညာရှင်တွေ ကိုယ်တိုင်တောင် သူတို့ ဖြတ်သန်းခဲ့ရာမှာ အမှားအယွင်းတွေ ကျူးလွန်မိကြ ပါတယ်။ နယူတန်၊ အိုင်းစတိုင်းတို့ အပါအဝင် သမိုင်းတလျှောက် ပါရမီ ရင့်သန် လှသူထူးချွန်ပုဂ္ဂိုလ်တွေ အားလုံး မမှားဖူးသူ မရှိပါဘူး။ သူတို့လည်း လူသားတွေ ပဲကိုး။ လောကဓာတ်သိပ္ပံ ပညာရပ်ကိုက မိမိကိုယ်ကိုရော၊ သူတပါးကိုပါ လှည့်စားတာမျိုး မဖြစ်စေဖို့ ကာကွယ်ပေးခြင်းပါပဲ။ လောကဓာတ်သိပ္ပံ ပညာရှင်တွေ ရောမကောင်းမှု၊ ဒုစရိုက်တွေကို ကျူးလွန်ခဲ့ကြပါသလား။ ကျူးလွန်မိတာ သေချာပေါက်ပေါ့။ လူသားတွေ ဖန်တီးခဲ့သမျှ တခြားအရာတွေကို တလွဲ အသုံးချခဲ့ကြသလို လောကဓာတ်သိပ္ပံပညာတွေကိုလည်း ကျွန်တော်တို့ လွဲမှားစွာ

အသုံးပြုခဲ့ကြပါတယ်။ အဲဒါကြောင့်ပဲ အင်မတန် အစွမ်းထက်လှတဲ့ ပညာရပ်တွေကို အထက်တန်းလွှာလူတန်းစာ လက်တဆုပ်ဆီ စိတ်ချအပ်နှံထားဖို့ မဖြစ်နိုင်ပါဘူး။ လောကဓာတ်သိပ္ပံ ပညာရပ်တွေကို အများပြည်သူတွေရဲ့ လက်ထဲမှာ ထားရှိမှပဲ တလွဲအသုံးချမှုတွေကနေ ကာကွယ်နိုင်ဖို့ အခွင့်အလမ်းများပါလိမ့်မယ်။

အဲဒီ စံတန်ဖိုးတွေဟာ တယူသန်ခြင်းနဲ့ မသိနားမလည်ခြင်းတွေကို လျော့ပါးသွားစေပါလိမ့်မယ်။ တကယ်တော့ စကြဝဠာ ဆိုတာ အများအားဖြင့် အမှောင်အတိ ဖုံးလွှမ်းနေပြီး ကျွန်းသဖွယ် အလင်းရောင် ခပ်ကြဲကြဲ ဖြစ်တည်မှုမျိုးပါ။ ကမ္ဘာမြေရဲ့ သက်တမ်းကို တွက်ချက်ကြည့်တာ၊ ဟိုးအဝေးကကြယ်တာရာတွေရဲ့ အကွာအဝေးကို တိုင်းတာကြည့်တာ၊ သက်ရှိတွေ ဘယ်လို ဆင့်ကဲပေါ်ပေါက်လာသလဲ လေ့လာကြည့်တာတွေဟာ ဘယ်လိုများ အကျိုးကျေးဇူးဖြစ်ထွန်းစေခဲ့ပါလိမ့်။ အဲဒါကတော့ ကျွန်တော်တို့အနေနဲ့ ဘယ်လောက် ခမ်းနားတဲ့ စကြဝဠာ ထဲမှာ နေထိုင်လိုတယ် ဆိုတဲ့အပေါ်မူတည်ပါလိမ့်မယ်။ တချို့ကတော့ ခပ်သေးသေး စကြဝဠာ ကမ္ဘာလောကနဲ့ပဲ ရောင့်ရဲနိုင်ကြပါတယ်။ အဲဒါလည်း ပြဿနာ မဟုတ်ပါဘူး။ နားလည်ပေးလို့ ရနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အဖို့တော့ ခမ်းနားလှတဲ့ စကြဝဠာထဲမှာ နေထိုင်လိုပါတယ်။ ကျွန်တော် ဖြစ်တည်တဲ့ စကြဝဠာရဲ့ ခမ်းနားမှုကြောင့် ကျွန်တော့်ရဲ့ စိတ်နှလုံးကို အင်အားဖြစ်စေတာမျိုး ပိုပြီး အလိုရှိပါတယ်။ အဲဒါဟာကျွန်တော်ရဲ့ စိတ်ကူးအတွေးသက်သက်မဟုတ်ဘဲ၊ ကျွန်တော်တို့ ဦးနှောက်တွေထဲမှာတင် ဖြစ်ပွားတာမျိုး မဟုတ်ပဲ တကယ့်ပကတိ အရှိတရားလို့လည်း သိမြင်၊ ခံစားချင်ပါတယ်။ ပကတိ အမှန်တရားဆိုတာ ကျွန်တော်အဖို့ အင်မတန် အရေးကြီးပါတယ်။ တကယ်တော့ ကျွန်တော်တို့ရဲ့ စိတ်ကူးအတွေးတွေဟာ ပကတိ အရှိတရား၊ အမှန်တရားနဲ့ နှိုင်းစာလိုက်ရင် ခမ်းနားမှုချင်း ဘာမှ မဆိုင်ပါဘူး။ အမှောင်အတိ ဖုံးလွှမ်းနေတဲ့ အာကာသထဲမှာ ဘာတွေရှိမယ်ဆိုတာ ကျွန်တော်သိရှိလိုပါတယ်။ မဟာပေါက်ကွဲမှုကြီးမတိုင်ခင် ဘာတွေဖြစ်ပျက်ခဲ့တယ် ဆိုတာကိုလည်း သိလိုပါတယ်။ စကြဝဠာ မိုးကုပ်စက်ဝိုင်းရဲ့ အခြားတဘက်မှာ ဘာတွေတည်ရှိတယ်ဆိုတာကို သိချင်မိသလို သက်ရှိ ဇီဝတွေရဲ့ မူလအစကိုလည်း သိရှိလိုပါတယ်။ စကြဝဠာရဲ့ အခြားတနေရာမှာရော ဒြပ်ထုနဲ့ စွမ်းအင်တွေ ပေါင်းစည်းပြီး သက်ရှိတွေ ဖြစ်ပေါ်နေကြသလား၊ သူတို့ရဲ့ ဖြစ်တည်မှုကိုရော သူတို့ ကိုယ်တိုင် သတိထားမိကြပါသလား စတဲ့ အကြောင်း အရာတွေကိုလည်း သိရှိ

လိုစိတ် အင်မတန် ပြင်းပြမိပါတယ်။ နောက်ပြီး ကျွန်တော် ရဲ့ ဘိုးဘေးမျိုးစိတ်တွေ အားလုံးကိုလည်း သိရှိလိုပါတယ်။ မျိုးဆက်တွေ သံကွင်းဆက်ချိတ်မှုမှာ ကျွန်တော့်အနေနဲ့ ခိုင်မာတဲ့ ချိတ်ဆက်မှုမျိုး ပေးစွမ်းလိုပါတယ်။ ကျွန်တော်ရဲ့ နောင်မျိုးဆက်တွေ၊ သူတို့ရဲ့ နောက်ထပ် မျိုးဆက်တွေကိုလည်း တတ်စွမ်းသမျှ အကာအကွယ်ပေးလိုလှပါတယ်။

စကြဝဠာကမ္ဘာလောကကို မိမိ အစွမ်းရှိသမျှ နား၊ မျက်စိနဲ့ ခံစားလေ့လာရင်း ကျွန်တော်တို့ရဲ့ မူလအစအကြောင်း ဆဝါးမိလာခဲ့တဲ့နောက် ကြယ်တာရာ ဒြပ်မှုန် တွေကနေ ဆင့်ကဲပြောင်းလဲလာပြီး သိစိတ်ရဲ့ မာရသွန်ခရီးမှာ လာရာလမ်း တလျှောက် ပြန်လည်ဆန်းစစ်ကြည့်တော့ နှစ်သန်းပေါင်းထောင်နဲ့ချီတဲ့ ဖြစ်စဉ်ရဲ့ အမွေကို ကျွန်တော်တို့တွေ ဆက်ခံခဲ့မှန်း နားလည်လာခဲ့ရပါတယ်။ အဲဒီ အသိတရားကို ရင်ဝယ်ပိုက်ရင်း သဘာဝတရားရဲ့ အဖြစ်သနစ်မှန်ကို နားလည်၊ ချစ်မြတ်နိုးမယ်ဆိုရင် ကျွန်တော်တို့ရဲ့ နောင်မျိုးဆက်တွေအတွက် ရှင်သန်ရပ်တည်ခွင့်တွေ အပ်နှင်းနိုင်ခဲ့မယ်ဆိုတာ ကျွန်တော်သေချာပေါက် အာမခံရဲပါတယ်။ ကျွန်တော်တို့ရဲ့ နောင်မျိုးဆက်တွေဟာလည်း ကျွန်တော်တို့ကို အောက်မေ့၊ သတိတရရှိပြီး မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်းခဲ့တဲ့ ရှာပုံတော်ခရီးကို ဆက်လက် ဆောင်ရွက်ကြမှာဖြစ်သလို စကြဝဠာအတွင်း ကျွန်တော်တို့ အိပ်မက်စိတ်ကူးမိခြင်း မရှိသေးတဲ့ အကြောင်းအရာတွေကို ဖော်ထုတ်ကြလိမ့်ဦးမယ်လို့ပဲ ဆိုလိုက်ချင်ပါတယ်။

လေးစားစွာဖြင့်

ညီနောင် (Humber)

Whisper Of Words

Notes

[←1]

Carl Sagan

[←2]

Pale Blue Dot

[←3]

David Dayag

[←4]

Black Rock Desert

[←5]

Burrell Schmidt Telescope

[←6]

Chris Mihos

[←7]

Giordano Bruno

[←8]

Nicolaus Copernicus

[←9]

Lucretius

[←10]

Inquisition

[←11]

Maiori forsan cum timore sententiam in me fertis quam ego accipiam (Perhaps you who pronounce my sentence are in greater fear than I who receive it)

[←12]

Ettore Ferrari

[←13]

Galileo Galilei

[←14]

The Big Bang

[←15]

Arno Penzias

[←16]

Robert Wilson

[←17]

Supernova

[←18]

Tiktaalik

[←19]

Nunavut

[←20]

Ellesmere Island

[←21]

Neil Shubin

[←22]

Edward Daeschler

[←23]

Lubang Jeriji Saleh Cave

[←24]

Cornell University

[←25]

Titan

[←26]

Ithaca

[←27]

Harvard University

[←28]

Neil deGrasse Tyson

[←29]

Hayden Planetarium

[←30]

Barrack Obama

[←31]

Kinesin

[←32]

Vatican City

[←33]

Adenine, Cytosine, Guanine, Thymine

[←34]

Charles Darwin

[←35]

Origin of Species

[←36]

Tree of Life

[←37]

Devonian Period

[←38]

Bryozoa

[←39]

Crinoid

[←40]

Brachiopod

[←41]

Permian Period

[←42]

Trilobite

[←43]

Great Dying

[←44]

Dimetrodon

[←45]

Mesozoic Era

[←46]

Triassic Period

[←47]

Coelophysis

[←48]

Cretaceous Period

[←49]

Tyrannosaurus rex

[←50]

Yucatan Peninsula

[←51]

Chicxulab Crater

[←52]

Tardigrade

[←53]

Lake Superior

[←54]

Kraken Mare

[←55]

Cassini-Huygens

[←56]

Oort Cloud

[←57]

Jan Oort

[←58]

Isaac Newton

[←59]

Edmond Hailey

[←60]

Oxford University

[←61]

Saint Helena

[←62]

Royal Society

[←63]

Nullius in verba

[←64]

Robert Hooke

[←65]

Cell

[←66]

Christopher Wren

[←67]

Hooke’s Law

[←68]

Johannes Kepler

[←69]

Cambridge University

[←70]

Trinity College

[←71]

Philosophiæ Naturalis Principia Mathematica

[←72]

Calcalus

[←73]

Bobst Library

[←74]

Halley’s Comet

[←75]

James Cook

[←76]

Tahiti

[←77]

Nicephorus Gregoras

[←78]

Andromeda Galaxy

[←79]

Meganova

[←80]

Spectroscope

[←81]

Doppler Effect

[←82]

Against Fate

[←83]

Qin Shi Huang

[←84]

Legalist

[←85]

Confucius

[←86]

Barsa

[←87]

Ibn Alhazen

[←88]

Cordoba

[←89]

Samarqanad

[←90]

Caliph

[←91]

Hubble Telescope

[←92]

Photon

[←93]

William Herchel

[←94]

Joseph Fraunhofer

[←95]

Weichselberger

[←96]

Bavaria

[←97]

Maximilian

[←98]

Benediktbeuren Abbey

[←99]

Carmina Burana

[←100]

Astrophysics

[←101]

John Herchel

[←102]

Proxima Centauri

[←103]

Voyager

[←104]

Pleiades Cluster

[←105]

Crab Nebula

[←106]

Pulsar

[←107]

John Bevis

[←108]

Sombrero Galaxy

[←109]

Leo Constellation

[←110]

Michael Faraday

[←111]

James Clerk Maxwell

[←112]

Albert Einstein

[←113]

Theory of Relativity

[←114]

John Mitchell

[←115]

Black Hole

[←116]

Coelorum Perrupit Claustra

[←117]

Paramecia

[←118]

Dileptus

[←119]

Stomata

[←120]

Chlorophyll

[←121]

Chloroplasts

[←122]

Photosynthesis

[←123]

Comet Orchid

[←124]

Morgan’s Sphinx

[←125]

Amygdala

[←126]

Hippocampus

[←127]

Miletus

[←128]

Democracy

[←129]

Thales

[←130]

Abdera

[←131]

Democritus

[←132]

Neutrino

[←133]

Super-Kamiokande

[←134]

Pasadena

[←135]

Clair Patterson

[←136]

James Ussher

[←137]

Nebuchadnezzar

[←138]

Grand Canyon

[←139]

Precambrian Era

[←140]

Arizona

[←141]

Uranium

[←142]

Thorium

[←143]

Protactinium

[←144]

Lead

[←145]

University of Chicago

[←146]

Harrison Brown

[←147]

Zircon

[←148]

George Tilton

[←149]

Argonne National Laboratory

[←150]

Spectrometer

[←151]

General Motors

[←152]

Charles F. Kettering

[←153]

Thomas Midgley

[←154]

Tetraethyl Lead

[←155]

Cincinnati

[←156]

Robert Kehoe

[←157]

Edmund Muskie

[←158]

Alcyone

[←159]

Samhain

[←160]

Halloween

[←161]

Kiowa

[←162]

Devils Tower

[←163]

Wyoming

[←164]

Atlas

[←165]

Orion

[←166]

Zeus

[←167]

Edward Charles Pickering

[←168]

Annie Jump Cannon

[←169]

Henrietta Swan Leawitt

[←170]

Cecilia Payne

[←171]

Sir Arthur Eddington

[←172]

Henry Norris Russell

[←173]

Big Dipper

[←174]

Sirius

[←175]

Rigel

[←176]

Alnilam

[←177]

Carina Nebula

[←178]

Kalahari Desert

[←179]

Eta Carinae

[←180]

Humphry Davy

[←181]

William Wollaston

[←182]

Polarization

[←183]

Smithsonian Institution

[←184]

Cher Ami

[←185]

Van Allen Radiation Belt

[←186]

Aurora

[←187]

Carboniferous Period

[←188]

Arthropleura

[←189]

Lignin

[←190]

Nova Scotia

[←191]

Guadalupe Mountains

[←192]

Abraham Ortelius

[←193]

Alfred Wegener

[←194]

Glossopteris

[←195]

Houston Museum of Natural Science

[←196]

Cynognathus

[←197]

Lystrosaurus

[←198]

Pangaea

[←199]

Marie Tharp

[←200]

Bruce Heezen

[←201]

Mid-Atlantic Ridge

[←202]

Mariana Trench

[←203]

Chemosynthesis

[←204]

Barreleye

[←205]

Fanfish Seadevil

[←206]

Deep Sea Dragonfish

[←207]

Goblin Shark

[←208]

Frilled Shark

[←209]

Deep Sea Hatchetfish

[←210]

Mantle

[←211]

Palisades

[←212]

Uruk

[←213]

Mesopotamia

[←214]

Tagris

[←215]

Euphrates

[←216]

Enheduanna

[←217]

The Great-Hearted Mistress

[←218]

Inanna

[←219]

Leonard Woolley

[←220]

Gilgamesh

[←221]

Utnapishtim

[←222]

Noah

[←223]

Nakhla

[←224]

Viking

[←225]

Gibraltor

[←226]

Belmar

[←227]

Project Diana

[←228]

Enlil

[←229]

Maya Civilization

[←230]

Sumatra

[←231]

Toba

[←232]

Cortes

[←233]

Venera 13

[←234]

Strait of Dover

[←235]

Algae

[←236]

Charles David Keeling

[←237]

Greenhouse effect

[←238]

Mount Etna

[←239]

Svante Arrhenius

[←240]

Edward Olson Hulburt

[←241]

Guy Callendar

[←242]

Alaska

[←243]

Drew Point

[←244]

Thomas Edison

[←245]

Augustin Mouchot

[←246]

Frank Shuman

[←247]

Apollo Missions

[←248]

John F. Kennedy

[←249]

Benaue Terraces

[←250]

Ptolemy

[←251]

Eratosthenes

[←252]

Pythagoras

[←253]

Hypatia

[←254]

Euclid

[←255]

Martin Behaim

[←256]

Victor Hess

[←257]

Radium

[←258]

Fritz Zwicky

[←259]

Palomar Observatory

[←260]

Schmidt Telescope

[←261]

Vera Rubin

[←262]

Standard Candles

[←263]

Edwin Hubble

[←264]

Dark Energy

[←265]

Io

[←266]

Europa

[←267]

Titan

[←268]

Triton

[←269]

Esarhaddon

[←270]

Rodinia